
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ဒီဇင်ဘာလ၊ ၁၉၇၅ ခုနှစ်။
မြရွက်လွှာစာပေ
ဒုတိယအကြိမ် - ၂၀၀၀ ခုနှစ်။
ပညာရွှေတောင်စာပေ
တတိယအကြိမ် - မေလ၊ ၂၀၁၄ ခုနှစ်။
ကံ့ကော်ဝတ်ရည်စာပေ
အုပ်ရေ - ၅၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ (၅၁) လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - စိုးအောင်
တန်ဖိုး - ၄၅၀၀ ကျပ်

၈၉၅.၈၃
င်းမြင့်
ရေပြာအိုင်မှ စာတ်လမ်းများ / မဝင်းမြင့်။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်။
စာမျက်နှာ-၃၉၆၊ ၁၃×၂၀ စင်တီမီတာ။
(၁) ရေပြာအိုင်မှ စာတ်လမ်းများ


BURMESE CLASSIC

# ရေပြာအိုင်မှ စာတ်လမ်းများ

## မဝင်းမြင့်


ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၆၅၀၀၊ ၀၉-၇၃၀၄[illegible]
email: kantkawwutyee@gmail.com
http://kantkawwutyee.myanmaronlinesales.com
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| * | လေးစားအပ်ပါသော စာဖတ်သူများသို့ | ၇ |
| ၁။ | ရေပြာအိုင်မှ သူတော်စင် | ၁၁ |
| ၂။ | ရေပြာအိုင်မှ မြေနိုင်သူ | ၃၅ |
| ၃။ | ရေပြာအိုင်မှ စေတီအို | ၄၉ |
| ၄။ | ရေပြာအိုင်မှ ရွှေကြက်တော | ၆၀ |
| ၅။ | ရေပြာအိုင်မှ ချွေးလိမ္မော | ၇၇ |
| ၆။ | ရေပြာအိုင်မှ ရောဂါသည် | ၉၅ |
| ၇။ | ရေပြာအိုင်မှ သစ်စုန်းပင် | ၁၁၄ |
| ၈။ | ရေပြာအိုင်မှ မော်အောင်အရုပ် | ၁၃၄ |
| ၉။ | ရေပြာအိုင်မှ ဥစ္စာရှူး | ၁၄၉ |
| ၁၀။ | ရေပြာအိုင်မှ ခေတ်လုံးရှင် | ၁၆၅ |
| ၁၁။ | ရေပြာအိုင်မှ ကြေးကွင်းကြီး | ၁၈၁ |
| ၁၂။ | ရေပြာအိုင်မှ အဖြစ်ဆန်း | ၁၉၉ |
| ၁၃။ | ရေပြာအိုင်မှ ငယ်ကျွမ်းဆွေ | ၂၁၉ |
| ၁၄။ | ရေပြာအိုင်မှ ကျောက်အမြုတေ | ၂၃၇ |
| ၁၅။ | ရေပြာအိုင်မှ သားလိမ္မာ | ၂၅၇ |
| ၁၆။ | ရေပြာအိုင်မှ ဝင့်လည်သူ | ၂၈၆ |
| ၁၇။ | ရေပြာအိုင်မှ ဘုန်းတော်ကြီး | ၃၀၂ |
| ၁၈။ | ရေပြာအိုင်မှ သူကြီးမင်း | ၃၂၃ |
| ၁၉။ | ရေပြာအိုင်မှ ဥယျာဉ်မြေ | ၃၄၂ |
| ၂၀။ | ရေပြာအိုင်မှ လွှမ်းရစ်သူ | ၃၅၅ |


www.burmeseclassic.com

www.burmeseclassic.com

လေးစားအပ်ပါသော စာဖတ်သူများသို့
စာရေးသူက ကျေးဇူးတင်စွာဖြင့်
အနည်းငယ် ကြိုတင် ပြောကြားပါရစေ

သွေးသောက်မဂ္ဂဇင်းထဲမှာ ရေးသားခဲ့သော ရေပြာအိုင်ဇာတ်လမ်းများနှင့် ပတ်သက်၍ စာဖတ်ပရိသတ်များက စိတ်ဝင်စား နှစ်ခြိုက်စွာ ဖတ်ရှုကြ၊ မေးမြန်းကြ၊ ဆက်ရေးရန် တိုက်တွန်းကြသည့်အတွက် စာရေးသူသည် များစွာ ကျေးဇူးတင် ဝမ်းမြောက်ပါသည်။

သွေးသောက်မဂ္ဂဇင်းတွင် 'ရေပြာအိုင်မှ သူတော်စင်'ဟူသော အမည်ဖြင့် စတင် ရေးသားခဲ့သော ရေပြာအိုင်ဇာတ်လမ်းများသည် 'ရေပြာအိုင်မှမြွေနိုင်သူ'၊ 'ရေပြာအိုင်မှ စေတီအို'၊ 'ရေပြာအိုင်မှ ရွှေကြက်တော'၊ 'ရေပြာအိုင်မှ ခွေးလိမ္မာ'၊ 'ရေပြာအိုင်မှ ရောဂါသည်'၊ 'ရေပြာအိုင်မှ သစ်စုန်းပင်'၊ 'ရေပြာအိုင်မှ မှော်အောင်အရုပ်'၊ 'ရေပြာအိုင်မှ ဥစ္စာရှူး'၊ 'ရေပြာအိုင်မှ ဓာတ်လုံးရှင်'၊ 'ရေပြာအိုင်မှ ကြေးကွင်းကြီး'ဟူ၍ ဇာတ်လမ်း ၁၁ ပုဒ်ကို ၁၉၇၄ ခုနှစ်၊ ဇွန်မှ စတင်ပြီး ၁၉၇၅ ခုနှစ် ဧပြီထိ ၁၁ လ တိတိ ရေးသားခဲ့ပြီးနောက် အကြောင်းမညီညွတ်၍ ဆက်မရေးမိတော့ဘဲ ဖြတ်ထားခဲ့ရာ စာဖတ်ပရိသတ်များက 'ရေပြာအိုင်ဇာတ်လမ်းများ'ကို ဆက်ရေးရန် တိုက်တွန်းကြပါသည်။

စာရေးသူသည် ဤဇာတ်လမ်းများကို ရေးသားရာမှာ စိတ်ကူးယဉ် သက်သက် ဇာတ်လမ်းများ မဟုတ်ပါ။ သက်ကြီးဝါကြီး လူကြီးများက ပြောပြခဲ့သည့် ရှေးဟောင်းနှောင်းဖြစ် တကယ့်အဖြစ်များ၊ စာရေးသူ ကိုယ်တွေ့အဖြစ်များ၊ ၁၉၄၄ ခုနှစ်မှစပြီး ၁၉၆၅ ခုနှစ်အထိ နှစ်ပေါင်း ၂၀ ကျော် အချိန်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ ဗမာပြည်မထဲက နေရာဒေသ အနှံ့အပြားမှ လည်းကောင်း၊ ရခိုင်တိုင်းမှာ သုံးနှစ်ကျော် နေထိုင်ခဲ့၍ လည်းကောင်း၊ ရှမ်းပြည်တောင်ပိုင်းမှာ ခြောက်နှစ်နီးပါး နေထိုင်ခဲ့၍ လည်းကောင်း၊ ရှမ်းပြည်မြောက်ပိုင်းမှာ နှစ်နှစ်ကျော် နေထိုင်ခဲ့၍လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံဘက်တွင် သုံးနှစ်မျှ လည်းကောင်း၊ ကော့ကရိတ်ဘက်တွင် နှစ်နှစ်ကျော်မျှ လည်းကောင်း နေထိုင်ခဲ့ရစဉ်က ထူးထူးဆန်းဆန်း တွေ့ကြုံခဲ့ရ၊ မှတ်ခဲ့ရ၊ ကြားခဲ့ရသည့်အဖြစ်များကို ပြန်လည် ရေးသားခြင်း ဖြစ်ပါသည်။

ထိုသို့ ရေးသားရာမှာ အချို့ အဖြစ်အပျက်များသည် ဝိညာဉ်လောကနှင့် ထင်ထင်ရှားရှား ဆက်နွှယ်ပတ်သက်နေကြသည်ကို အထောက်အထားခိုင်လုံစွာဖြင့် သိရပါသည်။ သို့သော် ယခုခေတ်တွင်ကား သိပ္ပံပညာ တိုးတက်ထွန်းကားနေသောခေတ် ဖြစ်သည့်အပြင် ယခုခေတ်လူတွေအနေဖြင့် ဝိညာဉ်လောကကို ယုံစားမှုမရှိကြ၊ ယုံစားခြင်းဖြင့် စိတ်ဓာတ်ပျော့ညံ့ရာ ရောက်သွားမည်ဖြစ်သောကြောင့် မယုံလိုကြ၊ ခေတ်နောက်ပြန်ဆွဲသော အယူအဆမျိုးဖြစ်၍ ဝိညာဉ်လောကနှင့် ပတ်သက်သော အတွေးအခေါ်တွေကို တော်လှန်ပယ်ရှားနေသည့်ခေတ် ဖြစ်သောကြောင့် စာရေးသူသည် ကြားခဲ့၊ မှတ်ခဲ့၊ သိခဲ့ရသည်များကို ခေတ်နှင့်လျော်အောင် သတိထားပြုပြင်ပြီး ဇာတ်လမ်းတိုလေးများသဖွယ် ရေးသားတင်ပြခဲ့ပါသည်။ ရေးသား တင်ပြ၍ မဖြစ်သည့် ဝိညာဉ်လောကနှင့် ပတ်သက်သော ဇာတ်လမ်းတွေ များစွာ ရှိပါသေးသည်။

သွေးသောက်မဂ္ဂဇင်းတွင် ၁၁ လတိတိ ရေးသားခဲ့ပြီးသော ဇာတ်လမ်းများအပြင် သွေးသောက်မဂ္ဂဇင်းမှာ ပုံနှိပ်ဖော်ပြခြင်း လုံးဝ မပြုရသေးသော အသစ်စက်စက် ဇာတ်လမ်းကိုးပုဒ်ကိုပါ စုပေါင်းပြီး ‘ရေပြာအိုင်မှ ဇာတ်လမ်းများ’ဟူ၍ လုံးချင်းစာအုပ်အဖြစ် ထုတ်လိုက်ပါသည်။

ဤလောကတွင် တကယ်ဖြစ်သော အဖြစ်သည် စိတ်ကူးယဉ်ထက်ဆန်းကြယ်ကြောင်းကို ရေပြာအိုင်ဇာတ်လမ်းများကို ဖတ်ရှုရခြင်းဖြင့် စဉ်းစားနိုင်ကြပေလိမ့်မည်။

သိပ္ပံပညာဖြင့် လက်လှမ်းမမီနိုင်သော ထူးဆန်းသည့် အဖြစ်များကို ကြုံခဲ့၊ တွေ့ခဲ့၊ ကြားခဲ့သမျှတွေထဲက မမေ့ပျောက်နိုင်အောင် မှတ်မိနေသေးသည့်



အဖြစ်များကို ပြန်လည်စဉ်းစား ဖော်ထုတ်ကာ ‘ရေပြာအိုင်မှ ဇာတ်လမ်းများ’ ဟူသော စာအုပ်ကို ထုတ်လိုက်ပါသည်။

ရေပြာအိုင်ဇာတ်လမ်းများကို အဆက်မပြတ် ဖတ်ရှုလို၍ မေးမြန်းကြ၊ တိုက်တွန်းကြသော စာဖတ်ပရိသတ်များ ဆန္ဒပြည့်ဝစေရန် ကျေးဇူးတင်လေးစားစွာဖြင့် ရေးသားတင်ဆက်လိုက်ပြီ ဖြစ်ပါသောကြောင့် ကျေနပ်ကြလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း။

ကျေးဇူးတင် လေးစားစွာဖြင့်
မဝင်းမြင့်
၁၈.၈.၇၅

www.burmeseclassic.com

www.burmeseclassic.com

# ရေပြာအိုင်မှ သူတော်စင်

ရွာကလေးကား ရှေးယခင်က ကြီးကျယ်စည်ကားခဲ့ဖူးကြောင်းကို အိုမင်းနေပြီ ဖြစ်သည့် ကြီးမားခံ့ညားသော ဘုန်းတော်ကြီးကျောင်း၊ ကျွန်းသားတိုင်လုံးကြီးများဖြင့် ဆောက်ထားခဲ့စေကာမူ ယိုင်နဲ့နေပြီဖြစ်သည့် ဇရပ်ကြီးတို့က သက်သေခံ၍သာ ရှေးယခင်က ရွာကြီးတစ်ရွာ ဖြစ်ခဲ့ဖူးကြောင်းကို ကျောင်းဆရာမလေး မခင်ရွှေက စဉ်းစားယူရသည်။ ယခု မခင်ရွှေ မျက်မြင်တွင်ကား မူလတန်းကျောင်းလေး တစ်ကျောင်း ဖွင့်နိုင်ရုံမျှသာ အသင့်အတင့် အိမ်ခြေရှိသော ရွာတစ်ရွာမျှသာ ဖြစ်နေသည်။

မခင်ရွှေကား မိဘဆွေမျိုး အားကိုးစရာ အထောက်အခံ ကင်းမဲ့ရှာသူဖြစ်သည့်အလျောက် အခြေခံပညာရေး အထက်တန်းကို ဂုဏ်ထူးနှစ်ခုဖြင့် အောင်မြင်ရန် ဖျစ်ဖျစ်မြည်အောင် ကြိုးစားလာခဲ့ရရှာသည်။

အောင်မြင်ပါသော်လည်း တက္ကသိုလ်နယ်မြေကို အနားသီရန် စိတ်ဝင် မကူးဝံ့သည့် အခြေအနေကြောင့် ဆရာဖြစ်သင်တန်း လျှောက်ကာ သင်တန်းတက်ခဲ့ရသည်။ မူလတန်းပြဆရာမ လက်မှတ်ရသောအခါ ဤရွာကလေးသို့ တာဝန်ထမ်းဆောင်ရန် အမိန့်ကျခဲ့သည်။ ရွာကလေးက သွားလမ်း လာလမ်း အတွက် အလွန်အမင်း ခက်ခဲခြင်းကား မဖြစ်ပေ။ မြို့ကြီးပြကြီးနှင့်တော့ အတန်ငယ် ဝေးလှမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဟိုတစ်ချိန်ကတော့ သိပ်စည်ကားတဲ့ ရွာကြီးပါပဲ။ အဲဒီအချိန်က မော်တော်ကားလမ်းက ရွာဘေးနားကပ်နေတော့ စည်ကားခဲ့တာပေါ့။ အလယ်တန်းကျောင်းတောင် ရှိခဲ့ဖူးတယ်။ စစ်ပြီး ဒီဘက်ခေတ်မှာတော့ အဲဒီ မော်တော်ကားလမ်းကို မသုံးတော့ဘဲ အခု လမ်းအသစ်ဖောက်ထားတာကိုပဲ အစိုးရကသုံးတော့ ရွာလည်း အလိုလိုကောပြီး သွေ့ခြောက်သွားရတယ်လေ။ အလယ်တန်းကျောင်း ပျက်ပြီး မူလတန်းကျောင်းတောင်မှ အနိုင်နိုင် ကျန်ရစ်တာကလား။ ဒါပေမဲ့ ရွာကလေးကတော့ သာယာပါတယ်။ တူမကြီးက ထူးထူးဆန်းဆန်း အဖြစ်ကလေးတွေ သိချင်၊ ကြားနာချင်၊ မှတ်သားချင်တဲ့ ဝါသနာပါသူဆိုတော့ ဒီရွာကလေးနဲ့ အံကိုက်ပေါ့။ အခုခေတ် လူတွေအနေနဲ့ မယုံရင် ပုံပြင်မှတ်လို့ ပြောရမယ့် အဖြစ် ထူးထူးဆန်းဆန်းလေးတွေ ရှိသကွဲ့''

မခင်ရွှေ အမှုထမ်း တာဝန်ယူရမည့် ရွာကလေးမှာ မွေးရာဇာတိဖြစ်ပြီး ယခု မြို့ပေါ်မှ ပညာရေးဌာန အရာရှိဖြစ်နေသူ ပုဂ္ဂိုလ်ကြီးက မခင်ရွှေ စိတ်မပျက်၊ အားမငယ်ရန် စိတ်ဝင်စားစရာ စကားဖြင့် အားပေးနှစ်သိမ့်သည်။

ရွာကလေးနာမည် 'ရေပြာအိုင်' ဟု သိရသည့်အချိန်က 'ရွာနာမည်လေးက အေးချမ်းလိုက်တာ' ဟု မခင်ရွှေ ပြောမိသည်။ ယခု ဤရေပြာအိုင်ရွာကလေးသို့ မူလတန်းကျောင်းဆရာမလေးအဖြစ် မခင်ရွှေ ရောက်လာပြီဖြစ်၏။

သဘောကောင်းသော ရွာသူရွာသားတွေ၏ စီစဉ်ပေးချက်အရ ရွာဦးထိပ် ဘုန်းတော်ကြီးကျောင်းနှင့် မလှမ်းမကမ်း ခြံကျယ်ကြီးမှာ ရှေးဆန်ဆန် ဆောက်ထားသည့် သစ်သားအိမ် တစ်အိမ်မှာ မခင်ရွှေ နေထိုင်ရသည်။ အိမ်က ဟောင်းနွမ်းသော်လည်း ခိုင်ခံ့လုံခြုံသည်။ အိမ်သူအိမ်သား များများမရှိချေ။ အသက် ၇၀ ကျော်နေပြီဖြစ်သည့် အမယ်အိုတစ်ယောက်နှင့် အသက် ၅၀ ကျော်နေပြီဖြစ်သည့် သူ့သမီး သက်ကြီးရွယ်အို သားအမိနှစ်ယောက်သာ ရှိ သည်။ အမေကြီးက မုဆိုးမ၊ သမီးက အပျိုကြီး ဖြစ်သည်။ ဤသားအမိ အခြေအနေကား အိုမင်းမစွမ်းအရွယ် ဖြစ်သော်လည်း ကြွေးမြီကင်းကင်းဖြင့် သားအမိနှစ်ယောက် ထမင်းတစ်ဝမ်းကို အေးအေးလူလူ စားနိုင်သော အခြေအနေမှာ ရှိသည်ဟု မခင်ရွှေ အကဲခတ်မိသည်။

မခင်ရွှေက အမေကြီးကို ဘွားဘွားဟုခေါ်ပြီး သမီးကို အမေဟု ခေါ်သောအခါ အဘွားကြီးသားအမိနှစ်ယောက်လုံး ကျေနပ်ကြသည်။ မိဘ



ဆွေမျိုးကင်းမဲ့ရှာ၍ လိမ္မာသိမ်မွေ့သော မခင်ရွှေကို သားအမိနှစ်ယောက်လုံးက ချစ်ကြသည်။

မခင်ရွှေကား ရွာမှ ကလေးသူငယ်တွေ၏ ပညာရေးကို စေတနာ ထက်သန်စွာဖြင့် ဖိဖိစီးစီး ဆောင်ရွက်နေရခြင်းကြောင့် 'မယုံရင် ပုံပြင်မှတ်လို့ ပြောရမယ့် ထူးထူးဆန်းဆန်း အဖြစ်ကလေးတွေ ရှိသကွဲ့' ဟူသော ပညာရေး အရာရှိ ပြောလိုက်သည့်စကားကိုပင် စိတ်မဝင်စားအား၊ မလေ့လာအားနိုင်သေးပေ။

ဤရွာကလေးသို့ မခင်ရွှေ ရောက်လာခဲ့သည်မှာ ခြောက်လကျော် အချိန်သို့ တိုင်လေပြီ။ ဝသန်ရာသီ ပြောင်းကြွ၍ ဟေမန္တတွင်း ချဉ်းနင်းသည်တွင် မြောက်ပြန်လေညင်းက ငွေနှင်းမှုန်တွေ ဖွေးဖွေးဖြင့် အအေးဓာတ်ကို ထပ်လောင်းလာသောအခါ တောရိပ် တောင်ရိပ်ဖြင့် မှိုင်းမှိုင်းညို့ညို့ ရှိသော ရေပြာအိုင်ရွာကလေးသည် စိမ့်အေးအောင်ပင် ချမ်းလှသည်။

ဤမျှ ချမ်းအေးလှသည့်အချိန်ဝယ် ဘွားဘွားနှင့် အမေသည် မွှေးကြိုင်သော ပန်းတွေ၊ နံ့သာတွေ၊ ဖယောင်းတိုင်တွေကို ရှေးခေတ်သုံး ဘဲဥပုံသဏ္ဌာန် ကြေးဖြင့်သွန်းထားသည့် မနောလင်ပန်းကြီးထဲသို့ တရိုတသေ ထည့်နေကြသည်။ အချိန်က နံနက်ငါးနာရီ ဖြစ်၏။ ဆောင်းရာသီမှာ ဤအချိန်သည် အလင်းရောင် လုံလောက်အောင် မရသေးပေ။ အမှောင်က လွှမ်းမိုးနေဆဲပင်ဖြစ်သည်။

''ဘွားဘွားနဲ့ အမေ ဘုန်းကြီးကျောင်း သွားမလို့လား''

အိမ်ပြင်ထွက်မည့်အတွက် အနွေးထည်ဝတ်၊ မျက်နှာသုတ်ပဝါ ဦးခေါင်းဝတ်ထားကြသည့် အဘွားကြီးသားအမိကို အိပ်ရာမှ စောစောထလေ့ ရှိသည့် မခင်ရွှေက မေးသည်။

''ဘုန်းတော်ကြီးကျောင်းကို မဟုတ်ဘူး ဆရာမလေးရဲ့၊ သားကို သွားပူဇော်မလို့''

အမေကြီးက ပြောရင်း ကြေးလင်ပန်းကို ယူကာ ဦးခေါင်းထက် ရွက်ရန် အားထုတ်နေသောအခါ သမီးဖြစ်သူက-

''အမေ မရွက်နဲ့၊ ကျွန်မ ရွက်မယ်၊ မောင်လေးကို ပူဇော်ဖို့သွားရင် ကျွန်မ ရွက်နေကျပါ အမေ''

ဟု ဆိုပြီး လင်ပန်းကို ပြန်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဘွားဘွားသားက သာသနာ့ဘောင်မှာလား”

သူတို့သားအမိစကားကို ကြားရသော မခင်ရွှေက အပူဇော်ခံမည့် သူတို့မောင်၊ သူတို့သားသည် သင်္ကန်းဝတ်နေသူ ရဟန်းသံဃာ ဖြစ်မည်ဟု တွေးပြီး မေးလိုက်ခြင်း ဖြစ်သည်။

“မဟုတ်ပါဘူး ဆရာမလေးရယ်၊ အဲ… သာသနာ့ဘောင် မဝင်ခဲ့ရပေမယ့် အပူဇော်ခံထိုက်အောင် မြင့်မြတ်လို့ သွားပူဇော်မှာပါ”

အမေကြီးက ဖြေသည်။

‘အပူဇော်ခံထိုက်အောင် မြင့်မြတ်လို့…’

အမေကြီး စကားအတိုင်း မခင်ရွှေက တိုးတိုးရွတ်လိုက်သည်။ မည်သည့်အတွက် အပူဇော်ခံထိုက်ကြောင်းကိုမူ မခင်ရွှေ နားမလည်နိုင်ပေ။ သူတို့သားအမိ အပြောအတိုင်း ဆိုသော် သူတို့သား၊ သူတို့မောင်သည် ရဟန်းသံဃာ မဟုတ်ကြောင်းကား သေချာနေသည်။ ထိုသို့ ဖြစ်လျှင် လူသူတော်ပေလား၊ ယောဂီဝတ်ပြီး တရားအားထုတ်နေသလား၊ အဓိဋ္ဌာန်ဝင် ဂူအောင်းနေလေသလားဟု မခင်ရွှေက အမျိုးမျိုး တွေးနေသည်။

မခင်ရွှေ တွေးနေ၊ စဉ်းစားနေသော အမူအရာကို အဘွားကြီးသားအမိ နှစ်ယောက်လုံးက မြင်သည်။ ထိုအခါ တစ်အိမ်တည်း အနေကြာ၍ ခင်မင်ရင်းနှီးနေပြီ ဖြစ်သဖြင့် မခင်ရွှေကို သူတို့နှင့် လိုက်လိုက လိုက်နိုင်ကြောင်း ပြောပြီး ခေါ်သည်။ သိချင်နေသော မခင်ရွှေကလည်း နှစ်ခါ မခေါ်ရပေ။ ကပျာကသီ အနွေးထည် ထပ်ဝတ်လိုက်၏။

“ဘွားဘွားနဲ့ အမေက လူကြီးတွေပဲ၊ ကိုယ်လွတ်လက်လွတ် လိုက်ပါ၊ ကျွန်မက လှူငယ် သန်တုန်း မြန်တုန်းဆိုတော့ ကြေးလင်ပန်းကို ကျွန်မ ရွက်ခဲ့ပါ့မယ် ဘွားဘွား”

မခင်ရွှေက ပြောပြီး ခြေမြန်လက်မြန်ဖြင့် ကြေးလင်ပန်းကို ကောက်ရွက်လိုက်သည်။

သူတို့ အိမ်က ထွက်လာချိန်ဝယ် ငါးနာရီခွဲပြီးနေပြီ။ သူတို့ ရွာပြင်ရောက်သောအချိန်တွင် ခြောက်နာရီ ထိုးနေလေပြီ။

နံနက်အလင်းရောင်က အရှေ့မိုးကောင်းကင်ဝယ် ဖြာထွက်နေတော့မည့် ဟန်ပြင်၍ အတန်ငယ် လင်းနေလေပြီ။ မြောက်လေသွေးသွေး နှင်းဖွေးဖွေးမှာ အေးအေးချမ်းချမ်းဖြင့် ရွာပြင်ရောက်လာခဲ့သော မခင်ရွှေသည် ဤလို



အချိန်မှာ တစ်ကြိမ်မျှ ရွာပြင်မထွက်ခဲ့သည့်အလျောက် သာယာကြည်နူးဖွယ်သော ရှုခင်းသည် လည်းကောင်း၊ သာယာစွာ မြည်ကြွေးနေသော ငှက်တို့၏ အသံသည် လည်းကောင်း မျက်လုံးထဲမှာရော နားထဲမှာပါ အသစ်အဆန်း ဖြစ်ကာ ကြည့်မဝ၊ ကြားမဝ ဖြစ်နေသည်။ ရှုမျှော်ခင်းနှင့် ငှက်သံကို စိတ်ဝင်စားရင်း ကြေးလင်ပန်းကို ရွက်ကာ အဘွားကြီးနှစ်ယောက် နောက်မှ လိုက်လာသော မခင်ရွှေသည် လင်းသည်ထက် လင်းလာသော နေရောင်ဖြင့် သူတို့သွားနေသော နေရာသည် ရွာမှ အတန်ငယ်ကွာဝေးသော တောင်ကုန်းမြင့်တလေးဆီသို့ ဦးတည်သွားကြောင်း သိလာရသည်။

အဘွားကြီးသားအမိကား စကားတစ်ခွန်းမျှ မပြောကြချေ။ အရှယ်နှင့်မလိုက်အောင် ခြေလှမ်းခပ်သွက်သွက် လှမ်းနေကြသည်။ ရောက်လိုသောဇောကလည်း ဆောင်နေဟန် တူသည်။

မကြာမီ တောင်ကုန်းကလေးသို့ ရောက်လာကြသည်။ တောင်ကုန်းတလေးကား ပြောလောက်အောင် မမြင့်ပေ။ မခင်ရွှေ စိတ်ထင် ပေ ၁၀၀ ဗျှသာ မြင့်သည့် တောင်ကုန်းကလေး ဖြစ်သည်။

တောင်ကုန်းထိပ်သို့ တက်သည့် လမ်းကလေးအတိုင်း အဘွားကြီးသားအမိ တက်သွားသည့်နောက်က မခင်ရွှေ လိုက်သွားသည်။ တောင်ကုန်းလေးထိပ်တွင်ကား မြေညီကွက်လပ်ကလေး ဖြစ်သည်။ ထိုနေရာ ရောက်သောအခါ မခင်ရွှေမှာ များစွာ အံ့အားသင့်သွားမိသည်။

သူ ထင်လာခဲ့သည်က ဤတောင်ကုန်းကလေးထိပ်တွင် ရှုတင်ဆောင်သည့် သူတော်စင် တစ်ဦးတစ်ယောက် နေထိုင်ရာ ကျောင်းသခ်မ်းကလေး တစ်ခုခု ရှိပေမည်။ ဤကျောင်းသခ်မ်းထဲဝယ် တည်ငြိမ်သော သမာဓိဖြင့် တရားထိုင်နေမည့် အဘွားကြီးနှစ်ယောက်၏ သား၊ မောင်သူတော်စင်တစ်ပါးကိုတွေ့ရလိမ့်မည်ဟု သူ ထင်ခဲ့၏။ ယခု တွေ့ရသည်ကား မခင်ရွှေ အထင်နှင့် အမြင် ပါစင်အောင် လွဲနေသည်။

တောင်ကုန်းထိပ် မြေကွက်လပ်ကလေးကား မကြာခဏ လှည်းကျင်းသုတ်သင်ထားဟန် တူသည်။ မြက်ပင်ငယ်များ ရှိသည်ကလွဲပြီး အမှိုက် မရှိချေ။ တောင်ကုန်းထိပ်ပေါ်တွင်ကား နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့ပြီ လှပြီ ဖြစ်ဟန်တူသော စံကားဝါပင်ကြီးတစ်ပင် ရှိသည်။ ပင်စည် လုံးပတ်ခန့်ရှိပြီး ကြီးမားသော မြစ်ပုပ်ကြီးများမှာ လူတစ်ယောက် ထောင်အောင်း

www.burmeseclassic.com

www.burmeseclassic.com



ပုန်းခိုနိုင်အောင် ကြီးမားနေလေပြီ။ ထိုစံကားဝါပင်ကြီး၏ အကိုင်းအခက်များ အုပ်ဆိုင်းနေသည့် အေးမြသော အရိပ်ဝယ် ရုပ်ကလာပ်တစ်ခုကို သိုမှီးထားသည့် ဂူတစ်ခုက ရှိနေသည်။ ဂူဆိုသော်လည်း သာမန် ဂူဖြစ်ရုံမျှ လုပ်ထားခြင်း မဟုတ်ချေ။ ကျောက်တုံးများဖြင့် ခိုင်ခံ့မြဲမြံစွာ ပြုလုပ်ထားသော ဂူ ဖြစ်သည်။ ထိုဂူကို မြင်လိုက်လျှင်ပင် မခင်ရွှေအဖို့ မည်သို့မျှ အဖြေမပေါ် နားမလည်နိုင် ဖြစ်ရသည်။

ဂူကား ခံ့ညားပါသည်။ သို့သော် ဂူ၏ အရွယ်သဏ္ဍာန် ပမာဏကား အသက်ငါးနှစ်အရွယ် ကလေးငယ်၏ ရုပ်ကလာပ် သိုမှီးသည့် အနေအထား ပမာဏမျှသာ ရှိပြီး····

“ဆရာမလေးရဲ့··· ဘွားဘွားပူဇော်ဖို့ လာတဲ့ သားဆိုတာ ဒီဂူထဲမှာပေါ့”ဟူသော အမေကြီး၏ စကားကို···

“ဟုတ်တယ် ဆရာမလေး၊ အမေ့ မောင်လေးရဲ့ ဂူပေါ့။ အမေတို့ သားအမိ နှစ်စဉ် မောင်လေးဆုံးတဲ့နေ့မှာ မပျက်မကွက် လာပြီး ပူဇော်ကြတယ်” ဟူ၍ သမီးဖြစ်သူက ထောက်ခံပြောဆိုသည်။

မခင်ရွှေကား အဓိပ္ပာယ်ကို လုံးဝ နားမလည်သော်လည်း ခရီးရောက်မဆိုက် မေးမြန်း၍ မသင့်လျော်သေးသည် တစ်ကြောင်း၊ အဘွားကြီး သားအမိ ပူဇော်ခြင်းအမှုပြုပြီးမှ အေးအေးဆေးဆေး မေးတော့မည်ဟု စိတ်ကူးမိ၍ တစ်ကြောင်း ဘာမှ ပြန်မပြောသေးဘဲ ဦးခေါင်းပေါ် ရွက်လာသော ကြေးလင်ပန်းကို အသာအယာ ချပေးလိုက်သည်။

အဘွားကြီး သားအမိက ဂူပေါ်တွင် တင်ရှိနေသော ဖုန်မှုန့်များကို သူတို့ဦးခေါင်းမှာ ပတ်လာသော မျက်နှာသုတ်ပဝါများဖြင့် သုတ်သင်နေဆဲမှာ မခင်ရွှေက ဂူပတ်လည်မှာ သန့်ရှင်းစေရန် ကူညီလုပ်ပေးသည်။ ဂူကား ပြောလောက်အောင် ညစ်ပတ်ပေကျံခြင်း မရှိပေ။

ယူဆောင်လာသော အမွှေးနံ့သာများကို ဂူပေါ်မှာ ပက်ဖျန်းခြင်း၊ ပန်းပွင့်၊ ပန်းကုံး၊ ပန်းခိုင်တွေကို ဂူပေါ်မှာ တင်ခြင်း၊ ဖယောင်းတိုင်များကို ဂူပတ်ပတ်လည်မှာ ထွန်းညှိခြင်း စသည်တို့ကို သားအမိနှစ်ယောက် တိတ်ဆိတ်စွာ ပြုလုပ်နေကြသည်ကို မခင်ရွှေကလည်း တိတ်ဆိတ်စွာပင် ကူညီလုပ်ကိုင်ပေးနေသည်။



ဂူပေါ်တွင် ကမ္ပည်းထိုးထားသည့် ကျောက်ပြားတစ်ချပ် မြှုပ်ထားသည်ကို တွေ့သဖြင့် မခင်ရွှေက ဖတ်လိုက်သည်။ ဂူတွင်းမှာ လဲလျောင်းနေသော ရုပ်ကလာပ်ရှင်၏ နာမည်ဟု ယူဆရသော···

**သားထူး သားမြတ်**

**အသက် ၅ နှစ် နှင့် ၁ လ**

ဟူသော စာကို တွေ့ရသည်။ ၄င်းပြင် အသက် ငါးနှစ်အရွယ် သားထူးသားမြတ် ဆိုသူ ကွယ်လွန်သည့် ခုနှစ်သက္ကရာဇ် ရက်စွဲကိုပါ ရေးထိုးထားသဖြင့် မခင်ရွှေက အချိန်ကာလကို တွက်ကြည့်လိုက်သောအခါ ငါးနှစ်အရွယ် ဂူတွင်းက ရုပ်ကလာပ်ရှင် ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၄၈ နှစ်ကျော်နေပြီ ဖြစ်ကြောင်း သိရ၏။ ဤဂူထဲက ရုပ်ကလာပ်ရှင် ကွယ်လွန်ချိန်က ဆိုလျှင် မခင်ရွှေ လူမဖြစ်သေးချေ။

“မယုံရင် ပုံပြင်မှတ်လို့ ပြောရမယ့် ထူးထူးဆန်းဆန်း အဖြစ်ကလေးတွေ ရှိသကွဲ့····”ဟူသော ပညာရေးအရာရှိ စကားကို မခင်ရွှေ ချက်ချင်း သတိရလိုက်သည်။

ငါးနှစ်အရွယ်သာ ရှိသေးသော ဤကလေးငယ်ကို သူလိုငါလို သာမန်နာမည် မမှည့်ဘဲ ထူးထူးခြားခြား ‘သားထူးသားမြတ်’ဟု မှည့်ထားသည်။ လူအများနှင့် သက်ဆိုင်ရာ သုသာန်တွင် မြှုပ်နှံသင်္ဂြိုဟ်ခြင်း မပြုဘဲ သီးခြားတည်ရှိသည့် ဤတောင်ကုန်းငယ်ထိပ်မှာ အထွတ်အမြတ် ခိုင်ခံ့စွာ လာရောက်သိုမှီးထားသည့် အုတ်ဂူထဲက ကလေးအရွယ် ရုပ်ကလာပ်ရှင်သည် မည်ကဲ့သို့ ထူးဆန်းပါသနည်း။ မိခင်နှင့် အစ်မက တရိုတသေ လာရောက်ပြီး အများသူငါလို အလွမ်းပြေဟူသော စကား၊ အထိမ်းအမှတ်ဟူသော စကားကို မသုံးဘဲ ‘ပူဇော်သည်’ဟူသော ထူးထူးခြားခြား စကားကို သုံးထားသည့်အတွက် မခင်ရွှေအဖို့ ပိုပြီး သိလိုစိတ် ပြင်းပြလာသည်။

အဘွားကြီးသားအမိသည် ပူဇော်ဖွယ်ပစ္စည်းများကို နေရာတကျ ထားသိုပြီးစီးသောအခါ ငါးနှစ်အရွယ် ကလေးငယ်၏ ရုပ်ကလာပ် သိုမှီးထားရာ ကျောက်ဂူကို ရိုသေစွာ ကန်တော့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေတို့ထက် မြင့်မြတ်တဲ့ ကျေးဇူးရှင်သားကို အမေတို့ လာပြီး ပူဇော်ပါတယ် သားရယ်"

"မောင်လေးကို အစ်မတို့ လာပူဇော်ပါတယ်။ မောင်လေး ဂုဏ်ကျေးဇူးတွေကို အစ်မတို့ ဘယ်တော့မှ မမေ့ပါဘူး မောင်လေးရယ်"

အဘွားကြီးသားအမိ တစ်ယောက် တစ်ခွန်း ပြောနေကြသော အသံတွေက ကြေကွဲ ရှိုက်လှဲ့သံ ပါလှသည်ကို မခင်ရွှေ သတိထားမိသည်။ အဘွားကြီးသားအမိ၏ ကြေကွဲသံနှင့် လိုက်လျောညီစွာပင် ပတ်ဝန်းကျင် ရှုမျှော်ခင်းနှင့် ပျက်စီးပသာဒ မြင်ကွင်းကလည်း လွမ်းဆွတ်ဖွယ် ကောင်းရကား မခင်ရွှေပင် ဘာမှန်း မသိရသေးဘဲ လွမ်းချင်စိတ် ပေါ်လာမိတော့သည်။

"ဆရာမလေးကတော့ ဘာမှ သိမှာ မဟုတ်ဘူးနော်"

ရီဝေသော မျက်လုံးဖြင့် ကျောက်ဂူကို ငေးကြည့်နေသော မခင်ရွှေသည် အဘွားကြီးစကားကြောင့် စကားအစ ရသွားသည်။

"ဟုတ်ကဲ့ ဘွားဘွား၊ ကျောက်ဂူထဲက ရုပ်ကလာပ်ရှင်ဟာ ထူးခြားမြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်မယ်ဆိုတာ ကျွန်မ အသေအချာ ယုံကြည်ပါတယ်၊ ကျွန်မ သိပ်သိချင်ပါတယ် ဘွားဘွားရယ်၊ ပြောနိုင်ရင် ပြောပြပါလို့ ကျွန်မ တောင်းပန်ပါတယ် ဘွားဘွား"

"အေးကွဲ့ ... အဲဒီလို ယုံယုံကြည်ကြည်နဲ့ စိတ်ဝင်စားမယ်ဆိုရင် ဘွားဘွား ပြောပြမယ်လေ၊ နားထောင် ဆရာမလေးရဲ့၊ ဒီလိုကွဲ့ ..."

■

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော် ၆၀ နီးပါး အချိန်ကာလကဆိုလျှင် ရေပြာအိုင်ရွာသည် မော်တော်ကားလမ်းဘေးမှာ တည်ရှိ၍ တော်တော်ပင် စည်ကားသော ရွာကြီးတစ်ရွာ ဖြစ်ခဲ့သည်။ ဥဒဟို သွားလာနေသော ကုန်တင် မော်တော်ကား၊ ခရီးသည်တင် မော်တော်ကားများကို အမှီပြုသောအားဖြင့် ရေပြာအိုင်ရွာမှ လူအများစုသည် လယ်ယာလုပ်ငန်းခွင်ကို ဖိဖိစီးစီး မလုပ်ကြဘဲ မော်တော်ကားလမ်းဘေး တစ်လျှောက်မှာ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အကြော်ဆိုင်၊ ကွမ်း၊ ဆေးလိပ်၊ လက်ဖက်သုပ်ဆိုင် စသည်များကို တည်ခင်းရောင်းချခဲ့ကြသည်။ ချိုးရေ၊ သုံးရေ၊ သောက်ရေအိုးတည် ရောင်းကြသည်။



အိုးစက်နားနေရန် တည်းခိုခန်းကလေးတွေ ဆောက်ပြီး ညအိပ်ခရီးသည်တွေကို ငှားစားကြသည်။ ဤလုပ်ငန်းများဖြင့် ချောင်လည်နေကြသည့် ရွာသူရွာသားတွေကို အားမကျဘဲ မိဘဘိုးဘွားလက်ထက်က အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်လာခဲ့သော အလုပ်ကိုသာ သမားရိုးကျလုပ်ငန်းအဖြစ် ထွန်ယက်စိုက်ပျိုး လုပ်ကိုင်စားသောက်လာခဲ့ကြသော ညားခါစ ဇနီးမောင်နှံတစ်စုံ ရှိနေသည်။ ဤဇနီးမောင်နှံကား စိတ်ကောင်းရှိသည်နှင့်အမျှ ရိုးလွန်းသော ကိုဘိုးအောင်နှင့် မရွှေအိမ်တို့ ဖြစ်ကြသည်။

ကားလမ်းဘေးမှာ ပေါ်ပေါ်အလုပ်ဖြင့် ငွေရှာနေသည် ဖြစ်သောကြောင့် လယ်ယာအလုပ်ကို အလျဉ်မပြတ်ရုံသာ လုပ်ကြသည့် ရွာသူရွာသားတွေကို ရိုးလွန်းသော ကိုဘိုးအောင်နှင့် မရွှေအိမ်တို့က အားမကျပေ။ သူတို့ သမားရိုးကျ လယ်အလုပ်ကိုပင် ဓားမဦးချ လုပ်လာခဲ့ကြသည်။

ကိုဘိုးအောင်နှင့် မရွှေအိမ်တို့ကား ချို့ငဲ့ ဆင်းရဲလှသည်။

ကိုဘိုးအောင်က လယ်လုပ်ချိန်မှာ လယ်ကူလီ၊ မရွှေအိမ်က ကောက်စိုက်အငှားလိုက်၊ လယ်အချိန်ကုန်လျှင် ဇနီးမောင်နှံနှစ်ယောက် တောထဲသွားထင်းခုတ်၊ ထင်းခွေကာ မော်တော်ကားလမ်းဘေးမှာ စီးပွားဖြစ်နေသည့် ဈေးဆိုင်တွေကို ထင်းရောင်းသည်။ သူတို့ဇနီးမောင်နှံက ဈေးရောင်းရန် အားမကျသည်မှာ အဆန်းမဟုတ်။ ဈေးရောင်းရာမှာ လိုအပ်သည့် အရင်းအနှီး၊ အိုးခွက်၊ ထိုင်ရာ တန်ဆာပလာ ဆိုသည်မှာ လုံးဝ မရှိသူများ ဖြစ်သည်။ အရင်းအနှီးထုတောင်ရန် ငွေချေးစေကာမူ ကောက်သင်းကောက်စရာပင် မရှိအောင် ဆင်းရဲ ချို့ငဲ့သော ကိုဘိုးအောင်နှင့် မရွှေအိမ်ကို မည်သူကမျှ ချေးငှားလိုစိတ် မရှိ ကြသည်ကိုလည်း သူတို့ဇနီးမောင်နှံ ကောင်းကောင်း သိနေသည်။

ထို့ကြောင့် မည်သူ့အကြွေးကိုမျှ တစ်ပြားတစ်ချပ် အတင်မခံ၊ အကြွေးမယူ၊ အပြောအဆို မခံဟူသော စိတ်ဖြင့် ဆင်းရဲခြင်းဒဏ်ကို ကြိတ်မှိတ်သည်းခံကာ ကင်းကင်းရှင်းရှင်း နေခဲ့ကြသည်။

ဤနေ့ကား သူတို့ ဇနီးမောင်နှံ နှစ်ယောက်သည် ငါးနှစ်ကျော် အရွယ်ရှိနေပြီဖြစ်သော သမီးဦးကလေးကို ကိုဘိုးအောင်က ကျောပိုးပြီး မရွှေအိမ်က ကြိုးခွေနှင့် ဓားထည့်ထားသည့် ဆိုင်းထမ်းပိုးကို ထမ်းကာ ထင်းခွေရန် တောထဲ ထွက်လာခဲ့ကြသည်။ သူတို့ တောထဲသွားသော လမ်းသည် ဤတောင်ကုန်းငယ်ဘေးမှ ကပ်ပြီး သွားလေ့ရှိကြသည်။ တောင်ကုန်းထိပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဝေဝေဆာဆာ အုပ်ဆိုင်းနေသော စံကားဝါပင်ကြီးကား ထိုအချိန်က ပင်ပျိုမျှသာ ရှိသေးသည်။ တစ်စုံတစ်ဦးက တမင် လာစိုက်ထားသလား၊ သူ့အလို အလျောက် အလေ့ကျပေါက်နေသလား ဆိုသည်ကိုမူ ကိုဘိုးအောင်တို့ ဇနီးမောင်နှံ မသိကြပေ။ မိုးဦးကျအချိန် မိုးရွာ၊ မှုန်ချိုးထွက်ရင်း မြေပြင်မှာ ရွှေစင်ခင်းထားသလို ဝါဝင်းသော စံကားဝါပွင့်တွေ တင်းကျမ်း ကြွေကျနေသည်ကို ကောက်ယူရန် ဤတောင်ကုန်းငယ်ပေါ်သို့ တက်လေ့ရှိကြသည်။

''ဒီနေ့တော့ ထင်းခွေတာ နောက်ဆုံးပဲ ရွှေအိမ်ရေ့...။ မိုး သုံး၊ လေးမတောင် ကျနေပြီပဲ၊ လယ်လုပ်ငန်းက စတော့မယ် ဟုတ်၊ မင်းရော၊ ငါရော အားမှာ မဟုတ်တော့ဘူးကွ၊ ဒီတစ်ခါ ရတဲ့ ထင်းကို မရောင်းတော့ဘဲ တို့ မိုးတွင်းစာပဲ ထားလိုက်ကြရအောင်''

တန်ခူးကုန်ပြီး ကဆုန်ဆန်းပြီဖြစ်ရာ သင်္ကြန်မိုးက သုံးကြိမ် ရွာပြီး ခဲ့လေပြီ။ ကဆုန်လပြည့်ကို ကြိုသည့်အနေဖြင့် ကဆုန်လဆန်းမှာ မိုးကြီး တစ်ကြိမ် ရွာလိုက်သေးသည်။ ပူပြင်းခြောက်သွေ့သော နွေရာသီမှာ ညှိုးနေခဲ့သော သစ်ပင်တို့ကား စိမ်းလန်းဝေဆာလာကြသည်။ မိုးဖြိုင်ဖြိုင်ရွာလျှင် လယ်လုပ်ငန်းခွင် ဝင်ရတော့မည် ဖြစ်၍ ကိုဘိုးအောင်က ဇနီးသည်ကို ပြောလိုက်ခြင်း ဖြစ်၏။

''အေးပေါ့၊ ကိုယ်သုံးဖို့ ချန်ရဦးမှာပေါ့''

မရွှေအိမ်က ပြောရင်း သူတို့ အနားကပ်ပြီး ဖြတ်လာသော တောင်ကုန်းအခြေမှာ မြေပေါ်ကြွေကျနေသည့် စံကားပွင့် သုံးလေးပွင့်ကို မြင်လိုက်သဖြင့် ကုန်းထိပ်ပေါ်က စံကားဝါပင်ကြီးကို မော့ကြည့်လိုက်မိသည်။

''ဟော... ကိုဘိုးအောင်ရေ၊ စံကားဝါပင်ကြီးက စောစောစီးစီး ပွင့်နေပြီတော့၊ ကြည့်စမ်းပါဦး''

အပင်ပေါ်မှ ပွင့်နေဆဲ စံကားဝါပွင့်ဝါဝါတွေကို မရွှေအိမ် လှမ်းမြင်သဖြင့် ပြောလိုက်သည်။

''အေးဟ၊ ဒီနှစ် အပင်ကြီး စောစောစီးစီး ပွင့်နေတယ်''

ကိုဘိုးအောင်ကပါ မော့ကြည့် ထောက်ခံလိုက်သည်။

''ပန်းတွေ ကောက်ရအောင်တော်၊ အပင်အောက် ဘယ်လောက် ကြွေနေမယ် မသိဘူး၊ လာ ကိုဘိုးအောင်၊ တောင်ကုန်းပေါ် တက်ကြစို့''

မရွှေအိမ်က တောင်ကုန်းပေါ်တက်ရန် ခြေလှမ်းပြင်ရင်း ပြောသည်။



''အိုကွာ ... ပြန်မှ ကောက်ပါလား''

ကိုဘိုးအောင်က ကန့်ကွက်၏။

''အခုကို ကောက်ချင်တယ်တော်၊ ကျုပ်စိတ်ထဲမှာ ထူးထူးဆန်းဆန်း ပွင့်တဲ့ပန်းကို ဘုရားတင်ချင်နေတယ် ကိုဘိုးအောင်ရဲ့၊ အပြန်မှဆိုရင် သူများ ကောက်သွားလို့ မရလိုက်ဘဲ နေမှာ''

ပြောပြောဆိုဆို မရွှေအိမ် ခြေလှမ်းသွက်သွက်ဖြင့် တောင်ကုန်းပေါ် တက်သွားသောအခါ ကိုဘိုးအောင် မနေသာတော့ပေ။ သမီးလေးထမ်းလျက် မရွှေအိမ်နောက် လိုက်လာရသည်။

''ဟောတော့် ကိုဘိုးအောင်၊ စံကားဝါပင်ရင်းမှာ ဘာတုံး၊ ကြည့်စမ်း''

စံကားဝါပင်ခြေကို လှမ်းမြင်ရသည့်အခါ မရွှေအိမ်က တုံ့ခနဲ ရပ်လိုက်ပြီး အသံအုပ်အုပ်ဖြင့် ပြောသောကြောင့် ကိုဘိုးအောင် ကြည့်လိုက်သည်။ စံကားဝါပင်ကြီး အရင်း မြေပေါ်မှာ တစ်ကိုယ်လုံး အဝတ်ဖြူ ဝတ်ထားသည့် လူတစ်ယောက် လဲလျောင်းနေသည့် သဏ္ဌာန်ကို တွေ့ရ၏။

''တို့ လာနေကျနေရာပဲ၊ သရဲခြောက်တာတော့ မဟုတ်ပါဘူး၊ လူအစစ်နဲ့ပဲ တူပါတယ်''

မရွှေအိမ်က တီးတိုး ပြော၏။

''လာကွာ၊ အနားသွားကြည့်ရအောင်၊ အဝတ်ဖြူ ဝတ်ထားတော့ သူတော်ကောင်းနဲ့ပဲ တူပါတယ်''

ကိုဘိုးအောင်က ပြောသောအခါ မရွှေအိမ်က သဘောတူပြီး ညင်သာသော ခြေလှမ်းများဖြင့် အနားသို့ ကပ်သွားကြသည်။ သူတို့ ထင်သည့်အတိုင်းပင်၊ စံကားဝါပင်ရင်းမှာ လဲလျောင်းနေသည့် သဏ္ဌာန်သည် အသက် ၆၀ ကျော်အရွယ် ခန့်မှန်းရသည့် အိုမင်းရင့်ရော်သော လူသူတော်တစ်ပါး ဖြစ်ချေသည်။ မည်သို့ဖြစ်သည်ကို ကိုဘိုးအောင်နှင့် မရွှေအိမ်တို့ အသေအချာ မသိသော်ငြားလည်း လူသူတော် အဘိုးအိုကား ပြင်းထန်သော ဝေဒနာတစ်ခုခုကို ခံစားကာ ဘဝကူးတော့မည့်ဆဲဆဲ အခြေအနေမှာရှိနေသည်ကိုကား ဇနီးမောင်နှံ နှစ်ယောက်လုံး အကဲခတ်မိသည်။ သို့သော် လူသူတော်အဘိုးအိုကား အမှတ်သညာ သတိချို့ယွင်းခြင်း မရှိချေ။ သူ့အနားမှာ ညင်သာစွာ ထိုင်လိုက်ကြသော ကိုဘိုးအောင်တို့ မိသားစုသုံးယောက်ကို မျက်လုံး ဖွင့်ကြည့်သည်။

''အဘ၊ ကျွန်တော်တို့ ဘာကူညီရမလဲ ခင်ဗျာ''

www.burmeseclassic.com

ကျောပေါ်က သမီးလေးကို မြေပေါ်သို့ အသာအယာ ချပြီး ကိုဘိုးအောင်က ပုဆစ်ဒူးချထိုင်၍ ရှိသေစွာ မေးနေခိုက်မှာ မရွှေအိမ်က အဘိုးအိုခြေရင်းဘက်မှာ ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်သည်။ ဦးခေါင်းမှာ ပတ်ထားသော ပုဆိုးစုတ်ကို ဖြေ၍ အဘိုးအိုခြေထောက်မှာ ဝိုင်းအုံနေသည့် မှက်၊ ခြင်တွေကို မောင်းနှင်ပေးသည်။

"ရေလေးတစ်ပေါက်တော့ သောက်ချင်တယ်ကွဲ့"

လေးတွဲ့သောအသံဖြင့် အားယူပြောသော အဘိုးအိုကို ကိုဘိုးအောင်က သနားကြင်နာစွာဖြင့် သူတို့ ယူဆောင်လာသည့် ဘူးသီးခြောက်ထဲမှ ရေကို သန့်စင်စွာ ဆေးထားသော အုန်းမှုတ်ခွက်ထဲ ထည့်ကာ သူတော်စင် အဘိုးအို၏ ဦးခေါင်းကို ယုယပိုက်ထွေး ထူပေးပြီး ရေတိုက်သည်။

"သာဓု … သာဓု … သာဓု …"

အဘိုးအိုက လေးလေးတွဲ့တွဲ့ သာဓုခေါ်သည်။ ထို့နောက် စံကားဝါပင်ခြေ တစ်နေရာကို လက်ဖြင့် ညွှန်ပြသည်။

"ငါ့ကို အဲဒီနေရာမှာ မြှုပ်"

တိုတောင်းသောစကားကို တစ်ခွန်းတည်းပြောကာ အဘိုးအိုသည် ညင်သာစွာ မျက်စိမှိတ်သွားရှာသည်။

"ကဲ- ဘယ်လိုလုပ်မလဲ ကိုဘိုးအောင်"

မရွှေအိမ်က မေးသည်။ ရေတိုက်စဉ်က အဘိုးအိုဦးခေါင်းကို ရင်ခွင်မှာ ထွေးပိုက်ထားခဲ့သော ကိုဘိုးအောင်က ယခု သူ့ရင်ခွင်မှာ ဦးခေါင်းမှီရင်း ဝိညာဉ်ချုပ်သွားရှာပြီဖြစ်သော အဘိုးအို၏ ရုပ်ကလာပ်ကို မူလလဲလျောင်းရာနေရာသို့ အသာအယာ ပြန်ချထားလိုက်သည်။

ဤနေရာကို သူတို့ဇနီးမောင်နှံသည် စံကားဝါပန်းပွင့်ချိန် အမြဲလာကောက်ခဲ့ဖူးသည်။ လူရိပ်လူယောင် တစ်ခါမှ မတွေ့ခဲ့ဖူးချေ။ ဤတောင်ကုန်းငယ်ထိပ်ကလည်း လူပုန်းခိုနေစရာ သစ်ပင်ချုံပုတ် ထူထပ်ခြင်းလည်း မရှိ။ ဤစံကားဝါပင်ကြီး တစ်ပင်သာ ထီးထီးမားမား ရှိနေပြီး ပင်ယောင်မှုယ်ယောင် တောပန်းပင် နှစ်ပင်နှင့် မြက်ပင်များသာ ရှိသည်။

"ဒီအဘိုးအိုက ဘယ်က ရောက်လာပြီး ဘာဖြစ်လို့ သေပါလိမ့်ကွယ်၊ သူ့ကိုယ်ပေါ် ဝတ်ထားတဲ့ ပိတ်ဖြူကလွဲပြီး ဘာပစ္စည်းမှလည်း မရှိပါဘူး၊ ငါ သနားလိုက်တာကွာ"



အဘိုးအို၏ ရုပ်ကလာပ်ကို ကြည့်ပြီး ကိုဘိုးအောင်က ပြောသည်။

"ဟုတ်ပါတယ်တော်၊ သနားစရာ ကောင်းပါတယ်၊ အဘိုး ရုပ်လက္ခဏာကလည်း သူတော်ကောင်း လက္ခဏာပါပဲ၊ အဲဒါ ဘယ်လိုလုပ်မလဲ ကိုဘိုးအောင်"

မရွှေအိမ်က ထောက်ခံပြောပြီး မေးပြီးသားမေးခွန်း ပြန်မေးသည်။

"ဘယ်လို လုပ်မလဲကွ၊ သူ့ နောက်ဆုံးအချိန်မှာ တို့မိသားစုပဲ သူ့အနားမှာ ရှိနေတာ၊ သူမှာတဲ့အတိုင်း ဆောင်ရွက်ပေးလိုက်တာ တို့အဖို့ ကုသိုလ်ရပါတယ်ကွာ၊ မင်းကလည်း ဒီနေ့မှ စွတ်စွတ်ရွတ်ရွတ် ပေါက်တူးကို ဆိုင်းထဲထည့်ထမ်းလာတာ အဘိုးအတွက် ရည်ရွယ်လာသလို ဖြစ်နေတယ် ရွှေအိမ်ရဲ့"

ကိုဘိုးအောင်က ပေါက်တူးကို ဆွဲယူရင်း ပြောသည်။

"ဟုတ်ပါရဲ့တော်၊ ဟိုတစ်နေ့က ထင်းခွေရင်း ကဒတ်ပင်တွေ့လာခဲ့တာ အမှတ်ရလို့ ကဒတ်ဥ တူးခဲ့မယ်အကြံနဲ့ ပေါက်တူးလေး ဆွဲလာခဲ့တာ၊ အခုတော့ သူတော်ကောင်းအဘိုးအတွက် ကုသိုလ်ပြုဖို့ ဖြစ်လာရတာ ကဒတ်ဥတူးတာထက် မြတ်ပါတယ်တော်"

မရွှေအိမ်က တကယ့်စေတနာဖြင့် ပြန်ပြောသည်။ ဇနီးမောင်နှံနှစ်ယောက် တစ်ယောက်က တူး၊ တစ်ယောက်က မြေစာတွေကျုံးဖြင့် မကြာမီ သူတော်စင်အဘိုးအို၏ ရုပ်ခန္ဓာကို သိုမှီးမြှုပ်နှံရန် လုံလောက်သည့် ကျင်းတစ်ခု ဖြစ်လာသည်။ ကိုဘိုးအောင်နှင့် မရွှေအိမ်သည် အဘိုးအိုရုပ်ကလာပ်ကို ရှိသေစွာ ရှိခိုးကန်တော့ပြီး နှစ်ဦးသား အတတ်နိုင်ဆုံး ညင်သာစွာဖြင့် ချီယူကာ မြေကျင်းထဲထည့် မြှုပ်နှံလိုက်ကြသည်။

ကြွေကျနေသော စံကားဝါပွင့်တွေကို မရွှေအိမ်က ကောက်ကာ အဘိုးအို၏ မြေပုံပေါ်မှာ ပန်းပူဇော်သည့်သဘောဖြင့် သပ်ရပ်စွာ စုပုံ တင်ထားလိုက်သည်။

ထိုနေ့အဖို့ ထင်းခွေရန် အချိန်မရှိတော့သဖြင့် ဇနီးမောင်နှံနှစ်ယောက် သမီးလေးထမ်းပြီး လာလမ်းသို့ ပြန်လှည့်ခဲ့ကြတော့၏။ နှစ်ဦးလုံး စိတ်ထဲမှာကား ငွေကြေးပိုက်ဆံ တစ်ပြားမှ မကုန်ဘဲ မြင့်မြတ်သော ကုသိုလ်ကောင်းမှု တစ်ခုကို ပြုလိုက်ရသည်ဟု တွေးကာ ဝမ်းမြောက်နှစ်သိမ့်နေကြသည်။

ထိုညမှာပင် မရွှေအိမ်သည် ထူးခြားသော အိပ်မက်ကို မြင်မက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဇနီးမောင်နှံ ရှိသေစွာမြှုပ်ခဲ့သော အဘိုးအိုသည် မရွှေအိမ်တို့ အိမ်ဦးခန်းမှာ တင်ပျဉ်ခွေ ထိုင်နေသည်။

"မိန်းကလေး၊ ငါ ရဟန်းဝတ်ချင်တယ်၊ သို့သော်လည်း အချိန်မကျသေးတော့ ဝတ်ဖြူစင်ကြယ်နဲ့ပဲ တစ်ဘဝ ပြီးသွားတယ်။ အခု မိန်းကလေးတို့ အိမ်မှာ လာနေမယ်။ သို့သော် ကြာကြာတော့ မနေဘူးကွဲ့။ ငါ့အသွင်သဏ္ဌာန် ရဟန်းလို ပေါ်လာတဲ့အချိန်မှာ ငါ တခြားဘဝကို သွားရဦးမှာပဲ။ အဲဒီဘဝ မှာမှ ငါမြင့်မြတ်တဲ့ရဟန်း ဖြစ်ရမှာ။ မိန်းကလေးဆီမှာ ခဏနားတဲ့ သဘောပေါ့ကွယ်။ မိန်းကလေးတို့ ကျေးဇူးကို တုံ့ပြန်မှာပါ"

ပြတ်သားပီသစွာ ပြောသော သူတော်စင် အဘိုးအို၏ စကားကို အိပ်ရာကနိုးလာသော မရွှေအိမ်သည် မမေ့ပျောက်နိုင်ဘဲ စွဲစွဲမြဲမြဲပင် မှတ်သားမိသည်။ သို့သော် ထိုအိပ်မက်ကို သူ့ခင်ပွန်း ကိုဘိုးအောင်မှလွဲ၍ မည်သူ့ကိုမျှ မပြောပြဝံ့ချေ။

တောင်ကုန်းထိပ်မှာ အဘိုးအို သူတော်စင်တစ်ပါးကို သင်္ဂြိုဟ်ခဲ့ရသည်ဟု ရွာသူကြီးနှင့် ရွာသားတွေကို အသိပေးစဉ်က ....

"နင်တို့စကား မှန်ရဲ့လား ဘိုးအောင်၊ တစ်ရပ်တစ်ရွာက ရောက်လာတဲ့ အာဂန္တုကို ပစ္စည်းယူ လူသတ်ပြီး ဖိတ်ဖြုပတ်မြှုပ်ခဲ့တာလားဟဲ့"

ဟု မရှိုးနိုး၊ မလှုစုန်းမျိုး ဟူသော စကားအတိုင်း ချိုးချိုးနှိမ်နှိမ် ပြောသူက ပြောသည်။ သူကြီးမင်းက သူ့ပိုင်နက်မှာ သူ့တာဝန်မကင်းဟူ၍ ရွာသားအချို့နှင့် ကိုဘိုးအောင် ဇနီးမောင်နှံကိုပါ ခေါ်ကာ အလောင်းဖော်ကြည့်မည် ဟူ၍ တောင်ကုန်းထိပ်ကို တက်သည်။

"အလောင်းမှာ သံသယဖြစ်စရာ အချက်အလက် တွေ့ရင် မြို့ပေါ်တက်ပြီး ဂါတ်တိုင်ရလိမ့်မယ် ဘိုးအောင်၊ ဒီအဘိုးကြီး ဘာမှန်း မသိဘဲနဲ့ မင်းတို့လင်မယား သဘောအတိုင်း မြှုပ်ခဲ့တာကိုက မင်း တာဝန်မကင်းဘူးကွ"

ဟူသော စကားကို သူကြီးက လေသံမာမာဖြင့် ပြောသည်။ အားကိုးအားထား ကျောထောက်နောက်ခံ မရှိသော သူဆင်းရဲလင်မယားကို မြေနိမ့်ရာ ဖိုင်းပြီး လှံစိုက်ကြခြင်းသာ ဖြစ်သည်။

ထိတ်လန့်စိုးရိမ်သောစိတ်ဖြင့် လိုက်လာရသော ကိုဘိုးအောင်နှင့် မရွှေအိမ်ကား တောင်ကုန်းထိပ်ပေါ် ရောက်လေသောအခါ သူတို့မျက်စိကိုပင် မယုံနိုင်ကြတော့ချေ။



"ဘယ်နေရာလဲကွ အလောင်းမြှုပ်ထားတာ"

သူကြီးမင်းက မေး၏။

တောင်ကုန်းထိပ်တွင် သူတို့ လင်မယား မနက်အချိန်က မြှုပ်ထားခဲ့သော အဘိုးအို၏ မြေပုံနေရာကား လုံးဝ ပျောက်ကွယ်နေသည်။ မြေကြီးကို တူးဆွထားသည့် လက္ခဏာလည်း မရှိ။ မြက်ပင်တွေလည်း နေရာမပျက်။ စံကားဝါပန်းပွင့်တွေကလည်း အပင်ပေါ်က ကြွေထားသည့် ပင်ကိုအနေအထားအတိုင်း ပြန့်ကျဲနေသည်။ လူတစ်ယောက်လုံးကို မြှုပ်နှံထားသည့် မြေပုံနေရာဟူ၍ အရိပ်အယောင် လက္ခဏာပင် ရှာမတွေ့တော့ချေ။

မနက်ကဖြစ်သည့် ကိစ္စသည် ယခု ညနေစောင်းမှာ အစအနပင် မရှိတော့အောင် ပျောက်ကွယ်သွားခဲ့သည်။

ကိုဘိုးအောင်တို့ ဇနီးမောင်နှံကား ဘာမျှ မပြောတတ်တော့။ မျက်လုံးအကြောင်သား၊ ပါးစပ် အဟောင်းသားဖြင့် သူကြီးမင်းနှင့် ရွာသားတွေကိုသာ ကြည့်နေတော့သည်။

"အလကား၊ ဆင်းရဲငတ်ပြတ်လို့ စိတ်ရူးပေါက်တိုင်း တွေ့ကရာ ရှစ်သောင်း ပြောနေတာ၊ လာမိတာ မောလိုက်တာ"

သူကြီးမင်းက စိတ်ဆိုးဆိုးဖြင့် ကြိမ်းမောင်း ရေရွတ်ပြီး ရွာသားတွေနှင့် ပြန်သွားကြပြီးသည့်နောက် သူဆင်းရဲလင်မယား ကိုဘိုးအောင်နှင့် မရွှေအိမ်တို့ သူတို့ကိုယ်တိုင် ရေတိုက်ခဲ့ရ၊ မြှုပ်ခဲ့ရသည့် သူတော်စင်အဘိုးအိုအကြောင်းကို စကား မစဝံ့ကြတော့ချေ။

နေ့လယ်ဘက် သူကြီးမင်းနှင့် ရွာသားတွေ အကြိမ်းအမောင်း အပြောအဆို ခံထားရပြီး ညဘက် အထက်ပါ အိပ်မက်ကို မက်လိုက်သောအခါ မရွှေအိမ်သည် သူ့ယောကျ်ား ကိုဘိုးအောင်ကလွဲပြီး မည်သူ့ကို ပြောဝံ့ပါတော့မည်နည်း။

မရွှေအိမ် ကိုယ်ဝန်ရှိလာသည်။ အချိန်စေ့သောအခါ ခက်ခဲခြင်း၊ ပင်ပန်းခြင်း လုံးဝ မရှိဘဲ ပြည့်ဖြိုးဖြူစင်သော သားယောကျ်ားကလေး တစ်ယောက် မွေးဖွားလိုက်သည်။

"ဘိုးအောင်နဲ့ ရွှေအိမ်တို့ မွေးထားတဲ့ သားကလေး သွား[illegible] စမ်း၊ သူတို့ရုပ်နဲ့တောင် မတန်ဘူးဟဲ့၊ ချစ်စရာကောင်းလိုက်တဲ့ က[illegible]"

ဟူ၍ လည်းကောင်း...

www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေး ငိုသံ တစ်ခါမှ မကြားပါကလား"ဟူ၍ လည်းကောင်း ရွာထဲမှာ ပြောကြ၊ ဆိုကြသည်။ သူတို့ ပြောသည့်အတိုင်းပင် သားငယ်သည် ထူးထူးခြားခြား ဖြူစင်ကြည်လင်သော ရုပ်လက္ခဏာနှင့် ကျက်သရေ ရှိလှသည်။ ဝမ်းမှထွက်သည့် အချိန်ကစပြီး တစ်ကြိမ်မျှ ငိုကြွေးခြင်း၊ အသံပေးခြင်း မရှိချေ။ မရွှေအိမ်က နို့တိုက်လျှင် စို့သည်။ နို့ဆာသည်ဟူ၍ ငိုကြွေးခြင်း လုံးဝ မပြုပေ။

ကလေး ငယ်စဉ်အချိန်က ရွာသူရွာသားတွေက "သိပ်အေးတဲ့ ကလေး၊ မငိုတတ်ဘူး"ဟု ဆိုသည်။

အခါလည်ကျော်၍ စကားပြောတတ်သောအရွယ်မှာ သားငယ်သည် လုံးဝ အသံမထွက်သောအခါ…

"ကလေးက အအလေး မွေးထားတာ ထင်ပါရဲ့"ဟု ထင်မြင်ချက်ပေးကြပြန်၏။

ကလေးငယ်သည် အခြားကလေးများလို ဆော့ခြင်း၊ လှုပ်ရှားခြင်းလည်း မရှိ၊ အသံလည်း မထွက်။ သူ့ရှေ့မှာ ဘာပြောနေနေ၊ ဘာလုပ်ပြနေနေ စိတ်ဝင်စားခြင်း၊ ကြည့်ရှုခြင်း၊ ရယ်မောခြင်း၊ ငိုကြွေးခြင်း၊ လှုပ်ရှားခြင်း လုံးဝ မရှိသောအခါ …

"ဘိုးအောင်နဲ့ ရွှေအိမ်တို့ ကုသိုလ် ထူးပလေတော်၊ လင်မယားနှစ်ယောက်လုံး မွဲပါတယ်၊ တေပါတယ်ဆိုမှ မွေးလာတဲ့သားက ကြောင်တောင်ကန်းကလေးလား၊ အဆွံ့အအ၊ အပင်းလေးလား၊ ဘယ်လိုမှ သုံးမရတဲ့ လူစဉ်မမီတဲ့ ဒုက္ခိတကလေးဟဲ့"ဟူ၍ လည်းကောင်း …

"သားယောက်ျားရယ်လို့ အားကိုးရဖို့နေနေသာသာ ဆင်းရဲရတဲ့အထဲ တာဝန်ကြီးအောင် လာဖြစ်တဲ့ကလေး"ဟူ၍ လည်းကောင်း အားမနာတမ်း ပြောကြ ဆိုကြသည်။

သို့သော် ကိုဘိုးအောင်ရော၊ မရွှေအိမ်ရော သားငယ်ကို လုံးဝ မငြိုငြင်ကြပေ။ သမီးအကြီး မဖွားမိက မောင်လေးကို အထိုက်အလျောက် ကြည့်ရှုထိန်းကျောင်းတတ်နေပြီ ဖြစ်၍ ဖနီးမောင်နှံနှစ်ယောက် ခါတိုင်းလိုပင် အလုပ်အကိုင် မပျက် နေရာမှ ရွာသူရွာသားတွေအဖို့ အံ့သြစရာ ဖြစ်လာသည်။

သားငယ်ကိုမွေးပြီး အခါလည်ကျော်အရွယ်မှာ လယ်ကူလီလုပ်နေသော ကိုဘိုးအောင်သည် မည်သူ၏ လယ်နှင့်မှ မထိစပ်ဘဲ လွတ်ကင်းသော



နေရာမှာရှိသည့် ရေအိုင်ဟောင်းတစ်ခုကို ကြာရွက်နှ ခူးရန် သွားသည်။ ဇွန်လမှာကြာရွက် အလိပ်နုနုကလေးများကား ငါးပိရည်နှင့် တို့စားလျှင် ထမင်းအလွန်မြိန်သည်။ ကိုဘိုးအောင်နှင့်အတူ လယ်သမား သုံး၊ လေးယောက်လည်း ကြာရွက်ခူးရန် လာကြသည်။

အိုင်ကမ်းစပ်သို့ ဆင်းလိုက်သော ကိုဘိုးအောင်၏ ခြေနင်းချရာ မြေစိုင်ခဲတစ်ခုသည် ပဲ့ပြီး ရေအိုင်ထဲ ကျသွားသောအခါ ကိုဘိုးအောင် ထိုင်လျက်လဲသွားသည်။ ထိုအခါ လက်က ဆွဲမိဆွဲရာ ဆွဲလိုက်သောအခါ မြေကြီးထဲမြုပ်နေသည့် သံကွင်းလိုလို အရာတစ်ခုကို လက်က စွပ်မိလျက်သား ဖြစ်သွား၏။ ကိုဘိုးအောင်က သံကွင်းလိုအရာကို ဆွဲယူပြီး အိုင်ထဲက ရေဖြင့် ဆေးလိုက်သည်။ ထိုအရာသည် သံကွင်း မဟုတ်ဘဲ ဝင်းမှည့်သော အရောင်ဖြင့် ရှေးဟောင်းရွှေခြေချင်းကြီး ဖြစ်နေသည်။ ထိုသတင်းသည် တစ်မုဟုတ်ချင်း ရွာထဲ ပျံ့သွား၏။

ရွာကြေးရတတ်တစ်ဦးက မတန်တဆ ဈေးနှိမ်ပေးပြီး ဝယ်သည်။ မရောင်းလျှင် ဂါတ်ကို အကြောင်းကြားမည်။ ထိုခေတ်က မြေထဲမှ ရသမျှ ပိုင်ရှင်မဲ့ဥစ္စာသည် အစိုးရဘဏ္ဍာတော်ဟူသော သတ်မှတ်ချက်က ရှိနေကြောင်း ကိုဘိုးအောင်အား သိစေသည်။ ထို့ကြောင့် ပေးသမျှဈေးဖြင့် ကိုဘိုးအောင်က ရောင်းလိုက်ရသည်။ မည်သို့ပင်ဖြစ်စေ ထိုငွေဖြင့် အိမ်ကလေးကို မိုးနိုင်၊ ကာနိုင်၊ ပြင်နိုင်ခဲ့သည်။

ထိုရေအိုင်ဟောင်းပတ်လည်မှာ ကိုဘိုးအောင်လို ပစ္စည်းဟောင်းတွေ့နိုးနိုး ရွာသူတွေ များလာသည့်အတွက် အန္တရာယ်မကင်းကြောင်း စဉ်းစားမိသော ကိုဘိုးအောင်က မသွားတော့ဘဲ လမ်းဖြတ်လိုက်၏။ လိုချင်လောဘဖြင့် ရွာသူတွေ ဘာမျှမတွေ့တော့၍ လက်လျှော့ပြီး ရေအိုင်ဟောင်းဆီ မသွားကြဘဲ လူရှင်းမှ ကိုဘိုးအောင်က ကြာရွက်နှ ခူးရန် သွားသည်။ ထိုအခါ အိုင်စပ်တွင် မာကျောကျောအရာတစ်ခုကို ခလုတ်တိုက်မိ၍ ကြည့်လိုက်သည်။ မြေအိုးလိုလို တစ်စွန်းတစ်စ ပေါ်နေသည်ကို တွေ့သဖြင့် ဓားဦးဖြင့် ကော်လိုက်၏။ ဥသျှစ်သီးမှည့်အရွယ်သာသာ ရှိပြီး အင်္ဂတေဖြင့် အလုံပိတ်ထား သော မြေအိုးငယ်ကလေးကို တွေ့ရသည်။ ဓားနှောင့်နှင့် ထုခွဲကြည့်လိုက်သော အခါ ကိုဘိုးအောင်၏ ဝမ်းမြောက်မှုကား ပြောဖွယ် မရှိတော့ချေ။

မီးကျီးခဲတမျှ ရဲရဲနီနေသော ပတ္တမြားရတနာများကို မြေအိုးကလေး ဖြင့် အပြည့်တွေ့ရသည်။ အရွယ်အစားမှာ အကြီးဆုံး ပဲသွန်းစေ့အရွယ်မှ

www.burmeseclassic.com

www.burmeseclassic.com



အငယ်ဆုံး ဧရာ်ကောင်းစေ့အရွယ်အထိ ရှိသည်။ စင်းချော အလုံးကလေးတွေဖြစ်သော ပတ္တမြားအရောင်မှာ ကြည့်မဝနိုင်အောင်ပင် ကျက်သရေရှိစွာ ရဲရဲတောက် အရောင်တွေ ဖြာနေသည်။ ဤတစ်ကြိမ်မှာကား ကိုဘိုးအောင်သည်ဇနီး မရွှေအိမ်ကလွဲပြီး ရွာထဲမှာ မည်သူ့ကိုမျှ အသိမပေးတော့ဘဲ သိုသိပ်စွာသိမ်းဆည်းထားသည်။ မြို့ပေါ် တက်သည့်အခါ သင့်တော်သလောက် ဝှက်သိုယူသွားပြီး ရောင်းချသည်။ လယ်ကူလီခရသည့်ငွေဖြင့် မြို့ပေါ်မှာ ၃၆ ကောင်ထိုးရာမှ နိုင်လာသည့်ဟန်မျိုး ပုံမှားရိုက်သည်။

ကိုဘိုးအောင်ရော မရွှေအိမ်ပါ သူတို့ ရှိသေစွာ မြှုပ်နှံပေးခဲ့ရသည့်လူသူတော်ဝင်စားသော သားကလေးက ကောင်းကျိုးချမ်းသာပေးကြောင်းအသေအချာ သိကြရကား သားကလေးကို အထူးဂရုစိုက် ယုယပြုစုသည်။ ဤသို့ဖြင့် ရွာသူရွာသားတွေ မရိပ်မိအောင် ပတ္တမြားတွေကို သိုသိပ်စွာ ထုခွဲရောင်းချပြီး အိမ်ကလေးကို မိသားစုနေလောက်ရုံ လုံလုံခြုံခြုံကလေး ဆောက်သည်။ ရွာသူရွာသားတွေကမူ ကိုဘိုးအောင် လယ်ကူလီခငွေဖြင့် ၃၆ ကောင်နိုင်နေသည်ဟု ထင်နေကြသည်။

အလှူဒါနကိုလည်း လူတွေမရိပ်မိအောင် အနည်းငယ်စီ လီပြီး လှူသည်။

"ကိုဘိုးအောင်က ၃၆ ကောင်နဲ့ အကျိုးပေးတယ်ဟဲ့၊ သူ မြို့ကိုသွားရင် ဆိုက်သွားကြ၊ သူ ထိုးတဲ့အကောင်ကို ထိုးကြည့်ကြစမ်း"

ရွာထဲက စကားသံ ထွက်လာသည်။ ကိုဘိုးအောင်သည် ရွာသားတွေမရိပ်မိအောင် သူတို့နှင့်အတူ ၃၆ ကောင် ဒိုင်ခံနေသောအိမ်ကို ဝင်ရသည်။ သို့သော် ရွာသားတွေ ပါလာသည့်အခါတိုင်း ၃၆ ကောင်ဒိုင်က အဆင်မပြေသော အကြောင်းကြောင့် ပိတ်ထား၊ နားထားသည်နှင့်သာ ကြုံနေကြရကား…

"တို့က ကစားပိုင်းနဲ့ အကျိုးမပေးပါဘူးကွာ၊ ကာကဝလ္လိယ လင်မယားသာ သူတို့သား ဒုက္ခိတကလေးက အကျိုးပေးနေတာနဲ့ တူပါတယ်"

ဟူသော စိတ်ပျက်လက်လျှော့ စကားကို ရွာသားတွေဆိုကာ ကိုဘိုးအောင်နှင့်မလိုက်ကြတော့ချေ။ ကိုဘိုးအောင်အဖို့ လွတ်လပ်သွားလေသည်။

ပတ္တမြားကလေးတွေ ရောင်းရငွေသည် တော်တော် မြက်မြက်ကလေးရသည်။ ပတ္တမြားကလေးတွေကား အပြစ်အနာ ကင်းရုံမဟုတ်၊ အရည်အသွေးထာဝါ ကောင်းလွန်းသည်ဖြစ်ရာ အကုန်အစင် ရောင်းချရန်ပင် မလို၊ သုံးပုံ



တစ်ပုံမျှ ရောင်းရုံဖြင့် ကိုဘိုးအောင်နှင့် မရွှေအိမ်တို့ အေးအေးလူလူ နေထိုင်စားသောက်နိုင်သည်။ အမြော်အမြင်ရှိသော ဇနီးမောင်နှံက အိမ်မှာ ကုန်စုံဆိုင်ကလေး တည်ထားလိုက်သည်။

ဤသို့ဖြင့် ကိုဘိုးအောင်နှင့် မရွှေအိမ်တို့ သားကလေးသည် အသက်ငါးနှစ်အရွယ်သို့ တိုင်လာခဲ့လေပြီ။ ထိုအချိန် အသက်အရွယ်အထိ စကားပြောခြင်း၊ ငိုကြွေးခြင်း၊ ဆော့ကစားခြင်း မရှိဘဲ စားလို သောက်လိုကြောင်းပူဆာခြင်းလည်း မရှိခဲ့။ ကျွေးချိန်တန်သည့်အခါ မိဘနှင့် အစ်မက ကျွေးသည်ကို တစ်စုံတစ်ရာမျှ ပြောဆိုမေးမြန်းခြင်း မပြုဘဲ စားပြီး ဘုရားစင်ရှေ့မှာသာ တင်ပျဉ်ခွေ ထိုင်နေလေ့ရှိ၏။ သားငယ် အသက် ငါးနှစ်တင်းတင်းပြည့်သောနေ့ကစပြီး မရွှေအိမ်သည် ပူပန်စိုးရိမ်သောစိတ်က လွှမ်းမိုးလာခဲ့သည်။ မစားနိုင်၊ မအိပ်နိုင်အောင် ဖြစ်လာသည်။

"ကိုဘိုးအောင်ရယ်၊ သားလေး ကိုယ်ဝန်မတည်မီကလေးမှာ ကျုပ်တို့ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ရတဲ့ လူသူတော်ကို အိပ်မက်တာ ကျုပ် ပြောခဲ့ဖူးတယ်မဟုတ်လား"

သားငယ် ငါးနှစ်ပြည့်ပြီး သုံးရက်အလွန်မှာ မရွှေအိမ်က တိုးတိတ်စွာ ပြောသည်တွင် ကိုဘိုးအောင်သည် ထိတ်လန့်စိုးရိမ်စိတ် ဝင်လာသည်။

"အေး… ငါ သတိရတယ်၊ ဘယ်လိုလဲ မင်းမျက်လုံးထဲမှာ မြင်နေပြီလား ရွှေအိမ်"

ဆိတ်ငြိမ်စွာ ထိုင်နေသော သားငယ်ကို လှမ်းကြည့်ပြီး ကိုဘိုးအောင်က စိုးရိမ်စွာ ပြန်မေးသည်။

"မြင်နေပြီတော့် ကိုဘိုးအောင်"

"မင်း မြင်ရပုံကို ပြောစမ်း"

"ကျုပ်ကလည်း အိပ်မက်ထားတော့ တစ်နေ့မှ သတိမလစ်ဘူး၊ ဂရုစိုက် စောင့်ကြည့်နေခဲ့တာ၊ သားကလေး ငါးနှစ်ပြည့်ပြီး နောက်တစ်ရက်ကစလို့ ထင်ထင်ရှားရှား မြင်လာတယ်"

မရွှေအိမ်က ပြောရင်း မျက်ရည်ကျသည်။ ဟုတ်ပါသည်၊ မရွှေအိမ်သည် အိပ်မက်ကို သတိမလစ်ဘဲ သားငယ်ကို အထူးဂရုစိုက် စောင့်ကြည့်နေခဲ့၏။ သားငယ် ငါးနှစ်ပြည့်ပြီး နောက်တစ်နေ့ဝယ် သားငယ်သည် ဘုရားထိုင်နေကျ နေရာ ဘုရားစင်ရှေ့ဝယ် ထိုင်နေကျ ပုံသဏ္ဌာန်အတိုင်း တင်ပျဉ်

www.burmeseclassic.com

www.burmeseclassic.com



ချွေ ထိုင်နေသည်ကို ကြည့်နေသော မရွှေအိမ် မျက်လုံးထဲတွင်ကား သားငယ် ထိုင်နေသည့်ဘေးတွင် ယှဉ်လျက် ကြည်ညိုစဖွယ် သပ္ပာယ်တင့်တယ်လှသော ရဟန်းတော်တစ်ပါး၏ သဏ္ဌာန်ကို ထင်ထင်ရှားရှား ဖူးတွေ့နေရသည်။ ထို ရဟန်းတော်ကား သားငယ်၏ ရုပ်ရည်ရူပကာပင် ဖြစ်သော်လည်း ဝါတော် ဖြဝ ရပြီးသော ရဟန္တာမထေရ်တမျှ ရင့်ကျက်တည်ငြိမ်သည့် ဣန္ဒြေသိက္ခာ ဖြင့် ကြည်ညိုစရာ ကောင်းလှသည်။ ထိုရဟန်းတော် အသွင်သဏ္ဌာန်သည် သားငယ် ထိုင်လျှင် ထိုင်လျက်၊ သားငယ် လဲလျောင်းလျှင် လဲလျောင်းလျက်၊ အပေါ့အပါး စွန့်ရန် သားငယ် သွားလာလျှင် သွားလာလှုပ်ရှားလျက်၊ သားငယ် အစာအာဟာရ စားသောက်နေလျှင် သပိတ်တော်ကို ပိုက်ကာ ဆွမ်းဘုဉ်းပေး လျက်ဖြင့် သားငယ်၏ ပကတိ ကိုယ်ခန္ဓာနှင့် ယှဉ်လျက်သား မရွှေအိမ် ထင်ထင်ရှားရှား ဖူးတွေ့နေရသည်။

မရွှေအိမ်က သုံးရက်တိုင်တိုင် သူ အထူးဂရုစိုက်ကြည့်၍ မြင်တွေ့ ခဲ့ရပုံကို ကိုဘိုးအောင်အား သေသေချာချာပြောပြီး -

"ကျုပ် စိတ်စွဲလို့များ ထင်မြင်နေသလားလို့ စိတ်ကို ဖြေဖျောက် ပစ်တယ်၊ မေ့မေ့ပျောက်ပျောက် နေကြည့်တယ်၊ မရဘူး ကိုဘိုးအောင်... ထင်ထင်ရှားရှား ပြတ်ပြတ်သားသားကြီး မြင်နေရတယ်တော့၊ ဟော... အခုပဲ ကြည့်၊ သား ထိုင်နေတာနဲ့ ယှဉ်ရက် ရဟန်းတော်ပုံသဏ္ဌာန် ပေါ်နေတယ်"

ဟု ဆိုရင်း စိုးရိမ်သောကကြောင့် ကျလာသော မျက်ရည်ကို သုတ် လိုက်သည်။

ရှာန်ဝင်နေသလို တည်ငြိမ်စွာထိုင်နေသော သားငယ်ကို ကိုဘိုးအောင် က လှမ်းကြည့်၏။ သို့သော် မရွှေအိမ် မြင်သလိုကား မမြင်ပေ။ မည်သို့ပင် ဖြစ်စေ သူတို့မိသားစုကို ဆင်းရဲတွင်းမှ ကယ်တင်၍ ကောင်းကျိုး ချမ်းသာ ပေးသည့် ထူးခြားသော သားငယ်ကား အိပ်မက်အတိုင်း သူတို့ကို ခွဲခွာပြီး ဘဝကူးရှာတော့မည် ဟူသော အသိကြောင့် ကိုဘိုးအောင်ရော မရွှေအိမ်ပါ ရင်ထဲတွင် မချိတင်ကဲ ပူပန်ကြရှာသည်။

ရင်သွေးရင်နှစ် ချစ်လှစွာသော သားငယ်သည် ဘယ်အချိန်အခါမှာ သွားရှာတော့မည်လဲ ဟူသောစိတ်ဖြင့် မအိပ်နိုင်၊ မစားနိုင် ဖြစ်ရသည်။ ထို အခါ သိတတ်မှတ်တတ်သည့် ဆယ်နှစ်ကျော်အရွယ် ရှိနေပြီဖြစ်သော သမီးကြီး



ာ မိဘမျက်ရည်ကျသောအခါ ငိုမဲ့မဲ့ဖြင့် အကြောင်းကို မေးရှာသည်။ မိဘ များက တိုးတိုးတိတ်တိတ်ဖြင့် နားလည်အောင် ပြောသောအခါ သမီးကြီးသည် ချစ်လှစွာသော မောင်လေးအတွက် မိဘနှင့် အတူရောပြီး မျက်ရည်ကျရသည်။

မိသားစုသုံးယောက် စိုးရိမ်ပူပန်စွာဖြင့် သားငယ်ကို အကဲခတ် စောင့်ကြည့်နေခဲ့ရာ သားငယ် ငါးနှစ်ပြည့်ပြီး၍ တစ်လတိတိ ကြာသော အချိန်ဝယ် သားငယ်၏ လက်ယာဘက် လက်ဖဝါးတွင် နီရဲသော အကျိတ် အဖုတစ်ခု ပေါ်လာကာ သားငယ်၏ ကိုယ်အသားသည် မီးခဲတမျှ ချစ်ချစ်တောက် ပူလာသည်။

သားငယ်ကား လူးလိမ့်ခြင်း၊ အော်ဟစ်ညည်းညူခြင်း၊ ငိုကြွေးခြင်း၊ တွန့်လိမ်ရှုံ့မဲ့ခြင်း လုံးဝ မရှိချေ။ ပကတိ တည်ငြိမ်စွာပင် အိပ်ရာထဲမှာ လဲလျောင်း နေသည်။ သားငယ်နှင့် ယှဉ်လျက်ပင် လဲလျောင်းနေသော ရဟန်းတော် အသွင် ကို ဤတစ်ကြိမ်မှာ မရွှေအိမ်တစ်ယောက်တည်း မဟုတ်တော့ဘဲ ကိုဘိုးအောင် ရော သမီးကြီးပါ ဖူးတွေ့ရ၏။

မရွှေအိမ်နှင့် သမီးကြီးက မျက်ရည်ဖြိုင်ဖြိုင် ကျနေသည်။ ကိုဘိုး အောင်ကမူ မငိုမိအောင် စိတ်ကိုတင်းပြီး တုန်ရီသော အသံဖြင့် တောင်းပန်၏။

"သားရယ်... သားဟာ အဖေ၊ အမေထက် မြင့်မြတ်တဲ့ပုဂ္ဂိုလ် ဆိုတာ အဖေနဲ့ အမေ သိပါတယ်၊ သားရဲ့ကျေးဇူးကိုလည်း အဖေနဲ့အမေ အသက်ရှင်သရွေ့ မမေ့နိုင်ပါဘူး၊ ဒါပေမဲ့ ရင်သွေးရင်နှစ် ချစ်လှတဲ့ သားရဲ့ အသံကို အဖေနဲ့ အမေ မကြားလိုက်ရတာ၊ အဖေ၊ အမေလို့ အခေါ်မခံလိုက်ရ တာကိုဖြင့် အဖေနဲ့ အမေ သေသည့်တိုင်အောင် စိတ်ကောင်းနိုင်မှာ မဟုတ် တော့ပါဘူး၊ အဖေ တောင်းပန်ပါတယ် သားရယ်၊ အဖေ၊ အမေလို့ သားခေါ် တဲ့အသံကို ကြားပါရစေ၊ အဖေ တောင်းပန်တာကို ငဲ့ညှာပြီး ခေါ်လိုက်စမ်းပါ သားရယ်"

ကိုဘိုးအောင်က တောင်းပန်သောအခါ သားငယ်သည် ကိုဘိုးအောင် နှင့် မရွှေအိမ်ကို တစ်လှည့်စီ ကြည့်သည်။ ထို့နောက်...

"အဖေ၊ အမေ ကျွန်တော် သွားတော့မယ်၊ ကုန်းထိပ်က စံကော့ပါ ပင်ကြီးအောက် ဟိုနေရာမှာပဲ ကျွန်တော့်ကို မြှုပ်ပါ"

ဟု ကြည်လင်အေးမြသော အသံဖြင့် ပြတ်ပြတ်သားသား ပြောကာ ညင်သာစွာ မျက်စိမှိတ်သွားလေတော့သည်။ သားငယ် ဝိညာဉ် ချုပ်ငြိမ်းသည်

www.burmeseclassic.com

www.burmeseclassic.com



နှင့်တစ်ပြိုင်နက် သူတို့ ဖူးတွေ့နေရသော ရဟန်းတော် အသွင်သဏ္ဌာန်သည်လည်း ပျောက်ကွယ်သွားလေသည်။

■

အဘွားကြီးသည် အုတ်ဂူထဲမှာ လဲလျောင်းနေသည့် ရပ်ကလာပ်ရှင်၏ အတ္ထုပ္ပတ္တိကို ပြော၍ ဆုံးသောအခါ အဟောင်းက အသစ်ဖြစ်လာဟန်ဖြင့် စီးကျလာသော မျက်ရည်စကို ပခုံးပေါ်မှ မျက်နှာသုတ်ပဝါဖြင့် သုတ်လိုက်သည်။ သမီးဖြစ်သူကား မျက်ရည်မကျသော်လည်း ဆွေးလျကြေကွဲဟန်ဖြင့် ဦးခေါင်းငိုက်စိုက် ချနေသည်။

မခင်ရွှေသည် သူ့ဉာဏ်ဖြင့် စဉ်းစား၍ မမီနိုင်အောင်ပင် ထူးဆန်းသောအဖြစ်ကို စိတ်ဝင်စားစွာ နားထောင်နေရာမှ မေးလိုက်၏။

"ဒါဖြင့် ဒီအုတ်ဂူနေရာဟာ ဟို ဘွားဘွားတို့ သင်္ဂြိုဟ်ခဲ့တဲ့ လူသူတော်ကြီး မြှုပ်တဲ့နေရာပေါ့နော် ဘွားဘွား"

"ဟုတ်တယ် မိန်းကလေး"

အဘွားကြီးက ဖြေ၏။

"သူကြီးမင်းနဲ့ ရွာသားတွေ လာတော့ လူသူတော်ကြီး မြှုပ်ထားရာ မြေပုံကို မတွေ့ဘူးဆိုတော့ ဘွားဘွားသားကို သင်္ဂြိုဟ်ဖို့ တူးတော့ကော ဘာမှ မတွေ့ဘူးလား ဘွားဘွား"

"အေးကွဲ့၊ အဲဒါ တော်တော် စဉ်းစားရခက်နေတယ်၊ သားလေးကို အုတ်ဂူသွင်းမယ်လို့ ဒီတောင်ကုန်းပေါ်တက်လာတော့ လူသူတော်ကြီးကို မြှုပ်ခဲ့တဲ့ မြေပုံနေရာရော၊ အဘွား စုပုံတင်ထားခဲ့တဲ့ စံကားဝါပန်းတွေ အပုံလိုက် ခြောက်နေတာရော နေရာမပျက် ပြန်တွေ့ရတယ်။ သားကို မြှုပ်မယ်လို့ တူးလိုက်တော့လည်း သူတော်စင်အဘိုးအိုကြီးရဲ့ အရိုးစုတွေကို နေရာမပျက် တွေ့ရတယ် မိန်းကလေးရဲ့"

မခင်ရွှေသည် အံ့သြပြီးရင်း အံ့သြနေရလေတော့သည်။ အဘွားကြီးက ဆက်ပြော၏။

"ရွာသူရွာသားတွေကိုတော့ ဘာမှ အထွေအထူး မပြောတော့ပါဘူး၊ ကျုပ်တို့သားကလေးကို သူတို့က ဒုက္ခိတ၊ အဆွံ့ အအလေး ဆိုထားတော့ ကျုပ်တို့သား ဒုက္ခိတ သေပြီ၊ သွားမြှုပ်လိုက်တော့မယ်လို့ သူကြီးနဲ့ ဆယ်အိမ်ခေါင်းကို တိုင်ပြီး ဒီမှာ လာသင်္ဂြိုဟ်လိုက်တာပေါ့"



"ဘယ်သူမှ အသုဘပို့ မလိုက်ကြဘူးလား"

မခင်ရွှေက မေး၏။ အဘွားကြီးက ဖြေသည်။

"လူမသိစေချင်ဘူးလေ၊ သားလေးကလည်း ကြာရှည်ဖြစ်နေတာမှ မဟုတ်တာ၊ မနက်စောစော အဲဒီလို နေမကောင်းဖြစ်ပြီး တစ်နာရီလောက်ဝဲ ကြာတယ်၊ ဘဝကူးသွားရှာတာ ဆိုတော့ သူကြီးမင်းနဲ့ ဆယ်အိမ်ခေါင်းကို သားကလေး ရောဂါဆိုးနဲ့ ဆုံးတယ်လို့ တိုင်တော့ ဝမ်းရောဂါလား၊ ပလိပ်ရောဂါလား၊ ကျောက်ရောဂါလား တွေးပြီး ကြောက်ကြတယ် ထင်ပါရဲ့။ မြန်မြန်သွားမြှုပ်လို့တောင် တိုက်တွန်းလိုက်ကြသေး မိန်းကလေးရဲ့။ ကိုဘိုးအောင် အဘွားခြုံဖို့ဆိုပြီး မြို့က ဝယ်လာခဲ့တဲ့ ကတ္တီပါစောင်ကြီးနဲ့ သားကလေးကို ကျကျနန ခြုံပေး၊ ပတ်ပေးပြီး ကိုဘိုးအောင်က သားကိုထမ်း၊ တို့သားအမိက ပေါက်တူး၊ ဂေါ်ပြားကိုင်ပြီး ဒီတောင်ကုန်းပေါ် လာမြှုပ်ပြီးမှ အပေါ်က ကျောက်ဂူ တည်လိုက်တာလေ"

ရှည်ရှည်လျားလျား စကားတွေ ပြောလိုက်ရ၍ မောသွားဟန်တူသော အဘွားကြီးက ဆိတ်ငြိမ်စွာဖြင့် သူ့သားကျောက်ဂူကို ငေးစိုက် ကြည့်နေသည်။ ဘယ်လိုစဉ်းစား၍မှ ဉာဏ်မမီနိုင်သော ဤထူးဆန်းသည့် အဖြစ်ကို ဘယ်လို အဖြေရှာရပါမည်လဲဟု တွေးနေသော မခင်ရွှေ၏ မျက်လုံးက ကုန်းစောင်းကလေး တစ်နေရာဝယ် လုံးပတ် လက်မောင်းခန့်၊ အရှည် တစ်လံကျော်မျှ ရှိမည် ခန့်မှန်းရသော မြွေကြီးတစ်ကောင်သည် မြက်ပင်များကို ရှဲရှဲ အသံမြည်စေလျက် ကုန်းစောင်းအနိမ့်ဆီသို့ လျှောဆင်းပျောက်ကွယ်သွားသည်ကို တွေ့လိုက်သည်။

"ဟော… မြွေကြီးမှ အကြီးကြီးပဲ"

မခင်ရွှေက ပြောသောအခါ အဘွားကြီးက -

"ဟုတ်တယ်၊ မြင်လိုက်တယ်၊ မြွေကြီးကို တွေ့မှ ဘကြီးသာဝေကို သတိရလိုက်တာနော် အမေ" ဟု ပြောသည်။

"အေး- အစ်ကို သာပေါ်တို့က မြွေနိုင်တဲ့ နေရာမှာတော့ နှင်းသာတဲ့ မရှိဘူး၊ အေး၊ သူ မြွေနိုင်ပုံကလည်း အခုခေတ် လူတွေ ပြောလို့ ထိုနိုင်စရာတောင် မရှိဘူးကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အဘွားကြီးစကားကို မခင်ရွှေ စိတ်ဝင်စားမိပြန်လေပြီ။

"ဘကြီးသာပေါ်က ဘယ်လို မြွေနိုင်ပုံမျိုးလဲ ဘွားဘွား"

မခင်ရွှေက မေး၏။

"မိန်းကလေးက ထူးထူးဆန်းဆန်းဆိုရင် နားထောင်ချင်ဟန်တူ တယ်၊ အေး… ဘွားဘွားတို့ မိသားစုအဖြစ်က ပြောလို့ မယုံနိုင်အောင် ထူးဆန်း သလို မြွေဆရာကြီး အစ်ကိုသာပေါ် မြွေနိုင်ပုံ၊ မြွေကိုက်ဆေးကုပုံ ကလည်း ပြောမယုံနိုင်အောင် ထူးဆန်းတာပဲ မိန်းကလေး"

"ပြောပြပါလား ဘွားဘွားရယ်"

မခင်ရွှေက တောင်းပန်၏။

"ပြောပြမယ်လေ၊ အခု နေကလေး အတော် လင်းလာပြီ။ အိမ်ပြန် ကြဦးစို့။ အိမ်ရောက်လို့ ထမင်း၊ ဟင်း စားသောက်၊ အမောအပန်း ဖြေပြီးမှ ဘွားဘွား သေသေချာချာ ပြောပြမယ်နော် မိန်းကလေး၊ အခု ပြန်ကြဦးစို့"

"ဟုတ်ကဲ့ ဘွားဘွား"

မခင်ရွှေက ပြောပြီး အဘွားကြီးသားအမိနှင့်အတူ ကျောက်ဂူကလေး ကို ရိုသေစွာ ကန်တော့လိုက်၏။ အဘွားကြီးသားအမိက သူတို့သား၊ သူတို့ မောင်ကို နှုတ်ဆက်စကား ဆိုနေစဉ် မခင်ရွှေ နားထဲတွင်ကား ဤရွာကို သူအမှုထမ်းရန် လာခါနီး၌ …

"အခုခေတ်လူတွေ အနေနဲ့ မယုံရင် ပုံပြင်မှတ်လို့ ပြောရမယ့်အဖြစ် ထူးထူးဆန်းဆန်းလေးတွေ ရှိသကွဲ့"

ဟူသော ပညာရေးဌာန အရာရှိ၏စကားကို နားထဲမှာ ပြန်လည် ကြားယောင်ရင်း ဘကြီးသာပေါ် မြွေနိုင်ပုံ၊ မြွေကိုက်ဆေးကုပုံကို အလွန် အမင်း သိချင်သောဆန္ဒကို …

'အိမ်ရောက်ရင် ဘွားဘွားကို နှိပ်ပေးရင်း ကျုကျုနန သေသေချာချာ နားထောင်လိုက်မယ်…' ဟု စိတ်ထဲက တေးထားလိုက်လေသည်။

၁၉၇၄ ခုနှစ်၊ ဇွန်လ၊ သွေးသောက်မဂ္ဂဇင်း

■

## ရေပြာအိုင်မှ မြွေနိုင်သူ

သားထူးသားမြတ်၏ ရုပ်ကလာပ် လဲလျောင်းအိပ်စက်ရာ အုတ်ဂူ ရှိသည့် တောင်ကုန်းငယ်မှ အိမ်သို့ ပြန်လည် ရောက်ရှိသော အချိန်သည် နံနက် ခုနစ်နာရီ ခွဲပြီးနေပေပြီ။ နံနက်စာ ထမင်းဟင်း ချက်ပြုတ်ရေး၊ အိမ် သန့်ရှင်းရေးတွေ ရှိနေသေးသည့်အတွက် တစ်ကြောင်း၊ ခရီးရောက်မဆိုက် အဘွားအို ပင်ပန်းနေမည်ကို တွေးမိ၍ တစ်ကြောင်း မခင်ရွှေက မြွေနိုင်သူ အဘသာပေါ်အကြောင်း အလွန်အမင်း သိလိုသည့်စိတ်ကို အလိုက်သိစွာ ချုပ်တည်းထားရလေသည်။

မီးဖိုချောင်ကိစ္စ၊ အိမ်သန့်ရှင်းရေးကိစ္စတွေ ပြီးစီးသောအခါ အဘွား ကြီးသားအမိနှင့် မခင်ရွှေက ထမင်းဟင်း စားသောက်ပြီး ဆေးကြောသိမ်း ဆည်းရသေးသည်။ ကိစ္စအားလုံး ပြီးသောအခါမှ မခင်ရွှေက အဘွားအိုရှိရာ သို့ လာခဲ့သည်။ အဘွားအိုက အိပ်ရာပေါ်တွင် သက်သက်သာသာ လဲလျောင်း နေသည်။

"ဘွားဘွား၊ ကျွန်မ ကုသိုလ်ယူပါရစေ"

မခင်ရွှေက ဆိုကာ အဘွားအို ခြေရင်းဘက်က ထိုင်ပြီး ခြေဖဝါးနှင့် ခြေသလုံးကို အသာအယာ ဆုပ်နယ်လိုက်သည်။ အဘွားအိုက မှေးမှိတ်ထား သော မျက်လုံးကိုဖွင့်ပြီး ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်၊ သာခု … သာခု … သာခု … ဆရာမလေး ဘွားဘွားတို့အိမ် ရောက်လာကတည်းက ဝတ္ထုရေးမပျက် ပြုစုခဲ့တယ်နော်၊ ကျေးဇူးတင်ပါတယ် လုံမလေးရယ်"

ထိုအခိုက် အဘွားကြီး သမီးကပါ ရောက်လာပြီး သူ့အမေဘေးမှာ ထိုင်သည်။ အဘွားအို လက်တစ်ဖက်ကို ယုယစွာ ဆွဲယူဆုပ်နယ်ပြီး …

"ဆရာမလေး သိချင်တဲ့ အဘသာပေါ်အကြောင်း ပြောပြပါဦး အမေ"

ဟု စကားစပေးလိုက်၏။

ထိုအခါမှ အဘွားကြီးက သတိရသွားဟန်ဖြင့် -

"သြော် - သြော် အေး၊ ကိုရင်သာပေါ် အကြောင်းလား၊ နေပါဦး ဘယ်ကစပြီး ပြောရပါ့"

အဘွားကြီးက ပြောပြီးစဉ်းစားဟန်ဖြင့် တစ်မိနစ်ခန့်မျှ ငြိမ်နေပြီးမှ ပြောသည်။

"ကိုရင်သာပေါ်က ဒီရွာဇာတိ မဟုတ်ဘူးကွဲ့၊ ဒါပေမဲ့ ဒီရွာမှာပဲ အဘွားတို့အိမ်မှာ အခြေစိုက်ပြီး ဒီရွာမှာပဲ မြွေကိုက်လူနာတွေကို ကယ်သွားတယ်။ ကိုရင်သာပေါ် ဒီရွာရောက်လာတာကတော့ အဘွားခင်ပွန်း ကိုဘိုးအောင်ကို အကြောင်းပြု ရောက်လာတာ မိန်းကလေးရဲ့"

အဘွားကြီးသည် မခင်ရွှေကို ဆရာမလေးဟု ခေါ်လိုက်၊ လုံမလေးဟုခေါ်လိုက်၊ မိန်းကလေးဟု ခေါ်လိုက်ဖြင့် ချစ်စနိုး အမျိုးမျိုး ခေါ်နေသည်ကို မခင်ရွှေကလည်း နှစ်ခြိုက်ကြည်ဖြူစွာပင် သဘောကျသည်။

"ဟုတ်ကဲ့ ဘွားဘွား၊ အဲဒီ အဘသာပေါ်က ဒီရွာသား မဟုတ်ဘူး ဆိုတော့ သူ့ဇာတိက ဘယ်မှာလဲ"

"မပြောဘူးကွဲ့၊ ကိုရင်သာပေါ်က လူတစ်မျိုး၊ မေးလည်း ပြောချင်မှ ပြောတယ်။ မမေးပေမယ့် သူပြောချင် ပြောနေတာပဲ။ တချို့ရွာသူရွာသားတွေကတော့ ကိုရင်သာပေါ်ကို ကျပ်မပြည့်ဘူး၊ အရူးလို့ ပြောကြတယ်။ ဒါပေမဲ့ ကိုရင်သာပေါ် မရူးဘူး၊ စိတ်သဘော ထူးဆန်းတဲ့လူလို့ ဆိုရမယ်"

ထိုအခါ အဘွားကြီးသမီးက ….

"ဟုတ်တယ်၊ အဘသာပေါ် အရူး မဟုတ်ဘူး၊ သူတို့က အဘသာပေါ် တည်တည်နေတာကို ကြံဖန်အပြစ်ရှာ ပြောတာ၊ ရူးတဲ့လူက မြွေနိုင်



ပါ့မလား၊ မြွေကိုက်ခံလူနာကို ဆေးကုနိုင်ပါ့မလား ဆရာမလေးရဲ့၊ နောက်ပြီး အဘ သာပေါ်က ဆေးကုခ ဘယ်ရွေ့ ဘယ်မျှ ပေးရမယ်လို့ ဘယ်တော့မှ မတောင်းဘူး။ ပေးချင်ပေး၊ မပေးချင်နေ၊ ပေးလည်း ကုတာပဲ၊ မပေးလည်း ကုတာပဲ။ အဘ သာပေါ်က အိမ်ထောင်မရှိဘူး ဆရာမလေးရဲ့၊ လူပျိုကြီး။ အဘ သာပေါ် ဒီရွာရောက်လာတာ မောင်လေးဆုံးပြီးမှ နော် … အမေ"

ဟု သွက်သွက်လက်လက် ပြောဆို မေးမြန်းလိုက်သည်။

"ဟုတ်တယ်၊ သား ဆုံးပြီး သုံးလလောက် အကြာမှာ ရောက်လာတာ။ အဲဒီအချိန်က ကိုရင်သာပေါ့် အသက်အရွယ်က ကိုဘိုးအောင်ထက် သုံး၊ လေးနှစ်လောက် ကြီးမလားပဲ။ လူပုံက ရုပ်ရည်သန့်၊ သျှောင်တစောင်းနဲ့ ကောင်းလိုက်တဲ့ ဆံပင်တွေဆိုတာ ခြေမျက်စိ ထိရော"

"အဲဒီ အဘသာပေါ်က ဘယ်လိုအကြောင်းပြုပြီး ဘိုးဘိုးနဲ့ ဆက်သွယ်မိတာလဲ ဘွားဘွား"

သူတို့သားအမိ စကားအရ အဘ သာပေါ် ဤရွာကို ရောက်လာချိန်တဆိုလျှင် အဘွားကြီးသမီးသည် ဆယ်နှစ်ကျော်အရွယ် ကလေးငယ်မျှသာ ဖြစ်သေး၍ သေချာစွာ မှတ်မိနိုင်မည် မဟုတ်ဟု တွေးပြီး အဘွားအိုကိုသာ မေးလိုက်သည်။

"ဆရာမလေးက ထူးထူးဆန်းဆန်းကလေးတွေ မှတ်ဖို့သားဖို့ ဝါသနာ ပါတယ်ဆိုရင် ဘွားဘွားတို့ ရေပြာအိုင်ရွာနဲ့ ပတ်သက်ပြီး ပြောစရာလေးတွေ တော်တော်များများ ရှိတယ်ကွဲ့၊ မှတ်တမ်းသဘောမျိုးနဲ့ စာကလေး ရေးထားပါလား"

အဘွားကြီးက ပြောသောအခါ မခင်ရွှေစိတ်ထဲမှာ စာရေးဆရာ ဖြစ်ချင်သလိုလို ဆန္ဒမျိုး ပေါ်လာသည်။ ကုသိုလ်ကံဟူသည် မည်သူကမျှ ကြိုတင် မမြင်နိုင်ချေ။ မခင်ရွှေအဖို့ တစ်နေ့သောအခါဝယ် နာမည်ကျော် စာရေးဆရာ မဖြစ်ဟု မည်သူ ပြောနိုင်မည်နည်း။ ထို့ကြောင့် အဘွားအို ပြောသည့်အတိုင်း သဘောတူညီလိုက်သည်။

"ဘွားဘွား ပြောတာ ကောင်းတယ်၊ ကျွန်မ မှတ်တမ်းသဘော အားလုံး ပြန်ရေးထားမယ် ဘွားဘွား၊ ထူးထူးဆန်းဆန်းကလေးတွေကိုသာ ပြောပါ"

"အေး- အခု ကိုရင်သာပေါ် အကြောင်း ပြောပြမယ်၊ မိန်းကလေး မှတ်တမ်းကလေး ရေးစမ်း၊ ရေးပြီးရင် ဘွားဘွားကို ပြန်ဖတ်ပြ"

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ ဘွားဘွား၊ ပြောပါ''

အဘွားအို ပြောပြသည့် အဘ သာပေါ်အကြောင်းကို မခင်ရွှေက ဤသို့ မှတ်တမ်း ရေးလိုက်သည်။

■

သားငယ်သည် သူ့ရင်ခွင်ရိပ်မှ ထွက်ခွာသွားခဲ့သည်မှာ သုံးလကြာခဲ့ပြီ ဖြစ်သော်လည်း ကိုဘိုးအောင်တို့ မိသားစုသည် တစ်နေ့မှ မမေ့နိုင်။ အလွမ်းမပြေနိုင်အောင် ဖြစ်ရသည်။ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ရှာဖွေ စားသောက်ရသည့်အဖြစ်မှ လွတ်မြောက်စေသည့် ကောင်းကျိုးချမ်းသာပေးသည့် သားငယ်ကို များစွာ လွမ်းဆွတ်သည့်အလျောက် မိုးတွေ အုံ့ကာ မှုန်မှုန်မှိုင်းမှိုင်း ဖြစ်နေသော နေ့တစ်နေ့ဝယ် ကိုဘိုးအောင်သည် သားငယ် လဲလျောင်းအိပ်စက်ရာ အုတ်ဂူရှိသည့် တောင်ကုန်းငယ်ဆီသို့ သူတစ်ယောက်တည်း ထွက်လာခဲ့သည်။ မရွှေအိမ်ကိုပင် အသိမပေးဘဲ တိတ်တဆိတ် ထွက်လာခဲ့ခြင်းကား မရွှေအိမ်သည် မိန်းမသားဖြစ်သည့်အလျောက် သား၏ အုတ်ဂူကို မမြင်ရလျှင် တော်သေးသည်၊ မြင်ရလျှင် ထိန်းမနိုင်၊ သိမ်းမရ ပရိဒေဝသောကမီး အားကြီးလှသည်ဖြစ်သောကြောင့် ဤတောင်ကုန်းထိပ်ကို မသွားရအောင် ဖျောင်းဖျခဲ့ရသည်။ ထို့ကြောင့် ကိုဘိုးအောင်က တိတ်တဆိတ် ထွက်လာခဲ့ခြင်း ဖြစ်သည်။

တောင်ကုန်းငယ်ကို မရောက်မီ လယ်ကွက်လေး စုဆုံရာ လယ်ကန်သင်းထိပ်ဝယ် အဓိကရတောင်ပို့ကြီးတစ်ခုက ရှိနေခဲ့သည်မှာ နှစ်ပရိစ္ဆေဒတော်တော်ပင် ကြာညောင်းခဲ့လေပြီ။ တောင်ပို့အတွင်းမှာ မြွေကြီးတစ်ကောင်ရှိသည်။ မြွေကြီးကား နှစ်ချီ မြွေကြီးပင်ဖြစ်သော်လည်း ကိုယ်ခန္ဓာမှာ နှစ်ကြာညောင်း၍ ကြီးလာသည်ဟု မရှိ။ ပထမဆုံး တွေ့ခဲ့ဖူးသည့် အရွယ်ပမာဏအတိုင်းသာရှိပြီး အရောင်မှာ အစိမ်းပုပ်ရောင် ဖြစ်သည်။ မြွေကြီးကလည်း မည်သူ့ကိုမျှ အန္တရာယ်မပြုခဲ့၊ မည်သူကမှလည်း မြွေကြီးကို အနှောင့်အယှက်မပေးဘဲ ဘေးမဲ့လို သဘောထားနေခဲ့ကြသည် ဖြစ်ရာ ရွာသူရွာသားတွေနှင့် မြွေကြီးသည် နားလည်မှုရှိနေသည်ဟု ဆိုရမည်။ လွန်ခဲ့သည့် နှစ်ရက်ခန့်ကမူ မော်တော်ကား လမ်းဘေးမှာ အရက်ပုန်းဆိုင် ဖွင့်ရောင်းနေသူ ဆိုင်ရှင်အား



ခရီးတစ်ထောက် ကွန်းခိုနားသည့် မော်တော်ကားစီး ခရီးသည်က လင်းမြွေသားကို အရက်နှင့် မြည်းလိုသည်။ လင်းမြွေတစ်ကောင်ကို အရေဆုတ်ပြီး အခွေမပျက် ကြော်ပေးလျှင် ငွေငါးကျပ်ပေးမည်ဟု ဆိုထားသည်။ ထို့ကြောင့် အရက်ဆိုင်ရှင်သည် ငွေငါးကျပ်ကို မက်ကာ လင်းမြွေကို ရှာသည်။ လင်းမြွေကို ရှာမရသည့်အဆုံး ဒသကကိုချိုင်သည့် သဘောဖြင့် တောင်ပို့ထဲက မြွေကြီးကို ရအောင် ကြံစည်သည်။ မြွေတွင်းဝကို ငရုတ်သီးညှော်ဖြင့် တိုက်သောအခါ မြွေကြီး ထွက်လာသည်။ အရက်ဆိုင်ရှင်က လက်ထဲမှာ အသင့်ကိုင်ထားသည့် ငါးခွခက်ရင်းဖြင့် မြွေကြီးဦးခေါင်းကို သေချာစွာ ချိန်ပြီးထိုးသည်။ သူ့ခက်ရင်းသွားက မြွေကြီးဦးခေါင်းကို မထိဘဲ မြွေကြီးက သူ့ခြေသလုံးကို အားပါးတရ ပေါက်ပြီး တွင်းထဲ ပြန်ဝင်သွားလေသည်။ အရက်ဆိုင်ရှင်ကား မြွေသားလည်း မရ၊ ငွေငါးကျပ်လည်း မရဘဲ မြွေဆိပ်မွန်ကာ သူ့အရက်ဆိုင်ကို အတူပါလာသူက သယ်ယူသွားပြီး မြွေကုဆေးဆရာကို ပင့်ပြီးကုနေသော်လည်း မြွေဆိပ်က မကျသေး။

ဤအဖြစ်ကား ယနေ့မနက် စောစောပိုင်းက ဖြစ်လိုက်သည်ကို တစ်ရွာလုံး သိလိုက်သည့်နည်းတူ ကိုဘိုးအောင်လည်း သိခဲ့သည်။

သို့သော် ...

''ငွေကလေးငါးကျပ်မက်ပြီး မလုပ်အပ်တာ သွားလုပ်တဲ့လူ ဒီလို အဓိကရမြွေကြီးမျိုး ကိုက်တာတော့ မြွေကိုက်ပျောက် ဆေးကုဆရာလည်း နိုင်မှာ မဟုတ်ဘူး''

ဟူသည့် တူညီသည့် ဆုံးဖြတ်ချက်ကို တစ်ရွာလုံးက ချထားသည်။ ရွာသူရွာသားတွေ ဆုံးဖြတ်ချက်ကပင် မှန်နေလေပြီလား မသိ။ မြွေကိုက်ခံရသော လူမှာသည် မနက် ၇ နာရီလောက်က အကိုက်ခံရသည်။ ဆေးဆရာကို ချက်ချင်းပင့်ပြီး ကုသခဲ့သည်။ သို့သော် ယခု ကိုဘိုးအောင် တောင်ကုန်းငယ်သို့သွားရန် ထွက်လာသည့် နေမွန်းတည့် အချိန် တိုင်သော်လည်း မြွေဆိပ်မကျသေး၊ သတိမရသေး၊ မြွေဆိပ်မွှန်နေဆဲပင်။ လက်ရှိ ကုနေသော ဆရာတဟန်ပုံမပေါ်၍ လက်လျှော့ထွက်သွားသဖြင့် နောက်ထပ် ဆေးဆရာအသစ်တစ်ယောက်ကို ကြိုးစားရှာဖွေနေဆဲ ဖြစ်သည်။

ကိုဘိုးအောင်က သားငယ် လဲလျောင်း အိပ်စက်သည့် အုတ်ဂူရှိရာ တောင်ကုန်းငယ်ဆီသို့ ထွက်လာရင်း မနက်က တောင်ပို့ တွင်းအောင်းမြွေကြီးနှင့် ငွေငါးကျပ် မက်မောသော အရက်ဆိုင်ရှင်တို့ အဖြစ်ကို သတိရလာ—

www.burmeseclassic.com

www.burmeseclassic.com



"ရွာသူရွာသားတွေ ပျိုးနုတ်ရင်း၊ ကောက်စိုက်ရင်း ဒီလယ်ကန်သင်းပေါ် ဒီတောင်ပို့ကြီးနားမှာ ထိုင်ကြ၊ နားကြ၊ ထမင်းစားကြ လုပ်နေတာ ကြာလှပေါ့။ ဒီမြွေကြီးက သူ့ကို ဒုက္ခမပေးတဲ့ လူတွေကို သူကလည်း ဒုက္ခမပေးပါဘူး။ တစ်ဦးကို တစ်ဦး သစ္စာတရား စောင့်သိထိန်းသိမ်းဖို့ တကယ် အရေးကြီးပါလား"

ဟု တီးတိုးရေရွတ်ရင်း တောင်ပို့ကြီးရှိရာကို လှမ်းမျှော်ကြည့်လိုက်မိသော ကိုဘိုးအောင်၏ မျက်လုံးက တောင်ပို့အနားတွင် တည်တည်ငြိမ်ငြိမ်ရပ်နေသော လူတစ်ယောက်ကို တွေ့ရသည်။ ထိုလူ၏လက်ပေါ်တွင်ကား မြွေကြီးတစ်ကောင်။

ကိုဘိုးအောင်ရှိနေရာနှင့် တောင်ပို့သည် ခဲတစ်ပစ် သာသာမျှသာကွာသည်ဖြစ်ရာ မြင်ကွင်းက ပြတ်သားထင်ရှားလှသည်။ ထိုလူ၏လက်ပေါ်က မြွေကြီးကား တောင်ပို့ထဲမှာနေသည့် အစိမ်းပုပ်ရောင် မြွေကြီး ဖြစ်သည်။ ကိုဘိုးအောင်က သေချာစေရန် အနားသို့ ကပ်သွား၏။ အနားသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ထိုလူက စတင် ပြောလိုက်သည်။

"တစ်ဦးကို တစ်ဦး အန္တရာယ်မပြုဘဲ သစ္စာစောင့်နေသမျှ ကာလပတ်လုံး စိတ်ချမ်းသာမှု ရမှာပေါ့ဗျာ။ အခုတော့ မြွေကြီး သူ့ဘာသာသူနေတာကို သတ်ဖို့ အားထုတ်တာကိုး။ နေမဝင်မီမှာ လူနာကို ကျွန်တော့်လက်အပ်ရင်တော့ အသက်ရှင်အောင် ကယ်နိုင်ပါတယ်"

ဟု ထိုလူက ပြောပြီး မြွေကြီးကို သူ့တွင်းဝသို့ ညင်သာစွာ ချပေးလိုက်သည်။ မြွေကြီးသည် လှပသော ပါးပျဉ်းကြီးကို ဘယ်ညာယိမ်းကာ ကိုဘိုးအောင်ကို ကြည့်သည်။ ရှူး ဟူသော အသံရှည်ကြီး ပြုပြီး ပါးပျဉ်းကို ချကာ တွင်းထဲသို့ ဝင်သွားလေသည်။

ကိုဘိုးအောင်သည် သူ လာရင်းကိစ္စကို ဘေးဖယ်လိုက်သည်။ မြွေတိုက်ခံရသည့် လူနာ ချမ်းသာစေလိုသော ဆန္ဒဖြင့်-

"နောင်ကြီး ကယ်နိုင်ရင် ကျွန်တော်က လူနာရှင်ကိုယ်စား ပင့်ပါတယ်ဗျာ၊ အခု ကြွပါ"

ဟု ရိုသေစွာ တောင်းပန်လိုက်၏။

ထိုလူက ဦးခေါင်းကို ခါယမ်းလိုက်သည်။

"ခင်ဗျားက ဘာမှ မဆိုင်တဲ့ ကြားလူပဲဗျာ။ လူနာရှင်ကိုယ်တိုင်က လိုလားမယ်၊ မလိုလားမယ်ဆိုတာ မသိသေးဘဲ ကျွန်တော်က အရမ်းလိုက်



သွားပါပြီတဲ့… ဟိုမှာ လူနာရှင်ပင့်ထားတဲ့ ဆေးဆရာတစ်ယောက် လက်ထဲမှာ လူနာရောက်နှင့်နေရင် ကျုပ်က အတင်းဝင် လုပ်ကုလို့ ဖြစ်မလား။ တစ်ယောက်စည်းကို တစ်ယောက် မကျော်ကောင်းဘူးလေ၊ သစ္စာတရားဆိုတာ ရှိရမှာပေါ့"

ထိုလူ၏ စကားအဓိပ္ပာယ်ကို ကိုဘိုးအောင် ကောင်းကောင်း နားလည်သည်။ ဤလူကို မြင်သည်နှင့် တစ်ပြိုင်နက်၊ သူ ပြောသည့်စကားတွေကို ကြားရသည်နှင့်တစ်ပြိုင်နက် မြွေဆိပ်ကို နိုင်သူဖြစ်ကြောင်း အကဲခတ်မိသည်။

ထို့ကြောင့် ထိုလူကို-

"နောင်ကြီး၊ ဒီနေရာက ဘယ်မှ မသွားပါနဲ့ဦးနော်၊ လူနာရှင်ဆီကို ကျွန်တော် အမြန်ဆုံးသွားပြီး အကြောင်းကြားပါ့မယ်၊ ခဏစောင့်ပါနော် နောင်ကြီး"

ဟု ရိုရိုသေသေပင် တောင်းပန်ထားခဲ့ပြီး လူနာရှိရာသို့ ဒုန်းစိုင်းပြေးလာခဲ့သည်။ လူနာရှင်က နောက်ထပ် ရှာဖွေပင့်ထားသော ဆေးဆရာကလည်း စမ်းတဝါးဝါးဖြစ်နေ၍ လူနာရှင်သည် စိတ်ပျက်ဝမ်းနည်းနေဆဲဝယ် ကိုဘိုးအောင် ရောက်သွားပြီး လူနာရှင်ကို အကျိုးအကြောင်း ပြောပြသည်။ လူနာရှင်သည် ဝမ်းမြောက်အားတက်စွာဖြင့် ကုလက်စ ဆေးဆရာကို ထိုက်သင့်သည့် ငွေကြေးကန်တော့ပြီး ပြန်လွှတ်လိုက်သောအခါ ပညာမပြည့်စုံသေး၍ ယောင်ဝါးဝါးဖြစ်နေသော ဆရာသည် ချော်လဲရောထိုင်ကာ ခပ်သုတ်သုတ် ပြန်ကြွသွားတော့၏။

လူနာရှင်ကိုယ်တိုင်က ကိုဘိုးအောင်နှင့်အတူ လိုက်လာပြီး တရိုတသေ ပင့်သောအခါ ထိုလူသည် ကြည်ဖြူစွာ လိုက်လာသည်။ မြွေဆိပ်မွှန်ကာ သတိမေ့နေသော လူနာကို သေချာစွာကြည့်ပြီး အိတ်ထဲမှာ ပါလာသည့် ဆေးပုလင်းငယ်လေးထဲမှ ဆေးမှုန့်အနည်းငယ်ကို ရေဖျော်ကာ လူနာ၏ပါးစပ်ထဲ လောင်းထည့်သည်။ မြွေကိုက်သည့်နေရာကို ဓားငယ်ဖြင့် လက်တစ်ဆစ်စီမျှ ကြက်ခြေခတ်ခွဲပြီး ဆေးမှုန့်ကို သိပ်ထည့်သည်။

ကွမ်းတစ်ယာညက်သာသာမျှ ကြာသောအခါဝယ် လူနာ၏ ပါးစပ်ထဲမှ အမြှုပ်တွေ အန်သည်။ ဓားခွဲရာ အနာမှ သွေးပုပ်ညိုညိုမည်းမည်းတွေ စီးကျသည်။ အနာမှ ညိုညိုမည်းမည်းတွေ စီးကျခြင်း ရပ်တန့်သွားသော အခါတွင်ကား လူနာသည် သတိပြန်ရလာသည်။

www.burmeseclassic.com

www.burmeseclassic.com



“ကဲ - မသေတော့ဘူး၊ စိတ်ချ”

ထိုလူသည် စကားတစ်ခွန်းတည်း တိုတိုပြတ်ပြတ် ပြောကာ မည်သူမှ မတားဆီးနိုင်မီပင် လူနာအိမ်မှ ထွက်ခွာသွားသည်။

ကိုဘိုးအောင်က ကပျာကသီ ပြေးလိုက်လာသည်။ သူ့အိမ်မှာ အခိုက်အတန့် အမောဖြေပါဟု တောင်းပန်ပြီး ခေါ်လာခဲ့ရ၏။ ကိုဘိုးအောင်နှင့် စတင်သိကျွမ်းရသဖြင့် ခင်မင်သော မေတ္တာစိတ် ထားဟန်တူသည့် ထိုလူသည် -

“အေးဗျာ၊ ခင်ဗျားဆီမှာတော့ နေချင်စိတ် အရှိသား၊ ကျုပ်နာမည်က သာပေါ်တဲ့ မှတ်ထား၊ ခင်ဗျားနာမည်ကကော ..”

အသိုင်းအဝိုင်း အဖွဲ့အနွဲ့ စကားလုံးကို မသုံးဘဲ ရိုးရိုးရှင်းရှင်း ပြောသော ကိုသာပေါ်နှင့် ကိုဘိုးအောင်တို့ မိသားစုသည် ဆွေမျိုးရင်းချာလို ဖြစ်သွားသည်။ သူ့နာမည် ကိုသာပေါ်၊ သူ့အသက်က ကိုဘိုးအောင်ထက် လေးနှစ်လောက် ကြီးသည်။ မြွေကိုက်လူနာကို နိုင်နိုင်နင်းနင်း ဆေးကုတတ်သည်ဟူသော အချက်သုံးချက်က လွဲပြီး ကိုသာပေါ်အကြောင်းကို ကိုဘိုးအောင်မိသားစု ဘာမျှ မသိရချေ။ ကိုသာပေါ်ကလည်း ဤသုံးခွန်းသော စကားက လွဲပြီး ဘာမျှ မပြော။ မည်သို့ပင်ဖြစ်စေ တစ်ဦးနှင့်တစ်ဦး ဘဝကုသိုလ်ကြောင့် ဆွေမျိုးရင်းချာလို ခင်မင်ပြီး အတူနေထိုင် စားသောက်လာခဲ့ကြ၏။

ကိုသာပေါ် မြွေကိုက်ခံရသူကို ဆေးကုပုံမှာ ရိုးရိုးစင်းစင်းဟု ဆိုနိုင်မည်လား၊ နက်နဲသော ပညာတစ်ရပ်ဖြင့် ကုသည်ဟု ဆိုနိုင်မည်လား မသိပေ။

မြွေကိုက်ခံရသူကို မမြင်ရသေး၊ မတွေ့ရသေးသော်လည်း လာပင့်သော လူနာရှင်ကို ...

“ကျုပ် မလိုက်ပါရစေနဲ့၊ ပြန်ပါဗျာ”

ဟု ပြောလွှတ်လျှင် ထိုလူနာသည် ဆေးဆရာလာပင့်သူ အိမ်ပြန်မရောက်မီမှာပင် သေဆုံးနေပြီ ဖြစ်၏။ မြွေကိုက်ခံရပြီး မိနစ်ပိုင်း၊ နာရီပိုင်းအတွင်းမှာ လာပင့်စေကာမူ ကိုသာပေါ်သည် အနည်းငယ်မျှ ခပ်တွေတွေ မျက်တောင်စင်းနေပြီးမှ အထက်ပါအတိုင်း ပြောလွှတ်လျှင် ထိုလူနာသည် မည်သည့်နည်းနှင့်မျှ အသက်မရှင်နိုင်တော့ချေ။



မြွေကိုက်ခံထားရသည်မှာ တစ်နေကုန် အချိန်ကြာညောင်းနေလင့်ကစား လူနာရှင်က လာပင့်သောအခါ၌ အနည်းငယ်မျှ ခပ်တွေတွေ မျက်တောင်စင်းနေပြီးမှ ...

“အေး- လိုက်တာပေါ့၊ သွားစို့”

ဟု ဆိုပြီး ပင့်ခေါ်ရာ လိုက်လာလျှင် ထိုလူနာသည် သေချာပေါက် ပျောက်ကင်းချမ်းသာသည်။ ထိုအခါ လူနာရှင်တို့ လောက၌ ပြောစမှတ်တစ်ခု ဖြစ်လာ၏။

“ဆရာသာပေါ်ကို ပင့်လို့ မရရင် အဲဒီလူနာအတွက် အဆုံးစွန်ကိစ္စ ဆောင်ရွက်ဖို့သာ စီစဉ်ပေတော့၊ ဆရာသာပေါ် ကြွလာရင်တော့ ဒီလူနာကို မြွေမကလို့ နဂါးကြီးပဲ ပေါက်သတ်လိုက်ဦးတော့ ဘယ်တော့မှ မသေနိုင်တော့ဘူး”

ကိုသာပေါ်သည် မြွေကိုက်လူနာအတွက်သာ သီးသန့် ဆေးကုသည်။ အခြား ရောဂါဝေဒနာများအတွက်ကိုမူ မည်ကဲ့သို့သော သူက မည်မျှပင် တောင်းပန်တိုးလျှိုး ပင့်ခေါ်စေကာမူ လုံးဝ လက်မခံပေ။

ဆေးကုခအတွက်ကို မည်သည့်အခါမျှ စကားမပြော။ လူနာရှင်က စေတနာအလျောက် လာကန်တော့သော ငွေကြေး၊ အဝတ်အထည်၊ စားသောက်ဖွယ်ရာ ပစ္စည်းအသုံးအဆောင်ကို သူ တည်းခိုနေထိုင် စားသောက်ရာ အိမ်ရှင် ကိုဘိုးအောင်တို့ မိသားစုကို အားလုံး ပုံပေးသည်။

ဆင်းရဲချို့ငဲ့သော လူနာရှင်ဖြစ်နေလျှင် ဆေးကုခ ကန်တော့ကြေးမယူသည်သာမက အခြားသူတွေ ကန်တော့ထားသည့် ပစ္စည်းထဲကပင် ခွဲဝေပြီး ဆေးကမ်း ထောက်ပံ့လိုက်သေးသည်။

ကိုဘိုးအောင်တို့မိသားစုမှာ ကိုသာပေါ်ကို သွေးသား အရင်းအချာထိုပင် ခင်မင်အားကိုးမိကြသည်။ သူ့ဇာတိဇာစ်မြစ် အတ္ထုပ္ပတ္တိကို မေးလျှင်-

“သိရတော့ ခင်ဗျားတို့မှာ ဘယ်လိုအကျိုးကျေးဇူးတွေ ခံစားကြရမှာလဲ၊ မသိရတော့ ဘယ်လို အကျိုးကျေးဇူး ဆုတ်ယုတ်သွားမှာလဲ၊ အဲဒါ ပြောကြစမ်းပါ၊ ကျုပ် ကျေနပ်အောင် ပြောနိုင်ရင် ကျုပ်ရာဇဝင်ကို ပြောပြမယ်”ဟူသော အဖြေဖြင့် မေးမြန်းသူကို နှုတ်ပိတ်စေသည်။

“ဆရာကြီးရယ်၊ မြွေပြီးဆေးလေး ထိုးပေးပါ”

ဟု တောင်းပန်လျှင်-

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ငါးပါးသီလ နေ့တိုင်းမြဲထားတော့ မုသားမပါဘဲ အမှန်အတိုင်း ပြောရမယ်ဆိုရင် ခင်ဗျားတို့ကို မြွေပြီးဆေးထိုးဖို့ နေနေသာသာ ကျုပ်ကိုယ်တိုင်က မြွေပြီးဆေး လုံးဝ မထိုးခဲ့ဖူးပါဘူး၊ မြွေပြီးဆေးလည်း မရှိပါဘူး"ဟု ဖြေရှင်းပြတတ်သည်။

မည်သို့ပင်ဖြစ်စေ ကိုသာပေါ်တစ်ယောက် မြွေဆိပ်ကို နိုင်သည်ကတော့ အမှန်ပင် ဖြစ်သည်။ မြွေကိုက်ခံလူနာ ရှိ၍ လာပင့်လျှင် မည်မျှဝေးကွာသော ဒေသ ဖြစ်စေ သက်ရှိသတ္တဝါ ရန်းရ၊ ဆွဲရသော ယာဉ်ကိုကား ကိုသာပေါ် မည်သည့် အခါမျှ မစီး၊ ခြေကျင်သာ လမ်းလျှောက်လိုက်လေ့ရှိသည်။ တစ်ကြိမ်သောအခါက ရွာတစ်ရွာမှ လူနာရှင် လာပင့်သည်။ ရွာမှာ အတော်ဝေးသော ဒေသ ဖြစ်သည်။ မနေ့က ညဦးပိုင်း အချိန်မှာ ရေနွေးအိုးတည်ရန် ထင်းပုံထဲမှ ထင်းကို ဆွဲယူသည်တွင် ထင်းပုံထဲမှ မီးကျီးခဲလို လှပစွာ နီရဲနေသော ကျောက်မျက်ရတနာလို တောက်ပြောင်နေသည့် အရာနှစ်ခုကို တွေ့ရသဖြင့် ကိုင်ကြည့်လိုက်မိသည်။ ထိုအရာသည် မြွေတစ်ကောင်၏ မျက်လုံးဖြစ်ကြောင်းကို မြွေကိုက်ခံလိုက်ရမှ သိရသည်ဟု ဆိုသည်။ မနေ့ ညဦးပိုင်း အချိန်က မြွေကိုက်ခံလိုက်ရသည်။ ယခု ကိုသာပေါ်ထံ လူနာရှင် လာပင့်သော အချိန်မှာ မနက်ကိုးနာရီ အချိန်တိုင်ပေပြီ။ လူနာရှင်၏ မျက်နှာသည် စိုးရိမ်ထိတ်လန့်ခြင်းဖြင့် ဖြူရော်နေသည်။ မှုန်မှိုင်းရီဝေသော မျက်လုံးဖြင့် ကိုသာပေါ်ကို အားကိုးခြင်းကြီးစွာ ကြည့်နေသည်။

ကိုသာပေါ်က ထုံးစံအတိုင်း မျက်တောင်စင်းကာ ခပ်တွေတွေ ခေတ္တမျှ ငြိမ်နေသည်။ ထို့နောက် မသိမသာ သက်ပြင်းချပြီး...

"အေး၊ လိုက်တာပေါ့ သွားစို့"

ဟူသော စကား နှုတ်မှ ထွက်လာသည်တွင် လူနာရှင်၏ ဖြူရော်သော၊ ညှိုးငယ်သော မျက်နှာသည် ချက်ချင်း သွေးရောင်ဖြန်းကာ လန်းဆန်းကြည်လင်သွားလေသည်။

လူနာရှိရာ ရောက်၍ ကုသပြီးသောအခါ ကိုသာပေါ်က-

"ထင်းပုံထဲမှာ မြွေရှိသလား"

ဟု မေးသည်။ မြွေ ရှိနေသေးသည်၊ မရှိတော့ပြီကို မည်သူမျှ မပြောနိုင်။ မည်သူမှလည်း ထင်းပုံကို မရှင်းဝံ့ ဖြစ်နေကြောင်း သိရသည်။ အချိန်က ညနေ ငါးနာရီ ထိုးလုနေပေပြီ။



"နေရောင်တော့ ရှိပါသေးတယ်လေ"

ကိုသာပေါ်က ပြောပြီး မှန်ခပ်ကြီးကြီးတစ်ချပ် တောင်းသည်။ မှန်ရသောအခါ ကိုသာပေါ်သည် နေရောင်ရသည့် နေရာမှ မှန်ကိုထောင်ပြီး ထင်းပုံထဲကို မှန်ရောင် ထိုးကြည့်သည်။

"ဟော ဟော... ဟိုမှာ ဟိုမှာ"

ဘေးမှ ဝိုင်းကြည့်နေသူတွေ၏ အသံသည် ဆူညံသွားသည်။ မှန်ရောင်ဟပ်လိုက်သည့် နေရာမှာ ပါးပျဉ်းထောင်နေသော မြွေဦးခေါင်းတည့်တည့်ဖြစ်ရာ မြွေ၏ မျက်လုံးနှစ်လုံးမှ နီရဲတောက်ပသော အရောင်သည် လျှပ်ပန်းလျှပ်နွယ်များလို ဖြာထွက်သွားသည်။ ကိုသာပေါ်က ကြည့်နေသူ အားလုံးကို တစ်ယောက်မကျန် ဖယ်ခိုင်းသည်။

"ဒီမြွေက မြွေရိုးရိုး မဟုတ်ဘူး၊ နဂါး၊ ဥက ပေါက်စ ကလေးငယ်အရွယ်သာ ရှိသေးတယ်"

ကိုသာပေါ်စကားကြောင့်-

"နဂါးတဲ့ဟေ့၊ နဂါးတဲ့၊ ဝေးဝေးပြေး"

ဟူသော ဆူဆူညံညံ အသံတွေဖြင့် လူတွေ ဖယ်ကုန်ကြသည်။

"နဂါး ဆိုတာ ပင်လယ်သမုဒ္ဒရာထဲမှာသာ နေတယ်လို့ ကြားဖူးပါတယ် ဆရာကြီး၊ အခု ဘယ်လိုကြောင့် ကုန်းပေါ်က ထင်းပုံထဲ ရောက်နေလဲ"

ဟူသော အသံတစ်သံက ခပ်ဝေးဝေးမှ ပေါ်လာသည်။

ကိုသာပေါ်က ပြန်ပြော၏။

"နဂါးဆိုတာ ရေနေ နဂါးနဲ့ ကုန်းနေ နဂါးလို့ နှစ်မျိုး ရှိပါတယ်၊ အခု တွေ့နေရတာက ကုန်းနေ နဂါးပါ။ ကုန်းနေနဂါး ဆိုတာ လူသူတွေ အနား နီးနီးကပ်ကပ် နေလေ့ မရှိပါဘူး။ အခုလို အဖြစ်မျိုးဟာ အင်မတန် ကြုံကြိုက်ခဲ၊ ဖြစ်ခဲပါတယ်။ သူ့မျက်လုံးဟာ အမှောင်ထဲမှာ မီးကျီးခဲလို၊ ပတ္တမြားလို သိပ်လှတဲ့ နီနီရဲရဲ အရောင်တောက်နေတယ် ဆိုကတည်းက ကုန်းနေနဂါးပဲလို့ ကျွန်တော် သိလိုက်ပါပြီ၊ ကဲ- ဝေးဝေးရှောင်နေကြနော်"

ကိုသာပေါ်က ပြောပြီး မှန်ထိုးထားသည့် အလင်းရောင်ထဲမှာ ပါးပျဉ်းထနေသော မြွေကို စေ့စေ့စိုက်စိုက် ကြည့်ပြီး နှုတ်မှ တီးတိုးရေရွတ် ပြောဆိုနေသည်။ ခေတ္တမျှ အကြာဝယ် မြွေသည် ပါးပျဉ်းချကာ ထင်းပုံထဲမှ ကိုသာပေါ်ရှိရာ ထွက်လာသည်။ မြွေကား ကြီးကြီးမားမား မဟုတ်၊ ယောက်ျား[illegible]

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၏ လက်မ ပမာဏမျှ အလုံးရှိပြီး အလျားမှာ တစ်ပေခွဲမျှသာ ရှိပေလိမ့်မည်။ သို့သော် မှန်အလင်းရောင်ထဲမှာ တွေ့နေရသော ပါးပျဉ်းအပိုင်း ပမာဏကား ယောက်ျားထွာဆိုင်ပင် မကချေ။ မျက်လုံး နှစ်လုံးကား အကောင် အထည်နှင့် မလိုက်အောင် ကြီးမားသည်။ မျက်လုံး တစ်လုံးသည် ထိုခေတ်သုံး ငွေမတ်စေ့အဝိုင်းတမျှ ကြီးမားသည်ကို ထင်းပုံအပြင် ရောက်လာမှ သေသေ ချာချာ တွေ့ကြရသည်။

"လှလိုက်တဲ့ မျက်လုံးဟာ တွင်းထွက်ပတ္တမြားအစစ် အတိုင်းပဲ"

ဟူသော တီးတိုးသံတွေ အုတ်အုတ်ကျက်ကျက် ထွက်လာသည်။

မြွေအရောင်ကား ပြာသလိုလို၊ ညိုသလိုလိုဖြင့် ငါးကြင်းကွက်လို အကြေးခွံတွေ ဖုံးနေသည်။

ကိုသာပေါ်က မြွေကို ကောက်ယူပြီး ပခုံးပေါ် တင်လိုက်သည်။ ထို့နောက် မည်သူ့ကိုမျှ နှုတ်မဆက်၊ လှည့်မကြည့်တော့ဘဲ ခြေလှမ်းသွက် သွက်ဖြင့် ထွက်သွားသည်။ ကိုသာပေါ်နောက်ကို မည်သူမျှ မလိုက်ရဲကြချေ။ ကိုသာပေါ်၏ ပခုံးပေါ်မှာ အကောင်အထည်နှင့် မလိုက်အောင် ကြီးမားသော ပါးပျဉ်းကြီး ဖြန့်ထားသည့် နဂါး ဆိုသော သတ္တဝါ၏ မျက်လုံးအရောင်သည် လျှပ်စစ်ပြက်သလို နီနီရဲရဲ အရောင်က ဖြာထွက်သွားသည်ကိုသာ ရွာသူ ရွာသားတွေ ငေးမောမျှော်ကြည့်ရင်း ကျန်ရစ်ခဲ့ကြတော့သည်။

■

မခင်ရွှေက သူရေးတတ်သလို ရေးထားသည့် အဘသာပေါ် မှတ် တမ်းကို ဖတ်ပြ၍ ဆုံးသောအခါ စကားဆက်ပြောလိုက်သည်။

"ဘွားဘွားက ဒါလောက်ပဲပြောလို့ ကျွန်မက ဒါလောက်ပဲ ရေးရ တာ။ အဘ သာပေါ် ဘာဖြစ်သွားလဲ ဘွားဘွား"

အဘွားကြီးက ဖြေ၏။

"မသိဘူး ဆရာမလေးရဲ့၊ အဲဒီရွာက နဂါးပေါက်တာ ခံရတဲ့ လူနာ ကို ကုပြီး နဂါးကို ပခုံးပေါ်တင် ထွက်သွားတာပဲလို့ ပြောသံ ကြားလိုက်ရ တယ်။ အဘွားတို့ဆီ ပြန်မရောက်တော့ဘဲ တစ်ခါတည်း ပျောက်သွားတာပဲ ကွဲ့"



"ဟင်- သေမှန်းမသိ၊ ရှင်မှန်း မသိ"

မခင်ရွှေက စိတ်မကောင်းစွာ ပြောသည်။

"အေး- ဘယ်လိုမှ သတင်း အစအန မရတော့ဘူး။ ကိုရင်သာပေါ် ရောက်လာတာလည်း မမျှော်လင့်ဘဲ ရုတ်တရက်၊ ပျောက်သွားတာလည်း မမျှော်လင့်ဘဲ ရုတ်တရက်။ အဲ- တစ်ခုတော့ ရှိတယ်၊ ကိုဘိုးအောင်ကတော့ တစ်ခါ အိပ်မက် မက်လိုက်တယ်ကွဲ့"

"ဩော်- ဘယ်လိုမက်လဲ ဘွားဘွား"

"တို့ရွာ အရှေ့မြောက်ထောင့်က ကုန်းမို့မို့နဲ့ စေတီအိုကို တွေ့တယ် မဟုတ်လား လုံမလေး"

"ကုန်းမို့မို့ကိုတော့ တွေ့သား၊ စေတီအိုရယ်လို့တော့ သတိမထား မိဘူး၊ ဘာပင်ကြီးမှန်း မသိတဲ့ သစ်ပင်ကြီးတစ်ပင်တော့ ကုန်းထိပ်မှာတွေ့ တယ်"

မခင်ရွှေက ဖြေသည်။

"အဲဒါ ကရမက်ပင်ကြီး ဆရာမရဲ့၊ ကရမက် ပွင့်ချိန်ကျပြီလား ဆိုရင် ကုန်းပတ်ဝန်းကျင် မွှေးလိုက်တာ ကြိုင်နေတာပဲ၊ နှစ်ချို့ ကရမက်ပင် ကြီးပေါ့။ အပင်ရင်းမှာ ပြိုပျက်လို့ မြေပြင်နဲ့ ညီလုမတတ် ဖြစ်နေတဲ့ ရှေး စေတီငုတ်တို တစ်ခု ရှိတယ်"

"ဟုတ်ကဲ့ ပြောပါ ဘွားဘွား၊ ဘယ်လို အိပ်မက်လဲ"

"အိပ်မက်ထဲမှာ ကိုရင် သာပေါ်ဟာ လူတစ်ပိုင်း၊ မြွေတစ်ပိုင်းတဲ့ ကွဲ့၊ ကိုယ်အောက်ပိုင်းက မြွေ၊ ခါးအထက်ပိုင်းက လူတဲ့။ ဘာမှ ပြောခြင်း ဆိုခြင်းတော့ မရှိဘူး။ ကိုဘိုးအောင်ကို ကြည်ကြည်လင်လင် ပြုံးရယ်ပြပြီး အဲဒီ စေတီငုတ်တိုရှိရာ ကုန်းပေါ် တက်သွားတယ်လို့ အိပ်မက်ခဲ့တယ်။ အဲဒီ တစ်ခါပါပဲ၊ နောက် တစ်ခါမှ မမက်တော့ပါဘူး"

မခင်ရွှေက ထူးဆန်းသော မြွေနိုင်ဆရာ အဘသာပေါ်အကြောင်း ကို ငြိမ်သက်စွာ စဉ်းစားနေစဉ်မှာ အဘွားကြီးသမီးက ပြောသည်။

"ဆရာမလေးက ထူးထူးဆန်းဆန်း ဝါသနာပါတော့ နားထောင် စရာတွေ အများကြီး ရှိသေးတယ်၊ အဲဒီ ဘုရားငုတ်တိုကလည်း နားလောက် သားလောက် အဖြစ်ကလေးနဲ့ပဲ ဆရာမလေးရဲ့"

မခင်ရွှေ မျက်လုံး ကျယ်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား အမေ၊ ဘယ်လို မှတ်လောက်သားလောက်လဲ ပြောပြပါဦး၊ ကျွန်မ မှတ်တမ်းရေးဦးမယ်"

အဘွားကြီး သမီးက ရယ်လိုက်သည်။

"ဆရာမလေး တော်တော် ဝါသနာပါတာကိုး၊ ကဲ- အမေ့ကို နှိပ်ရင်း မေးပေတော့။ ညနေစာအတွက် ထမင်း ဟင်းကို ငါပဲ စီမံလိုက်ပါတော့မယ်"

အဘွားကြီးသမီးက ရယ်မောပြောဆိုပြီး ထသွားသည်တွင် မခင်ရွှေက အဘွားအို ခြေဖဝါးကို ညင်သာစွာ ဆုပ်ကိုင်ပြီး-

"ပြောပြပါနော် ဘွားဘွား"ဟု ပန်ကြားလိုက်၏။

"ဝါသနာပါလို့ နားထောင်ချင်လည်း ပြောရတာပေါ့ကွယ်၊ ဒီ တောင်ကုန်းမြို့မြို့နဲ့ ဘုရားငုတ်တိုက သနားစရာအကြောင်းကလေးတော့ ဘွားဘွား ကိုယ်တွေ့ပဲလေ၊ ကဲ- မှတ်တမ်းရေးဖို့ စာရွက်လေး၊ ခဲတံလေး ပြင်ဦးကွဲ့"

အဘွားအို စကားကြောင့် မခင်ရွှေက စက္ကူနှင့် ဖောင်တိန်ကို ပေါ့ပါး သွက်လက်သော ခြေလှမ်းများဖြင့် သွားယူခိုက်မှာ အဘွားအိုက-

"ဆရာမလေးရေ… မှတ်တမ်းတွေကို အမှတ် (၁) ရေပြာအိုင်မှ သူတော်စင်၊ အမှတ် (၂) ရေပြာအိုင်မှ မြွေနိုင်သူလို့ ခေါင်းစီးတပ်နိုင်းတာ ကောင်းပါတယ်နော်"ဟု လှမ်းပြောသည်။

"ကောင်းပါတယ် ဘွားဘွား၊ အခု ပြောမှာကိုကော ဘယ်လို ခေါင်းစီးတပ်ရမလဲ"

မခင်ရွှေက ပြန်မေးသည်။ အဘွားအိုက မဆိုင်းမတွ ဖြေ၏။

"ရေပြာအိုင်မှ စေတီအိုလို့ ခေါင်းစီးတပ်ပေါ့"

"ဟုတ်ကဲ့ ဘွားဘွား၊ ကဲ- ကျွန်မ ရေးဖို့ အသင့်ဖြစ်ပြီ၊ ပြောပါ ဘွားဘွား"

မခင်ရွှေက စက္ကူနှင့် ဖောင်တိန်ကို အသင့်ပြင်ကာ အဘွားအို ပြောသည့် ကုန်းမို့မို့ထက်မှ စေတီအိုနှင့် ပတ်သက်သည့်အကြောင်းကို စိတ်အား ထက်သန်စွာ နားစွင့်ထားလိုက်လေသည်။

၁၉၇၄ ခုနှစ်၊ ဇူလိုင်လ၊ သွေးသောက်မဂ္ဂဇင်း

■

## ရေပြာအိုင်မှ စေတီအို

မြွေနိုင်သူ အဘသာပေါ၏ ထူးဆန်းသော ဘဝစဉ်ကို မခင်ရွှေက သူရေးတတ်သလို ရေးပြီး အဘွားကြီးကို ဖတ်ပြသည်။ အဘွားကြီးက ဇေ့ဇေ့ နားထောင်သည်။ မခင်ရွှေ ဖတ်ပြ၍ ဆုံးသောအခါ…

"ကိုရင်သာပေါအကြောင်း ပြောရာမှာ အဘွား ပြောစရာတစ်ခု ကျန်သွားတယ် ဆရာမလေးရဲ့"ဟု ဆို၏။

မြွေနိုင်သူ အဘသာပေါ အတ္ထုပ္ပတ္တိပြီးလျှင် စေတီအိုအကြောင်း ဆက်ပြောလိမ့်မည်ဟူသော ထင်မြင်ချက်ဖြင့် စက္ကူနှင့် ဖောင်တိန် အသင့်ပြင် ထားသော မခင်ရွှေက ပြန်မေး၏။

"ဘယ်နေရာ ကျန်သွားလဲ အဘွား၊ ကျွန်မ ဖြည့်လိုက်ပါ့မယ်"

ဟု ဆိုကာ အဘသာပေါ အတ္ထုပ္ပတ္တိစာရွက်တွေကို အစောက်ထ ပြန်လှန်လိုက်သည်။

"ကြားညှပ်ထည့်မှ မဟုတ်ပါဘူးကွယ်၊ အဆုံးမှာ ရေးထည့်ရုံသည်း ရပါတယ်"

အဘွားကြီးက ပြော၏။

"ဟုတ်ကဲ့ ပြောပါ အဘွား"

www.burmeseclassic.com

www.burmeseclassic.com



မခင်ရွှေက အဆုံးစာရွက်ကို ပြန်လှန်လိုက်ရပြန်သည်။ အဘွားကြီးက စဉ်းစဉ်းစားစား ပြော၏။

''အေး - ဒီလိုကွဲ့၊ ကိုရင်သာပေါ်က မြွေကိုက်လူနာကို ဆေးကုရာမှာ ဆေးဖိုးဝါးခ ဘယ်တော့မှ မတောင်းဘူးဆိုတာ အဘွား ပြောခဲ့ပြီနော်''

''ပြောခဲ့ပါပြီ အဘွား''

''အဲဒီလို စေတနာထား ကုသပေးပါရက်နဲ့ လူနာတစ်ယောက်က စိတ်ထား အတော်ယုတ်သကိုး၊ သူ့ဆွေမျိုးအရင်းထဲကလည်း အခုလို ဆေးဆရာတစ်ယောက် ရှိတယ်။ ပြောလောက်အောင် မစွမ်းတော့ လူတွေက မရှိမဖြစ်တဲ့အချိန်ကတော့ သုံးခဲ့ကြပါရဲ့၊ ကိုရင် သာပေါ်ကို သိလာကြတော့ သူ့အမျိုး ဆေးဆရာကို တယ် ဂရုမစိုက်ကြတော့ဘူးပေါ့ကွယ်၊ အဲဒါ မနာလိုစိတ်နဲ့ ကိုရင်သာပေါ်ကို သိက္ခာချတယ်လေ''

''ဟုတ်ကဲ့ အဘွား၊ ဘယ်လို သိက္ခာချလဲ''

''သူ စပါးရိတ်ရင်း မြွေပွေးထိတော့ သူ့အမျိုးကို မပင့်ဘဲ ကိုရင်သာပေါ်ကို ပင့်တယ်။ ကိုရင်သာပေါ်ကလည်း လိုက်ရှာပါတယ်။ ကုသလည်းပြီးရော ဘယ်လိုပြောလဲဆိုတော့ ဆရာ့ကိုပင့်တာ သိပ်လည်း အထင်ကြီးမသွားနဲ့နော်၊ ကျုပ် ဆွေမျိုး ဆရာကြီးက ခရီးလွန်နေလို့ လွယ်လွယ်ခေါ်ရတဲ့ဆရာ့ကို ပင့်တာပဲ၊ ဒီမြွေလောက်တော့ ကျုပ်ဆွေမျိုး ဆရာကြီးက ဆေးဝါးတောင် သုံးမနေဘူး၊ နှုတ်မိန့်တစ်ခွန်းတည်းနဲ့ အဆိပ်ကျသွားစေနိုင်တယ်ဗျ လို့ ပြောလိုက်တယ် ဆရာမလေးရဲ့''

မခင်ရွှေပင် စိတ်ထဲက မခံချင်ဘဲ ဖြစ်သွားသည်။

''ဆေးမကုခင်က ဒီလိုစကားမျိုးပြောရင် ကောင်းမှာ၊ အဘသာပေါ်က မကုတော့ဘဲ ပြန်လာရော၊ မြွေဆိပ်တက်ပြီး သေရော''

မခင်ရွှေက ဆို၏။

''ကိုရင်သာပေါ်ကတော့ တစ်ဖက်သားကို သေကျေပျက်စီးအောင်၊ ဒုက္ခရောက်အောင် မလုပ်ရှာပါဘူးကွယ်၊ သူ အဲဒီလို စော်ကားပြောတော့ ကိုရင်သာပေါ်က လူနာ ခြေမနဲ့ ခြေညှိုးကြားအခွ မြွေကိုက်ရာကို လက်မနဲ့ ပိတ်လိုက်တယ်၊ အဆိပ်ချလို့ စီးထွက်နေတဲ့ သွေးပုပ်မည်းမည်းတွေထကုန်လုဆဲဆဲ၊ နည်းနည်းတော့ စိမ့်ထွက်နေသေးတာပေါ့ကွယ်၊ ကိုရင်သာပေါ်က



လက်မနဲ့ ပိတ်လိုက်တော့ နည်းနည်းချင်း စိမ့်ထွက်နေတဲ့ သွေးပုပ်ဟာ ချက်ချင်း ရပ်သွားတယ်။ ကိုရင်သာပေါ်က ထုံးနည်းနည်းတောင်းပြီး နှုတ်က အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ရုံ မန်းပြီးမှ ထုံးမန်းကို မြွေကိုက်ရာ အထက် ခြေဖမိုးအလယ်တည့်တည့်ကနေပြီး ခြေဖဝါးအထိ ဆွဲလိုက်တော့ ခြေဖမိုးနဲ့ ဖဝါးမှာ ထုံးအခွေလိုက် ထင်သွားတာပေါ့။ ပြီးတော့မှ ကိုရင်သာပေါ်က ကဲ - မင်းဆွေမျိုးဆရာကို ကျန်နေသေးတဲ့ အဆိပ်ကုန်အောင် ချခိုင်းပေရော့ကွယ်လို့ တစ်ခွန်းတည်းပြောပြီး ပြန်လာခဲ့တယ် ဆရာမလေး''

''ဟိုလူ အဆိပ်မွှန်ပြီး သေကောလား''

မခင်ရွှေက မေးသည်။

''ကိုရင်သာပေါ်က သူတော်ကောင်းပါ၊ ဘယ်သူ့ကိုမှ သေအောင်၊ ပျက်စီးအောင် မလုပ်ဘူးလို့ အဘွား ပြောခဲ့ပြီကော''

''ဒါဖြင့် ဟိုလူ ဘယ်လိုဖြစ်လဲ အဘွား''

''မြွေဆိပ်က ထုံးမန်းတားထားတဲ့နေရာက အထက်ကိုတော့ မတက်တော့ဘူး၊ ဒါပေမဲ့ ထုံးမန်းထားတဲ့နေရာက အောက်ပိုင်းတစ်ခုလုံးဟာ ပေါက်ကွဲထွက်တော့မလို၊ ခြေချောင်းကလေးတွေ ချက်ချင်း ကြွမ့်ပြုတ်ထွက်သွားတော့မှာလို အပြင်းအထန် ကိုက်ခဲတဲ့ဝေဒနာကို မချိမဆံ့ ခံစားနေရတာ ယ်တဲ့''

''ဩော်- ကျန်နေသေးတဲ့ မြွေဆိပ်က ထုံးမန်းတန်ခိုးကြောင့် အထက်ကို မတက်နိုင်ဘဲ တားမြစ်ထားတဲ့နေရာမှာ အစွမ်းပြနေတာပေါ့ ဟုတ်လား ဘွားဘွား''

''ဟုတ်တယ် ဆရာမလေး''

''နောက်တော့ ဘယ်လို ဖြစ်လဲ ဘွားဘွား''

''သူ့အမျိုး သမားတော်က မနိုင်တော့ဘူးလေ၊ ကိုရင်သာပေါ် ရှိနေရာကို လူနာကို ပုခက်နဲ့ ထမ်းယူလာပြီး ရှိခိုးတောင်းပန်ရတာပေါ့၊ ကိုရင်သာပေါ်က သူတော်ကောင်းပဲ ခွင့်လွှတ်ပြီး ကယ်လိုက်ပါတယ်၊ အသက်ချမ်းသာသွားတာပေါ့''

အဘွားကြီးက ပြောရင်း တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့်···

''ဟဲ့··· ဟဲ့··· သမီး ဘယ်ရောက်နေတုံး''

ဟု အသံပြုလိုက်သောအခါ···

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာအမေ၊ အဘသာပေါ် ကြိုက်တတ်တဲ့ သက်သတ်လွတ်ဟင်းအတွက် နက်ဖြန် အဆင်သင့် ချက်နိုင်အောင် ပြင်နေတယ်"

ဟူသော ဖြေသံက မီးဖိုခန်းမှ ထွက်လာသည်။

မခင်ရွှေက အံ့ဩသွား၏။ အဘသာပေါ် မရှိတော့ဘူးလည်း ပြောတယ်။ အဘသာပေါ်အတွက် ဟင်းကိုလည်း စီမံနေတယ်ဆိုတော့ အဘသာပေါ်က ပျောက်သွားတယ်ဆိုတာ မြွေမှော်ပေါက်ပြီး မြွေဖြစ်နေတာများလားဟု တွေးလိုက်မိသည်။

မခင်ရွှေ တွေးနေသည်ကို အကဲခတ်မိဟန်တူသော အဘွားကြီးက ဇဝေဇဝါဖြစ်နေသော မခင်ရွှေ၏အတွေးကို ရှင်းလိုက်သည်။

"ကိုရင်သာပေါ် ပျောက်သွားပြီး အဘွားယောကျ်ားက အိပ်မက်မက်တယ်ဆိုတာ လုံမလေးကို ပြောခဲ့တယ် ဟုတ်လား"

"ဟုတ်ကဲ့ အဘွား၊ မှတ်မိပါတယ်"

"အေး- နက်ဖြန်ဆိုရင် ကိုရင်သာပေါ် ပျောက်သွားတဲ့နေ့ပဲ၊ အဘွားယောကျ်ား ရှိစဉ်ကပဲ ကိုရင်သာပေါ် ပျောက်သွားတဲ့နေ့ တိုင်ပြီလား ဆိုရင် နှစ်စဉ်မှန်မှန် သူ့ကို အိပ်မက်ထားတဲ့ ရွာထိပ်ကစေတီအိုရှိရာ တောင်ကုန်းကို သူကြိုက်တတ်တဲ့ပဟင်းနဲ့ ထမင်းတစ်ပွဲ သွားပို့နေကျ မိန်းကလေးရဲ့၊ အဲဒါ နက်ဖြန် သွားပို့ဖို့နေ့ပဲ"

"ဪ - အဲဒီစေတီအိုနဲ့ တောင်ကုန်းအကြောင်း အဘွားကိုယ်တွေ့အဖြစ်ကလေး ပြောမယ်ဆို အဘွား"

ယခုမှ စေတီအိုအကြောင်း စကားစ ပေါ်လာတော့သဖြင့် မခင်ရွှေက သတိပေးပြီး စက္ကူတွေ၊ ဖောင်တိန်တွေ ပြင်လိုက်သည်။ အဘွားကြီးက သွားတစ်ချောင်းမှ မရှိတော့သော ပါးစပ်ကိုဖြဲပြီး အားပါးတရ ရယ်လိုက်၏။

"ဟဲ ... ဟဲ ... ဟဲ ... ဟဲ ... ဆရာမလေးကတော့ အဘွားတို့ ရေပြာအိုင်ရွာနဲ့ ပတ်သက်တာတွေကို တော်တော် စိတ်ဝင်စားပါလားဟဲ့၊ ကဲ ကဲ ... အဘွားပြောပြမယ် သေသေချာချာ မှတ်ပြီးတော့သာ ပြန်ရေးကြားလား ဆရာမလေး"

"ဟုတ်ကဲ့ပါ အဘွား"

■



ထိုအချိန်က မရွှေအိမ်အသက်သည် ၁၅ နှစ်အရွယ် အပျိုဖြန်းကလေးမျှသာ ရှိသေးသည်။ လွန်လေပြီးသော နှစ်ပေါင်း ၆၀ လောက်က အသက်ဆယ့်လေး၊ ငါး၊ ခြောက်နှစ်အရွယ်ဟူသည် ယခုခေတ်လို အပျိုလုပ်ရမည်ကို မသိသေး။ အလှအပကို စိတ်မဝင်စား။ အချစ်ရေးကိစ္စဆိုသည်မှာ ဝေလာဝေး၊ သော့၍ ကစား၍ ကောင်းတုန်းဖြစ်ပြီး လူကြီးများက ဤအရွယ်ကို ပါးစပ်မှ နို့အတ်စော်အနံ့ပင် မပျောက်သေးသည့် လူမမည်ကလေးငယ်တွေသာဟု အသိအမှတ်ပြုခဲ့ကြသည့် အချိန်ကာလ ဖြစ်သည်။

ထိုခေတ်၊ ထိုအချိန်က လူတွေကလည်း သစ္စာ၊ သမာဓိ တည်သော သူတော်ကောင်းစိတ်ရှိသူတွေသာ များရာ မရွှေအိမ်တို့အရွယ်တွေသည် ရွာနားဝတ်ဝန်းကျင် တောတန်းချုံပုတ်များသို့ အဖော်အပေါင်းနှင့်ဖြစ်စေ၊ တစ်ယောက်တည်းဖြစ်စေ သွားချင်သည့်နေရာကို သွားချင်သည့်အချိန်မှာ သွားနိုင်သည်။ စော်ကားဖျက်ဆီးမည့် လူယုတ်မာ ဟူ၍ မရှိသလောက် ရှားပါးခဲ့၏။

ထို့ကြောင့်သာလျှင် အေးအေးဆေးဆေး နေတတ်သော မရွှေအိမ်သည် ထင်းခွေ၊ ဟင်းရွက်ခူးထွက်ရာမှာ တစ်ယောက်တည်း သွားလေ့ရှိ၏။ မရွှေအိမ်အဖို့ ရွယ်တူမိန်းကလေးများက တစ္ဆေ၊ သရဲ ကြောက်သည်ဟု ပြောလျှင် ရယ်စရာ ထင်ရအောင် သတ္တိကောင်းသူ ဖြစ်သည်။

"ညည်းက ထင်းခွေ၊ ဟင်းရွက်ခူး သွားရင် စေတီပျက်ရှိရာ တောင်ကုန်းကိုပဲ သွားတတ်တာတော့၊ ငါတို့ မလိုက်ရဲဘူး၊ အဲဒီနေရာက တစ္ဆေ ရှိတယ်လို့ တချို့လူကြီးတွေက ပြောဖူးတယ်"

ဟူသော စကားဖြင့် မရွှေအိမ်သွားရာကို မည်သူကမျှ မလိုက်လိုကြဘဲ လမ်းခွဲကြသောအခါ မရွှေအိမ်သည် ရွတ်တတ်သော ဉာဉ်ကလေးကသည်း ရှိသည့်အလျောက်...

"နင်တို့ ကြောက်တတ်ရင် မလိုက်ကြနဲ့ပေါ့၊ အဲဒီနေရာကို ဘယ်သူမှ မသွားတော့ ထင်းကိုင်းခြောက်တွေ၊ ဟင်းရွက်တွေ သိပ်ပေါတာ၊ ငါချည်းသွားမယ်ဟေ့"

မရွှေအိမ်က ရယ်ရယ်မောမော ပြောပြီး အကြောက်အရွံ့မရှိ စေတီအိုရှိရာ တောင်ကုန်းငယ်သို့ တစ်ယောက်တည်း လာခဲ့သည်။

တောင်ကုန်းငယ် ဆိုသော်လည်း အမြင့်ကြီး မဟုတ်။ ခပ်မြင့်မြင့်အစုသာသာမျှဖြစ်သော ကုန်းငယ်ဖြစ်ပြီး တောင်ကုန်းငယ်တစ်ခုလုံး တောချုံ

www.burmeseclassic.com

www.burmeseclassic.com



တွေ ဖုံးနေသည်။ ကုန်းငယ်ထိပ်တွင်ကား ပျက်စီးယိုယွင်းနေသည့် စေတီအိုတစ်ဆူသည် ဆူးချုံတွေ ပိတ်ဖုံးနေရာ စေတီအိုဟူ၍ သိသာရုံမျှသာ သဏ္ဌာန် ပေါ်တော့၏။ စေတီအို၏ အခြေနေရာနှင့် ခြေလှမ်း ၅၀ ကျော်မျှအကွာတွင် ကရမက်ပင်ကြီး သုံးပင်က ဖိုခုံလောက်ဆိုင် ပေါက်နေသည်။ နှစ်ပရိစ္ဆေဒ မည်မျှကြာညောင်းသည့်အချိန်က ပေါက်ဖွားရှင်သန်နေသည့် ကရမက်ပင်တွေ မှန်းကို မခန့်မှန်းနိုင်အောင်ပင် ပင်စည်လုံးပတ် ပုဆိုးတစ်ပတ်ပင် မကတော့ဘဲ တစ်ပင်နှင့်တစ်ပင် ပင်စည်ချင်း ထိနေလေပြီ။ မြင့်မားအုပ်ဆိုင်းသော ကရမက်ပင်ကြီး သုံးပင်မှ ကြွေကျသော ကရမက်ပန်းများမှာ အပင်အောက်တွင် ပန်းမွေ့ရာခင်းထားသလို ဖြစ်နေသည်။ အုပ်ဆိုင်းဝေဆာသော ကရမက်ပင်ကြီး သုံးပင်၏ လောင်းရိပ်ကြောင့် အပင်အောက်မှ မြက်ပင်ချုံနွယ်မှစ၍ မည်သည့် အပင်မျှ မပေါက်နိုင်ဘဲ ပင်ခြေရှင်းရှင်းမှာ သင်းသင်းပျံ့မွှေးသော ကရမက်ပန်းတွေကို မရွှေအိမ် တစ်ယောက် အားရပါးရ ကောက်သည်။

ဤနေရာကို သုံး၊ လေးကြိမ်မျှ မရွှေအိမ် သွားမိသောအခါ မရွှေအိမ် အဖို့ စိတ်ဝင်စားစရာတစ်ခု တွေ့လာခဲ့လေသည်။

အသက် ၂၀ ကျော်အရွယ်မျှ ရှိမည်ဟု ခန့်မှန်းရသည့် သန့်ပြန့် ဖြူစင်သော ရုပ်ရည်ရှိသည့် ယောကျ်ားပျိုတစ်ယောက်နှင့် ရွယ်တူပင် ရှိမည် ဖြစ်သော ချစ်စဖွယ် မိန်းမပျိုတစ်ယောက်တို့သည် ကရမက်ပင်ကြီးကို ကျောမှီကာ တစ်ယောက်နှင့် တစ်ယောက် မထိနိုက်သော်လည်း နီးကပ်စွာထိုင်၍ စေတီအို ရှိရာကို ငေးမောကြည့်ရှုနေကြသည်ကို မရွှေအိမ် တွေ့ရသည်။

ကရမက်ပန်း ကောက်ရန်လာသော မရွှေအိမ်က ယောကျ်ားပျိုနှင့် မိန်းမပျိုကို တွေ့ရသောအခါ အံ့အားသင့်သွားသည်။

ဤယောကျ်ားနှင့် မိန်းမပျိုသည် သူ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသောကြောင့် သူ နေထိုင်ရာ ရေပြာအိုင် ရွာသူရွာသား မည်သည့်နည်းနှင့်မျှ မဟုတ်နိုင်ကြောင်း အတပ်သိလိုက်သည်။

'တခြားရွာက သမီးရည်းစား ချိန်းပြီး လာတွေ့ကြတာ ထင်တယ်'

မရွှေအိမ်က တွေးပြီး လူငယ်သဘာဝအတိုင်း တိတ်တဆိတ် ချောင်းမြောင်းကြည့်လိုသော ဆန္ဒဖြင့် သူ ရောက်ရှိနေရာ ချုံကွယ်ကပင် ဆိတ်ငြိမ်စွာ စောင့်ကြည့်နေသည်။ မရွှေအိမ် ရောက်နေသော နေရာသည် ကရမက်ပင်ကို ကျောမှီထိုင်နေသော ယောကျ်ားပျိုနှင့် မိန်းမပျိုကို ရှေ့တည့်တည့်မှ



မဟုတ်ဘဲ ခပ်စောင်းစောင်း ဓားလွယ်ခုတ်နေရာ ဖြစ်သည်။ ယောကျ်ားပျိုနှင့် မိန်းမပျိုကား မရွှေအိမ်ကို မြင်ဟန် မတူပေ။ စေတီအို ရှိရာကိုသာ ငေးမောနေကြသည်။

'ဘယ်လိုဟာတွေပါလိမ့်၊ သမီးရည်းစား ချိန်းတွေ့တာဆိုရင် ပျော်ပျော်ရွှင်ရွှင် နေရမယ်၊ ရယ်ရယ်မောမော စကားပြောရမယ်၊ အခုတော့ တစ်ယောက်နဲ့ တစ်ယောက် ထိလည်း မထိဘူး၊ စကားလည်း မပြောဘူး၊ နည်းနည်းလေးမှ မလှုပ်ရှားဘဲ အရုပ်ကြီးတွေ တည်ထားသလိုပဲ၊ ငြိမ်နေလိုက်ကြတာ၊ နောက်ပြီး သူတို့မျက်နှာတွေကလည်း ငိုတော့မှာလို၊ ဘယ်ရွာက ဘာဖြစ်လာကြပါလိမ့်'

မရွှေအိမ်က အံ့ဩစွာ တွေးသည်။

'နှစ်ယောက်လုံးကတော့ ချောချောလှလှတွေပဲ၊ ဒီလို ယောကျ်ားလှလှ၊ မိန်းမလှလှဆိုရင် ငါက သိပ်ချစ်တာ၊ ဘာကူညီရမလဲလို့ သွားမေးရင် ကောင်းမလား၊ တော်တော်ကြာ ဘာလာရှုပ်တာလဲ ဆိုပြီး ရိုက်လွှတ်မှဖြင့် ဒုက္ခ'

မရွှေအိမ်သည် ထင်မိထင်ရာ တွေးပြီး ဘာမှ မလုပ်တော့ဘဲ ကြည့်ကောင်းကောင်းရှိသည်နှင့် ချုံကွယ်မှာပင် ငြိမ်သက်စွာနေပြီး ကြည့်နေသည်။

ကွမ်းတစ်ယာညက်မျှ ကြာသောအခါ ယောကျ်ားပျိုနှင့် မိန်းမပျိုသည် တိုင်ပင်ထားသည့်အလား ကရမက်ပင်ကို ကျောမှီထိုင်နေရာမှ တစ်ပြိုင်တည်း မတ်တတ်ရပ်လိုက်ကြသည်။ ထို့နောက် လှပသော မျက်နှာမှာ ပူဆွေးကြေကွဲဟန်ဖြင့် နှစ်ယောက်စလုံး ဦးခေါင်းငိုက်စိုက်ချပြီး စေတီအိုရှိရာကို ဖြည်းလေးစွာ လျှောက်သွားကြသည်။

'သူတို့ ဝတ်ထားတဲ့ အဝတ်ကလည်း တစ်မျိုးပဲ၊ တို့ရွာသူရွာသားတွေဝတ်တဲ့ အင်္ကျီမျိုး၊ ထဘီမျိုး၊ ပုဆိုးမျိုး မဟုတ်ဘူး။ အခု ဘယ်ကိုသွားကြမှာပါလိမ့်၊ ဟော စေတီအိုဘက်ကို ကွေ့ဝင်သွားလို့ ငါ မမြင်ရတော့ဘူး၊ လိုက်ကြည့်ရင် ကောင်းမလား၊ ဘာလာရှုပ်တာလဲ ဆိုပြီး ရိုက်လွှတ်ရင် ဒုက္ခ'

မရွှေအိမ်က တွေးပြီး ဘုရားစေတီအို တစ်ဖက်အကွယ် ဝင်သွားပြီဖြစ်၍ မမြင်ရတော့သော ယောကျ်ားပျိုနှင့် မိန်းမပျိုအကြောင်းကို ဦးခေါင်းထဲမှာ ဆိုသိပ်ကာ ပန်းတွေကောက်၊ ဟင်းရွက်ခူးပြီး ပြန်လာခဲ့သည်။ ဤအကြောင်းတို့ မရွှေအိမ်က မည်သူ့ကိုမျှ မပြောဘဲ မျိုသိပ်ထားလိုက်၏။

တွေ့ခဲ့ရသော ယောကျ်ားပျိုနှင့် မိန်းမပျိုကို သူ့စိတ်ထဲမှာ သနားမိသည်။ လူကြီးမိဘတွေက သဘောမတူ၍ တိတ်တဆိတ် ထွက်ပြေးလာကြ

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့်သာ မပျော်နိုင်၊ မရွှင်နိုင်ဘဲ ဝမ်းနည်းပူဆွေးနေကြရှာသည်ဟု ထင်သည်။ လူကြီးမိဘတွေ မသိအောင်၊ ရှာမတွေ့နိုင်အောင် ဤနေရာမှာ လာရောက်ပုန်းအောင်းနေခြင်း ဖြစ်ရမည်ဟု ယူဆသည်။ သူလျှောက်ပြော၍ လူသိသူသိ ဖြစ်သွားပါက သက်ဆိုင်ရာမိဘတွေက လာရောက် ခွဲခွာ ခေါ်ငင်သွားလျှင် သနားစရာကောင်းသော ဤယောက်ျားပျိုနှင့် မိန်းမပျို ပူဆွေးသောက ရောက်ကြလိမ့်မည်ဟု စိုးရိမ်သည်။ ထို့ကြောင့် မရွှေအိမ်က ဘာမှ မပြောတော့ဘဲ ရင့်နှုတ်ပိတ် ဆိတ်ဆိတ်နေလိုက်တော့၏။

သုံးရက်မှာ တစ်ကြိမ်လောက် ဤစေတီအို တောင်ကုန်းကို သွားနေကျဖြစ်သော မရွှေအိမ်က ဤနေရာကို ရောက်လာခဲ့ပြန်သည်။ ထိုအခါ ယောက်ျားပျိုနှင့် မိန်းမပျိုကို ယခင်က တွေ့ခဲ့ရသည့် အနေအထားတိုင်း၊ မျက်နှာအမူအရာအတိုင်း တွေ့ရပြီး ယခင်ကကဲ့သို့ပင် စေတီအိုတစ်ဖက်ကွယ်သို့ ဝင်သွားကြပြန်သည်ကို တွေ့ရပြန်သည်။

ဤနည်းအတိုင်း သုံး၊ လေးကြိမ်မျှ တွေ့နေရသောအခါ မရွှေအိမ် ဤအတိုင်း ငြိမ်သက်တိတ်ဆိတ်စွာ မနေနိုင်တော့ချေ။ တောင်ကုန်းပေါ်ကို သူ ရောက်လာ၍ ကရမက်ပင်ကြီးအောက်မှာ ယောက်ျားပျိုနှင့် မိန်းမပျိုကို မြင်လျှင် မြင်ချင်း ပုန်းကွယ်ချောင်းကြည့်မနေတော့ဘဲ ခုန်းစိုင်းပြီး အပြေးသွားတွေ့လိုက်သည်။

ယောက်ျားပျိုနှင့် မိန်းမပျိုရှေ့မှာ စုံရပ်လိုက်သည်။ မရွှေအိမ် အထင်တွင်ကား သူ့ကိုမြင်လျှင် နှစ်ယောက်လုံး အံ့ဩသွားလိမ့်မည်ဟု ထင်၏။ သို့သော် ယောက်ျားပျိုနှင့် မိန်းမပျိုကား သူတို့ရှေ့မှာ လာရပ်သော မရွှေအိမ်ကို မြင်ဟန်ပင် မတူ။ ဘုရားစေတီအို ရှိရာကို ငေးမြဲတိုင်း ငေးနေကြသည်။ သူတို့မျက်နှာတွေက မရွှေအိမ် တွေ့မြင်နေကျ ဝမ်းနည်းပူဆွေးသည့် မျက်နှာထားအတိုင်းပင် ရှိနေသည်။

"အစ်ကိုနဲ့ အစ်မက ဘယ်ရွာကလဲ၊ ဒီမှာ ဘာလာလုပ်နေကြတာလဲ"

မရွှေအိမ်အမေးကို နှစ်ယောက်လုံးက မဖြေကြ။ ငြိမ်မြဲတိုင်း ငြိမ်နေကြသည်။

"ကျွန်မ ဘာလုပ်ပေးရမလဲ ဟင်"

မရွှေအိမ်က ပထမမေးသည့် သူ့မေးခွန်းကို အဖြေမရသောအခါ နောက်မေးခွန်းတစ်ခု ထပ်မေးလိုက်၏။



ယောက်ျားပျိုနှင့် မိန်းမပျိုက အတန်ကြာ နှုတ်ဆိတ်နေကြသည်။ ထို့နောက် မရွှေအိမ်ကို မကြည့်ကြဘဲ ထိုင်ရာမှ ပြိုင်တူ ထလိုက်ကြ၏။

မိန်းမပျိုက သနားစဖွယ် မျက်ရည်အသွယ်သွယ် ကျသည်။ ယောက်ျားပျိုကား ကြေကွဲသောအသံဖြင့် တိုးတိုးသက်သာ ပြောသည်။

"ဒီနေရာမှာ တို့နေရတာ ကြာလှပါပြီ၊ ဘယ်တော့များမှ သွားရပါ့မလဲကွယ်၊ မငိုနဲ့ နှမရယ်၊ ဝဋ်ရှိသရွေ့တော့ ခံရဦးမှာပေါ့။ ဒီဘုရားမှာ တို့ နေရမယ်လို့ အမိန့်ပေးတဲ့ ပုဂ္ဂိုလ်က ပေးခဲ့ပြီ၊ သွားချိန်တန်ပြီ သွားတော့လို့ အမိန့်ပေးတဲ့ ပုဂ္ဂိုလ် မပေါ်မချင်း တို့ နေရဦးမှာပေါ့ နှမရေ၊ လာ ပြန်ကြစို့"

ယောက်ျားပျိုက စကားဆုံးသောအခါ ဖြည်းလေးသော ခြေလှမ်းများဖြင့် ဦးခေါင်းငိုက်စိုက်ချပြီး သွားရာနောက်သို့ မျက်ရည်ကျလျက်ပင် မိန်းမပျိုက ဦးခေါင်းငိုက်စိုက်ချကာ ဖြည်းလေးသော ခြေလှမ်းများဖြင့် လိုက်သွားရှာသည်။ နှစ်ယောက်လုံးပင် စေတီအိုတစ်ဖက် အကွယ်သို့ ဝင်ရောက်သွားကြသည်။

"နေပါဦး၊ အစ်ကိုနဲ့ အစ်မတို့ ဘယ်ကိုသွားချင်လဲ၊ သွားတော့လို့ ပြောနိုင်တဲ့လူ ဘယ်သူလဲ၊ ကျွန်မ သွားပြောပေးမယ်၊ ဘယ်သူ့ဆီ သွားပြောရမှာလဲ"

မရွှေအိမ်က အံ့ဩခြင်း၊ စိတ်မကောင်းခြင်းဖြင့် ငေးကြည့်နေရာမှ စေတီအိုတစ်ဖက် အကွယ်သို့ ယောက်ျားပျိုနှင့် မိန်းမပျို ဝင်ရောက် ပျောက်ကွယ်သွားမှ သတိရကာ နှုတ်မှ အော်ဟစ်မေးမြန်းရင်း ပြေးလိုက်သွားသည်။

စေတီအိုတစ်ဖက် အကွယ်တွင်ကား သစ်ပင်ချုံနွယ်တွေ ပိတ်ဖုံးလျက်သာ ရှိသည်။ ယောက်ျားပျိုနှင့် မိန်းမပျိုကို အရိပ်အယောင်ပင် မတွေ့ရတော့ချေ။

"ဘယ်ရောက်သွားကြပါလိမ့်၊ အစ်ကိုရေ... အစ်မရေ..."

မရွှေအိမ်က အော်ခေါ်သည်။ ပြန်လည်ထူးသံကိုကား မကြားရ။ မရွှေအိမ်က စိတ်ပျက်စွာ ပြန်လာခဲ့၏။ ဤတစ်ကြိမ်တွင်ကား မရွှေအိမ် နှုတ်ဆိတ်မနေနိုင်တော့ချေ။ သူတွေ့ခဲ့၊ မြင်ခဲ့၊ ကြားခဲ့ရသည်များကို တစ်လုံး မကျန် ပြန်လည်ပြောပြကာ သနားစရာကောင်းသော ယောက်ျားပျိုနှင့် မိန်းမပျိုတို့ သွားချင်သည့်နေရာကို သွားကြပါစေ၊ ပြောကြားပေးပါဟု မိဘများတို့ လည်းကောင်း၊ အိမ်မှာဆွမ်းခံသည့် သံဃာတော်ကို လည်းကောင်း စိတ်မကောင်းစွာ လျှောက်ထား ပြောဆိုလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသတင်းကား တစ်ရွာလုံး ပြန့်သွားသည်။ ထိုအခါ ရွာကျောင်းဘုန်းတော်ကြီးကိုယ်တော်တိုင် မရွှေအိမ်ကို ခေါ်ပြီး သေချာစွာ မေးတော်မူသည်။ ထို့နောက် ဘုန်းတော်ကြီးက ကြီးမှူးကာ စေတီအိုကို ဆူးပင်ချုံနွယ်တွေရှင်းပြီး ပန်း၊ ဆီမီး၊ ဆွမ်း၊ ရေချမ်း ကပ်လှူကြသည်။ ပရိတ်မေတ္တာဘာဝနာ ပွားများကြသည်။ အမျှဝေကြသည်။

ဤကိစ္စတွေ ပြီးသောအခါ၌ မရွှေအိမ်ကို မိဘများက ထင်းခွေ၊ ဟင်းရွက်ခူး၊ ရေခပ်ပင် မခိုင်းကြတော့ဘဲ အိမ်ထဲမှာသာ နေစေခဲ့သည်မှာ ဘိုးအောင်နှင့် လက်ထပ်သည်အထိပင် ဖြစ်တော့၏။

■

"အဲဒီနေရာကို အဘွား နောက်ထပ် သွားသေးလား"

အဘွားကြီးပြော၍ ဆုံးသောအခါ မခင်ရွှေက မေးလိုက်သည်။

"ကိုဘိုးအောင်နဲ့ အိမ်ထောင်ကျပြီးနောက်မှတော့ အပျိုဘဝလို မလွတ်လပ်တော့ဘူးလေ၊ ဗာဟီရကိစ္စ၊ ဝေယျာဝစ္စတွေက များတော့ စေတီအိုရှိရာ တောင်ကုန်းကို ခြေဦးတောင် မလှည့်နိုင်ခဲ့တော့ပါဘူး၊ အဲ - နှစ်ပေါင်းများစွာ ကြာပြီးမှ ကိုရင်သာပေါ်နဲ့ ပတ်သက်ပြီး ရောက်သွားပေမယ့် ဘာမှ မတွေ့ရတော့ဘူးလေ၊ တွေ့စရာကလည်း ကရမက်ပင်ကြီး သုံးပင်က သေသွားပြီပဲ"

အဘွားကြီးစကားကို နားထောင်ရင်း မခင်ရွှေစိတ်ထဲမှာ ဆွေးသလိုလို၊ လွမ်းသလိုလိုဖြစ်နေသည်။ အဘွားကြီးပြောပြသည့် ဘာမှန်းမသိသော ယောက်ျားပျိုနှင့် မိန်းမပျိုကို စိတ်ထဲမှာ သနားနေသည်။ မခင်ရွှေငေးနေခိုက်မှာ လမ်းမပေါ်က ကလေးငယ်တစ်ယောက် ရှိုက်ကြီးငင်ကြီး ငိုလာသည်ကို တွေ့ရသောအခါ -

"ဟဲ့ - ဖွားရှင်သားလေးပါလား၊ ဘာဖြစ်လို့လဲ ကလေး"

ဟု အဘွားကြီးက လှမ်းမေးသည်။

"အဘွားရဲ့ … ကျွန်တော့် ကြက်တူရွေးလေး ပျံပြေးသွားပြီ၊ ကျွန်တော် လိုက်တာ မရတော့ဘူး"ဟု ကလေးငယ်က ငိုရှိုက်ရင်း ဖြေ၏။

"နင်က အတောင် မညှပ်ထားဘူးလား"



"မညှပ်မိဘူး အဘွားရဲ့၊ ကျွန်တော့်ကို ကြက်တူရွေးလေးက ချစ်တော့ ပျံပြေးမယ် မထင်လို့"

"သြော် - ဖြစ်ရလေ၊ နင်က နင့်ဘကြီးကို အားကျပြီး အတောင်မညှပ်ဘဲ မွေးတာကိုး၊ နင့်ဘကြီး မွေးထားတဲ့ ကြက်တူရွေးမျိုးက ဘယ်မှာမှ မရှိဘူးဟဲ့။ ဘအေး ကြက်တူရွေးက တရားရုံးတက်ပြီး သက်သေခံရတဲ့ ကြက်တူရွေးပဲ၊ ပေါ့ပေါ့မှတ်လို့"

အဘွားကြီးစကားကြောင့် မခင်ရွှေ မျက်လုံး ကျယ်သွားပြန်သည်။

"အဲဒီ ကြက်တူရွေးက ဘယ်လိုကြောင့် တရားရုံးမှာ သက်သေခံနိုင်ရတာလဲ အဘွား"

"အေး - ဆရာမလေးနဲ့ ဒီရွာနဲ့တော့ အံကိုက်ပဲ၊ ကဲ - စေတီအိုအကြောင်းသာ ပြီးအောင် ရေးပါလေ၊ ပြီးရင် ဘအေး ကြက်တူရွေးအကြောင်း ပြောပြမယ်"

"ဟုတ်ကဲ့ အဘွား"ဟု မခင်ရွှေက သွက်လက်စွာ ပြောလိုက်၏။

၁၉၇၄ ခုနှစ်၊ ဩဂုတ်လ၊ သွေးသောက်မဂ္ဂဇင်း

■

www.burmeseclassic.com

www.burmeseclassic.com

## ရေပြာအိုင်မှ ရွှေကြက်တော

သူတို့ရွာအကြောင်းကို တစ်မြို့တစ်နယ်မှ လာပြီး ရွာကလေးငယ်တို့ ပညာရေးကို ဂရုစိုက်ရှာသည့် ကျောင်းဆရာမတစ်ယောက်က ယခုလို စိတ်ဝင်စားစွာ မေးမြန်းခြင်း၊ လေးလေးစားစား ရေးမှတ်ထားခြင်းကြောင့် မခင်ရွှေကို အဘွားကြီးက များစွာ ကျေနပ်နေသည်။ မော်တော်ကားလမ်းက တိမ်ကောသွားပြီဖြစ်၍ စိုပြည်စည်ကားခြင်း မရှိတော့သော ရွာငယ်ကို ကျောင်းဆရာ၊ ဆရာမအဖြစ် လာပြီး အမှုထမ်းရန် စိတ်ဆန္ဒမရှိကြသောကြောင့် မခင်ရွှေ မရောက်မီ ယခင် အထက်က လာရောက်တာဝန်ယူဖူးသော ကျောင်းဆရာများသည် တည်တည်ကျကျ စွဲစွဲမြဲမြဲ မရှိကြချေ။

သူတို့နည်း၊ သူတို့ဟန်ဖြင့် ကြိုးစားကပ်ရပ်ကြသည် ထင်သည်။ ဤရွာကျောင်းမှာ အလွန်ဆုံး ကြာကြာနေလှပါမှ ခြောက်လမှ ရှစ်လမျှသာ။ နေသည့် အခိုက်အတန့်မှာလည်း ကလေးတွေကို စာသင်ပုံမှာ တာဝန်ကျေရုံမျှ သင်ပြီး ရပ်ရွာလူတွေနှင့် ရင်းရင်းနှီးနှီးလည်း မရှိခဲ့ကြပေ။ ရွာသူရွာသားတွေက ရိုသေလေးစားသောအားဖြင့် ဖိတ်ခေါ်ကျွေးမွေးကြသည်ကိုမူ စားသည်။ ရွာအကြောင်း စိတ်ဝင်စားဟန် လုံးဝ မပြခဲ့ဖူးကြပေ။

ယခု မခင်ရွှေကမူ ယခင် ကျောင်းဆရာတွေနှင့် အားလုံး ဆန့်ကျင်ဘက်ဖြစ်ရကား အဘွားကြီးသည် အဘယ်မှာလျှင် မကျေနပ်ဘဲ ရှိပါမည်



နည်း။ ဘိုးစဉ်ဘောင်ဆက်နေလာခဲ့၍ ဇာတိရပ်ရွာကို သံယောဇဉ်ကြီးလှသော အဘွားကြီးသည် သူတွယ်တာ မြတ်နိုးသော သူ့ဇာတိရပ်ရွာ၏ ထူးထူးဆန်းဆန်း အဖြစ်ကလေးများကို လေးလေးစားစား စိတ်ဝင်စားပြီး မှတ်တမ်းသဖွယ် ရေးသားနေသော မခင်ရွှေ မေးသမျှ၊ သိချင်သမျှတွေကို ပြောပြရမည်ဆိုလျှင် ငြည်းငွေ့သည့်အခါမှ မောပန်းမည် မဟုတ်ပေ။

"ဘွားဘွားပြောတဲ့အတိုင်း ခေါင်းစီးတပ် ရေးထားပြီးပါပြီ ဘွားဘွား"

မခင်ရွှေက ရိုသေစွာ ပြောသည်။

"အေး - ခေါင်းစီးကို ဖတ်ပြစမ်း"

"ဟုတ်ကဲ့၊ ရေပြာအိုင်မှ ရွှေကြက်တောပါ ဘွားဘွား"

"ကောင်းတယ်၊ ကောင်းတယ်၊ ကဲ - နားထောင်ပေတော့ ဆရာမလေး"

"ပြောပါ ဘွားဘွား"

သူ ပြန်လည်ရေးမှတ်ရာမှာ စေ့စေ့ငငရေးနိုင်ရန်အတွက် သေသေချာချာ မှတ်သားရမည်ဖြစ်သော မခင်ရွှေက အဘွားကြီး ပြောပြသည်များကို နားစိုက်ရင်း စာဖြင့်ရေးလျှင် အစီအစဉ်တည့်အောင် မည်သို့ရေးရမည်ကိုပါ တစ်လက်စတည်း တွေးပြီး ထူးထူးဆန်းဆန်း စိတ်ဝင်စားဖွယ်ရာ အထွေထွေတို့လေးများ ထွက်ပေါ်လာရာ အဘွားကြီး၏ နှုတ်ခမ်းနှစ်လွှာကို ကြည့်လိုက်သည်။

အဘွားကြီး၏ ပါးလျားသော နှုတ်ခမ်းနှစ်လွှာအကြားမှ စကားလုံးကလေးတွေ အစီအရီ ထွက်လာလေပြီ။

■

ရေပြာအိုင်ရွာက ကိုဘအေးကား ပထမကမူ မိရိုးဖလာ လယ်သမားပင် ဖြစ်သည်။ သို့သော် မော်တော်ကားလမ်း ခေတ်ကောင်းစဉ်က ရွာသူရွာသားအများသည် လယ်ယာလုပ်ငန်းခွင်ထက် လက်ငင်းမြန်မြန် ငွေရသော မော်တော်ကားလမ်းဘေးမှာ ဈေးရောင်းကြသောအခါ ကိုဘအေး၏ ရွေးသည့် အလုပ်ကို စိတ်ဝင်စားသွားသည်။ ထို့ကြောင့် မိဘနှင့် ဇနီးကို တိုင်ပင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဘအေးက ဈေးသည်အဖြစ် စိတ်ဝင်စားခြင်းမှာ ငွေရှင်သည့် အကြောင်းမျှသာ မဟုတ်။ လယ်အလုပ်မှာ မိုးထဲ၊ လေထဲ၊ ရွှံ့ရေထဲမှာ ကျွဲနွားနှင့်အတူ ပင်ပန်းခံရသည်ကို မလိုလားချေ။ သူ့ စိတ်မပါမှန်းသိ၍ မိဘနှင့် ဇနီးက ဈေးရောင်းချင်သည်ဆိုသော ဆန္ဒကို ကန့်ကွက်ခြင်း မပြု သော်လည်း …

"မင်းတို့ဇနီးမောင်နှံပဲ ဈေးရောင်းပါကွာ၊ ငါတို့ကတော့ မိရိုးဖလာ လယ်အလုပ်ပဲ စွဲစွဲမြဲမြဲ လုပ်ပါ့မယ်"

ဟူသော စကားဖြင့် ကိုဘအေး မိဘများက ခွင့်ပြုလိုက်သောအခါ ကိုဘအေးတို့ ဇနီးမောင်နှံသည် မော်တော်ကားလမ်းဘေး တစ်နေရာမှာ ထမင်းဆိုင်ကြီးကို ဟိန်းနေအောင် တည်လိုက်ကြသည်။ အရင်းအနှီးမြှုပ်နှံရန် ငွေကြေးအင်အား တောင့်တင်းပြည့်စုံသူများဖြစ်၍ ကိုဘအေးတို့ဆိုင်သည် အခြားဆိုင်တွေထက် ကြီးသည်၊ သားနားသည်၊ သန့်ရှင်းသည်၊ တပည့်လက်သား စုံလင်သည်။ ထမင်းဟင်းသာလျှင် မဟုတ်၊ မြန်မာ့ရိုးရာ အစားအစာများ ဖြစ်သော မုန့်ဟင်းခါးရော၊ အကြော်စုံကြွပ်ကြွပ်ရွရွနှင့် လက်ဖက်ရည်အကြမ်းရော၊ မီးခဲပေါ်တင်ထားသည့် ပေါင်းအိုးထဲမှ အချိန်မရွေး ပူနွေးနေသည့် ပဲနို်င်နိုင်၊ အုန်းသီးနိုင်နိုင် ကောက်ညှင်းပေါင်းရော စားချင်စဖွယ် စုံလင်လှသည် ဖြစ်ရာ ရပ်နားသမျှ ခရီးသည်တင် မော်တော်ကား၊ ကုန်တင် မော်တော်ကားတို့သည် ကိုဘအေးဆိုင်ကိုသာ အသိအမှတ်ပြုသလို ဖြစ်နေရကား ရေများရာ မိုးရွာသလို ဤနေရာမှာ ဆိုင်တည်လိုက်သော ကိုဘအေးတို့ ဇနီးမောင်နှံကား မြေကြီးထဲက ရွှေအိုး ငွေအိုး တွေ့သလို ဖြစ်နေကြသည်။

ကိုဘအေး ယောက္ခမများက လယ်အလုပ်ကို ဖိဖိစီးစီးလုပ်၍ ငွေကြေးပြည့်စုံသည်။ ကိုဘအေးက ဆိုင်တည်ပြီး ငွေဝင်လမ်း ဖြောင့်နေသည်။ ထိုအခါ ကိုဘအေး၏ တစ်ဦးတည်းသောသား အသက် ၁၄ နှစ်အရွယ် မောင်ဖေချစ်က ကျောင်းစာလည်းမသင်၊ စီးပွားရေးလည်း ဝင်မကူဘဲ ငွေကြေး ပြည့်စုံသော မိဘ ဘိုးဘွားများ၏ အလိုလိုက်မှုကြောင့် ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားကာ အပေါင်းအသင်းများနှင့် လည်ရင်းပတ်ရင်း အချိန်ဖြုန်းနေလေသည်။

ဤ မော်တော်ကားလမ်းဘေးဆိုင်များအနက် တစ်ခုသော အကြော်ဆိုင်ကား ရေပြာအိုင် ရွာသူရွာသား၏ ဆိုင် မဟုတ်ချေ။ တစ်ရပ်တစ်ရွာက



ပြောင်းလာပြီး အများနည်းတူ ဆိုင်တည်ရောင်းနေသော ကိုသင်းမောင်ဆိုသူ ဖြစ်သည်။ မိသားစုဆိုသော်လည်း လူများများ ရှိသည်မဟုတ်။ ကိုသင်းမောင်တို့ ဇနီးမောင်နှံနှင့် သားတစ်ယောက်သာ ရှိသည်။ ကိုသင်းမောင်သားနာမည်က မောင်ငယ်ဟု ခေါ်ပြီး အသက်အရွယ်က မောင်ဖေချစ်နှင့် ရွယ်တူဖြစ်သည်။ မောင်ဖေချစ်က မိဘ၊ ဘိုးဘွားတွေ ပြည့်စုံချမ်းသာ၍ စာမသင်ဘဲနေသော်လည်း မောင်ငယ်ကမူ မိဘဆင်းရဲချို့ငဲ့သည့်အတွက် စာမသင်နိုင်ရှာချေ။

ကိုသင်းမောင်တို့က လုပ်ကိုင်စားသောက်ရေး ကျပ်တည်းလှသောကြောင့် နေရင်းဒေသကို စွန့်ခွာကာ ရေကြည်ရာ မြက်နုရာ ရှာဖွေရန် ရွှေ့ပြောင်းလာခဲ့ကြသည်တွင် ဤရေပြာအိုင် ရွာဘေး မော်တော်ကားလမ်းမှာ ငွေရှာရလွယ်သည်ကို မြင်ရ၍ မိသားစုသုံးယောက် ရေပြာအိုင် ရွာသူရွာသားတွေ၏ ဈေးဆိုင်အုပ်စုနှင့် ခပ်လှမ်းလှမ်းမှာ တစ်ဖက်ယပ်တဲကလေးဖြစ်ကတတ်ဆန်းထိုးပြီး အကြော်ဆိုင်လေး တည်ခင်းကြခြင်း ဖြစ်၏။

အကြော်ဆိုင် ဆိုသော်လည်း ရေပြာအိုင် ရွာခံအကြော်ဆိုင်တွေလိုပဲ ကောက်ညှင်း၊ ဆန်၊ ကြက်သွန်၊ ဘူးသီး စသည့် အရင်းအနှီး ငွေမြှုပ်ရမည့် ပစ္စည်းမျိုးကို မထူထောင်နိုင်ရှာသေးချေ။ ရှိစုမဲ့စု ငွေကလေးဖြင့် ဆီဝယ်သည်။ ပါရင်းစွဲ ဒယ်အိုးခပ်ကြီးကြီးလေးဖြင့် ခွေ၍ရသော ထင်းကို မီးပျိုးကာ အကြော်အိုး တည်ရသည်။ ကြော်သည့်ပစ္စည်းများကား ကိုသင်းမောင်နှင့် သား မောင်ငယ်တို့ ရှာဖွေပစ်ခတ်၍ ရရှိလာသော ငါး၊ ဖား၊ မြွေ အစရှိသည်တို့ကို လတ်လတ်ဆတ်ဆတ် သတ်ဖြတ်ကြော်ထားသောအခါ အရက်ရောင်းသော ဆိုင်ကလည်း ရှိနေသည်ဖြစ်သောကြောင့် ကိုသင်းမောင်ဆိုင်ထွက် အကြော်က အရက်နှင့်မြိန်ရန် ပန်းရလှသည်။

ထိုမျှသာမဟုတ် ခရီးသည်တွေလည်း ငါးကြော်၊ ချိုးကြော် အစရှိသည်တို့ကို ဝယ်ခြမ်းစားသောက်ကြသည်။ ထို့ကြောင့် ကိုသင်းမောင်ဆိုင်မှာ အတော်အသင့် အခြေအနေကောင်းလာသည်။

ထို့ကြောင့် ကိုသင်းမောင်နှင့် မောင်ငယ်တို့ သားအဖသည် အေးဆွေးသူများအသက်ကို သတ်ဖြတ်ရမည့် အကုသိုလ်အလုပ်ကိုသာ ကြိုးစားဆောင်ရွက်နေကြရသည်။ ကြော်ထားပြီးသား အကောင်တွေကုန်လျှင် အကြော်ဆိုင်ထို သိမ်းပြီး ကိုသင်းမောင်နှင့် မောင်ငယ်တို့က လောက်လေး၊ ညှတ်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



တုတ်တို၊ လုံတံ စသည်တို့ဖြင့် တောဝင်ကြရ၏။ တစ်ခါတစ်ရံ ယုန်တွေ၊ ဖွတ်တွေ ရလာလျှင် အကောင်ကြီးတွေဖြစ်သည့်အလျောက် ကုန်အောင် အချိန်ကြာကြာ ထိုင်ရောင်းရသည်။ ဆိုင်ကိုမူ တော်တော်နှင့် မသိမ်းနိုင်။

ထိုကဲ့သို့သော အခါမျိုးမှာ ကိုသင်းမောင်က ဖနီးနှင့်အတူ ဆိုင်ထိုင်ကျန်ရစ်ပြီး မောင်ငယ်တစ်ယောက်တည်းသာ လွှတ်အိတ်ကြီးတစ်လုံး၊ လောက်စာလုံးများ လောက်လေးတစ်လက်ဖြင့် ငှက်ပစ် ထွက်သွားတတ်သည်။

တစ်နေ့တွင် ကိုသင်းမောင်တို့ သားအဖသည် ပုတတ် (ဗဒတ်) တွင်းကို ကံအားလျော်စွာ တွေ့လိုက်ရသဖြင့် ဂယ်ပေါက်တွေအားလုံးကို ပိတ်ကာ ပုတတ်တူးသည်တွင် ပုတတ်တွေ တော်တော်များများ ရလာခဲ့သည်။

နောက်တစ်နေ့ ပုတတ်တွေ ကြော်ရောင်းရာ လက်မလည်အောင် ရောင်းနေရသဖြင့် ကိုသင်းမောင်က ဆိုင်ထိုင်နေရစ်ပြီး မောင်ငယ်တစ်ယောက်တည်း ငှက်ပစ်ထွက်သွားသည်။

သူတို့သားအဖလာလျှင် ပစ်တတ်၊ ခတ်တတ်သည်ကို တိရစ္ဆာန်ပင်ဖြစ်သော်ငြားလည်း အမြင်အတွေ့များ၍ အမှတ်သညာရှိနေသော ငှက်များသည် မောင်ငယ်လာသည်ကို အဝေးက မြင်လျှင်ပင် အချင်းချင်း သတိပေး တပ်လှန့်သကဲ့သို့ ဘာသာဘာဝ ဆူညံစွာ မြည်ကြွေးပြီး ဝေးရာကို ပျံပြေးကြသည်။ ကျန်ရစ်သော ငှက်များကလည်း အသံမပြု မလှုပ်ရှားဘဲ ငြိမ်ဝပ်စွာ နေကြသလား မသိ၊ ငှက်တွေ အရိပ်အယောင်ကို တစ်ကောင်တစ်မြီးမှ မတွေ့ရပေ။

တောထဲမှာ အချိန်ကုန်ခံကာ လှည့်လည် ရှာဖွေပါသော်လည်း ဘာကောင်မှ မရသောအခါ မောင်ငယ် စိတ်တိုလာသည်။ ဖခင်၏ အဆဲ အဆို အကြိမ်းအမောင်း ခံရမည်ကိုလည်း စိုးရိမ်လာသည်။

ကိုသင်းမောင်သည် နေထိုင် စားသောက်ရေး၊ စီးပွားရေး အဆင်မပြေသူတို့ အများအားဖြင့် ဖြစ်လေ့ဖြစ်ထ ရှိသော စိတ်သဘောမျိုးအတိုင်း ထစ်ခနဲဆို အမျက်ဒေါသ ထွက်လွယ်သည်။ ယခုလို ဘာကောင်မှ မရဘဲ ပြန်လာရသည့် အခါမျိုးဆိုလျှင် သားကို ဆဲ၊ မယားကို မဲဖြင့် စိတ်ဆင်းရဲစရာ ဖန်တီးတတ်သည့် လူစားမျိုး ဖြစ်၏။ ထို့ကြောင့် မောင်ငယ်သည် ကြိုးစားရှာဖွေကာ သစ်ပင်ကြီးတွေပေါ် တမော့မော့၊ သစ်ပင်အောက် တငုံ့ငုံ့ လာခဲ့ရာမှ သစ်ကိုင်း တစ်ကိုင်းပေါ်မှာ နားနေသော လှပသည့် ကြက်တောကြီး တစ်ကောင်ကို တွေ့လိုက်သည်။ ကြက်တောကြီးကား ပုန်းလျှိုးကွယ်လျှိုးဖြင့် လာနေသော



မောင်ငယ်ကို မြင်ဟန်မတူချေ။ ဤနေရာကို မောင်ငယ် တစ်ခါမှ မရောက်ဖူးသေးချေ။ ယနေ့မှ လက်ချည်းသက်သက် မပြန်လို၍ တရွေ့ရွေ့ နယ်ကျွံကာ ဤနေရာ ရောက်လာခဲ့ခြင်း ဖြစ်သည်။

ယခင်က ဘေးကင်းရန်ကင်းနေရာ ဖြစ်ဟန်တူသည်။ ထို့ကြောင့်သာလျှင် ကြက်တောကြီးသည် အေးအေးဆေးဆေး သစ်ကိုင်းပေါ်မှာ နားနေခြင်း ဖြစ်သည်။ မောင်ငယ်သည် ကြက်တောကြီးရှိရာ ဂရုစိုက်ကြည့်လိုက်၏။ ကြက်တောကြီး တစ်ကောင်တည်း မဟုတ်။ သူလို ကြက်တောတွေ အုပ်စုဖွဲ့နားနေသည်ကို ယခုမှ မောင်ငယ် မြင်သည်။ မောင်ငယ်က ဝမ်းသာအားရ ဝထမဆုံးတွေ့သည့် ကြက်တောကြီးကို ပစ်ချလိုက်၏။ ကြက်တောကြီးကလည်း ပျံတော့မည့်ဟန်ဖြင့် အတောင်ကိုအဖြန့်မှာ မောင်ငယ်၏ လောက်လေးမှ ပြင်းထန်သော အရှိန်ဖြင့် ထွက်သွားသော မာကျောသည့် လောက်စာလုံးသည် ကြက်တောကြီး၏ တောင်ပံတစ်ဖက်ကို မိမိရရကြီး ထိမှန်ကာ ကြက်တောကြီးသည် ဘာသာဘာဝ စီစီညံညံ အော်မြည်သည်းညူရင်း သစ်ပင်အောက် မြေပေါ်သို့ ကျလာသည်။

မောင်ငယ်က နောက်တစ်ချက် လောက်လေးကိုပင် မလွှတ်ရသေးမီ ဒဏ်ရာရသော ကြက်တောကြီး၏ အသံကြောင့် ကြက်တောအုပ်ကြီးက လျှင်မြန်စွာ သစ်ကိုင်း၊ သစ်ပင် အကြိုအကြားသို့ ပျံပြေး ပျောက်ကွယ်ကုန်ကြသည်။ မောင်ငယ်သည် ဒဏ်ရာရသော ကြက်တောကြီးကို များစွာ စိတ်ဆိုးသွားသည်။

“သင်း ချက်ချင်းမသေဘဲ အသံပေးလို့ တခြားအကောင်တွေ လွတ်ကုန်တယ်”

ဟူသော ဒေါသဖြင့် ကြက်တောကြီးကို ကောက်ယူကိုင်ညှစ်ကာ လွယ်အိတ်ထဲသို့ ကြမ်းတမ်းစွာ ထိုးသိပ်ထည့်လိုက်သည်။ နာကျင်ရှာလွန်း၍ အော်ဟစ်ညည်းညူသော ကြက်တောကြီး၏ အသံကား ရှူးရှူးဝါးဝါး ရှိလှသည်။ အချိန်ကလည်း နေစောင်းလုပြီဖြစ်ရာ မောင်ငယ်သည် သူလာခဲ့သော ခရီး တော်တော်ဝေးကွာကြောင်း ပြန်လည်တွေးမိသည့်အတွက် သားငှက်တို့ဆက်လက် ရှာဖွေခြင်း မပြုတော့ဘဲ စိတ်ညစ်စွာ ပြန်လမ်းကို လှည့်လာခဲ့သည်။

“အဖေက ဆဲတော့မှာပဲ၊ မနေ့ကရတဲ့ ပုတတ်တွေ ရောင်းလို့ မကုန်သေးရင်တော့ တော်သေးရဲ့၊ ဒီတစ်နေ့တည်းနဲ့ ရောင်းလို့ ကုန်သွားရင် နတ်မြင်

www.burmeseclassic.com

www.burmeseclassic.com



ရောင်းစရာမရှိတော့ဘူး၊ အဲဒီလိုဆိုရင်တော့ ငါရော၊ အမေရော သက်သာမှာ မဟုတ်ဘူး၊ အဆူအဆဲ ခံရမှာ သေချာနေပြီ”

စသည်ဖြင့် ဖြစ်လာမည့်အရေးကို တွေးကာ စိတ်ညစ်စွာ ပြန်လာခဲ့သော မောင်ငယ်သည် တောအုပ်မှထွက်၍ သစ်ပင်ငယ်၊ ချုံပုတ်ငယ်များ ရှိသည့်နေရာ ရောက်သောအခါ သူငယ်ချင်း သုံး၊ လေးယောက်နှင့်အတူ ဆူဆူညံညံ စကားပြောလာသော မောင်ဖေချစ်တို့ကို ဆုံမိလေသည်။

“ဟေ့ မောင်ငယ်၊ ဒီနေ့ ဘာကောင်တွေ ရလာလဲဟေ့”

မောင်ဖေချစ်က စတင် နှုတ်ဆက်ရင်း မောင်ငယ်၏ လွယ်အိတ်ကို လှမ်းကြည့်သည်။ တောင်ပံတစ်ဖက်ကျိုးဖြင့် ဝေဒနာ ခံနေရရှာသော ကြက်တောကြီးက လွယ်အိတ်ထဲတွင် လှုပ်နေသည်ကို မောင်ဖေချစ် တွေ့ရသည်။

“ဘာကောင်လဲကွ”

ပြောပြောဆိုဆို မောင်ဖေချစ်က လျင်မြန်သော လက်ဖြင့် လွယ်အိတ်ကို ဆွဲယူကြည့်လိုက်၏။

“ဟာ- ကြက်တောကြီး၊ မသေသေးဘူးဟေ့”

ပြောပြောဆိုဆို မောင်ဖေချစ်က လွယ်အိတ်ထဲက ကြက်တောကြီးကို ဆွဲထုတ်ယူလိုက်သည်။

တောက်ပစိုပြည် မြရည်ဆမ်းထားဘိသကဲ့သို့ အမွေး၊ နီနီတွေးတွေး ပတ္တမြားသွေးလို ကောက်ကွေးသောနှုတ်သီးဖြင့် ချစ်စရာ၊ သနားစရာ ကောင်းလှသော ကြက်တောကြီးသည် လောက်လေးဒဏ်ကြောင့် ကျိုးနေသော တောင်ပံတစ်ဖက်က တွဲလဲကျပြီး သူ့ကို သတ်လေမည်လားဟု စိုးရိမ်ရှာဟန် တူသည်။ ကြည်လဲ့သော မျက်လုံးကလေးကို ပုတ်ခတ် ပုတ်ခတ်ဖြင့် မောင်ဖေချစ်ကို အသနားခံနေဘိသကဲ့သို့ ကြည့်နေရှာသည်။

“အတောင်ကျိုးနေပြီကိုးကွ၊ သနားပါတယ်ကွာ၊ နက်ဖြန်ဆို မင်းတို့ ဆီအိုးထဲ ထည့်တော့မှာ၊ ငါ့ကို ရောင်းပါလား”

မောင်ဖေချစ်က ကြက်တောကြီးကို ယုယညင်သာစွာ ပွေ့ပြီး ရင်ခွင်မှာ ကပ်ထားသည်။ ကြက်တောကြီးသည် လူ့ဘဝကို နီးစပ်သော တိရစ္ဆာန်ဖြစ်ဟန်တူသည်။ ကြင်နာယုယသော မောင်ဖေချစ် လက်ထဲမှာ အော်ဟစ်ရုန်းကန်ခြင်း မပြုဘဲ ရင်ခွင်ကိုမှီပြီး ငြိမ်နေသည်။

“မင်း ဘယ်လောက် ပေးမလဲ”



မောင်ငယ်က မေး၏။

မောင်ဖေချစ်က သူ့အိတ်ထဲ နှိုက်ကြည့်ပြီး-

“ဒီနေ့မှ ငါ့မုန့်ဖိုးက ကုန်သွားလို့ ပိုက်ဆံ သုံးပြားပဲ ကျန်တော့တယ်ကွ၊ မင်း အလကားရလာတဲ့ ကြက်တောပဲ၊ သုံးပြားနဲ့ပဲ ရောင်းသွားတော့”

ဟု ပြောကာ အိတ်ထဲ ကျန်နေသရွေ့ ပိုက်ဆံ ကြေးပြားသုံးပြားကို ထုတ်ပေးလိုက်သည်။ မောင်ငယ်က လုံးလုံးသား မကျေနပ်ပေ။

“ဟေ့- မင်း ဒီလို အပါးတင်လို့ ဘယ်ရမလဲ၊ ဒီသတ္တဝါကို တို့ဆိုင်မှာ ကြော်ရောင်းရင် တစ်ကောင်ကို အနည်းဆုံး တစ်မတ် ရတယ်ကွ၊ သုံးပြားနဲ့တော့ မရောင်းနိုင်ဘူး”

ပြောပြောဆိုဆို မောင်ငယ်က ကြက်တောကြီးကို ပြန်လုရန် ဟန်ပြင်လျှင်ပင် မောင်ဖေချစ်က ကပျာကသီ နောက်ဆုတ်လိုက်၏။

“သနားပါတယ်ကွာ၊ မသတ်ပါနဲ့၊ သုံးပြားနဲ့ မင်း မကျေနပ်ရင် ပိုက်ဆံတစ်မူး ထပ်ပေးမယ်၊ ဆိုင်ရောက်တော့ လာယူလှည့်”

“မင်း ပေးနိုင်ရင် အခုပေး၊ ဒါတောင် အခုတင်က သုံးပြားနဲ့ပေါင်းမှ ဆယ့်တစ်ပြားပဲ ရမယ်၊ ဆိုင်ရောက်မှ လာယူမယ်ဆိုရင် မင်း ပေးချင်မှ ပေးတော့မှာ”

“ငါ ပေးမယ်လို့ ပြောနေမှပဲ”

“အို- နားမလည်ဘူး၊ ပိုက်ဆံ အခုပေးနိုင်ရင် ပေး၊ ပိုက်ဆံမပါရင် ငါ့ကြက်တော ထားခဲ့”

မောင်ငယ်က ပြောပြီး ရှေ့တိုးလာသည်။ မောင်ဖေချစ်က ကြက်တောကြီးကို ငုံ့ကြည့်လိုက်၏။ ကြည်လဲ့သော မျက်လုံးကလေး ကလယ် ကလယ်ဖြင့် မောင်ဖေချစ်မျက်နှာကို ကြက်တောကြီးက မော့ကြည့်နေသည်။ မောင်ဖေချစ်သည် ကြက်တောကြီးကို ချစ်လည်း ချစ်၊ သနားလည်း သနားသည်။ မောင်ငယ်၏ ရက်စက်သောစိတ်နှင့် ပိုက်ဆံကို ကတ်သီးကတ်သတ် တွက်ကာ မယုံကြည်တတ်သော သဘောကို အမြင်ကတ်လာသည်။ သို့သော် ရင်ခွင်ထဲမှာ ပိုက်ဆားသည့် သနားစရာကောင်းသော ကြက်တောကြီးကို သေစေလိုသော ဆန္ဒမျိုး ကယ်ဆယ်လိုသော ဆန္ဒသာ ရှိနေသည်။

“ကဲကွာ··· မင်း ကြော်ပြီးသားရောင်းရင် တစ်ကောင် တစ်မတ် ရတယ် ပြောတဲ့အတိုင်း ငါ တစ်မတ်ပဲ ပေးပါ့မယ်ကွာ၊ မင်းတို့ ဆီတည် ဆင်းကုန် သက်သာလို့ ပိုတောင် မြတ်မယ် မဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



မောင်ဖေချစ်က တောင်းတောင်းပန်ပန် ပြောလိုက်သည်။

"မင်း ပိုက်ဆံတစ်မတ် အခု ပေးနိုင်မလား"

"ခက်ပါဘိ မောင်ငယ်ရယ်၊ အခု သုံးပြားပဲ ပါတယ်၊ အဲဒါပဲ ယူထားလိုက်၊ နောက်ထပ် ပိုက်ဆံတစ်မတ်အပြည့် ငါ ထပ်ပေးမယ်၊ ငါ့ကို မယုံရင် မင်း အခု တစ်ပါတည်း လိုက်ခဲ့လေ"

"မလိုက်ဘူးကွာ၊ မလိုက်ဘူး၊ မင်း ငါ့ဟာကို ပေးမလား၊ မပေးဘူးလား"

မောင်ငယ်က ခါးခါးသီးသီး ငြင်းသည်။ မောင်ဖေချစ်၏ ဖခင် ထမင်းဆိုင်ကို မောင်ငယ် မလိုက်သည်မှာ အကြောင်းရှိသည်။ မောင်ငယ်တို့ မိသားစု အားကိုးရာမဲ့ ယောင်လည်လည်ဖြင့် ရောက်လာစဉ်က ဈေးရောင်းကောင်းနေသော ကိုဘအေးက သူ့ဆိုင်မှာ တပည့်လက်သား စုံလင်၍ လူမလိုသော်ငြားလည်း မောင်ငယ်တို့ မိသားစုကို သနားသဖြင့် ကိုသင်းမောင်ကို ထင်းခွဲ ရေခပ်၊ ကိုသင်းမောင်၏ ဇနီးကို ပန်းကန်ဆေး၊ အိုးဆေး စသည်ဖြင့် ရှိရင်းစွဲ လူကို ကူညီလုပ်ကိုင်စေပြီး မိသားစု သုံးဦးလုံးကို ထမင်းကျွေးသည်။ အဝတ်ဖိုး၊ မုန့်ဖိုး သင့်လျော်သလို ပေးသည်။ ကိုဘအေးက စိတ်စေတနာ ကောင်းကောင်းထားပါလျက်နှင့် မောင်ငယ်က လစ်လျှင် လစ်သလို ပိုက်ဆံကို ခိုးတတ်၊ နှိုက်တတ်သည်။ မျက်စိဖြင့် တပ်အပ်မြင်သူများက ပြော၍ ကိုဘအေးက ဆုံးမရန် တိုင်လျှင် ကိုသင်းမောင် ဇနီးမောင်နှံက သားကို မဆုံးမချေ။ ကာကွယ်ဖုံးဖိ ပြောသည်။ မောင်ငယ် ခိုးသည်ကို မြင်သောသူအား ဆဲဆို ရန်ထောင်သည်။ ကိုဘအေး လစ်လျှင် ရိုက်မောင်းပုတ်မောင်း လုပ်သည်။ ထိုအခါ ကိုဘအေး တပည့်များက ကိုသင်းမောင် မိသားစုကို ဆက်ပြီး လက်ခံထားလျှင် သူတို့ အလုပ် မလုပ်လိုတော့ကြောင်း အတိအလင်း ဖွင့်ပြောကြသည်။ အကြောင်းသိ၊ ရင်းနှီးပြီးသော ယုံကြည်စိတ်ချရသော တပည့်ရင်းများကိုမှ ကိုဘအေးက လက်လွှတ်မခံတော့ဘဲ ကိုသင်းမောင်တို့ မိသားစုကို နှင်လေသည်။

ကိုသင်းမောင်မိသားစုက ကျေးဇူးရှင် ကိုဘအေး၏ စိတ်စေတနာကို အားလုံး မေ့ပျောက်ကာ သူတို့ကို နှင်ရက်လေခြင်းဟု အနာကြီး နာသွားကြလေသည်။ ကိုဘအေး တပည့်များကလည်း ဤသူခိုးမိသားစု ဆိုင်ရိပ်ကို နင်းလျှင် ရိုက်လွှတ်မည်ဟု တေးထားကြသည်။ ထို့ကြောင့် ကိုသင်းမောင်က သူတို့ အကြော်တဲကို ဝေးဝေးမှာ သွားတည်ကြခြင်း ဖြစ်သည်။



အသက်အရွယ်က မောင်ဖေချစ်နှင့် ရွယ်တူဖြစ်လင့်ကစား မောင်ဖေချစ်ထက် အဆများစွာ သာလွန်၍ လည်ပတ်ပါးနပ်သော မောင်ငယ်ကလည်း သူ့အန္တရာယ်ကို သူ မြင်သည်ကြောင့် ကိုဘအေးတို့ဆိုင်နား မသွားချေ။ ထို့ကြောင့် ခါးခါးသီးသီး ငြင်းခြင်း ဖြစ်သည်။

မောင်ငယ်က ကြက်တောကြီးကို ပြန်တောင်းရင်း မောင်ဖေချစ်ကို ထိုးမည့်၊ ရိုက်မည့်ဟန်မျိုး ပြင်လာသောအခါ မောင်ဖေချစ် သူငယ်ချင်းများက ခံပြင်းလာကြသည်။

"မပေးတော့ မင်းက ဘာလုပ်ချင်သလဲ"ဟူ၍ လည်းကောင်း..

"မင်းကြက်တောကို အလကားယူတာ မဟုတ်ဘူး၊ ပိုက်ဆံ ပိုပေးရက်သားနဲ့ လူပါးဝလို့..."ဟူ၍ လည်းကောင်း တစ်ယောက်တစ်ခွန်း ဝိုင်းပြောကြသောအခါ မောင်ငယ်သည် ဝိုင်းပြောသော သူငယ်ချင်းတွေကို စိတ်မဆိုးဘဲ သူတို့မိသားစု စိတ်နာရင်းစွဲဖြစ်သော ကိုဘအေး၏သား မောင်ဖေချစ်ကိုသာ ခဲလေသည်။ လက်ထဲမှာ ကိုင်လျက်သား ရှိနေသော တုတ်ဖြင့် မောင်ဖေချစ်ကို လှမ်းရိုက်သောအခါ သတိထားနေသော မောင်ဖေချစ်က ရှောင်လိုက်သဖြင့် မထိချေ။ အတောင်ကျိုးနေ၍ မပျံနိုင်တော့သော ကြက်တောကြီးကို သူငယ်ချင်း တစ်ယောက်ထံ လှမ်းပေးပြီး မောင်ဖေချစ်က မောင်ငယ်ထံ လျင်မြန်စွာဝင်ပြီး လက်သီးဖြင့် ထိုးသည်။ သို့သော် မောင်ဖေချစ်ထက် ဗလကောင်းသော မောင်ငယ်ကို မနိုင်ဘဲ ဖြစ်နေသောအခါ မောင်ဖေချစ် သူငယ်ချင်းများက မောင်ဖေချစ်ဘက်က ကူကြသည်။ ကြက်တောကြီးကို လွှတ်ချထားပြီး မောင်ငယ်ကို ဝိုင်းရိုက်ကြ၊ ထိုးကြသည်။

သူတစ်ယောက်တည်း ဖြစ်နေ၍ မနိုင်တော့မှန်း သိသော မောင်ငယ်သည် ငိုပြီး လက်လွှတ် ထွက်ပြေးလေတော့၏။

"ကျွန်တော် ဖမ်းမိလာတဲ့ ငှက်တွေကို မောင်ဖေချစ်တို့လူစုက လုယူပြီး ရိုက်လွှတ်တယ်"

ဖူးရောင်ညိုမည်းသော ဒဏ်ရာ ဒဏ်ချက်တွေနှင့် ငိုယိုတိုင်ကြားသော သားချစ်မောင်ငယ်ကို ပြုစုယုယရင်း ကိုသင်းမောင်တို့ ဇနီးမောင်နှံတကြိတ်ကြိတ် ဖြစ်နေကြသည်။ မောင်ဖေချစ်သူငယ်ချင်း၏ မိဘတွေကလည်း ကိုဘအေးတို့နှင့် ခင်မင်သည့် ရပ်ဆွေရပ်မျိုး၊ တစ်ရွာတည်းသားတွေ ဖြစ်ရကား ကိုသင်းမောင်ဇနီးမောင်နှံသည် ရင်ဆိုင်အန်တုရန် အင်အားချင်းက မမျှရှာပေ။

www.burmeseclassic.com

www.burmeseclassic.com



"သင်းတို့နိုင်တုန်း လုပ်လိုက်ကြပေါ့ကွာ"

ဤစကားတစ်ခွန်းကို မရိုးသိပ် မချုပ်တည်းနိုင်အောင် အမျက်ထွက်နာကြည်းနေသော ကိုသင်းမောင်နှုတ်မှ ပွင့်ထွက်လာသည်ကို အချို့သောသူများက ကြားလိုက်မိကြသည်။

ထိုအရေးအခင်းဖြစ်ပြီး တစ်လမျှအကြာဝယ် ကိုသင်းမောင်တို့မိသားစုသည် အကြော်တဲကလေးကို ဖျက်သိမ်းကာ ရေပြာအိုင်ရွာ နယ်နိမိတ်မှ ရွှေ့ပြောင်းထွက်ခွာ ပျောက်ကွယ်သွားကြလေသည်။

■

နှစ်နှစ်မျှသော အချိန်သည် အလုပ်နှင့်လက် မပြတ်သူ ကိုဘအေးတို့မိသားစုအဖို့ ဘာမှကြာသည်ဟု မထင်လိုက်ရချေ။ ဤအချိန်မှာ ကိုဘအေးဖခင်က သေဆုံးသွားသည်။ လယ်မြေတွေကို ဦးစီးစီမံရန် ကိုဘအေး တာဝန်ဖြစ်လာသည်။ ကားလမ်းဘေး ထမင်းဆိုင်က အမြတ်ငွေတွေကလည်း လုံးလုံးခဲခဲ ရရှိထားပြီဖြစ်သော ကိုဘအေးအဖို့ လယ်သီးစားချကာ အေးအေးဆေးဆေးပင် နေတော့မည်ဟု စိတ်ဆုံးဖြတ်လိုက်၏။ ထမင်းဆိုင်ကို ဖြုတ်ရန်ဆန္ဒဖြစ်လာခြင်းမှာ အခြားတစ်နေရာမှ မော်တော်ကားလမ်း အသစ်ဖောက်ပြီး စမ်းသပ်သွားလာနေပြီဖြစ်ရာ ရွာနားက လမ်းဟောင်းသည် တဖြည်းဖြည်းခြောက်သွေ့တိမ်ကောလာတော့မည်ကို စဉ်းစားမိသော အချက်ကလည်း ရှိသည်။ ထို့ကြောင့် ကိုဘအေးက ထမင်းဆိုင်ကို ရုပ်သိမ်းပြီး တပည့်ဟောင်းတွေကို လယ်မြေဘက်သို့ အလုပ်ပြောင်းပေးလိုက်၏။

ဤနှစ်နှစ်မျှသော အချိန်တွင်းဝယ် ကျိုးနေသော တောင်ပံကို ဆေးကုပေးပြီး ချစ်ခင်ယုယစွာ မွေးထားသော ကြက်တောကြီးက ကိုဘအေးတို့တစ်အိမ်သားလုံးနှင့် သံယောဇဉ်တွယ်ကာ ယဉ်ပါး ခင်မင်နေလေသည်။ လူစကားကိုလည်း သွက်လက်ချက်ချာ ပီသစွာ ပြောတတ် ဆိုတတ်နေပြီဖြစ်၏။ ဆေးကုပေးနေချိန်ကပင် ကိုဘအေးက…

"အတောင်တွေ ပြန်ကောင်းသွားရင် မညှပ်ပါနဲ့ သားရယ်၊ ပျံနိုင်ရင် ပျံသွားပါစေ၊ သူ့ဆွေသူ့မျိုး သူ့သဘာဝနဲ့သူ ပျော်ပျော်ပါးပါး ပြန်နေဖို့ လွှတ်ပေးလိုက်ပါ၊ သနားပါတယ်"



ဟူသော စကားအတိုင်း ဆေးကုပေး၍ အတောင်သေချာစွာ ကောင်းသွားသောအခါ ကြက်တောကြီးကို လှောင်မထားဘဲ ပျံချင် ပျံပါစေဟု လွှတ်ထားလိုက်ကြသည်။ သို့သော် ကြက်တောကြီးက မပျံဘဲ အိမ်ထုပ်တန်းပေါ်မှာသာ နေသောအခါ မောင်ဖေချစ်က ကြက်တောကြီးကို စကားသင်သည်။ ကြက်တောကြီး စကားတတ်လာသောအခါ အိမ်စောင့်တစ်ဦးလိုဖြစ်နေ၏။

"ဘအေးရေ၊ ဖေချစ် လျှောက်လည်နေတာ ပြန်မလာသေးဘူးဟဲ့" ဟူ၍ လည်းကောင်း…

"ဆွမ်းတော်ကြွလာပြီ" ဟူ၍ လည်းကောင်း…

"ဧည့်သည်လာနေတယ်" ဟူ၍ လည်းကောင်း…

"ဟဲ့ခွေး၊ မီးဖိုထဲ ခွေးဝင်နေပြီ" ဟူ၍ လည်းကောင်း…

"သူကြီးမင်း ကြွလာတယ်ဟေ့" ဟူ၍ လည်းကောင်း… ကိုဘအေးတို့ အိမ်သားများအဖို့ များစွာ အဖော်ရနေတော့သည်။ ကိုဘအေး၊ မောင်ဖေချစ်နှင့်တကွ အိမ်သားအားလုံးက ကြက်တောကြီးကို ချစ်လိုက်ကြသည်မှာ သွေးသားရင်းချာ အိမ်သား လူတစ်ယောက်လို သဘောပိုက်ထားကြသည်။ ကြက်တောကြီး ကြိုက်တတ်၊ စားတတ်သည့် အစာကို အလျှံပယ် ဝယ်ကျွေးထားကြသည်။

ဤသို့ဖြင့် ကိုဘအေးတို့ မိသားစုနှင့် ကြက်တောကြီး အတူနေခဲ့ကြသည်မှာ နှစ်နှစ်ကျော်မျှ အကြာဝယ် ကြက်တောကြီးသည် တောင်းတောင်းပန်ပန် စကားတစ်ခွန်း ပြောလေသည်။

"ဘအေးရယ်၊ ငါ တောထဲကို လျှောက်လည်ချင်တယ်၊ သွားမယ်နော်"

"နင် ပြန်မလာတော့ဘူးလား"

ကိုဘအေးက စိတ်မကောင်းစွာဖြင့် မေးသည်။

"ငါ ပြန်လာချင်တဲ့ အချိန်ကျတော့ ပြန်လာမယ်လေ၊ နင်တို့နဲ့နေတာ ကြာလှပြီ၊ ငါ ပျင်းတယ်၊ လျှောက်လည်ချင်တယ်"

"နင် ဘယ်လောက်ကြာကြာ လည်မှာလဲ၊ နင် ပြန်မလာရင် တို့တစ်အိမ်လုံး ငိုမှာနော်၊ ဖေချစ်က နင်မလာရင် သေလိမ့်မယ်"

"အေးပါဟယ်… ငါ ပြန်လာပါ့မယ်၊ လေးရက် ငါးရက်ပေါ့"

ကြက်တောကြီးသည် သူတို့ဘာသာဘာဝ တောကိုတောင်ရိုး ပြန်ခိုက မျိုးတူသတ္တဝါအချင်းချင်း ပြန်လည်တွေ့ဆုံချင်ရှာပေလိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com



ကိုဘအေးတို့ အိမ်သားတွေက စာနာစွာတွေးပြီး ကြက်တောကြီးကို ပျံခွင့်ပေးလိုက်ကြသည်။

"ငါပြန်လာမယ် ဖေချစ်… ငါ ပြန်လာမယ်"

ကြက်တောကြီးက နှုတ်ဆက်စကားဆိုပြီး တောင်ပံတဖျပ်ဖျပ် ခတ်ကာ ပျံထွက်သွားလေသည်။

ကြက်တောကြီး ထွက်သွားသည်မှာ နံနက် ဆွမ်းခံပြန်ချိန် ဖြစ်သည်။ အိမ်သားတစ်ယောက် လျော့သွားသလို ကိုဘအေးတို့ စိတ်မှာ ထင်ကာ ကြက်တောကြီးကို လွမ်းဆွတ် အောက်မေ့နေကြသည်။ သို့သော် ညနေ ၅ နာရီ နေဝင်လုဆဲဆဲအချိန်ဝယ် ကြက်တောကြီးသည် မမျှော်လင့်ဘဲ ပြန်ရောက်လာသောအခါ ကိုဘအေးတို့အိမ်သားတွေ ဝမ်းသာလိုက်ကြသည်ဖြစ်ခြင်း။

ကြက်တောကြီးကား အိမ်ထဲကို လျှင်မြန်စွာ ပျံသန်းဝင်ရောက်လာပြီး ကိုဘအေး ပခုံးပေါ်မှာ နားလိုက်သည်။

"ငါ ပြောတာ နားထောင်စမ်း … ငါပြောတာ နားထောင်စမ်း"

ကြက်တောကြီး စကားကြောင့် အိမ်သားတွေ အံ့အားသင့်သွားကြသည်။ ကြက်တောကြီးက ရေးကြီးသုတ်ပျာ ပြောပြ၏။

"မနက်က ငါ ပြန်သွားတယ်၊ တောအုပ်ထဲ ရောက်တော့ ညောင်ပင်ကြီးတစ်ပင်က အကိုင်းမှာ အမောပြေနားနေခိုက် လူတစ်စု ညောင်ပင်အောက် ဝင်လာကြတယ်၊ သူတို့မှာ ဓားတွေ လှံတွေ တုတ်တွေ ပါတယ်၊ အဲဒီ ဓားတွေ လှံတွေကို ညောင်ပင်ကြီးမှာ ထောင်တယ်၊ အရက်တွေ စားစရာတွေကို ဓားတွေနဲ့အတူ ထားတယ်၊ မီးထွန်းကြတယ်၊ နောက်ပြီး သူတို့ ဓားပြတိုက်ရာမှာ အောင်မြင်ဖို့ အရှင်ကြီး စောင့်ရှောက်ပါဆိုပြီး ညောင်ပင်ကြီးကို ရှိခိုးကြတယ်၊ သူတို့ ဓားပြတိုက်မယ့် အိမ်ရှင်တွေနာမည်ကို ညောင်ပင်ကြီး ရှိခိုးရင်း ပြောနေကြတော့ ငါက ညောင်ကိုင်းပေါ်က ကြားလိုက်တယ်၊ ဘအေးအိမ် ပါတယ်၊ နောက်ပြီး တခြားအိမ်တွေလည်း ပါသေးတယ်၊ ငါကတော့ ဘအေးနာမည်ပဲ သေသေချာချာ မှတ်လာခဲ့တာ၊ ဒီည ဓားပြတွေ လာတိုက်လိမ့်မယ်"

ကြက်တောကြီးစကားကြောင့် အားလုံး ထိတ်လန့်တုန်လှုပ်ကုန်ကြသည်။ ထွေညည်းသိမ်းသူကသိမ်း၊ သူကြီးအိမ် ပြေးသူကပြေးဖြင့် ရွာသူရွာသားတွေ အမြန်ဆုံး လူစုကာ ကာကွယ်ရေး အစီအစဉ်တွေ ကပျာကသီ လုပ်ကြရသည်။



မိန်းမတွေ၊ ကလေးတွေနှင့် အဖိုးတန်ရွှေငွေပစ္စည်းများကို လုံခြုံရာမှာ အကာအကွယ် လုံလုံခြုံခြုံဖြင့် ထားကြရသည်။ သန်စွမ်းဖျတ်လတ်သော အရွယ်ကောင်း ယောကျ်ားများက ဒူးလေး၊ ဓား၊ လှံ၊ ခက်ရင်းခွ၊ မီးနီး၊ ဝါးရင်းတုတ် စသည်များဖြင့် ရွာပတ်လည်ကင်းပုန်းချကာ ဓားပြတွေ လာလျှင် မည်သို့ အချက်ပေးပြီး မည်သို့ဝိုင်းဝန်းကာကွယ် ဖမ်းဆီးကြမည်ကို သေချာစွာ စည်းဝါးရိုက်ပြီး လျင်လျင်မြန်မြန် စီစဉ်ဆောင်ရွက်ကြသည်ဖြစ်ရာ ညနေငါးနာရီလောက်မှာ ကြက်တောကြီးက သတင်းပေးသည်။ ညဦး ခုနစ်နာရီခန့်တွင် အားလုံး နေရာတကျစီစဉ်ပြီး ဓားပြတွေကို အသင့်စောင့်ကြို နေကြပြီးဖြစ်သည်။

ကြက်တောကြီးကား ကိုဘအေးအိမ် ထုပ်တန်းပေါ်ဝယ် သူ့တစ်ကိုယ်စာကို မှောင်ကြည့်၍ မမြင်ရအောင် ထောင့်စွန်းကြားမှာ ငြိမ်သက်စွာ ဝပ်နေရာသည်။

လူသူလေးပါး မတွေ့မမြင်နိုင်သည့် တောအုပ်ထဲက ညောင်ပင်မှာ နတ်တင်လာခဲ့ပြီးဖြစ်သော ဓားပြတစ်စုကား ညကိုးနာရီခန့်တွင် ရွာနားကပ်လာကြသည်။ လမိုက်ရက် ဖြစ်၍ အမှောင်ထုက ကြီးစိုးနေလင့်ကစား ကြိုတင်စောင့်နေသော ရွာသားများ၏ အမှောင်ကျင့်သားရပြီးသည့် မျက်လုံးများက ဓားပြများ လာနေကြသည်ကို ကောင်းစွာမြင်နေရသည်။ ဓားပြများက အားလုံး ခုနစ်ယောက် ဖြစ်သည်။

"သေအောင်တော့ မသတ်ကြနဲ့ကွ၊ လက်ရ အရှင်မိအောင် ဖမ်းစမ်း၊ ဒါမှ သူတို့ အဆက်အသွယ်တွေ စုံစမ်းလို့ရမယ်"

ဟူသော ရွာသူကြီးမင်း၏ မှာကြားချက်အရ ဒူးလေးပစ် လက်ဖြောင့်သော ရွာသားတွေက မြားမိုး ရွာချလိုက်ကြသည်။ ဤအဖြစ်မျိုး ဖြစ်လိမ့်မည်ဟု လုံးဝ မမျှော်လင့်သော ဓားပြများကား ရွာအဝကို ခြေချရုံမျှ ရှိသေးသည် မည်သည့်နေရာက ရောက်လာမှန်းမသိရသော မြားတွေက ပခုံး၊ လက်မောင်း၊ ပေါင်၊ ခြေသလုံးတွေမှာ တစ်ကိုယ် သုံး၊ လေးစင်း လာစိုက်လိုက်သည့်အတွက် အချို့က ချက်ချင်းပင် မြားမှန်သည့်နေရာမှာ လဲသည်။ အချို့က ထွက်ပြေးသေးသည်။ သို့သော် ဝေးဝေးမပြေးနိုင်ဘဲ လဲကျသည်။

ဓားပြ ခုနစ်ယောက်လုံး ဒူးလေးမိပြီး မပြေးနိုင်ဘဲ လဲနေသော်လည်း သူတို့ရှိရာကို ရွာသားတွေက မသွားကြ၊ မကပ်ကြချေ။ သူတို့ လက်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်လက်နက်မျိုး ရှိနေသည်ကို မသိနိုင်သေးဘဲ အရမ်းမသွားဝံ့ကြ။ နံနက် မိုးလင်းသည်အထိ တစ်ညလုံး ဒုက္ခခံကာ အမှောင်ထဲမှာပင် စောင့်ကြည့်နေကြရသည်။

နံနက်မိုးလင်းသောအခါမှ ထုံး၊ အိုးမဲ၊ မဲနယ် စသည်တို့ဖြင့် မျက်နှာကို ရုပ်ဖျက်ထားသော ဓားပြ ခုနစ်ယောက်သည် ဒူးလေးဒဏ်ရာတွေဖြင့် ပျော့ခွေနေသည်ကို တွေ့ရသည်။ သူတို့ လက်နက်တွေကို သိမ်းပြီး ဓားပြတွေကို လှည်းဖြင့်တင်ကာ မြို့သို့ ယူလာခဲ့ကြသည်။ ရဲဌာနအပ်ပြီး အမှုဖွင့် တိုင်ကြားရသည်။ ထိုအခါ ထုံး၊ အိုးမဲ၊ မဲနယ်များဖြင့် မျက်နှာကို ရုပ်ဖျက်ထားသော ဓားပြများကို ဓာတ်ရုပ်ပေါ်အောင် ပုလိပ်များက ဆေးကြော သန့်စင်လိုက်သောအခါမှ ဓားပြဗိုလ်ဖြစ်သူသည် ကိုဘအေးကို ကျေးဇူးကန်း အငြိုးထားခဲ့သော ကိုသင်းမောင် ဖြစ်နေသည်ကို တွေ့ရ၏။

"ဟုတ်တယ်၊ ဓားပြတိုက်ဖို့ ကျုပ် ခေါင်းဆောင်လာခဲ့တယ်။ ဘအေးတို့ မိသားစုက ကျုပ်တို့ကို အရှက်ကွဲအောင်၊ နာကြည်းအောင် လုပ်ထားလို့ သင်းတို့တစ်အိမ်လုံးကို လက်စားချေမယ်၊ သင်းသားရဲ့ သူငယ်ချင်းတွေ မိဘအိမ်တွေပါ ဓားပြတိုက် လက်စားချေမယ်လို့ ကျုပ် ကြံစည်ခဲ့တာ။ ကျုပ် ယောက်ျားပဲ လုပ်ရဲရင် ခံရဲတယ်။ တစ်ခုပဲ ကျုပ်စိတ်ထဲမှာ မကျေနပ်တာ၊ အဲဒါက ဘအေးတို့ လူသိုက်ကို ဘယ်သူက သတင်းကြိုတင်ပေးထားလဲ ဆိုတာပဲ"

အကျိတ်အခဲ ကြီးလှသော ကိုသင်းမောင်က ခက်ထန်တင်းမာသောလေသံဖြင့် ဖြောင့်ချက်ပေးသည်။ ထိုအခါ မည်သို့ ကြိုတင်သတင်းရကြောင်း၊ မည်သူ သတင်းပေးကြောင်း ကိုဘအေးက အစစ်ခံရပေမည်။

လူစကား ပီပီသသ ပြောဆိုအစစ်ခံနေသော ကြက်တောကြီးကို ရုံးမှာ အမှုနားထောင်သော ပရိသတ်များရော၊ တရားသူကြီးရော များစွာ သဘောကျနေကြသည်။ ကိုသင်းမောင်ကား ကြက်တောကြီးကို ကြည့်ကာ အံတကြိတ်ကြိတ် ဖြစ်နေသည်။ တိရစ္ဆာန်၏ အစစ်ခံချက်က တရားဝင်သည်၊ မဝင်သည်ကို ဘေးဖယ်ပြီး ဓားပြတွေကို လက်ရဖမ်းမိခြင်း၊ ညောင်ပင်မှာ နတ်တင်ထားခဲ့သည့် လက်ရာအစအနတွေကို သွားရောက်စစ်ဆေး ကြည့်ရှု၍ မြင်တွေ့ခဲ့ရခြင်း၊ မည်သည့်အငြိုးကြောင့် လက်စားချေလို၍ ဓားပြတိုက်ရကြောင်းကို ဓားပြဗိုလ်ဖြစ်သူ ကိုသင်းမောင်ကိုယ်တိုင်က ဖြောင့်ချက်ပေး



ထားခြင်းတို့ကြောင့် ဓားပြများကား သူတို့နှင့် ထိုက်တန်သောအပြစ်ဒဏ်ကို ခံသွားရပြီ ဖြစ်သည်။

အမှုစစ်သော တရားသူကြီးက ကြက်တောကြီးကို ငွေငါးရာပေးပြီး ဝယ်သည်။ ကိုဘအေးက မရောင်းချေ။

ဓားပြတွေ ဖမ်းမိပြီး သုံးနှစ်မျှ အကြာဝယ် ကြက်တောကြီးသည် သူ့အလိုအလျောက် မကျန်းမမာဖြစ်ပြီး သေဆုံးရှာသည်။ တစ်ရွာလုံးရှိ လူတွေသည် မငိုသူ မရှိကြ။ ကျေးဇူးရှင်အဖြစ် အသိအမှတ်ပြုထားသော ကြက်တောကြီးအတွက် မျက်ရည်မဆည်နိုင် ဖြစ်ကြရသည်။

ကိုဘအေးတို့ အိမ်သားများကား သားသမီး သေဆုံးဘိသကဲ့သို့ ယူကျုံးမရ ကြေကွဲကြလျက်နှင့် သားသမီးအရင်းကို သင်္ဂြိုဟ်ဘိသကဲ့သို့ ကြက်တောကြီးကို တင့်တယ် ကောင်းမွန်စွာ သင်္ဂြိုဟ်သည်။

■

"ရွာဦးဘုန်းတော်ကြီး ကျောင်းထဲက စေတီမှာ တံခွန်တိုင်ထူထားတာ ဆရာမလေး သေသေချာချာ ကြည့်မိလားကွဲ့"

ကြက်တောကြီးအကြောင်း ပြော၍ ဆုံးသောအခါ အဘွားကြီးက မေးသည်။

"ဟုတ်တယ်၊ ကြည့်မိတယ် ဘွားဘွား၊ ကျွန်မတွေ့ဖူးတဲ့ တံခွန်တိုင်တွေဆိုရင် တိုင်ထိပ်မှာ အများအားဖြင့် ဟင်္သာရုပ်ပဲရှိတယ်။ အခု ဒီရွာက တံခွန်တိုင်ထိပ်မှာတော့ ဟင်္သာမဟုတ်ဘဲ ကြက်တူရွေးရုပ်ကြီး ဘွားဘွားရဲ့၊ အဲဒါ ဟို ကိုဘအေးရဲ့ ကြက်တောကြီးပုံလား ဘွားဘွား"

မခင်ရွှေက ဖြေလည်း ဖြေ၊ မေးလည်း မေးသည်။

"ဟုတ်တယ် ဆရာမလေး၊ ကြက်တောကြီးကို အဲဒီနေရာမှာ မြှုပ်ပြီး သူ့အပေါ်တည့်တည့်က တံခွန်တိုင်ကို မောင်ဘအေးတို့ လှူထားခဲ့တာ"

အဘွားကြီးက ဖြေသည်။

"အခု ရွာမှာ ဦးဘအေးတို့ ရှိသေးလား"

"မရှိကြတော့ဘူးကွယ်၊ သင်္ချိုင်းရတွေကိုး ဆရာမလေးရဲ့၊ မောင်ဘအေးတို့ မိသားစုလည်း မရှိကြတော့ဘူး၊ ဟို ဓားပြတိုက်တဲ့ သင်းမောင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကျသွားပြီး မကြာပါဘူး ထောင်ထဲမှာပဲ သေတယ်လို့ သိရတယ်။ အင်း လူဆိုးလည်း သင်္ခါရ၊ လူကောင်းလည်း သင်္ခါရ၊ အားလုံး မြေကြီးသြဇာ ဖြစ်သွားကြပြီပေါ့''

မခင်ရွှေက ဆိတ်ငြိမ်စွာ နားထောင်နေရာမှ-

''ဘွားဘွားပြောပြတဲ့ ကြက်တောကြီးလို ဟာမျိုးကတော့ တိရစ္ဆာန် ဖြစ်ပေမယ့် သစ္စာတရားကို သိပ်သိတယ်နော် ဘွားဘွား၊ အဲဒီအချက်မှာ လူထက် သာသွားပြီ၊ ရေပြာအိုင်ရွာနဲ့ ပတ်သက်လာရင် တိရစ္ဆာန်လည်း စိတ်ဝင်စားစရာ အကြောင်းကလေးနဲ့ပဲနော် ဘွားဘွား''

ဟု ပြောသောအခါ အဘွားကြီးက-

''အင်း- တိရစ္ဆာန်ဖြစ်ပေမယ့် သစ္စာတရား ရှိတယ်လို့ ဆရာမလေးက ပြောတော့ မောင်ဘအေးရဲ့ ကြက်တောသာ မဟုတ်ဘူး၊ ဘွားဘွားရဲ့ ခွေးကလည်း သစ္စာရှိတာပဲ ဆရာမလေးရဲ့''

ဟု အစဖော်လိုက်ပြန်သောအခါ မခင်ရွှေ မျက်လုံး ကျယ်သွားပြန် သည်။

''ဟုတ်ကဲ့ ... ပြောပါဦး ဘွားဘွား''ဟု ပွဲတောင်းလိုက်၏။

၁၉၇၄ ခုနှစ်၊ စက်တင်ဘာလ၊ သွေးသောက်မဂ္ဂဇင်း

■

## ရေပြာအိုင်မှ ခွေးလိမ္မာ

ရေပြာအိုင်ရွာနှင့် ပတ်သက်လာလျှင် စိတ်ဝင်စားစရာတွေချည်း ဖြစ်ရကား နဂိုကမှ ဤလို ထူးထူးဆန်းဆန်းတွေကို စိတ်ဝင်စားခဲ့သော မခင်ရွှေ ထား အဘွားကြီး စကားစထားသော ခွေးလိမ္မာအကြောင်းကို အလွန်အမင်း သိချင်နေပေပြီ။ ထို့ကြောင့်...

''ဘွားဘွား၊ ခွေးလိမ္မာအကြောင်း ရေးဖို့ အဆင်သင့် ထားပြီးပါပြီ''

ဟု ပြောကာ အဘွားကြီးမြင်အောင် စာရေးစက္ကူနှင့် ဖောင်တိန်ကို အဆင်သင့် ပြင်ထားသည်။

''လှမ်မလေးကတော့ တကယ်ပဲကွယ်၊ ငါတို့ ရေပြာအိုင်ရွာအကြောင်း ဆို သိပ်ဂရုစိုက်တာပဲနော်။ အေးကွယ်... ခွေးလိမ္မာအကြောင်း ပြောပြမယ် သို့ စကားစလိုက်မိမှ ငါ့ခွေးကြီး 'အုန်းခွံ'ကို သတိရ လွမ်းမိပါရဲ့နော်၊ ဟဲ့ သမီး''ဟု အဘွားကြီးက ပြောရင်း သမီးဖြစ်သူကို လှမ်းပြောလိုက်သည်။

''ဟုတ်ပါရဲ့ အမေ၊ ကျွန်မတို့ ခွေးကြီးကိုလေ စဉ်းစားမိလေ ထူးထူးတင်လေ၊ သနားလေပဲ၊ ဒါလောက် လိမ္မာလိမ့်မယ်၊ သိတတ်လိမ့်မယ် လို့ လုံးလုံး မထင်မိဘူး''

ဟု သမီးဖြစ်သူက လွမ်းလွမ်းတတဖြင့် ပြန်ပြောသည်။

www.burmeseclassic.com



"အေးပေါ့ သမီးရဲ့၊ စကားပုံရှိတယ် မဟုတ်လား၊ ခွေးနဲ့ နှိုင်းအပ်တယ်၊ မနှိုင်းအပ်တယ်တော့ မသိဘူး၊ ဘာတဲ့… စိန်ကဲကျောက်ကဲသာ ခတ်ရလွယ်တယ်၊ လူကဲခတ်ရ မလွယ်ဘူးဆိုတာလိုပေါ့။ တို့ခွေးကြီး အုန်းခွံကိုလည်း ခွေးအကဲခတ်ရ မလွယ်ကြတော့ အလကားခွေးကြီး၊ အပျင်းကြီး၊ ငပေါကြီး ဆိုပြီး ကလေးတွေကအစ မကြောက်ကြဘူး၊ တွေ့ရင် ခြေနဲ့ခတ်သွားကြတယ်၊ တုတ်နဲ့ ပစ်သွားကြ၊ ခဲနဲ့ ပေါက်ကြနဲ့…"

အဘွားကြီးက ပြောသောအခါ မခင်ရွှေက မေးလိုက်သည်။

"အဲဒီလို ကလေးတွေက ကန်ကြ၊ ပစ်ကြလုပ်တော့ ဘွားဘွားခွေးကြီးက မဟောင်ဘူးလား၊ မကိုက်ဘူးလား"

အဘွားကြီးက ရယ်ရယ်မောမော ပြန်ဖြေသည်။

"ဘာမှ မလုပ်ဘူးကွဲ့၊ သူ့ဘာသာသူ လွတ်အောင် ရှောင်နေတယ်။ မလွတ်လို့ ထိသွားရင်လည်း အော်ခြင်း၊ ဟစ်ခြင်း၊ ဟောင်ခြင်း မလုပ်ရှာပါဘူး။ နောက်တော့ ကလေးတွေကလည်း သူ့ကိုစရမှာ ပျင်းလာကြဟန် တူပါတယ်၊ ပစ်လား၊ ခတ်လား မလုပ်ကြတော့ပါဘူး။ တွေ့တဲ့အခါသာ ဟော့- ခွေးငပေါကြီးလို့ အော်ရုံပဲ အော်သွားကြတော့တယ်လေ"

"ဘွားဘွားတို့ ငယ်မွေးခဲ့ပေါက် ခွေးပဲလား"

"မဟုတ်ဘူး လုံမလေးရဲ့၊ အုန်းခွံကြီးကို ပြောရမယ်ဆိုရင် ရာဇဝင်ကြောင်းတွေ အတော်ရှည်သား"

"ဟုတ်ကဲ့ ဘွားဘွား၊ ရေပြာအိုင်ရွာနဲ့ ပတ်သက်တာတွေက နားထောင်မငြီးနိုင်အောင် ဖြစ်နေတော့ ဘွားဘွားကို အားနာလို့သာ၊ ရှည်ရှည် ပြောနိုင်လေ၊ အဆက်မပြတ် ပြောနိုင်လေ ကျွန်မ အကြိုက်တွေ့လေပေါ့ ဘွားဘွားရယ်"

"အေးပါကွယ် ဘွားဘွား မမောဘဲ ကြာကြာပြောနိုင်အောင် ဖြည်းဖြည်း ဖြည်းဖြည်း ပြောပြမယ်ကွဲ့၊ တစ်လုံးချင်း ပြောပြနေလို့ နားထောင်ရတာ ပျင်းတယ်တော့ မဖြစ်နဲ့နော် မိန်းကလေး"

"မပျင်းဘူး ဘွားဘွား၊ စိတ်ချ"

မခင်ရွှေက ကတိပေးလိုက်သည်။

"အေး… အေး ဒီလိုကွဲ့"



ဟု အဘွားကြီးက အစချီကာ သူ့ခွေးလိမ္မာကြီး အုန်းခွံအကြောင်းကို ခရေစေ့တွင်းကျ ပြောပြသည့်အတိုင်း မခင်ရွှေကလည်း တစ်လုံးမှ မလွဲရအောင် သေသေချာချာ မှတ်သားလေတော့သည်။

■

ကားလမ်းဘေးနှစ်ဖက်တွင် စားသောက်ဆိုင်တွေ၊ တည်းခိုခန်းတွေဖြင့် အလွန်စည်ကားနေသော ရေပြာအိုင်စခန်းတွင် ထုံးစံအတိုင်း ခွေးလေခွေးလွင့်တွေ တစ်ပြုံတစ်ခေါင်း လာရောက် စုဝေးနေကြသည်။ စားကြွင်းစားကျန်တွေရှိလျှင် ခွေးလေ ခွေးလွင့်တွေ ရောက်လာသည်က အဆန်းမဟုတ်ပေ။ စားကြွင်းစားကျန်တွေကို ကောက်စားနေသော ခွေးလေ အုပ်စုတွင် သမင်ရောင်အမွေးနှင့် ခွေးမကြီးတစ်ကောင်ကား အခြားခွေးတွေထက် ကိုယ်လုံးကိုယ်ထည် ကြီးမားထွားကျိုင်းသည်။ ကြည့်ရသည်မှာ ခြင်္သေ့ပေါက်စနှင့်ပင် တူသေးတော့သည်။ ရေပြာအိုင်စခန်းရှိ ဆိုင်တွေက ဤခွေးမကြီးကို နှစ်သက်စိတ်ကျကြသည် ဖြစ်၍ စွဲစွဲမြဲမြဲ မွေးချင်ကြသည်။ ထို့ကြောင့် ခွေးမကြီးကို လက်ဖြင့်ကိုင်ပြီး ကျွေးမွေးကြည့်ကြသည်။ အချို့ကမူ ဟုတ်လေသလား၊ မဟုတ်လေသလား မသိ၊ တိရစ္ဆာန်ကို ကျွေးလျှင် အစာထဲမှာ မိမိတံတွေးကို ထွေးထည့်ပြီး ကျွေးလျှင် တိရစ္ဆာန်က ခင်မင်သည်ဟူသော အယူအဆဖြင့် အစားကောင်း၊ အသောက်ကောင်းတွေထဲမှာ တံတွေး ထွေးထည့်ပြီး ကျွေးကြသည်။

သူ့ကိုမွေးထားချင်သော စိတ်ဖြင့် ကျွေးကြသည်ကို ခွေးမကြီးက စားတော့ စားသည်။ သို့သော် ဂရုစိုက်ပြီး အမြဲကျွေးနေသည်ဟူသော အသိအမှတ်စိတ်ဖြင့် တွေ့သည့် မြင်သည့်အခါ အမြီးနန့်ပြခြင်းဖြင့် အမူအရာပြသည်က လွဲပြီး မည်သူကမျှ စွဲစွဲမြဲမြဲ ခေါ်ထား၍ မရချေ။

ညအချိန်ရောက်လာလျှင် အခြားခွေးတွေက ဆိုင်တွေ အပြင်ဘက်မှာသော် လည်းကောင်း၊ လမ်းစောင်းမှာသော် လည်းကောင်း အိပ်ကြ၊ နေကြသည်။ ခွေးမကြီးကား အိပ်ချိန်တိုင်လာလျှင် မော်တော်ကားလမ်း ဟိုဘက်တောထဲသို့ ပြန်ဝင်သွားတတ်သည်ကို စခန်းရှိ လူတွေက သတိထားမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ခွေးသဘာဝ ပျော်ချိန်ပါးချိန် တန်လျှင်လည်း အခြားခွေးတွေနှင့် ရောနှောခြင်းမရှိဘဲ ဘာသိဘာသာ နေထိုင်သော ခွေးမကြီးသည် သူပြန်အိပ်လေ့ရှိသော တောထဲမှာ သူ့သဘောကျသော ချစ်သူ တွေ့လာဟန်တူသည်။ ဗိုက်ီးရှိသော အမှတ်လက္ခဏာက တဖြည်းဖြည်း ထင်ရှားလာသည်။

"ဒီမှာရှိတဲ့ ခွေးတွေနဲ့ တစ်ကောင်မှ အရောမဝင်ဘဲနဲ့ ခွေးမကြီး ဗိုက်ီး ရှိလာပြီဟ၊ တောထဲမှာ ဘာကောင်တွေနဲ့ တွေ့လာပါလိမ့်၊ တောခွေးတွေနဲ့များ ခင်လာသလား"

ခွေးမကြီးကို စိတ်ဝင်စားနေသူများက ထင်ကြေးပေးကြသည်။

ခွေးမကြီးမွေးလျှင် မိမိတို့ထံမှာ မွေးအောင် အထူး ဂရုစိုက်ပြီး ကျွေးကြသည်။ သို့သော် ခွေးမကြီးကား ထုံးစံအတိုင်း ခပ်တည်တည်ပင်။

ခွေးမကြီး ဘယ်သူ့ဆိုင်ခန်းအောက်မှာ မွေးပါမည်လဲဟု သတိထားကြည့်နေကြရာ မွေးချိန်တန်သော ရက်လောက်ဝယ် ရေပြာအိုင်စခန်းတွင် ခွေးမကြီးကို မမြင်ကြတော့ချေ။

"သူ့ဘာသာသူ တောထဲသွား မွေးနေပြီ ထင်ပါရဲ့၊ ခွေးမကြီး ကလည်း စခန်းကြီးသလို၊ မာနကြီးသလိုနဲ့၊ အာဂ ခွေးမကြီး"

ဤမျှလောက်သောစကားကို ပြောကာ လူတွေက မေ့မေ့ပျောက်ပျောက်ပင် နေလိုက်ကြသည်။ သို့သော် ထိုတောတန်းဘက်သို့ တစ်ခါတစ်ရံ အကြောင်းကိစ္စရှိ၍ ရောက်သွားကြသူတွေက ခွေးမကြီးကို သတိရသောအားဖြင့် တောအုံချုံကြားတွေကို သတိထားကြည့်ကြသည်။ ခွေးမကြီးကို တွေ့သည်။ သူ့ကို ကျွေးမွေးနေသော ရေပြာအိုင်စခန်းမှ လူတွေ ဖြစ်ကြောင်းကို ခွေးမကြီး မေ့ဟန် မတူချေ။ တွေ့သောလူကို အမြီးနှန့်ပြသည်။ ပြေးလာပြီး ဦးခေါင်းဖြင့် ပွတ်သည်။ တွေ့သောသူက အစားကျွေးပြီး ခေါ်လျှင် တောစပ်အလွန်ထိတော့ လိုက်လာသည်။ စခန်းအထိ မလိုက်လာချေ။ ခွေးမကြီး ဘယ်နေရာမှာ သားမွေးထားသည်ကို သိလို၍ ခွေးမကြီး ပြန်ဝင်သွားရာ တောထဲကို လူတွေက နောက်ယောင်ခံလိုက်သွားလျှင် ပါးနပ်လှသော ခွေးမကြီးသည် သူ့နောက်ကို လူလိုက်နေကြောင်း ရိပ်မိဟန်တူသည်။ တောထဲကို ဆက်မဝင်တော့ဘဲ တစ်နေရာမှာ ဝပ်နေလေသည်။ လူတွေ မပြန်မချင်း ဘယ်ကိုမှ မထတော့ချေ။ လူတွေကသာ အချိန်ကုန် မခံနိုင်၍ ပြန်လာခဲ့ကြရသည်။

ရက်ပေါင်း နှစ်ဆယ်လောက် ကြာသောအခါ၌မူ ခွေးမကြီးသည် ရေပြာအိုင်ရွာစခန်းကို ခါတိုင်းလို အချိန်မှန်မှန် ရောက်လာပြန်သည်။



ပြန်ရောက်လာသော ခွေးမကြီးသည် ခါတိုင်းလို အချိန်ကြာကြာ မနေတော့ဘဲ ကျွေးမွေးသည်များကို စားသောက်ပြီး ပြန်သွားသည်။ သူပြန်သွားသောအခါ၌ သူ့အတွက် ကျွေးမွေးထားသော အစာကို ကုန်အောင်မစားဘဲ ထမင်းခဲဖြစ်စေ၊ အရိုးအရင်း ဖြစ်စေ ပါးစပ်ထဲမှာ ကိုက်ချီပြီး ပြန်သွားတတ်သည်ကို တွေ့ကြရသောအခါ သားသမီးအတွက် မိခင်စိတ်ရှိသော ခွေးမကြီးကို ပိုပြီး သနားကြရသည်။

'ဒီခွေးမကြီးက သိပ်လှတာ၊ ဘယ်လိုခွေးမျိုးနဲ့တွေ့ပြီး မွေးတဲ့ကလေးတွေက ဘယ်လောက်များ လှနေလဲ မသိဘူး'

ဟူသော စိတ်မျိုးဖြင့် ခွေးမကြီးကမွေးသော ခွေးကလေးတွေကို လူတော်တော်များများက လိုချင်နေကြသည်။ ခွေးမကြီး သားမွေးပြီး တစ်လမျှ ကြာသောအခါ ကိုဘိုးအောင်နှင့် မရွှေအိမ်တို့ထံ ရောက်နေပြီးဖြစ်သည့် ကိုသာပေါ်က ကိုဘိုးအောင်နှင့် မရွှေအိမ်တို့ ထင်းခွေ၊ ဟင်းရွက်ခူးအသွားမှာ လိုက်လာသည်။

ကိုရင်သာပေါ် မလိုက်စဖူး လိုက်လာသည့်အတွက် ကိုဘိုးအောင်တို့ဇနီးမောင်နှံက အံ့သြမိသေးသည်။ ကိုဘိုးအောင်တို့ ဇနီးမောင်နှံ အံ့သြသည်ကို ရိပ်မိဟန်တူသော ကိုရင်သာပေါ်က -

"ကျုပ်က ခွေးမကြီးမွေးထားတဲ့ ကျင်းကို တွေ့လာခဲ့လို့ လိုက်လာတာဗျ၊ အဲဒီ ခွေးလေးကို ခင်ဗျားတို့ ယူမွေးထားကြ၊ သိပ်ကောင်းတဲ့ခွေးကလေး"

ဟု စတင် ပြောလိုက်သည်။

"ဟုတ်လား ကိုရင်သာပေါ်၊ ဒီခွေးမကြီး ဝပ်ကျင်းကို လူတော်တော်များများ ရှာနေကြတာ မတွေ့ကြဘူး၊ ခင်ဗျားက ဘယ်လိုရှာတွေ့တာလဲ"

ကိုဘိုးအောင်က စိတ်ဝင်စားစွာ မေးသည်။

"ခွေးမကြီးနောက် တကောက်ကောက်လိုက်ကြည့်လို့ ဘယ်တွေ့မှာလဲ ကိုဘိုးအောင်၊ ခွေးမကြီးက စခန်းဆိုင်စုတွေမှာ အစာလာစားနေချိန်မှာ ကျုပ်က တောထဲသွားနှင့်ပြီး ခွေးမကြီးဝင်တတ်တဲ့ သစ်ပင်အုပ်စုက သစ်ပင်မြင့်မြင့် တစ်ပင်ပေါ် တက်နေနှင့်တယ်လေ။ အဲဒီပေါ်က ခွေးမကြီးကို စောင့်ကြည့်နေရတာပေါ့။ အမြင့်ကဆိုတော့ ပိုပြီး သေသေချာချာမြင်ရတယ်။ သူ့သားလေးထားတဲ့ ဝပ်ကျင်း ဘယ်နေရာမှာဆိုတာ ရောက်တော့ သိရမှာပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်သာပေါ်က ပြန်ဖြေသည်။ ထို့နောက် စကားမပြောမိကြတော့ဘဲ ခရီးတွင်စေရန် ခြေလှမ်းသွက်သွက်ဖြင့် လာခဲ့ကြသည်။ တောစပ်မှ အတွင်းသို့ ဝင်မိ၍ ကွမ်းတစ်ယာညက်မျှ ကြာသောအခါ ကိုရင်သာပေါ်က ပြောသည်။

"ဟောဟိုရှေ့က လှိုဏ်ကလေးထဲမှာဗျ"

ထိုအချိန်၌ ခွေးမကြီး မရှိချေ။ မော်တော်ကားလမ်းဘေးက ရေပြာအိုင် စခန်းဆိုင်စုတွင် အစာ စားနေချိန် ဖြစ်သည်။ သုံးယောက်သား လှိုဏ်ကလေးထိပ်သို့ ရောက်လာကြသည်။ ပြေးဆင်းသွားသော နိမ့်ယောင်ယောင် ချိုင့်ထဲမှ တော်တော်ထူထပ်သော ချုံတစ်ချုံကို တွေ့ရသည်။ ချုံအပြင်ဘက်တွင်ကား အုန်းခွံရောင် ကတ္တီပါစဖြင့် အချိုးအဆက် ကျနစွာ ချုပ်ကိုင်ပြီး အလှပြထားသော ခွေးရုပ်တစ်ရုပ်လို ထွားကျိုင်းသန်မာ၍ ချစ်စရာကောင်းလှသော ခွေးကလေးတစ်ကောင်သည် ကြွားကြွားကြွကြွ ခြသေ့ထိုင် ထိုင်ကာ သူတို့ သုံးယောက်ကို ကြည့်နေသည်ကို တွေ့ရသည်။

"အောင်မယ်လေး လှလိုက်တဲ့ ခွေးကလေးတော်"

မရွှေအိမ်နှုတ်မှ ကိုချင်မက်မောလှစွာ အသံထွက်လာသည်။

"အေးဟာ၊ တော်တော့်ကိုလှတဲ့ ခွေးကလေးဟ"

မရွှေအိမ်စကားကို ကိုဘိုးအောင်က ထောက်ခံသည်။

"အဲဒီ ခွေးကလေးကို ခင်ဗျားတို့ ယူမွေးထားကြ"

ကိုရင်သာပေါ်က ပြောပြောဆိုဆို ခွေးကလေးရှိရာကို ဆင်းသွားသည်။

"ခွေးကလေးက တစ်လသားလောက်သာ ရှိသေးပေမယ့် နည်းတဲ့အကောင်မဟုတ်ဘူး ကိုရင်သာပေါ်၊ ကိုရင့်ကို ကိုက်ထားဦးမယ်"

မရွှေအိမ်က စိုးရိမ်စိတ်ဖြင့် လှမ်းအော်သည်။

"ကြည့်ပါဦးလေ ငါ့နှမရဲ့"

ကိုရင်သာပေါ်က ပြန်ပြောသည်။

ခွေးကလေးသည် သူ တစ်ကြိမ် တစ်ခါမျှ မမြင်ဖူးသည့် လူစိမ်းတစ်ယောက်ပင် ဖြစ်လင့်ကစား ကိုရင်သာပေါ်ကို ကြောက်လန့်သည့် အမူအရာ အလျှင်းမရှိဘဲ မထီလေးစားအသွင်ဖြင့် နေမြဲတိုင်း နေရာမှ မလှုပ်မယှက် ကြည့်မြဲတိုင်း ကြည့်နေသည်။ အသက်ရှုနေသည်ကို မြင်နေရ၍သာ



သက်ရှိသတ္တဝါဖြစ်ကြောင်း သိနေရသည်။ ခွေးကလေး၏ အနေအထားမှာ တကယ့် ကတ္တီပါအရုပ်အတိုင်းပင်။

ကိုရင်သာပေါ်က ခွေးကလေးကို ကောက်ယူ ချီပွေ့လိုက်၏။ ထိုအခါမှ ခွေးကလေးသည် လျှပ်ပြက်ဘိသို့ လျင်မြန်စွာ ကိုရင်သာပေါ်လက်ထဲမှ ရုန်းကန်ခုန်ချပြီး လှိုဏ်ထဲသို့ ပြေးဝင်သွားလေသည်။

"လာကြဟေ့၊ သူနေတဲ့နေရာ ဝင်ကြည့်ရအောင်"

ဟု ကိုရင်သာပေါ်က လှမ်းခေါ်သည်။

"ဟုတ်မှလည်း လုပ်နော် ကိုရင်၊ ကျင်းထဲမှာ ဘယ်နှကောင်ရှိနေမှန်း မသိရဘဲနဲ့ အရမ်းဝင်သွားလို့ ဝိုင်းကိုက်လွှတ်ဦးမယ်၊ အသက်သာငယ်ကြသေးတာ၊ သူတို့ အကောင်အထည် ဗလက သေးတာ မဟုတ်ဘူး"

မရွှေအိမ်က ပြန်ပြောသည်။

"တစ်ကောင်တည်း မွေးထားတာဟဲ့၊ လာဗျာ ကိုဘိုးအောင်"

ကိုရင်သာပေါ်က ကြောက်တတ်သော မရွှေအိမ်ကို မခေါ်တော့ဘဲ ကိုဘိုးအောင်ကိုသာ လှမ်းခေါ်သည်။

"ကိုရင်သာပေါ် တစ်ယောက်လုံး ရှေ့က သွားနေမှပဲ၊ ကိုရင်သာပေါ်ကို နင် မယုံဘူးလား၊ ကြောက်တတ်ရန်ကော ရွှေအိမ်ရယ်"

ကိုဘိုးအောင်က ပြောပြောဆိုဆို လှိုဏ်ထဲကို ဆင်းသွားသည်။ ထိုအခါမှ မရွှေအိမ်က -

"ကျုပ်က စိုးရိမ်လို့ ပြောတာပါတော်"

ဟု ဆိုကာ ကိုဘိုးအောင်နောက်က လိုက်လာသည်။

လှိုဏ်ထဲမှာကား ဥမင်လိုဏ်ခေါင်းသဖွယ် တူးထားသော ကျင်းကြီးမှာ ခွေးမကြီးသားအမိ ချောင်ချောင်ချိချိ အိပ်နိုင်အောင်ပင် ကျယ်သည်ကို တွေ့ရသည်။ ကျင်းကြီးမှာ ညစ်ပတ်ပေကျံခြင်း မရှိဘဲ မြေကြီးသိပ်သိပ်သည်းသည်းနှင့် သန့်သန့်ရှင်းရှင်းပင် ဖြစ်သည်။

လိုဏ်ခေါင်းလို ဖြစ်နေသော ကျင်းအဝတွင်ကား ခွေးကလေးသည် ဝင်လာသော ကိုရင်သာပေါ်တို့ရှိရာ မျက်နှာမူပြီး ခြသေ့ကလေးသဖွယ် ဆောင့်ကြောင့်ထိုင်နေသည်မှာ ချစ်စရာကောင်းလှသည်။ ခွေးကလေး၏ အမူအရာကား ကြောက်ရွံ့ထိတ်လန့်ဟန် လုံးဝ မရှိချေ။ သူ မမြင်ဖူးသော ထူးဆန်းသည့် သတ္တဝါတွေကို စူးစမ်းသော ကြည့်နည်းမျိုးဖြင့် ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်သာပေါသည် ခွေးကလေးကို ကောက်မချီတော့ဘဲ ရပ်ကြည့်ရုံသာ ကြည့်နေပြီး ပြောသည်။

"နေရာကို သိနေပြီးမှတော့ ခင်ဗျားတို့ စားကောင်းသောက်ဖွယ် ကလေးတွေ ယူလာပြီး ခွေးမကြီးသားအမိကို ကျွေး၊ ခင်မင်အောင်ပေါင်း၊ ခွေးကလေးကို ချက်ချင်း ယူသွားရင် ခွေးကလေးကလည်း နေမှာ မဟုတ်ဘူး၊ ခွေးမကြီးကလည်း ခင်ဗျားတို့ကို ရန်မူလိမ့်မယ်၊ သူတို့ အလိုအလျောက် ခင်လာမှ ကောင်းမှာကိုး၊ နေရာကို သူများ မသိစေနဲ့၊ ဒီခွေးကလေးကို မွေးဖြစ်အောင် မွေးကြ"

ကိုရင်သာပေါက လေးလေးနက်နက် တိုက်တွန်းသည်။

ကိုဘိုးအောင်နှင့် မရွှေအိမ်ကလည်း ခွေးကလေးကို မြင်လျှင် မြင်ချင်း ချစ်နေကြပြီဖြစ်ရာ ကိုရင်သာပေါက မတိုက်တွန်းစေကာမူ ရအောင် ကြိုးစား ယူပြီး မွေးကြမည်သာ ဖြစ်သည်။ ကိုရင်သာပေါက ဆက်ပြော၏။

"ကျုပ်တစ်ယောက်တည်း လာတဲ့အခါက ခွေးကလေးကို သေသေချာချာ ကြည့်ခဲ့ဖူးတယ်။ အဲဒီတုန်းက ကျုပ်တစ်ယောက်တည်းဆိုတော့ ခွေးကလေးက အခုလို မရုန်းမကန်ဘူး။ သူ့လျှာမှာ စက်တွေ အတန့်လိုက်ပါ တယ်။ အာခေါင်မှာလည်း စက်တွေ အတန့်လိုက် ရှိနေတယ်။ ဒီလိုခွေးမျိုး ဟာ သိပ်ရှားတယ်။ အကောင်တစ်ထောင်မှာ တစ်ကောင် မရှိဘူး။ အာနဲ့ လျှာမှာ စက်ပါတဲ့ခွေးဆိုရင် မြွေတွေက သိပ်ကြောက်တာပေါ့ ကိုဘိုးအောင်၊ ဘယ်လောက် အဆိပ်ပြင်းတဲ့မြွေဖြစ်ဖြစ် ဒီလိုခွေးမျိုးသာ လွှတ်ပေးလိုက်စမ်း ပါ ခွေးကိုက်သတ်လို့ မြွေစင်းစင်းသေတာပေါ့"

"မြွေက ခွေးကို မကိုက်ဘူးလား"

မရွှေအိမ်က မေးသည်။

"မြွေကလည်း သူ့အသက်ဘေးကို ကာကွယ်ရမှာဆိုတော့ ကိုက် တာပေါ့ ငါ့နှမ၊ ဒါပေမဲ့ ခွေး မသေဘူး၊ အင်မတန်ပြင်းတဲ့ မြွေအဆိပ်မျိုး ဆိုရင် ဥပမာ ငန်းတော်ကျားလို မြွေမျိုး ဆိုပါတော့၊ နှစ်ရက်၊ သုံးရက်လောက် ကြာတော့ ခွေးမှာ ရောင်ရမ်းနေတယ်။ နောက် သူ့အလိုအလျောက် ပျောက် သွားတာပဲ၊ အဲဒီလို မရောင်ရမ်းရအောင် သခင်က ဂရုစိုက်ရတယ်"

ကိုရင်သာပေါစကားကို မရွှေအိမ်က စူးစူးစိုက်စိုက် နားထောင် နေရာမှ-



"ဘယ်လို ဂရုစိုက်ရမှာလဲ ကိုရင်"ဟု မေးသည်။

"မြွေကိုက်မိတဲ့ နေရာကို နဂါးစက်ဥ သွေးလိမ်းပေးလိုက်ပေါ့။ အာစက်လျှာစက်ပါတဲ့ ခွေးကိုသာ နဂါးစက်ဥ သွေးလိမ်းပေးလို့ အဆိပ်ကျ မှာနော်၊ မြွေကိုက်ခံရတဲ့လူကို နဂါးစက်ဥ သွားလိမ်းမပေးနဲ့ မရဘူး"

ကိုရင်သာပေါက ပြောပြသောအခါ ကိုဘိုးအောင်က ရယ်သည်။

"သေသေချာချာ ပြောပြ ကိုရင်သာပေါ၊ ရွှေအိမ်က တော်တော် ရယ်၊ ကုန်းထိပ်စေတီအိုမှာ တွေ့လာခဲ့တဲ့ နှစ်ယောက်ကိုတောင် လူအစစ် ထင်ပြီး အကူအညီပေးဖို့ သွားကြိုးစားသေးတာပဲ"

ကိုဘိုးအောင်စကားကို မရွှေအိမ်က မရယ်နိုင်ပေ။

"သြော်- ကျုပ်က လူအစစ် ထင်တာကိုး၊ သနားပါတယ်နော် ရှိကြသေးလား၊ လွတ်ရာ ကျွတ်ရာ သွားကြပြီလား မသိဘူး"

မရွှေအိမ်က ကြင်နာစွာ ပြောသည်။

"ကဲ- ပြန်ကြစို့၊ ကျုပ်ပြောတဲ့အတိုင်း ရအောင်သာ ကြိုးစား မွေးကြပေတော့"

ကိုရင်သာပေါက စကားဖြတ်ပြောလိုက်သဖြင့် သုံးယောက်လုံး လှိုဏ် ထဲမှ ပြန်တက်လာခဲ့ကြသည်။

■

"ဘွားဘွားပြောတဲ့ ခွေးလိမ္မာဆိုတာ အဲဒီ ခွေးလေးလား"

အဘွားကြီး အနားယူ စကားဖြတ်လိုက်သည့်အခိုက် မခင်ရွှေက မေးသည်။

"ဟုတ်တာပေါ့ ဆရာမလေးရယ်"

"ဘွားဘွားတို့ ယူလာတော့ အဲဒီခွေးက ကိုက်ကောလား"

"ဟဲ ဟဲ ဟဲ ဟဲ … မကိုက်ပါဘူးကွယ်၊ ခွေးက သဘောကောင်း လိုက်တာမှ အခုတင် အဘွားပြောခဲ့တဲ့ အတိုင်းပေါ့။ ဒါပေမဲ့ အဘွားတစ်ခုတော့ စိတ်မကောင်းဘူးကွယ်"

"ဘယ်လို စိတ်မကောင်းတာလဲ အဘွား"

"ကိုရင်သာပေါက ဒီခွေးကလေးကို ယူမွေးဖို့ အဘွားတို့ကို တိုက်တွန်းခဲ့တယ်ဆိုတာ အဘွား ပြောခဲ့တယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အဘွား"

"အေး … ကိုရင်သာပေါ် တိုက်တွန်းတဲ့ အတိုင်း ခွေးကလေးကို ယူမွေးပြီး နှစ်ရက်လောက်မှာ ကိုရင်သာပေါ်ကို နဂါးအကိုက်ခံရတဲ့ လူနာက လာပင့်တယ်။ အဲဒီ လူနာကို ကုပြီးတဲ့နောက် ကိုရင်သာပေါ် ပျောက်သွားတယ်လို့ အဘွားပြောခဲ့တာ မှတ်မိလား"

"ဪ - ကိုရင်သာပေါ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက သူ့အပြီးထွက်သွားရတော့မယ်ဆိုတာ သိလို့များ ဒီခွေးကလေးကို ယူမွေးဖို့ တိုက်တွန်းခဲ့တာများလား အဘွားရယ်"

"အဲဒီလိုပဲ ယူဆရတာပဲကွဲ့။ အဘွားလည်း စိတ်မကောင်းပါဘူး"

"ခွေးကလေးကကော ကိုရင်သာပေါ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီး ပြောသလို မြွေကို နိုင်တယ်ဆိုတာကော တကယ်ပဲလား ဘွားဘွား"

"နိုင်တာကတော့ တကယ်ပဲ မိန်းကလေး"

"ဘယ်လို နိုင်တာလဲ အဘွားရယ်၊ ပြောပြပါဦး"

"ခွေးကလေး လျှာနဲ့အာမှာ စက်အတန့်တွေ ရှိတယ်ဆိုတဲ့ သတင်းကြားကြတော့ စမ်းချင်တဲ့ သူတွေကလည်း ပေါ်လာကြတယ်လေ။ သူတို့အိမ်ဝင်းထဲ ခြံဝင်းထဲမှာ မြွေတွင်းတွေ့ပြီလားဆိုရင် အိမ်ကို ပြေးလာကြရော။ ခွေးကလေး နာမည်ကို အဘွားတို့က 'အုန်းခွဲ' လို့ နာမည်မှည့်ထားတာ တစ်ရွာလုံးက သိကြတော့ အုန်းခွဲရေ… လာဟေ့ မြွေတွင်း တူးရအောင် ဆိုရင် နားလည်တယ်၊ ကောက်ကောက်ပါအောင် လိုက်သွားတော့တာပဲ။ လူက မြွေတွင်းကို တူးပေးလိုက်ပြီး နောက်ဆုတ်နေရုံပဲ၊ ထွက်လာတဲ့မြွေကို အုန်းခွဲက ခါးလယ်တည့်တည့်ကို ဝင်ကိုက်ပြီး ခါလိုက်တယ်။ မြွေဟာ အဆစ်တွေ ပြုတ်ပြီး တစ်ကိုယ်လုံး ပျော့ခွေသွားတော့ မလှုပ်နိုင်တော့ဘူးပေါ့ကွယ်။ ဒီတော့မှ လူတွေက ယူပြီး ကြိုက်သလို လုပ်လိုက်တာပေါ့"

"ဟုတ်ကဲ့ ဘွားဘွား၊ ခွေးကြီး လိမ္မာတာတွေ ပြောပါဦး"

"အဘွားပြောခဲ့သလိုပေါ့ကွယ်၊ အုန်းခွဲက သဘောကောင်းလွန်းအားကြီးတော့ အကောင်အထည်ကြီးက အင်မတန်ထွားကျိုင်းပြီး အဟာန့်ကောင်းပေမယ့် ကလေးတွေကအစ မကြောက်ဘဲ ဖြစ်နေကြတယ်။ တချို့ဆိုရင် သူ့ခိုးနင်းမိလို့ စင်းစင်းသေမယ့် ခွေးမျိုးလို့တောင် နှိမ့်နှိမ့်ချချ ပြောကြတာ ခံရတယ်"

မခင်ရွှေက ရယ်လိုက်သည်။



"ဟုတ်တယ် မိန်းကလေး၊ ဒါကြောင့်လည်း သူ့ခိုးက အထင်သေးပြီး၊ သူ့ခိုးတင်မကပါဘူးကွယ် ဓားပြကပါ အထင်သေးတယ် ဆိုပါတော့"

"ဒါနဲ့ပဲ ဘွားဘွားအိမ် ဓားပြတိုက်ကောလား"

မခင်ရွှေက ထောက်လိုက်သည်။

"ဟုတ်တာပေါ့ မိန်းကလေးရယ်၊ ဓားပြတိုက်လိုက်တာမှလေ အုန်းခွဲသာ မကောင်းရင်လေ အဘွားတို့မိသားစု သူတောင်းစားဖြစ်ပြီပေါ့။ ဘယ် ဒီလိုအိမ်ကလေး၊ ရာကလေးနဲ့ နေနိုင်ပါလိမ့်မလဲ။ မိန်းကလေးကိုလည်း ဘယ် ဒီလို အိမ်ပေါ်တင်ထားနိုင်ဖို့ နေနေသာသာ အဘွားတို့သားအမိတောင် ဇရပ်ကြို ဇရပ်ကြား ရောက်နေပြီပေါ့"

စကားပြောရင်း အဘွားကြီး မောနေပြီကို သိရသော မခင်ရွှေက အလိုက်သိစွာ ရေတစ်ခွက် ခပ်ပြီး ရှိသေစွာ ပေးလိုက်သည်။ အဘွားကြီးက ရေကို နှစ်ခြိုက်စွာ သောက်ပြီးသောအခါ စကားဆက်ပြောသည်။

"ဓားပြတိုက်ခံရတဲ့ အချိန်က ကိုဘိုးအောင် မရှိတော့ဘူးလေ၊ ဆုံးသွားရှာပြီ။ သားအမိနှစ်ယောက်တည်း နေရပြန်၊ အုန်းခွဲကိုလည်း လူတွေက အထင်သေးပြန်ဆိုတော့ အားကိုးအားထား မရှိတဲ့ မုဆိုးမသားအမိဆိုပြီး ဓားပြကလည်း တိုက်လိုက်တာနဲ့ တူပါတယ်ကွယ်၊ အဲဒီညက ဓားပြတိုက်ပုံများကို အဘွားလေ သေသေချာချာ မှတ်မိနေသေးတယ်ကွဲ့"

အဘွားကြီး မှတ်မိမည်ဆိုကလည်း မှတ်မိလောက်ပါသည်။ ထိုနေ့ညသည် လမိုက်ရက်လည်း ဖြစ်သည်။ မိုးကလည်း တစိမ့်စိမ့်ရွာနေသည်ဖြစ်ရာ တစ်နေ့တာ အလုပ်ပင်ပန်းထားကြသော ရွာသူရွာသားများသည် တစ်အိမ်နှင့်တစ်အိမ် ကူးသန်းခြင်းပင် မရှိကြတော့ဘဲ မိုးအေးအေးနှင့် ကိုယ့်အိမ်ထဲမှာပင် ကိုယ်ကွေးကာ အိပ်မောကျနေဟန်ဖြင့် တစ်ရွာလုံး ဆိတ်ငြိမ်နေလေသည်။ ခော်တော်ကားလမ်းဘေး ရေပြာအိုင်ရွာစခန်း ဈေးဆိုင်ထွက်နေသူတွေက များသောကြောင့် ရွာထဲမှာ အိမ်စောင့်လောက်သာ လူရှိနေကြသည့်အတွက် ရွာထဲမှာလည်း လူနည်းနေသည်။

ကိုရင်သာပေါ်လည်း မရှိ၊ ကိုဘိုးအောင်လည်း မရှိတော့၍ မရွှေအိမ်အားငယ်မိပါသည်။ သားအမိနှစ်ယောက် တံခါးလုံလုံပိတ်ကာ သတိထားနေကြရပါသည်။ မိုးမရွာသော ညဆိုလျှင် အုန်းခွဲသည် အိမ်အပြင်ဘက် ဝိုင်းပေါက်ချက်မှာသာ အိပ်တတ်သည်။ မိုးရွာသောညမှာမူ မရွှေအိမ်တို့ သားအမိက

www.burmeseclassic.com

www.burmeseclassic.com



အုန်းခွံကို သနားသောကြောင့် အိမ်ထဲ သွင်းသိပ်သည်။ ယခုည မိုးတစိမ့်စိမ့် ရွာနေသောကြောင့် မရွှေအိမ်က ဖိနပ်ချွတ်တွင် အိပ်နေသော အုန်းခွံကို အိမ်ထဲ ခေါ်သွင်းထားလိုက်သည်။ အုန်းခွံကား ခေါ်သွင်းလျှင်လည်း ဝင်အိပ်လိုက်သည်။ မခေါ်လျှင်လည်း မဝင်ဘဲ အပြင်မှာပင် အိပ်လိုက်သည်။

မရွှေအိမ်တို့ သားအမိက အိပ်ခန်းထဲမှာ အိပ်ကြသောအခါ အုန်းခွံသည် သူ့သခင်မနှစ်ယောက်အိပ်သော အိပ်ခန်းတံခါးဝမှာ ငြိမ်ငြိမ်သက်သက်ပင် ခွေနေသည်။ အိပ်ပျော်လေသလား၊ မပျော်လေသလား ဆိုသည်ကိုမူ မရွှေအိမ် မသိနိုင်ချေ။ သားအမိနှစ်ယောက် သတိထားနေကြသည် ဆိုသော်လည်း တဖြည်းဖြည်း ညဥ့်နက်လာသောအခါ၌မူ မိုးစိမ့်စိမ့်အေးအေးနှင့် မျက်ခွံတွေ လေးလာသောအခါ သားအမိနှစ်ယောက် အိပ်မောကျသွားကြလေသည်။

သန်းခေါင်ကျော်အချိန်တွင်ကား မိုးသည် ခပ်သည်းသည်းထန်လာသည်။ မိုးသည်းသည်းထန်နေသည့်အတွင်းက အုန်းခွံ၏ ဟိန်းသံကြောင့် မရွှေအိမ် အိပ်ရာမှ ဖျတ်ခနဲ နိုးလာသည်။

အိပ်မောကျနေသော သမီးကို အသာ လက်ကုတ်နှိုးလိုက်ပြီး သားအမိနှစ်ယောက်သည် နားစွင့်ထောင်လိုက်ကြသည်။ အုန်းခွံ၏ ဟိန်းသံကိုလည်း ကြားကြရသည်။ အိမ်အဝင်အထွက် တံခါးမကြီးကို ဖျက်ဆီးနေသံကိုလည်း ကြားကြသည်။ သားအမိနှစ်ယောက် အပြင်ကို မထွက်ဝံ့ဘဲ အခန်းထဲမှာ တစ်ယောက်ကို တစ်ယောက် ဖက်ပြီး ဆတ်ဆတ်တုန်နေကြသည်။ အုန်းခွံ ဟိန်းသံက ကျယ်လာသည်နှင့်အမျှ မိုးက သည်းထန်လာသောအခါ လေကပါ နောက်က လိုက်လာသည်။ မိုးရော၊ လေရော ပြင်းထန်လာသောကြောင့် အုန်းခွံ၏ဟိန်းသံနှင့် အိမ်တံခါးမကြီး ဖျက်ဆီးနေသံသည် သည်းထန်သော မိုးလေကို မထိုးဖောက်နိုင်ဘဲ မိုးသံလေသံအောက်မှာ ပျောက်နေသည်။ ဓားပြတွေကား အိမ်တံခါးမကြီးကို ဖျက်ဆီးပြီးသောအခါ မရွှေအိမ်တို့ သားအမိ အိပ်ခန်းအဝသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြသည်။

ထိုအချိန်ဝယ် အုန်းခွံ၏ အသံကို လုံးဝ မကြားရတော့ချေ။ ဓားပြများကား မရွှေအိမ်တို့ သားအမိ အိပ်ခန်းတံခါးကို ဖျက်ကြပြန်သည်။ အုန်းခွံ၏ ဟိန်းသံကြီးနှင့်အတူ ဓားပြများ၏ တံခါးဖျက်သံများပင် မိုးသံလေသံကို မထွင်းဖောက်နိုင်လျှင် ကြောက်လန့်ခြင်းဖြင့် တုန်ရီထစ်ငေါ့စွာ



အော်နေသော မရွှေအိမ်တို့သားအမိ၏ အော်သံသည် အဘယ်မှာလျှင် မိုးသံလေသံကို ထွင်းဖောက်နိုင်ပါမည်နည်း။

အိပ်ခန်းတံခါး ပွင့်သွားသည်။ အိပ်ခန်းထဲတွင် မှေးမှိန်စွာ ထွန်းထားသော မှန်အိမ်မီးရောင်ကလေး၏ မှုန်မွှားမွှား အလင်းရောင်ထဲဝယ် မျက်နှာကို အိုးမဲတွေ၊ ထုံးတွေ သုတ်ထားသော ဓားပြငါးယောက်ကို မရွှေအိမ်တို့သားအမိက ထိတ်လန့်စွာ မြင်နေရသည်။ ဓားပြတွေက သူတို့ သားအမိကို မသေချင်လျှင် အသံမထွက်ဘဲ တိတ်တိတ်ငြိမ်ငြိမ်နေရန် အမိန့်ပေးသည်။ သားအမိနှစ်ယောက်လုံး ကြမ်းပေါ်မှာ မျက်နှာမှောက်ကာ ပြားပြားဝပ်ပြီး ဆတ်ဆတ်တုန်နေကြသည်။ ဓားပြတွေက စိတ်တိုင်းကျ မွှေနှောက်ရှာဖွေယူကြသည်။ အေးအေးဆေးဆေး သိမ်းဆည်းထုပ်ပိုးနေကြသည်။ ဓားပြတွေ အနေဖြင့် ဘာကိုမျှ စိုးရိမ်စရာ၊ ဂရုစိုက်စရာ မရှိချေ။ လေတွေ၊ မိုးတွေ သည်းထန် ဆူညံ၍ ခေါ်မကြား၊ အော်မကြား ဖြစ်နေသည့်အချိန်ဝယ် အားကိုးရာမဲ့နေသော မိန်းမသားနှစ်ယောက်တည်းနှင့် သူခိုးနင်း၍ စင်းစင်းသေသည့် ခွေးကြီးသာ ရှိနေသော ဤလိုအိမ်မျိုးမှာ ဓားပြတိုက်နေသူအဖို့ ဘေးကင်းရန်ကင်း ဖြစ်နေသည်။

စိတ်တိုင်းကျ ယူငင်ထုပ်ပိုးပြီးကြသောအခါ ဓားပြများသည် မရွှေအိမ် သိပ်ထားသော ဖက်ဖြူလိပ်တွေကိုပင် ကောင်းနိုးရာရာ ရွေးပြီး မီးညှိရှူဖွာကာ ရင်းနှီးသော ဧည့်သည်များ ပြန်မည့်အခါ နှုတ်ဆက်သလိုပင် နှုတ်ဆက်သွားကြသေးသည်။

တစ်ညလုံး ရွာသွန်းသောမိုးသည် လေထန်ရုံသာ မဟုတ်သေး။ ဓားပြတွေ အိမ်ပေါ်မှ မဆင်းမီကလေးမှာပင် လျှပ်စစ်ရော မိုးကြိုးပါ ရောလာသည်။ ဓားပြတွေ ဆင်းသွားပြီးသည်နောက် သည်းထန်စွာ ရွာသွန်းတိုက်ခတ်သော လေမိုးနှင့် ကြောက်မက်ဖွယ် ပစ်ခတ်နေသော မိုးကြိုးလျှပ်စီးတို့ကြောင့် မရွှေအိမ်တို့ သားအမိ အိမ်ထဲမှ တစ်လှမ်းပင် မထွက်ဝံ့ကြချေ။ ထွက်ဝံ့၍ ရွာသူကြီးနှင့် အိမ်နားနီးချင်းတွေကို တိုင်ကြားစေကာမူ ဤမျှ သည်းထန်ရွာသွန်းသော မိုးလေ၊ လျှပ်စစ်၊ မိုးကြိုးတွေအောက်မှာ မည်သူ[illegible] ဓားပြတွေ လိုက်ဖမ်းဝံ့ပါမည်နည်း။

“သေခြင်းဆိုး ဓားပြတွေ မိုးကြိုးပစ်ခံရပြီး သေကုန်ပါစေတော့။ ဒို့ ခွေးနာ လောက်ကိုက်ကြီးကလည်း ဘယ်သွားနေလဲ မသိဘူး၊ ဓားပြတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို သူ့အဖေ ခွေးထီးကြီးတွေ အောက်မေ့လို့ မဟောင်ဘဲနေတာလား၊ အလကား ခွေးကြီး၊ မွေးထားရတာ ထမင်းကုန်ရုံပဲ၊ နက်ဖြန်ကျရင် ရိုက်နှင်ပစ်မယ်၊ ကုန်ပါပြီ… ထမင်းငတ်ပါပြီ''

သားအမိနှစ်ယောက် ပြောင်တလင်းခါပြီး ကျန်ရစ်သော သေတ္တာနှင့် ထန်းခေါက်ဖာတွေကို မီးရောင်မှိန်မှိန်မှာ ဖွင့်ကြည့်ကြကာ မျက်ရည် ပေါက်ပေါက် ကျရင်းက ကျိန်ဆဲရေရွတ် မေတ္တာပို့နေကြသည်။

သို့နှင့်ပင် နံနက် အရုဏ်တက်ချိန်မှာ မိုးစဲသွားပြီး လေရော၊ မိုးရော ငြိမ်သွားသည်။ လင်းရောင်ခြည် သန်းလာသည်။ အိမ်အပြင်ဘက် ထွက်၍ ရသည်ဆိုလျှင်ပင် သားအမိနှစ်ယောက် အိမ်ပေါ်မှဆင်းပြီး သူကြီးအိမ်သို့ ခြေကုန်သုတ်ကြသည်။ ဖြစ်ပုံကို သူကြီးနှင့် ရပ်ကွက်လူကြီးတွေကို ငိုယို တိုင်ကြားသည်။ သူကြီးနှင့်တကွ ရွာသူရွာသားတွေ မရွှေအိမ်တို့ သားအမိ အိမ်ကို လိုက်လာကြသည်။ ကြင်နာသနားကြသူ၊ စိတ်မကောင်းဖြစ်ကြသူ တွေက အားပေးနှစ်သိမ့်စကားတွေ ပြောကြသည့်အထဲက ခွေးကြီးအုန်းခွံကို သရော်သည့် အသံတွေ ထွက်လာကြသည်။

''ဟဲ့- အုန်းခွံကို ကြည့်ကြပါဦး၊ ဓားပြတွေ နင်းသွားလို့များ သေနေလေသလား''

''ဓားပြတွေကို အုန်းခွံက မကိုက်ဘူးလား၊ ဓားပြတွေကို သနားတာ နဲ့ ရှောင်နေတာ ထင်တယ်''

ထိုစကားတွေကို ကြားရသောအခါ မရွှေအိမ်တို့ သားအမိသည် အုန်းခွံကို စိတ်တိုရာမှ မီးလောင်ရာ လေပင့်သလို ဖြစ်သွားသည်။

''ဒီခွေးကြီးအကြောင်းတော့ ပြောရမှာတောင် ရှက်သေးတယ်။ ညက သူ့အမေလင်တွေ လာပြီးကတည်းက ပျောက်နေတာ အခုထက်ထိရော သူ့ အဖေတွေနောက် လိုက်သွားပြီနဲ့ တူပါတယ်၊ ပြန်လာရင် ထမင်းမကျွေး တော့ဘူး ရိုက်ကို လွှတ်မယ်''

မရွှေအိမ် ပြောသည့်အတိုင်း ဟုတ်သည်။ ဓားပြတွေ အိမ်ပေါ် ရောက်သည့် အချိန်ကစပြီး အုန်းခွံကို လုံးဝ မတွေ့ရသည်မှာ ယခုတိုင်အောင် ပင် ဖြစ်သည်။ ရွာသူရွာသားတွေက မရွှေအိမ်တို့ သားအမိကို သနားသည့် အထဲက ရယ်မိကြသေးသည်။ ရေပြာအိုင်စခန်းတွင် ညအိပ်ပြီး မနက်စောစော ထွက်မည့် မော်တော်ကားတွေက အဆင်သင့်ရှိနေသည့်ကြောင့် မြို့ပေါ်ရှိ ပုလိပ်ဂါတ်တဲသို့ သွားရောက် တိုင်တန်းရန်မှာ ခက်ခဲ နှောင့်နှေးခြင်း မဖြစ်ချေ။



မော်တော်ကား အသွားအလာ အဆင်ပြေသည်ဖြစ်၍ ရာဇဝတ်အုပ် တစ်ဦး ခေါင်းဆောင်သော ပုလိပ်သား ငါးယောက် သေနတ်သုံးလက်ဖြင့် ရောက်လာကြသည်။ သူတို့ရောက်လာသော အချိန်မှာ နံနက် ဆယ်နာရီလောက် ရှိပေပြီ။ ထိုအချိန်အထိ ခွေးကြီးအုန်းခွံ၏ အရိပ်အယောင်ကို လုံးဝ မမြင်မတွေ့ ကြရချေ။ ရောက်လာသော ရာဇဝတ်အုပ်က လိုအပ်သည်များကို မေးမြန်း စစ်ဆေးကြည့်ရှု မှတ်သားနေစဉ် အုန်းခွံသည် မောကြီးပန်းကြီးဖြင့် ပြန်ရောက် လာသည်။ ရောက်လာသည်ဆိုလျှင်ပင် အုန်းခွံသည် မရွှေအိမ်ရှိရာ တန်းတန်း မတ်မတ် ပြေးသွားသည်။ မရွှေအိမ်က စိတ်တိုတိုဖြင့် အုန်းခွံကို ခြေဖြင့် ကန်လွှတ်သည်။ သို့သော် အုန်းခွံသည် မရွှေအိမ် ခြေဖြင့် ကန်သည်ကို ဦးခေါင်း လျှိုကာ ဝပ်ခံသည်။ မရွှေအိမ် ခြေပြန်ရုပ်လိုက်သည်နှင့် တစ်ပြိုင်နက် မရွှေအိမ် ထဘီစကို နှုတ်သီးဖြင့် ကိုက်ကာ ဆွဲခေါ်သည်။ မရွှေအိမ်က စိတ်ဆိုးစွာဖြင့် ခြေဖြင့်ကန်လျှင် ဦးခေါင်းလျှိုကာ ဝပ်ခံပြန်သည်။ ခြေကို ရုပ်လိုက်လျှင် ထဘီစကို ကိုက်ဆွဲခေါ်ပြန်သည်။ ခွေးကြီးပြုမူပုံကို သတိပြုမိသော ရာဇဝတ်အုပ် က မေးမြန်း၍ မရွှေအိမ်ခွေး ဖြစ်ကြောင်းနှင့်တကွ အုန်းခွံ၏ စိတ်တိုဖွယ်ရာ အပြုအမူတွေကို ကြားရသောအခါ ရာဇဝတ်အုပ်က မရိုက်ရန် တားမြစ်သည်။ ခွေးဆွဲခေါ်ရာနောက်ကို လိုက်ကြည့်ရန် အကြံပေး ညွှန်ကြားပြီး သူနှင့် ပါလာသော ပုလိပ် ငါးယောက်၊ ရွာသူကြီးမင်း၊ သတ္တိကောင်းသော ရွာသား အချို့ကို ဒူးလေး၊ ဝါးချွန်တွေ ကိုင်စေပြီး မရွှေအိမ်ကို အုန်းခွံ ဆွဲခေါ်ရာ နောက်သို့ လိုက်စေရန် ညွှန်ကြားလိုက်၏။

အုန်းခွံက မရွှေအိမ်ရှေ့က လမ်းပြခေါ်သွားသည်။ မရွှေအိမ်က အုန်းခွံ နောက်က လိုက်သည်။ ရာဇဝတ်အုပ်ခေါင်းဆောင်သော ပုလိပ်များနှင့် ရွာသားတွေက ခြေသံလုံလုံ နင်းကာ တိတ်ဆိတ်စွာဖြင့် တောင်မြောက်ဝဲယာ ကြည့်ရှုပြီး သတိဖြင့် လိုက်လာကြသည်။

အုန်းခွံသည် တောအတွင်း တော်တော်ဝေးဝေးသို့ မရွှေအိမ်ကို ခေါ်သွားသည်။ ကြီးမားသော အင်ပင်ကြီး တစ်ပင်အောက် ဆူးထူထပ်သော ချုံကြီးတစ်ချုံအောက်ကို ဝပ်လျှိုးဝင်သွားပြီး တစ်ခုသောနေရာကို သန်စွမ်း စွာတတ်နိုင်သော သူ့လက်နှစ်ဖက်ဖြင့် ယက်သောအခါ အသားမသေသေးသော ခြေကြီးတွေက လွယ်ကူစွာ ဖွာထွက်လာသည်ကို မြင်ရသော ရာဇဝတ်အုပ် သည် အဓိပ္ပာယ်ကို နားလည်လာသည်။ ထို့ကြောင့် သူ့ပါသည့် ပုလိပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ချုံအတွင်း ဝင်စေပြီး အုန်းခွံ ယက်နေသောနေရာကို တူးစေသောအခါ မရွှေအိမ်ထံမှ ဓားပြတွေ တိုက်ယူသွားသော ပစ္စည်းအထုပ်ကြီးကား ပေါ်လာလေသည်။ ဝေစုမခွဲရသေး၍ ပစ္စည်းတွေက လုံးဝ မလျော့ဘဲ အပြည့်အစုံ ပြန်လည်ရရှိသောအခါ မရွှေအိမ်သည် ပစ္စည်းတွေ ပြန်ရ၍ ဝမ်းသာသောစိတ်များဖြင့် မျက်ရည်ကျလျက် အုန်းခွံကို ဖက်လိုက်သည်။

သို့သော် အုန်းခွံကား မရွှေအိမ် ဖက်သည်ကို မခံသေးဘဲ မရွှေအိမ် ထဘီစကို နှုတ်သီးဖြင့် ကိုက်ဆွဲခေါ်ပြန်သည်။ ဤတစ်ကြိမ်တွင် ရာဇဝတ်အုပ်သည် အထူးသတိထားကာ ပါလာသော လူတွေကို စနစ်တကျအုပ်ချုပ်ပြီး အုန်းခွံနောက်က လိုက်လာခဲ့ကြသည်။

အုန်းခွံသည် တောထဲက ထွက်လာခဲ့သည်။ တောင်ကျချောင်းငယ်တစ်ခုအနီးမှာ ဖြစ်ကတတ်ဆန်း ဆောက်ထားသည့် တဲငယ်တစ်လုံး ရှိရာနှင့် တစ်ခေါ်သာသာ ဝေးသောနေရာသို့ ရောက်သောအခါ မရွှေအိမ်ကို ရှေ့ဆက်မလိုက်စေလိုဟန်ဖြင့် ရှေ့မှဆီးကာ နှုတ်သီးဖြင့် တွန်းလိုက်သည်။ ထို့နောက် သူတစ်ကောင်တည်း တဲငယ်ရှိရာသို့ လျင်မြန်စွာ ပြေးသွားသည်။ ထို့နောက် တဲငယ်ကို တစ်ပတ်ပတ်ကာ လျင်မြန်စွာ ပြန်ပြေးလာပြီး မရွှေအိမ်ရှေ့ဝယ် တဲအိမ်ငယ်ရှိရာသို့ မျက်နှာမူပြီး ခြသေ့ထိုင် ထိုင်လိုက်သည်။

ရာဇဝတ်အုပ်နှင့် ပုလိပ်များသည် အုန်းခွံ၏အမူအရာကို မြင်ရသောအခါ ချက်ချင်း သဘောပေါက်သွားကြလေသည်။ ထို့ကြောင့် မရွှေအိမ်ကို ကွယ်ထောင့် လုံခြုံရာမှာ ထားခဲ့ကြပြီး သူကြီးမင်းနှင့်တကွသော ဝါးချွန်ဒူးလေးကိုင် ရွာသားများကို ရာဇဝတ်အုပ်က ခေါင်းဆောင်ကာ သေချာစွာ အကာအကွယ်ယူပြီး တဲအိမ်ငယ်ကို ဝိုင်းလိုက်ကြသည်။

တဲအိမ်ထဲတွင် မိုးထဲ လေထဲမှာ ဓားပြတိုက်ခဲ့ရ၍ ပင်ပန်းနွမ်းနယ်နေကြသော ဓားပြတစ်စုကား ညက အိပ်ပျက်မောပန်းထားကြသည်ဖြစ်၍ မိုးတောက်ချက်အရက်နှင့် ကြက်သားဟင်းနှင့် ထမင်းကို မြိန်ရှက်စွာ စားသောက်ကြပြီး စိတ်အေးလက်အေး အိပ်မောကျနေကြသည်ဖြစ်ရာ သူတို့ကို ဝိုင်းရံပြီး အနားမှာချထားသည့် ဓားတွေ၊ လှံတွေ၊ မှိန်းတွေကို သိမ်းယူထားပြီး သေနတ်နှင့်ချိန်ရွယ်တော့မှ နိုးလာကြသည်။ ဘယ်လိုမှ ငြင်း၍မရတော့သော ဓားပြတွေက ရွာသူကြီးမင်းရှေ့မှာ ဖြောင့်ချက် ပေးရတော့သည်။

■



"အုန်းခွံကြီးက အသက် ဘယ်လောက်ရှည်မှ သေသွားလဲ ဘွားဘွား"

အဘွားကြီးပြော၍ ဆုံးသောအခါ မခင်ရွှေက မေးလိုက်သည်။ အဘွားကြီးသည် ရှေ့ဖြစ်နောက်ဟောင်းတွေ ပြောပြရင်း ခင်ပွန်းသည် ကိုဘိုးအောင်၊ ကိုရင်သာပေါ်နှင့် အုန်းခွံတို့ကို လွမ်းဆွတ်ဟန် တူသည်။ မျက်ရည်အသည်ကို မြင်ရသော မခင်ရွှေပင် စိတ်ထဲမှာ လွမ်းသလိုလိုပင် ဖြစ်မိသည်။ အဘွားကြီးက မျက်ရည်သုတ်ပြီး ပြန်ဖြေသည်။

"အုန်းခွံကြီးကို အထင်သေးခဲ့တဲ့ ရွာသူရွာသားတွေဆိုရင် အံ့သြကြလွန်းလို့လေ၊ အင်း… ကိုရင်သာပေါ်က ကောင်းကောင်းမွေးလို့ မှာခဲ့တာ၊ အဘွားတို့ မွေးရကျိုးနပ်သွားတာပေါ့ကွယ်။ အုန်းခွံကြီး အသက်တော့ ရှည်ရှာသား။ ၁၅ နှစ်တိတိ နေပြီးမှ အသက်ကြီးနာ၊ အိုနာနဲ့ သေသွားရှာတယ်။ အဘွား သားသမီးတစ်ယောက် သေသလိုပဲ သေဗ္ဗာထဲထည့် ရွာဦးကျောင်း ဘုန်းတော်ကြီးပင့်၊ လှူစရာတွေနဲ့ ကျကျနန သရဏဂုံတင်ပြီးမှ ကိုဘိုးအောင် မြုပ်တဲ့ မြေပုံနားမှာပဲ မြှုပ်လိုက်တယ်။ အုန်းခွံကြီး ကျေးဇူးတွေ ပြန်တွေးပြီး ခုအချိန်တိုင်အောင် အဘွား လွမ်းမိပါသေးတယ် မိန်းကလေးရယ်"

ချွေးချွေးမြည့်မြည့် ပြောသော အဘွားကြီးစကား ဆုံးသောအခါ အဘွားကြီးသမီးက ဖြည့်စွက်လိုက်၏။

"အုန်းခွံကြီးသေတုန်းက ဘကြီးတုတ်ဖြူ လာငိုသေးတယ်နော် အမေ၊ ဘကြီးတုတ်ဖြူငိုတာ ကျွန်မ မှတ်မိသေးတယ်။ အုန်းခွံရယ်တဲ့ … နင်က ခွေးဖြစ်ပေမယ့် အများကြီး အသုံးကျပါသေးတယ်တဲ့၊ ဘာမှ သုံးမရ အောင် ဖြစ်ရှုံးနေတဲ့ ငါကတော့ မသေ၊ နင်နဲ့ငါ နေရာချင်းလဲလို့ရရင် လဲပြီး ငါ သေပေးပါရဲ့တဲ့၊ ဘကြီးတုတ်ဖြူ သေချင်တယ်ဆိုတာ ဟုတ်မှာ နော် အမေ၊ သူ့ရောဂါက စိတ်ညစ်စရာကြီး"

မခင်ရွှေက ဘာမှ မမေးဘဲ တိတ်တိတ်ပင် နားထောင်နေသည်။

"ဟဲ့- သမီးရဲ့၊ သူ့ရောဂါက သစ္စာတရားကြောင့် အပျောက်သားပဲ၊ သူတို့က သစ္စာဖျက်တယ်၊ ဘုရားလိမ်တယ်၊ ဒါကြောင့် မချိမဆံ့ ခံစားပြီးမှ သေရှာတာ"

အဘွားကြီး စကားကြောင့် တိတ်တိတ် နားထောင်နေသော မခင်ရွှေသည် တိတ်တိတ် မနေနိုင်တော့ဘဲ အသံထွက်လာသည်။

"ဘကြီးတုတ်ဖြူဆိုတာ ဘယ်လို ဖြစ်သလဲ အဘွား"

www.burmeseclassic.com

www.burmeseclassic.com



မခင်ရွှေမေးခွန်းကြောင့် ဝမ်းနည်းကြေကွဲဟန် ပေါ်နေသော အဘွားကြီးမျက်နှာက ပြုံးယောင်သန်းသွားသည်။

"ကိုရင်တုတ်ဖြူအကြောင်း သမီး စကား စလိုက်ကတည်းက ဆရာမလေး အခုလို မေးလိမ့်မယ်ဆိုတာ အဘွားက သိပြီးသားပဲ"

မခင်ရွှေက ရယ်လိုက်သည်။

"အဘွားတို့ ပြောတဲ့စကားတွေက ကျွန်မ မေးချင်စရာ၊ စိတ်ဝင်စားစရာတွေချည်းကိုး ဘွားဘွားရဲ့"

"အေးပါလေ၊ အဘွား ပြောမှာပါပဲ၊ ကဲ ... ခွေးလိမ္မာအုန်းခွံကြီးအကြောင်း ပြောပြီးလို့ ကိုရင်တုတ်ဖြူအကြောင်း ပြောရမယ်ဆိုရင် ခေါင်းစီးတစ်ခု တပ်လိုက်ပေတော့ မိန်းကလေး"

"ဟုတ်ကဲ့ ဘွားဘွား၊ ဘယ်လို ခေါင်းစီးတပ်ရမှာလဲ"

"ရေပြာအိုင်က ရောဂါသည်လို့သာ ခေါင်းစီးတပ်လိုက်ပေါ့"

"ဟုတ်ကဲ့ပါ ဘွားဘွား"

၁၉၇၄ ခုနှစ်၊ အောက်တိုဘာလ၊ သွေးသောက်မဂ္ဂဇင်း

■

## ရေပြာအိုင်မှ ရောဂါသည်

ရေပြာအိုင်မှ ရောဂါသည်အကြောင်းကို အဘွားကြီး ပြောပြသည့်အတိုင်း မခင်ရွှေက မှတ်သားပြီး ရေးလိုက်သည်။ အဘွားကြီးပြောပြသည့် ရေပြာအိုင်မှတ်တမ်းကို တော်တော်များများ ရေးလာခဲ့ပြီဖြစ်သည့် မခင်ရွှေအဖို့ စာလုံး၊ စာပိုဒ်၊ စာကြောင်း အထားအသိုကို တော်တော် ကျွမ်းကျင်နေပြီဖြစ်ရာ မဂ္ဂဇင်းထဲ၊ စာစောင်တွေထဲမှာ ထည့်နိုင်လောက်အောင်ပင် အရေးအသား ကောင်းမွန်ချောမွေ့နေပြီ ဖြစ်သည်။

ရေးသား ပြီးစီးသော ရေပြာအိုင်မှ ရောဂါသည်အကြောင်းကို ပြန်လည် ဖတ်ရှုကြည့်ရသော မခင်ရွှေသည် ဝါရင့် ကလောင်ရှင်တစ်ဦး ရေးသားသည့် ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ရှုရဘိသကဲ့သို့ ဖြစ်နေသောကြောင့် သူ့လက်ရာကို သူ သဘောကျစွာဖြင့် စိတ်ဝင်စားဖွယ် ဖတ်နေမိသည်။

■

ကိုတုတ်ဖြူကား မိခင် မွေးစဉ်ကပင် နာမည်နှင့်လိုက်အောင် ဖြူဖြူဖွေးဖွေး၊ တုတ်တုတ်ခဲခဲဖြင့် ချစ်စရာကလေးဖြစ်သည့်အတွက် မိဘဆွေမျိုးများက ချစ်စနိုးဖြင့် တုတ်ဖြူလေးဟု ခေါ်ခဲ့ကြသောကြောင့် အသက်အရွယ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးပြင်းလာသည့်တိုင်အောင် မောင်တုတ်ဖြိုးဟူသော နာမည်က ကွမ်းတစ်ယာ လက်ဖက်တစ်ရိုး မကာမ်းရဘဲ တွင်သွားလေသည်။

ကိုတုတ်ဖြိုးမိဘတွေက ချမ်းသာသည်ဟုလည်း မဆိုနိုင်၊ ဆင်းရဲသည်ဟုလည်း မဆိုနိုင်။ သို့သော် ကြွေးကင်း၊ မြီကင်း ထမင်းနပ်မှန်အောင် စားနိုင်ကြသူတွေ ဖြစ်သည်။ သားသမီးဟူ၍ ကိုတုတ်ဖြိုးတစ်ယောက်သာ ထွန်းကားသည်။ ကိုတုတ်ဖြိုးလည်း ရွာဦး ဘုန်းတော်ကြီးကျောင်းမှာ စာတော်တော်များများ သင်ခဲ့ပြီးမှ ကျောင်းထွက်ပြီး မိဘများနှင့်အတူ ရာသီလိုက် အဆင်ပြေရာအလုပ်ကို တွေ့မရှောင် လုပ်ကိုင်လာခဲ့သည်။

ထို့ကြောင့် ငယ်စဉ်က တုတ်တုတ်ဖြိုးဖြိုးလေးဖြစ်သော ကိုတုတ်ဖြိုးသည် နေပူ မိုးရွာ မရှောင်၊ တွေ့မရှောင် အလုပ်ကို လုပ်ရသောကြောင့် ဖြိုးလည်း မဖြိုးတော့၊ တုတ်လည်း မတုတ်တော့ဘဲ အသားညိုသွားကာ ကြည့်ကောင်းရုံ ကိုယ်လုံးမျှသာ ရှိတော့သည်။

မိဘတွေ ကွယ်လွန်သေဆုံးစဉ်ကဆိုလျှင် ကိုတုတ်ဖြိုးအသက်သည် ၂၀ ပင် မပြည့်တတ်သေးပေ။

ဆင်းရဲသူလည်း ဆင်းရဲသူအလျောက် ဖူးစာဖက် ရှိသည်။ သူ့လိုဂုဏ်ရည်တူ အဆင့်အတန်းက မိန်းကလေးတစ်ယောက်နှင့် စိတ်တူသဘောတူ လက်ထပ်ယူလိုက်ကြသည်။ တောရွာဒေသအလျောက် လုပ်ကိုင်စားရသည်မှာ အဆင်ပြေမှု မရှိဘဲ ငွေကြေးရှင်သည့်အခါ ရှင်လိုက်၊ ကျပ်တည်းသည့်အခါ ကျပ်တည်းလိုက်ဖြင့် နေရေးထိုင်ရေးမှာ စိတ်ညစ်စရာ ကောင်းနေသည်။ မော်တော်ကားလမ်းဘေးမှာ ဈေးရောင်းရန် အလုပ်မျိုးကိုလည်း ကိုတုတ်ဖြိုး ဝါသနာမပါ။ ကိုတုတ်ဖြိုးသည် ဘုန်းတော်ကြီးကျောင်းမှာ စာတော်တော်များများ သင်လာခဲ့သည့်စိတ်ကြောင့် ပင်ပန်းခံ ရှာဖွေရမည့်အလုပ်မျိုးကို မလုပ်လိုချေ။ ပါးစပ်ဖြင့်၊ ယခုခေတ်စကားနှင့် ပြောရမည်ဆိုသော် လေပန်းခြင်းဖြင့် ပိုက်ဆံရမည့် အလုပ်မျိုးကိုသာ လုပ်ချင်သူ ဖြစ်သည်။

ထို့ကြောင့် တစ်နေ့တွင် ကိုတုတ်ဖြိုးက ချစ်ဇနီးကို တိုးတိုးတိတ်တိတ် တိုင်ပင်သည်။

"မယ်အေး၊ တို့လင်မယားချင်း တိုင်ပင်တာနော်၊ နင် နှုတ်လုံဘယ်သူ့ကိုမှ လျှောက်မပြောနဲ့နော်"

ကိုတုတ်ဖြိုးက စကားမစမိမှာ ဇနီးသည် မယ်အေးကို နှုတ်ပိတ်သည်။



"ပြောပဲ ပြောစမ်းပါဦးတော်၊ ကိုယ့်လင်က ယုံလို့ ပြောတာကို ကျုပ်က ဘယ်သူ့ လျှောက်ပြောနေရမှာလဲ ကိုတုတ်ဖြိုးရဲ့"

မယ်အေးက သူ့ကို နှုတ်ပိတ်ရမည်လားဟု စိတ်တိုဟန်ဖြင့် ဆန်ပြာနေသော စကောကို ဆောင့်ချလိုက်သည်။

"နင်ကလည်း စိတ်ချည်းပဲ၊ ငါကလည်း ယုံလို့ ပြောတာပေါ့၊ မတော်တဆ မေ့ပြီး လွှတ်ခနဲ ပြောလိုက်မိမှာစိုးလို့ သတိပေးတဲ့ သဘောပါ"

ကိုတုတ်ဖြိုးက တောင်းပန်သံဖြင့် ပြောသောအခါ မယ်အေးက ချစ်လင်ကို သနားသွားသည်။

"စိတ်မဆိုးပါဘူးတော်၊ ကဲ··· ပြောစမ်းပါဦး"

ဟု လေပျော့ဖြင့် ပြန်မေးသောအခါ ကိုတုတ်ဖြိုးက လေသံကို အုပ်ပြီး သူ့အကြံကို ဖွင့်ဟသည်။

"တို့လင်မယား မြို့ကို ပြောင်းကြရအောင်"

ကိုတုတ်ဖြိုး စကား မဆုံးမီ -

"မြို့ပြောင်းပြီး ဘာလုပ်စားမှာလဲ၊ နေစရာအိမ်ကော ရှိလို့လား"

မယ်အေးက သူ့လင် စိတ်ရူးပေါက်ပြီး ထင်မိထင်ရာပြောသည်ဟူသော ယူဆချက်ဖြင့် ပေါ့ပေါ့ဆဆ ပြန်မေးလိုက်သည်။

"နင်ကလည်း ငါပြောမယ့်စကားကို ဆုံးအောင် နားထောင်ပါဦးဟာ၊ အပြစ်ပြောဖို့လောက်ပဲ စဉ်းစားနေတာကိုး"

ဤအကြိမ်မှာမူ ကိုတုတ်ဖြိုးက စိတ်တိုသွားသည်။

"ကဲ ကဲ ··· မပြောပါဘူး၊ နားပဲ ထောင်ပါ့မယ်"

မယ်အေးက ပြုံးစိစိမျက်နှာဖြင့် ဆေးလိပ်ဖွာနေသည်။

"နင် သေသေချာချာ နားထောင်၊ ငါ ဘုန်းတော်ကြီးကျောင်းမှာ နေတုန်းက ဗေဒင်ကို ဝါသနာပါလို့ ဆရာဘုန်းတော်ကြီးဆီမှာ တော်တော်လေး သင်လာခဲ့ဖူးတယ်။ အခု ဘုန်းတော်ကြီးကျောင်းက ဗေဒင်နဲ့ပတ်သက်တဲ့ စာအုပ်တွေငှားပြီး ပြန်လေ့ကျင့်လိုက်ရင် တော်ရုံတန်ရုံ ဗေဒင်ဆရာမျိုးလောက်တော့ ဖြစ်ပါတယ်ဟ"

မယ်အေးသည် ကိုတုတ်ဖြိုး ဘာကို ဆိုလိုမှန်း မသိရသော်လည်း ရည်ရွယ်ချက်တစ်ခုခုတော့ ရှိရမည်ဟု တွေးကာ စိတ်ဝင်စားစပြုလာသည်။

"အင်း ··· ပြောပါဦး ကိုတုတ်ဖြိုးရဲ့၊ တော် ဗေဒင်လောတတ်တာနဲ့ မြို့ကို ပြောင်းကြမှာနဲ့ ဘယ်လို ဆိုင်နေလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဇနီးဖြစ်သူ စိတ်ဝင်စားဟန် ပေါ်လာသည်ကိုတွေ့ရသော ကိုတုတ်ဖြူက ပြောအားရှိလာသည်။

"ငါ တစ်နေ့က ဟိုဈေးဆိုင်တွေက ကြေးစားအထမ်းငှားလို့ မြို့ကို လိုက်သွားတာ နင် မှတ်မိတယ် မဟုတ်လား"

"မှတ်မိတာပေါ့၊ ထမ်းခ ငွေလေးကျပ် ရလာတာလေ"

"အေး ဈေးနဲ့ မလှမ်းမကမ်းမှာရှိနေတဲ့ ကုက္ကိုပင်ကြီးအရိပ်မှာ ကျောက်သင်ပုန်းတစ်ချပ်နဲ့၊ ခုံကလေးတစ်ခုနဲ့ ဗေဒင်ဆရာတစ်ယောက် ရှိတယ်။ ငါက အထမ်းသမားသက်သက်ဆိုတော့ သူတို့ ဈေးဝယ်ပြီး လာပုံ ထားတဲ့ အထုပ်အပိုးတွေကို ထမ်းဖို့ရာသာ ပြင်ပြီး စောင့်နေရတုန်း အဲဒီ ဗေဒင်ဆရာဆီ မျက်လုံးရောက်သွားတယ်။ အမယ် ဗေဒင်ကြည့်တဲ့လူတွေ မပြတ်ဘူးဟဲ့။ တစ်ခါကြည့်ရင် တစ်မတ် လာဘ်တင်ရတယ်။ ငါစောင့်ကြည့် နေတုန်းမှာကို လူခြောက်ယောက်လောက် လာတာကို တွေ့ရတယ်။ မိနစ်ခ ငါးယောက်၊ ယောကျ်ားတစ်ယောက်၊ ခြောက်မတ်ဆိုရင် တစ်ကျပ်ခွဲ၊ သက်သက်သာသာလေးနဲ့ ရနေတယ်။ တစ်နေကုန်မှာ ဗေဒင်လာမေးတဲ့လူ အနည်းဆုံး ငါးယောက်နဲ့ ဆယ်ယောက်ကြား ရှိမယ်လို့ ငါခန့်မှန်းမိတယ် မယ်အေး။ တစ်နေ့ကို တစ်ကျပ်ပဲထား တွက်ဦးကွာ၊ တစ်လမှာ ငွေသုံးဆယ် ကတော့ မှန်နေတာပဲ။ ကလေးမြေးငယ် မရှိတဲ့ တို့လင်မယားနှစ်ယောက် ပင်ပင်ပန်းပန်း မလုပ်ရဘဲ အရိပ်ထဲ ထိုင်နေရင်း တစ်လ သုံးဆယ်ရနေရင် နည်းလား မယ်အေး"

ထိုခေတ်ထိုအခါက တစ်လ သုံးဆယ်မျှသော ဝင်ငွေသည် လူ လေးယောက်ရှိသော အိမ်ထောင်တစ်စု ထိုင်စားနေနိုင်သောဝင်ငွေ ဖြစ်သည်။ ကိုတုတ်ဖြူစကားကြောင့် မယ်အေး မျက်လုံးကျယ်လာသည်။

"တော်က မြို့ကိုပြောင်းပြီး ဗေဒင်ဟောစားမယ်လို့ စိတ်ကူးလို့ လား"

"အေးလေ၊ ဒီမှာနေရတာ ဘယ်လောက်ပင်ပန်းလဲ၊ ဈေးရောင်းစား ရအောင်ကလည်း အရင်းအနှီးမရှိ၊ လယ်ရှင်တွေဆီမှာ အငှားလိုက်လုပ်ရတာ လည်း မင်းရော၊ ငါရော မိုးရေထဲ၊ ရွံ့နွံထဲမှာ တစ်နေကုန်ပင်ပန်း၊ စားရပြန် တော့ ငါးပိရည်၊ ဒါကြောင့် တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့ ထုံး နှလုံးပြုပြီး မြို့တက်ပြီး ဗေဒင်ဟောစားတော့မယ်လို့ စိတ်ကူးထားတယ် မယ်အေးရဲ့"



မယ်အေးက ရုတ်တရက် စကားမပြန်သေးဘဲ စဉ်းစားသလို တွေနေ သည်။ ကိုတုတ်ဖြူက ဆက်ပြောလိုက်၏။

"မင်း စဉ်းစားကြည့်လေ မယ်အေး၊ မင်းမှာလည်း မိဘတွေ မရှိ ကြတော့ဘူး။ ငါ့မှာလည်း မိဘတွေ မရှိကြတော့ဘူး။ ညီအစ်ကိုမောင်နှမ ဆိုတာ ဘာအားကိုးရလို့လဲကွာ။ ငါ့မှာတော့ ညီအစ်ကိုမောင်နှမ မရှိပါဘူး။ မင်းမှာသာ ရှိတာပါ။ ဒါပေမဲ့ မင်းသားချင်းတွေက တို့ဆင်းရဲနေတယ်ရယ် လို့ ဆန်တစ်ပြည် အလကားပေးဖူးသလား၊ ဘယ်သူ့မှ အားကိုးလို့မရမယ့် အတူတူ လွတ်ရာကျွတ်ရာမှာ အရိပ်ထဲသွားထိုင်ပြီး လုပ်စားနေရတာက ကောင်းဘူးလား မယ်အေး"

ကိုတုတ်ဖြူ ပြောသည်မှာ ဟုတ်သလောက် ဟုတ်နေသည်။ ထို့ကြောင့် မယ်အေးက ပြန်မေးလိုက်၏။

"ကျုပ်အမျိုးတွေက ထင်သလောက် မဆိုးပါဘူးတော်။ အကြောင်း ရှိတော့လည်း သူတို့ပဲ ရပ်ကြတာပါ။ ဒါထက် မြို့ပြောင်းပြီး ဘယ်နေရာ မှာ နေမှာလဲ ကိုတုတ်ဖြူ"

"နေစရာ ငါ စဉ်းစားထားပြီးသားပါ။ ဟိုဗေဒင်ဆရာက ဈေးနား က သစ်ပင်အောက်မှာဆိုတော့ အပေါ်စားဆန်လှတယ် မယ်အေးရဲ့၊ ငါက ဘုရားစောင်းတန်းမှာ သူ့ထက် ခမ်းခမ်းနားနားလေး ဖြစ်အောင် ဆိုင်းဘုတ် လေးဘာလေးနဲ့ ကျကျနန လုပ်မှာ။ လူဆိုတာ အဆောင်အယောင် ကောင်းကောင်း၊ တန်ကောင်းကောင်းနဲ့ လိမ်ရင် ရပါတယ် မယ်အေးရာ၊ မင်း ဘယ်လို သဘော ရလဲ"

"ကောင်းတယ် ကိုတုတ်ဖြူ၊ ကျုပ် သဘောပေါက်ပါပြီ။ ဒီအလုပ် လုပ်မယ့်အတူတူ မြန်မြန်သွားကြတာ ကောင်းပါတယ်"

လင်ယားနှစ်ယောက် စိတ်တူသဘောတူ တိုင်ပင်ကာ ရှိပစ္စည်းလေး တွေကို သိမ်းဆည်းပြီး မြို့ကို ပြောင်းလာခဲ့ကြသည်။ ရွာက လူတွေကိုမူ မြို့မှာ ဘာအလုပ်လုပ်မည်ဟု တိတိကျကျ မပြောခဲ့ကြချေ။ ကြိုတင်သိကြလျှင် ပြက်ရယ်ပြုကြ၊ အထင်သေးကြဖြင့် လိုက်လာကြည့်ရှု လှောင်ပြောင်ကြပါက နာမည်မထွက်ခင်က နာမည်ပျက်မည်ကို ကြိုတင်တွေးမိသောကြောင့် ထို့ ထွက်လာခဲ့ကြခြင်း ဖြစ်သည်။ အခြေအနေ နိုင်လုံသွားပြီးမှ၊ နာမည်ထွက်ပြီး မှ ရွာကလူတွေ အလိုအလျောက် သိကြစေတော့ဟု သဘောထားကာ မိန်း မောင်နှံနှစ်ယောက် ခပ်ကုပ်ကုပ် ထွက်လာခဲ့ကြခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားစောင်းတန်းတစ်နေရာဝယ် မျက်နှာစာကျကျ လွယ်ကူစွာ လူမြင်နိုင်သည့်နေရာကို ပိုက်ဆံလေး အထိုက်အလျောက်ပေးပြီး ဗေဒင်ဆိုင်လေး တည်လိုက်ကြသည်။ ရှေ့မျက်နှာစာကို ဗေဒင်ဟောသည့်နေရာ၊ နောက်တစ်ပိုင်းကို ခန်းဆီးလေး ကာထားပြီး သူတို့ဇနီးမောင်နှံ အိပ်ခန်းအဖြစ် သုံးကြသည်။

ဗေဒင်ဝိဇ္ဇာ ဆရာဖြူ
ရှေ့ဖြစ်နောက်ဖြစ် မှရျ ဒိဋ္ဌ မှန်စေရမည်။
ဉာဏ်ပူဇော်ခ တစ်ကြိမ်လျှင် ရှစ်ပဲ

ဟူသော ဆိုင်းဘုတ်က သပ်သပ်ရပ်ရပ်လေး တင်ထားသည်။

ပထမ တစ်လလောက်မှာကား ထင်သလောက် တွက်ခြေမကိုက်သေးချေ။ ပါလာသည့် ပိုက်ဆံကလေးကို ခြစ်ခြစ်ကုတ်ကုတ် စားသောက်ပြီး ခွဲကြီးကြီးဖြင့် ဇနီးမောင်နှံနှစ်ယောက် ပေခံနေခဲ့ကြသည်။ လေရော၊ နေရော၊ မိုးရော အကာအကွယ်ရသည့် ချမ်းမြေ့သော ဘုရားစောင်းတန်းထဲမှာ စားပြီး အိပ်၊ အိပ်ပြီးစားဖြင့် ငြိမ်းငြိမ်းလေး နေရသော ကိုတုတ်ဖြူအဖို့ ငယ်ရုပ်ပြန်ပေါ်လာသည်။ နာမည်နှင့်လိုက်အောင်ပင် ဖြူဖြူတုတ်တုတ်ဖြင့် ဥပမိရုပ်က မယုံကြည်ချင်စရာ ကြည်ညိုဖွယ်ရာ ဖြစ်လာသည်။

ဘုရားဖူးလာသူတွေက တစ်ခါကြည့် ရှစ်ပဲကို အပျော်သဘောထားကာ သွားရင်း၊ လာရင်း၊ ဘုရားဖူးရင်း အပျင်းပြေအောင် ကြည့်ကြသည်။ ကိုတုတ်ဖြူသည် ဗေဒင်ကို အတော်အသင့် ခေါက်မိသည်က တစ်ကြောင်း၊ လူကင်းပါးသည်က တစ်ကြောင်းကြောင့် မေးသူအကဲကို ကြည့်ကာ အကြိုက်တွေ့စေမည့် စကားကို ပြောဟောသည်။ အပူသောကဟန်မျိုးဖြင့် လာသူကို အရွယ်နှင့် ရုပ်ရည်ကို ကြည့်ကာ ဤအရွယ်ဖြင့် မေးပုံမေးဟန်သည် လင်ပူ၊ ရည်းစားပူမိသူ ဖြစ်ရမည်၊ ဤအရွယ်ဖြင့် မေးပုံမေးဟန်သည် ပစ္စည်းပျောက်၊ လူပျောက်၊ အမှုအခင်းမျိုး ဖြစ်ရမည် စသည်ဖြင့် အကဲခတ်ကာ ဗေဒင်ဟောရုံသာ မဟုတ်၊ ယတြာချေ၊ ဓာတ်ဆင်၊ ဓာတ်ရိုက် စသည်ဖြင့် တစ်ဖက်သား ကျေနပ်အောင် ဟောတတ်၊ ပြောတတ်သည်ကြောင့် နောင်ခါမှ မှန်ချင်မှန်၊ မှန်ချင်နေ အရွယ်ကောင်း၊ ဥပမိရုပ်ကောင်း၊ အပြောကောင်းသော ကိုတုတ်ဖြူ



ရှိရာမှာ ဗေဒင်မေးသူတွေ ဝင်လာမစဲ တသဲသဲ ဖြစ်နေရကား မျှော်လင့်သည်ထက် ပိုပြီး အောင်မြင်မှုရနေသော ကိုတုတ်ဖြူတို့ ဇနီးမောင်နှံကား ဗေဒင်မေးခ ပိုက်ဆံများဖြင့် စားလောက် သောက်လောက်သည့်အပြင် အပိုအလျှံ စုမိကာ ရွှေတွဲလဲ ငွေတွဲလဲပင် ဖြစ်နေကြသည်။

ထိုအခါ ပေးရနိုးနိုး၊ ကမ်းရနိုးနိုးဖြင့် ရှောင်ဖယ်ဖယ်နေခဲ့ကြသော ဆယ်အေး၏ ဆွေမျိုးတွေက မကြာခဏ လာကြကာ အလွမ်းသယ်ကြ၊ ချစ်ကြ၊ ခင်ကြ ဖြစ်နေသည်။ မယ်အေးကား မိန်းမသဘာဝအတိုင်း ကိုယ့်ဘက်ကတော်သော အမျိုး ဖြစ်သောကြောင့် ကျေနပ်နေသည်။

ငွေကြေး ချောင်ချောင်လည်လည် ဖြစ်လာကြသောအခါ ကိုတုတ်ဖြူသည် နဂိုကပင် အသားစားကြူးသော လူတစ်ယောက် ဖြစ်ရကား နေ့စဉ် အသားဟင်း အနည်းဆုံး နှစ်ခွက်လောက်ပါမှ ထမင်းစားနိုင်သောအခြေသို့ ရောက်နေသည်။ ကိုတုတ်ဖြူ၏ ဝင်ငွေကလည်း မနည်းသောကြောင့် မယ်အေးသလည်း ကြည်ကြည်ဖြူဖြူ ချက်ကျွေးနေသည်။ ရွာမှာနေစဉ်က ငတ်ခဲ့သမျှတွေကို အတိုးချပြီး ကိုတုတ်ဖြူသည် ထမင်းစားသည့်အခါမှာသာ အသားဟင်းဖြင့် စားသည် မဟုတ်၊ လက်ဖက်ရည်ကြမ်းဖြင့် မြည်းရန်မှာလည်း အသားတစ်မျိုးမျိုးကို ကင်၍ဖြစ်စေ၊ ကြော်၍ဖြစ်စေ၊ ပြုတ်၍ဖြစ်စေ တစ်ခုခုကို စားရမှ ကျေနပ်လေသည်။

မြို့ပေါ်မှာ ပေါသည့် ပုံသကူသားကို စားရရုံမျှဖြင့် ကိုတုတ်ဖြူ မကျေနပ်ချင်တော့ပေ။

"မယ်အေးရယ် မြို့ပေါ်မှာ သေပြီးသား၊ သတ်ပြီးသား အသားတွေစားရတာ အရသာမရှိဘူးကွ၊ ပေါ့ရွှတ်ရွှတ်နဲ့"

ဟူသော လေသံ ထွက်လာသည်။

"အောင်မယ် - ရှင်က အခုမှ ကြီးကျယ်မလာပါနဲ့တော်၊ ဟိုတုန်းက ဒီလို ရှင်ပြောတဲ့ ပေါ့ရွှတ်ရွှတ်အသားကိုတောင် စားနိုင်ခဲ့လို့လား၊ အခုလောလင်လင် စားနေရမှ ပေါ့သလေး ဘာလေးနဲ့"

မယ်အေးက ဟုတ်မှန်သည့်အတိုင်း ပြောလိုက်သည်။

"ဟဲ ဟဲ ဟဲ ဟဲ … ဟိုတုန်းကတော့ ဆင်းရဲကျပ်တည်းခဲ့တော့ မနိုင်ခဲ့ဘူးပေါ့၊ အခုတော့ မင်းကိုယ်တိုင်တောင် ရွှေလေး၊ ငွေလေးနဲ့ ဖြစ်နေမှတော့ ဒါလည်း ပါးစပ်ထဲ ပေါ့ရွှတ်ရွှတ်ဖြစ်ပြီပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုတုတ်ဖြူက ပီတိဖြစ်စွာ တဟဲဟဲရယ်ရင်း ပြော၏။ ထို့နောက် ကိုတုတ်ဖြူက စကားဆက်လိုက်သည်။

"တို့လည်း ရွာပြန်မရောက်တာ ကြာပြီ ဟုတ်လား၊ အနားယူရင်း ခဏ ပြန်လိုက်ကြရအောင်"

"ဒီမှာ အဆက်အသွယ်ဖြစ်နေတဲ့ ဖောက်သည်တွေ ပျက်ကုန်မှာ ပေါ့၊ အဆက်အသွယ်ပြတ်ကုန်ရင် ဝင်ငွေ နည်းသွားလိမ့်မယ်နော်"

မယ်အေးက နှမြောဟန်ဖြင့် ပြောသောအခါ ကိုတုတ်ဖြူက မယ်အေး ကို သနားစရာ သတ္တဝါတစ်ကောင်လို ဦးခေါင်းညိတ်ကြည့်ပြီး-

"ငါ့မိန်းမ တကယ် အ ပါလားဟေ့၊ ၁၀ ရက်၊ ၁၅ ရက်လောက် ငါ ကိုယ်ယောင်ဖျောက်နေလိုက်ရင်လေ နောက်တစ်ခါ ငါ ဗေဒင်ပြန်ဟော တဲ့အခါကျတော့ အခုဝင်နေတဲ့ငွေထက် နှစ်ဆမက ပိုဝင်မှာ မယ်အေးရဲ့"

"ပြောစမ်းပါဦးတော်"

"တောကို ခဏ အနားယူတယ်လို့ သတင်းမလွှင့်ဘူးကွာ၊ ဆိုင် ရှေ့မှာ ဆိုင်းဘုတ် ရေးထားခဲ့မယ်၊ ရှေ့တစ်ဆင့်တိုးပြီး ပညာသင်ဖို့အတွက် အမိဋ္ဌာန်တစ်ခု သွားဝင်တယ်ပေါ့၊ နဂိုက ငါ့ကို ယုံနေကြတဲ့လူတွေဟာ အဲဒီဆိုင်းဘုတ်ကို မြင်ရတော့ ပိုပြီး ယုံသွားကြမှာ သေချာတယ်။ ပြန်လာ တဲ့အခါကျတော့ လူတွေက အထင်ကြီးပြီး ပိုယုံလာကြမယ်။ လိမ်လို့ ပိုကောင်း သွားတာပေါ့ကွ"

"ဟုတ်ပြီ ကိုတုတ်ဖြူရေ၊ ကျုပ် သဘောပေါက်ပါပြီ။ ဒီလိုဆိုရင် လည်း ခပ်မြန်မြန်သွားကြရအောင်၊ ကျုပ်တို့ ရပ်ရွာကို ပြန်မရောက်ကြတာ လည်း ကြာပြီ ကိုတုတ်ဖြူရဲ့"

မယ်အေးက အားတက်သရော ပြောသည်။

သို့နှင့်ပင် ကိုတုတ်ဖြူနှင့် မယ်အေးတို့ သူတို့ စီစဉ်သည့်အတိုင်း ပြုလုပ်ထားခဲ့ကြပြီး ရွာသို့ ပြန်လာခဲ့ကြသည်။

ငွေကြေးပိုပိုလျှံလျှံလေး လက်ထဲမှာ ရှိသောကြောင့် ကိုတုတ်ဖြူသည် ရွာရောက်သည့်အခိုက် ဈေးဆိုင်တန်းဘက် သွားပြီး သောက်ကာ၊ စားကာဖြင့် အချိန်ဖြုန်းသည်။ သူ့ငယ်ပေါင်း ရောင်းရင်းအချို့ဖြင့် တောတန်းထဲ သွားပြီး အပျော်အမဲလိုက်ကြသည်။ ရွာရောက်ပြီး ပျော်ပါး၍ ဝသလောက် ရှိသောအခါ လက်ထဲမှာ ငွေကလည်း လျော့နည်းသွားပြီဖြစ်သောကြောင့် မယ်အေး



သတိပေးစကား ပြောလိုက်မှ ဘုန်းတော်ကြီးထံမှာ ဗေဒင်ပညာ တစ်ဆင့်တက် ရန် သတိရတော့သည်။ သို့သော် ဘုန်းတော်ကြီးက ကိုတုတ်ဖြူ မျှော်လင့်သလို ဗေဒင်ပညာကို သင်မပေးဘဲ သတိပေးစကား၊ ဆုံးမစကားကိုသာ မိန့်ကြား တော်မူသည်။

"မောင်တုတ်ဖြူ၊ မနေ့က တောထဲ အပျော်အမဲလိုက်သွားတာ ချေ (ချိ) တစ်ကောင် မိခဲ့တယ် ဆိုတာ မှန်လား"

"ဟုတ်ပါတယ် ဘုရား"

ဟု ကိုတုတ်ဖြူက လျှောက်သည်။

"အဲဒီ ချေကို မင်း ဘယ်လိုလုပ်လဲ၊ ချေ ထွက်ပြေးတော့ မင်းလိုက် သွားတော့ ဘယ်သူနဲ့ တွေ့လဲ၊ မင်း ဘာတွေလုပ်လဲ"

ဘုန်းတော်ကြီး အမေးကို ကိုတုတ်ဖြူ ရုတ်တရက် ပြန်မဖြေဝံ့ဘဲ ဖြစ်နေသည်။ ဘုန်းတော်ကြီး မေးသည့်အတိုင်း မနေ့က ချေတစ်ကောင်မိသည် မှာ အမှန်ပင် ဖြစ်သည်။ ညွတ်ကွင်းထောင်ဖမ်းသည် ဖြစ်သောကြောင့် ချေကို အဆိုးရာဒဏ်ချက် မရှိဘဲ မိလိုက်သည်။ ချေသည် ကိုယ်ဝန်အရင့်အမာကြီးနှင့် ချေမကြီး ဖြစ်သည်။ အတူပါလာသူ အမဲလိုက်ဖော်များက ဇီးရင့်ကြီးနှင့် ချေမကြီးကို မြင်ရသောအခါ သနားလာကြသည်။ မသတ်ရက်၊ မစားရက်ကြ တော့ချေ။

"ကလေးမွေးခါနီး အမကြီးပါကွာ၊ ပြန်လွှတ်လိုက်ကြပါ၊ သနား ပါတယ်"

"အေးကွာ၊ ချေမကြီးကို သတ်လိုက်ရင် ဝမ်းထဲက ချေပေါက်စလေး ပါ သေတော့မှာပဲ"

"ချေမကြီး မြင်မှ အိမ်က မွေးတော့မယ့်ဆဲဆဲ ငါ့မိန်းမကို မျက်စိထဲ မြင်လာတယ်။ တော်ပြီကွာ နောက် အမဲလိုက်ဖို့များ ငါ့ကို လာမခေါ်ကြနဲ့ တော့ဟေ့"

အတူတူပါလာသူများက တစ်ယောက်တစ်ခွန်း သတိတရားရသည့် စကားတွေကို ပြောကာ ချေမကြီးကို ပြန်လွှတ်လိုက်ကြသည်။ ထိုအချိန်မှာ ကိုတုတ်ဖြူသည် အရက် တော်တော်မူးနေသည်။

မြို့မှာ ဗေဒင်ဆရာအဖြစ် ဟန်ဆောင်သိက္ခာဆည်နေခဲ့ရသည့် နေ့ ရက်များ အတိုးချသောက်ထားသော ကိုတုတ်ဖြူသည် မယ်အေး သတိပေးချက်

www.burmeseclassic.com

www.burmeseclassic.com



အရ ဤနေ့သည် နောက်ဆုံးသောက်ရမည့် နေ့အဖြစ်ဖြင့် ခါတိုင်းထက် ပိုပြီး သောက်ထားသောကြောင့် ခါတိုင်းထက် ပိုမူးပြီး ပိုရမ်းချင်နေသည်။ သူငယ်ချင်းတွေက ချေမကြီးကို ပြန်လွှတ်ဖို့ ပြောနေသည်ကို သဘောမတူချေ။

"အောင်မာ၊ အခုမှ ဘုရားအလောင်းတွေ ဖြစ်နေလိုက်ကြတာ။ မင်းတို့ မသတ်ချင်နေ ငါသတ်ပေးမယ်ကွာ"

ကိုတုတ်ဖြူက ပြောရင်း ချေမကြီးကို ထိုးသတ်ရန် မိန်းကို ချိန်လိုက်သည်။ သို့သော် သူ့လို မမူးဘဲ သောက်သည်ဆိုရုံမျှ သောက်လာသော သူငယ်ချင်းတွေက မိန်းကို လုယူလိုက်ကြသောကြောင့် မသက်လိုက်ရချေ။ တစ်ယောက်သောသူက ညွှတ်ကွင်းကို သွားဖြုတ်သည်။

"ဟေ့ - သူငယ်ချင်း၊ မဖြုတ်နဲ့ဦးဟေ့၊ မဖြုတ်နဲ့ဦး"

ကိုတုတ်ဖြူက အော်သည်။

"ဘာလဲ မင်းက သတ်ချင်သေးလို့လား"

ညွှတ်ကွင်းဖြုတ်နေသူက ပြန်မေးသည်။

"မဟုတ်ပါဘူး၊ မသတ်ချင်ပါဘူး၊ ချေမကြီးကို ငါ အစာကျွေးချင်လို့ပါ၊ တကယ်ပါ သူငယ်ချင်း၊ ငါ မသတ်ပါဘူး"

ကိုတုတ်ဖြူပြောသောအခါ အပေါင်းအဖော်များက ကိုတုတ်ဖြူ တကယ်ပြောနေခြင်း ဖြစ်မည်ဟု ထင်ကြသည်။ ထင်မည်ဆိုလည်း ထင်စရာပင်။ ကိုတုတ်ဖြူသည် လက်ထဲမှာ ဘာလက်နက်မှ မကိုင်ဘဲ ခပ်လှမ်းလှမ်းမှာရှိနေသော ချုံတစ်ချုံရှိရာသို့ ထွက်သွားသည်။ ချုံကြီးသည် စိန္နဘော်ပင်တွေ ရစ်ပတ်နွယ်ယှက်နေသော ချုံကြီးဖြစ်၍ သန်စွမ်းတုတ်ဖြိုးပြီး နုဖပ်ရှန်းစိုသော စိန္နဘော်ညွန့်တွေက စားချင်စဖွယ် တွေ့နေရသည်။ ကိုတုတ်ဖြူ၏ ရောင်းရင်းတစ်စု စိတ်ထဲမှာ ကိုတုတ်ဖြူသည် ချေမကြီးကို ကျွေးရန် စိန္နဘော်ညွန့်တွေ ချိုးဖို့သွားသည်ဟု ထင်ကြသည်။ သို့သော် ကိုတုတ်ဖြူ တကယ်ချိုးလာသည်မှာ စိန္နဘော်ညွန့်တွေ မဟုတ်ဘဲ ချုံကြီးအောက်ခြေမှာ အတွဲလိုက်၊ အခိုင်လိုက် သီးနေသော ခွေးလေ့ယားသီးတွေကို တစ်နွယ်လုံး ဖြုတ်ယူလာသည်။ မူးသာ မူးသည်။ ခွေးလေ့ယားသီးထိလျှင် မချိမဆံ့ ယားယံတတ်သည်ကိုကား ကိုတုတ်ဖြူ မူးနေလျက်က သိသည့်ကြောင့် သူ့ကိုယ်ကို မထိအောင် သတိထား ကိုင်လာသည်။ ထိုအခါမှ ကိုတုတ်ဖြူကို ကြည့်နေကြသော သူငယ်ချင်းတွေက လှမ်းမေးလိုက်၏။



"ဟေ့ကောင် ဘာလုပ်ဖို့လဲကွ"

"ချေမကြီးပါးစပ်ထဲ ခွံ့ထည့်လိုက်ရအောင်ဟေ့၊ ချေမကြီး ဘယ်လိုဖြစ်မယ်ဆိုတာ ကြည့်ပြီး ရယ်ရတာပေါ့ကွာ၊ နက်ဖြန်ဆိုရင် ငါက ဒီလို မပျော်ရတော့ဘူးကွ၊ ဘုန်းကြီးဆီမှာ ပညာတက်ရတော့မှာ၊ မြို့ကို မပြန်ခင် အမှတ်တရ ပျော်ပျော်ပါးပါးပေါ့"

ကိုတုတ်ဖြူက တဟားဟားရယ်ရင်း ခွေးလေ့ယားသီးတွဲကြီး ဆွဲပြီး ခြေလှမ်းသွက်သွက်ဖြင့် လာနေသောအခါ...

"ဒီကန်းမသားနဲ့တော့ ပေါင်းမဖြစ်တော့ပါဘူး"

"သင်း ခွေးလေ့ယားသီးတွေနဲ့ လွတ်အောင်ရှောင်တာ ကောင်းတယ်ဟေ့၊ တော်ကြာ တို့ပါ ထိပြီး ယားနေမှဖြင့် ဒုက္ခ"

တစ်ယောက်တစ်ခွန်း ပြောကြပြီး ချေမကြီးကို ညွှတ်ကွင်းမှ လျင်မြန်စွာ ဖြုတ်ပေးလိုက်ကြသည်။ ညွှတ်ကွင်းမှ လွတ်သွားသော ချေမကြီးသည် အသက်ဘေးမှ လွတ်ရာလွတ်ကြောင်း ပြေးရှာသည်။ သို့သော် တစ်ညလုံး ညွှတ်ကွင်းမိသော ဒုက္ခကြောင့် ခြေတွေ၊ လက်တွေ ထုံကျဉ်နေသောကြောင့် တစ်ကြောင်း၊ တစ်ညလုံး အစာငတ်၊ ရေငတ်ဖြစ်၍ အားအင်ချည့်နဲ့နေ၍ တစ်ကြောင်း၊ မွေးလုဆဲဆဲ ဗိုက်အရင့်အမာကြီးကြောင့် တစ်ကြောင်း ကောင်းမွန် လျင်မြန်စွာ မပြေးနိုင်ဘဲ ဖြစ်နေသည်။

ကိုတုတ်ဖြူက ညွှတ်ကွင်း ဖြေလွှတ်ရပါမည်လားဟု ဒေါသထွက်ပြီး သူငယ်ချင်းတွေကို ဆဲဆိုတိုင်းထွာကာ ချည့်နဲ့ ချည့်နဲ့ဖြင့် ပြေးနေသော ချေမကြီးနောက်ကို ခွေးလေ့ယားသီးတွဲကြီး ဆွဲပြီး သိုင်းကွက်နင်းကာ လိုက်နေသည်။ အရက်က မူးနေသောကြောင့် ချေကို မီအောင် မလိုက်နိုင်ချေ။ သူငယ်ချင်းတစ်သိုက်က အဓိပ္ပာယ်မရှိ အလုပ်ကို လုပ်နေသော ကိုတုတ်ဖြူကို အကူအညီ မပေးသော်ငြားလည်း မြို့ပေါ်မှာနေပြီး ကိုယ့်ရပ်ရွာကို ခင်မင်သောအားဖြင့် အလည်အပတ်ပြန်လာသော သူငယ်ချင်းကို တောထဲမှာ အရက်မူးလဲပြီး တစ်ခုခု ဖြစ်နေမှာ စိုးရိမ်သောကြောင့် မျက်ခြည်မပြတ် နောက်က လိုက်ကြည့်ကြရသည်။ ကိုတုတ်ဖြူအနားကိုကား မည်သူမျှ မကပ်ဝံ့ကြ။ ခွေးလေ့ယားသီး ထိမှာ စိုးကြသည်။

လိုက်ရင်း လိုက်ရင်းဖြင့် ဤတောတွင်းတစ်နေရာဝယ် ရှုထောင်ဆောင်တာ တရားအားထုတ်နေသော ဘုန်းတော်ကြီးတစ်ပါး သီတင်းသုံးနေရာ

www.burmeseclassic.com

www.burmeseclassic.com



တောကျောင်းကလေးသို့ ရောက်လာကြသည်။ ထိုအချိန်မှာ ဘုန်းတော်ကြီးသည် အညောင်းပြေ ဣရိယာပုတ်မျှတစေရန် စင်္ကြံကြွနေစဉ် ဖြစ်သည်။ ချေမကြီးက ဘုန်းတော်ကြီး၏ တောရကျောင်းကလေးရှေ့ ရောက်သောအခါ အမောဆို့လာဟန်ဖြင့် လဲသွားသည်။

စင်္ကြံကြွနေသော ဘုန်းတော်ကြီးက စင်္ကြံကြွခြင်းကို ရပ်ပြီး ကြည့်နေသည်။ ကိုတုတ်ဖြူနောက် မလှမ်းမကမ်းမှ ပါလာကြသော သူငယ်ချင်းများက ကိုတုတ်ဖြူ၏ အရက်မူးမူးဖြင့် မလုပ်အပ်သော အလုပ်ကို ဘုန်းတော်ကြီးအား လျှောက်ထားကြသည်။ ဘုန်းတော်ကြီးသည် ခွေးလှေးယားသီးတွဲကြီးကို ဆွဲပြီး လဲနေသော ချေမကြီးထံ ဒယီးဒယိုင် သွားနေသော ကိုတုတ်ဖြူရှေ့သို့ ရောက်အောင် လျင်မြန်စွာ ကြွသွားပြီး-

"သည်းခံ ဒကာ၊ ကျူပ်နေတဲ့နေရာလေးကို ရောက်လာတဲ့ သတ္တဝါ မှန်သမျှ ဘေးမဲ့ဖြစ်တယ်"

ဟု မိန့်ကြားသည်။ လဲနေသော ချေမကြီးရှေ့မှာ အကာအကွယ်ဖြစ်ရပ်နေတော်မူလိုက်သည်။ ဘုန်းတော်ကြီး စိတ်ထဲမှာ ဤသို့ တားမြစ်လိုက်လျှင် ကိုတုတ်ဖြူသည် သူ လုပ်ချင်သောကိစ္စကို အကောင်အထည်မဖော်တော့ဘဲ ရပ်တန့် နောက်ဆုတ်သွားလိမ့်မည်ဟု ထင်တော်မူသည်။

သူငယ်ချင်းတစ်သိုက်လုံးက စိတ်ထဲမှာ ဘုန်းတော်ကြီးကို ရိုသေသမှုဖြင့် ကိုတုတ်ဖြူ နောက်ပြန်လှည့်လာမည်ဟု ထင်နေကြသည်။ ဤဘုန်းတော်ကြီး ဤနေရာမှာ တရားအားထုတ်နေသည်မှာ ကြာမြင့်လှပြီဖြစ်၍ ကိုတုတ်ဖြူ လူပျိုဘဝကပင် သိနေခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ဘုန်းတော်ကြီးက တားမြစ်လျှင် ကိုတုတ်ဖြူ နာခံမည်ဟု တထစ်ချ တွေးနေကြသည်။

သို့သော် မြို့တက်ပြီး နာမည်ကျော် ဗေဒင်ဆရာလုပ်ကာ ငွေစကြေးစရွှင်ရွှင်ဖြင့် ကိုယ့်ရပ်ရွာ ပြန်ရောက်လာသောအချိန်ဝယ် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး အောက်ခြေလွတ်နေသော ကိုတုတ်ဖြူကား သေးကြွကြွ၊ အရက်မူးမူးဖြင့် မည်သူကမျှ မထင်သော စကားကို ပြောကာ၊ မည်သူကမျှ မထင်သော အလုပ်ကို လုပ်လိုက်သည်။

"ဘုန်းကြီးက လူ့ကိစ္စ မဆိုင်ဘဲဝင်ရှုပ်တာ မှတ်ထား"

ဟု ပြောပြောဆိုဆို လက်ထဲမှာ ကိုင်လျက်ရှိနေသော ခွေးလှေးယားသီး အတွဲကြီးဖြင့် ဘုန်းတော်ကြီးမျက်နှာကို ပေါက်လိုက်သည်။ အတူပါလာသော သူငယ်ချင်းများ၏ အံ့အားသင့်ပုံကား ပြောမပြတတ်အောင်ပင် ဖြစ်သွားသည်။



စိတ်ဆိုးလွန်းသော သူငယ်ချင်းတစ်ယောက်က ကိုတုတ်ဖြူကို ဆောင့်ဆွဲပြီး လက်သီးဖြင့် အားရပါးရ ထိုးလိုက်သောအခါ နဂိုက မူးနေသော ကိုတုတ်ဖြူသည် လက်သီး သုံး၊ လေးချက်မျှဖြင့် မြေပေါ်သို့ ခွေခွေလေး လဲသွားလေသည်။ ကျန်လူတွေက ကပျာကသီ ရေခပ်ပြီး ဘုန်းတော်ကြီး မျက်နှာကို ဆေးသူက ဆေးပေးသည်။ မနီးမဝေးရှိ ဆီးဖြူပင်မှ ဆီးဖြူသီးတွေကို ပြေးခူးပြီး ကျောက်တုံးဖြင့်ထု အရည်ညှစ်ကာ ဘုန်းတော်ကြီးမျက်နှာကို ဆွတ်သူက ဆွတ်ပေးသည်။ မိမိတို့ ဦးခေါင်းမှ ရှိတတ်သရွေ့ ဆံပင်ဖြင့် ဘုန်းတော်ကြီးမျက်နှာကို ဦးခေါင်းဆိုက်ကာ ဆံပင်ဖြင့် ပွတ်သူ ပွတ်ပေးသည်။

ဘုန်းတော်ကြီးကား သူ့ဝေဒနာကို သည်းခံ ထိန်းချုပ်ထားပြီး ကိုတုတ်ဖြူ အမူးပြေသွားအောင် ပြုစုကြရန်သာ မိန့်တော်မူသည်။ သူငယ်ချင်းတစ်သိုက်က ကိုတုတ်ဖြူ မျက်နှာကို ရေတွေ လောင်းခြင်း၊ အလေ့ကျ ပေါက်နေသော သံပရာပင်မှ သံပရာသီးတွေ ခူးပြီး နားထဲ ညှစ်ထည့်ခြင်းဖြင့် ကိုတုတ်ဖြူ အမူးပြေသလောက် ဖြစ်ကာ သတိကောင်းကောင်း ရလာသည်။ ကိုတုတ်ဖြူ သတိရလာသည့်အချိန်ဝယ် ဘုန်းတော်ကြီး မျက်နှာသည် ခွေးလှေးယားသီး အမွှေးကြောင့် နီရဲကာ အဖုကြီးတွေ၊ အပိမ့်ကြီးတွေ အဆုပ်လိုက် ထနေသည်။

"ဒကာတို့ ပြန်ကြတော့"

ဘုန်းတော်ကြီး၏ မိန့်ကြားတော်မူချက်အရ သူငယ်ချင်းတစ်သိုက် ဘုန်းတော်ကြီးကို ရိုသေစွာ ဦးခိုက်ကန်တော့ကြပြီး ယိုင်တိုင်တိုင် ဖြစ်နေသော ကိုတုတ်ဖြူကို ခပ်ကြမ်းကြမ်း ဆွဲပြီး ပြန်လာကြသည်။

ဤအကြောင်းကား ရွာထဲတွင် ချက်ချင်းပင် လူတိုင်းသိကာ ရွာဦးကျောင်း ဘုန်းတော်ကြီးနားသို့ပင် ပေါက်လေသည်။ ထို့ကြောင့် ဗေဒင်ပညာ နောက်တစ်ဆင့်တိုး သင်လို၍ ရောက်လာသော ကိုတုတ်ဖြူကို ရွာဦးကျောင်း ဘုန်းတော်ကြီးက မေးတော်မူသည်ကို ကိုတုတ်ဖြူ ပြန်မဖြေဝံ့ဘဲ ဖြစ်နေသည်။ ကိုတုတ်ဖြူသည် ဦးခေါင်းငိုက်စိုက်ဖြင့် နှုတ်ဆိတ်နေသည်။

"ရဟန်းသံဃာကို ပြစ်မှားတဲ့ မင်းလိုလူကို ပညာသင်ပေးရင် အဆိပ်ပင် ရေလောင်းသလို မင်းအကုသိုလ်တွေထဲမှာ ငါပါ ဝေစုပါနေဦးမယ်။ ပြန်တော့ မောင်တုတ်ဖြူ"

www.burmeseclassic.com

www.burmeseclassic.com



ရွာဦးကျောင်း ဘုန်းတော်ကြီး မိန့်ကြားချက်က ကိုတုတ်ဖြူအတွက် ပြည့်စုံနေပြီဖြစ်ရာ ကိုတုတ်ဖြူသည် စိတ်မကောင်းခြင်းတစ်ဝက်၊ ဒေါသဖြစ်ခြင်းတစ်ဝက်မှာ ရှက်ခြင်းပါ ရောပြီး ဘုန်းတော်ကြီးကို ကန်တော့ခြင်းပင် မပြုတော့ဘဲ ပြန်ထွက်လာခဲ့သည်။

ရွာသူရွာသားတွေအနေဖြင့် သူ့ကို ရောက်လာခါစကလို ခေါ်ခြင်း ပြောခြင်း မပြုတော့သည်ကိုလည်း ကိုတုတ်ဖြူ သတိထားမိသည်။ ထို့ကြောင့် ဈေးသည် မယ်အေးကို နက်ဖြန် မြို့ပြန်ဖို့အတွက် ပြင်ဆင်ရန် စကားတိုတိုဖြင့် မှာကြားကာ စောင်ကို ခေါင်းမြီးခြုံပြီး အိပ်နေလိုက်တော့သည်။ ခရီးထွက်ရန်အတွက် ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ပြီးသော မယ်အေးက ညနေစောင်းလာပြီဖြစ်၍ ညနေစာထမင်းစားရန် ခေါင်းမြီးခြုံအိပ်နေသော ကိုတုတ်ဖြူကို ခြုံထားသောစောင် ဆွဲဖွင့်ပြီး နှိုးလိုက်၏။ စောင်ပွင့်ပြီး မျက်နှာပေါ်လာသော ကိုတုတ်ဖြူကို မြင်ရသော မယ်အေးသည် -

"အောင်မယ်လေး - မြတ်စွာဘုရား"

ဟု အလန့်တကြား အော်လိုက်မိသည်။

"သယ် - နင်က ဘာဖြစ်ရပြန်တာလဲ"

သူ့မျက်နှာကြည့်ပြီး အလန့်တကြား အော်လိုက်သော မယ်အေးကို ကိုတုတ်ဖြူက ဒေါသဖြစ်စွာ မေးလိုက်သည်။

"တော့်ဘာသာတော်ပဲ ပြန်ကြည့်ပါတော့ တော် ..."

မယ်အေးက ငိုသံကြီးဖြင့်ပြောကာ သူ သနပ်ခါးလိမ်းရာမှာ သုံးသည့် မှန်လေးကို ယူပြလိုက်သည်။

"ဘာလဲ၊ ဘာကို ကြည့်ရမှာလဲ၊ ငါ စိတ်တိုနေတုန်း ဒေါသဖြစ်အောင် မလုပ်နဲ့နော်"

ကိုတုတ်ဖြူက ပြောပြီး သူ့လက်ထဲရောက်လာသော မှန်လေးကို အမှတ်မထင် ငုံ့ကြည့်လိုက်မိသည်တွင် -

"အောင်မယ်လေး - ငါ့မျက်နှာကြီး ဘယ်လိုဖြစ်သွားတာလဲဟ"

ဟု ပြောပြောဆိုဆို မှန်ကို ကြေသွားမတတ် လက်ဖြင့် ဖျစ်ညှစ်ကိုင်ကာ သူ့မျက်နှာကို ကြောက်လန့်စွာ မျက်လုံးပြူး ကြည့်နေသည်။

"မျက်နှာတစ်ခုတည်း မဟုတ်ဘူး ကိုတုတ်ဖြူရဲ့၊ ရှင့်တစ်ကိုယ်လုံးတော့ ... တစ်ကိုယ်လုံး"



မယ်အေးက ပြောရင်း ငိုလိုက်သည်။ ထိုအခါမှ ကိုတုတ်ဖြူသည် ကိုယ်ထဲ သေသေချာချာ ကြည့်လိုက်သည်။ မယ်အေးပြောသည့်အတိုင်း မျက်နှာတစ်ခုတည်းသာ မဟုတ်တော့ဘဲ နားရွက်တွေ၊ လည်ပင်းတွေ ...။

ထို့နောက် ကိုတုတ်ဖြူသည် သူ့လက်ရော၊ ခြေရော တစ်ကိုယ်လုံး သဖန်းသီးကြီးတွေလို အဖုအပိမ့်တွေ အဆုပ်လိုက် ထွက်နေသည်ကို စိတ်ဆင်းရဲစွာဖြင့် မြင်ရလေတော့သည်။ တစ်ကိုယ်လုံး တဆစ်ဆစ်ဖြင့် အားယ်လာသည်မှာ တဖြည်းဖြည်းဖြင့် မနေနိုင်အောင် ဖြစ်လာသည်။

"ငါတော့ နူပြီထင်တာပဲ မယ်အေးရေ"

ကိုတုတ်ဖြူက ပြောပြောဆိုဆို ချုံးချ ငိုလိုက်ရှာသည်။ ကိုတုတ်ဖြူ ရောဂါကား အနူလည်း မဟုတ်ချေ။ အနူရောဂါကုဆရာတွေက ကိုတုတ်ဖြူ ရောဂါသည် အနူမဟုတ်ဟု အခိုင်အမာ ပြောကြသည်။

မြို့ကိုလည်း ပြန်၍ မဖြစ်တော့ချေ။ မယ်အေးတစ်ယောက် ဖြစ်သလို ရှာဖွေကျွေးမွေးနေသည်ကို ဆင်းရဲချို့ငဲ့စွာ စားသောက်ရင်း စိတ်ဆင်းရဲသော ဝေဒနာကို နေ့ရှိသရွေ့ ခံစားနေရရှာသည်။ အရက်မူးမူးဖြင့် သူတော်ကောင်းကို ပြစ်မှားမိခဲ့သော သူ့အပြစ်ကိုလည်း သူသိသည်။ ရွာဦးကျောင်း ဘုန်းတော်ကြီးမှ စ၍ တစ်ရွာလုံးက ကိုတုတ်ဖြူတစ်ယောက် မပြစ်မှားအပ်သော သူတော်ကောင်းကို ပြစ်မှားသောကြောင့် အကုသိုလ်က လက်ငင်း အကျိုးပေးလိုက်သည်ကို သနားသူက သနားကြသည်။ အပြစ်ပြောသူက ပြောကြသည်။ ကိုတုတ်ဖြူ ထိုရောဂါဖြစ်ပြီး ခြောက်လလောက် ကြာသောအခါ ရွာဦးကျောင်း ဘုန်းတော်ကြီးသည် တစ်နေ့သောအခါဝယ် ကိုတုတ်ဖြူ အိမ်သို့ ကြွလာသည်။

ဤတစ်ကြိမ်မှာမူ ကိုတုတ်ဖြူသည် ဘုန်းတော်ကြီးကို ရိုသေစွာ လက်စုံမိုးပြီး ရှိခိုးသည်။ သူခံစားနေရသော စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲမှ လွတ်ရာလွတ်ကြောင်း ကယ်မတော်မူရန် ငိုယိုတောင်းပန်သည်။

ဘုန်းတော်ကြီးသည် ကိုတုတ်ဖြူကို သနားကြင်နာစွာဖြင့် အကြံပေးစကား ပြောဆိုတိုက်တွန်းတော်မူသည်။

"ငါပြောတာကို နားထောင် မောင်တုတ်ဖြူ၊ တောရဆောက်တည်နေတဲ့ ဆရာတော်ဘုရားကြီးကို မင်း အမြန်ဆုံးသွားပြီး ရှိခိုးတောင်းပန်ပေါ့။ မင်းလက်ချက်ကြောင့် ဆရာတော်ဘုရားကြီး မျက်နှာမှာ တော်တော် ဝေဒနာ

www.burmeseclassic.com



ခံလိုက်ရတယ်။ သူတော်ကောင်းကတော့ ဘယ်သူ့မှ အာဃာတ မထားဘူး ပေါ့။ သို့သော် ပြစ်မှားတဲ့လူမှာ မိမိအကုသိုလ်က မိမိကို ပြန်ပြီး စီရင်တဲ့ သဘောမျိုး ဖြစ်တယ်။ အဲဒါ မင်းကိုယ်တိုင် တောင်းပန်လိုက်ရင် သက်သာ တန်သလောက် သက်သာလိမ့်မယ်လို့ ငါ ထင်တယ်လေ''

ဘုန်းတော်ကြီး အကြံပေး တိုက်တွန်းချက်ကို ကိုတုတ်ဖြူ ဝမ်းမြောက် ဝမ်းသာ လက်ခံသည်။ ချက်ချင်းပင် မယ်အေးနှင့်အတူ တတ်စွမ်းနိုင်သရွေ့ သော လှူဖွယ်ပစ္စည်းကလေးများနှင့် တောရဆောက်တည်နေသော ဆရာတော် ကြီးထံ သွားကြသည်။

ဆရာတော်ကြီးထံ ရောက်သောအခါ ကိုတုတ်ဖြူသည် ဆရာတော်ကြီး ခြေကို ဦးခိုက်ကာ သူ့အပြစ်ကို သနားသဖြင့် ခွင့်လွှတ်ပါရန် ငိုပြီး ရှိခိုး တောင်းပန်သည်။ ဆရာတော်ဘုရားကြီးကား သူတော်ကောင်းပီပီ ခွင့်လွှတ်တော် မူပြီးသားပင် ဖြစ်သည်။ သို့သော် ကိုတုတ်ဖြူကို အထူးသဖြင့် သနားတော် မူဟန် တူသည်။ ပကတိ အေးမြတည်ငြိမ်သော အသံဖြင့် မိန့်ကြားတော် မူသည်။

''မောင်တုတ်ဖြူ''

''ဘုရား''

''ငါကတော့ ဘယ်သူ့ကိုမဆို ခွင့်လွှတ်ပြီးသားပါ။ သို့သော် မင်းကို အထူးသဖြင့် သနားပါတယ်၊ မင်း ခံစားနေရတဲ့ ဝေဒနာကိုလည်း ပျောက်စေ ချင်ပါတယ်။ ငါက ဆေးတော့ မကုတတ်ဘူးကွဲ့၊ တစ်ခုတော့ တိုက်တွန်းလို တယ်၊ မင်း မပျက်မကွက် လိုက်နာမယ်ဆိုရင်တော့ မင်းဝေဒနာ သက်သာတန် ကောင်းပါရဲ့လို့ မျှော်လင့်မိတယ်''

''အမိန့်ရှိတော်မူပါ ဘုရား၊ တပည့်တော် မပျက်မကွက် လိုက်နာ ကျင့်သုံးပါ့မယ် ဘုရား''

''မင်းက အသားစားလည်း အလွန်ကြူးတယ်ကွဲ့၊ ငါပြောတာ ဟုတ်လား''

''ဟုတ်ပါတယ်ဘုရား''

ကိုတုတ်ဖြူက ဝန်ခံသည်။

''မင်း အသက်မွေးတဲ့ပညာကလည်း တော်တာ တတ်တာက နည်းနည်း၊ လိမ်တာ၊ ညာတာက များနေတယ်။ မင်းမှာ ငါးပါးသီလဆိုလို့



တစ်ပါးမှ မရှိဘူး၊ အဲဒီတော့ မင်းအဖို့ သက်သာရာသက်သာကြောင်း ဖြစ် နိုင်မယ့်နည်းကတော့ နေ့တိုင်း ငါးပါးသီလကို မကျိုးမပေါက်ရအောင် အထူး သတိထားပြီး စောင့်ထိန်းပါ့မယ်ဆိုတဲ့ အဓိဋ္ဌာန်တစ်ခု၊ အခြေလေးချောင်း သား၊ အခြေနှစ်ချောင်းသားကို အသက်ထက်ဆုံး ရှောင်ပါ့မယ်ဆိုတဲ့ အဓိဋ္ဌာန် တစ်ခု၊ အဲဒီ အဓိဋ္ဌာန်နှစ်ခုကို ခိုင်မြဲစွာ လုံလုံစောင့်ထိန်းကြည့်စမ်းပါ၊ သစ္စာ အဓိဋ္ဌာန်ရဲ့တန်ခိုးဟာ အင်မတန် ထက်မြက်ပါတယ် မောင်တုတ်ဖြူ၊ တစ်ခုခု တော့ ထူးခြားလာပါလိမ့်မယ်လို့ ငါ ထင်တယ်လေ''

တောရကျောင်း ဆရာတော်ကြီးက ဤမျှသာ မိန့်ကြားတော်မူလိုက် သည်။

ကိုတုတ်ဖြူသည် ဆရာတော်ကြီးထံမှ ပြန်လာပြီး နောက်တစ်နေ့ မှ၍ ရှိသေလေးနက်စွာ စတင်ကျင့်သုံး ဆောက်တည်လေသည်။ သုံးလတိတိ ကြာသောအခါ ကိုတုတ်ဖြူ၏ ဝေဒနာသည် သိသာအောင်ပင် သက်သာလာ သည်ကို တွေ့ရသည်။ ကိုတုတ်ဖြူ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း၊ ရတနာ သုံးပါးကို အထူး ပိုမို ရှိသေလာသည်။ ဆောက်တည်ထားသော အဓိဋ္ဌာန် နှစ်ခုကိုသာမက နေ့စဉ် ရှစ်ပါးသီလကို ထိန်းနေသည်။ အဓိဋ္ဌာန်ဖြင့် ကမ္မဋ္ဌာန်း ထိုင်သည်။ ပုတီးစိပ်သည်။ တစ်နှစ်ကျော်မျှ ကြာသောအခါဝယ် ကိုတုတ်ဖြူ မှာ စွဲကပ်နေသော ဝေဒနာသည် ပျောက်ပြီဟု ဆိုရအောင်ပင် ပကတိ အသား အရေအတိုင်း ဖြစ်လာလေပြီ။

''မယ်အေးရေ၊ ပျောက်ပြီးသား ရောဂါဟာ ပြန်ဖြစ်မှာတော့ မဟုတ် ဘူး ထင်ပါတယ်''

ကိုတုတ်ဖြူက သူ့မျက်နှာကို မှန်ထဲမှာ ကြည့်ရင်း ဝမ်းသာစွာ ပြောသည်။

မယ်အေးလည်း ဝမ်းသာရှာသည်။ ကိုတုတ်ဖြူ ဝေဒနာပျောက်ကင်း သောလျှင် လင်မယားနှစ်ယောက် မြို့ကိုပြန်ပြီး ဗေဒင်ဟောနိုင်မည်။ ငွေ ကလေးကြေးလေး ပြန်လည် အစားဖြည့်နိုင်မည်။ သို့သော် ကိုတုတ်ဖြူကား ရှေးမီးကောက် ကျည်တောက်စွပ်သော လူစားမျိုးသာ ဖြစ်ရကား သူ့ဝေဒနာ ပျောက်ပြီဟု စိတ်ချယုံကြည်စွာဖြင့် အတော်ခံရှောင်လာခဲ့ရသော အသားငါး ကို ပြန်လည်တောင့်တလာသည်။ စားချင်သောစိတ်ကို မထိန်းချုပ်ချေ။ မယ်အေး အတန်တန် တားမြစ် တောင်းပန်နေသည့် စကားကို နားမထောင်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အိမ်ကမှန်းမသိ အလည်လွန့်ပြီး ရောက်လာသော ကြောင်ကလေး တစ်ကောင်ကို ကိုယ်တိုင်သတ်၊ ကိုယ်တိုင်ချက်ကာ အားရပါးရ စားလိုက် သည်။ ထမင်း နှစ်လုတ်မျှ ပါးစပ်ထဲ ရောက်သေးသည်၊ ကိုတုတ်ဖြူတစ်ယောက် ထမင်း နင်နေလေတော့သည်။

မျက်လုံးကြီး ပြူးကာ မရှူနိုင် မကယ်နိုင် ဖြစ်နေသော ချစ်လင် ဖြစ်ပုံကို မြင်ရသော မယ်အေးက အိမ်နားနီးချင်းတွေကို ဟစ်အော် ခေါ်သည်။ တတ်သရွေ့၊ မှတ်သရွေ့ ဝိုင်းဝန်းပြုစုကြပါသော်လည်း လည်ချောင်းထဲ နင် နေသော ကြောင်သားဟင်းတုံးနှင့် ထမင်းကို အပြင် ပြန်ထွက်အောင်သော် လည်း ကောင်း၊ ဝမ်းထဲသို့ ကျသွားအောင် လည်းကောင်း မည်သူမျှ မတတ်နိုင်ချေ။ တိုတောင်းလှသော အချိန်ကလေးအတွင်းမှာပင် ကိုတုတ်ဖြူတစ်ယောက် မျက်လုံး ပြူးလျက်နှင့် အသက်ထွက်သွားရှာလေပြီ။

တိုက်ဆိုင်မှုပေလား၊ ငတ်ငတ်ဖြင့် အငမ်းမရ စားသောကြောင့် နင် သွားသလား၊ သူတော်ကောင်းကို ပြစ်မှား စော်ကားထားသည့် အကုသိုလ် မကျေသေးမီမှာ ဆောက်တည်ထားသည့် အဓိဋ္ဌာန်ကို မရှိမသေ ချိုးဖျက်သော ကြောင့် သစ္စာရူးလေသလား ဆိုသည်ကိုမူ မည်သူမှ အတိအကျ မပြောနိုင် လင့်ကစား ကိုတုတ်ဖြူအဖို့ ရတနာသုံးပါးကို တိုင်တည်ပေးထားသည့် ကတိ ကို လိမ်လည်သောကြောင့် လက်ငင်း ခံစားသွားရသည့် အဖြစ်ကမူ ရေပြာ အိုင်ရွာတွင် ပြောစမှတ်ပြု ကျန်ရစ်သည်မှာ မခင်ရွှေ ရောက်လာသည့်အချိန် အထိပင် ဖြစ်ပေသည်။

■

မခင်ရွှေက သူ ရေးသားထားသည်ကို သူ ပြန်ဖတ်ပြီးသောအခါ အဘွားကြီးက ဖတ်ပြပါဦးဟု ဆိုသဖြင့် ဖတ်ပြရသေးသည်။

“ဆရာမလေး ရေးတာ သိပ်ကောင်းတာပဲကွယ်”

အဘွားကြီးက ချီးကျူးလိုက်သည်။

“ရေပြာအိုင်နဲ့ ပတ်သက်လာရင် လူတွေရော၊ တိရစ္ဆာန်တွေရော မေ့ပျောက်လို့ မရအောင် မှတ်လောက် သားလောက်တွေချည်းပဲနော် ဘွားဘွား”



“ရေပြာအိုင်ကတော့ ပြောမနေနဲ့တော့ မိန်းကလေး၊ သက်ရှိသတ္တဝါ သာ ထူးဆန်းတာ မဟုတ်ဘူး၊ သက်မဲ့ဖြစ်တဲ့ သစ်ပင်ကတောင် ပြောလို့ ယုံနိုင်စရာ မရှိအောင် ထူးဆန်းတယ်ကွဲ့”

“ဟုတ်လား ဘွားဘွား၊ ဓာတ်လမ်းတစ်ပုဒ်တော့ ရပြန်ပြီ၊ ပြောပြ ပါဦးနော် ဘွားဘွား”

“အေး – အခုပြောမယ့် အကြောင်းကိုတော့ ရေပြာအိုင်က သစ်စုန်း ပင်လို့ ခေါင်းစီးတပ်လိုက်”

“ဟုတ်ကဲ့ပါ ဘွားဘွား”

၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ၊ သွေးသောက်မဂ္ဂဇင်း

■

www.burmeseclassic.com

www.burmeseclassic.com

## ရေပြာအိုင်မှ သစ်စုန်းပင်

ကိုတုတ်ဖြူတစ်ယောက် ကတိသစ္စာပျက်၍ မရှုမလှအဖြစ်မျိုးဖြင့် အသက်သေဆုံးရသည့် အကြောင်းကို ရေပြာအိုင်ရွာတွင် မမေ့နိုင်အောင် ပြောစမှတ် ကျန်ရစ်သည့် နည်းတူ မရှုမလှ အဖြစ်မျိုးဖြင့် အသက်သေဆုံးရသော မသူဇာအဖြစ်ကိုလည်း ရေပြာအိုင် ရွာသူရွာသားတွေ လုံးဝ မမေ့နိုင်အောင် ဖြစ်ကြရသည်။

ကိုတုတ်ဖြူသေဆုံးရသည်မှာ အပြစ်ရှိသူ ဖြစ်သည့်အပြင် ရတနာသုံးပါးကို လိမ်လည်သောကြောင့် သစ္စာရှုးသေသည့်အတွက် ပြောစမှတ်ဖြစ်သော်လည်း စိတ်ထိခိုက်စရာ အဖြစ်မျိုး မဟုတ်ချေ။ မသူဇာအဖြစ်ကား စဉ်းစားသူတိုင်း၊ သတိရသူတိုင်း၊ ထိုကိစ္စတွင် ကိုယ်ထိလက်ရောက် ပါဝင်ခဲ့သူတိုင်း ကြက်သီးမွေးညင်းထလောက်အောင်ပင် စိတ်ထိခိုက် တုန်လှုပ်ကြရသည်။ ထိတ်လန့်ကြောက်ရွံ့ကြရသည်။ ဖြေမဆည်နိုင်အောင် နောင်တတရားရကြရသည်။ စဉ်းစားလေ မသူဇာကို သနားကြင်နာမှုကြောင့် မျက်ရည်ကျကြရလေ ဖြစ်ကြရသည်။

"ဘာကြောင့်လဲ ဘွားဘွား"

မခင်ရွှေက တအံ့တဩ မေးလိုက်သည်။



"ဘာကြောင့်ရမှာလဲ မိန်းကလေးရယ်၊ မသူဇာဖြစ်ပုံမျိုးများ ကြေကွဲစရာ ကောင်းလိုက်ပါဘိ၊ အဲဒီအချိန်က ဘွားဘွားတို့က ကလေး ရှိသေးတာ၊ အသက် ဘယ်လောက်မှာလဲဆိုတော့ ဘွားဘွားအသက် ၁၃၊ ၁၄ နှစ် ရှိပြီကွဲ့၊ ကောင်းကောင်း မှတ်မိခဲ့တယ်"

"ဟုတ်ကဲ့ ပြောပါဘွားဘွား"

"ဒီလိုကွဲ့ ဒီလို"

အဘွားကြီးက စကားစလိုက်သည်။ ထို့နောက် ရင်နာ ကြေကွဲဖွယ်ကောင်းသော မသူဇာဆိုသူ၏ အကြောင်းကို ပြောပြသည်ကို မခင်ရွှေက ဤသို့ ရေးမှတ်လိုက်ရပြန်သည်။

■

ဒေါ်သူဇာကား ရေပြာအိုင်ရွာကို စတင်တည်ထောင်သော ရှေးလူကြီးဆယ်ဦးအနက် တစ်ဦးသော လူကြီး၏သမီး ဖြစ်သည်။ ရှေးလူကြီးတွေကား အနေစုတ်ကြသော်လည်း ရွှေထုပ်သည့် မြပဝါတွေ ဖြစ်ကြသည်။ လယ်ယာမြေကို ပိုင်ဆိုင်ရုံသာမဟုတ် အတွင်းပစ္စည်းကား အနည်းဆုံး ရွှေငါးဆယ်သားလောက်တော့ ရှိကြသည့် လူတွေသာ ဖြစ်ကြသည်။ မသူဇာ၏ မိဘတွေသည် ရွှေခုနစ်ဆယ်သားလောက်တော့ ရှိကြသည်။ သားသမီး သုံးယောက်ရှိသည့်အနက် မသူဇာက အလတ် ဖြစ်သည်။ မောင်နှမသုံးယောက်သည် တစ်မိတစ်ဖတည်းက မွေးဖွားလာကြသော အရင်းအချာတွေ ဖြစ်စေကာမူ တစ်ယောက်နှင့်တစ်ယောက် ရုပ်ရည်ရော၊ စိတ်သဘောထားရော မတူကြချေ။

မသူဇာထက်အကြီး အစ်ကိုက အသားမည်းမည်း၊ တုတ်တုတ်ခိုင်ခိုင် စိတ်သဘောထား ကြမ်းတမ်းခက်ထန်သည်။ စကားပြောလိုက်လျှင် တစ်ဖက်သား နားထဲသို့ ပြေပြစ်ချောမောစွာ မဝင်ဘဲ စိတ်မချမ်းသာအောင် ထိုတ်ခိုက်ပြီးမှ ဝင်သွားတတ်သည်။ ရုပ်ရည်က မည်းမည်းတုတ်တုတ် ဖြစ်သော်လည်း၊ စိတ်သဘောထားက ကြမ်းတမ်းခက်ထန်သော်လည်း အလှအပ အလွန်မက်သူ ဖြစ်သည်။ အစားအသောက်ကောင်းကို အလွန် ခုံမင်သူ ဖြစ်သည်။ ကောင်းကောင်းဝတ်ပြီး ကောင်းကောင်း စားနေတတ်သည်။ မိဘကို ကူညီခြင်း၊ မိဘတွေ၏ စီးပွားရေးကို ကူညီခြင်း လုံးဝ မပြုပေ။ နာမည်ထ

www.burmeseclassic.com



ကိုချစ်ပိုဆိုသော်လည်း သူ့မိဘကလွဲပြီး မည်သူကမျှ သူ့ကို အချစ်မပိုကြဘဲ ဝတ်ကျေတမ်းကျေမျှသာ ခေါ်ပြောပေါင်းသင်းကြသည်။

အလတ်ဖြစ်သော မသူဇာကမူ နာမည်နှင့်လိုက်အောင်ပင် ချောမွေ့ ယဉ်ကျေးသူလေး ဖြစ်သည်။ သိမ်မွေ့ လိမ္မာသည်။ မိဘတွေကို အမြဲတစေ စိတ်ချမ်းသာမှုကိုသာ ဖြစ်စေသည်။ မိဘတွေကို ကျိုးနွံရိုသေပြီး ဝတ္တရားကျေ စွာ ပြုစုလုပ်ကျွေးသည်။ မည်သူနှင့်မဆို သင့်တင့်အောင် ဆက်ဆံတတ်သည်။ ချစ်အောင်၊ သနားအောင် ပြောတတ်ဆိုတတ်သောကြောင့် တစ်ရွာလုံးက ချစ်ကြသည်။

အငယ်ဆုံးဖြစ်သော မထွေးညိုကား မသူဇာလို အသားမဖြူဘဲ ညိုသည်။ ညိုသည်ဆိုခြင်းထက် မည်းသည်ဟုဆိုက ပိုပြီး မှန်ပေမည်။ မသူဇာ ရုပ်ရည်နှင့်မူ ဆန့်ကျင်ဘက် ဖြစ်သည်။ ရုပ်ရည်က မလှသော်လည်း လူကမူ အလွန်လှချင်သည်။ မသူဇာက ဖြစ်သလို ဝတ်စားနေနိုင်သော်လည်း မထွေး ညိုကား သူ့ခေတ်နှင့်သူ ပေါ်သမျှ လှသည်၊ ဆန်းသည်ဆိုတာတွေကိုသာ ဝယ်ဝတ်သည်။ မိဘတွေကလည်း ငွေကြေးတတ်နိုင်သူတွေ ဖြစ်သောကြောင့် သားသမီးသုံးယောက်လုံးကို လယ်ထဲယာထဲမှာ မခိုင်းဘဲ မြို့သို့ပို့ကာ ကျောင်း ထားပြီး ပညာသင်စေသည်။

မသူဇာတစ်ယောက်သာ စာကို ကြိုးစားသည်။ ကျန်မောင်နှမနှစ် ယောက်ကား ပညာမကြိုးစားဘဲ မိဘပစ္စည်းကိုသာ သုံးဖြုန်းနေသောကြောင့် ပညာဘက်မှာ လစ်ဟင်းနေကြသည်။

မသူဇာ ခုနစ်တန်းအောင်ခဲ့သည်။ မူလတန်းဆရာဖြစ် သင်တန်းကို တက်သည်။ မူလတန်းဆရာဖြစ် အောင်သည်။ ရွာကျောင်းမှာပင် ကျောင်း ဆရာမ ပြန်လုပ်သည်။ သူရသည့်လခကို သူ့သဘောအတိုင်း မသုံးစားဘဲ မိဘတွေလက်ထဲကို မှန်မှန်ထည့်သည်။ မသူဇာ ရွာမှာ ကျောင်းဆရာမဖြစ်နေ သော အချိန်မှာ ကိုချစ်ပိုနှင့် မထွေးညိုတို့ မောင်နှမကား လေးတန်းပင် မအောင်နိုင်ကြသောကြောင့် မိဘတွေက စိတ်ပျက်ကာ ကျောင်းမှနုတ်ပြီး ရွာပြန်ခေါ်ထားလိုက်ကြသည်။

ကိုချစ်ပိုကို လယ်ထဲဆင်းခိုင်းသည်။ မထွေးညိုကို အိမ်အလုပ် လုပ်ခိုင်းသည်။ မိဘပစ္စည်းကိုသာ အဆင်သင့် သုံးစားလာခဲ့ကြသော သူတို့ မောင်နှမကား ယခုလို လယ်အလုပ်၊ အိမ်အလုပ်ကို လုပ်ခိုင်းသောအခါ



ဘုံးဘ လုပ်ချင်စိတ်မရှိရာတွင် သူတို့အပြစ်ရှိ၍ မိဘတွေက မြည်တွန်ပြောဆို သည့်အခါတိုင်းမှာ -

''မသူဇာ ဘာလုပ်လုပ် တစ်ခွန်းမှ မပြောဘူး''

ဟူ၍ ပြန်ပြောကြလေသည်။ သိက္ခမ်းခင်မင်ရာ မိတ်ဆွေများ၊ ဆွေမျိုးများက မသူဇာကို ချီးကျူးကြသည်။ မသူဇာကို ချစ်ကြသောအားဖြင့် မသူဇာအတွက် သီးသန့် လက်ဆောင်ကလေးများ အထိုက်အလျောက် ပေးကြ၊ ကမ်းကြလျှင် -

''မသူဇာကိုသာ အရေးလုပ်ကြသည်'' ဟူ၍ မခံချိ မခံသာ ဖြစ်ကြသည်။

ကိုချစ်ပိုနှင့် မထွေးညိုတို့သည် ညီအစ်ကိုမောင်နှမ အရင်းအချာ ဖြစ်သော မသူဇာအပေါ်မှာ မနာလိုသော စိတ်မျိုး မသိမသာ ကိန်းအောင်း လာခဲ့ကြသည်။ မိဘများခိုင်းသော အိမ်အလုပ်ကို ကိုချစ်ပိုရော၊ မထွေးညို မှာ လုပ်ချင်သည့်အခါမှ လုပ်သည်။ မလုပ်သည့်အကြိမ်က များနေသည်။ ထမင်းဟင်းချက်၊ အဝတ်လျှော်၊ အိုးခွက် ပန်းကန်ဆေး စသည့် အိမ်တွင်း အလုပ်များကို မထွေးညို မလုပ်စေကာမူ မသူဇာသည် မိဘများ မြည်တွန် ပြောဆိုမည်ကို သက်သာရာသက်သာကြောင်း ဖြစ်အောင် ကျောင်းမတက်မီ၊ ကျောင်းက ပြန်ချိန်နှင့် ကျောင်းပိတ်ချိန်တို့မှာ တစ်ယောက်တည်း နိုင်သ လောက် ကျုံးလုပ်သည်။ ညီမငယ် မလုပ်ကောင်းလား ဟူသော စိတ်မျိုး မထားချေ။

ထိုသို့ အလုပ်တစ်ဖက်နှင့် အနားမယူဘဲ မသူဇာလုပ်ကိုင်နေသည် ကို မိဘများက မြင်ကြသည်။ လိမ္မာသော သမီးကို ချစ်ရင်းစွဲမှာ အသနား ပိုလာကြသည်။ သူရသည့်လခကို မိဘလက်ထဲအပ်ပြီး မိဘပစ္စည်းကို ကျွန်ခန်းအောင်၊ မလစ်ဟင်းအောင် စည်းကမ်းကျနစွာ ထိန်းသိမ်း၍ အိမ်တွင်း အလုပ်ကို မိန်းမပီပီ နိုင်နင်းသော မသူဇာ၏ အရည်အချင်းကို မိဘများက သိကြသည်။ သေသေဝပ်ဝပ်ဖြင့် ပိရိလိမ္မာသော မသူဇာကို မိဘများက ယုံကြည်မှုရှိလာသောအခါ မသူဇာသည် သော့ကိုင်ဖြစ်လာသည်။

မသူဇာလက်ထဲ သော့အပ်သည်ကို အစ်ကိုဖြစ်သူ ကိုချစ်ပိုနှင့် ညီမ ဖြစ်သူ မထွေးညိုတို့က လုံးဝ မကျေနပ်ကြချေ။

ထို့ကြောင့် ကိုချစ်ပိုက မသူဇာ ကျောင်းတက်နေခိုက် မိခင်ဖြစ်သူကို မကျေနပ်ချက်တွေ ရင်ဖွင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



''အမေတို့စိတ်ထဲမှာ မသူဇာကိုသာ သားသမီးအရင်း ထင်ကြတာ ကျွန်တော် သားကြီးတစ်ယောက်လုံး မားမားမတ်မတ် ရှိပါလျက် အစစ အရာရာ မသူဇာကိုသာ တိုင်ပင်တယ်၊ မသူဇာကိုသာ အသိပေးတယ်၊ မသူဇာကိုသာ သော့အပ်တယ်၊ ကျွန်တော့်အနေနဲ့ ဘယ်လောက် ရှက်စရာကောင်းတယ်ဆိုတာ အမေ စဉ်းစားကြည့်ပါ''

ကိုချစ်ပိုက စိတ်နာသံရောပြီး ငိုတော့မလို ပြောသည်။

ထိုအချိန်က အိမ်တွင် ငှားထားသော လူငှား နေမကောင်းသည့် အခိုက် နွားစာမြက်ကလေး စဉ်းပေးစမ်းပါဟု ဖခင်က ကိုချစ်ပိုကို ခိုင်းသည်မှာ နှစ်ကြိမ်တိတိ ဖြစ်၍မှ ကိုချစ်ပို မလုပ်သောအခါ မသူဇာသည် ဖခင် စိတ်ဆိုးကာ တစ်အိမ်သားလုံးကို ဒေါသမီး ကူးစက်တော့မည်ကို သိသောကြောင့် ကပျာကသီ ကျောင်းမသွားမီမှာ နွားစာ စဉ်းပေးခဲ့သည်။ မသူဇာ နွားစာစဉ်းနေချိန်မှာ ကိုချစ်ပိုသည် အမေ့ခေါင်းအုံးအောက်မှာ ရှိသော နွားစာ နှမ်းဖတ်ဝယ်ရန် အလွယ်ထားရှိသည့် ငွေကို နှိုက်ယူကာ တေဖက် ပေဖက်များနှင့်အတူ ထန်းရည်သောက် ခပ်ဆောင့်ဆောင့် ထွက်သွားလေပြီ။

ဤကိစ္စကို အမေက ပြန်ဖော်ပြီး ...

''မိဘကိုကူညီပုံ၊ လိမ္မာပုံ၊ အိမ်တွင်းရေး၊ စီးပွားရေးမှာ ဖိဖိစီးစီး လုပ်ပုံတွေကို သူဇာသာ လုပ်တာကွဲ့၊ မင်းနဲ့ ထွေးညို လုပ်သလား''

ဟု ပြောသောအခါ မှန်တင်ခုံမှာထိုင်ပြီး သူ့မျက်နှာကိုသူ ငေးငေး ကြည့်ပြီး အလှပြင်နေသော မထွေးညိုက ကြားသွားသည်။

''အစ်ကိုရေ၊ အမေနဲ့ အဖေက ဘာဖြစ်ဖြစ် မသူဇာဘက်ကခ် မဲတင်း အလေးပေးနေတာ၊ အစ်ကိုနဲ့ ကျွန်မက ဘာပြောပြော အကောင်းထင်တာ မဟုတ်ဘူး၊ အမေ့ကို စိတ်ဆိုးအောင် မပြောနေပါနဲ့ အစ်ကိုရယ်''

ဟု တောင်းပန်သလို လေသံချိုချိုလေးဖြင့် ထေ့လိုက်သည်။

''ခက်တယ်ကွယ်၊ နင်တို့ မောင်နှမဟာလေ သူဇာ့ကိုပဲ ရန်လုပ်နေကြတာကိုး၊ သူဇာဆိုတာ ကျောင်းတက်တဲ့ အချိန်လေးပဲ၊ အိမ်ရှိတဲ့ အချိန်တွေမှာ နင်တို့လို အလကား အပျင်းထူနေသလား၊ နင်တို့ မလုပ်ချင်တဲ့ အလုပ်တွေမှန်သမျှ မိန်းမအလုပ်၊ ယောကျ်ားအလုပ် မရွေးဘဲ အပင်ပန်းခံ လုပ်နေတာ နင်တို့မျက်စိနဲ့ အမြင်ပဲ။ ငါပြောပြနေစရာတောင် မလိုဘူး ပိုက်ဆံငွေကြေးဆိုလို့လည်း နင်တို့လို သုံးဖြုန်းနေသလား၊ သူဇာကိုသာ သားသမီးအရင်း ထင်နေတယ်လို့ ချစ်ပို ပြောလိုက်တဲ့စကားကတော့ မကောင်းဘူးကွယ်၊ သူဇာလို မိဘက ဦးစားပေးတာ ခံချင်ရင် သူဇာလို လိမ္မာကြလေ''



အမေက လေရှည်ကြီးပြောလိုက်သော စကားကိုကား ကိုချစ်ပိုနှင့် မထွေးညိုတို့ ပြန်မချေနိုင်ကြချေ။ အမေက ဟုတ်မှန်သည်ကို ပြောကြောင်းတော့ သိကြသည်။ သို့သော် ဟုတ်တာဆို နာလိုခံခက် အမျက်ထွက်ဟူသော စကားအတိုင်း ကိုချစ်ပိုရော၊ မထွေးညိုရော ပိုပြီး စိတ်ခုသွားကြသည်။ ပြန်မချေနိုင်သော မိခင်၏ စကားကို ပြန်ချေရန် မကြိုးစားကြတော့ဘဲ ကိုချစ်ပိုက ပြောလိုက်သည်။

''အမေ... ကျွန်တော် အသုံးလိုနေလို့ ငွေသုံးကျပ်လောက် ပေးစမ်းပါ''

''မနေ့က ငါ့ခေါင်းအုံးအောက်က ငွေငါးကျပ် နှိုက်ယူသွားတာ ကော''

အမေက ပြောလိုက်သည်။ ထိုခေတ် ထိုအခါက ငွေတစ်ကျပ်ဆိုသည်မှာ အလွန် တန်ဖိုးရှိသည်ဖြစ်ရာ တစ်ပြားမှ မရှာနိုင် မဖွေနိုင်ဘဲ တစ်နေ့ သုံး၊ လေး၊ ငါးကျပ် ကုန်အောင် ဖြုန်းနေသော ကိုချစ်ပိုကို လည်းကောင်း၊ မြို့သွားသည့် လူကြုံရှိတိုင်း၊ မသူဇာ လခထုတ်သွားတိုင်း အင်္ကျီ၊ ထဘီ၊ ခေါင်းဒါဘူး၊ ရေမွှေး၊ မျက်နှာချေ စသည်တို့ကို အမြဲမှာနေသော မထွေးညိုကိုလည်းကောင်း အမေနှင့် အဖေက မျက်နှာသာမပေးခြင်း၊ သော့မအပ်ခြင်းသည် အလွန်လျော်ကန်သင့်မြတ်သော စီစဉ်ချက် ဖြစ်သည်ကိုကား ကိုချစ်ပိုရော မထွေးညိုပါ မစဉ်းစားကြချေ။ ပိုက်ဆံတောင်း၍ ချောချောမောမော ရတိုင်း မသူဇာကို အစစ အရာရာ အသိပေးတိုင်ပင် ဦးစားပေးပြီး သော့အပ်သည်ကိုသာ နာကြည်းခံခက်နေကြသည်။

မထွေးညိုသည် သနပ်ခါးဖွေးဖွေးလိမ်းကာ အိမ်ပေါ်မှာ အင်္ကျီကို နှံ့ထိုးနေချိန်တွင် မသူဇာက ကျောင်းအားချိန်ဖြစ်သည့်အလျောက် အိမ်ဝိုင်းထဲမှာ စားပင်သီးပင်လေးတွေ စိုက်နေသည်။ မသူဇာက သစ်ပင်စိုက် ဝါသနာပါသည်။

တစ်နေ့တွင် ရွာအပြင် တောစပ်မှာ သွားကစားကြသော ကသည့် ကျောင်းသားလေးများအနက် တစ်ယောက်သောတပည့်လေးသည် သူ့ဆရာမ သစ်ပင်စိုက် ဝါသနာပါမှန်း သိသောကြောင့် တောထဲတွင် တွေ့လာသော

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ငယ်တစ်ပင်ကို အမြစ်ရော မြေကြီးအုံပါ ပါအောင် ဂရုတစိုက်နုတ်ယူလာပြီး မသူဇာကို ပေးသည်။ သစ်ပင်ငယ်သည် မည်သည့်အပင်မျိုးဟူ၍ နုတ်ယူလာသော တပည့်ငယ်ကလည်း မသိ၊ မသူဇာကလည်း မသိ။ မိဘများနှင့် ရွာကလူတွေကို မေးမြန်း ပြကြည့်သော်လည်း မည်သူမျှ မပြောနိုင်ကြချေ။ သို့သော် သစ်ပင်ငယ်သည် ပင်စည်နှင့် အရွက်တွေက အခြားသစ်ပင်များနှင့် မည်သို့မှ မထူးခြားဘဲ အရောင်အဆင်း အသွင်သဏ္ဌာန်သည် ဆင်တူယိုးမှားပင် ဖြစ်သည်။

မသူဇာက တစ်ထွာကျော်ကျော်မျှသာ မြင့်သည့် သစ်ပင်ငယ်၏ အမြစ်ကို နည်းနည်းထူးဆန်းသည်ဟု စိတ်ထဲတွင် ထင်မိသည်။ အမြစ်သည် အခြားသစ်ပင်များလို ဖွာမနေဘဲ မုန်လာဥနှင့် တူနေသည်။ သစ်ပင်လာပေးသည့် တပည့်လေးကမူ 'ဒီသစ်ပင်လေးက လေမတိုက်ဘဲ လှုပ်နေတယ် ဆရာမ၊ ဒါကြောင့် ကျွန်တော် နုတ်လာတာ'ဟု ပြောခဲ့သည်။ မည်သို့ပင်ဖြစ်စေ သစ်ပင်စိုက်ဝါသနာပါသော မသူဇာကမူ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် နားလည်သော ပုဂ္ဂိုလ်နှင့်တွေ့မှ မေးမြန်းကြည့်မည်ဟူ၍ နှလုံးပိုက်ကာ အိမ်နောက်ဘက် ခြံပိုင်းထဲမှာပင် စိုက်ထားလိုက်သည်။

မသူဇာတို့ရွာ စာသင်ကျောင်းမှ ကျောင်းအုပ်ဆရာဖြစ်သူသည် မသူဇာတို့ရွာသား မဟုတ်ချေ။ အခြားမြို့မှ လာပြီး အစိုးရအမှုထမ်းဝီဝီကျရာနေရာမှာ တာဝန်ထမ်းနေသူ ဖြစ်သည်။ မသူဇာ မူလတန်းဆရာဖြစ်မအောင်မီ ခြောက်လလောက်ကမှ ရောက်လာသော ဆရာ၊ နာမည်က ကိုအေးသော် ဖြစ်သည်။ အသက်က အစိတ်လောက် ရှိသည်။ ရုပ်ရည်သန့်သည်။ အနေအထိုင် ရိုးသည်။ အိမ်ထောင်မရှိဘဲ လူပျိုဖြစ်သောကြောင့် ရွာစာသင်ကျောင်းမှာပင် ရွာသူရွာသားများက အခန်းတစ်ခု ဖွဲ့ပေးထားသည်။ ထမင်းကို ရွာထဲရှိ အိမ်တစ်အိမ်မှာ လခပေးပြီး စားနေသူ ဖြစ်သည်။ လခထုတ်သည့်အခါမှာ လည်းကောင်း၊ ကျောင်းကိစ္စကြောင့် ပညာအုပ်ကိုတွေ့ရန်ကိစ္စပေါ်လျှင် လည်းကောင်း မြို့သို့ သွားသည်။ အခြားအချိန်များတွင်ကား ရွာမှ မခွာချေ။ ရွာသူရွာသားတွေကလည်း ချစ်ခင်ကြည်ညိုကြသည်။

ဆရာ ကိုအေးသော်သည် မသူဇာကို တည်တံ့ခိုင်မြဲစွာ စွဲလမ်းချစ်ခင်နေသည်။ သူ့မေတ္တာကို ဖွင့်ဟပြောသောအခါ မသူဇာက လိမ္မာသော မိန်းကလေးပီပီ မိဘများထံ အသိပေး ပြောကြားပါ၊ မိဘများ သဘောတူမှ မေတ္တာမျှနိုင်မည်ဟု တုံ့ပြန်ခဲ့သည်။



ဆရာကိုအေးသော်က ရွာသူကြီးမင်းထံ ပြောပြသောအခါ သူကြီးမင်းကလည်း ဝမ်းမြောက်ဝမ်းသာ ထိုကိစ္စကို ဆရာကိုအေးသော်ဘက်မှ လူကြီးမိဘအနေဖြင့် လိုက်ပါ ပြောဆိုသည်။ မသူဇာ၏ မိဘတွေကလည်း ငြင်းစရာ မရှိသည်ကြောင့် သဘောတူကြသည်။ မသူဇာကိုရော၊ ဆရာကိုအေးသော်ကိုရော ချစ်ကြည်သော ရွာသူရွာသားတွေသည် ထိုသတင်းကို ကြားကြသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။ ထိုသို့ ဝမ်းသာကြသူတွေအထဲမှာ ထွေးညို မပါနိုင်ရှာပေ။ ဆရာကိုအေးသော်ကို တစ်ဖက်သတ်တိတ်တခိုး ချစ်ကြိုက်နေသော ထွေးညိုကား နဂိုကမှ အမျက်သိုနေသော အစ်မဖြစ်သူ မသူဇာကို စိတ်ထဲမှာ ရန်သူလိုပင် ထင်လိုက်မိလေတော့သည်။

"အစ်ကို၊ ဖြစ်လာမှာတွေ စဉ်းစားမိလား"

ထန်းရည်မူးနေသော ကိုချစ်ပိုကို လူကြီးတွေအလစ်မှာ မထွေးညိုက တီးတိုးလေသံဖြင့် ပြောသောအခါ ကိုချစ်ပိုက -

"ဘာလဲ၊ သူဇာ လင်ယူမယ့်ကိစ္စလား"

ဟု ပြန်မေးလိုက်သည်။

"ဟုတ်တယ် အစ်ကို"

"ယူပါစေ၊ ကောင်းတယ်၊ သူဇာလင်ယူ၊ သူတို့လင်မယား အိမ်ခွဲဆင်းသွားကြ၊ အိမ်ပေါ်မှာ တို့ချည်းကျန်ရစ်တော့ ကောင်းတာပေါ့။ သူဇာ နိုကျူးခန်း မကြားရတော့ဘူးပေါ့၊ သူဇာမရှိရင် တို့ပိုက်ဆံသုံးရ ချောင်မယ်တဲ့ …"

ကိုချစ်ပိုက သူဖြစ်စေချင်သည်ကို ထန်းရည်မူးမူးဖြင့် ပြောလိုက်သည်။

"အားကြီး ဟုတ်ပါလိမ့်မယ်"

မထွေးညိုက မဲ့ရွဲ့ပြောလိုက်သောကြောင့် -

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ ထွေးညို"

ဟု ကိုချစ်ပိုက မေးသည်။

"အို - အစ်ကို စဉ်းစားကြည့်ပါလား၊ ဒီအိမ်မှာ မသူဇာက သော့ကိုင်ဆိုတာ အစ်ကို သိသားပဲ၊ လင်ယူတယ်ဆိုမှ စီးပွားခွဲတော့မယ်လေ၊ သူ သော့ကိုင်ဆိုတော့ အိမ်ထောင်ခွဲ၊ စီးပွားခွဲတော့မယ့် သူပဲ ပိုချင်သလောက် အားလုံး ယူသွားတော့မှာပေါ့ အစ်ကို၊ မသူဇာကို ဖူးဖူးမှုတ်ထားတဲ့ အမေ၊

www.burmeseclassic.com

www.burmeseclassic.com



အဖေကလည်း သမီးကိုလည်း ချစ်ရင်းစွဲ၊ သမက်ကလည်း ကျောင်းအုပ်ဆရာ သူတို့သဘောကျ ပေးစားတာလည်းဖြစ်တော့ မသူဇာ ယူချင်တိုင်း ယူသွားတာကို အားလုံး ပေးလိုက်မှာ သေချာတယ်၊ အစ်ကိုနဲ့ ကျွန်မအတွက်တော့ ကျန်ရစ်ပါတော့မလား မသိဘူး''

မထွေးညိုစကားကြောင့် ထန်းရည်ဖိုး၊ ကြက်တိုက်ကြေး မရချင် ခက်ရချေရဲ့၊ ထည်းရည်မှုးမှုးဖြင့် တွေးမိသော ကိုချစ်ပိုစိတ်တွင် စိုးရိမ်သထိတ်ပင် ဖြစ်လာသည်။

''နင်ပြောတာ စဉ်းစားစရာပဲ ထွေးညို''

ကိုချစ်ပိုက ပြောသည်။

''ဟုတ်တယ် … အစ်ကို စဉ်းစားပါ''

မထွေးညိုက သွေးထိုးမြှောက်ပင့်သော စကားကို ပြောလိုက်၏။

''အေး၊ ဒီလိုဆိုရင် မဖြစ်ဘူး၊ နေဦး ငါ အကြံထုတ်ဦးမယ် ထွေးညိုရေ''

ကိုချစ်ပိုက လေးလေးနက်နက် ပြောသည်။

''မသူဇာ အိမ်ခွဲဆင်းသွားမှာကိုတော့ မတားနဲ့ အစ်ကို၊ ပစ္စည်းတွေ မပါဖို့ဘဲ အရေးကြီးတယ်''

''ငါ နားလည်ပါတယ်ဟာ''

ကိုချစ်ပိုနှင့် မထွေးညိုတို့ မောင်နှမနှစ်ယောက် စိုးရိမ်ကြီးစွာဖြင့် တိုင်ပင်ပြောဆိုနေစဉ်မှာ ဆရာ ကိုအေးသော်သည် သူနှစ်သက်သော မသူဇာကို ပိုင်ဆိုင်ရတော့မည် ဖြစ်သောကြောင့် ကြည်ကြည်နူးနူး စိတ်ကူးယဉ်နေရှာသည်။

လူ၏ကံကြမ္မာကား ဆန်းကြယ်လှသည်။ ဆရာ ကိုအေးသော်သည် ငယ်စဉ်ကပင် မိဘ မရှိသောကြောင့် ကိုယ်ထူးကိုယ်ချွန်အဖြစ်ဖြင့် ဤအခြေအနေ ရောက်လာခဲ့ခြင်း ဖြစ်သည်။ ယခုမူ ကိုအေးသော် မိခင်များ ရှိစဉ်ကပင် ဆွေမျိုးချင်း အဆင်မပြေသော အကြောင်းတွေကြောင့် သေခန်းပြတ်သလို ဖြစ်လာခဲ့သော ကိုအေးသော်၏ ဘကြီးအရင်းသည် သားမယား သေဆုံးပြီး အမွေခံဟူ၍ မကျန်ရစ်သောကြောင့် နှမအရင်းက မွေးထားခဲ့သော တူကလေးသတင်းကို နားထောင်စုံစမ်း၍ အတည်တကျ သိရသောအခါ ဆရာ ကိုအေးသော်ရှိရာကို ကိုယ်တိုင် လိုက်လာသည်။



အမွေစား အမွေခံအဖြစ် ပစ္စည်းတွေကို လွှဲပြောင်းပေးမည်ကြောင့် ကျောင်းဆရာအလုပ်ကို လုပ်ရန် မလိုတော့ကြောင်း ပြောပြသည်။ ကိုအေးသော်ကလည်း ဘကြီး စိတ်ချမ်းသာစေရန် အလုပ်ကထွက်ပါမည်ဟူသော ကတိကို ပေးသည်။ မသူဇာကို လက်ထပ်ပြီး တစ်ခါတည်းခေါ်သွားရန် စီစဉ်သည်။

ကိုအေးသော် အစီအစဉ်ကို မသူဇာ သဘောမကျချေ။ မသူဇာသည် မွေးရပ်ဇာတိရွာကို လည်းကောင်း၊ မိဘနှင့် ညီအစ်ကိုမောင်နှမကို လည်းကောင်း၊ သူစာသင်ပေးနေရသော တပည့်ကလေးတွေကို လည်းကောင်း ခင်တွယ်သောစေ့ကြီးသူ ဖြစ်သည်။

ဤရွာသည် ကျောင်းဆရာ မမြဲကြောင်း တစ်ရွာလုံးက သိကြသည်။ ဆရာ ကိုအေးသော်အနေဖြင့် ဆိုခဲ့ပြီးသည့်အတိုင်း နောက်လှည့်ကြည့်စရာ တွယ်တာမရှိသောကြောင့်သာ ဤရွာမှာ မြဲနေခြင်း ဖြစ်သည်။ မသူဇာက ဤရွာဇာတိဖြစ်သောကြောင့်သာ မြဲနေခြင်း ဖြစ်သည်။ဆရာ ကိုအေးသော်နှင့် မသူဇာပါ ပစ်ပစ်ခါခါ ထွက်သွားကြမည်ဆိုလျှင် ရွာကလေးသူငယ်တို့၏ ပညာရေးအတွက် ရင်လေးစရာဖြစ်မည်ကို မသူဇာ တွေးသည်။

ထို့ကြောင့် ကိုအေးသော်ကို အလုပ်ကမထွက်ရန်၊ မပြောင်းရန် မသူဇာက ဖျောင်းဖျသည်။

အစုလိုက် အပုံလိုက် ရရှိခံစားရမည့် ပစ္စည်းတွေအတွက် ကိုအေးသော်က မသူဇာစကားကို နားမဝင်ချေ။

ပစ္စည်းတွေကို လက်ခံပြီး သဘောအတိုင်း စီမံပါ၊ ရွာက ကျောင်းနှင့် တပည့်တွေကို ပစ်ပစ်ခါခါ မလုပ်ပါနှင့်ဟု မသူဇာက တောင်းပန်သည်။ ကိုအေးသော် သူ့သဘောထားကား ဤရွာ ကျောင်းဆရာအလုပ်ကို မြော်မြင်စရာ မရှိ၍သာ လုပ်နေရသည်။ စည်းစိမ်ရှိရှိနေရမည်ဆိုလျှင် ဘာကိုမှ မငဲ့ကွက်ဘဲ ခြေခါလက်ခါ ထွက်သွားနိုင်သော သဘောထားရှိသူ ဖြစ်၏။

ကိုအေးသော်နှင့် မသူဇာတို့ သဘောထား မတိုက်ဆိုင်ဘဲ နယ်လုနေသောအဖြစ်ကို ရွာသူရွာသားတွေကလည်း သိကြသည်။

နောက်ဆုံးတွင် ကိုအေးသော်သည် မူလတန်းဆရာမလေးသာ ဖြစ်သော တောသူ မသူဇာကို ခင်တွယ်စိတ် ဖြတ်လိုက်၏။ ဘကြီးရှိရာ မြို့ပေါ်မှာ သူဌေးအဖြစ် စည်းစိမ်ခံနေကာ မြို့သူအချောအလှတို့ ရနိုင်သည်

www.burmeseclassic.com



ဟူသော ဆုံးဖြတ်ချက်ကို ခိုင်မာစွာ ချမှတ်လိုက်၏။ မသူဇာအသည်းကို ခွဲလေပြီ။

"သစ္စာမဲ့သူဟာ သစ္စာစူးပြီး လတ်တလော ပျက်စီးတတ်ပါတယ်"

နာကြည်းကြေကွဲစွာ ပြောလိုက်သော မသူဇာ၏ စကားကို ဆရာကိုအေးသော်သာမဟုတ် နီးစပ်သည့် အချို့လူများ ကြားလိုက်ကြလေသည်။

မနက်ဖြန်ဆိုလျှင် ကိုအေးသော်သည် ဤရွာမှ အပြီးအပိုင် ထွက်ခွာသွားပေတော့မည်။ ကိုအေးသော် စီစဉ် ဆုံးဖြတ်ချက်ကို ရွာသူရွာသားတွေကလည်း စိတ်မကောင်းကြချေ။ ထို့ကြောင့် မည်သူမျှ သွားရောက်နှုတ်ဆက်ခြင်း၊ မေးမြန်းခြင်း မပြုဘဲ ဘာသိဘာသာ နေလိုက်ကြသည်။

နောက်တစ်နေ့ မနက်စောစောတွင် ကိုအေးသော်သည် ဘကြီးဖြစ်သူနှင့်အတူ သူနေထိုင်ရာ အခန်းငယ်မှ ထွက်လာသည်။ ကျောင်းအောက်ကို ဆင်းရန် လှေကားထစ်ပေါ်ကို ခြေချလိုက်သည်တွင် လှေကားထစ်ပေါ်မှာ ခွေနေသော မြွေပွေးတစ်ကောင်ပေါ်သို့ တည့်တည့်မတ်မတ် နင်းလိုက်မိသည်တွင် မြွေပွေးကလည်း မလွှတ်တမ်း အားပါးတရ ကိုက်လိုက်သည်။ ဘကြီးထံမှ အမွေရမည့် စည်းစိမ်ကို မခံစားထိုက်၍ပဲလား၊ မသူဇာ ကျိန်စာ စူးသွားသလား၊ တိုက်ဆိုင်မှုပေလားတော့ မပြောတတ်ချေ။ ကိုအေးသော်တစ်ယောက် မြွေကိုက်ခံရသည်ကတော့ အမှန်ပင် ဖြစ်သည်။ မြွေကို ကိုအေးသော်ဘကြီးကလည်း မြင်လိုက်သည်။ သို့သော် ကူညီရန်ရောက်လာသော ရွာသားတွေက ရှာကြသောအခါ မြွေသည် ဘယ်နေရာ ထွက်ပြေးသည် မသိ၊ ရှာမတွေ့ကြတော့ချေ။ လှည်းပြင်ကာ ကိုအေးသော်ကို မြွေဆရာ ရှိနေသည့် ရွာသို့ ယူသွားကြသည်။

အချိန်ကလည်းကြာ၊ မြွေဆိပ်ကလည်း ပြင်းသည့်အပြင် မြွေဆေးကုဆရာနေသည့် ရွာကို သွားရသည့်ခရီးကလည်း ဝေးသည်ကြောင့် ကိုအေးသော်တစ်ယောက် အဆိပ်မွှန်ကာ သေဆုံးသွားရှာသည်။

"မြွေကို ရှာလို့ မတွေ့ဘူးဆိုတော့ တိုက်မြွေလားမှ မသိတာ"

"ဖြစ်ချင်လည်း ဖြစ်မှာပဲ၊ မသူဇာ စိတ်နာနာနဲ့ လုပ်သလား မသိဘူး"

"မသူဇာ ဒါမျိုး မလုပ်တတ်ပါဘူးဟယ်၊ သူတော်ကောင်းမလေးပါ"



"မသိနိုင်ဘူးလေ၊ ဆရာကိုအေးသော်ကလည်း နှမချင်း မစာမနာ ထွက်ခွဲတဲ့သဘောမျိုး လုပ်တာကိုး။ စိတ်နာမှာ၊ ရှက်မှာကတော့ အမှန်ပဲ။ သူကိုယ်တိုင် မတတ်ရင်တောင် တတ်တဲ့လူကို ငှားလုပ်သလားဆိုတာ တွေးစရာ မကောင်းဘူးလား"

"ဒီပညာမျိုး ဘယ်သူဘယ်ဝါ တတ်တယ်လို့ မကြားမိပေါင်၊ သူကိုယ်တိုင်က တတ်နေရင်တော့ မပြောတတ်ဘူးပေါ့"

ဤစကားတွေကား တစ်ရွာလုံး တီးတိုး တီးတိုး သဖန်းပိုးဖြစ်နေကြသည်ကို မသူဇာ ကြားသည်။ သူ့အသည်းကို ခွဲသူဖြစ်လင့်ကစား ခင်ပွန်းလောင်းအဖြစ် ချစ်ရတော့မည့်သူကို ချစ်ခင်တွယ်တာမိပြီးဖြစ်သော မသူဇာသည် ကိုအေးသော် မရှုမလှ သေဆုံးရသည်ကို စိတ်မကောင်းဖြစ်ရာတွင် လူတွေက သူ့ကို ထင်ယောင်ထင်မှား ဖြစ်နေကြသောကြောင့် ဘုရားလေးရာ ဖရုံဆင့်သလို စိတ်မကောင်းရာတွင် ရှက်သည့်စိတ်က ထပ်လောင်းလာသည်။

ချိုးမွှမ်း ခုနစ်ရက်၊ ကွဲရဲ့ ခုနစ်ရက်ဆိုသော စကားအတိုင်း ကိုအေးသော်ကိစ္စကို လူတွေက တဖြည်းဖြည်း မေ့သလောက်ရှိလာကြသည်။ စိတ်ချမ်းသာမှု တွေ့ကြုံလိုက်ရသော သမီးလိမ္မာလေးကို သနားပိုမိသော မိဘများက မသူဇာကို ရှေးကထက် ပိုပြီး အရေးပေးသည်။ အလိုလိုက်ကြသည်။ သူဇာသဘောအတိုင်း ဖြစ်စေရန် ပံ့အပ်လိုက်ကြသည်။

ထိုအခါ ကိုချစ်ပိုနှင့် မထွေးညိုတို့ တွက်ခြေမကိုက်သောကြောင့် မသူဇာကို ပိုပြီး မျက်ကြသည်။

ပေပေတေတေနေသော ကိုချစ်ပိုသည် ထန်းရည်သွားသောက်သော ထန်းတဲမှ လင်သေမုဆိုးမ၊ သူ့ထက် အသက်ရှစ်နှစ်လောက်ကြီးသော မိန်းမတစ်ဦး မူးမူးရူးရူးဖြစ်မိကာ လူသိရှင်ကြား လင်မယားအဖြစ် ယူလိုက်ကြသည်။ ကိုချစ်ပိုမိဘတွေက စိတ်ဆိုးသောကြောင့် ပိုက်ဆံကြေးငွေလည်း တစ်ပြားမှ မပေး၊ အဆက်အသွယ် အခေါ်အပြောလည်း မလုပ်ကြတော့ဘဲ လမ်းဖြတ်လိုက်ကြသည်။ ကိုချစ်ပိုတစ်ယောက်ကသာ မိဘ စိတ်မချမ်းသာအောင် လုပ်သည် မဟုတ်၊ ရွှေပေါ်မြတင် ကြော့ကြော့ကလေးနေသော မထွေးညိုကလည်း အသားကြီး ထင်ရှားရှိသော ယောကျ်ားတစ်ဦးနှင့် ဖုံးဖိမရအောင် ဖြစ်ပြီးနောက် လိုက်ပြေးသည်တွင် ထိုလူ၏ မယားကြီးက အော်ကြီးဟစ်ကျယ် အိမ်ရှေ့လာပြီး ဆူပူပြောဆိုသောကြောင့် မသူဇာ၏ မိဘများသည် သားသမီးကြောင့်

www.burmeseclassic.com

www.burmeseclassic.com



နှင့် သမီးထွေး အမိုက်မကို သေခန်းဖြတ်၊ အမွေဖြတ် စွန့်ပစ်ထားလိုက်ကြသည်။

သူတို့ လမ်းလွဲသည်ကို ပြန်မစဉ်းစားဘဲ ကိုချစ်ပိုနှင့် မထွေးညိုတို့သည် မိဘများက တစ်ပြားမှ မပေးတော့ဘဲ စွန့်ပစ်ထားကြသည်မှာ ရှိသမျှပစ္စည်းတွေအားလုံး အပိုင်စီးချင်သော မသူဇာစနက် ဖြစ်သည်ဟု မောင်နှမနှစ်ယောက်လုံး စိတ်တူသဘောတူ စွပ်စွဲလိုက်ကြသည်။

ကိုချစ်ပိုမိန်းမနှင့် မထွေးညိုယောက်ျားက ပစ္စည်းမက်ပြီး အမိဖမ်းအပိုင်စီး ယူလာခဲ့ကြသည်ဖြစ်ရာ ယခု မှန်းခြေမပေါက်ဘဲ အမွေဖြတ်ခံကြရသောအခါ ကိုချစ်ပို မိန်းမက ကိုချစ်ပိုကို ရန်လုပ်သည်။ မထွေးညို ယောက်ျားကလည်း မထွေးညိုကို နှိပ်စက်သည်။ အိမ်ထောင်ရေး မသာယာလေ၊ ငွေကြေးပြတ်လပ်လေ မောင်နှမနှစ်ယောက်လုံး မသူဇာကို မဲလေ ဖြစ်နေကြသည်။

ကိုအေးသော် သေဆုံးပြီး နှစ်နှစ်မျှ ကြာသောအခါဝယ် အနားနီးချင်းရွာတစ်ရွာမှ ကြေးရတတ်တစ်ဦး၏ သားက မသူဇာကို မြတ်နိုးသောကြောင့် ကြောင်းလမ်း စေ့စပ်လာသည်။ မသူဇာက အေးအေးနေချင်သည် ဆိုသည်ကို ခင်မင်ရင်းနှီးပြီး ဖြစ်သည့် နှစ်ဖက်မိဘများက သူတို့သဘောအလျောက် လက်ထပ်မင်္ဂလာ ကျင်းပရန် စီစဉ်ကြသည်။ မင်္ဂလာဆောင်မည့်နေ့ ကျရောက်သောအခါမှ သတို့သားသည် နောင်ပိုင်းရှင်းသူ မဟုတ်ဘဲ တိတ်တိတ်ပုန်း မယားကြီးနှင့် သားတစ်ယောက် ရှိကြောင်း ပေါ်ပေါက်လာသည်။ မယားကြီးဆိုသူက မင်္ဂလာအိမ်ရှေ့မှ နေပြီး အော်ဟစ်ဆူပူလေသည်။

ပေါ်ပေါက်လာသော မိန်းမသည် တရားဝင် မဟုတ်ကြောင်း၊ အပျော်မိန်းမသာလျှင် ဖြစ်ကြောင်းကို သတို့သားမိဘများက ကျေရာကျေကြောင်းတောင်းပန်ကြသော်လည်း မသူဇာက လက်မခံတော့ချေ။

"ကျွန်မ လျှပ်ပေါ်လော်လည်လို့ ဖြစ်ရတဲ့ကိစ္စ မဟုတ်ပါဘူး၊ မိဘတွေ မျက်နှာမပျက်အောင် လိုက်လျောခဲ့တာသာ ဖြစ်တယ်။ ကျွန်မကို အရှက်ကွဲအောင်၊ မျက်ရည်ကျအောင် လုပ်ကြတာကိုတော့ ကျွန်မတစ်သက် ဘယ်တော့မှ မမေ့ဘူး၊ ကျွန်မ မျက်ရည်ကျသလို ကျကြပေဦးပေါ့"

မသူဇာသည် ရှက်လည်း ရှက်၊ နာလည်းနာလှသဖြင့် မင်္ဂလာဆောင်လာကြသော လူတွေရှေ့မှာပင် ပြောကာ သတို့သားနှင့်တကွ သတို့သားမိဘတွေကို အိမ်ပေါ်မှ နှင်ချလိုက်သည်။ မသူဇာ နှစ်ကြိမ်တိုင်အောင် စိတ်ဆင်းရဲ



အရှက်ကွဲရသည်ကို မိဘများသည် ယူကျုံးမရသောစိတ်ဖြင့် ပရိသတ်တွေထိုင်ဝင် မျက်နှာချင်း မဆိုင်တော့ဘဲ အခန်းထဲမှာ ပုန်းနေကြလေသည်။ သတို့သားနှင့် သတို့သား မိဘများကိုလည်း ရွာခံလူတွေက လာရောက် အရှက်ခွဲရပါဦးလားဟု ရန်မူကြမည့် အရိပ်အယောင်တွေကို ပြလာကြသောကြောင့် သတို့သားနှင့် သူ့မိဘများသည် ကြာကြာ မနေဝံ့ကြတော့ချေ။ လာလမ်းအတိုင်း ပြန်ကြသည်။

သူတို့ ပြန်ချိန်သည် ညနေစောင်းနေလေပြီ။ လက်ထပ်မင်္ဂလာပွဲလာကြသည်ကြောင့် အဝတ်ကောင်းကောင်း ဝတ်လာကြသည်။ ရွှေထည်လက်ဝတ်လက်စားများ ဝတ်လာကြသည်။ သတို့သမီးကို တင်တောင်းရန်ခန်းဝင်ပစ္စည်းအဖြစ် ပေးဖို့ ရွှေထည်လက်ဝတ်လက်စားများ ပါလာကြသည်။ ခပ်သုတ်သုတ် ပြန်ကြသော သတို့သားနှင့်အဖွဲ့သည် နေဝင်ရီတရောအချိန်တောလမ်းခရီးမှာ ဓားပြအတိုက်ခံလိုက်ကြရသည်။ ကိုယ့်ပစ္စည်းကို နှမြောသောအားဖြင့် တတ်အားသမျှ ပြန်လည် ခုခံသော သတို့သားနှင့် သူ့မိဘများသည် ဓားပြများလက်ချက်ဖြင့် အသက် သေဆုံးကုန်ကြလေတော့သည်။ မသူဇာအဖို့ ပြောစရာ အစွန်းအထင်း တစ်ခု ဖြစ်သွားပြန်လေပြီ။

ထို့နောက်တွင်ကား မသူဇာသည် ဝမ်းတွင်းပါ စုန်းပညာတတ်သူဖြစ်ကြောင်း၊ သူ့ကို စိတ်ဆင်းရဲအောင်၊ မျက်ရည်ကျအောင် လုပ်သူတွေမှန်သမျှ သေခြင်းဆိုးဖြင့် သေကြရကြောင်း၊ မသူဇာကို ကင်းကင်းနေကြဖို့အကြောင်း တစ်ယောက်ကို တစ်ယောက် သတိပေးသော အဖြစ်မျိုးလိုပင်ရောက်သွားလေပြီ။

ကျောင်းမှာ စာသင်ရင်း အပြစ်ရှိသော တပည့်တွေကို မသူဇာကဆုံးမလိုက်သည်နှင့် တစ်ပြိုင်နက် သက်ဆိုင်ရာ မိဘသည် မသူဇာထံ ရောက်လာသည်။ ရိုခိုးမတတ် ကြောက်ရွံ့စွာဖြင့် အပြစ်မှ ခွင့်လွှတ်ရန်၊ ဗွေမယူရန်တောင်းပန်သည်။ သက်ဆိုင်ရာ သားသမီးတွေကို ဘယ်လို ပြောဆို မှာကြားထားသည် မသိ၊ ကျောင်းတပည့်များသည် မသူဇာကို ကြောက်လာကြသည်။ မသူဇာသည် သူတော်ကောင်း ဖြစ်ကြောင်းကို ဘုန်းတော်ကြီးနှင့် ရွာသူရွာသားအချို့က ရှင်းလင်းခုခံ ပြောဆိုကြသော်လည်း တချို့သော ရွာသူရွာသားတွေအား အစွဲအလမ်းကို မဖျောက်ကြချေ။ ကြာသော် မသူဇာသည် အလုပ်လုပ်ချင်စိတ် မရှိတော့ဘဲ ကျောင်းဆရာမအလုပ်မှ နုတ်ထွက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မသူဇာ၏ မိဘတွေသည် မသူဇာအတွက် စိတ်မချမ်းသာမှု၊ သားကြီးနှင့် သမီးတွေး၏ မိုက်မဲမှုတွေကြောင့် စိတ်ထောင်းကိုယ်ကြေဖြစ်ကာ အိပ်ရာထဲ လဲခဲ့ရာမှ မကြာမီပင် တစ်ယောက်နှင့် တစ်ယောက် ခြောက်လမျှသာ ကွာခြားပြီး သေဆုံးကုန်ကြတော့သည်။ မသူဇာသည် အစ်ကိုနှင့် ညီမကို မိဘတွေက အမွေဖြတ်ခဲ့သော်လည်း ကျန်ရစ်သည့်ပစ္စည်းတွေကို မတရားမလုပ်ချေ။ အညီအမျှပင် ခွဲဝေပေးသည်။ သို့သော် ကိုချစ်ပိုနှင့် မထွေးညီတို့က မကျေနပ်ချေ။ မသူဇာ ကဲ့ဝှက်ထားပြီး နည်းနည်းသာ ပေးသည်ဟု ထင်ကြသည်။ သို့သော် အချို့ ရွာသူရွာသားတွေ ထင်သလို မသူဇာကို ဝမ်းတွင်းပါ စုန်းပညာတတ်သူ ဟူသော ယူဆချက်က ကိုချစ်ပိုနှင့် မထွေးညီတို့ကိုပါ စွဲသလိုလို ဖြစ်နေသည်။

''ဟုတ်များ ဟုတ်လေရော့သလား၊ ဒါကြောင့်များ အဖေနဲ့ အမေက သူ့ဇာမှ သူ့ဇာ ဖြစ်သွားကြတာ ထင်တယ်''

ဟူသော အတွေးကို မောင်နှမနှစ်ယောက်လုံး တွေးမိနေကြသည်ကြောင့် မသူဇာကို မကျေနပ်သော်လည်း ဘာမှ မပြောဝံ့ကြချေ။ မကျေနပ်သည့်စိတ်က သူတို့နှစ်ယောက်လုံး စိတ်ထဲမှာ အစိုင်အခဲကြီး ဖြစ်နေကြသည်။

မသူဇာသည် သူနေထိုင်သည့် အိမ်ဝိုင်းလေးထဲမှာပင် စိတ်ကူးရရာ သစ်ပင်ကလေးတွေကို စိုက်ပျိုးရင်း သူ့စိတ်ကို သက်သာအောင် ဖြေနေသည်။

သွားလေသူ ကိုအေးသော်နှင့် မစုစပ်မီလေးမှာ တပည့်ကျောင်းသားလေး ပေးသဖြင့် စိုက်ထားသော သစ်ပင်သည် ယခုအချိန်မှာ တော်တော်မြင့်နေလေပြီ။ သစ်ရွက်စိမ်းစိမ်းလေးတွေ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် သစ်ပင်သည် လှသည်။ ပင်စည်က အဖုအထစ်မရှိဘဲ ချောမွေ့ ဖြောင့်ဖြူးသည်။ သစ်ပင်အောက်မှာ အသံမပြုဘဲ ငြိမ်သက်စွာ ထိုင်နေသည့်အခါ တပည့်ငယ် တွေ့လာခဲ့သည်ဟု ပြောသည့်အတိုင်း သစ်ရွက်တွေသည် လေမတိုက်ဘဲ ယိမ်းနွဲ့လှုပ်ရှားနေသည်မှာ ကြည့်ကောင်းသောကြောင့် မသူဇာသည် အားနေသည့်အလျောက် ထိုသစ်ပင်အောက်မှာသာ ထိုင်နေတတ်လေသည်။

ရွာထဲတွင်ကား တီးတိုးသတင်းစကားတွေ ပျံ့လွင့်နေသည်။

''ညက ငါ အိပ်မပျော်လို့ အိုက်စပ်စပ် ရှိတာနဲ့ တံခါးဖွင့်ပြီး ကွမ်းဝါးနေခိုက် မသူဇာ အိမ်ဝိုင်းထဲက မည်းမည်းကြီးကွယ်··· မားမား မားမားနဲ့ ထွက်လာပြီး ဘမောင်အိမ်ဘက် ထွက်သွားတယ်၊ ငါလည်း ကြောက်တာ



နဲ့ တံခါးပြန်ပိတ်ထားတယ်၊ ဟော အခုမနက် အဲဒီအိမ်ကလူ နေမကောင်းသူလို့ ကြားရတာပဲ''ဟူ၍ လည်းကောင်း ···

''အရပ် ဆယ်တောင်လောက် ရှိမယ် ထင်တယ်၊ မည်းမည်းကောင်ကြီး၊ အဝတ်နက်ကြီး ခေါင်းမြီးခြုံပြီး မသူဇာ အိမ်ဝင်းထဲမှာ လျှောက်သွားနေတာ မြင်တယ်'' ဟူ၍ လည်းကောင်း ···

''ညတိုင်ကျရင် သူ့အိမ်ဘက်ကို ခွေးတွေ ထိုးပြီးဟောင်နေတာ သိကြဘူးလား'' ဟူ၍ လည်းကောင်း ပြောကြ ဆိုကြသည်ကို မသူဇာ တစ်ယောက် မသိရှာချေ။

အိမ်နားနီးချင်း နေမကောင်းဟု သတင်းကြားလျှင် မသူဇာသည် အကူအညီပေးလိုသော စေတနာဖြင့် သွားသည်။ သူ့ကို ကြောက်ရွံ့သည့် အမူအရာဖြင့် လည်းကောင်း၊ စက်ဆုပ်သော အမူအရာဖြင့် လည်းကောင်း ဆက်ဆံသူတွေက ဆက်ဆံသည်ကို တွေ့နေရသောအခါ မသူဇာသည် အလိုလိုစိတ်ငယ်လာသည်။ သို့နှင့်ပင် တစ်နေ့သောညဝယ် မသူဇာသည် အိပ်မပျော်သဖြင့် ခြံထဲကိုဆင်းပြီး လမ်းလျှောက်နေသည်။ နေ့လယ်နေ့ခင်း လူသံ မကြားသည့်အချိန်မှာ သစ်ရွက်ကလေးတွေ လှုပ်နေတတ်သော သစ်ပင်သည် ယခုလို ညအချိန်မှာ မည်သို့နေမည်ကို မသူဇာက သိလိုသောကြောင့် သစ်ပင် ရှိရာသို့ သွားသည်။ သစ်ပင်ကို မသူဇာ ရှာမတွေ့ချေ။

''သစ်ပင်ကြီး တစ်ပင်လုံးတော့လည်း ပျောက်မသွားပါဘူး။ ငါပဲ အိပ်ချင်မူးတူး ဖြစ်လို့ မျက်စိမှားနေသလား''

ဟူသော အတွေးဖြင့် မသူဇာသည် နေမြဲတိုင်း နေရာမှာ ရပ်နေစဉ် အစ်ရွာလုံးသည် လူသံ၊ ခွေးသံတွေဖြင့် ဆူနေသည်ကို သတိပြုမိလာသည်။ အသံတွေသည် တဖြည်းဖြည်း မသူဇာနေထိုင်ရာအိမ်နှင့် နီးလာနေသည်။

''လိုက်ဟေ့··· လိုက်ဟေ့··· မလွတ်စေနဲ့''

ကြောက်စရာကောင်းသော အသံကြီးတွေကြောင့် မသူဇာ အိမ်ပေါ်ပြေးတက်လာခဲ့ပြီးသော် အိမ်အပေါ်ထပ်မှာ ငြိမ်သက်စွာ ထိုင်ပြီး အသံတွေကို နားစွင့်နေသည်။ အသံတွေသည် မသူဇာ အိမ်ဝိုင်းထဲ ရောက်လာသည်။

''ဟော··· အိမ်နောက်က သစ်ပင်တွေကြားထဲ ဝင်ပြီး ပျောက်သွားပြီ'' ဟူသော အသံအဆုံးတွင်···

''သူဇာ··· သူဇာ ထွက်ခဲ့စမ်း···''

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အသံတွေက ဆူနေသည်။ မသူဇာသည် ဘာဖြစ်လာမှန်းလည်း မသိ၊ သူ့မှာလည်း ဘာအပြစ်မှ မရှိသောကြောင့် အိမ်တံခါးကို ဖွင့်ပြီး ဆင်းလာသည်။

“ဘာဖြစ်လာကြလို့လဲ ဟင်”

မသူဇာက ဤမျှသာ မေးရသေးသည်။ ဒေါသအပြင်းအထန် ထွက်လာဟန်တူသော လူအုပ်ကြီးသည်-

“နင့်နောက်က ထက်ကြပ်လိုက်လာပြီး ဖမ်းတာ၊ အခုတော့ လက်ဆုပ်လက်ကိုင် မိနေမှ နင် ငြင်းချင်သေးလား စုန်းမ”

ဟူသော အသံကိုသာ မသူဇာ နောက်ဆုံး ကြားလိုက်ရှာသည်။ တစ်စုံတစ်ဦး၏ ပြင်းထန်စွာ ရိုက်လိုက်သော ဒဏ်ရာကြောင့် မသူဇာ မေ့လဲသွားရှာသည်။ မသူဇာ လဲသွားခြင်းကား နောက်ဆုံး လဲသွားခြင်းသာ ဖြစ်သည်။ မသူဇာသည် သတိလည်း ပြန်မရလာတော့။ ဒေါသထွက်နေသော လူအချို့၏ တစ်ယောက်တစ်လက် ဝိုင်းဝန်းရိုက်သည့်ဒဏ်ဖြင့် မသူဇာ တစ်ယောက် လဲနေရာမှ ပြန်မထနိုင်တော့အောင် ကြေကွဲဖွယ်ရာ အဖြစ်ဆိုးဖြင့် နေရာမှာတင် ပွဲချင်းပြီး သေဆုံးသွားရှာလေတော့သည်။

အဘွားကြီး ပြောပြနေသည်ကို ကြားနေရသော မခင်ရွှေသည် သူကိုယ်တိုင်ပင် မသူဇာကို သနားသောစိတ်ကြောင့် ငိုချင်စိတ် ပေါက်လာသည်။

“ဖြစ်မှ ဖြစ်ရလေ ဘွားဘွားရယ်…၊ မင်းမဲ့ တိုင်းပြည်လို သတ်ဖြတ်လိုက်တာကို ဘယ်သူကမှ အရေးမယူဘူးလား၊ မသူဇာ စုန်းဆိုတာကော အမှန်ပဲလား၊ သူ့အစ်ကိုနဲ့ ညီမကကော ရိုက်တဲ့လူတွေကို တရား မစွဲဘူးလား”

မခင်ရွှေက သူ သိချင်သည်များကို ဆက်တိုက် မေးလိုက်သည်။

“ဖြစ်ပုံက တိုက်ဆိုင်နေတော့ လူတွေက မသူဇာကို ထင်ယောင်ထင်မှား ဖြစ်နေကြရာမှာ မသူဇာ တပည့်လေး နုတ်ပြီး လာပေးလို့ မသူဇာ စိုက်ထားတဲ့ သစ်ပင်က ဝင်ပြီး ဂြိုဟ်မွှေလိုက်တာပေါ့ ဆရာမလေးရယ်…”

အဘွားကြီးက စိတ်ရှည်လက်ရှည် ရှင်းပြသည်။

ထိုသစ်ပင်သည် သစ်စုန်းပင်ကြီး ဖြစ်သည်။ သစ်စုန်းပင် ဆိုသည်မှာ ည လူခြေတိတ်ချိန်ဝယ် အလိုလို အသက်ဝင်လာတတ်သည်။ သွေးစုပ်ဖုတ်ကောင်လို သွေးစုပ်သစ်ပင်တစ်မျိုး ဖြစ်သည်။ ညအချိန်ဝယ် သစ်ပင် အသက်ဝင်လာပြီး လှုပ်ရှားသည့်အခါ မြင်ရသူ မျက်စိတွင် အဝတ်နက်ကြီး ခေါင်းမြီးခြုံထား



သော လူမည်းမည်းကြီးလို ထင်ကြရသည်။ သူ ရောက်သွားသည့် နေရာတွင် သက်ရှိသတ္တဝါသည် သွေးအားကုန်ခန်းကာ နေမကောင်း ဖြစ်တတ်သည်။ အချို့ သေပင် သေတတ်သည်။

မသူဇာ စိတ်ထိခိုက်အောင် ပြုမူသူတွေကို မသူဇာက စိတ်မကောင်းခြင်းဖြင့် ဒေါသအလျောက် ပြောမိသည့်အတိုင်း တိုက်ဆိုင်မှု ဖြစ်သွားတတ်သောကြောင့် လူတွေက ထင်ယောင်ထင်မှား ဖြစ်နေစဉ်မှာ သစ်စုန်းပင်ကြောင့်ပဲပြီး အထင်မှားလာခဲ့ကြသည်။

ဤအချိန်ဝယ် ပစ္စည်းမက်ပြီး လူကို အရချိုင်ခဲ့ကြသော ကိုချစ်ပိုနီးနှင့် မထွေးညို ခင်ပွန်းတို့က မသူဇာ အညီအမျှ ခွဲဝေပေးသည်ကို မတရားဟု ထင်နေခဲ့ကြသည်။ ရသမျှကို မကျေနပ်ဘဲ ဖြစ်နေကြသည်။ မသူဇာလက်ထဲတွင် ပစ္စည်းတွေ အများကြီးရှိနေသည်ဟု ထင်နေကြသည်။ မသူဇာသေလျှင် အမွေဆက်ခံစရာ သူတို့သာ ရှိကြသောကြောင့် မသူဇာကို အထင်မှားနေကြသော ရွာသူရွာသားအချို့ကို သွေးထိုးမြှောက်ပေးသောအခါ မကျန်းမမာအဖြစ်ကို ကိုယ်တိုင်ခံစားနေကြရသောကြောင့် ဒေါသဖြစ်နေသော သူတွေသည် မြှောက်ပေးသောသူ့စကားကို နားဝင်ကာ မိုမိုမည်းမည်းကြီးကို ချောင်းဖမ်းပြီး လုံဖြင့် ထိုးလိုက်ကြသည်။ သူတို့ ထိုးလိုက်သော လုံသည် မိုမို မည်းမည်းကြီး ကိုယ်ထဲမှာ သေသေချာချာ စိုက်ဝင်သွားသည်။ မိုမို မည်းမည်းကြီးသည် လုံတန်းလန်းဖြင့် မသူဇာ အိမ်ဝိုင်းထဲ ဝင်ပြေးသည်ကို ထက်ကြပ်လိုက်လာသော လူတွေက ကိုယ်တွေ့မျက်မြင် ဖြစ်သည်ကို မသူဇာကို စုန်းမဟု တထစ်ချ ခွဲကာ မဆင်ခြင် မမေးမြန်းဘဲ ဒေါသအလျောက် ရိုက်သတ်ကြခြင်း ဖြစ်သည်။

“မသူဇာ စုန်းမဟုတ်ဘူး ဆိုတာ ဘယ်လို ပြန်ပေါ်လာသလဲ ဘွားဘွား”

အဘွားကြီး စကား ဆုံးသောအခါ မခင်ရွှေက မေးလိုက်သည်။

“တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်နေတော့ ဘုန်းတော်ကြီးက သိတော်မူပြီလေ၊ နင်တို့ လုံနဲ့ ထိုးလိုက်တယ်ဆိုတာ မသူဇာကိုယ်မှာ လုံတန်းလန်း တွေ့ဘူးလားလို့ မေးတော့မှ သတိရပြီး ရှာတယ်၊ မသူဇာကိုယ်မှာ လုံချက် မရှိဘူး။ သူတို့ရိုက်တဲ့ ဒဏ်ရာတွေပဲ ရှိတယ်။ အဲဒီတော့ ဘုန်းတော်ကြီးက ခေါင်းဆောင်ပြီး လုံတန်းလန်းနဲ့ မည်းမည်းကောင်ကြီး ဝင်ပြေးသွားတယ် ဆိုတဲ့ အိမ်နောက်ဘက် ခြံထဲ ဝင်ရှာကြတာပေါ့”

“တွေ့ကောလား ဘွားဘွား”

www.burmeseclassic.com

www.burmeseclassic.com



"တွေ့တာပေါ့ ဆရာမလေးရယ်၊ သစ်စုန်းပင်ကြီးလေ လုံကြီးတန်းလန်းစိုက်လို့၊ လုံချက်နေရာက သွေးပုပ်တွေလို နီညိုညို စေးထန်းထန်းအရည်တွေ စီးထွက်ကျလို့၊ မနက် မိုးလင်းတော့ သစ်စုန်းပင်ကြီးဟာ အရွက်တွေဝါပြီး ညှိုးကျနေတယ်။ နောက် တဖြည်းဖြည်း ခြောက်သွေ့သွားတယ်"

"လူတွေ စိတ်ထဲမှာ ရှင်းရောပေါ့နော်"

"ရှင်းရုံတင် ဘယ်ကမလဲ မိန်းကလေးရယ်၊ တစ်ရွာလုံး ချုံးချ ငိုလိုက်ကြတာ၊ ဒီသစ်ပင်ဟာလည်း မသူဇာ ကျောင်းဆရာ လုပ်စဉ်က သူ့တပည့် ကျောင်းသားလေး တောထဲက နုတ်လာပြီး ပေးလို့ သစ်ပင်စိုက်ဝါသနာပါတဲ့ မသူဇာက ဘာမှန်းမသိဘဲ စိုက်ထားလိုက်တဲ့ သစ်ပင်ဆိုတာ သိတဲ့လူကလည်း သိနေကြတော့ မသူဇာမှာ ဘာအပြစ်မှ မရှိဘဲ ခံသွားရရှာတာကို စိတ်ကောင်းနိုင်ကြပါတော့မလား"

"သစ်ပင်ကြီးက သေသွားတာပေါ့နော်"

"သေသွားတယ်"

"မသူဇာ အမှုကို ဘာမှ မလုပ်ကြဘူးလား ဘွားဘွား"

"လုပ်လို့ကော ဘာအကြောင်း ထူးတော့မှာလဲ၊ ကိုယ့်ရွာပဲ နာမည်ပျက်ပြီး ရှက်စရာကောင်းမယ် မဟုတ်လား၊ ဘုန်းတော်ကြီးနဲ့ ရွာလူကြီးတွေက ဆုံးမစကားပြောပြီး ကိုယ်ထိလက်ရောက် ပါတဲ့လူတွေကို အသက်ထက်ဆုံးသူတစ်ပါးအသက်ကို မသတ်ပါဘူး၊ သတ်ခဲ့သည် ရှိသော် ကတိသစ္စာ ရုံးပြီးကိုတုတ်ဖြူလို မရှုမလှ သေရပါစေသားဆိုတာ သစ္စာဆိုနိုင်းလိုက်တယ်။ အဲဒီအမှုကိုလည်း ပုလိပ်တွေ မသိရအောင် အုပ်ထားလိုက်တာပေါ့ မိန်းကလေးရယ်"

အဘွားကြီး စကား ဆုံးသောအခါ မခင်ရွှေ ငေးနေသည်။ မသူဇာကို မမြင်လိုက်ဖူးသော်လည်း စိတ်ထဲက လွမ်းနေ သနားနေသည်။ အဘွားကြီးက ဆက်ပြောလိုက်၏။

"တို့ ရေပြာအိုင်ရွာကတော့ဖြင့် ပြောရမယ်ဆိုရင် အထူးအဆန်းချည်းပဲ၊ ကြီးချည်ရုပ်ကလေး အကြောင်းကိုများ သိရရင် ဆရာမလေး ဘယ်လောက်များ အံ့သြလိုက်မယ် မသိဘူး၊ အဲဒီ အရုပ်ကလေးက တို့ရွာမှာတင် အစွမ်းပြတာ မဟုတ်ဘူးကွဲ့… တခြားရွာတွေမှာပါ အစွမ်းပြတာ။ အရုပ်ကလေးက ဘယ်လောက်စွမ်းစွမ်း တို့ရှေးလူကြီးတွေ ဘယ်လောက် သစ္စာရှိတယ်ဆိုတာ အရုပ်က လက်လျှော့ရတဲ့အဖြစ်ကို ပြောလို့ ယုံနိုင်စရာတောင် မရှိဘူး"



မခင်ရွှေက မမြင်လိုက်ရဖူးသော မသူဇာကို လွမ်းနေ၊ သနားနေရာမှ အဘွားကြီး စကားကြောင့်–

"ပြောပြမယ် မဟုတ်လား ဘွားဘွား"ဟု မေးလိုက်သည်။

"ပြောရမှာပေါ့ မိန်းကလေးရယ်၊ ကဲ ကဲ… မသူဇာအကြောင်းကို အဆုံးသတ်လိုက်ပါဦးကွယ်၊ ဘွားဘွား ခဏ မေးလိုက်ဦးမယ်နော်"

"ဟုတ်ကဲ့ပါ ဘွားဘွား"

၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ၊ သွေးသောက်မဂ္ဂဇင်း

■

www.burmeseclassic.com

www.burmeseclassic.com

## ရေပြာအိုင်မှ မော်အောင်အရပ်

ရင်နာဖွယ် ကောင်းလှသော ရွာကျောင်းဆရာမလေး မသူ[...] အကြောင်းကို တွေးနေမိသော မခင်ရွှေသည် မသူဇာအကြောင်း ရေးထားသော[...] စာရွက်များကို အစီအစဉ်ကျအောင် သေချာစွာ တွဲထားလိုက်ပြီး အဘွားကြီး[...] ပြောပြမည့် ထူးဆန်းအံ့ဩဖွယ်ကောင်းသော မော်အောင်နေသည့် သစ်သား[...] ရုပ်ကလေးအကြောင်းကို ဆက်လက်ရေးသားရန် ပြင်ဆင်လိုက်ရပြန်သည်။

အဘွားကြီးက သူပြောပြသည်များကို ရေးသားပြီးဆုံးသောအခါ[...] သူ့ကို ပြန်ဖတ်ပြရမည်ဆိုသောကြောင့် မခင်ရွှေက အေးအေးဆေးဆေး စိတ်[...] တိုင်းကျ ပြင်ဆင်ရေးသားလိုက်သည်။

■

မြေနိုင်သူ အဘသာပေါ် ပျောက်ကွယ်သွားရာ ကုန်းမြင့်အေ[...] အထက်ရှိ စေတီအိုသည် မည်သူမျှ သတိမထားမိဘဲ အမှုမဲ့အမှတ်မဲ့ နေပြ[...] ရာမှ သနားကြင်နာဖွယ်ကောင်းသော မိန်းမပျိုနှင့် ယောကျာ်းပျိုကို မရွှေ[...] တွေ့လာသည်မှစပြီး စေတီအိုကို စိတ်ဝင်စားကာ ရွာဦးကျောင်း ဘုန်းတေ[...] ကြီးက ကြပ်မတ်ပြီး ပြင်ဆင်လာခဲ့သည်။ မြက်ပင်ပေါင်းပင်တွေကို ရှင်းလင်[...]



ဆူထပ်စွာ ဖုံးအုပ်နေသော ချုံတွေကို ခုတ်ထွင်၊ ပြိုကျနေသော အုတ်တွေကို ဆယ်ရှင်းဖြင့် တက်ညီလက်ညီ လုပ်ကိုင်နေသော ရွာသူရွာသားတွေအနက် ဦးဖေယျာဆိုသော အသက်လေးဆယ်ကျော် အရွယ် ရွာသားကြီးတစ်ယောက်သည် ထူထပ်သော ဆူးချုံကြီးတစ်ခုကို အားကြိုးမာန်တက် ရှင်းလင်းနေသည်။

ထိုဆူးချုံကြီးကို မည်သူမျှ ရှင်းလင်းလိုသောစိတ် မရှိကြချေ။ တောသူတောင်သားအဖို့ တော်ရုံဖြင့် ဆူးကို ဂရုမစိုက်ကြသော်လည်း မန်ကျည်းပေါက်ဆူးမျိုး၊ အလိုလေးဆူးမျိုးကိုမူ ဂရုစိုက်ကြသည်။ မန်ကျည်းပေါက်ဆူးက သံချောင်းကြီးတွေလို ချွန်ထက်ကာ အသားထဲကို နစ်မြုပ်ဝင်ပြီး အကြီးကျန်ရစ်တတ်သည်။ အလိုလေးဆူးက သိမ်းငှက်နှုတ်သီးလို ကောက်နေသောကြောင့် အသားကို ရှီးရှီးမစူးဘဲ ချိတ်ဆွဲသလို စူးတတ်သည်။

ယခု ဦးဖေယျာ ရှင်းနေသော ချုံသည် မန်ကျည်းပေါက်ဆူးပင်တွေရော၊ အလိုလေး ဆူးပင်တွေရော ထူထပ်စွာ ဖုံးအုပ်နေသောကြောင့် မည်သူမျှ ရှင်းလိုသောစိတ် မရှိကြချေ။ ရှင်းသူတွေက ထိုချုံနေရာကို ရှောင်ကွင်းပြီး ရှင်းကြသည်။ ချုံရှိသောနေရာသည် လဲပြိုကျနေသော စေတီအိုး၏ ဗိနပ်တော်နေရာ ဖြစ်သည့်အပြင် စေတီတော်နှင့် အနီးဆုံးနေရာ ဖြစ်သည်။ ဘုရားဖူးလိုသူအဖို့ ထိုချုံရှိနေသည့်အတွက် ဘာအနှောင့်အယှက်မှ မရှိဘဲ လွတ်ကင်းနေစေကာမူ ဦးဖေယျာ၏ မျက်စိထဲမှာကား ကြည့်ရသည်မှာ ရှင်းမလင်း ဖြစ်နေသည်။

"မင်းတို့ ဘယ်သူမှ မရှင်းချင်ရင် ငါ ရှင်းမယ်ကွ"

ဦးဖေယျာက ကြွေးကြော်လိုက်သည်။

"ရှင်းပါ၊ မင်းလို ဆူးမကြောက်တဲ့ သူရဲကောင်းမျိုးအတွက် ဖြစ်နေတဲ့ချုံပဲကွ"

"မင်းအသားတွေက သံမဏိတွေဆိုတော့ ဒါလောက်ဆူးမျိုးက ဘယ်တိုးရဲမှာလဲ"

"ကြိုးစားရှင်းပေဟ့၊ ဆူး ဒါလောက်ထူနေတဲ့ ချုံထဲမှာ ရွှေအိုးမရှိပါဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ၊ တော်တော်ကြာ ဖေယျာတို့ ရွှေအိုးကြီး တွေ့ချင် တွေ့နေမှာ"

သက်တူရွယ်တူ သူငယ်ချင်းရောင်းရင်းများက တစ်ရွာတည်းသား ပြောမနာ ဆိုမနာတွေပီပီ တဟားဟား ရယ်မောရင်း ပြောကြဆိုကြသည်တို့ ဦးဖေယျာကလည်း စိတ်မဆိုးဘဲ -

www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွာ၊ ဒီဆူးချုံကြီးကို ငါရှင်းလို့ ရွှေအိုးကြီးတွေ့ရင် ရွှေတွေကို ဒီလို ဆူးချုံကြီးမျိုးထဲကိုပဲ ပြန်ကြဲထည့်လိုက်မယ်၊ မင်းတို့ ရွှေမက်တဲ့ဇောနဲ့ ရှင်းကြမှ ဆူးချုံတွေရှင်းမှာ"

ဟု စကားနိုင်လုပြီး ပြန်ပြောလိုက်သည်။

ထို့နောက် တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲဟူသော ထုံးကို နှလုံးမူကာ ထူထပ်လှစွာသော ဆူးတွေကို စိတ်ရှည်လက်ရှည် ရှင်းနေသော ဦးဇေယျာကို အားပေးစကား ပြောကြ၊ နောက်ကြ၊ ပြောင်ကြရင်းဖြင့် သူတို့ တာဝန်ယူထားသည့်ဘက်က တဖြည်းဖြည်း ရှင်းသွားသည်။ ဦးဇေယျာ ရှင်းနေသည့် ဆူးချုံကြီးကား တစ်ဝက်ပင် မကျသေးချေ။

"ဘယ်လိုလဲဟေ့၊ လက်မြှောက်ပြီလား"

"အစကတည်းက ဒီအတိုင်းထားလိုက်ရင် ပြီးရော၊ ဘယ်သူမှ မလုပ်တာကို သွားလုပ်ပြီးတော့ အခုတော့ မနိုင်မနင်းဖြစ်နေပြီ ဟုတ်လား"

ဟူ၍ လည်းကောင်း ...

"မင်း မနိုင်တော့ရင်ပြော၊ တို့ လာကူမယ်၊ လက်ဖက်ရည်ကြမ်းနဲ့ ပဲလှော်နဲ့ တိုက်မလား"

ဟူ၍ လည်းကောင်း ... ပြောကြဆိုကြသောအခါ ဦးဇေယျာက တစ်ရွာတည်းနေ၊ တစ်ရေတည်းသောက်တွေဖြစ်၍ စိတ်မဆိုးသော်လည်း စိတ်ထဲက မခံချင်ဘဲ ဖြစ်သွားသည်။

"အံမာ မင်းတို့ ကူစရာမလိုပါဘူးကွ၊ အစကတည်းက ငါနိုင်လို့ ငါကိုင်ခဲ့တာပဲ၊ ကြည့်ကြပါကွာ၊ ငါ တစ်ယောက်တည်းနဲ့ သန့်သန့်ရှင်းရှင်း ဖြစ်အောင် လုပ်ပြပါ့မယ်"

ဟု ပြန်ပြောလိုက်သည်။

တဖြည်းဖြည်းနှင့် အချိန်က ကုန်သွားသည်။ ညနေအချိန် ရောက်လာသည်။ ဝင်လုဆဲဆဲ နေမင်းကြီးသည် ဝိုင်းစက်နီရဲသော အသွင်ဖြင့် အနောက် မိုးကုပ်စက်ဝိုင်းဆီသို့ တရွေ့ရွေ့ နိမ့်ဆင်းနေသည်။ ကောင်းကင်တစ်ပြင်လုံးသည် ရွှေရောင်ဖုံးနေသလို ဝါလွင်နီမောင်းသော တိမ်ရောင်တွေ တောက်ပနေသည်မှာ ရှုမငြီးအောင် တင့်တယ်လှပပေသည်။

ကိုယ်တာဝန်ယူထားသည့် နေရာတွင် ရှင်းလင်းပြီးဖြစ်၍ အသီးသီး ပြန်ကြရန် ပြင်ဆင်နေချိန်မှာ ဦးဇေယျာကား ချွေးတလုံးလုံးဖြင့် သူ့ဆူးချုံကြီးကို ရှင်းလင်းဆဲ ဖြစ်သည်။



"ပြန်ကြစို့ဟေ့ ဇေယျာရေ၊ နက်ဖြန်မှ ဆက်ရှင်းပါကွာ၊ နက်ဖြန်တော့ တို့ ကူပါ့မယ်၊ မင်း လက်ဖက်ခြောက်ဖိုး၊ ပဲလှော်ဖိုး မကုန်စေရပါဘူး"

ပြန်ကြတော့မည့် လူစုက ပြောသောအခါ ဦးဇေယျာက ဆူးချုံခုတ်နေသော ဓားကို မချဘဲ ပြန်ပြောလိုက်၏။

"မင်းတို့ ပြန်ချင် ပြန်ကြလေ၊ နေရောင်တိမ်ရောင် ရှိပါသေးတယ်ကွာ၊ ဟောဒီ ငါခုတ်ဖြတ်ထားပြီးသား ဆူးပင်ငုတ်ကြီးတစ်ငုတ်ကို ပေါက်တူးနဲ့ ကလော်ထုတ်လိုက်ဦးမယ်၊ ကျန်တာတွေ နက်ဖြန်ကျမှ မင်းတို့ ကူချင်ကူ၊ မကူချင်နေ ငါကတော့ မပြီးမချင်း စိတ်ရှည်ရှည်ထားပြီး ရှင်းမှာပဲ"

ဦးဇေယျာစကားကြောင့် ရွာသူရွာသားတွေက ရယ်ရင်းမောရင်းဖြင့် သူတို့ ပေါက်တူးတွေ၊ ဓားတွေကို သိမ်းကာ ပြန်ကြကုန်လေသည်။

ဦးဇေယျာကား သူ့စကားအတိုင်း ကြီးမားတုတ်ခိုင်သော ဆူးပင်ငုတ်ကြီးကို ပေါက်တူးဖြင့်ပေါက်လိုက်၊ သံတူးရွင်းဖြင့် ကလော်လိုက်ဖြင့် ကြိုးစားပမ်းစား နုတ်နေသည်။ နှစ်ပရိစ္ဆေဒ မည်မျှ ကြာညောင်းသောအချိန်က ပေါက်ပွားရှင်သန်နေခဲ့သော ဆူးပင်ကြီးမှန်းမသိ ပင်စည်က တုတ်နေသည်နှင့်အမျှ အမြစ်ထုထည်ကလည်း ကြီးမားလွန်းလှသည်။ ဇေတနာကလည်း ထက်၊ မခံချင်သောစိတ်ကလည်း ရှိနေသော ဦးဇေယျာသည် နေရောင်တိမ်ရောင် ပျောက်မီမှာ အမြစ်အုံကို ပြီးအောင် ကလော်ထုတ်နေသည်။

အားမာန်စိတ်ဖြင့် ကြိုးစားသောကြောင့် ထင်သည်၊ အမြစ်အုံကြီးက အဖြည်းဖြည်းနှင့် မြေပေါ်ရောက်လာသည်။ အမြစ်အုံကြီးကို ဆွဲနုတ်လိုက်သောအခါ ကြီးမားသော အမြစ်အုံကြီးနေရာသည် တွင်းနက်နက် လိုဏ်ခေါင်းအသွယ် ဖြစ်သွားသည်။

"အတော်ရှည်တဲ့ အမြစ်ပဲ"

ဦးဇေယျာက ပြောရင်း နောက်တစ်နေ့ တူးရဦးမည့် အမြစ်အုံနေရာသည် ဘယ်မျှလောက်ပင် နက်လေမည်လားဟူသော အမှတ်မထင် အတွေးဖြင့် လက်ထဲရှိနေသော သံတူးရွင်းကို တွင်းထဲ ထိုးချကြည့်လိုက်သည်။ ထိုအခါ သံတူးရွင်းသည် တွင်းထဲမှာ တစ်စုံတစ်ခု မာကျောသောအရာဖြင့် ထိနေသည်ကို သိရသည်။ ထိုအရာသည် ကြီးမားပုံတော့ မရချေ။ သံတူးရွင်းထိပ်ဖြင့် ထိသည့်အခါ တည်ငြိမ်မနေဘဲ လိမ့်ထွက်သွားသည်။ ချော်ထွက်သွားသည်။ သံလုံးလိုလို၊ အုတ်ခဲလုံးလိုလို အရာဖြစ်ကြောင်း ခန့်မှန်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဓေယျာက သံတူးရွင်းကို ပြန်နုတ်ယူလိုက်ပြီး လက်ဖြင့် ကုန်းနှိုက်လိုက်သည်။ လက်ဖြင့် မီတော့ မီသည်။ ဆုပ်ကိုင်ယူလောက်အောင် မမီဘဲ လက်ဖျားဖြင့် ထိရုံသာ ထိသည်။ ထိုအရာသည် ဘဲဥပုံသဏ္ဌယ် လုံးသလိုလို၊ ရှည်မျောသလိုလို သဏ္ဌာန်မျိုး ဖြစ်ကြောင်း သိရသည်။ လေးလံခြင်းကား မရှိချေ။ သူ့လက်ဖျားဖြင့် ထိသည့်အခါ လှုပ်ရှားသွားခြင်း၊ လိမ့်သွားခြင်းကို ထောက်၍ သစ်သားလုံးတစ်လုံး ဖြစ်မည်ဟု တွေးသည်။

ဦးဓေယျာက ထိုအရာဝတ္ထုကို သိလိုသောစိတ် ပြင်းပြလာသည်။ ထို့ကြောင့် ပေါက်တူးကို တွင်းထဲချပြီး ပေါက်တူးဖြင့် ကော်ယူလိုက်သည်။ နေဝင်သွားပြီဖြစ်သော်လည်း လင်းထိန်နေသေးသော တိမ်ရောင်ဖြင့် တွင်းထဲမှ ကောက်ယူလိုက်သော အရာဝတ္ထုသည် ဘဲဥပုံ သစ်သားလုံးတစ်လုံးဖြစ်ကြောင်း တွေ့ရသည်။

"သစ်မြစ်တွေအောက်မှာ ဒီသစ်သားလုံးက ကြုံကြုံစည်စည် ရောက်နေပါကလား၊ ဘာများပါလိမ့်၊ ဟိုအကောင်တွေ ပြောသလို ရွှေအိုးတော့ မတွေ့ဘူး၊ သစ်သားလုံးပဲ တွေ့နေပြီ"

ဦးဓေယျာက တစ်ကိုယ်တည်း ပြုံးပြုံးရယ်ရယ် ပြောရင်း သိလိုသောစိတ်ဖြင့် သစ်သားလုံးကို သေချာစွာ ကြည့်လိုက်သည်။ သစ်သားကား ကျွန်းသစ်သားဖြစ်ပြီး ဆွေးမြည့်ခြင်းမှ ကာကွယ်သည့် ဆေးရည်တစ်မျိုးဖြင့် စိမ်ထားဟန်တူသည်။ ပရုတ်နံ့လိုလို၊ သစ်ကြမ်းပိုးနံ့လိုလို အနံ့တစ်မျိုး ထွက်နေသည်။

"တစ်ခုခုတော့ တစ်ခုခုပဲ"

ဦးဓေယျာက ပြောပြီး သိလိုသောစိတ်ဖြင့် သစ်သားလုံးကို လက်ပေါ်တင်ကာ ဓားဖြင့် အသာလေးဆတ်ပြီး ခွဲလိုက်သည်။ တအားခုတ်ခွဲလျှင် အထဲမှာ ဘာရှိသည် မသိ၊ ကွဲကြေပျက်စီးသွားမည့် ပစ္စည်းမျိုးဖြစ်နေမှာလိုစိုးသည်။ ထို့ကြောင့် အသာအယာ ဓားဖြင့် ဆတ်လိုက်ခြင်း ဖြစ်သည်။ သစ်သား အလုံးသည် လွယ်ကူစွာခွဲ၍ရအောင် အရာပေး စီမံလုပ်ကိုင်ထားဟန်တူသည်။ ဓားဖြင့် တစ်ကြိမ်သာ ဆတ်လိုက်ရသည်၊ အဖုအထစ် အချေအကောက်မရှိဘဲ ညီညီညာညာပင် ထက်ခြမ်းကွဲသွားသည်။

ကွဲသွားသော သစ်သားလုံးထဲမှ ထွက်လာသော ပစ္စည်းကိုမြင်လိုက်ရသော ဦးဓေယျာသည် နားမလည်နိုင်အောင် ဖြစ်သွားသည်။ သစ်သားလုံးသည် လက်သီးဆုပ်မျှသာ ရှိသောကြောင့် သစ်သားလုံးထဲက ထွက်ပေါ်လာသော



ပစ္စည်းသည် တစ်လက်မခွဲအရွယ်မျှသာ ပမာဏရှိသော သစ်သားအရုပ်ကလေးတစ်ရုပ် ဖြစ်သည်။ အရုပ်ကလေးကား ဆောင့်ကြောင့်ထိုင်နေဟန် ဖြစ်သည်။ ရဲရဲနီသော မျက်နှာဖြင့် ဦးခေါင်းပေါ်မှာ ရှေးဖောင်းထုပ်သဏ္ဌာန်မျိုး ဆောင်းထားသည်။ ကိုယ်ခန္ဓာမှာ မည်သည့်အဝတ်မျိုးဟု မပြောနိုင်၊ သိနိုင်အောင်ပင် ရဲရဲတောက်နီနေသော သေးမျှင်သည့် ကြိုးကလေးများဖြင့် အပ်များဝင်စရာ မရှိအောင်ပင် အထပ်ထပ် ရစ်ပတ်ချည်နှောင်ထားသည်။ ကြိုးကို ဖြေကြည့်ရန် ဦးဓေယျာက စိတ်ကူးပြီး ကြိုးစကို ရှာ၏။ မတွေ့ရချေ။ ချည်ထားသည်မှာလည်း တင်းကျပ်လွန်းသောကြောင့် ကြိုးအခွေထဲက အရုပ်ကလေးကို ဆွဲထုတ်ရန်ကား မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ချေ။

ကြိုးစပေါ်လိုပေါ်ငြား ဦးဓေယျာက ဓားဦးဖြင့် ထိုးခွာရန် ကြိုးအခွေနှစ်ခုအကြားကို ဓားဦးတည့်လိုက်သည်တွင် အရုပ်ကလေးသည် ဦးဓေယျာလက်ထဲမှ ချော်ပြီး မြေပေါ်လွတ်ကျသွားသည်။ ဦးဓေယျာက ကောက်ယူပြီး ဓားဦးဖြင့် တော့ပြန်သည်။ လက်ထဲကချော်ပြီး လွတ်ကျသွားပြန်သည်။ ဤသို့ဖြင့် သုံး၊ လေးကြိမ်မျှ ဖြစ်နေသောအခါ တိမ်ရောင်က အားနည်းလာပြီး အမှောင်ရိပ်က သန်းလာပြီဖြစ်ရာ ဦးဓေယျာက အရုပ်ကလေးမှာ ရစ်ပတ်ထားသော ကြိုးတွေကို ဖြေရန်ကိစ္စ လက်လျှော့လိုက်၏။

"မှောင်လာပြီ၊ စမ်းတဝါးဝါးနဲ့လုပ်လို့ ချော်ပြီး ထိုးမိရင် ဘာမှန်းသိရခင် ပျက်သွားဦးမယ်၊ နက်ဖြန်မှ နေရောင်ထဲမှာ သေသေချာချာကြည့်ပြီး ကြိုးဖြေကြည့်မှ"

ဦးဓေယျာက ပြောပြီး အရုပ်ကလေးကို အင်္ကျီအိတ်ထဲ ထည့်လိုက်သည်။ ထို့နောက် သူ့ ရှင်းလင်းရေး ကိရိယာတန်ဆာပလာတွေကို သိမ်းဆည်းအမ်းပိုးပြီး အိမ်ပြန်လာခဲ့သည်။

ဦးဓေယျာ အိမ်ပြန်ရောက်သောအချိန်မှာ မှောင်နေလေပြီ။ ဦးဓေယျာ၏ဇနီး၊ သားသမီးများက ထမင်းပွဲ အဆင်သင့်ဖြင့် စောင့်နေကြသည်။

"တော် ဘာကြောင့် ဒါလောက် မိုးချုပ်နေရတာလဲ"

ဟူသော ဇနီးသည်အမေးကို -

"ဆူးချုံကို ဖွဲကောင်းကောင်းနဲ့ ရှင်းနေလို့ကွ"

ဟူသော အဖြေကိုသာ ဦးဓေယျာ ပေးမိသည်။ ထူးဆန်းသော အရုပ်ကလေးအကြောင်းကို လုံးဝ သတိမရချေ။

■

www.burmeseclassic.com

www.burmeseclassic.com



မောမောဖြင့် အိပ်ပျော်နေသော ဦးဇေယျာသည် …

"ဟဲ့ ဇေယျာ ထ … ထ …"

ဟူသော အသံနှင့်အတူ တစ်စုံတစ်ယောက်က သူ့လက်မောင်းကို ကိုင်နှိုးနေသောကြောင့် ဦးဇေယျာက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ နိုးလာသည်။ မည်သူက မည်သည့်ကိစ္စဖြင့် နှိုးလေသနည်းဟု ဦးဇေယျာ မျက်လုံးဖွင့်ကြည့်လိုက်သည်။ သူ့ခေါင်းရင်းမှာ ရပ်နေသော လူတစ်ယောက်ကို ဦးဇေယျာ မြင်ရသည်။ ဦးဇေယျာသည် အိပ်နေရာမှ ကပျာကသီ ထလိုက်၏။ သူ့ခေါင်းရင်းမှာ ရပ်နေသူသည် ယောက်ျားတစ်ယောက် ရှိသင့်ရှိထိုက်သော ကိုယ်ခန္ဓာ အရပ်အမောင်းရှိပြီး တစ်ကိုယ်လုံးသည် ဟသံပြဒါးဆိုးထားဘိသို့ တစ်ကိုယ်လုံး ရဲရဲနီနေသည်။ အသားအရောင်ကသာ နီနေသည် မဟုတ်၊ ဝတ်ထားသော အဝတ်တွေကပါ ရဲရဲနီနေသည်။ သိုရင်းအင်္ကျီ လက်ရှည် ဝတ်ထားပြီး ပုဆိုးကို အောက်ပိုးကျိုက်ထားသည်။

ဦးဇေယျာက ဘာမှ မပြောမိဘဲ ထူးဆန်းသော လူနီကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေသည်။

"ဇေယျာ လွယ်အိတ်ကြီးကြီးတစ်လုံး ယူခဲ့"

လူနီက အမိန့်ပေးသည့်အတိုင်း ဦးဇေယျာသည် မငြင်းဆန်ဘဲ လွယ်အိတ်ကြီးတစ်လုံးကို ယူပြီး ပခုံးမှာ လွယ်လိုက်သည်။

"လာ၊ ငါ့နောက်လိုက်ခဲ့"

လူနီက ပြောပြီး ရှေ့မှ ထွက်သွားရာနောက်သို့ ဦးဇေယျာကလည်း မငြင်းမဆန် လိုက်သွားသည်။ လူနီသည် လယ်ကွင်းတွေ၊ တောတန်းတွေကို ဖြတ်ပြီး ဦးဇေယျာကို ခေါ်သွားသည်။ သူတို့သွားနေသော လမ်းကို ဦးဇေယျာ ကောင်းကောင်းသိသည်။ ထိုလမ်းသည် သူတို့နေသည့်ရွာနှင့် နှစ်မိုင်ကျော်ကျော် ဝေးသည့် ရွာနားနီးချင်း ရွာတစ်ရွာ ဖြစ်သည်။ ရွာထဲကို ရောက်ကြသောအခါ လူနီသည် အိမ်ကြီးတစ်အိမ်ရှေ့မှာ ရပ်လိုက်သည်။ ထိုအိမ်ကြီးကိုလည်း ဦးဇေယျာ သေသေချာချာ သိသည်။ လယ်ပိုင်ရှင်၊ မြေပိုင်ရှင် သူဌေး ဦးသူတော်အိမ် ဖြစ်သည်။

သူဌေးအိမ်ဝိုင်းဝိုင်း သုံးမတ်လုံးသံတိုင်တွေ ခိုင်ခံ့စွာ စိုက်ထားသော တံခါးတွေက တော်ရုံတန်ရုံ လူဆိုးတွေ ကြံ၍ မရနိုင်ချေ။ သေနတ်ပါသော ဓားပြဖြစ်မှသာလျှင် ရွာသူရွာသား အနားမကပ်ဝံ့အောင် သေနတ်ပစ်ပြီး ပုဆိန်



ဖြင့် ဖျက်ဝင်မှ ရမည့် တံခါးကြီးတွေ ဖြစ်သည်။ သို့သော် သူနှင့် လူနီတို့ အိမ်ရှေ့ရောက်လျှင်ပင် တံခါးတွေပွင့်လျက် တွေ့နေရသော အိမ်ကြီးကို ဦးဇေယျာက နောက်မှ လိုက်သွားသည်။

လူနီသည် ဦးဇေယျာကို ပွင့်နေသော သေတ္တာကြီးတစ်လုံးထဲမှ ရွှေဒင်္ဂါးတွေ၊ ရွှေလက်ဝတ်တန်ဆာတွေကို ဦးဇေယျာ လွယ်လာသော လွယ်အိတ်ကြီးထဲသို့ ကျုံးထည့်စေသည်။ လူနီခိုင်းသည့်အတိုင်း ဦးဇေယျာကလည်း နာခံလုပ်ကိုင်သည်။ ထို့နောက် လူနီက ဦးဇေယျာကို အိမ်သို့ တန်းတန်းမတ်မတ် ပြန်ခေါ်လာခဲ့သည်။ အိမ်ရောက်သောအခါ ဦးဇေယျာကို အိပ်ရာထဲအထိ လူနီက လိုက်ပို့သည်။

"ပစ္စည်းတွေသိမ်းလိုက်၊ အိပ်တော့"

လူနီက ပြောပြီး ပျောက်သွားသည်။ ဦးဇေယျာသည် လူနီအမိန့်အတိုင်း နာခံလုပ်ဆောင်ပြီး အိပ်ရာပေါ် လှဲချလိုက်သည်တွင် နှစ်ခြိုက်စွာ အိပ်ပျော်သွားလေသည်။

နောက်တစ်နေ့တွင် ဦးဇေယျာသည် ညကအဖြစ်ကို အိပ်မက်များ သလားဟု တွေးကာ အိပ်ရာမှ ထလျှင်ထချင်း ညက ပစ္စည်းတွေ သိမ်းထားသော သေတ္တာကို ဖွင့်ကြည့်လိုက်သည်။ ညက သူယူလာခဲ့သော ပစ္စည်းတွေ ထည့်သူထားခဲ့သည့်အတိုင်း နေရာမပျက် တွေ့နေရသောအခါ ဦးဇေယျာ အံ့ဩသွားမိသည်။ ဘယ်လိုလူနီမျိုးက ခေါ်သွားပြီး ဘယ်လိုအဖြစ် မျိုး ဖြစ်သည်ကို ဦးဇေယျာ လုံးဝ စဉ်းစား၍ မရချေ။

သို့နှင့်ပင် ဘုရားစေတီအိုမှာ ရှင်းစရာကျန်နေသေးသော သူ့ချုံကို သတိရလိုက်သောကြောင့် ယူစရာ ရှိသည့် ပစ္စည်းတွေကို ပြင်ဆင်ပြီး မနေ့က ဝတ်လက်စအင်္ကျီကို ချိတ်ထားသော နံရံမှ ဖြုတ်လိုက်သည်။

အင်္ကျီဝတ်လိုက်သောအခါ အင်္ကျီအိတ်ထဲမှာ ခုလုဖြစ်နေသည်ကို တွေ့ရသောကြောင့် မည်သည့် အရာလဲဟု နှိုက်ကြည့်လိုက်သည်။ ထိုအခါမှ မနေ့က ချုံကို တူးပစ်လိုက်သော တွင်းထဲမှ ရလာခဲ့သည့် အရုပ်ကလေး ဖြစ်သည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ လုပ်စရာ အလုပ်ရှိသေးတယ်။ နင့်ကို ကြည့်နေရင် အလုပ် ပြီးမှာ မဟုတ်ဘူး၊ နောက်မှ အေးအေးဆေးဆေး ကြည့်တော့မယ်"

ဦးဇေယျာက ပြောရင်း အရုပ်ကလေးကို သူအိပ်သည့်ဘက် ကြွယ် လျှောက်တန်းပေါ်မှာ တင်ပစ်ခဲ့သည်။ လွယ်အိတ်ထဲက ပစ္စည်းတွေအတွက် ဘာလုပ်ရမှန်း မသိသေးချေ။ ပြန်မပေးဘဲ ယူထားရန်ကိုမူ ဦးဇေယျာ လုံး ဆန္ဒမရှိချေ။ ပြန်ပေးရန် စဉ်းစားလိုက်သောအခါ သူဖြစ်ပုံကို မည်သူ ယုံကြည်မည်မဟုတ်ဘဲ ခိုးယူထားပြီးမှ မလုံတော့၍၊ မနေဝံ့တော့၍ ပြန်ပေး သည်ဟု ထင်လျှင် သူ့စေတနာသည် ဝေဒနာဖြစ်သွားနိုင်သည်။ ဦးဇေယျာ စဉ်းစားရင်းဖြင့်ပင် စေတီအိုရှိရာ ထွက်လာခဲ့သည်။

ဆူးချုံများ ရှင်းနေစဉ်မှာပင် ပစ္စည်းပျောက်သော ဦးသူတော်တို့ ရွာဘက်မှ လူသုံးယောက် လျှောက်လာကြသည်။ မြို့ကိုသွားသော လမ်းသည် ဦးသူတော်တို့ ရွာထိပ် စေတီအိုနားမှ ဖြတ်သွားရသည်။ ထိုလူသုံးယောက် အနက် တစ်ယောက်သည် ဦးသူတော် ဖြစ်သည်။

"ဘယ်တုံးဗျို့ ဦးသူတော်"

မျက်နှာမကောင်းဘဲ ခေါင်းငိုက်စိုက် ချထားသော ဦးသူတော်ကို ဆူးချုံခုတ်နေသော ဦးဇေယျာက လှမ်းနှုတ်ဆက်လိုက်သည်။ ဦးသူတော်က ညက သူ့အိမ် သူခိုး ခိုးသွားသောကြောင့် မြို့ဂါတ်တဲကို သွားတိုင်မည်ဖြစ် ကြောင်း ပြောကာ -

"အိမ်ရှင်မတော့ ရှိသမျှ ပြောင်အောင် ကုန်သွားတော့ မျက်ရည် မျက်ခွက် ဖြစ်နေပြီဗျာ။ တစ်သက်လုံး မစားရက် မသောက်ရက် စုဆောင်း ထားတာကလေးတွေပဲ ကိုဇေယျာရဲ့"

ဟု စကားအဆုံးသတ်ကာ စိုက်စိုက် စိုက်စိုက်ဖြင့် ထွက်သွားသည်။

ဦးဇေယျာသည် ထွက်သွားသော ဦးသူတော်ကို လှမ်းမျှော်ကြည့်ကာ ဘယ်လိုလုပ်ရရင် ကောင်းပါမည်လဲဟု တွေးနေရာမှ အကြံတစ်ခုက ဦးခေါင်း ထဲ လျှပ်ပြက်သလိုဝင်လာသည်။ ထိုအခါမှ စိတ်ထဲမှာ ပေါ့ပေါ့ပါးပါး ဖြစ် သွားကာ ဆူးချုံကို သွက်သွက်ဖြင့် မြန်မြန် ရှင်းနေသည်။



"ဦးဇေယျာ ဗေဒင်တွက်တတ်မှန်း မသိဘူး၊ အခုမှ သိတယ်။ ...လိုက်လေကွယ်၊ ဟိုဘက်ရွာက ကိုသူတော်ပစ္စည်းတွေ သူခိုး ခိုးခံရတာ၊ ...တ်တိုင်လို့လည်း အကြောင်းမထူးဘူး၊ သူခိုးလည်း မမိ၊ ပစ္စည်းလည်း ...မရဖြစ်နေတာ ကိုဇေယျာ ဗေဒင်ဟောလိုက်တာ တန်းခနဲ ပြန်ရတာပဲ"

"ဟုတ်လား၊ ဘယ်က ပြန်ရလဲ"

"သူက နတ်ဝိဇ္ဇာပူးပြီး ပြောတာလေ၊ ရွာနှစ်ရွာကြားက နဘူးချုံ ...ထဲမှာ မြှုပ်ထားတယ်။ သွားဖော်ယူလိုက်လို့ ပြောတာပဲ။ နတ်ဝိဇ္ဇာက ...ပြီး ချက်ချင်း ထွက်သွားတယ်။ တစ်ခွန်းပဲ ပြောတဲ့အတိုင်း ပစ္စည်းတွေ ...ယ်နေရာမှာရှိတယ်၊ ပစ္စည်းတွေ ပြန်ရရင် ခိုးသူကို ရန်မပြုနဲ့တော့လို့ ...သွားတယ်၊ ပစ္စည်းပြန်ရတာသာ လိုရင်း မဟုတ်လား၊ ဦးသူတော်တို့ ...သာကြလွန်းလို့ဟဲ့"

မသိသူတွေက ဦးဇေယျာကို နတ်ဝိဇ္ဇာပူးနိုင်သည့် သူတော်ကောင်း ကြီးဟု အသိအမှတ်ပြုကြသည်။ ဦးဇေယျာ ခံစားနေရသည့် စိတ်ဒုက္ခကိုကား ...တို့ မသိကြချေ။

ဦးဇေယျာသည် တစ်လမှာ လေးခါလောက် လူနီကြီးက ခေါ်သွား ...င်း ခံနေရသည်။ သန်းခေါင်ကျော်ပြီဆိုလျှင် အချိန်မှန် ပေါ်လာတတ်သည်။ ...နောက် ပြုမြဲအတိုင်း လွယ်အိတ်ကြီးကို လွယ်ကာ လူနီကြီးနောက်က ...က်ရသည်။ ဦးဇေယျာနေထိုင်သည့်ရွာမှ လူတွေ၏ ပစ္စည်းကိုကား လုံးဝ ...ရှောင်ယုက်ဘဲ အခြားရွာမှပစ္စည်းကိုမူ ဗမာ၊ တရုတ်၊ ကုလား မည်သူ့ကိုမျှ ...ရှောင်ဘဲ ငွေကြေးချမ်းသာသောအိမ်တွေကို တံခါးမရှိ၊ အဆီးအတားမရှိ ...င်ရောက်ကာ ရွှေငွေများကို လွယ်အိတ်အပြည့် သိမ်းကျုံးထည့်ပြီး ယူစေ သည်။

လူနီကြီးလာခေါ်လျှင် ဦးဇေယျာမလိုက်ဘဲ မနေနိုင်ချေ။ သူ့စိတ်ကို ...ဝင် လူနီကြီး ခေါ်သွားသည့်အချိန်ကစပြီး အိမ်ပြန်ရောက်သည့် အချိန်အထိ ...နီကြီးအမိန့်ကို ဦးဇေယျာ ကျိုးနွံစွာ နာခံနေရသည်။ နောက်တစ်နေ့ရောက် ...သာအခါမှ ပစ္စည်းတွေကို မည်သူတွေမှမသိအောင် တောထဲတစ်နေရာမှာ ...မြှုပ်ထားလိုက်ပြီး နတ်ဝိဇ္ဇာပူးဟန်ဆောင်၍ ဥစ္စာရှင်ကို ပြန်ပေးနေရသည်။

ဤအကြောင်းကို အခိုးခံရသော ဥစ္စာရှင်က စိုးစဉ်းမျှ မရိပ်မိချေ။ ဦးဇေယျာကို ကျေးဇူးအတင်ကြီး တင်နေကြသည်။ ဤမျှလောက် သောင်းကျန်း

www.burmeseclassic.com

www.burmeseclassic.com



နေသော သူခိုးကို ရွာတိုင်း ရွာတိုင်းက ညလုံးပေါက်မအိပ်ဘဲ ကင်းချောင်းကြသည်။ မိမိတို့ပစ္စည်းထားရာ သေတ္တာအနားမှာ တစ်ညလုံး ငုတ်တုတ်ထိုင်စောင့်ကြသည်။ ဤမျှလောက် စောင့်ရှောက်နေသည့်အကြားမှ မည်သူမျှ သူခိုးကို မမြင်ကြရ၊ မဖမ်းမိဘဲ ပစ္စည်းတွေသာ ပါသွားခြင်း ခံနေရသည်။ အခိုးခံနေရသော ရွာတွေကလည်း ဦးဇေယျာကို သံသယ မဖြစ်ကြချေ။ နတ်ဝိဇ္ဇာပူးခြင်းခံနေရသော သူတော်ကောင်း ဦးဇေယျာရှိနေ၍သာ သူတို့ ပစ္စည်းတွေပြန်ရပေသည်ဟု ဦးဇေယျာကို ကျေးဇူးတင်ကာ စားကောင်း သောက်ဖွယ်များ၊ အဝတ်ပုဆိုးများဖြင့် လာရောက် ကန်တော့နေကြ၏။

သူတို့တစ်တွေ ကန်တော့သော ပစ္စည်းကို ဦးဇေယျာ လုံးဝ မစားလိုပါ။ အတင်းအကျပ် တောင်းပန်ပေးနေသောအခါ ဦးဇေယျာ၏ ဇနီးက အားနာသောကြောင့် လက်ခံယူနေရသည်။ ထိုပစ္စည်းကိုလည်း သူတို့စားသောက်ရာမှာ သုံးခြင်းမရှိသလောက်ပင်။ ဝင်လာမစဲ တသဲသဲသော သတင်းမေးသူတွေ၊ ဦးဇေယျာကို ကြည်ညိုသောအားဖြင့် လာကြသူတွေကို ဧည့်ခံကျွေးမွေးခြင်း ပြုကြသည်။

ဦးဇေယျာသည် သူ တွေ့ကြုံနေရပုံနှင့် ခံစားနေရသော စိတ်ဒုက္ခတို့ကို ဘာကြောင့်မှန်းမသိ၊ မည်သူ့ကိုမျှ ပြောပြချင်သောဆန္ဒ မရှိချေ။ ယုတ်စွအဆုံး သူ့သားသမီးများနှင့် သူ့ဇနီးကိုပင် ပြန်မပြောမိဘဲ နှုတ်အလုံကြီး လုံနေမိသည်။ ပြောမည်ဟု ကြံလိုက်ရင်း ပြောလိုသောစိတ် ပျောက်သွားသောကြောင့် မျိုသိပ်ထားလိုက်ရင်းဖြင့် ဦးဇေယျာ၏ သတင်းကား ကြီးသည်ထက်ကြီးလာသည်။

တစ်နေ့တွင် တော်တော်ဝေးသည့် ရွာတစ်ရွာမှာနေသော ဦးဇေယျာ၏ အစ်မအရင်းတစ်ယောက်သည် မောင်ဖြစ်သူ သတင်းကြီးလှသောကြောင့် ရောက်လာသည်။

“ဟဲ့ ဇေယျာရဲ့၊ သူခိုး ခိုးတယ်ဆိုတာ အိမ်ရှင်ရဲ့ပေါ့လျော့မှု အများကြီးပါတယ်နော်၊ ငါကလည်း တောအလိုက်ဘာဝ တော်တော်ချမ်းသာတယ်ဆိုတာ နင် အသိပဲ။ ငါ့ပိုင် ရွှေတစ်ပိဿာကျော်ကျော် ရှိနေတာပဲ။ ကျွန်း သေတ္တာကြီးထဲက အံဖိုးထဲ သေသေချာချာထည့် သော့ခတ်၊ သေတ္တာကြီးပေါ်မှာ ငါအိပ်တယ်၊ ဘယ်သူက ခိုးနိုင်မှာလဲ၊ ငါကလည်း အင်မတန် အအိပ်ဆတ်တာ၊ ငါ့ပစ္စည်း ခိုးချင်ရင် သေတ္တာပေါ်အိပ်နေတဲ့ ငါ့ကို အောက်ချပြီးမှ ခိုးရမှာ၊ ငါလို ဂရုစိုက်စောင့်နေရင် ဘယ်သူက ခိုးနိုင်မှာလဲ”



အစ်မဖြစ်သူ၏စကားကို ကြားသော ဦးဇေယျာသည်-

‘ခင်ဗျားအိမ်ကို လူနီကြီးက မရောက်သေးလို့ အစ်မရေ၊ ရောက်ရင် အားလုံး ကုန်ပြီသာ မှတ်လိုက်’

ဟု အားရပါးရ အော်ပြောလိုက်ချင်သည်။ သို့သော် စိတ်ထဲကသာ ဆန္ဒရှိနေသည်၊ လက်တွေ့တွင်ကား နှုတ်မှ စကားတစ်လုံးမှ ထွက်ချင်သောစိတ် မရှိချေ။ ထို့ကြောင့် အစ်မဖြစ်သူ မျက်နှာကိုသာ နှုတ်ဆိတ်စွာ ကြည့်နေလိုက်သည်။

အစ်မဖြစ်သူ ပြန်သွားသည့်ညဝယ် နာခံဆောင်ရွက်ရသည့် ဝတ္တရားအတိုင်း ဦးဇေယျာသည် လွယ်အိတ်ကြီးလွယ်ကာ လူနီနောက်မှ တစိုက်စိုက် လိုက်လာခဲ့ရသည်။ ဤတစ်ကြိမ် သူတို့ ရောက်လာသောအိမ်သည် သူ့အစ်မအိမ်ဖြစ်ကြောင်း ဦးဇေယျာ ကောင်းကောင်းသိသည်။ ယခင်ကလိုပင် အဆီးအတား မရှိဘဲ သူ့အစ်မရှိသည့် အိမ်ခန်းထဲ ရောက်လာသည်။

ဦးဇေယျာ၏အစ်မသည် တော်တော်ပင် ဝီရိယကောင်းသည်။ လုံးဝ မအိပ်ဘဲ ပစ္စည်းတွေထည့်ထားသည့် ကျွန်းသေတ္တာကြီးပေါ်ဝယ် ဆောင့်ကြောင့်ထိုင်နေသည်။ ချမ်းအေးသောရာသီ ဖြစ်သည့်အလျောက် လက်ရက် ခေါင်းစောင်အထူကြီးကို တစ်ကိုယ်လုံး သိုင်းခြုံထားပြီး ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို မီးရဲရဲထအောင် တထောင်းထောင်း ဖွာနေသည်။

လူနီကြီးသည် ဦးဇေယျာအစ်မကြီးကို ပွေ့ပြီး သေတ္တာအောက်သို့ ချလိုက်သည်။ အဘွားကြီးသည် ဆေးလိပ်ဖွာမပျက်ဘဲ ဆောင့်ကြောင့်ထိုင်လျက်ပင် သေတ္တာဘေးမှာ ရောက်သွားသည်။ ထို့နောက် ပြုနေကျအတိုင်း လူနီကြီးက သေတ္တာကို ဖွင့်ပေးသည်။ ဦးဇေယျာက ရွှေတွေကို လွယ်အိတ်ထဲ ထည့်သည်။ ကိစ္စပြီးသောအခါ လူနီကြီးသည် အဘွားကြီးကို နေရာမပျက် ပွေ့ပြီး သေတ္တာပေါ် ပြန်တင်လိုက်သည်။ အဘွားကြီးသည် ဆေးလိပ်သောက်လျက်၊ ဆောင့်ကြောင့်ထိုင်လျက်ပင် သေတ္တာပေါ် ရောက်သွားသည်။

ဦးဇေယျာသည် အစ်မကြီးဖြစ်ပုံကို ရယ်ချင်လှန်းသော်လည်း နှုတ်မှ ရယ်ထွက်မရဘဲ ဖြစ်နေသည်။ နောက်တစ်နေ့တွင်ကား ဦးဇေယျာ၏ အစ်မကြီးသည် မောကြီးပန်းကြီးဖြင့် ဦးဇေယျာထံ ရောက်လာသည်။

“အောင်မယ်လေး ဒီသူခိုးဟာ တောက်ပြားထက် ရွှမ်းတယ်ဟဲ့”

www.burmeseclassic.com

www.burmeseclassic.com



ဟူသော စကားဖြင့် ဦးဖေယျာကို ပစ္စည်းပြန်ရအောင် အကူတောင်းလေသည်။ ပြဲမြဲဝတ္တရားအတိုင်းပင် ဦးဖေယျာက နတ်ဝိဇ္ဇာ ညွှန်ပြဟန်ဖြင့် ပစ္စည်းတွေ ပြန်ရအောင် ညွှန်လိုက်သည်။

လူနီကြီး၏ ဩဇာ နာခံဆောင်ရွက်နေရသည်ကို ဦးဖေယျာ ငြီးငွေ့လှချေပြီ။ ပစ္စည်းတွေကို လူမသိအောင် တပင်တပန်း လျှို့ဝှက်ရသည့်အလုပ်ကိုလည်း ဦးဖေယျာ စိတ်ညစ်လှချေပြီ။

"သူများပစ္စည်းတွေကိုလည်း ငါ မယူချင်ပါဘူး၊ တစ်ခုခုတော့ ငါလုပ်မှ ဖြစ်တော့မယ်၊ ဒီလူနီကြီး ဘယ်မှာနေလဲဆိုတာ ငါသိအောင်လုပ် မှ ဖြစ်တော့မယ်"

ဦးဖေယျာက ငြီးငွေ့စွာ တွေးပြီး နောက်တစ်ကြိမ် လူနီကြီးနှင့် ဆောင်ရွက်ဖွယ်ကိစ္စ ပြီးသောအခါ ယခင်အခါများက အိပ်တော့ဟု လူနီကြီးကခိုင်းလျှင် ဦးဖေယျာ တစ်စုံတစ်ရာ မတွေးဘဲ အိပ်လိုက်သည်။ ယခုတစ်ကြိမ်တွင်မူ 'အိပ်တော့'ဟု လူနီကြီးက ပြောလျှင် ဦးဖေယျာသည် ဟန်မပျက် အိပ်ရာပေါ် လှဲလိုက်သည်။ ယခင် လှဲလိုက်သည်နှင့် မျက်လုံးမှိတ်လိုက်သော် ယခုတစ်ကြိမ်မှာမူ စိတ်ကို ကြိုးစားတင်းထားပြီး မျက်လုံးကို ခပ်မှေးမှေးထားကာ လူနီကြီးသွားရာကို ကြည့်လိုက်သည်။

လူနီကြီးသည် ဝေးဝေးလံလံနေရာကို မသွားချေ။

ဆူးချုံရှင်းစဉ်က သူရလာခဲ့ပြီး မှေမှေလျော့လျော့ဖြင့် ထားခဲ့သော ကြိုးချည်ထားသည့် အရုပ်ကလေးရှိရာ သူအိပ်သည့် ဘေးထရံမှ ကြွက်လျှောက်ပေါ် ခုန်တက်သွားသလိုလို မသဲမကွဲမြင်လိုက်ပြီး ပျောက်သွားသည်။

ထိုအခါမှ ဦးဖေယျာ စဉ်းစားမိလေပြီ။

"လက်စသတ်တော့ သင်းကိုး"

ဦးဖေယျာ များစွာ စိတ်လက်ပေါ့ပါးသွားကာ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်လိုက်လေသည်။

နောက်တစ်နေ့တွင် အိမ်ရှေ့ မန်ကျည်းပင်အောက်မှာ မီးတစ်ပုံဖိုထားတစ်စုံတစ်ခုသော အရာကို ပြာကျသွားအောင် အထူးဂရုစိုက် မီးရှို့နေသော ဦးဖေယျာကို အိမ်နီးနားချင်းတွေ တွေ့ကြရသည်။

■



"ဘယ်လိုလဲ ဘွားဘွား၊ ဦးဖေယျာဆိုတာက အရုပ်ကလေးကို မီးရှို့ပစ်လိုက်တာလား"

အဘွားကြီးက ဤမျှအထိသာ ပြောပြ၍ ဤမျှအထိသာ ရေးသားပြီးသော မခင်ရွှေက သူရေးထားသည်များကို ဖတ်ပြပြီး ဆုံးသောအခါ အဘွားကြီးကို မေးလိုက်သည်။

"အေးပေါ့ ဆရာမလေးရဲ့၊ ဒီအရုပ်က သူခိုးမှော်အောင်ပြီးသားအရုပ်လို့ နားလည်တဲ့လူတွေက ပြောကြတယ်။ အရုပ်ကို မီးနဲ့ရှို့လို့ ကျွမ်းသွားပြာကျသွားမှ ဦးဖေယျာလည်း ဒီအကြောင်းကို လူတွေသိအောင် ဖွင့်ဟပြောချင်စိတ်ရှိတဲ့အတိုင်း ဖွင့်ပြောနိုင်တော့တယ်တဲ့ကွယ်။ အဲဒီအချိန်ကဆိုရင် အဘွားရဲ့ အသက် ၁၀ နှစ်ကျော်ကျော်လောက် ရှိသေးတာပဲ"

"ဦးဖေယျာဆိုတဲ့ အဘိုးကြီးဟာ သူတော်ကောင်းကြီးဖြစ်လို့သာပေါ့နော် ဘွားဘွား၊ ဒါကြောင့်သာ ပစ္စည်းတွေ ပြန်ပေးတာပေါ့"

မခင်ရွှေက ပြောရင်း ယခုခေတ်လူတွေ၏ စိတ်သဘောထားနှင့် နှိုင်းယှဉ်စဉ်းစားနေမိသည်။

"ဟုတ်တယ် ဆရာမလေး၊ ရှေးခေတ်လူတွေဟာ သစ္စာလည်း ရှိတယ်၊ သမာဓိလည်း ရှိတယ်၊ သူတော်ကောင်းတရားလည်း ပြည့်စုံတယ်၊ ဒါကြောင့်သာ ပစ္စည်းတွေပြန်ပေးတဲ့အပြင် အရုပ်ကိုပါ မီးနဲ့ရှို့ပစ်တာပေါ့၊ ခုလူတွေဆိုရင်တော့လားကွယ်"

အဘွားကြီးစကားကို မခင်ရွှေက ရာနှုန်းပြည့် ထောက်ခံလိုက်သည်။ ယခုခေတ်လူတွေသာဆိုလျှင် ဤလိုအရုပ်မျိုး တစ်ကောင်တည်းကို နည်းသေးသယ်ထင်ကာ မည်မျှလောက် ရုပ်ပွားတွေဖြစ်အောင် ကြံစည်ကြမည်ကို တွေးနေမိသည်။ အဘွားကြီးက ဆက်ပြောလိုက်၏။

"ရှေးခေတ်က သူတော်ကောင်းခေတ်ဖြစ်လို့လည်း လောကီပညာတွေဟာ စီရင်တတ်သူရှိရင် ရှိသလောက် ထက်ထက်မြက်မြက် စွမ်းခဲ့ကြတာပေါ့။ စီရင်တတ်လို့ စွမ်းသွားတဲ့ အဆောင်ပစ္စည်းကိုလည်း လူယုတ်မာတွေလက်ထဲ မရောက်စေကြဘူး။ သူတော်ကောင်းလက်ထဲ ရောက်ပြီး စွမ်းကြောင်းသာ ပြတာ၊ သူတော်ကောင်းက မသုံးဘဲ ဖျက်ဆီးလိုက်တာပဲ။ ယခုခေတ်လူတွေလက်ထဲ ရောက်သွားရင် လူတွေ စိတ်ထားယုတ်မာသလောက် ယုတ်မာတဲ့အဖြစ်တွေ ဘယ်လောက်များ ဖြစ်လိုက်မလဲကွယ်၊ ဆရာမလေး

www.burmeseclassic.com

www.burmeseclassic.com



တွေးစမ်း၊ ဒါကြောင့်လည်း ကောင်းတဲ့ဘက်မှာရော၊ မကောင်းတဲ့ဘက်မှာရော ထက်မြက်စွမ်းဆောင်အောင် စီရင်နိုင်တဲ့ လောကီပညာနည်းတွေဟာ ပျောက်ကွယ်ကုန်ကြတာပေါ့"

"ရေပြာအိုင်က မော်အောင်အရုပ်လို့ ကျွန်မ ခေါင်းစဉ်တပ်လိုက်ပါပြီ ဘွားဘွား၊ နောက်တစ်ခါပြောမယ့် အတ္တုပ္ပတ္တိကိုတော့ ဘယ်လို ခေါင်းစဉ်တပ်ရမလဲ ဘွားဘွား"

မခင်ရွှေက မေးလိုက်သောအခါ အဘွားကြီးက ပြုံးပြီး-

"နားထောင်ရတာ မပျင်းသေးဘူးလား ဆရာမလေးရဲ့"

ဟု မေးလိုက်သည်။

"ကျွန်မ ဝါသနာပါပါတယ် ဘွားဘွား၊ ပြောသာ ပြောပါ"

"အေး၊ ပြောရတာပေါ့၊ ဟဲ့ သမီး၊ ဟိုငွေတွေ အိုးကြီးနဲ့ထည့်ပြီး မြှုပ်ထားပြီးမှ သေသွားတဲ့ လူဟာလေ၊ ငါ နာမည် ယီးတီးယားတား ဖြစ်နေတယ်"

အဘွားကြီးက မခင်ရွှေကို ပြောနေရာမှ လက်ဖက်ရည်ကြမ်း သောက်နေသော သူ့သမီးကို လှမ်းမေးလိုက်သည်။

"ဦးကြီး ဦးရွှေအိုး အမေရဲ့"

သမီးဖြစ်သူက ပြန်ဖြေလိုက်၏။

"အဲ အဲ ... ဟုတ်ပြီ၊ ရွှေအိုး၊ ရွှေအိုး၊ မစားရက် မသောက်ရက် ငွေတွေမြှုပ်ပြီး သေတော့လည်း သူ့နောက် တစ်ပြားမှ ပါမသွားဘဲ၊ သေပြီး နောက်မှ ကိုယ့်ပစ္စည်းနဲ့ကိုယ် နာမည်ပျက်ရသေးတယ်ကွဲ့"

"ဟုတ်ကဲ့၊ ဒါလည်း စိတ်ဝင်စားစရာ ကောင်းမှာပဲနော် ဘွားဘွား၊ သူ့ကို ဘယ်လို ခေါင်းစီးတပ်ရမလဲ"

မခင်ရွှေက မေးသောအခါ -

"ရေပြာအိုင်မှ ဥစ္စာရှူးလို့ ရေးလိုက်ပေါ့ ဆရာမလေးရဲ့"

၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလ၊ သွေးသောက်မဂ္ဂဇင်း

■

## ရေပြာအိုင်မှ ဥစ္စာရှူး

ကူးဆန်းအံ့ဩဖွယ်ကောင်းလှစွာ လောကီပညာအတတ်ဖြင့် စီရင်ထားသော မော်အောင်နေသည့် အရုပ်ကလေးက စောရအလုပ်ဖြင့် ရှာဖွေပေးနေသော အဖိုးတန် စိန်ရွှေရတနာတွေကို မက်မောခင်တွယ်ခြင်း၊ လိုချင်သောလောဘတပ်မက်ခြင်း လုံးဝမရှိဘဲ သစ္စာရှိစွာ ဥစ္စာရှင်တွေကို ပြန်ပေးနေသော သူတော်ကောင်းကြီး ဦးဖေယျာ၏ စိတ်သဘောထားကို မခင်ရွှေက ချီးကျူးကြည့်၍ မဆုံးနိုင်အောင် ဖြစ်နေသောအခါ အဘွားကြီးက ပြုံးပြီး-

"ဦးဖေယျာက သူများဥစ္စာကိုသာ မမက်မောဘဲ သစ္စာရှိတာ မဟုတ်ဘူး ဆရာမလေး၊ သူ့ပစ္စည်းကိုလည်း ခင်တွယ်မှု နည်းပါးတယ်၊ ကြိုးစားပမ်းစား အလုပ်လုပ်လို့ရတဲ့ ငွေကြေးဥစ္စာကို တစ်ဖက်သားမှာ အကြောင်းကိစ္စရှိလာရင်၊ အကျပ်အတည်း အခက်အခဲကြုံလာရင် ရက်ရက်ရောရော ထုတ်ပေး ကူညီတတ်တယ်ကွဲ့၊ တကယ် သူတော်ကောင်းအစစ်ပဲ ဆရာမလေးရဲ့"

ဟု ပြောသည်။

"ဒါကြောင့်လည်း ဟိုအရုပ်ကလေးက သူတော်ကောင်းဖြစ်တဲ့ ဦးဖေယျာလို လူမျိုးလက်ထဲ ရောက်တာပေါ့နော် ဘွားဘွား၊ လောဘကြီးတဲ့ သူယုတ်မာမျိုးလက်ထဲ ရောက်သွားရင် ဒီအရုပ်ကလေး ဆရာ၊ တခြားနိုင်ငံသားနဲ့ လူတွေ မွဲကုန်မှာနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာမလေး၊ ဘုရားငုတ်တို စေတီအိုကို ရှင်းလင်းကြစဉ်က ကိုရွှေအိုးတို့ ပါသပေါ့။ ဦးဓေယျာက ဆူးချုံကြီးကို ပင်ပင်ပန်းပန်း ရှင်းနေတာကြည့်ပြီး ဒီလူ့နှယ် မိုက်လိုက်သာ အမောခံ၊ အပင်ပန်းခံ ရှင်းနေတာလို့တောင် ပြောလိုက်သေးတယ်။ နောက်မှ ဦးဓေယျာက အရုပ်ကလေးကို မီးနဲ့ရှို့ပြီး ဖွင့်ပြောမှ တက်တခေါက်ခေါက်ဖြစ်နေတယ်လို့ သူ့အိမ်က ကျောင်းသားလေးက ချောင်းကြည့်ပြီး လျှောက်ပြောပြလို့ တို့များလည်း ကြားကြရတာ။ အဲဒီ အရုပ်ကလေးများ ဦးရွှေအိုးလက်ထဲ ရောက်သွားရင်လား ဘာပြောကောင်းမလဲ မိန်းကလေးရယ် …"

ဟူသော အဘွားကြီးစကားကြောင့် မခင်ရွှေက မေးလိုက်သည်။

"ဒီ ဦးရွှေအိုးဆိုတဲ့ လူက လူဆိုးလား၊ သူခိုးလား ဘွားဘွား"

"လူဆိုးလည်း မဟုတ်ဘူး၊ သူခိုးလည်း မဟုတ်ဘူး၊ ဒါပေမဲ့ အလိုလောဘ အင်မတန်ကြီးတဲ့လူ မိန်းကလေးရဲ့၊ ပိုက်ဆံချမ်းသာသလောက် ကပ်စေးနဲတယ်၊ မြော်မြင်တတ်တယ်၊ စေတနာ ခန်းတယ်၊ သူ့လက်ထဲ ရောက်သွားပြီးသား ငွေဟာ ဘာအကြောင်းနဲ့မှ အပြင်ကို ပြန်မထွက်တော့ဘူး။ ပိုက်ဆံကို စပါးပေးနဲ့ ချေးတယ်၊ ငွေတိုးနဲ့ ချေးတယ်၊ သူယူတဲ့ စပါးတိုး၊ ငွေတိုးထက် ကြောက်စရာတောင် ကောင်းသေး၊ ဒါပေမဲ့ မရှိဆင်းရဲတဲ့ လူတွေကတော့ သူနဲ့ မကင်းကြဘူးပေါ့။ ဒီရွာမှာတော့ ကိုရွှေအိုးဟာ နာမည်နဲ့လိုက်အောင် ရွှေကို အိုးနဲ့ ထည့်ထားနိုင်အောင် ချမ်းသာတဲ့ လူတစ်ယောက်ပဲကွယ်"

"ဒီလောက် ချမ်းသာတာများ မှော်အောင်နေတဲ့ စာရုပ်ကို တော့ နေရသေးလား ဘွားဘွားရယ်"

"သူက အလိုလောဘကြီးနေတဲ့လူပါ ဆိုနေ၊ ဦးဓေယျာနဲ့ ဒီအရုပ် အကြောင်း သိတယ်ဆို ချက်ချင်းပဲ ပြေးလာတယ်၊ အေး … ရယ်စရာတော့ အကောင်းသားကွဲ့၊ အရုပ်ကို မီးရှို့တဲ့ ပြာလေး နည်းနည်းလောက်မှ မကျန် တော့ဘူးလားလို့တောင် မေးတယ်လို့ ကြားတယ်"

"ပြာကို သူက ဘာလုပ်မှာလဲ ဘွားဘွား"

"စွမ်းလိုစွမ်းငြား တစ်ခုခု စီရင်မယ်နဲ့ တူပါတယ်"

"ပြာကို သူစီရင်တော့ စွမ်းသွားလား"

"အောင်မာ၊ ဦးဓေယျာတို့က လျှင်လိုက်တာမှ အရုပ်ကို မီးရှို့ ပြာကျသွားတော့ ပြာတင် ဘာဟုတ်မလဲ၊ မီးရှို့တဲ့နေရာက မြေကြီးတွေကို



အတူ ပေါက်တူးနဲ့ သေသေချာချာ ပေါက်ယူသွားပြီး… ဆရာမလေးတို့ ရွာကို လာကြတုန်းက ချောင်းတစ်ခုကို ဖြတ်လာကြရတယ် မဟုတ်လား"

အဘွားကြီးက စကားအစမသတ်သေးဘဲ မခင်ရွှေကို မေးလိုက်သည်။

"ဟုတ်တယ် ဘွားဘွား၊ ချောင်းကို ဖြတ်ကူးတဲ့ မော်တော်ကား တံတားက တော်တော်ကြီးတယ်၊ ချောင်းကလည်း အကျယ်ကြီးပဲ၊ ရေတော်တော် စီးတယ် ပြောတယ်"

"အေး၊ ဦးဓေယျာက အခုတင်က မီးရှို့ထားတဲ့ ပြာတွေရော၊ မီးရှို့ တဲ့နေရာက မြေကြီးတွေကိုရော ပေါက်တူးနဲ့ သေသေချာချာပေါက်ယူ၊ ဂုန် နီအိတ်ထဲ ထည့်ယူပြီး အဲဒီ မော်တော်ကားတံတားအထိ ထမ်းယူသွားပြီးမှ တံတားပေါ်ကနေပြီး ချောင်းအလယ်တည့်တည့်ကို သွန်ချလိုက်တယ်လေ"

အဘွားကြီးစကားကြောင့် မခင်ရွှေက ရယ်ပြီး –

"ကောင်းတယ်၊ ခြေရာပျောက်သွားတာပေါ့"

ဟု ပြောလိုက်၏။

"သိပ်ကောင်းတာပေါ့ ဆရာမလေးရဲ့"

အဘွားကြီးကပါ ဖြည့်စွက်လိုက်သည်။

"ဦးရွှေအိုးဆိုတာက စိတ်မဆိုးဘူးလား"

မခင်ရွှေက မေးလိုက်၏။

"သူ့စိတ်ထဲကတော့ စိတ်ဆိုးမလား မသိဘူး၊ လူအသိခံစိတ်ဆိုးပုံ မပေါ်ဘူး၊ သူများပစ္စည်းလိုချင်တာ လူသိကုန်ရင် သူ ဘယ်ကောင်းတော့မလဲ"

"သူ့ သားမယားတွေကကော သူ့လိုပဲ ကပ်စေးနဲကြတာပဲလား ဘွားဘွား"

မခင်ရွှေက မေးသောအခါ သူတို့အနားတွင် လက်ဖက်ရည်ကြမ်း သောက်ရင်း ငြိမ်သက်စွာ ထိုင်ကာ အဘွားကြီးနှင့် မခင်ရွှေ ပြောစကားကို နားထောင်နေသော အဘွားကြီး သမီးက အားရပါးရ ရယ်လိုက်သည်။

"ဒီဦးရွှေအိုးဆိုတဲ့ လူကြီးအကြောင်း ပြောပြလိုက်ပါဦး အမေရယ်၊ ဆရာမလေးအဖို့ ရေပြာအိုင်ရွာနဲ့ ပတ်သက်ပြီး မှတ်တမ်းတစ်ခု ရသွားအောင် ပေါ့"

ဟု ဝင်ပြောလိုက်၏။

"ဒီ ဦးရွှေအိုးကြီးအကြောင်းက ပြောစရာရှိနေသလား ဘွားဘွား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီ ဦးရွှေအိုးကြီးအကြောင်းက ပြောစရာရှိနေသလား ဘွားဘွား" မခင်ရွှေက စိတ်ဝင်စားစွာ မေးလိုက်သည်။

"အေးကွဲ့၊ ဆရာမလေး မှတ်ချင်မှတ် အဘွားပြောပြမယ်"

မခင်ရွှေသည် အဘွားကြီးပြောသော ဦးရွှေအိုးအကြောင်းကို စိတ်ဝင်စားစွာ နားစွင့်လိုက်သည်။

"ဟုတ်ကဲ့ ပြောပါ ဘွားဘွား"

■

ဦးရွှေအိုးတို့ကား ဘိုးစဉ်ဘောင်ဆက် ချမ်းသာလာကြသော ကြေးရ တတ်မျိုး ဖြစ်သည်။ ဦးရွှေအိုးနှင့် တစ်မိတစ်ဖတည်း မွေးချင်း သုံးယောက် ရှိသည်။ အချိန်တန် အရွယ်ရောက်သောအခါ ဦးရွှေအိုး၏ အစ်ကိုနှင့် အစ်မကို မိဘများက သင့်လျော်ရာလူနှင့် အိမ်ထောင်ချပေးလိုက်သည်။ အရင်းအနှီး ထူထောင်ပေးလိုက်သည်။ ဦးရွှေအိုးကမူ သူ့စိတ်ရှိသည့်အတိုင်း မိဘများကို ဖွင့်ဟပြောကြားသည်။

"ကျုပ် မိန်းမ မလိုချင်သေးဘူးဗျာ၊ အစ်ကိုနဲ့ အစ်မကို ပေး သလောက် အရင်းအနှီး ကျုပ်ကို ပေးပါ၊ ကျုပ် တိုးပွားအောင် အလုပ်လုပ် ချင်သေးတယ်"

ဦးရွှေအိုးစကားကြောင့် မိဘတွေမှာ များစွာ ဝမ်းမြောက်မှု ဖြစ်ကြ သည်။ မိဘတွေသာ မဟုတ်သေး၊ ခင်မင်ရင်းနှီးရာ မိတ်ဆွေများနှင့် ဆွေမျိုး များကပါ ဦးရွှေအိုးကို ချီးကျူးကြသည်။ ထိုအချိန်မှာ ဦးရွှေအိုးအသက်သည် နှစ်ဆယ်ကျော်ရုံကလေးမျှသာ ရှိသေး၍ အရွယ်ကောင်းတုန်း ဖြစ်သည်။

မိဘတွေက ဝမ်းမြောက်ဝမ်းသာဖြင့် လူပျိုကိုယ်ဖြစ်သော မောင်ရွှေ အိုးကို အိမ်ထောင်ချပေးလိုက်သော သားကြီး၊ သမီးကြီးတွေထက်ပင် ပိုမို ထုတ်ပေးကြသည်။ ဤသို့ ထုတ်ပေးသည်ကို အစ်ကိုနှင့် အစ်မကလည်း ငြူစူခြင်း မဖြစ်ချေ။ မောင်ထွေး၊ ညီထွေးလေးက အိမ်ထောင်မပြုဘဲ မိဘ များနှင့် လက်ရည်တစ်ပြင်တည်း အလုပ်လုပ်ပေးသည်ဟူ၍ အချစ်၊ အသနား ပိုကာ သူတို့ တတ်စွမ်းသရွေ့ပင် ဝိုင်းဝန်းထည့်ပြီး ထူထောင်ပေးလိုက်ကြ သည်။



မောင်ရွှေအိုးသည် သူ့စကားအတိုင်း ကြိုးကြိုးစားစားဖြင့် အရောင်း အဝယ် လုပ်သည်။ ရောင်းရေးဝယ်မှုမှာ လာဘ်မြင်သူတစ်ယောက် ဖြစ်သည့် အလျောက် ကုသိုလ်ကံကလည်း လိုက်ဟန်တူသည်။ ရောင်းဝယ်သမျှ ချောချော မြတ်စွန်းသည်ချည်း ဖြစ်သည်။ မောင်ရွှေအိုးလုပ်သော အလုပ်ကား သုံးကုန်ပစ္စည်းဖြစ်သော အထည်များ၊ အသုံးအဆောင်များအပြင် ပန်းထိမ် ဆိုင်တွေက ရောင်းတမ်းလုပ်ထားသည့် ရွှေထည်၊ ကျောက်ထည် လက်ဝတ် လက်စားများကို အရောင်းအဝယ်ပါးသည့် မိုးရာသီအချိန်မှာ မြို့တက်ပြီး ဝယ်ထားလိုက်သည်။ မိုးရာသီအချိန်ဆိုသည်မှာ တောသူတောင်သားတွေအဖို့ အပျော်အပါး ပွဲလမ်းသဘင် မရှိသည့်အလျောက် အထည်အလိပ်၊ ကုန်ပစ္စည်း များရော၊ ရွှေထည် လက်ဝတ်လက်စားရော အရောင်းထိုင်းသည်။ ထို့ကြောင့် အပျော်ပွဲရှင်ပွဲများသည့် နွေရာသီ၊ စပါးသီးနှံပေါ်သည့် နွေရာသီလောက် ဈေး မကြီးချေ။ ထိုအချိန်မှာဝယ်လျှင် ဈေးချိုသည်။

မောင်ရွှေအိုးက ထိုအချိန်မျိုးမှ တောသူတောင်သားတွေ ကြိုက် တတ်သည့် ပစ္စည်းတွေကို ဈေးချိုချိုဖြင့် ဝယ်ပြီး သိုလှောင်ထားသည်။ ပုပ်ကုန် သိုးကုန်မဟုတ်သည့်အပြင် သိမ်းဆည်း၍ ဝန်ကျဉ်းသော ပစ္စည်းများဖြစ် သောကြောင့် ဝယ်ယူသိမ်းဆည်းထားပြီး လယ်ယာချောင်းမြောင်း အလုပ်ကို လည်း တစ်ဖက်က လုပ်လိုက်သေးသည်။

အသီးအနှံပေါ်၍ ငွေရှင်ပြီး ပွဲလမ်းသဘင် ရှိလာသောအခါဝယ် မောင်ရွှေအိုးသည် သူ့ကုန်ပစ္စည်းတွေအတွက် အမြတ်ငွေကို စိတ်တိုင်းကျ ယူလိုက်သည်။ အကြွေးဆိုလျှင် ဈေးတစ်မျိုး၊ လက်ငင်းဆိုလျှင် ဈေးတစ်မျိုး မောင်ရွှေအိုးတို့ ပစ္စည်းဥစ္စာ တိုးပြီးရင်း တိုးရင်း ဖြစ်နေသည်။

စီးပွားအရှာကောင်းသော သားလိမ္မာအတွက် မောင်ရွှေအိုးမိဘတွေမှာ ကျေနပ်နှစ်သိမ့်လှသည်။ ရွာထဲကရော၊ ရွာနားနီးချင်းကရော သမီးရှင်တွေက အရောက်စေ့စပ်ကြသည်။ တောသူ အပျိုချောတွေ ကိုယ်တိုင်ကပင် မောင် ရွှေအိုးကို ယူလျှင် ရွှံ့ထဲ၊ ရေထဲ မဆင်းရဘဲ ကြော့ကြော့ကလေး နေရမည် ဟု စဉ်းစားမိကြသည့်အလျောက် မဆွတ်ခင်က ညွတ်ချင်နေကြသည်။ မောင် ရွှေအိုး မိဘတွေကိုယ်တိုင်ကလည်း သင့်လျော်ရာနှင့် နေရာချချင်ကြသည်။ သို့သော် မောင်ရွှေအိုးက မည်သူ့ကိုမျှ ယူချင်သောစိတ် မရှိချေ။

မောင်ရွှေအိုး အကြောင်းပြပုံကား -

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် တပင်တပန်း ရှာထားတဲ့ ပစ္စည်းတွေကို မိန်းမက အခဆင်သင့် ထိုင်စားနေမှာဗျ။ ကျုပ်ကိုယ်တိုင်တောင် မစားရက်၊ မသုံးရက်ဘဲ သူစားမှာ သုံးမှာကို ကျုပ် မသဒ္ဓါဘူး"

မောင်ရွှေအိုးက ဤမျှလောက် ဘွင်းဘွင်းပြောသည်ကို ကြားရသူများက အရှက်အကြောက်ကြီးသော လူပျိုတစ်ယောက်ဖြစ်သောကြောင့်သာ ဟန်လုပ်ပြောသည်ဟု ထင်ပြီး အမိဖမ်းသော အပျိုကလည်း အမိဖမ်းသည်။ မိဘဖြစ်သူနှင့် အစ်ကို၊ အစ်မများကလည်း သင့်လျော်သူနှင့် နားချကြသည်။ သို့သော် မောင်ရွှေအိုးကား ဆိုပြီးသော စကားကို မပြင်ချေ။ ဦးခေါင်းကိုသာ အတွင်ခါနေသည်။ ကြာသော် မိဘကိုယ်တိုင်က လက်လျှော့ထားလိုက်သည်။ သူစိတ်ချမ်းသာသလိုသာ လွှတ်ထားလိုက်မည်၊ အကြိုက်မတွေ့သေးခင်သာ ဤစကားမျိုး ပြောခြင်းဖြစ်မည်၊ အကြိုက်တွေ့လျှင် မည်သူမျှ တားဍ်ရမည် မဟုတ်ဟု ယူဆကာ လွှတ်ထားလိုက်ကြတော့သည်။

မိန်းမယူရန် စိတ်မကူးဘဲ စီးပွားရေးကိုသာ ကြိုးကြိုးစားစား လုပ်နေသော မောင်ရွှေအိုးကို မိဘတွေက အငယ်ဆုံး၊ အထွေးဆုံးဖြစ်၍ ချစ်ရင်းစွဲ ရှိရာမှ အသနားပိုလာကြသည်။ ထို့ကြောင့် ချမ်းသာသမျှ ပစ္စည်းအားလုံး မောင်ရွှေအိုးလက်ထဲ အပ်သည်။ မောင်ရွှေအိုးက ပစ္စည်းထိန်း၊ သော့ကိုင် ဖြစ်နေသည်။ မောင်ရွှေအိုး သော့ကိုင်ဖြစ်နေသည်ကို အိမ်ထောင်ကျသွားသော အကြီးနှစ်ယောက်က ငြိုငြင်သောစကားမျိုး မဆိုကြချေ။ မိဘနှင့် မခွဲမခွာ လက်ရည်တစ်ပြင်တည်း အလုပ်လုပ်နေသည်ကိုလည်း မျက်မြင်ဖြစ်သည်။ မောင်ရွှေအိုး လုပ်ကိုင်ရှာဖွေမှုကြောင့် ငွေကြေး အထုပ်အထည် ဖြစ်နေသည် ကိုလည်း မျက်မြင်ဖြစ်သည်။ သားမယားမရှိသော လူပျိုလူလွတ်တစ်ယောက် ဖြစ်သောကြောင့် တွက်ကတ်စိတ် မထားဘဲ အေးအေးပင် နေလိုက်ကြသည်။

ဤသို့နှင့်ပင် မောင်ရွှေအိုး၏ အသက်အရွယ်သည် မောင်ရွှေအိုး ဟူသော အဖြစ်မှ ကိုရွှေအိုးဟုခေါ်ရမည့် သုံးဆယ်ကျော် လေးဆယ်အတွင်း ရောက်လာသည်။ ဤအရွယ်တိုင်အောင်လည်း ကိုရွှေအိုးသည် မိန်းမယူရန် စိတ်မကူးဘဲ စီးပွားရေးကိုသာ လုံးပန်းနေသည်။

အမှည့်လွန်လာပြီဖြစ်သော မိဘနှစ်ပါးသည်ကား သစ်သီးအညှာ ကြွေသလို တဖြုတ်ဖြုတ် ကြွေကျသွားကြပြီ ဖြစ်သည်။

မိဘနှစ်ပါး မရှိတော့သောအခါဝယ် ထုံးစံအတိုင်း အိမ်ထောင်ကျ ဖြစ်သော အစ်ကို၊ အစ်မများက အမွေစကား ပြောလာကြလေပြီ။ အစ်ကို



အစ်မတွေ ကိုယ်တိုင်နှင့် အားလုံးသောလူတွေ၏ စိတ်တွင် ကိုရွှေအိုးသည် သူလုပ်ကိုင်ရှာဖွေထားခဲ့သော ပစ္စည်းတွေကို ဖယ်ပြီး မိဘအမွေအနှစ်ကိုမူ တရားနည်းလမ်းရှိသည့်အတိုင်း ခွဲဝေယူလိမ့်မည်ဟု ထင်ကြသည်။ နှစ်ရှည် လများ အိမ်ထောင်ခွဲနေကြပြီဖြစ်သည့် အစ်ကိုနှင့် အစ်မသည် သူတို့အိမ်ထောင် ချစဉ်က မိဘတွေ ခွဲပေးလိုက်သည့် ပစ္စည်းကို ယူသွားပြီးသည့်နောက် မိဘတွေလက်ထဲမှာ မည်မျှလောက် ကျန်နေသေးသည်၊ မည်သည့်ပစ္စည်းတွေ ရှိနေသေးသည်ဟု မမှတ်မိကြတော့ချေ။ သို့သော် ဘိုးစဉ်ဘောင်ဆက် ချမ်းသာ သာသူများဖြစ်၍ ပစ္စည်းတွေ တော်တော်များများ ရှိနေသေးကြောင်းကိုကား နှစ်ယောက်လုံးပင် သိကြသည်။

သို့သော် မိဘတွေပစ္စည်းသည် ဤမျှလောက်သာ ရှိတော့သည်ဟူ သော စကားဖြင့် ကိုရွှေအိုးထုတ်ပြသော ပစ္စည်းကို မြင်လိုက်ကြသောအခါ ကိုရွှေအိုး အစ်ကိုနှင့် အစ်မသာ မဟုတ် အသိသက်သေအဖြစ် ရောက်နေကြ သော ရပ်ရွာလူကြီးတွေရော၊ ဆွေမျိုးတွေရော မယုံနိုင်အောင် အံ့အားသင့်ကုန် ကြတော့သည်။

ကိုရွှေအိုးထုတ်ပြသော ပစ္စည်းများကား မိဘတွေရှိစဉ်က ဝတ်ဆင် သော ဟောင်းနွမ်းနေပြီဖြစ်သည့် အဝတ်အစား အနည်းငယ်နှင့် ရွှေထည် ဝတ်လက်စား ငါးကျပ်သားလောက်သာ ဖြစ်သည်။ မိဘတွေပိုင်ငွေ ၍ တစ်ပြားမှ မရှိကြောင်း၊ သူလုပ်ကိုင် ရှာဖွေ ကျွေးမွေးသည်ကိုသာ သောက်ပြီး သေဆုံးသွားကြခြင်းဖြစ်ကြောင်း၊ မိဘပိုင်ပစ္စည်း ဟူ၍ ဤအိမ် နှင့် ဤရွှေကလေးသာ ကျန်ရစ်တော့ကြောင်းကို မျက်နှာညိုးညိုးဖြင့် ပြောပြ သည်။ ထို့နောက် ကိုရွှေအိုးက ဥပဒေစကားကို ပြောလိုက်သေးသည်။

"မြတ်စွာဘုရား တရားတော်မှာရော၊ အခုခေတ် တရားဥပဒေမှာ ရော အတူနေ၊ အတူလုပ်ကိုင်စား၊ နာတော့လည်း ပြုစု၊ သေတော့လည်း သူ့လက်ထဲမှာပဲ ဖြစ်သူကိုသာ သေသူရဲ့အမွေအနှစ်အားလုံး ပိုင်ဆိုင်ခွင့်ရှိ တယ်ဆိုတာ အများရှင်လူ သိကြပြီး ဖြစ်ပါလိမ့်မယ်။ တရားဥပဒေအတိုင်း ပြောရမယ်ဆိုရင် အားလုံးမျက်မြင်ဖြစ်တဲ့ ဒီအိမ်နဲ့ ဒီရွှေကလေးကို ကျွန်တော် တစ်ယောက်တည်း တရားဝင်ပိုင်ဆိုင်သူ ဖြစ်ပါတယ်။ သို့သော် အစ်ကိုနဲ့ အစ်မကို ကျွန်တော် အများကြီး ထောက်ထားညာတာပါတယ်။ မတရား မလုပ်ပါဘူး။ ရပ်ရွာလူကြီးများ ဆုံးဖြတ်တော်မူကြတဲ့အတိုင်း ကျွန်တော် နာခံပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေအိုးပြောသော စကားက အကြောင်းမသိသူတွေအဖို့ နတ်၊ လူ သာဓုခေါ်စေမည့် စကားမျိုး ဖြစ်သည်။ သို့သော် ကိုရွှေအိုးသဘောကို စောကြောမိကြသော ရပ်ရွာလူကြီးတွေနှင့်တကွ ကိုရွှေအိုး၏ အစ်ကိုနှင့် အစ်မသည် အလွန်အမင်း အံ့အားသင့်စွာ ကိုရွှေအိုးမျက်နှာကို ကြောင်ကြည့် နေမိကြသည်။

"တို့ အိမ်ထောင်ခွဲသွားချိန်က အဖေနဲ့ အမေ ပစ္စည်းတွေဟာ အများ ကြီးပါဟယ်၊ ဒါလောက်ကလေးပဲ ရှိတော့တယ်ဆိုတာ မဟုတ်နိုင်ပါဘူး"

အစ်ကိုဖြစ်သူက ပြောသည်။

"အေး၊ နင့် အရောင်းအဝယ်လုပ်ငန်းကလည်း ဆုံးရှုံးတာမဟုတ် တော့ အဖေနဲ့ အမေ ပစ္စည်းဟာ ယုတ်လျော့စရာအကြောင်း မရှိပါဘူး မောင်လေးရယ်၊ ဘယ်ရောက်ကုန်လဲ"

အစ်မဖြစ်သူက မေးသည်။ အစ်ကိုနှင့်အစ်မသည် စိတ်ဆိုးဟန်လည်း မရှိသေး၊ လေသံလည်း မမာသေးချေ။ ကိုရွှေအိုးကို ကြည်ကြည်သာသာ မေးမြန်းနေကြသည်။

"အိုဗျာ၊ ခင်ဗျားတို့ကလည်း ခင်ဗျားတို့ အိမ်ခွဲသွားကြပြီးမှ အဖေ နဲ့အမေ ထိုင်စားလာခဲ့ကြတဲ့ နှစ်ပေါင်းကို ပြန်တွက်ကြည့်ပါဦး၊ ဒါတော် ကျွန်တော် လုပ်ကိုင်ရှာဖွေတဲ့ ပစ္စည်းက မနည်းဝင်ခုလိုက်လို့ ဒါလောက် နေသေးတာ၊ ခင်ဗျားတို့လို အိမ်ခွဲနေပြီး ဟုတ်တိပတ်တိ မကျွေးဘဲထား ဘာမှ ကျန်မှာတောင် မဟုတ်ဘူး"

ကိုရွှေအိုးက ချက်ကောင်းတွယ်ပြီး ပြောလိုက်သည်။

"တို့ကလည်း စီးပွားရေး အဆင်မပြေဖြစ်ပြီး ကျပ်တည်းလို့သာ ကွယ်၊ မိဘကို ပစ်ပယ်ထားတာတော့ မဟုတ်ပါဘူး၊ ပေးနိုင်စဉ် အချိန်တုန်း မင်းကိုတောင် အရင်းအနှီးအတွက် ထည့်ပေးခဲ့သေးတယ် မဟုတ်လား ဝမ်းတော် မဝတော့လည်း ဆွမ်းတော် မတင်နိုင်ဘူးပေါ့ကွယ်"

အစ်မဖြစ်သူက ဝမ်းနည်းသံဖြင့် ပြောသည်။

အစ်ကိုဖြစ်သူကမူ -

"ငါကလည်း လုပ်ငန်းကိုင်ငန်း အဆင်မပြေတော့ ပစ္စည်းမထုတ် နိုင်ခဲ့ဘဲ အားစိုက်သာ ကူညီနိုင်ခဲ့တယ်ဆိုတာ အားလုံး သိကြပါတယ် ညီလေး ရယ်၊ ဘာပဲဖြစ်ဖြစ်လေ မင်းက လက်ရှိဆိုတော့ မင်းပြောတဲ့ ဥပဒေစကား



ခံပါတယ်။ ရကောင်းစေ သဘောမထားတော့ဘူး၊ မင်း စေတနာရှိလို့ ပေး ချင်လည်း ပေး၊ မပေးချင်လည်း နေတော့"

ဟု အဆုံးစကား ပြောလိုက်သည်။

အမွေပစ္စည်းကိစ္စမှာ ကိုရွှေအိုး ရိုးသားမှုမရှိဘဲ ပစ္စည်းတွေကို ကဲ့ဝှက် ထားကြောင်းကိုမူ အစ်ကိုနှင့် အစ်မသာ မဟုတ်၊ အခြား လူကြီးတွေကပါ သုံးသပ်စားမိကြသည်။ သို့သော် ကိုရွှေအိုး အစ်ကို ပြောသလိုပင် သူက လက်ရှိ ဖြစ်နေချေသည်။

"ကျုပ် မတရားမလုပ်ပါဘူးဗျာ၊ အညီအမျှ ခွဲပေးခဲ့မှာပါ"

ကိုရွှေအိုးက ပြောပြီး အိမ်ကို သူ့စိတ်တိုင်းကျ တန်ဖိုးဖြတ်လိုက် သည်။ ရွှေကလေးကိုလည်း သူဝယ်ထားသော ချိန်ခွင်ကလေးဖြင့် သူ့စိတ်ကြိုက် ချိန်သည်။ ထို့နောက် သားချင်းသုံးယောက် တစ်ယောက်တစ်ပုံ ဝေလိုက်၏။ တစ်ယောက်တစ်ပုံ ဝေလိုက်သော အိမ်တန်ဖိုးနှင့် ရွှေကလေးမှာ မဖြစ်စလောက် ကလေးမျှသာ ရှိသောကြောင့် ကလေးတွေ များပြီး ကျပ်တည်း ဆင်းရဲရှာကြ သော အစ်ကိုနှင့် အစ်မသည် ကိုရွှေအိုးစိတ်ကြိုက် တန်ဖိုးဖြတ်ပေးသော အတွက် မျက်ရည်ပင် ကျကြသည်။

"မင်း ပြောခဲ့တဲ့ ဥပဒေစကားအတိုင်း အားလုံးကို မင်းပဲ ယူပါတော့ ကွယ်၊ တို့မစားထိုက်တဲ့ ပစ္စည်းကို မယူချင်တော့ပါဘူး"

ဟူသော စကားကို အစ်ကိုနှင့်အစ်မ နှစ်ယောက်လုံး ဝမ်းနည်းစွာ ပြောကာ ကိုရွှေအိုးကို ပြန်ပေးလိုက်ကြသည်။ အိမ်တန်ဖိုးကို ဖြတ်ပြီး ကိုရွှေအိုး သူပင် အမ်းယူမည်ဟု ပြောကာ အိမ်တန်ဖိုးအတွက် သုံးပုံပုံထားသော ငွေလေးနှင့် တစ်ကျပ်သားကျော်ကျော်မျှသာ ရှိသော ရွှေပုံကလေး သုံးပုံကို အစ်ကိုနှင့် အစ်မ စကားအဆုံးမှာ ကိုရွှေအိုးက လက်သွက်သွက်ဖြင့် ကောက်ယူ လိုက်သည်။ အသိသက်သေအဖြစ် ရောက်နေကြသော ရပ်ရွာလူကြီးတွေပင် ကိုရွှေအိုး ပြုမူပုံကို အံ့ဩခြင်း၊ စိတ်မကောင်းခြင်း ဖြစ်ကုန်ကြသည်။

"အမွေကိစ္စအတွက် ရောက်လာကြတဲ့ ရပ်ရွာလူကြီးတွေကို အား နည်းနာ၊ ကျေးဇူးလည်း တင်ပါတယ်။ ကြားက ဝင်ပြီး အမုန်းခံပြောတဲ့ အလုပ်မျိုးကိုတော့ မလုပ်ကြပါနဲ့တော့ ခင်ဗျာ၊ သူ့စေတနာအလျောက် ရှိပါ စေတော့"

ဟူသော စကားမျိုးကို စိတ်မကောင်းခြင်း၊ ဝမ်းနည်းခြင်းဖြင့် ကောင်းပန်စကား ပြောလိုက်သော အစ်ကိုနှင့်အစ်မ စကားကြောင့် ကိုရွှေအိုး

www.burmeseclassic.com

www.burmeseclassic.com



အပြုအမူကို ရွံရှာစက်ဆုပ်ကြသော လူကြီးတွေသည် ဘာစကားမှ မပြော တော့ဘဲ ပြန်ကုန်ကြလေသည်။

အစ်ကိုသော၊ အစ်မသော၊ ရပ်ရွာလူကြီးသော မည်သူ့မျက်နှာ မထောက်ဘဲ သူ စိတ်တိုင်းကျ လုပ်ချင်တာကို လုပ်လိုက်ရပြီးဖြစ်သော ကိုရွှေ ကား လူရှင်းသွားသည်နှင့် တစ်ပြိုင်နက် အိမ်တံခါးကို လုံလုံပိတ်ကာ ရွှေ ငွေတွေကို သိမ်းလိုက်သည်။

ကိုရွှေအိုးဟု ခေါ်ရမည့် အသက်အရွယ်မှ ဦးရွှေအိုးဟု ခေါ်ရမည့် အသက်အရွယ်ဖြစ်သော ၄၀ ကျော်၊ ၅၀ တွင်း ရောက်လာနေပြီ ဖြစ်သော် လည်း ဦးရွှေအိုးကား အချိုးမပြောင်း၊ မူမပျက်ဘဲ ဤပုံစံအတိုင်းသာ သွား နေသည်။ ရပ်ရေးရွာရေး၊ သာမူနာမူအတွက်ရော၊ ကုသိုလ်ကောင်းမှုဘက် ရော ငွေကြေးတစ်ပြားမှ ထုတ်ခြင်း၊ လှူခြင်း မပြုချေ။

ယုတ်စွအဆုံး ရွာဘုန်းတော်ကြီးကျောင်းကိုပင် လှူစရာ ဝတ္ထု ပစ္စည်း ဖြင့် တစ်ကြိမ်တစ်ခါမှ မသွားဖူးချေ။

အခြားသူတွေ လှူကြ၊ ကျွေးမွေးကြ၍ ဖိတ်ကြားသောအခါတွင်ကား ဦးရွှေအိုးတို့ စောစော ရောက်နေတတ်သည်။ သို့မှသာ ကောင်းကောင်းမွန်မွန် ဝဝစားရမည် ဖြစ်သည်။ နောက်ကျနေလျှင် အကြွင်းအကျန်ကို မဝတ စားနေရမည် ဖြစ်ကြောင်း ဦးရွှေအိုး စဉ်းစားမိရှာသည်။

"ဒီလူကိုတော့ စကားထဲ ထည့်မပြောကြပါနဲ့တော့ကွယ်၊ စေတနာ သဒ္ဓါတရား နည်းလိုက်ပုံကတော့ သူ့ပစ္စည်းကို မယားစားမှာစိုးလို့ မယား တောင် မယူဘဲ နေတဲ့လူ၊ ကမ်းကုန်ရော"

ဟူသော စကားဖြင့် အားလုံးက ဘေးမဲ့လွှတ်ထားလိုက်ကြသည်။ ရပ်ရွာ သာမူနာမူ ကိစ္စမှာရော၊ ရွာကျောင်းကထိန်ခင်း အလှူဒါနကိစ္စမှာရော ဦးရွှေအိုးကို ဘေးဖယ်ထားကြသည်။ သို့သော် ဦးရွှေအိုး ဝမ်းမနည်းပါ။ သူ့ ပိုက်ဆံမထည့်ရလျှင် ပြီးရော ကျေနပ်နေသည်။ ရှက်ခြင်း၊ ဝမ်းနည်းခြင်း မဖြစ်၊ လှူဒါန်းကျွေးမွေးသည့်အခါ သူ့ကို ဖိတ်ကြားလျှင် သူ ဝမ်းသာသည်။ သူ့အိမ်မှာသူ ငရုတ်သီးထောင်းနှင့်၊ ဆားနှင့် စားပြီး အငတ်ခံနေရသည့် အတိုးချပြီး မရှက်မကြောက် စားသည်။

"ဒကာကြီး သေရင် ပြိတ္တာဖြစ်လိမ့်မယ်နော်"

ဟူသော ဘုန်းတော်ကြီးစကားကိုပင်–



"ပြိတ္တာမကလို့ ဘာကြီးဖြစ်ဖြစ် ကိုယ်တော်၊ တပည့်တော် အပင် ပန်းခံ ရှာထားတဲ့ ပစ္စည်းကို ဘယ်သူ့မှ စေတနာ မရှိနိုင်ဘူး"

ဟု ပြောင်ပြောင်ပင် လျှောက်ထားလိုက်သည်။

ဦးရွှေအိုးသည် အသက် ၅၀ နား နီးလာသည့်အချိန်က စပြီး ငွေတိုး ချေးခြင်း၊ စပါးပေးချေးခြင်း၊ ရွှေငွေပစ္စည်း အပေါင်ခံခြင်း အလုပ်တွေကို လုပ်တော့ချေ။ ငွေကြေးကုန်ကျမှာကို စိုးရိမ်သောကြောင့် အစားအသောက် ချွေတာလွန်းသော ဦးရွှေအိုးသည် သန်စွမ်းသင့်သလောက် မသန်စွမ်းတော့ အားအင် နည်းပါးနေသည်။ အိမ်မှာလည်း ကျွေးရ၊ ပေးရမည်ကို စိုးရိမ် လွန်းသောကြောင့် လက်တိုလက်တောင်း ခိုင်းစေရန် လူပိုကို မိဘတွေ သေဆုံး သည့် အချိန်ကစပြီး မထားတော့ဘဲ တစ်ကိုယ်တည်း နေလာခဲ့သည်။ အဖော် အားအင်မရှိ ဖြစ်နေသော ဦးရွှေအိုးသည် သူ့အိမ်မှာ လူဝင်လူထွက် ရှုပ်စေချင်တော့ပေ။

"ငါနေရတာက တစ်ယောက်တည်း၊ ပစ္စည်းပေါင်ဟန်လိုလို၊ ငွေချေး ဟန်လိုလိုနဲ့ အိမ်ထဲဝင်ပြီး ငါ့ကို ဓားထောက်လုသွားရင် မခက်ပါလား၊ ငါ အပင်ပန်းခံပြီး စုဆောင်းထားခဲ့ရတဲ့ ဥစ္စာတွေ ဆုံးရှုံးကုန်ရင် ဘယ်လိုလုပ် မည်"

ဟူသော အတွေးကြောင့် ငွေကြေးတိုးပွားစေသော လုပ်ငန်းကြီးကို ဖြတ်လိုက်ခြင်း ဖြစ်သည်။

တစ်ယောက်တည်း နေခြင်းဖြင့် မူးမေ့နေလျှင် နေမကောင်းဖြစ်နေ လျှင် ကူညီနိုင်အောင် အဖော်တစ်ယောက်လောက်ရှိမှ ကောင်းမည်ဖြစ် ကြောင်းကို တိုက်တွန်းကြည့်ကြသည်။ သို့သော် ဦးရွှေအိုးက ခါးခါးသီးသီး ငြင်းသည်။

ဦးရွှေအိုးက ဥစ္စာပစ္စည်းနှင့် ပတ်သက်ပြီး မထောက်မညှာ ရက်ရက် စက်စက် လုပ်သော်ငြားလည်း အစ်မဖြစ်သူသည် မောင်အရင်းအချာဖြစ်သည့် အလျောက် သံယောဇဉ် တွယ်တာရှာသည်။ ချက်ပြုတ်ကျွေးမွေး ပြုစုရန် သမီးတစ်ယောက်ကို ခေါ်ထားပါဟု စေတနာဖြင့် ပြောသည်ကို ဦးရွှေအိုး ၏ အဆတွင်–

"ငါ့ဥစ္စာတွေကို ချော့တောင်းမလို့လား၊ ငါ မသိအောင် ခိုးယူ မလို့လား၊ တစ်နည်းနည်းနဲ့ ငါ့ဥစ္စာကို မျှော်မှန်းတာတော့ သေချာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အတွေးဖြင့် အဖော်မလိုကြောင်း တင်းတင်းမာမာပင် ငြ
ခဲ့သည်။

စုတ်ချာညှိုးနွမ်းနေသော အနေအထိုင်၊ ညံ့ဖျင်းသော အစာကို
ခြင်းဖြင့် ကုဋ္ဌေကုဋ္ဌ နေထိုင်သော်ငြားလည်း ဦးရွှေအိုးမှာ မိဘလက်ထက်
ပစ္စည်းတွေရော၊ သူကိုယ်တိုင် ရှာဖွေလုပ်ကိုင်ထားသော ပစ္စည်းတွေ
အမြောက်အမြား ရှိနေသည်ကိုကား သိသာသိစေ၊ မမြင်စေနှင့်ဆိုသော စကား
လို လူတိုင်းက သိနေကြသည်။

ဦးရွှေအိုးမှာ ရွှေငွေတွေ မြောက်မြားစွာ ရှိနေသည်ကို လူတိုင်း
သိနေကြသော်လည်း ဦးရွှေအိုး၏ လက်သုံးစကားမှာကား-

"လူတွေက မတရားထင်နေကြတာပါ၊ ဒါလောက် ငါချမ်းသာ
ရင် သူခိုးဓားပြ ကြောက်ရလို့ တစ်ယောက်တည်း ဘယ်မှာ နေရဲမှာလဲ၊ ဘာ
မရှိလို့သာ နေရဲတာပေါ့"

ဟူသော စကားကိုသာ တွင်တွင်ပြောနေသည်။ သူပြောသော စကား
နှင့် သူနေပုံထိုင်ပုံကလည်း ကိုက်ညီသည်။

ဦးရွှေအိုး အသက် ၅၀ ပြည့်သည့် နှစ်လောက်ကစပြီး ဦးရွှေ
သည် ယခင်ကလို စိုးရိမ်ကြီးစွာ ကြောက်ကြောက်လန့်လန့် မရှိတော့
တကယ် ဆင်းရဲနွမ်းပါးသူတွေလိုပင် စိုးရိမ်ကြောင့်ကြမဲ့စွာ သွားလို
နေရာကို အချိန်မရွေး သွားနေတတ်သည်။ တစ်နေကုန် တစ်နေခန်း တော
ကို ထင်းခွေ၊ ဟင်းရွက်ခူး သွားနေတတ်သည်။ ဓားမနှင့် ပေါက်တူး
တစ်ဖက်၊ ထင်းနှင့် ဟင်းရွက်ထည့်စရာ တောင်းက တစ်ဖက် ထမ်း
ပုဆိုးအစုတ် ဦးခေါင်းပေါင်းပြီး ဦးရွှေအိုး တောထဲသွားရန် ထွက်လာပြီဆိုလျှ
အချို့ ပြောမနာဆိုမနာ ရွယ်တူအဘိုးကြီးတွေက

"မောင်ရွှေအိုးရေ… အိမ်ကိုပစ်ပြီး တောထဲကိုချည်း သွားမနေ
နော်၊ အိမ်မှာရှိတဲ့ ရွှေတွေ ငွေတွေ သူခိုး ခိုးကုန်လိမ့်မယ်"

ဟု ပြောလျှင်-

"အေးကွာ … သူခိုးဖြစ်ဖြစ် ဓားပြဖြစ်ဖြစ် လုပ်ချင်တာ လုပ်စ
စေ၊ ငါ့မှာ ရွှေဆိုလို့ မှူးလို့တောင် ရှူစရာမရှိတာ၊ အေး … ဆေးဖိုးဝ
ချန်ထားတဲ့ ငွေလေးမဖြစ်စလောက်တော့ ရှိလေရဲ့၊ တုံးလုံးလဲရင် ခက်နေမှာ
လို့ မသုံးရဲဘဲ တောထဲထွက်ပြီး ဟင်းရွက်ခူးစားနေရတာ အားလုံးအ
ဟုတ်လား"



ဟု ဦးရွှေအိုးက သနားစဖွယ် ပြန်ပြောတတ်သည်။ ထို့ကြောင့်
ရွာသူရွာသားတွေရော ဦးရွှေအိုး၏ အစ်ကိုနှင့် အစ်မကရော အိုးပစ်အိမ်ပစ်
တောထဲကိုချည်းသွားနေသော ဦးရွှေအိုးကို မျက်မြင်ဖြစ်ကြသည့်အလျောက်
သူပြောသည့်အတိုင်း အဟုတ်တကယ်များ မွဲနေရှာသလားဟုပင် ထင်နေကြ
သည်။

တောထဲကိုချည်း သွားနေသော ဦးရွှေအိုးသည် ကြာသော် ရွာကိုပင်
ပြန်မလာတော့ချေ။ တစ်ရက်၊ နှစ်ရက် ပျောက်နေ၍ ရွာက ရုတ်တရက်
မသိသေးချေ။ လေး ငါးရက်လောက် ကြာသောအခါမှ ဦးရွှေအိုးတစ်ယောက်
အိမ်မှာ မရှိကြောင်း သိကြရသည်။

တောထဲသွားရင်း မြွေကိုက်ခံရ၍ သေနေလေသလား၊ မူးမေ့လဲပြို
နေသလား၊ ဘေးရန်တစ်ခုခုတွေ့ပြီး မပြန်နိုင်ဘဲ ဖြစ်နေလေသလား စသည်ဖြင့်
တွေးကြ၊ စဉ်းစားကြကာ ဦးရွှေအိုး၏ အစ်ကိုနှင့်အစ်မ အပါအဝင် ရွာသူ
ရွာသားတွေ လူစုပြီး တောထဲထွက်ရှာကြရသည်။

ရွာသူရွာသားတွေ ထင်းခွေ ဟင်းရွက်ခူး သွားလေ့သွားထရှိသော
နေရာတွေမှာကား ဦးရွှေအိုး၏ အရိပ်အယောင်ကိုပင် မတွေ့မမြင်ကြရချေ။

"ငါ့မောင်လေးကို ကျားများ ဆွဲသွားသလား မသိဘူးဟဲ့"

ရှာ၍ မတွေ့သောအခါ ဦးရွှေအိုးအစ်မက စိုးရိမ်ပူပန်စွာ ငိုရှာသည်။

သို့နှင့်ပင် တဖြည်းဖြည်း တောထဲတိုးသည်ထက်တိုးပြီး ရှာကြသော
အခါ ဦးရွှေအိုးကို တွေ့ကြသည်။ တွေ့သောနေရာကား တောအတွင်းဘက်
တော်တော်တိုးသွားမှ တောင်ကုန်းကလေးတစ်ခု အခြေမှာ တွေ့ရခြင်းဖြစ်သည်။
ထိုတောင်ကုန်းကလေးသည် များစွာမြင့်လှသည် မဟုတ်ဘဲ တောင်ကမူသာသာ
ရှိပြီး ကုန်းထိပ်တွင် ပြိုပျက်နေသော ရှေးဟောင်းစေတီအိုတစ်ဆူ ရှိနေသည်။
တောချုံတွေ၊ ဆူးပင်တွေ၊ အမျိုးအမည် မသိရသော သစ်ပင်တွေ ထူထပ်လှ
သည့်အပြင် ပိုးမွှားအန္တရာယ် စိုးရိမ်ရသောကြောင့် စေတီအိုရှိရာ တောင်ကုန်း
ထိပ်ပေါ်ကိုလည်း မည်သူမျှ မတက်ကြ၊ တောင်ကုန်းအခြေကိုလည်း မည်သူမျှ
မသွားကြဘဲ ကွင်းရှောင်ထားခဲ့ကြသည့် တောင်ကုန်း ဖြစ်သည်။

အရှာအဖွေ ရောက်လာကြသော လူအုပ် တောင်ကုန်းအခြေ ကပ်မိ
သောအခါ -

"သယ် … ငါ့သိုက်နန်းဖွင့်မယ့် သိုက်ဆရာတွေ သေစို့သာ
ဖြင်ကြပေရော့"

www.burmeseclassic.com

www.burmeseclassic.com



ဟူသော ကြိမ်းမောင်းသံနှင့်အတူ လက်တစ်ဖက်က ဓားမကြီး၊ လက်တစ်ဖက်က လှံကိုကိုင်ကာ ချုံတွေအကြားမှ ဘွားခနဲ ထွက်လာသော ဦးရွှေအိုးကို တွေ့ကြရသည်။

"မောင်ရွှေအိုး"

"ဦးရွှေအိုး"

"မောင်လေး"

"ညီလေး"

ဟူသော အသံတွေ ထွက်လာလင့်ကစား ဦးရွှေအိုးကား ဘာကိုမှ သိဟန်၊ ကြားဟန် မတူတော့ဘဲ -

"သိုက်ဆရာတွေ သေကြဟ ..."

ဟု အော်ကာ လူအုပ်ထဲကို အတင်းဖွတ်တိုးဝင်လာသည်။

"ဖယ်ကြဟေ့၊ ရှောင်ကြဟေ့၊ ဆုတ်ကြဟေ့"

ရုတ်တရက် ကြောင်နေသော လူတွေသည် တစ်ယောက်ကို တစ်ယောက် လျှင်မြန်စွာ အော်ဟစ်သတိပေးပြီး ဦးရွှေအိုးနှင့် လွတ်အောင် ပြေးကြ ရှောင်ကြရသည်။ ဦးရွှေအိုးကား အတင်းသာ လိုက်ပြီး ရန်မူနေသောကြောင့် ရှေ့မှ အယောင်ပြသူက ပြပြီး နောက်မှ ဝင်သူက ဝင်ကာ ဖမ်းဆီးချုပ်ကိုင် ကြရသည်။ ဦးရွှေအိုးကို သေသေချာချာ ချုပ်မိကိုင်မိ၍ စူးစမ်းမေးမြန်းကြည့် မိကြသောအခါမှ ဦးရွှေအိုးတစ်ယောက် ပုံမှန်စိတ် မဟုတ်ဘဲ ရူးနေပြီဖြစ် ကြောင်း သိကြရသည်။

"နင်တို့ သိုက်ဆရာအစုတ်တွေက ငါ့သိုက်နန်းကို ဖွင့်လို့ရမလား ဓားစကြာနဲ့ ခုတ်သတ်မယ်၊ လှံစကြာနဲ့ ထိုးသတ်မယ်"

ဟူသော စကားတွေကိုသာ အဆက်မပြတ် ရေရွတ်နေတော့သည်။

ရွာကိုပြန်ခေါ်လာပြီး အစ်ကိုနှင့်အစ်မက ဆေးဝါးကုသ ပြုစုသော်လည်း ဦးရွှေအိုးကား ပြန်ကောင်း မလာတော့ချေ။

"ငါ့ပစ္စည်းတွေ၊ ငါ့ပစ္စည်းတွေ ဘယ်သူမှ မစားရဘူး၊ ဘယ်သူမှ မယူရဘူး၊ ငါ့ပစ္စည်းတွေ"

ဟူသော စကားတွေကိုပင် တတွတ်တွတ် ရေရွတ်နေသည်။

"ငါ့ဥစ္စာတွေကို ငါပြန်စောင့်ကြည့်ရမယ်၊ ငါ့ကို လွှတ်ကြ"

ဟု အော်ဟစ်နေသည်။ ဘာကျွေးလို့မှလည်း မစား၊ ဤအတိုင်း ထားလျှင် သေတော့မည်ဟု တွေးကာ လွှတ်ပေးလိုက်သည်နှင့် တစ်ပြိုင်နက်



ဦးရွှေအိုးသည် စိတ်ဆောင်သော လျှင်မြန်ခြင်းဖြင့် တောထဲကို တစ်ဟုန်တည်း ဝင်ပြေးလေတော့သည်။ သို့သော် သူသွားချင်လွန်းသော၊ သူရောက်ချင်လွန်း သော၊ သူနေချင်လွန်းသော တောထဲက တောင်ကုန်းငယ်အထိ မရောက်နိုင် ရှာတော့ချေ။ လမ်းမှာပင် အားပြတ်ပြီး မတ်တတ်ကလဲကာ သေပွဲဝင်သွားရှာ လေတော့သည်။

■

"ဟိုးတောင်ကုန်းလေးမှာ သူ့ပစ္စည်းတွေ မြှုပ်ထားတာ ဖြစ်နေမှာ ပေါ့ ဘွားဘွား"

မခင်ရွှေက မေးလိုက်သည်။

"ဟုတ်နိုင်စရာတော့ ရှိတယ် ဆရာမလေးရဲ့၊ သူ့အိမ်မှာ ဘာပစ္စည်း မှ ရှာမတွေ့ဘူးလေ။ သူ တပင်တပန်း လုပ်ကိုင်ရှာဖွေထားတဲ့ ပစ္စည်းတွေ ရော၊ မရိုးမဖြောင့် ကဲ့ဝှက်ထားတဲ့ အမွေပစ္စည်းတွေရော၊ သူ့ဆီ ငွေချေးပြီး ဖြန့်ဆပ်တဲ့ လူတွေဆိုရင် ငွေစက္ကူဆပ်တဲ့လူကို အတိုးမလျှော့ဘူး၊ ငွေဒင်္ဂါး ဆပ်တဲ့လူကို အတိုးလျှော့တာကြောင့် ငွေချေးတဲ့လူတွေက ငွေဒင်္ဂါးတွေပဲ ဖြန့်ဆပ်ခဲ့ကြတာ နည်းတာမှ မဟုတ်တာ၊ သူသေမှ လူတွေက စဉ်းစားမိကြ တာကိုး။ သူမွဲချင်ယောင်ဆောင်ပြီး တောထဲ ဟင်းရွက်ခူးချည်း ထွက်နေတာ တကယ်တော့ သူ့ပစ္စည်းတွေ သွားဝှက်နေတယ်ဆိုတာ အခုမှ တွေးမိကြ တယ်လေ"

"သူ့အစ်ကိုနဲ့ အစ်မက သွားမရှာကြဘူးလား"

"ရှာဖို့ ကြိုးစားကြသေးတယ်ကွဲ့၊ ဒါပေမဲ့ ခက်တာက ဒါလောက် ကိုးရွားထူတဲ့ တောင်ကုန်းမှာ ဘယ်နေရာမှာ မြှုပ်ထားတယ်ဆိုတာ ထင်သာ လောက် မှန်းဆလောက်တဲ့ နေရာ တစ်ခုမှ ရှာမတွေ့ဘူး။ သူက အကြံသမား ဆိုတော့ ဘယ်အချိန် ဘယ်ကာလက သွားမြှုပ်ထားမှန်းမှ မသိတာ၊ တောချုံ သစ်ပင်၊ ဆူးပင်တွေက နေသားတကျ ဖြစ်ကုန်ပြီပဲဟာ၊ တောင်ကုန်းတစ်ခုလုံး မြေလှန်ဖို့ကလည်း မဖြစ်နိုင်ဘူး မဟုတ်လား။ အဘွားတို့ ဆယ်တော်သက်ထဲ က ဖြစ်ခဲ့တဲ့ အကြောင်းအရာပဲ၊ အခုဆိုရင် နှစ်ပေါင်း ၇၀ က သိသိတောင် ကျော်ခဲ့ပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးစကားကြောင့် မခင်ရွှေက မြေကြီးထဲမှာ အကျိုးမဲ့ ပျောက်ကွယ်နေသော ဦးရွှေအိုး၏ပစ္စည်းတွေကို ရလိုက်လျှင် ဤရွာကလေးမှာ စာသင်ကျောင်းကိုလည်း လုံခြုံခိုင်ခံ့အောင် ဆောက်နိုင်မည်။ ကျေးရွာ စာသင်ခန်းလေးလည်း ဖွင့်နိုင်မည်။ ရွာလမ်းတွေကိုလည်း ပြင်နိုင်မည်။ ပစ္စည်း တွေရအောင် အစိုးရထံ တောင်ကုန်းတစ်ခုလုံးကို မိုင်းခွဲရှာရန် အကြံပေး သော် ကောင်းမည်လားဟု ထင်မိထင်ရာတွေးကာ စိတ်ကူးယဉ်နေလိုက်မိ သည်။

"ရေပြာအိုင် ဓာတ်လမ်းတွေက ကုန်သွားပြီလား ဘွားဘွား"

စိတ်ကူးယဉ်နေရာမှ မခင်ရွှေက မေးလိုက်၏။

"မကုန်သေးဘူးတော်၊ အများကြီး ရှိသေးတယ်။ ဆရာမလေး နားထောင်ချင်သေးရင် ပြောရတာပေါ့"

အဘွားကြီးက ဖြေသည်။

"ကျွန်မကတော့ အမြဲတမ်း နားထောင်ချင်နေတာပါ ဘွားဘွား"

၁၉၇၅ ခုနှစ်၊ ဖေဖော်ဝါရီ၊ သွေးသောက်မဂ္ဂဇင်း

■

## ရေပြာအိုင်မှ ဓာတ်လုံးရှင်

နေ့စဉ်နေ့တိုင်း ရေပြာအိုင်နှင့်ပတ်သက်သော အတ္ထုပ္ပတ္တိကို အဘွား ကြီးက ပြောပြနေသည်ကို မခင်ရွှေသည် မငြီးငွေ့နိုင်အောင် နားထောင်ကာ ကြားရသမျှကို အစဉ်လိုက် ရေးမှတ်ထားခဲ့သည်။

ဤနေ့မှာမူ ဥပုသ်နေ့ဖြစ်သောကြောင့် ကျောင်းပိတ်သည်။ မြို့ကြီး တွေမှာ ဝါတွင်းမဟုတ်လျှင် တနင်္ဂနွေနေ့မှာ ကျောင်းပိတ်သော်လည်း တော လက်ကျေးရွာတို့မှာကား ဘာသာယဉ်ကျေးမှုကို အထူးဂရုစိုက်ကြသည်ကြောင့် မခင်ရွှေ အမှုထမ်းနေသည့်အချိန် ဤရွာကလေးမှာ အစဉ်အလာအားဖြင့် ဥပုသ်နေ့မှာသာ ကျောင်းပိတ်သည့်အလျောက် ဤနေ့ ဥပုသ်နေ့ ဖြစ်သော ကြောင့် ကျောင်းပိတ်သည်။

မခင်ရွှေသည် သီလစောင့်ထိန်းနေသော အဘွားကြီးကို အနှောင့် အယှက် မပေးလိုသောကြောင့် ရေပြာအိုင်နှင့်ပတ်သက်သော အကြောင်းအရာ ကို ဤနေ့အဖို့ မမေးတော့ချေ။ ဥပုသ်ဇရပ်ကို မခင်ရွှေ လိုက်လာသည်။ သူ့အနေဖြင့် တတ်အားသမျှ လှူဖွယ်ဝတ္ထုကို လှူပြီး ဘုန်းတော်ကြီးထံ ကန်တော့ဝတ်ချသည်။ လူငယ်ဖြစ်သည့်အလျောက် ရှစ်ပါးသီလကို ဆောက်တည် အခြားသော သက်ကြီးဝါကြီးတွေ သီလယူနေစဉ်မှာ ဘုန်းတော်ကြီး သီလပေး နေသော ဓမ္မာရုံဇရပ်ပေါ်မှ ဆင်းလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီး ဝါးပင်ကြီးတို့ဖြင့် ညို့ညို့ဆိုင်းဆိုင်းဖြစ်ကာ အေးမြလှသော ကျောင်းဝင်းထဲဝယ် တစ်ယောက်တည်း လမ်းလျှောက်ရင်း လှည့်လည်ကြည့်နေစဉ် 'ဆရာမ'ဟူသော အသံကလေးများသည် ကျောင်းဝင်းစည်းရိုးနား ကပ်နေသည့် သစ်ပင်အုပ်အုပ်ဆီမှ ထွက်လာသည်။

မခင်ရွှေက သူ့တပည့်လေးတွေ အသံမှန်း သိလိုက်သောကြောင့် အသံလာရာအနားရောက်အောင် သွားကြည့်လိုက်သည်။ တပည့်လေးတွေသည် သစ်ပင်အုပ်အောက်ရှိ တောင်ပို့လိုလို၊ ကမူလိုလိုနေရာ၏ ထိပ်ပေါ်မှာ ပေါက်နေသော သစ်ပင်ငယ်တစ်ပင်ကို စိတ်ဝင်စားစွာ ဝိုင်းအုံကြည့်နေရာမှ သူတို့ဆရာမကို မြင်လိုက်သောကြောင့် လှမ်းခေါ်လိုက်ခြင်း ဖြစ်ကြောင်း သိရသည်။ ဤနေရာမှာ ကျောင်းဝင်းကျယ်ကြီး အစွန်ဖြစ်၍ ကျောင်းဇရပ်များနှင့် ဝေးရုံသာမဟုတ် လူအရောက် နည်းပါးသော တိတ်ဆိတ်သည့်နေရာ ဖြစ်သည်။

"ကလေးတို့ ကြည့်နေကြတာ ဘာပင်လေးလဲကွဲ့"

မခင်ရွှေက မေးရင်း သူပါ ဝင်ကြည့်လိုက်သည်။

သစ်ပင်လေးသည် ကြီးကြီးမားမား မဟုတ်ချေ။ တောက်ပသော စိမ်းပြာရောင်အရွက်သည် ဘဲဥပုံသဏ္ဌာန်ရှိပြီး အရွက်အနားပတ်လည်သည် လက်ရာမြောက်သော ဇာပန်းတွန့်များ ဝိုင်းကွပ်ထားသကဲ့သို့ တွေ့ရသည်။ အရွက်များများ မရှိချေ။ အားလုံးပေါင်းမှ ငါးရွက်သာ ရှိသည်။ ဖူးငုံလို အရာသုံးခုကား အပင်ငယ်၏ထိပ်တွင် သုံးပွင့်ဆိုင် ထောင်နေသည်။

"ဘာပင်မှန်း မသိလို့ ကြည့်နေကြတာ ဆရာမ၊ ဟောဒီ အဖူးလေးတွေက လူသံမကြားဘဲ တိတ်တိတ်လေးဆိုရင် သူတို့ ကကြရော ဆရာမ၊ ကျွန်တော်တို့ ဒီနေရာ တစ်ခါမှ မရောက်ဖူးသေးဘူး၊ အခု လျှောက်ကြည့်ရင်း ရောက်လာမှ တွေ့တာ"

တပည့်ငယ်တစ်ယောက် စကားကြောင့် မခင်ရွှေ တော်တော် အံ့သြသွားသည်။

"ဘယ်လို၊ ကကြတယ် ဟုတ်လား"

မခင်ရွှေက မေးလိုက်သောအခါ ပထမပြောသော တပည့်လေးကပင် ဖြေလိုက်သည်။

"ဟုတ်တယ် ဆရာမ၊ ကျွန်တော်တို့အမေ ဘုန်းကြီးကျောင်းလာတိုင်း လိုက်လာပြီး ကျောင်းဝင်းထဲ လျှောက်ကစားတတ်တယ်။ ဟောဒီချုံ



နားရောက်ရင် လေမတိုက်ဘဲ ဘာသံလိုလို၊ ညာသံလိုလို ကြားနေတာ ခဏ ခဏပဲ။ ဒီနေ့တော့ သူငယ်ချင်းတွေခေါ်ပြီး ချောင်းကြည့်ကြတာ ဒီအပင်လေးကို တွေ့တယ်"

"ဒီအပင်လေးက အသံထွက်နေကြတာလား"

မခင်ရွှေက ဖြတ်မေးလိုက်သည်။

"ဟုတ်တယ် ဆရာမ၊ ကျွန်တော်တို့ တိတ်တိတ်လေး ချောင်းကြည့်နေတော့လေ၊ ဟောဒီ အဖူးသုံးခုက ပွင့်လာတယ်။ အရုပ်လေးတွေနဲ့ သိပ်တူတာပဲ။ သူတို့ ကနေကြတယ် ဆရာမ၊ ဟိုဘက်ယိမ်းလိုက်၊ ဒီဘက်ယိမ်းလိုက်၊ သိပ်ကြည့်လို့ ကောင်းတာ၊ ဟောဒီကောင်ကြောင့် ပြန်ငုံသွားတာ"

တပည့်လေးတွေ စကားကြောင့် မခင်ရွှေက ထိုအပင်လေးကို စိုက်ကြည့်နေမိသည်။ အပင်ငယ်လေးကား မလှုပ်ချေ။ အဖူးငုံလေး သုံးငုံကလည်း ငြိမ်သက်နေသည်။

ဟောဒီအကောင်ကြောင့်ဟု လက်ညှိုးထိုးခံလိုက်ရသော ကျောင်းသားလေးက ကဲကဲဆတ် ပြန်ပြောလိုက်သည်။

"အပွင့်လေးတွေက လေမတိုက်ဘဲ ကသလို လှုပ်နေကြတော့၊ ဒါ သိပ်ထူးဆန်းတာပဲလို့ ကျွန်တော်က ပြောလိုက်တာပါ ဆရာမ၊ ဒါနဲ့ပဲ ဒီပန်းပွင့်တွေက ပြန်ငုံသွားရလား၊ သူတို့ လူစကား နားလည်ကြလို့လား ဆရာမ၊ ဆရာမသိရင် ပြောပြပါ"

သိရခက်ခဲနေသေးသော ဤအပင်လေးအကြောင်းကို ဘာမှ မသိသေးသော မခင်ရွှေက တပည့်လေးတွေကို အကြောင်းမှန် အဖြေမပေးနိုင်ချေ။ သင်းတို့ ကလေးတွေပဲ၊ ငါပြောချင်ရာ ပြောလိုက်လည်း နားထောင်ရမှာ ဟူသော စိတ်မျိုးဖြင့် မဟုတ်တာတွေကိုလည်း မပြောလို၊ ကလေးတွေက ဤအပင်ငယ်နှင့်ပတ်သက်ပြီး တို့ဆရာမက ဒီလိုပြောသည်ဟု လျှောက်ပြောမည်မှာ သေချာသည်။ ထိုအခါ ထိုအပင်ငယ်မျိုးအကြောင်း သေချာစွာသိနေသောသူ ရှိနေပါလျှင် ကလေးတွေကို မဟုတ်တာတွေ လျှောက်ပြောရကောင်းသလားဟု မခင်ရွှေအဖို့ သိက္ခာကျချေမည်။ ထို့ကြောင့် တပည့်လေးတွေကို ဟုတ်မလွန် စကားပြန်လိုက်ရသည်။

"ဒီအပင်မျိုး ဆရာမလည်း မမြင်ဖူးခဲ့ဘူး တပည့်တို့ရဲ့ ဆရာမ တို့အိမ်က ဘွားဘွားက ဒီလို ထူးထူးဆန်းဆန်းမျိုးကို နားလည်တတ်တယ်။ ဆရာမ မေးပြီး ကျောင်းရောက်တော့ အားလုံးသိရအောင် ပြောပြမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



အပင်ငယ်ကို ပထမ စတွေ့သော ကျောင်းသားလေးနှင့် အခြား ကျောင်းသားများက ရှိရှိသေသေပင် 'ဟုတ်ကဲ့'ဟု ပြိုင်တူ ပြောကြသည် ကြောင့် မခင်ရွှေက ထူးဆန်းသော အပင်ငယ်ကလေးကို သေချာစွာ ထပ်မံ ကြည့်ရှုပြီး ကျောင်းသားလေးတွေရှိရာမှ ထွက်ခွာလာခဲ့သည်။

ဓမ္မာရုံဇရပ်ပေါ်မှာ သီလယူ၍လည်း ပြီးကြပြီ။ ဘုန်းတော်ကြီးလည်း သီလပေးပြီး တရားဟောပြီးလို့ ကြွသွားတော်မူပါပြီ။ ဥပုသ်သည်တွေချည်း သာ ရှိနေသောကြောင့် မခင်ရွှေက ဇရပ်ပေါ်တက်လာပြီး သူ့ဘွားဘွားနားမှာ ညင်သာစွာ ထိုင်လိုက်သည်။ အဘွားကြီးသည် သူနှင့် ရွယ်တူလောက်ရှိသည့် အဘွားကြီးတစ်ဦးနှင့် စကားလက်ဆုံကျနေသောကြောင့် မခင်ရွှေက ငြိမ်သက် စွာပင် နေလိုက်၏။ အတန်ကြာသောအခါမှ အဘွားကြီးနှစ်ယောက် စကား လက်စ ပြတ်သောအခါ…

"ဆရာမလေး ကျောင်းဝင်းထဲ လျှောက်ကြည့်ခဲ့တာ နှံ့ခဲ့ရဲ့လား" ဟု မေးသည်။

"နှံ့ခဲ့ပါတယ် ဘွားဘွား၊ ကျွန်မ တပည့်လေးတွေနဲ့ တွေ့ရသေး တယ်။ သူတို့တစ်တွေက ထူးဆန်းတဲ့ အပင်ငယ်လေးတစ်ပင် တွေ့ထားလို့ ကျွန်မကို ခေါ်ပြသေးတယ်။ ဒီအပင်လေးအကြောင်း ဘွားဘွားများ သိမလား လို့"

"ဘယ်လို အပင်မျိုးလည်းဟေ့၊ ကျောင်းသားလေးတွေ ပေးတဲ့ သစ်ပင်အထူးအဆန်း ဆိုရင် လူကြီးသူမများကို မေးမြန်းပြီးမှ စိုက်သင့်ရင် စိုက်၊ မမေးမမြန်း မစူးစမ်းဘဲ သွားစိုက်လို့ အဘွားပြောပြတဲ့ မသူဇာ ဖြစ် သွားဦးမယ်"

အဘွားကြီးက သတိပေးစကား ပြောလိုက်သည်။

"ကျွန်မ ဘာပင်မှ မစိုက်ပါဘူး၊ သိချင်တာ တစ်ခုပါပဲ၊ အဲဒါ ဘွားဘွား ကို မေးမလို့ပါ"

"အေး ပြောစမ်း၊ ဘယ်လိုအပင်မျိုးလဲ၊ ဟောဒီ ဥပုသ်ဇရပ်မှာ လူစုံနေခိုက် အဘွားမသိရင် သိတဲ့လူ ရှိလိမ့်မယ်"

"ဟုတ်ကဲ့ ဘွားဘွား၊ တပည့်လေးတွေ တွေ့ထားတဲ့ အပင်"

မခင်ရွှေစကားမဆုံးသေး၊ တစ်ပိုင်းတစ်စမှာသာ ရှိနေသေးခိုက် "ဟောဒီမှာ ဆရာမ"ဟူသော အသံဖြင့် ကျောင်းသားလေးနှစ်ယောက်



လာသောကြောင့် မခင်ရွှေက အဘွားကြီးကို ပြောမည့်စကား ဖြတ်ကာ သံလာရာသို့ ကြည့်လိုက်သည်။

"ဘာဖြစ်လာကြတာလဲ ကလေးတို့"

ဇရပ်ပေါ်သို့ တက်ပြေးလာကြသော ကျောင်းသားတပည့်ငယ် နှစ် ယာက်ကို မခင်ရွှေက မေးလိုက်သည်။

"ဆရာမ ဆရာမ၊ ဟိုမှာ ဟိုသစ်ပင်လေးတွေ့တဲ့ အကောင်နဲ့ ပင်လေးကို နုတ်ပစ်တဲ့အကောင်၊ သူတို့နှစ်ယောက် သတ်နေကြတယ်"

တပည့်ကျောင်းသားလေးနှစ်ယောက်က တိုင်လိုက်သည်။

"ဘာဖြစ်လို့လဲကွယ်"

မခင်ရွှေက မေးလိုက်သည်။

"ဟိုအကောင်ကလေ သူ လာကြည့်တာနဲ့ပဲ သစ်ပင်က မပွင့်တော့ သား၊ မကတော့ဘူးလား၊ ဘာညာနဲ့ ပြောပြီး ဆရာမလည်း ထွက်သွား သစ်ပင်လေးကို ဆွဲနုတ်လိုက်တယ်၊ နောက်ပြီး ခြေမွပစ်တယ်။ ဆွဲနုတ် ပါလာတဲ့ သစ်ပင်ဥလေးကိုလည်း ကျောက်ခဲနဲ့ ထုပစ်လို့ ကြေမွသွား ဖြန့်ကြဲလွှင့်ပစ်လိုက်တယ်။ ဒါကြောင့် သစ်ပင်လေးတွေကို တွေ့ထား ကောင်က စိတ်ဆိုးပြီး ဆဲတော့ ရန်ဖြစ်ပြီး ထိုးကြတာပေါ့ ဆရာမ"

"ဩော်- ဖြစ်ရလေ၊ ကျွန်မ လိုက်သွားဦးမယ် ဘွားဘွား"

မခင်ရွှေက ပြောပြီး လာပြောသော တပည့်ကျောင်းသားနှစ်ယောက် အတူ ဇရပ်ပေါ်မှ ဆင်းလိုက်သွားသည်။

သစ်ပင်အထူးအဆန်းလေးကို တွေ့သောနေရာ သစ်ပင်အုပ်ကြီး ာက်တွင်မူ ကျောင်းသားငယ်နှစ်ယောက်သည် သဲသဲမဲမဲ ထိုးသတ် ကြသည်။ ဘေးမှ ကျောင်းသားများက ရပ်ကြည့်နေကြသည်။

"ဟဲ့- တော်ကြ"

လှမ်းမြင်နေရသည့် နေရာသို့ ရောက်သောအခါ မခင်ရွှေက အသံ ယ်ကျယ်ဖြင့် အော်ငေါက်လိုက်သောအခါ ဆရာမအသံကို ကြားရသော် သတ်နေသူ ကျောင်းသားလေးနှစ်ယောက်သည် သူတို့ ကြောက်ရွံ့ရိုသေ သာ ဆရာမအသံကြောင့် ချက်ချင်းပင် ထိုးသတ်နေခြင်းကို ရပ်ဆိုင်းတာ ချင်းခွဲလိုက်သည်။ သို့သော် တစ်ယောက်ကို တစ်ယောက် မကျေနပ်ဟန် မျက်စောင်းခဲ ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ကြိုတင်သိပြီးဖြစ်သော မခင်ရွှေက ထပ်မံ မေးမြန်းခြင်း မပြုတော့ဘဲ သစ်ပင်လေးကို ဖျက်ဆီးပစ်သော ကျောင်းသားကို ဆုံးမစကားပြောပြီး အစအန တွေ့လိုတွေ့ငြား လိုက်ရှာကြည့်သေးသည်။

သို့သော် သတင်းလာပို့သော ကျောင်းသားလေးနှစ်ယောက် ပြောသလိုပင် ခြေမွပြန့်ကြဲပစ်လိုက်ပြီးပြီဖြစ်ရာ ဝိပိပြင်ပြင် ဘာမှ မတွေ့တော့ချေ။ ရန်ဖြစ်နေကြသော ကျောင်းသားလေးနှစ်ယောက်ကို ဆုံးမဖျန်ဖြေ လူချင်း ခွဲလိုက်ကာ ဇရပ်သို့ ပြန်လာခဲ့သည်။

“ဘာဖြစ်ကြတာလဲ ဆရာမလေး”

အဘွားကြီးက ဆီးမေးသဖြင့် မခင်ရွှေက စုံစေ့စွာ ပြန်ဖြေလိုက်ပြီး

“အဲဒီအပင်လေးကို ဘွားဘွားသိလား” ဟု မေးလိုက်သည်။

“ဩော် - ဂမုန်းကိန္နရာပင်ကို ကလေးတွေ တွေ့သွားကြတာကိုး”

“ဂမုန်းကိန္နရာဆိုတာ ဘယ်လိုလဲ ဘွားဘွား”

မခင်ရွှေက မေးလိုက်သောအခါ အဘွားကြီးက စောစောက သူ စကားလက်ဆုံကျခဲ့သော အဘွားကြီးဘက် လှည့်ပြီး -

“မယ်စောရာရေ၊ ဟောဒီ ဆရာမလေးက ရေပြာအိုင်နဲ့ပတ်သက်တဲ့ အကြောင်းဆိုရင် ထမင်းဟင်းထက် ကြိုက်တယ်တော့်၊ ငါလည်း သိသလော ပြောပြလာခဲ့တာ တော်တော်လေး စုံနေပြီ၊ အခု ဂမုန်းကိန္နရာအကြောင်း မေးနေပြန်ပြီ။ ဂမုန်းနဲ့ပတ်သက်လာရင် မယ်စောရာက ငါ့ထက် နားလည်တယ် မဟုတ်လား၊ ပြောလိုက်စမ်းပါအေ”

ဟု ဆိုသည်။ ထိုအခါ ဘွားစောရာက မခင်ရွှေကို ကြည့်ပြီး -

“မိရွှေအိမ်က ငါ့ကို အပါးတင်သလေ ဆရာမလေးရဲ့၊ ဂမုန်းကို အကြောင်း သူသိသားနဲ့ ငါ့ဘက် လှည့်ပစ်ပေးလိုက်တာ၊ ဘာမှ မဟုတ်ပါ ငါ့ယောက်ျားက အင်္ဂုရတ်သမားဆိုပြီး ငါက ပိုနားလည်တယ်လို့ သူ လိုက်တာကွဲ့” ဟု ပြောသည်။

“ဟုတ်တယ် ဆရာမလေးရဲ့၊ မယ်စောရာကို ပြောခိုင်း၊ သူ့ အဘွားလောက် ကိုယ်တွေ့လေးတွေ ရှိထားခဲ့ဖူးတယ်၊ ပြောပြလိုက် မယ်စောရာရယ်၊ ငါ့အတွေ့အကြုံက တစ်မျိုး၊ ညည်းအတွေ့အကြုံက တစ် ပေါ့အေ”

ဟု အဘွားကြီး ဘွားရွှေအိမ်က တိုက်တွန်းလိုက်သည်။



“အေး- ပြောရတာပေါ့၊ ဂမုန်းကိန္နရာအကြောင်းတင်ပဲလား”

ဟု ဘွားစောရာက စိပ်ပုတီးကို လည်မှာ စွပ်လိုက်ပြီး မေးပြော ပြောလိုက်သည်။

မခင်ရွှေအဖို့ ထန်းလျက်အိုးကြီးတစ်လုံး ထပ်မံတွေ့သလို ဖြစ်သွားသည်။ ဝမ်းသာအားရဖြင့် -

“ပြောပြပါ ဘွားဘွားရယ်”

ဟု ရိုရိုသေသေ တောင်းပန်လိုက်သည်။

“ဂမုန်းကိန္နရာအကြောင်းတင် မဟုတ်ပါဘူး၊ ညည်းယောက်ျား အကြောင်းပါ ပြောပြလိုက်ပါ၊ ဆရာမလေးက တို့ ရေပြာအိုင်အကြောင်းကို မှတ်တမ်းရေးနေတယ် သူငယ်ချင်းရဲ့၊ တို့ရွာအကြောင်းကို စာအုပ်တစ်အုပ်ဖြစ် လာရ နည်းတဲ့ ဂုဏ်လား”

ဟု ဘွားရွှေအိမ်က တိုက်တွန်းလိုက်သည်။

“ညည်းတို့အိမ်က အကြောင်းတွေကော ပြောပြပြီးပြီလား”

ဘွားစောရာက မေးသောအခါ -

“တို့အိမ်က အကြောင်းတင် ဘယ်ဟုတ်မလဲ၊ ရေပြာအိုင်နဲ့ ပတ်သက်တာတွေ ငါသိသမျှ ပြောနေတယ်”

ဟု ဘွားရွှေအိမ်က ဖြေသည်။

“အေး- ဒီလိုဆို ငါကလည်း ပြောရတာပေါ့”

ဟု ဘွားစောရာက ထောက်ခံကာ စကားအစပျိုးလိုက်၏။

“ဒီလို ဆရာမလေးရဲ့၊ ဂမုန်းကိန္နရာဆိုတာ လူသံသူသံ ဆိတ်ငြိမ်နေတဲ့အခါမျိုးမှာ ဂမုန်းပွင့်လေးတွေက ဖူးငုံနေရာက ပွင့်အာလာတတ်တယ်၊ ပွင့်လာတာလေးတွေက ဘာနဲ့တူသလဲဆိုရင် ကိန္နရာရုပ်လိုလို၊ လူရုပ်လိုလို လေမတိုက်ဘဲ လှုပ်နေတော့ ကခုန်နေသလို မြင်ရပြီး သိပ်ချစ်စရာ ကောင်းတယ်။ တချို့လူတွေဆိုရင် မျက်နှာပွင့်ဆေးဖော်ရာမှာ သုံးကြတယ်လို့ ပြောကြတယ်။ ဒီဂမုန်းမျိုးက တော်တော်ရှားပါးတယ်၊ တွေ့ရခဲတဲ့ အပင်မျိုးပဲ။ ဘယ်လိုကြောင့် ကြံကြံဖန်ဖန် ဒီအနားမှာ ဒီတစ်ပင် လာဖြစ်နေသလဲ မသိဘူး။ လာဖြစ်တော့လည်း လူတွေလက်ထဲ မရောက်ရအောင် အဖျက်အဆီး ခံရတာမျိုးပေါ့။ ဟိုကျောင်းသားလေးက အစအနတောင် မတွေ့အောင် ဖျက်ဆီး လိုက်တာလည်း ပျောက်ပျက်သွားတာ ကောင်းပါတယ်။ အခုခေတ် လူတွေက အရှားမျက်ကြတယ် ဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



ဘွားစောရာ စကားကြောင့် မခင်ရွှေ စိတ်ထဲမှာ စောရမော်အောင် နေသည့် အရုပ်ကလေးကို သတိရလိုက်မိသည်။ စောရမော်အောင်သည် အရုပ်လည်း သူတော်ကောင်းလက်ထဲ ရောက်သွားလို့သာ၊ အခုလည်း ဒီဝ ကိန္နရာပင်ကို ကျောင်းသားလေး ဖျက်ဆီးတာဟာ သူ့စိတ်နှင့်သူမှ ဟုတ် ရဲ့လားဟု မခင်ရွှေက တွေးမိသည်။

"ဘွားဘွားခင်ပွန်းအကြောင်းကကော ဘွားဘွား"

စကားပြတ်သွားသော ဘွားစောရာကို မခင်ရွှေက ဆက်မေးလို သည်။ ဘွားစောရာက အနည်းငယ် ငိုင်နေရာမှ -

"အင်း- ပြောတော့ ပြောရမှာပဲလေ၊ ပြန်တွေးမိတော့လည်း စိတ် ထဲက မကောင်းဘူး၊ ငါ ဘာကြောင့် ဒီလို လုပ်လိုက်မိတယ်ဆိုတာ အခုထ တိုင် စဉ်းစားလို့ မရဘူး"

ဟု အက်ကွဲသံဖြင့် ပြောသည်။

ထိုအခါ မခင်ရွှေစိတ်ထဲမှာ ဘွားစောရာ၏ အကြောင်းကား အလွ ဇာတ်လမ်း ဖြစ်နေမည်လားဟု တွေးမိသည်။

မခင်ရွှေ နားထောင်နေစဉ်မှာ ဘွားစောရာက လေးတွဲ့သောအ ဖြင့် ပြောပြသည်ကို မခင်ရွှေက စိတ်ဝင်စားစွာ နားထောင်နေသည်။

■

မစောရာနှင့် ကိုရန်ရှင်းတို့ကား မိဘချင်းလည်း သဘောမျှ၊ သူ လူငယ်ချင်းလည်း နှစ်သက်ကြသည် ဖြစ်သောကြောင့် အေးချမ်းကြည်ဖြ လက်ထပ်ခဲ့ကြသည်။ နှစ်ဖက်လုံး မိဘတွေမှာ တောသဘာဝအလျော လယ်ယာလုပ်ငန်းဖြင့် အေးချမ်းစွာ လုပ်ကိုင်စားသောက်ကြသူတွေ ဖြစ်သေ ကြောင့် အလွန်အမင်း ချမ်းသာကြသည်ဟု မပြောနိုင်လင့်ကစား ကြွေးကင် မြီကင်း ရွှေတွဲလဲ၊ ငွေတွဲလဲ နေနိုင်သော ကျေးရွာ လူရတတ်အဆင့်မှာ နေကြသည်။ ထို့ကြောင့် လက်ထပ်ပေးပြီးသော မစောရာနှင့် ကိုရန်ရှင်းတို့ နှစ်ဖက်မိဘတွေက လယ်နှစ်ပွဲ၊ နွားနှစ်ရှဉ်း၊ လှည်းတစ်စီး၊ စပါးအပြ ကျီတစ်လုံးနှင့် ပျဉ်ခင်းထရံကာ ဓနိမိုးအိမ်ပါ ခြံဝိုင်းတစ်ခုကို လက်ဖွဲ့လို ကြသည်ကြောင့် မစောရာနှင့် ကိုရန်ရှင်းတို့သည် ပူပန်သောကဖြစ်စရာ ဘာ မရှိဘဲ ပျော်ပျော်ရွှင်ရွှင်ပင် လုပ်ကိုင်စားသောက်လာခဲ့ကြသည်။



ကိုရန်ရှင်းက အလုပ်ကိုကြိုးစားသလို မစောရာကလည်း စည်းစနစ် ကျပြီး အိမ်ထောင်ကိုနိုင်သော အမျိုးသမီးဖြစ်သောကြောင့် သူတို့သည် စီးပွား ရေးမှာ မယုတ်လျော့ဘဲ တိုးပွားလာကြသည်။ သို့နှင့်ပင် သား နှစ်နှစ်အရွယ်၊ သမီး ခြောက်လအရွယ် ရောက်လာသောအခါ ကိုရန်ရှင်းတစ်ယောက် ပြောင်း လာတော့သည်။

လယ်တောဆင်းရင်းက ဘွားရွှေအိမ်၏ သားထူးသားမြတ် မြုပ်နှံရာ စောင်ကုန်းမို့မို့အနီးမှာ ဝတ်ဖြူစင်ကြယ်ဝတ်ထားသော လူသူတော်စင်တစ်ဦး နှင့် တွေ့လာခဲ့သည်ဟု ဆိုကာ ထိုလူသူတော်ကို အိမ်သို့ ခေါ်ပင့်လာသည်။ အိမ်ဦးခန်းမှာ ရိုသေစွာထားသည်။ စားရေးသောက်ရေးကို တာဝန်ယူထား သည်။

မစောရာအနေဖြင့် ပင်ကို သဘောကလည်း ကောင်းသည်။ လူ သူတော်၏ ဥပဓိရုပ်နှင့် နေထိုင်ပုံ အမူအရာကလည်း ကြည်ညိုစရာဖြစ်သော ကြောင့် အထွေအထူး မတွေးဘဲ ခင်ပွန်းသည် ဦးရန်ရှင်းသဘောအတိုင်း လိုက်လျောကာ ကောင်းမွန်စွာပင် ကျွေးမွေးလက်ခံထားသည်။ ထိုလူသူတော် သည် အသက်သတ်လွတ်သာ စားသည့်အတွက် တာဝန်ကတော့ သိပ်မရှိချေ။ ထမင်းတစ်ပန်းကန်နှင့် ငှက်ပျောသီး၊ သဘော်သီး စသည့် အသီးအနှံတစ်ခုခု နှင့် ရေတစ်ခွက် ပေးထားလိုက်လျှင် ကိစ္စပြီးသည်ကြောင့် မစောရာလည်း ငြင်ငြင်ခြင်း မဖြစ်မိချေ။ လူသူတော်သာလျှင် အသက်သတ်လွတ် စားသည် မဟုတ်၊ ကိုရန်ရှင်းပါ လူသူတော် ရောက်လာသည့်နေ့က စပြီး သက်သတ် လွတ်သာ စားနေသည်။

သို့သော် ကိုရန်ရှင်း မူပြောင်းလာသည်ကိုမူ မစောရာ စိတ်ထဲက မကျေနပ်ချင်သလိုလို ဖြစ်မိသည်။ ထိုလူသူတော် အိမ်ပေါ်ရောက်လာသည့် နေ့ကစပြီး ကိုရန်ရှင်းသည် မစောရာနှင့် မအိပ်တော့ချေ။ လူသူတော်နှင့် စကားပြောရင်း လူသူတော်၏ ခြေရင်းမှာသာ သူ့အတွက် အိပ်ရာပြင်ပြီး အိပ်လေတော့သည်။ ပထမရက်အနည်းငယ်တွင်မူ မစောရာ၏ စိတ်ထဲမှာ ဘာလေးနက်နက် မရှိသေးချေ။ သူ့ဆရာကြီးကို သူ ကြည်ညိုလို့ စကား ပြောရင်း အိပ်တာပဲဟု ပေါ့ပေါ့သာတွေးသည်။

သို့သော် ကိုရန်ရှင်းကား မစောရာရှိရာ သူတို့ အိပ်ခန်းထဲသို့ အလျှင်း ဝင်ရောက်အိပ်စက်ခြင်း မပြုတော့ချေ။ ထိုမျှသာ မဟုတ်သေး အိမ်အလုပ်

www.burmeseclassic.com



ကိုလည်း ဘာမှ မလုပ်တော့ဘဲ အိမ်ဘေးတွင် အဖီတစ်ခု ချသည်။ လုံလုံခြုံခြုံ မိုးကာထားသည်။ အင်္ဂရိတ်ဖိုခွင် ကျကျနနပြင်ပြီး အင်္ဂရိတ် ထိုးနေတော့သည်။ *အင်္ဂရိတ်ထိုးသည့်အချိန်က လွဲလျှင်ကား လူသူတော်နှင့် အတူ ရွာနှင့် တော်တော်* ဝေးသော တောအုပ်တောင်တန်းတွေ ရှိရာကို သွားကြသည်။ ဆေးပင်၊ ဆေးမြစ် ရှာကြသည်။ တောထဲ မသွားသည့်အခါ ဥပုသ်ရက်ရှည် စောင့်ကြသည်။ အစိန္တာန်ပုတီး စိပ်နေသည်။

အိမ်အလုပ်၊ စီးပွားရေးအလုပ်တို့ကို လုံးဝ လှည့်မကြည့်တော့ချေ။ ရပ်ရေး၊ ရွာရေး၊ ပေါင်းသင်းဆက်ဆံရေး၊ သာမှုနာမှုဟူ၍ စိတ်မဝင်စားတော့ဘဲ အားလုံး လူတွေနှင့် အဆက်ဖြတ်ထားသည့်အလား အင်္ဂရိတ်အလုပ်တစ်မျိုးကိုသာ စိတ်ဝင်စားလေတော့သည်။

လူသူတော်၏ ဩဝါဒကို တစ်သဝေမတိမ်း နာခံကာ လူသူတော် ညွှန်ပြခိုင်းစေသည့်အတိုင်း လိုက်နာလုပ်ဆောင်နေတော့သည်။ ကိုရန်ရှင်း၏ ပြောင်းလဲသွားသော အမူအရာ၊ စိတ်ဝင်စားသွားသော အလုပ်အကိုင်ကြောင့် တစ်ရွာလုံးကလည်း တော်တော်ပင် အံ့ဩကုန်ကြသည်။ ဝါသနာပါသည့် အလုပ်ကိုလည်း လုပ်ပါ၊ အိမ်နှင့် စီးပွားရေးကိုလည်း ပြန်ကြည့်ပါဟု မစောရာ ကရော၊ မိဘဆွေမျိုးတွေကရော ပြောကြသည်။

သို့သော် ကိုရန်ရှင်းကမူ သူ့ အလုပ်သည် အိမ်အလုပ်၊ စီးပွားရေး အလုပ်နှင့် သောကော ရောကော လုပ်နေလျှင် သမာဓိပျက်မည်ကြောင့် အိမ်တွင်း ရေး၊ စီးပွားရေး၊ ရပ်ရေးရွာရေးတွေ အကုန်လုံး မစောရာ သဘောအတိုင်းသာ လုပ်ပါတော့၊ သူ့ကို မီးသွေးဖိုး လုံလောက်အောင် ပေးဖို့နှင့် တစ်လလျှင် ရွှေတစ်မူးသားဖိုးသာ ပေးပါဟူသော စကားကို ယတိပြတ်ပြောလိုက်ပြီးသည် နောက်ဝယ် မစောရာသည် ကိုရန်ရှင်းကို လုံးဝ စကားမပြောတော့ချေ။

ကလေးနှစ်ယောက်နှင့် လယ်ယာလုပ်ငန်းက တစ်ဖက်နှင့်၊ ရပ်ရေး ရွာရေးနှင့်၊ အိမ်ထောင်ထိန်းသိမ်းရေးနှင့် မအားလပ်နိုင်အောင် ဖြစ်နေသော အခါ မစောရာသည် သူ့လင်ကို စိတ်တိုလာသည်။ အိပ်ရာခန်းထဲ မဝင်ခြင်း လူသူတော်နှင့် တပူးတွဲတွဲ နေထိုင်ခြင်းတို့ကို ခွင့်လွှတ်နိုင်သော်လည်း စီးပွား ရေး၊ အိမ်တွင်းရေးတွေမှာ ဘာမှ ကူဖော်မရသည်တို့ကိုမူ ခွင့်မလွှတ်နိုင်အောင် ဖြစ်လာသည်။

"ဒါလောက်တောင် ဖြစ်နေကြရင်လည်း ဘာကြောင့် အိမ်မှာ နေ သေးလဲ၊ ရှင့်ဖို့ ငှက်ပျောသီး၊ သခေါ်သီး ဝယ်ရတာတောင် တာဝန်ကြီးသေး



သတ်၊ ဘာတာဝန်မှ မယူရင် ကျူပ်ကိုလည်း ဘာတာဝန်မှ မပေးနဲ့တော့။ ရှင်ဘာသာ တခြားသွားပြီး သက်သတ်လွတ် စားနေချေ"

မစောရာက မောပန်းလွန်းသဖြင့် စိတ်တိုတိုဖြင့် ပြောသည်ကို လူသူတော်နှင့်အတူ တီးတိုးပြောဆို တိုင်ပင်ရင်း အင်္ဂရိတ်ဖိုဆွဲနေသော ကိုရန် ရှင်းက သူ့ကို မပြောသလို တုတ်တုတ်ပင် မလှုပ်ချေ။ မစောရာအဖို့ တစ်ခု သက်သာနေသည်က မီးသွေးနှင့် ရွှေတစ်မူးသားကိုမူ ကိုရန်ရှင်းက မစောရာ ကို မခိုင်းဘဲ သူ့ဘာသာသူ သွားဝယ်နေခြင်း ဖြစ်သည်။

လူသူတော်နှင့် အတူတွဲပြီး အင်္ဂရိတ်ထိုးနေသည်မှာ တစ်နှစ်ကျော် ကျော်မျှ ကြာသောအခါတွင် လူသူတော်သည် မည်သည့်အချိန်က မည်သည့် နေရာသို့ ထွက်သွားမှန်း မသိ။ အိမ်မှာ မရှိတော့ချေ။ ကိုရန်ရှင်းတစ်ယောက် သာ မူမပြောင်းဘဲ သဲသဲမဲမဲ အင်္ဂရိတ်ထိုးမြဲတိုင်း ထိုးနေသည်။ ရွှေဖိုးနှင့် မီးသွေးဖိုးကို မစောရာက မပေးတော့သောအခါမှာ ကိုရန်ရှင်းသည် သူတို့ လင်မောင်နှံ နှစ်ယောက်လုံး ပိုင်နေသည့် လယ်နှစ်ပွဲအနက်မှ သူ့အတွက် လယ်တစ်ပွဲကို တစ်ဝက်ခွဲယူပြီး အပြီးအပိုင် ရောင်းချလိုက်သည်။ ထိုငွေဖြင့် မီးသွေးဖိုး၊ ရွှေဖိုး အသုံးပြုနေသည်။

မစောရာရော၊ နှစ်ဖက်မိဘတွေရော စိတ်ဆိုးလိုက်သည့်ဖြစ်ခြင်း။ သို့သော် မည်သူတွေ ဘာဖြစ်နေစေကာမူ ကိုရန်ရှင်းကား မသိသလို၊ မကြား သလို၊ မမြင်သလိုပင်နေကာ သူ့လုပ်ငန်းကို လုပ်မြဲတိုင်းပင် လုပ်ခဲ့သည်။ လယ်ရောင်းချ၍ ရသောငွေ ကုန်သောအခါ ကိုရန်ရှင်းသည် သူပိုင် ပုဆိုးတွေ၊ အကျီတွေ၊ အသုံးအဆောင်တွေကို ချရောင်းသည်။ မည်သူ့ထံမှ အသုံးစရိတ် အတွက် လက်ဖြန့်ခံ မတောင်းခဲ့ချေ။ သို့နှင့်ပင် ကိုရန်ရှင်း၏ ထွက်ရပ်ပေါက် လုပ်ငန်းကြီးအတွက် ဖိုထိုးနေခဲ့သည်မှာ ခြောက်နှစ်ကျော်ပြီး ခုနစ်နှစ်အတွင်း သို့ ချဉ်းနင်းဝင်ရောက်လာခဲ့သည်။

ဤနေ့သည် မိုးလေဦးကျတော့မည်ဖြစ်၍ မိုးသံလေသံတွေကို မြင်နေ၊ ကြားနေရလေပြီ။ တောင်လေ တဖြူးဖြူးမှာ လွင့်ပါလာဟန်တူသော မင်ရောင် တိမ်ခဲတို့ အုံ့ဆိုင်းနေသောကြောင့် လောကဓာတ်ကြီးသည် ကြည်ကြည်လင် လင်မရှိဘဲ မှိုင်းမှိုင်းမှောင်နေသည်။ မိုးကျလာလျှင် လယ်ယာလုပ်ငန်းခွင် အတွက် ပြင်ရဆင်ရပေဦးမည်။ မိန်းမသားဦးဆောင်နေသောကြောင့် ဆွေရင်း မှားတွေကလည်း ပြောလို့ဆိုလို့ သိပ်ပြီး ကျိုးကျိုးနွံနွံ မရှိကြချေ။ ဤကိုရန်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ပင် တစ်နှစ်ပြီးတစ်နှစ် ကုန်းရုန်းတာဝန်ယူလာခဲ့သော မစောရာသည် တွေးလေ ကိုရန်ရှင်းကို စိတ်တိုလေ၊ ဒေါသဖြစ်လေ။ မနှစ်က ငှားရမ်းထား သော လူငှားက ယခုနှစ် ဆက်မလုပ်နိုင်ဟုဆိုကာ ကြိုတင်မပြောဘဲ ထွက် သွားသောကြောင့် အချိန်ကိုလုပြီး လူငှားအသစ် ရှာရဦးမည့်တာဝန်က မစော ချေ။ စိတ်မော၊ လူမောဖြင့် မည်သူ့ကို ငှားရမည်နည်းဟု တွေးနေသော မစောရာသည် ဝတ်ဖြူစင်ကြယ်ဝတ်ပြီး တူးရွင်းတစ်ချောင်း လက်ကဆွဲကာ တောထဲက ဆေးမြစ်ဆေးပင်ရှာပြီး ပြန်ရောက်လာသော ကိုရန်ရှင်းကို မြင်ရ သည်တွင် စိတ်အလွန်တိုသောကြောင့် ခါးထောက်ပြီး မျက်မှောင်ကုတ်ကြည့် နေလိုက်မိသည်။ မစောရာက အပြစ်တင်စကားပြောရန် ဟန်ပြင်လိုက်သော အခါ –

"ဟော့ မစောရာ၊ ဒီမှာကြည့်စမ်း၊ ငါ ခြောက်နှစ်ကျော်ကျော် အပင် ပန်းခံ ရှာနေခဲ့ရတဲ့ ဆေးငါးပြေမဆိုတဲ့ အပင် အခု တွေ့တယ်ဟေ့"

ဟု ဝမ်းသာအားရ ပြောလိုက်သော ကိုရန်ရှင်းလက်ထဲမှ အပင်ငယ် ကို မစောရာက မျက်စောင်းထိုးကြည့်လိုက်သည်။

တစ်မိုက်မျှသာရှိသော အပင်ပုပုလေးမှာ အရွက်နှစ်ရွက်သာ ရှိ သည်။ အစိမ်းပုပ်ရောင် အပင်ရိုးထိပ်ဖျားမှာရှိနေသော အရွက်ကလေးနှစ်ရွက် ကား သာမန် သစ်ရွက်ရိုးရိုးမဟုတ်ဘဲ ချက်စားသည့် ငါးပြေမပုံသဏ္ဌာန် အတိုင်း အရောင်ရော၊ အဆင်းရော ချွတ်စွပ်တူလှသည်။ ဆူးတောင်နေရာ အကြေးခွံနေရာ မျက်လုံးပါးစပ်တွေမှာ ငါးပြေမအစစ်အတိုင်းပင် ဖြစ်သည်။ မျက်လုံးက သက်ရှိ ငါးတစ်ကောင်၏ မျက်လုံးအတိုင်း အရောင်တောက် နေသည်။ ပါးစပ်က ဟလိုက်၊ စေ့လိုက် ဖြစ်နေသည်။ ကိုရန်ရှင်းကသာ ဖွင့်မပြောလျှင် မစောရာသည် ငါးပြေမ အရှင်နှစ်ကောင်ကို ဖမ်းပြီး တုတ်ပြီး ထိုးလာသလားဟု ထင်မိအောင်ပင် အမြီးက လှုပ်နေသည်။

စိတ်ဝင်စားစရာကောင်းသော ဆေးငါးပြေမ အပင်ကို မစောရာက လူငှားဖို့ကိစ္စလောက်၊ လယ်ယာကိစ္စလောက် စိတ်မဝင်စားချေ။ သူ့သောက နှင့်သူ စိတ်ရှုပ်နေသောကြောင့် –

"ဘာလဲ ဒီငါးပြေမဆိုတာက စားရသောက်ရမယ့် ပစ္စည်းလား အလကား အလုပ်မရှိ အလုပ်ရှာ၊ မယားမေ့ သားသမီးမေ့ပြီး ဖိုခွင်ပြင်ပြီး ဇော်ဂျီရူး ရူးနေတဲ့လူ၊ ရှင့်ငါးပြေမကြီး လာပြမနေနဲ့။ ကျုပ် လယ်လုပ်ဖို့ကိစ္စ



ခေါင်းထဲမှာကို ပူနေတာပဲ၊ ဒါတွေ ရှင်ဘာမှ တာဝန်မယူဘူးဟုတ်လား၊ အဂ္ဂိရတ်ရူး… ဇော်ဂျီရူး … ဝိဇ္ဇာရူး"

ဟု စကားတစ်လုံးထက် တစ်လုံး လေသံမြင့်ပြောရင်း ပြောရင်း မစောရာ အသံက ကျယ်လာသဖြင့် ကိုရန်ရှင်းသည် ဘာမှပြန်မပြောတော့ဘဲ သူ့ဆေးငါးပြေမဆိုသော အပင်ကလေးကို မြတ်နိုးစွာ ဂရုတစိုက်ကိုင်ပြီး သူ့အလုပ်ခန်းဖြစ်သော အဂ္ဂိရတ်ဖိုရှိရာသို့ ထွက်သွားလေသည်။

နောက်တစ်နေ့တွင်ကား လူငှား အဆင်မပြေ၊ ကောက်စိုက်သမ အဆင်မပြေ၍ စိတ်တိုဒေါသဖြစ်နေသော မစောရာသည် စိတ်ရော၊ လူရော ပင်ပန်းလေ ကိုရန်ရှင်းကို ဒေါသထွက်လေဖြစ်နေခိုက်ဝယ် ကိုရန်ရှင်းသည် သူ့အလုပ်ခန်း အဂ္ဂိရတ်ဖိုခွင်ထဲမှ ထွက်လာသည်။ စိတ်ဆိုးဒေါသဖြစ်ကာ ညှိုးမှုန်နေသော မစောရာက သူ့အနားမှာ လာရပ်လိုက်သော ကိုရန်ရှင်းကို လှည့်မကြည့်ဘဲ ကိုရန်ရှင်းရောက်လာမှန်း သိသောအခါ တမင် နောက်ကျော ခိုင်းလိုက်သည်။

"ဟော့ မစောရာ၊ ဒီမှာ ကြည့်စမ်း"

ကိုရန်ရှင်းက ပြောသည်။ မစောရာ လှည့်မကြည့်ချေ။

"ကြည့်စမ်းပါ မစောရာ၊ ခြောက်နှစ်ကျော် အချိန်အတွင်းမှာ ငါ အင်မတန်စင်ကြယ်စွာနဲ့ ကြိုးစားလို့ အောင်မြင်သွားတာကို ပြချင်လို့ကွဲ့၊ ဒါ နောက်ဆုံးပြခြင်းပဲ၊ နောက်ကို မင်း အင်မတန် ကြည့်ချင်ပါတယ် ဆိုလို့ လည်း မမြင်တော့ဘူး၊ ငါ စကားပြောတာလည်း နောက်ဆုံး ပြောခြင်းပဲ၊ ငါ့ရဲ့အောင်မြင်မှုကို နောက်ဆုံးပြခြင်းနဲ့ နောက်ဆုံး စကားပြောခြင်းပဲ၊ ငါသွား တော့မှာ မစောရာ… ကြည့်စမ်း"

ကိုရန်ရှင်း စကားကြောင့် မစောရာ ပိုပြီး ဒေါသထွက်သွားသည်။

"ဟင်– ခုနစ်နှစ်နီးပါး မီးသွေးဖိုး၊ ရွှေဖိုး ထိုင်ဖြုန်းခဲ့တယ်။ အိမ်ထောင်ရှင် ယောက်ျားတစ်ယောက်ရဲ့ ဝတ္တရားကို ပစ်ပယ်ပြီး ရှိပြီးသား ပစ္စည်းများကို တိုးပွားအောင် မလုပ်ဘဲ တစ်ဝက်တိတိ ဆုံးရှုံးကုန်ခန်းအောင် လုပ်ခဲ့တယ်။ ထမင်းစားဖို့ တပင်တပန်း လုပ်ကိုင်ရှာဖွေနေရတဲ့ မယားနဲ့ သားသမီးတွေကို ဘာမှ အကူအညီမပေးတော့ဘဲ နောက်ဆုံး စကားပြောခြင်း လား … သွားတော့မယ်လေးနဲ့ … သွား သွား မကြည့်ချင်ဘူး၊ အခုသွား"

နှစ်ရှည်လများ ဖြစ်လာခဲ့သည့် ဒေါသတွေကို တစ်ပြိုင်နက်တည်း နပေါင်း သွန်ထုတ်လိုက်သည်သို့ မစောရာသည် ခက်ထန်တင်းမာစွာ

www.burmeseclassic.com

www.burmeseclassic.com



လေသံဖြင့် ပြောကာ မျက်နှာကို တစောင်းလှည့်ပြီး ကိုရန်ရှင်း ဖြန့်ပြနေသည့် လက်ဝါးထဲမှ ဘာမှန်းမသိသည့် အရာကို သေသေချာချာ မကြည့်ဘဲ -

"အဲဒါ နောက်ဆုံးကြည့်ခြင်းဟဲ့ ဇော်ဂျီရူးရဲ့၊ နောက်ဆုံးကြည့်ခြင်းဟဲ့"

ဟု ပြောပြောဆိုဆို လက်ဝါးစောင်းခုတ်ပြီး ပုတ်ချလိုက်သည်။

"အောင်မယ်လေး အောင်မယ်လေး"

ကိုရန်ရှင်းက အသံတုန်ကြီးဖြင့် အော်ကာ ထိုအရာကို လိုက်ဖမ်းသည်။ သို့သော် ထိုအရာကား မြေပေါ်သို့ မကျသွားဘဲ လက်ဖြင့် ခြောက်လိုက်ခြင်းခံရသော လိပ်ပြာတစ်ကောင် ပျံသလို လူလက်တစ်ဖောင်ကျော်ကျော် အမြင့်လောက်မှာ ပြိုးပြိုးပြက်ပြက် အရောင်လက်လက်ဖြင့် ပျံဝဲပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက်-

"ဆုံးပါပြီဟဲ့"

ဟူသော ကိုရန်ရှင်းအော်လိုက်သော အသံကြီးသည် သူ့ရင်တစ်ခုလုံးကို ကွဲထွက်လာသည်သို့ ကြောက်မက်ဖွယ်ရာ နက်ကျယ်စွာ ထွက်ပေါ်လာပြီး ကိုရန်ရှင်းသည် အရုပ်ကြိုးပြတ် ပုံလျက် လဲသွားလေတော့သည်။

ကြောက်မက်ဖွယ် အော်လိုက်သော ကိုရန်ရှင်းအော်သံကြောင့် အိမ်နီးနားချင်းတွေ ပြေးလာသောအခါ ခွေလျက် လဲပြီး သတိမေ့နေသော ကိုရန်ရှင်းကိုလည်းကောင်း၊ အံ့အားသင့်စွာ ကြောင်ကြောင်ကြီး ကြည့်နေသော မစောရာကိုလည်းကောင်း၊ လက်ထဲမှာ တစ်စုံတစ်ခုသောအရာကို ဆုပ်ကိုင်လျက် ဖခင်ကို ငုံ့ကြည့်နေသော သမီးငယ်ကို လည်းကောင်း တွေ့ကြရသည်။

ရောက်လာပြီး အကျိုးအကြောင်း မေးသူတွေကို မစောရာက ပြန်ပြောသောအခါ ဝိုင်းအုံကြည့်နေသူတွေရော၊ ကိုရန်ရှင်းကို ပွေ့ပိုက်ပြုစုနေသူတွေရော၊ ဆွေမျိုးတွေရော-

"မိုက်လှချေလားဟဲ့ မိစောရာရယ်" ဟူသော အသံသည် တိုင်ပင်ထားသလို တစ်ပြိုင်တည်း ထွက်လာကြသည်။

သမီးလေးက ငိုမဲ့မဲ့ဖြင့်-

"မီးမီး မုန့်ဖိုးရထားတဲ့ ပိုက်ဆံနှစ်ပြားကို အဖေက ပြောင်လက်နေအောင် လုပ်ပေးသွားတယ်။ နောက် မုန့်ဖိုးပိုက်ဆံ ကြေးပြားရရင် ဒီလိုဝဲ လုပ်ပေးဦးမယ်လို့ ပြောတယ်၊ အခု အဖေ ဘာဖြစ်သွားတာလဲ အမေ"



ဟု မေးနေသည်။

ထိုအခါမှ သမီးလက်ထဲမှာ ဆုပ်ကိုင်ထားသော အရာကို မစောရာနှင့် ဆွေမျိုးတွေက တောင်းကြည့်လိုက်ကြသည်။ ထိုအရာကား တစ်ပြားနှစ်ပြား၊ သုံးပြား စသည် ရှေးခေတ်က ကလေးတွေကို မုန့်ဖိုးပေးတတ်သည့် ပိုက်ဆံ ကြေးပြားနှစ်ပြား ဖြစ်သည်။ သို့သော် သမီးကိုင်ထားသည့် ကြေးပြားကား ကြေးပြား မဟုတ်တော့ချေ။ မူလပုံသဏ္ဍာန် အနေအထားအတိုင်း ရွှေစင် ရွှေကောင်းဖြစ်နေသော ရွှေပြားတွေ ဖြစ်နေသည်ကို တွေ့ရသည်။ ထိုအခါမှ မစောရာသည် သူဒေါသအလျောက် မဆင်မခြင်လုပ်လိုက်မိသည့် အဖြစ်ကို နောင်တကြီးစွာရကာ သတိမေ့နေသော ကိုရန်ရှင်းကို ယုယစွာ ပြုစုသည်။

ကိုရန်ရှင်းကား သတိပြန်ရလာပါသော်လည်း ပကတိစိတ်ပျောက်ကာ သွက်သွက်လည်အောင် ရူးသွားရှာပြီ ဖြစ်သည်။

"အေး- ရွှေဖြစ်စေတဲ့အထိ ပေါက်မြောက်သွားပြီဆိုတာ အင်မတန် ဖြစ်ခဲခဲဖြစ်ခဲ ကြိုးစားမှုပေါ့ စောရာရယ်၊ သူ ထွက်တော့မယ့်ဆဲဆဲအချိန်မှာ နင့်ကို မရမကကြည့်ခိုင်းတာ၊ ပြောတာတွေဟာ သူ့အမှားပဲ။ အဖျက်အဆီးက တိုက်တွန်းတယ် ခေါ်ရမှာပေါ့၊ တစ်ခါတုန်းကတော့ ငါ့ကို လာလှောက်ဖူးတယ်။ ဆေးငါးပြေမရဖို့ တစ်ခုပဲ လိုတော့တယ်တဲ့။ ဆေးငါးပြေမကို ရလိုက်ရင် ကိစ္စပြီးပြီတဲ့။ ဘယ်တုန်းက ဆေးငါးပြေမ အပင်ကို ရလိုက်မိပါလိမ့်"

ဆေးကုမရတော့အောင် သွက်သွက်လည် ရူးနေပြီဖြစ်သော ကိုရန်ရှင်းကို သတင်းလာမေး ကြည့်ရှုသော ဘုန်းတော်ကြီးက မိန့်ကြားသည်။ ထွက်ရပ်ပေါက်လမ်းဆိုသည်မှာ အမျိုးမျိုးရှိကြောင်း၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ စသည်ဖြင့် ရှိကြကြောင်း၊ ထွက်ရပ်ပေါက်လမ်းအတွက် ဆောင်ရွက်လုပ်ကိုင်ပုံချင်းမှာ မတူကြကြောင်း၊ မိမိတို့ စိတ်သန်ရာနောက်ကို လိုက်ကြကြောင်း၊ ယခု ကိုရန်ရှင်းလိုက်သည့် လမ်းမှာ ပေါက်ကံပြည်မှာ ရွှေမီးစွာနေသည့် ရှင်မထီးတို့ လိုက်သည့်နည်းမျိုး ဖြစ်ဟန်တူကြောင်းတွေကို ဘုန်းတော်ကြီးက မိန့်ကြားပြီး စိတ်ကောင်းကောင်းထား ပြုစုရန် တရားပြပြီး ပြန်ကြွသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုရန့်ရှင်းကား မစောရာကို ကြာရှည် ဒုက္ခမပေးရှာချေ။ ခါတ်လုံး ပျောက်ကာ ရူးသွားပြီး တစ်လကျော်ကျော်မျှအကြာဝယ် ကွယ်လွန်သေဆုံး သွားရှာလေတော့သည်။

■

ဘွားစောရာသည် ပြောပြီးကျလာသော မျက်ရည်များကို ပခုံးပေါ်မှ တဘက်ဖြင့် သုတ်လိုက်၏။

“အဘွား ဒေါသအလျောက် ပြုမူလိုက်မိတဲ့ အမှားကိုတော့ အဘွား မသေသရွေ့ မမေ့နိုင်ဘူး ဆရာမလေးရယ်။ အဘွား ဓာတ်လုံးကို နှမြောစိတ် လည်း မရှိပါဘူး၊ ရွှေတွေ မဖြစ်လိုက်ရကောင်းလားလို့ မက်မောတဲ့စိတ်လည်း မရှိပါဘူး၊ အဘွားကြောင့် ကြိုးစားခဲ့သမျှတွေ အကုန်ပျက်ပြီး အရူးကြီးအဖြစ်နဲ့ သေရှာတဲ့ ကိုရန့်ရှင်းကို သနားလွန်းလို့ပါ။

ဩော်- ကိုရန့်ရှင်း၊ ကိုရန့်ရှင်း၊ ကျွန်မကိုလည်း ခွင့်လွှတ်ပါ၊ ကောင်းရာ သုဂတိကိုလည်း ရောက်ပါစေ”

ဆွေးမြည့်ကြေကွဲစွာ ပြောနေသော ဘွားစောရာစကားကို ကြားနေ ရင်းက မခင်ရွှေစိတ်ထဲမှာ ဘိုးရန့်ရှင်းသည် ချောချောမောမောသာ ထွက်သွား ပါက ယခုခေတ် လူတွေ ကြည်ညိုကြသည့် ဘိုးတော်များစာရင်းတွင် ဘိုးတော် ရန့်ရှင်းဟူသော ဘိုးတော်တစ်ပါး တိုးမည်မှာ သေချာပေသည်ဟု တွေးရင်း မျက်စိထဲမှာ ဘိုးရန့်ရှင်းကို မမြင်ဖူးပဲ မြင်ယောင်ထင်ယောင် လိုက်မိတော့ သည်။

၁၉၇၅ ခုနှစ်၊ မတ်လ၊ သွေးသောက်မဂ္ဂဇင်း

■

## ရဟြာအိုင်မှ ကြေးကွင်းကြီး

ဘိုးတော်ဖြစ်လုနီးပါး အချိန်မှာ ရူးသွားသော ဦးရန့်ရှင်းအကြောင်း ကို နားထောင်ရပြီးသည်နောက် မခင်ရွှေသည် ရှေးယခင်အခါက ထွန်းကား သည်ဆိုသော လောကီပညာရပ်များအကြောင်းကို လည်းကောင်း၊ ပယောဂ သော အကြောင်းများကိုလည်းကောင်း စိတ်ဝင်စားစွာ တွေးနေခဲ့မိသည်။

သီလဆောက်တည်နေသော အဘွားကြီး သားအမိသည် ညနေစောင်း အချိန်ရောက်သောအခါမှ ပြန်ကြမည် ဖြစ်သည်။ ညနေစောင်းအချိန်မှာ ပြန် ကြမည့် ဥပုသ်သည်များကို ဘုန်းတော်ကြီးက တရားဟောဦးမည် ဖြစ်သည်။ အဘွားကြီးသားအမိက တရားနာပြီးမှ ပြန်ကြမည်ဖြစ်သောကြောင့် မခင်ရွှေ သည် အိမ်မှာ တစ်ယောက်တည်း မနေလိုပေ။

ဓမ္မာရုံပေါ်မှာ တရားဆွေးနွေးနေကြ၊ ပုတီးစိပ်နေကြသော ဥပုသ် သည်တွေအကြားမှာ ဘာမှမလုပ်ဘဲ ငုတ်တုတ်ထိုင်နေခြင်းကိုလည်း မလုပ် ချင်။ ထို့ကြောင့် ဘုန်းတော်ကြီးကျောင်းဝင်း အတွင်းသို့ နောက်တစ်ကြော့ တစ်ပတ် ပတ်လိုက်ပြန်သည်။ ဤတစ်ကြိမ်မှာ မခင်ရွှေသည် စောစောက ရောက်ခဲ့ပြီးသော ဂမုန်းကိုနှရာပင် တွေ့သည့်ဘက်သို့ မသွားတော့ဘဲ မရောက် ဖူးသေးသည့် အခြားတစ်ဖက်သို့ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီး ကျောင်းဝင်းကား သူတော်ကောင်းတို့ မှီခိုရာဖြစ်သောကြောင့် သူတော်ကောင်းတို့၏ ချမ်းမြေ့သော အရှိန်အဝါက ဟပ်လေသလား မသိချေ။ သစ်ရိပ် ဝါးရိပ်တို့က အခြားသော နေရာမှာရှိသော သစ်ရိပ် ဝါးရိပ်တွေထက် ပိုပြီး ချမ်းမြေ့လှသည်ဟု မခင်ရွှေ ထင်မိသည်။ ချမ်းမြေ့ ကြည်နူးသောစိတ်ဖြင့် ဝဲယာဘေးပတ်ဝန်းကျင်ကို မျှော်ကြည့်ရင်း တရွေ့ရွေ့ လျှောက်လာခဲ့သော မခင်ရွှေသည် ကျောင်းဝင်းအစွန်နားဆီတွင် ရှိသော ရှေးဟောင်း စေတီတော်တစ်ဆူအနီးသို့ ရောက်လာသည်။

မည်သည့်ခေတ်ကာလက တည်ထားခဲ့သည်ဟု မခန့်မှန်းနိုင်အောင်ပင် ရှေးကျလှသော ပုံသဏ္ဌာန်ရှိသည့် စေတီတော်ကား ပြိုကျပျက်စီး ၄တ်တိုဘဝ ရောက်နေသည်။ ထိုစေတီ၄တ်တိုပေါ်တွင် ဉာဏ်တော် ဆယ်တောင်မျှရှိမည် ထင်ရသော စေတီငယ်တစ်ဆူကို ရွာသူရွာသားတွေက ထပ်တည်ထားသည်။ စေတီငယ်ကို ထုံးသင်္ကန်းကပ်ထားသောကြောင့် ကြည်ညိုဖွယ် ဖူးတွေ့ရသည်။ စေတီအို၏ ခြေရင်းဘက် ခပ်လှမ်းလှမ်းတွင်ကား ဇရပ်တစ်ဆောင်ကို တွေ့ရသည်။ ဇရပ်သည် ကြီးမားကျယ်ဝန်းသည်ဟု မဆိုနိုင်သော်လည်း အနေတော်ဖြစ်ပြီး သပ်သပ်ရပ်ရပ်ပင် ဖြစ်သည်။ မခင်ရွှေက စေတီအိုကို ဦးခိုက်ကန်တော့ပြီး ဇရပ်ပေါ်တက်ထိုင်ကာ နားနေလိုက်သည်။

စေတီအိုနှင့် ဇရပ်ပတ်ဝန်းကျင်တွင်ကား အရိပ်ကောင်းလှသော သစ်ပင်ကြီးတွေ ရှိသောကြောင့် အေးချမ်းလှသည်။ လေပြည်က ကဖြူးဖြူး တိုက်ခတ်နေသောကြောင့် သစ်ကိုင်းသစ်ခက်တို့ လှုပ်ရှားသံသည် လည်းကောင်း၊ ကျေးငှက်ကလေးများ၏ သာယာစွာ တွန်ကြွေးသံသည်လည်းကောင်း လွမ်းဆွတ်ကြည်နူးဖွယ် ကောင်းလှသည်။

ဇရပ်ပေါ်မှာ သေသေချာချာ ထိုင်မိသောအခါ ဇရပ်ဆောက်ထားသော သစ်တွေကို သတိပြုမိသည်။ ဇရပ်ဆောက်ထားသော သစ်တွေကား အသစ် မဟုတ်ချေ။ တစ်စုံတစ်ခုသော အဆောက်အအုံကို ဖျက်ပြီး ဇရပ်ဆောက်ထားကြောင်း ဖော်ပြနေကြသည်။ သစ်တွေကား မျိုးကောင်းမျိုးမှန်တွေဖြစ်သည့်အပြင် ထုထည်ကြီးမားသောကြောင့် ရှေးခေတ်က သူဌေးသူကြွယ်များ ဆောက်လုပ်နေထိုင်သည့် အိမ်မျိုး ဖြစ်နိုင်ကြောင်းကို မခင်ရွှေ စဉ်းစားမိသည်။ ဇရပ်ကို သေချာစွာကြည့်နေသော မခင်ရွှေ၏ မျက်လုံးများက ဇရပ် မျက်နှာကြက်ကို မော့ကြည့်လိုက်သောအခါ များစွာ အံ့သြသွားမိသည်။



ဇရပ်မျက်နှာကြက်တွင်ကား အချင်း သုံးပေခန့်မျှရှိသော ကြေးကွင်းကြီးတစ်ကွင်းသည် မျက်နှာကြက်မှ သေချာစွာ တွယ်ထားသော သံကွင်းကြီးတစ်ကွင်း၌ တွဲရရွဲ ဆွဲထားသည်ကို တွေ့ရသည်။ ကြေးကွင်းကြီးကား ခင်ရွှေ၏ မျက်မြင်ခန့်မှန်းချက်မှာ အပြား ခြောက်လက်မခန့်၊ အထူ သုံးလက်မခန့်ရှိသော ကြီးမားလှသည့် ကြေးကွင်းကြီး ဖြစ်ချေသည်။ နှစ်ပေါင်းကြာညောင်းလှပြီဖြစ်ကြောင်းကို လည်းကောင်း၊ ပြုပြင်သူ ကင်းမဲ့နေပြီကို လည်းကောင်း ကြေးကွင်းကြီးတစ်ခုလုံးကို မှိုင်းနေအောင် စိမ်းနေသော ကြေးညှိများက ဖော်ပြနေကြသည်။

ထိုမျှသာ မဟုတ်သေး၊ ကြေးကွင်းကြီးအထက် မျက်နှာကြက်တွင် ကြေးမှိုကြီးတွေ ရိုက်ကာ စာလုံးဖော်ထားသည်များကိုလည်း မခင်ရွှေက တွေ့လိုက်ရသည်။ စာလုံးဖော်ထားသော ကြေးမှိုကြီးတွေ ထိပ်သည် ကြေးကွင်းကြီး နည်းတူပင် ကြေးညှိတွေ စိမ်းနေသည်ဖြစ်သောကြောင့် ဤ ကြေးကွင်းကြီးနှင့် ကြေးမှို စာလုံးများကား တစ်ချိန်တည်းဖြစ်ခဲ့ကြောင်း မခင်ရွှေ စဉ်းစားမိသည်။ ရေနံချေးဝနေသောကြောင့် မည်းမှောင်သော အရောင်ကို ပြောင်းခဲ့သည့် သစ်သားပေါ်တွင် ကြေးညှိစိမ်းရောင် ကြေးမှိုကြီးများ၏ ထိပ်ဖူးစာများက ထင်ထင်ရှားရှား ပေါ်နေသည်။

မခင်ရွှေက စိတ်ဝင်စားစွာ ဖတ်လိုက်ရသည်။

"ကျေးဇူးပြုထားသူအပေါ်မှာ ကျေးဇူးကန်းလိုသော လူများသည် မိမိစိတ်မှာ ကျေးဇူးကန်းလိုသောဆန္ဒ ပေါ်လာသည်နှင့်တစ်ပြိုင်နက် ဤဇရပ်သို့ လာပြီး ဤကြေးကွင်းကြီးကို သေချာစွာ ကြည့်ပါလေ။

ကျေးဇူးရှိမှ ကျေးဇူးစွပ်သည့် အဖြစ်ကို ခံသွားရရှာသော ဒေါ်ယုံကြည်၏ ရင်နာစရာကောင်းလှသည့် အဖြစ်ကို ဤကြေးကွင်းကြီးဖြင့် အမှတ်တရ ပြုထားခဲ့ပါသည်"

အုံးမယ်

www.burmeseclassic.com

www.burmeseclassic.com



စာကို ဖတ်ပြီးသောအခါ မခင်ရွှေသည် ဤဇရပ်နှင့် ဤကြေးကွင်း ကြီး အကြောင်းကို လည်းကောင်း၊ စာတန်းထဲမှာပါသော ဒေါ်ယုံကြည်... အုံးမယ် ဆိုသူ အမျိုးသမီးနှစ်ယောက် အကြောင်းကို လည်းကောင်း မခင်... အလွန်အမင်း သိချင်လာသည်။ ကျေးဇူး အစွပ်ခံသွားရသော ဒေါ်ယုံကြည်... အတွက် အုံးမယ်ဆိုသူ အမျိုးသမီးသည် မခံနိုင်မရပ်နိုင် ဖြစ်ကာ ဤဇရပ်... ဆောက်ပြီး ဤကြေးကွင်းကို သွန်းကာ ဤစာတန်းကို ထိုးသွားခြင်း ဖြစ်ရမည်... ဒေါ်ယုံကြည်နှင့် ဒေါ်အုံးမယ်ဆိုသူတို့ကား ယခု မည်သည့်နေရာတွင် ရှိနေ... သနည်း၊ သေဆုံးကုန်ကြလေပြီလား။

မခင်ရွှေသည် အမျိုးမျိုး တွေးနေရာမှ သူ့အဘွားကြီးကို မေးလျှ... သိရမည်ဖြစ်ကြောင်း စဉ်းစားမိသောအခါ ဓမ္မာရုံရှိရာသို့ ပြန်လျှောက်လာ... သည်။

“ဆရာမလေးက မယုံကြည်တို့အကြောင်းကို သိချင်တယ်ဆိုရ... ပြောပြရမှာပေါ့ကွယ်၊ အင်း- အခုဆိုရင် မယုံကြည်ရဲ့ သားချင်း အရင်းအ... တွေဆိုလို့ ပင်ရင်း မရှိတော့ဘူး။ အဖျားအနားလောက်ပဲ ရှိကြတော့တယ်... ရှိသရွေ့၊ ကျန်သရွေ့ ကလေးတွေကလည်း ဆင်းရဲကုန်ကြပြီလေ။ ဒါကို တချို့... က မစားထိုက်တဲ့ပစ္စည်း စားလို့ ပြောလိုပြော၊ ကျေးဇူးကန်းလို့ ပြောလိုပြော... အမှန်ကတော့ အခု ကျန်နေသေးတဲ့ အစွန်အဖျားလေးတွေရဲ့ အပြစ်ရယ်လို့... မရှိကြပါဘူး၊ သူတို့လေးတွေက ဘာသိကြတာ မှတ်လို့။ သူတို့မိဘတွေ... လုပ်သွားတဲ့အပြစ်က သူတို့နဲ့ မဆိုင်ဘူးလို့ အဘွား ထင်တယ်ကွဲ့။ အဲ တစ်ခု... ရှိတာကတော့ သူတို့မိဘတွေစကား သူတို့ ယုံပြီး ပစ်ပစ်ခါခါ နေခဲ့ကြတာရယ်... မယုံကြည်ကို မိုက်ရိုင်းစော်ကားတဲ့ အပြုအမူမျိုး ဆက်ဆံတာရယ်ကတော့ သူတို့လူငယ်တွေ အပြစ်ရှိကြတယ် ဆရာမလေး”

မခင်ရွှေက သူတွေ့လာခဲ့သော ဇရပ်နှင့် ကြေးကွင်းကြီးအကြောင်းကို သိချင်သောကြောင့် အဘွားကို မေးလိုက်သောအခါ အဘွားကြီးက စကားတ... ရှည်ရှည်ဖြင့် ပြောပြလိုက်သည်။ ထိုသို့ ပြောပြလိုက်သောအခါမှ မခင်ရွှေက ပိုပြီး သိချင်သောစိတ်က ပြင်းပြလာသည်။ ထို့ကြောင့်-

“ပြောပြပါ ဘွားဘွားရယ်၊ ဘွားဘွား ခြေထောက်ဆန့်ပေး၊ ကျွန်မ နှိပ်ပေးပါ့မယ်”



ဟု ပြောပြောဆိုဆို အဘွားကြီး ခြေထောက်ကို ဆွဲဆန့်ယူပြီး ...ညင်သာသာ နှိပ်နယ်ပေးလိုက်တော့ အဘွားကြီးက သဘောကျသွားသည်။

“အေး- ဆရာမလေး သိချင်တာ အဘွား ပြောပြမယ်ကွဲ့၊ မယုံကြည် ...တာက အဘွားတို့နဲ့ သက်တူရွယ်တူပေါ့။ ကျောင်းနေဖက်၊ ကစားဖက်၊ ...စ်ရွာတည်းသူချင်းဆိုတော့ သိပ်ခင်ခဲ့တယ်၊ ဒါတောင် အဘွား အထင်မှား ...မိသေး”

ဟု အစချီကာ မခင်ရွှေ သိချင်သော ဇရပ်နှင့် ကြေးကွင်းကြီး အကြောင်းကို အကျယ်တဝင့် ပြောပြလေသည်။

■

အသက်အစိတ်အရွယ် မယုံကြည်သည် မိန်းမချောတစ်ယောက်ဟု ပြောလောက်သော်လည်း ကျက်သရေရှိပြီး ကတော်ရုပ်ပေါက်သည့် မင်းထိုက် ...ာန် ရုပ်မျိုး ဖြစ်သည်။ ညီအစ်ကို မောင်နှမတွေအားလုံးကား မယုံကြည် ...တ် ရုပ်ရည်ချောသူတွေသာ ဖြစ်ကြသည်။ အားလုံးထဲမှာ မယုံကြည်က ...ရုပ်အဆိုးဆုံးဟု ပြောကြသည်။ သို့သော် သူတို့တစ်တွေကား ချောကြ... ...ကြသော်လည်း မြင်ကြသူတွေကမူ မယုံကြည်သည် ကျက်သရေရှိသည်ဟု ပြောကြသည်။

မယုံကြည်၏ ငယ်မည်ကား မစိမ်းနွယ် ဖြစ်သည်။ သို့သော် ညီအစ်ကို ...မောင်နှမတွေ အားလုံးထဲမှာ ရတနာသုံးပါးကို အကြည်ညိုဆုံး ဖြစ်သည်။ ...ဘဆရာသမားကို အရိုသေဆုံးဖြစ်သည်။ ကုသိုလ်ကောင်းမှုပြုရန် ဝါသနာ ...ပါဆုံးဖြစ်သည်။ စေတနာအကျိုးပေးကို ယုံသူ၊ ကံတရားကို ယုံသူ၊ ညီ ...အစ်ကို မောင်နှမတွေသည် သူက ကြီးမားသော မေတ္တာ စေတနာ ထားသလို သူ့အပေါ်မှာ ထပ်တူထပ်မျှ မေတ္တာစေတနာ ထားကြလိမ့်မည်ဟု နှစ်နှစ်ကာ ...ကာ ယုံကြည်သူ ဖြစ်သောကြောင့် မိဘနှင့် ပတ်ဝန်းကျင်မှ လူတွေက မယုံကြည် ...ဟု နာမ်စားသုံး ကင်ပွန်းတပ်လိုက်သော နာမည်မှာ ထင်ရှားလှသဖြင့်ကာ ...ပင်ရင်းနာမည်ဖြစ်သော မစိမ်းနွယ်ကို မည်သူမျှ မခေါ်ကြ၊ မသုံးကြသော ...ကြောင့် ‘မယုံကြည်’ဟူသော နာမည် တွင်သွားခြင်း ဖြစ်သည်။

မိဘတွေ မရှိကြတော့ပြီဖြစ်သော မယုံကြည်တို့ ညီအစ်ကိုမောင်နှမ များအားလုံးသည် တစ်ယောက်ကိုတစ်ယောက် ကြင်နာချစ်ခင်စွာဖြင့် ...

www.burmeseclassic.com



ရည်တစ်ပြင်တည်း လုပ်ကိုင်စားသောက်လာခဲ့ကြရာမှ အားလုံးထဲမှာ အရု
အဆိုးဆုံး ဖြစ်သော်လည်း ကျက်သရေရှိသည်ဟု အပြောခံရသော မယုံကြည်
က အိမ်ထောင်ပြုလိုက်သည်။ အစ်ကိုကြီးက အိမ်ထောင်ကျခဲ့သည်မှာ ကြ
ပြီဖြစ်သော်လည်း မိဘညီအစ်ကိုမောင်နှမ တာဝန် ဘာမှ မယူနိုင်ခဲ့ချေ။
မောင်အထွေးလေးက လူမမည်အရွယ်သာ ရှိသေးသည်။ ညီအစ်
တစ်တွေထဲမှာ မယုံကြည်က ဦးစွာ အိမ်ထောင်ကျလိုက်ခြင်း ဖြစ်သည်။ မယုံကြ
နှင့် လက်ထပ်သော ယောကျ်ားက ဤရွာဇာတိ မဟုတ်ချေ။ တစ်ရပ်တစ်ကျေ
က ဖြစ်သည်။ မော်တော်ကားလမ်းဘေးရှိ ကြက်တောကြီးကို မွေးထား
ကိုဘအေးတို့ ထမင်းဆိုင်မှာ ညအိပ်ညနေ တည်းခိုနေထိုင်ကာ ဒေသ
ဗဟုသုတ လေ့လာသလိုလို၊ တစ်စုံတစ်ခုကို စူးစမ်းနေသလိုလို နေရင်း
မယုံကြည်နှင့် တွေ့ဆုံချစ်ကြိုက်လိုက်ကြခြင်း ဖြစ်သည်။
ကံတရားကို ယုံကြည်သော မယုံကြည်ကား ညီအစ်ကိုမောင်နှမများ
ဆွေမျိုးများ၊ ပတ်ဝန်းကျင်မှ လူများ၏-
''ဘယ်က လေလွင့်မျောလာတာမှန်း မသိ၊ ဘာအမျိုးမှန်း မသိ
နောက်ပိုင်း မိန်းမအရှုပ်အထွေး ရှိမှန်းမသိ၊ ရမ်းပြီး ကြိုက်ရသလား၊ ရမ်း
ယူရသလား၊ မယားငယ် ဖြစ်နေရင် ဘယ်လိုလုပ်မလဲ၊ သူတောင်းစား မယား
သုဘရာဇာ မယား ဖြစ်နေရင် ဘယ်လိုလုပ်မလဲ၊ သူခိုးဓားပြ ဝရမ်းပြေး
မယား ဖြစ်နေရင် ဘယ်လိုလုပ်မလဲ''
ဟူသော မိုးမွှန်အောင် ပြောနေသည့် စကားတွေကို မကြားကျိုးကျ
ပြုကာ သူ ချစ်သော ထိုယောကျ်ားကို အစ်ကို၊ အစ်မများအား အသိပေး
လူသိရှင်ကြား လက်ထပ်ယူလိုက်သည်။ လက်ထပ်သည့်ငွေကို ထိုလူက ထု
ပေးသည်။ ထိုလူနာမည်သည် ကိုကျော်မှူး ဖြစ်ကြောင်း မယုံကြည် ပြော
၍သိရသော မယုံကြည်၏ ညီအစ်ကိုမောင်နှမများကား လက်ထပ်ပြီးသည့်
နောက်တွင် အဖတ်တင်မည့်စကားမျိုး ဘာမှမပြောကြတော့ဘဲ ကိုကျော်မှူး
ညီအစ်ကိုမောင်နှမစာရင်း သွင်းကာ ခင်ခင်မင်မင် ခေါ်ပြောဆက်ဆံကြသည်
ကိုကျော်မှူးက အလုပ် မရှိကြောင်း၊ သုံးစရာငွေ မရှိတော့ကြောင်း
ပြောသောအခါ မယုံကြည်၏ ညီအစ်မတစ်တွေက မငြိုမငြင်ပင် ကျွေးထား
သည်။ မယုံကြည်တို့ ညီအစ်ကိုမောင်နှမတစ်သိုက်တို့ စေတနာကို သိရသော
အခါမှ ကိုကျော်မှူးက သူ့ဇာတိအကြောင်းကို အတိအလင်း ဖွင့်ပြောပြသည်



ကိုကျော်မှူးကား မိုးကုတ်မြို့မှ ကျောက်ကုန်သည် သူဌေး၏ တစ်ဦး
တည်းသော သားတစ်ယောက် ဖြစ်သည်။ မိဘတွေ မရှိတော့သည့်နောက်
အမွေပစ္စည်း မြောက်မြားစွာဖြင့် နောက်လိုက်ရှင်းပြီး ချမ်းသာကြွယ်ဝသော
ကိုကျော်မှူးကို မိန်းမတွေက များစွာ မျက်စိကျနေကြသည်။ လူကို မမက်ဘဲ
ပစ္စည်းကိုသာ ကြည့်ကြသော မိန်းမမျိုးတွေကို ကိုကျော်မှူး အလွန်မုန်းသည်။
ထို့ကြောင့် တကယ့် မေတ္တာစစ်ဖြင့် ချစ်မည့်မိန်းမကိုသာ ဘဝကြင်ဖော်ပြုလို
သော ကိုကျော်မှူးသည် ယခုလို အလုပ်အကိုင် မရှိသော၊ မထင်ရှားသော
လူတစ်ယောက်အသွင်ဖြင့် ဖူးစာရှင် ရှာရင်း ခရီးထွက်လာခဲ့ရာမှ ရေပြာအိုင်
ရွာသို့ ရောက်လာခဲ့သည်။
စရောက်သည့်နေ့မှာ ကိုဘအေးတို့ဆိုင်တွင် ထမင်းစားနေခိုက် ဈေး
ဆိုင်တန်းသို့ ဈေးဝယ်လာသော မယုံကြည်ကို ကံအားလျော်စွာ မြင်လိုက်သည်။
မယုံကြည်၏ ကျက်သရေရှိသော မျက်နှာကို ကိုကျော်မှူး မျက်လုံးထဲမှာ
ပျောက်၍ မရနိုင်အောင် ဖြစ်သွားသောအခါ မယုံကြည်၏ စိတ်သဘောထား
နှင့် မေတ္တာကို မှတ်ကျောက်တင် စမ်းသပ်ရန် စိတ်ကူးလိုက်သည်။
မယုံကြည်ကို ကြံဖန် အသိအကျွမ်း မိတ်ဆွေဖွဲ့ပြီး တစ်ယောက်နှင့်
တစ်ယောက် ရင်းရင်းနှီးနှီး စကားပြောနိုင်သည့်အခြေ ရောက်သောအခါ ကိုကျော်မှူး
က သူ့မေတ္တာကို ဖွင့်ဟသည်။ မယုံကြည်က သုံးလေးလမျှ အကဲခတ်နေ
သေးသည်။ ကိုကျော်မှူး၏ နေထိုင်ပြောဆို ဆက်ဆံပုံတွေက တည်တည်
ကြည်ကြည်ဖြင့် မိကောင်းဖခင်သား ပီသသည့် အချက်အလက်တွေကို တွေ့
ရသောအခါ မယုံကြည်သည် ကိုကျော်မှူး မေတ္တာကို လက်ခံလိုက်ခြင်း ဖြစ်
သည်။ လက်ထပ်ပြီးသည့်နောက် မယုံကြည်တို့ ညီအစ်ကိုမောင်နှမတွေ၏
စိတ်သဘောထားကို သိရသောအခါ ကိုကျော်မှူးသည် သူ့ဇာတိကို ဖွင့်ဟ
ပြောပြလိုက်ခြင်း ဖြစ်သည်။
ထို့နောက်တွင်ကား သစ်တစ်ပင်ကောင်းတော့ ငှက်တစ်သောင်း ခိုရ
သည်ဟူသော စကားအတိုင်း ကျောက်ကုန်သည် သူဌေးကတော် ဖြစ်သွားသော
မယုံကြည်၏ အရိပ်အာဝါသမှာ ညီအစ်ကိုမောင်နှမတစ်သိုက်လုံး ခိုမှီကြသည်။
ကိုကျော်မှူးက မိုးကုတ်ကို မပြန်တော့ချေ။ ညီအစ်ကိုမောင်နှမတစ်တွေနှင့်
အတူ ယောဇဉ်ကြီးလွန်းသော မယုံကြည်၏ အလိုကို လိုက်ကာ ဤရွာမှာပင်
အခြေစိုက်လိုက်သည်။ ရွာကလည်း စည်ကားပြန့်ပြောချိန်၊ ရွာသူရွာသားတွေ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ညီညွတ်ချိန် ဖြစ်သောကြောင့် ကိုကျော်မှူးလို ချမ်းသာသူတစ်ယောက် အဖို့ စိုးရိမ်စရာ မရှိချေ။

မယုံကြည်တို့ ညီအစ်မတစ်တွေ၏ မိဘလက်ထက်က အိမ်ကြီးမှာ မီးလောင်သွားခဲ့သည် ဖြစ်သောကြောင့် ကိုကျော်မှူးနှင့် မယုံကြည် လက်ထပ် သည့်အချိန်မှာ ဖြစ်သလို ဆောက်ထားသော တဲသာသာ အိမ်ငယ်လေးမျှသာ ဖြစ်သည်။

ယခု ကိုကျော်မှူးက ဤရွာမှာ အခြေစိုက်လိုက်သောအခါ မရီးနှင့် ခယ်မများ နေထိုင်ရန် အိမ်တစ်လုံး သတ်သတ် ဆောက်ပေးသည်။ မယုံကြည် ၏မောင်အထွေး ယောက်ဖလေးကို ပညာသင်ပေးသည်။ သို့သော် ပညာကို စိတ်မဝင်စားသော ယောက်ဖလေးက အသက်ငယ်ငယ်ဖြင့် မိန်းမယူလိုက် သောအခါ ယောက်ဖလေးအတွက် ကိုကျော်မှူးက လယ်မြေဧကတစ်စိတ် ဝယ်ပေးသည်။ လှည်း၊ နွား၊ ထွန်၊ ထယ်မှ စပြီး တောအလိုက်ဘာဝ လုပ် ကိုင်စားစရာ ပစ္စည်းအစုံ ဝယ်ပေးထူထောင်ပေးလိုက်၏။

အိမ်ထောင်မရှိသော ခယ်မနှင့် မရီးတွေကို အစ်မအရင်း၊ ညီမအရင်း လို သဘောထားကာ စားကောင်းသောက်ဖွယ် အဝတ်အထည်မှစပြီး ကြုံတိုင်း ဝယ်ပေးခဲ့သည်။ ယောက်ဖအကြီးဆုံးကိုလည်း တတ်နိုင်သလောက် မငြိုမငြင် ပေးကမ်းထောက်ပံ့ခဲ့သည်။ ဝတ္တရားသိသော၊ သဘောကောင်းသော၊ ရက်ရော သော ခင်ပွန်းသည်အတွက် မယုံကြည် ကျေနပ်လိုက်သည့် ဖြစ်ခြင်း။

သို့သော် မယုံကြည် တစ်ခု စိတ်ညစ်နေသည်က အစ်ကိုနှင့် မောင် အတွက် ဖြစ်သည်။ ကိုကျော်မှူး သဘောကောင်းတိုင်း၊ ရက်ရောတိုင်း၊ လက် လွယ်တိုင်း အစ်ကိုနှင့်မောင်သည် အားမနာတမ်း ညှဉ်းဆဲနေကြသည်။ အစ်ကို ထက် မောင်က ပိုပြီး ငွေကြေးကို ဖြုန်းတီးသည်။ အားမနာတမ်း ပိုက်ဆံ တောင်းသည်။ တောင်းတိုင်းလည်း ကိုကျော်မှူးက လက်မတားဘဲ ပေးနေ သည်။ မောင်ငယ်သည် ကိုကျော်မှူးထံကသာ တောင်းသည် မဟုတ်၊ မယုံကြည် ထံကလည်း မနားတမ်း တောင်းနေသည်။ လင် မသိအောင် မယုံကြည်က တိတ်တိတ် ကျိတ်ပေးရင်း-

"နင်တို့ တော်ရုံသဖြင့်လည်း ညှဉ်းဆဲကြပါဟယ်။ ဒီအကောင် သဘောကောင်းတယ်၊ လုပ်သမျှ ခံတယ်ဆိုပြီး ဖိနှိပ်နေကြတာ စိတ်နှလုံးကြည် လင်တုန်းဆိုရင် ကိစ္စမရှိဘူး၊ လူ့စိတ်ဆိုတာ အခန့်မသင့်တဲ့အချိန်နဲ့ ကြုံကြိုက် ရင်၊ စိတ်လက်မကြည်လင်ခိုက်နဲ့ ကြုံရင် ပြောစရာဖြစ်သွားမယ်"



ဟု သတိပေးမိသည်။ ထိုအခါ အစ်ကိုကြီးဖြစ်သူက ဤသို့ သတိ ပေးသည်ကို သဘောမကျ။ ကျော်မှူးက ကောင်းရက်သားနဲ့ နင်က ဖြစ်နေ လိုက်တာဟူသော သဘောဖြင့် မျက်စောင်းထိုးသည်။ စိတ်ဆိုးသည်။ မောင် ဖြစ်သူကမူ ဤသို့ ပြောရပါမည်လားဟု သူ့ထက်အငယ်သာဖြစ်လျှင် လက် သီးဖြင့် ထိုးလေမည်လား၊ ပါးရိုက်လေမည်လား မသိသော မျက်နှာထားဖြင့် မယုံကြည်ကို စေ့စေ့ကြည့်သည်။ အစ်ကိုရော၊ အစ်မတွေရော၊ ညီမတွေ ရော၊ မောင်ရော မယုံကြည်ပစ္စည်း ဆိုလျှင် ပြောဆိုခြင်း၊ ခွင့်ပန်ခြင်း ဆိုသည် မှာ သူတို့အဖို့ လုပ်ကောင်းသောအရာ မဟုတ်ချေ။ သဘောအတိုင်း ခြယ်လှယ် ကြ၊ ဖြုန်းတီးကြသည်ကို မယုံကြည် အမှတ်အနှာ မထားခဲ့၊ ခွင့်လွှတ်ခဲ့သည်။ သည်းခံခဲ့သည်။

ဤအတွင်းမှာ မယုံကြည်၏ ညီမက အိမ်ထောင်ပြုလိုက်သည်။ ညီမဖြစ်သူ အိမ်ထောင်က မယုံကြည်လောက် ပစ္စည်းအင်အား တောင့်တင်း ခြင်း မရှိချေ။ မယုံကြည်သည် လင် မသိအောင် ညီမကို ဖို့ရပြန်သည်။

ညီမ၏ခင်ပွန်းက အစီးသမား၊ အကျောသမား။ သူ့ပစ္စည်းကို မယား အားကိုး တစ်ပြားတစ်ချပ်မျှ အနှာမခံ၊ မပေး။ သို့သော် နှုတ်ကမူ အလွန်ချို သည်။ မရီးတွေ၊ ယောက်ဖတွေ ချစ်အောင်၊ သနားအောင် ချွဲတတ်၊ ပြော တတ်သည်။ အလိမ္မာကြီးလွန်းသည်။ ကိုကျော်မှူးက လူဖြောင့်စိတ်တို၊ နှုတ် ချိုချေ။ ဤတွင် ညီမခင်ပွန်းက တစ်ပန်းသာသွားပြီ ဖြစ်သည်။

အစ်ကိုရော၊ မောင်ရော၊ အစ်မတွေရော အားလုံး ညီမဖနီးမောင်နှံ သက်သားတွေ ဖြစ်သွားကြလေပြီ။ ထိုအခါ သူတို့နှုတ်မှ-

"ကျော်မှူးနဲ့ ယုံကြည်တို့က တို့အားလုံးကို တာဝန်ယူနေရတယ်၊ ပေးကမ်းထောက်ပံ့ထားရတယ် ဆိုပြီး သိပ် လူဝါးဝတယ်၊ သင်းတို့ လူဝါးဝလို့ တို့ကလည်း သောက်ရေး မစိုက်ပါဘူး"

ဟူသော လေသံတွေ ထွက်လာသည်။ ပေးရ၊ ကမ်းရလွန်း၍ မောနေ ပန်းနေပြီ ဖြစ်သည့် မယုံကြည်သည် သူတို့ ဇနီးမောင်နှံအပေါ်မှာ အရှုအရော ရော၊ လေသံရော၊ စိတ်ထားရော တစ်မျိုး ဖြစ်သွားကြသည့် ညီအစ်ကိုမောင် နှမတွေအတွက် အကြီးအကျယ် စိတ်ဆင်းရဲမိသည်။ သူတို့ နိုင်ထက်စီးနင်း ပြောချင်ရာကို မထောက်မညှာ ပြောကြသည်ကို မယုံကြည် နားမထောင် တောင်းသည်။ မခံနိုင်လွန်း၍ မယုံကြည်က ပြန်လည်ချေပ ပြောဆိုလိုက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုမောင်နှမတွေ အားလုံးထဲမှာ အပြည့်စုံဆုံး၊ အချမ်းသာဆုံး ဖြစ်သော ကြောင့် ဘယ်သူက ဘာပြောပြော ပြန်မပြောရ၊ အနာခံရမည်၊ ငုံ့ခံရမည်။ ပြန်ပြောလျှင် မယုံကြည်ကိုသာ အပြစ်တင်ကြ၏။ အဆိုး ဆိုကြ၏။

ဤသို့ဖြင့် ညီအစ်ကိုမောင်နှမတွေ ညှဉ်းဆဲကြလွန်း၍ ငွေကြေး တော်တော်ကျပ်တည်းသည့် အခြေအနေအရောက်တွင် ကိုကျော့်မှူးသည် ကျန်းမာရေး ချို့ယွင်းလာခဲ့သည်။ ငွေကြေး မချောင်လည်သည့်အခိုက် ဖြစ် သောကြောင့် နင့်နေအောင် ပေးကမ်းထားခဲ့၊ ဖို့ထားခဲ့သော ညီအစ်ကိုမောင်နှမ တွေကို မယုံကြည်က အားကိုးတကြီးဖြင့် ငွေကြေးအကူအညီ အနည်းအကျဉ်း ရလိုရငြား မျက်ရည်သွယ်ကျဖြင့် ပြောကြည့်သည်။ ညီမနှင့် မတ်က မျက်နှာ လွှဲနေသည်။ အစ်ကိုကြီးက ထိုစကားကို နားမထောင်။ မောင်ဖြစ်သူကမူ-

''လာမိရင် စိတ်မချမ်းသာစရာပဲ ဆီးပြောနေတာပဲ၊ မကြားချင်ဘူး''

ဟူသော စိမ်းကား ပစ်ခါလှသော လေသံကိုသုံးကာ အလျှင်းဖယ် မလာတော့ချေ။

''ညီအစ်ကို မောင်နှမတွေထဲမှာ သင်း အညှဉ်းဆဲဆုံး၊ သင်း အဖြစ် တီးဆုံး၊ အခုတော့ သင်းကျေးဇူးအကန်းဆုံးဟဲ့''

လင် ကြားမည်စိုးသောကြောင့် မယုံကြည်က တိတ်တဆိတ် ကျိတ် ပြောပြီး ငိုသည်။ မယုံကြည်အနားမှာ အားပေးဖြေသိမ့်မည့်သူဟူ၍ အိမ်ဖော် မလေး အုံးမယ်သာ ရှိသည်။ အုံးမယ်ကား မယုံကြည်ထက် လေး၊ ငါးနှစ်ငယ် သာ ငယ်သည်။ ကလေးနှစ်ယောက်မိခင် မုဆိုးမ ဖြစ်သည်။ လင်ရော၊ သား နှစ်ယောက်ရော ကျောက်ရောဂါဖြင့် ဆက်တိုက် သေဆုံးသွားခဲ့စဉ်က ငွေကြေး ထုတ်ကာ ကူညီခဲ့သော မယုံကြည်ကို ကျေးဇူးတင်သောကြောင့် မယုံကြည် ခိုင်းစရာရှိ၍ ခေါ်လျှင် အချိန်မရွေး လာသည်။ မိဘနှစ်ပါးလုံး ရှိကြသော်လည်း အိုမင်းမစွမ်း ဖြစ်သောကြောင့် အုံးမယ်သည် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ကျွေး နေရသူ ဖြစ်သည်။

''မငိုပါနဲ့ အစ်မရယ်၊ ကျေးဇူးရှိမှ ကျေးဇူးစွပ်တယ်ဆိုတာ အစ်မလည်း သိသားပဲ''

အုံးမယ်က သူ တတ်သရွေ့ မှတ်သရွေ့ စကားဖြင့် ဖြေသိမ့်သည်။ ထို့နောက်-

''ကျွန်မ အိမ်ပေါ်ထပ် တံမြက်သွားလှည်းလိုက်ဦးမယ်''



ဟု ဆိုကာ အုံးမယ်က အိမ်ပေါ်ထပ် တက်သွားသည်။

အိမ်ကြီးက ကြီးလွန်းသည်။ ကိုကျော့်မှူးက သူဌေးပီပီ နေခဲ့သူ ဖြစ် သောကြောင့် အိမ်ကြီးကိုလည်း ပထမတန်းစား သစ်များဖြင့် ထုကြီး ထည်ကြီး ဆောက်ထားသည်ဖြစ်ရာ လုပခံ့ညားရုံသာမဟုတ်၊ တော်ရုံ လူဆိုး၊ သူခိုးတို့ ချိုးဖောက်ဝင်ရန်ပင် မလွယ်ချေ။

''ဒီအိမ်ကြီးကို ရောင်းပြီး ငွေဖြစ်အောင်လုပ်ရ ကောင်းလေမည်လား''

ဟု မယုံကြည်က စိတ်ကူးလိုက်မိသည်။

မယုံကြည် လက်ထဲမှာ အတွင်းပစ္စည်းတွေ မရှိတော့ချေ။ ထိုသို့ မရှိကြောင်း ပြောသည်ကို ညီအစ်ကိုမောင်နှမများက မယုံကြ။ သူတို့ကို ပေးရမှာ စိုးရိမ်သောကြောင့် မရှိဟန်ဆောင်ပြီး သိုဝှက်ထားသည်ဟု ထင်နေ ကြသည်။

အစ်မအကြီးဆုံးက-

''နင့်မှာ ဘာတွေ ရှိသေးလဲ''

ဟု မကြာခဏ မေးတတ်သည်။ မောင်အငယ်ဆုံးကမူ-

''ခင်ဗျားမှာ စိန်တွေ ဘယ်လောက် များနေပြီလဲ၊ ရွှေတွေ ဘယ် နှပိဿာ ရှိနေပြီလဲ''

ဟု ထေ့သ ငေါ့သဖြင့် မေးတတ်သည်။ ရွှေကျောင်းပြောင်ပြောင် ဆွမ်းခေါင်ခေါင် ဖြစ်နေသော မယုံကြည်အဖြစ်ကို သူတို့ မယုံကြချေ။

နောက်ဆုံးအချိန်တွင်ကား ပြုထားခဲ့သမျှ ကျေးဇူးတွေကို အားလုံး မေ့ကာ လူ့ဝါးဝတဲ့အကောင်၊ မိုက်ရိုင်းတဲ့အကောင် ဟူသော စွပ်စွဲချက်တွေကို ခံယူပြီး ကိုကျော့်မှူးတစ်ယောက် လူ့လောကမှ ထွက်ခွာသွားခဲ့လေပြီ။

မယုံကြည်၏ ညီအစ်ကို မောင်နှမတွေကား ကိုကျော့်မှူးနှင့် မယုံကြည် ကို သူတို့စာရင်းထဲက ပယ်ထားခဲ့သည်မှာ ကြာပြီ ဖြစ်သောကြောင့် သူတို့အဖို့ ကိုကျော့်မှူး သေဆုံးသည်မှာ ဘာမှ အကြောင်းမထူးချေ။

ကိုကျော့်မှူးနှင့် မယုံကြည်တို့ ပေးကမ်းထောက်ပံ့ထားခဲ့ရကြောင့် အထုပ်အထည်လေးတွေကိုယ်စီ ဖြစ်နေကြပြီဖြစ်သော အစ်မများနှင့် မောင်က သူတို့ စေတနာအလျောက် ညီမငယ် ဓနီးမောင်နှံအပေါ် မျှော်ရှုသည်။ ညီမ ဓနီးမောင်နှံကလည်း ယခင်က သူတို့က ပေးရိုးနိုး သွားရိုးနိုးမြင်မှတ်မှာ ထားလာခဲ့သော အစ်မများနှင့် မောင်ငယ်ကို ရှူးရှူးရှတ်ထားကြသည်။

www.burmeseclassic.com



ဆေးပေးမီးယူ ပြုစုသူ သွေးသားအရင်းအချာ မရှိဘဲ ကျန်းမာရေး ချွတ်ယွင်းလာသော မယုံကြည်အဖြစ်ကို သူတို့အားလုံး ကောင်းကောင်းသိကြ သည်။ သို့သော် အားပါးတရ နိုင်ထက်စီးနင်း ယူငင်စားသောက် ဖြုန်းတီး ထားခဲ့ရာမှ နောက်ထပ် မယုံကြည်ထံမှ ထွက်မည့် မဟုတ်တော့ကြောင်း စဉ်းစားမိကြသော ညီအစ်ကိုမောင်နှမများသည် မယုံကြည်ကို လာရောက် ကြည့်ရှုခြင်း၊ မေးမြန်းကြည့်ရှုခြင်း မရှိ။ အုံးမယ်တစ်ယောက်သာလျှင် မီးဖို ဖအိုအတွက် တပင်တပန်း ရှာဖွေလုပ်ကိုင် ပြီးစီးလျှင် မယုံကြည်ထံသို့ ဆော ကြီးပန်းကြီး ရောက်လာကာ အညစ်အကြေးကအစ အောက်ခြေသိမ်း ပြုစု လုပ်ကိုင်ပေးရှာသည်။

"အုံးမယ်… နင်လာပြီး ပြုစုလုပ်ကိုင်ပေးတာတော့ ဟုတ်ပါရဲ့ အရင်တုန်းကလို နင့်ကို ပေးနိုင်ကမ်းနိုင်တဲ့ အင်အား ငါ့မှာ မရှိတော့ဘူး အုံးမယ် ငါ့ထမင်းတစ်ဝမ်းတောင် အနိုင်နိုင် အလျှဉ်မီအောင် ချွေတာစားနေရတာ နင့်ကို အားနာတယ်"

မယုံကြည်က စိတ်မကောင်းစွာ ပြောသောအခါ အုံးမယ်က ကြည် ကြည်လင်လင် ပြုံးရယ်ပြီး ပြန်ပြောသည်။

"ကျွန်မ လာလုပ်ပေးနေတာ အစ်မဆီက ရစိုးနိုး မျှော်လင့်လို့ မဟုတ် ပါဘူး အစ်မရယ်၊ ကျွန်မအပေါ်မှာ အစ်မ ပြုစုထားတဲ့ ကျေးဇူးက ပေးဆပ် မကုန်နိုင်ဘူးလို့ အောက်မေ့ပါတယ်"

မဖြစ်စလောက် ပေးခဲ့သည့် အကူအညီလေးကို မမေ့နိုင်ဘဲ ကျေးဇူး သိသူ အုံးမယ်ကို ကြည့်ရင်း မယုံကြည်သည် သူ့ညီအစ်ကိုမောင်နှမတွေကို ပြန်တွေးမိကာ စိတ်ထဲမှာ မည်သို့ခံစားရသည်ကိုပင် မပြောတတ်အောင် ဖြစ် သွားသည်။

ထိုအခိုက် ဧည့်သည်တစ်ယောက် ရောက်လာသည်။ မယုံကြည်က မေးမြန်းသောအခါ ထိုဧည့်သည်သည် ကိုကျော်မှူး မိဘများ ရှိစဉ်ကပင် သား လို မွေးစားထားခဲ့သော ကိုကျော်မှူး၏ အစ်ကိုအဖြစ် နေခဲ့သည့် ကျောက် ကုန်သည်တစ်ယောက် ဖြစ်ကြောင်း သိရသည်။

မယုံကြည်သည် ကိုကျော်မှူးဇနီး ဖြစ်ကြောင်း သိရသောအခါ ကျောက်ကုန်သည်က ပြောပြသည်။

"အေး၊ ငါလည်း လာမယ် လာမယ်နဲ့ ညီဆုံးကြောင်း သတင်းကြား မှပဲ ရောက်ဖြစ်တာပဲ၊ မောင်ကျော်မှူးက မိန်းမဇာတိရပ်ရွာမှာပဲ အခြေစိုက်



ဆိုပြီး ပစ္စည်းတွေ သိမ်းယူသွားစဉ်က နေခဲ့တဲ့ အိမ်ကြီး ကျန်ရစ်ခဲ့တယ်။ သေသေသာမျိုးနဲ့ ဝယ်ထားတဲ့ ကျောက်စိမ်းအရိုင်းတုံးကြီးတစ်တုံး ကျန် ခဲ့တယ်။ တို့ညီအစ်ကို ပစ္စည်းခွဲတော့ အိမ်ကြီးကို ငါ့ကို ပေးသွားတယ်။ ကျောက်ရိုင်းတုံးကြီးကိုလည်း ကံတရားအတိုင်းပဲ အစ်ကို ယူတော့ ဆိုပြီး ငါ့ကို ပေးသွားတယ်။ ငါ ခွဲလိုက်တော့ အထဲက အင်မတန် အရည်ကောင်းတဲ့ ဖြစ်နေတယ်။ အဲဒါ နိုင်ငံခြားကို ငါ သွားရောင်းခဲ့တာ၊ အခု ပြန်လာတော့ မောင်ကျော်မှူး ဆုံးကြောင်း သတင်းကြားရတယ်လေ။ ဟောဒါ- မြတွေ ရောင်းလို့ ရတဲ့အထဲက ငါ့ညီမဖို့ ဝယ်လာတဲ့ လက်ဆောင်ပဲ။ မောင်ကျော်မှူး တွေ ကျေးဇူး ငါ့မှာ ရှိခဲ့တယ် ဟုတ်လား၊ ငါ အကုန်မစားပါဘူး၊ ငါ့ညီ အတွက် ပေးမှာလေ"

ကိုကျော်မှူး အစ်ကိုဆိုသူ ဧည့်သည်က ပြောပြီး သူ ကိုင်လာသော သားရေအိတ်ကို သော့ဖွင့်ပြီး အထုပ်တစ်ခုကို ယူထုတ်လိုက်သည်။ အထုပ်ကို ဖြေပြသောအခါ ငါးမူးသားစီး ရွှေဒင်္ဂါး နှစ်ဆယ့်ငါးပြား၊ အရည် ကောင်းလှသော မြလက်စွပ် တစ်ကွင်းနှင့် ရာတန်ငွေစက္ကူအုပ် တစ်သောင်း ကို တွေ့ရသည်။

မယုံကြည်သည် အားကိုးရာမဲ့ဘဝမှာ ယခုလို သူတော်ကောင်းစိတ် ရှိသောသူကို တွေ့ရသောအခါ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ သွားလေသူ ခင်ပွန်းကို လွမ်းဆွတ်အောက်မေ့ခြင်းတို့ကြောင့် နှုတ်က စကားသံမထွက်နိုင် အောင် ဖြစ်ကာ မျက်ရည်သာ ဖြိုင်ဖြိုင်ကျနေရှာသည်။

"တရားနဲ့ဖြေပေါ့ ငါ့ညီမ၊ ငါ ကြာကြာမနေနိုင်ဘူး၊ အခု ပြန်မယ်၊ ဆောင်ရွက်စရာကိစ္စတွေ ရှိသေးတယ်"

ဧည့်သည်က ပြောပြောဆိုဆို ပြန်သွားသည်။

ထိုအချိန်မှာ အုံးမယ်သည် အနားမှာ မရှိချေ။ ဧည့်သည်လာလျှင် ကြည့်နေခြင်း၊ စကားဝင်ပြောခြင်း စသည်များကို အုံးမယ် မလုပ်တတ်။ အလုပ်ရှိရာ အိမ်ပေါ်ထပ်တွင် လှည်းကျင်း သုတ်သင်နေသည်။ ထို့ကြောင့် ယုံကြည်က အုံးမယ် မမြင်မီ ပစ္စည်းတွေယူပြီး သိမ်းထားလိုက်သည်။

မယုံကြည်သည် ညီအစ်ကို မောင်နှမတွေ ဇာတိရပ် ပြစ်ပြုလာ ချိန်မှာ ပေးကမ်းထောက်ပံ့ခြင်းကို အရှိန်သတ်လိုက်ပြီး သူ့အဖို့ ကောင်းရာကောင်းကြောင်းဖြစ်အောင် တော်တော်များများဝင် လှုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အလှူ ကောင်းမှုတွေကို သူ ပြန်စဉ်းစားပြီး ကျေနပ်လောက်သည်ကို တွေ့ရသောအခါ စိတ်ထဲတွင် ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

မည်မျှပင် စိတ်ကို တင်းပါသော်လည်း အသွေးအသားဖြင့် ဖွဲ့စည်းထားသော ခန္ဓာကိုယ်သည် ဇရာ၊ ဗျာဓိ၊ မရဏ ဟူသော ရန်သူကို မတွန်းလှန်မခုခံနိုင်ချေ။ မယုံကြည်၏ ကျန်းမာရေး အခြေအနေသည် တစ်နေ့ထက် တစ်နေ့ ဆိုးဝါးလာခဲ့သည်။

''အုံးမယ်ရယ် ငါတစ်ယောက်တည်း နေလို့ မဖြစ်တော့ဘူး၊ နေ့ရော ညရော ငါ့အနားမှာ နေနိုင်ရင် နေပါ။ နင့်မိဘတွေ စားဖို့ သောက်ဖို့ ဟောဒီ သေတ္တာထဲက စောင်တွေ၊ ကော်ဇောတွေ ထုတ်ရောင်းပြီး ရတဲ့ပိုက်ဆံ ပေးထားခဲ့ပါ''

အစာပင် မဝင်တော့ပြီ ဖြစ်သော မယုံကြည် ပြောသောအခါ အုံးမယ်သည် စောင်တွေ၊ ကော်ဇောတွေကို မယူရက်အောင် ဖြစ်နေသည်။ သို့သော် ခက်ခဲနေသည်က မယုံကြည်အနားမှာ သူ ပြုစုနေလျှင် သူ့မိဘအိုဖအိုအတွက် စားစရာရှိမှ ဖြစ်ပေမည်။

''ယူလေ အုံးမယ်၊ ယူထုတ်သွားရောင်းချေ၊ ငွေမြန်မြန်ဖြစ် ပြီးရော ရသလောက်နဲ့ ရောင်းခဲ့''

ငိုင်တွေရပ်နေသော အုံးမယ်ကို မယုံကြည်က တိုက်တွန်းလိုက်သည်။ မယုံကြည်အတွက်ကလည်း အနားမှာ သူ ရှိမှ ဖြစ်မည်။ အုံးမယ်သည် လည်လာသော မျက်ရည်ကို မျက်တောင် တဖျပ်ဖျပ်ခတ် ထိန်းပြီး သေတ္တာကိုဖွင့်ကာ စောင်တွေ၊ ကော်ဇောတွေကို ယူထုတ်ပြီး ချက်ချင်း ငွေထုတ်နိုင်သော ကိုဘအေး ထမင်းဆိုင်ကို ပို့လိုက်ရသည်။

နေ့ရော ညပါ အုံးမယ်၏ ကြင်နာယုယစွာ ပြုစုခြင်းကို မယုံကြည် ရခဲ့သည်မှာ ငါးရက်တိတိ ကြာခဲ့ပြီ။ ထိုအချိန်အတွင်းမှာ မယုံကြည်၏ ညီအစ်ကိုမောင်နှမများသည် မည်သူမျှ လာရောက်ကြည့်ရှုခြင်း မရှိကြချေ။ ခြောက်ရက်မြောက်သောနေ့ မွန်းတည့်ချိန် ရောက်သောအခါ မယုံကြည်က ရွာဦးကျောင်းဆရာတော် ဘုန်းတော်ကြီးကို လည်းကောင်း၊ ရပ်ရွာလူကြီးများကို လည်းကောင်း သွားခေါ်ရန် အုံးမယ်ကို ခိုင်းလိုက်သည်။ ဘုန်းတော်ကြီးနှင့် လူကြီးတွေ ရောက်လာသောအခါ မယုံကြည်က သူ့ဦးခေါင်းရင်းဘက်မှာ ဘုန်းတော်ကြီးကို နေရာပေးသည်။ ရပ်ရွာလူကြီးတွေကို ရှေ့မှာ နေရာပေးသည်။



မယုံကြည်ထံ ရောက်နေကြသော ဘုန်းတော်ကြီးရော၊ လူတွေရော၊ အုံးမယ်ရော မယုံကြည် အခြေအနေကို သိကြသည်။ မယုံကြည် အလွန်ဆိုးနေရပါမှ ညဦးပိုင်းလောက်သာ အသက်ရှင်တော့မည်ကို သိကြသည်။ အုံးမယ်ကား အသံမထွက်အောင် ထိန်းထားလင့်ကစား မျက်ရည်တွေက တားဆီးမရအောင် ကျနေသည်။

''အုံးမယ်၊ ငါ့နားမှာ ကပ်နေ''

မယုံကြည်က ပြောသဖြင့် အုံးမယ်က မျက်ရည်သုတ်ပြီး မယုံကြည်အနားမှာ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်လိုက်ကာ မယုံကြည်၏ သွေးဆုတ်စပြုနေသော ခြေဖဝါးကို ကြင်နာသနားစွာ လက်ဖြင့် ဆုပ်ထားသည်။

''မယုံကြည်ရဲ့ ညီအစ်ကိုမောင်နှမတွေကို ခေါ်ဦးမလား''

ရပ်ရွာလူကြီးတစ်ယောက်က မေးလိုက်သည်။

''ကျွန်မ ဘာဖြစ်နေတယ် ဆိုတာ သူတို့ သိကြသားပဲ၊ မလာချင်လို့ မလာဘဲ နေသူတွေကို မခေါ်လိုတော့ပါဘူး''

မယုံကြည်က ကြေကွဲသောအသံဖြင့် ပြောသည်။ သို့သော် ကြားထဲက စိတ်မကောင်းဖြစ်နေသူတစ်ဦးက မနေနိုင် မထိုင်နိုင် သွားခေါ်သောကြောင့် မယုံကြည်၏ ညီအစ်ကိုမောင်နှမတွေ အားလုံးရော မယုံကြည်၏ မတ်ပါ လိုက်လာသည်။ သွားခေါ်သူက ခေါ်၍ လိုက်လာကြစေကာမူ သူတို့ အမူအရာသည် ကြင်နာဟန် မရှိကြချေ။ လူတွေရှေ့မှာ အစ်မတစ်ယောက်က ဟန်ဆောင်အမူအရာဖြင့် ဗျာပျာသလဲ မေးမြန်းသည်။ မောင်လုပ်သူကမူ အလျှင်းပင် မမေးချေ။ သင့်လျော်သည့်နေရာမှာ ထိုင်နေကြသည်။ မယုံကြည်ကလည်း မေးသူကိုသာ ကြည့်ပြီး ပြန်ပြောလိုက်သည်။ ကျန်လူတွေကို ကြည့်လည်း မကြည့်မိ။

''ကျွန်မ သေရတော့မှာပါ၊ အလွန်ဆုံးနေလှရင် ဒီတစ်ညပေါ့။ ဒါကြောင့် ကျွန်မ မသေခင်မှာ စိတ်ဆန္ဒရှိသလိုလေး စီမံထားခဲ့ချင်လို့ ဆရာတော်ဘုရားနဲ့ ရပ်ရွာလူကြီးတွေကို ပင့်ခေါ်ရခြင်း ဖြစ်ပါတယ်''

မယုံကြည်က ခေါင်းရင်းဘက်မှာ ရှိနေသော ဘုန်းတော်ကြီးကို ညွှန်ပြပြီး လက်အုပ်ချီ လျှောက်ထားပြောကြားလိုက်သည်။

''ဘယ်လို စီမံချင်လဲ ပြော မယုံကြည်''

ရွာသူကြီးမင်းက မေးသည်။

မယုံကြည်သည် အုံးမယ်ကို ခေါ်ကာ သူ့ခေါင်းအုံးအောက်ကို လက်ဖြင့် ပြသည်။ အုံးမယ်က ဒူးတုပ်ပြီး ခေါင်းအုံးအောက်ကို နှိုက်ယူလိုက်သော

www.burmeseclassic.com

www.burmeseclassic.com



အခါ သော့တွဲ ပါလာသည်။ သော့တွဲတွင် သော့တစ်ချောင်းသာ ရှိသည်ကို တွေ့ရသည်။

"သူကြီးမင်းကို သော့တွဲ ပေးလိုက်ပါ။ သူကြီးမင်း ဟောဟို နံရံမှာ ကပ်ထားတဲ့ မီးခံသေတ္တာကို ဖွင့်ပေးပြီး အထဲက အထုပ်ကို ယူပေးပါရှင်"

မယုံကြည် ပြောသည့်အတိုင်း သူကြီးမင်းက သေတ္တာကို ဖွင့်ပြီး အထုပ်ကို ယူပေးသည်။

စိတ်ဆောင်နေသော မယုံကြည်က အုံးမယ် အထူအတွဲဖြင့် ထိုင်ကာ အုံးမယ်ကို မှီထားသည်။ အထုပ်ကို ကိုယ်တိုင် ဖွင့်သည်။ မယုံကြည်၏ ညီ အစ်ကိုမောင်နှမတွေသည် မျက်လုံးကို အစွမ်းကုန်ဖွင့်ကာ လှမ်းကြည့်ကြသည်။ အထုပ်ပြေသွားသောအခါ စိမ်းလဲ့နေသော မြလက်စွပ်သည် လည်းကောင်း၊ ဝင်းထိန်သော ရွှေဒင်္ဂါးတွေသည် လည်းကောင်း၊ ရာတန်ငွေစက္ကူ အထပ်ကြီး သည် လည်းကောင်း ထွက်ပေါ်လာသည်။

"ဟောဒီ ငွေတစ်သောင်းထဲက ရွာဦးကျောင်း ဆွမ်းစားဇရပ် ပြင်ဖို့ နှစ်ထောင့်ငါးရာ၊ ရွာစာသင်ကျောင်း ပြင်ဖို့ နှစ်ထောင့်ငါးရာ ကျွန်မ လှူတယ်။ ကျန်ငွေငါးထောင်ရယ်၊ ရွှေဒင်္ဂါးတွေ အားလုံးရယ်၊ မြလက်စွပ်ရယ် ဟောဒီ အိမ်ကြီးနဲ့ ခြံဝင်းရယ် အားလုံးကို ကျွန်မ ကျေးဇူးသိလို့ ကျွန်မရဲ့ မငြိုမငြင် ပြုစုနေတဲ့ အုံးမယ်ကို အားလုံး ပေးလိုက်ပါတယ်။ ကျွန်မ အသုဘ ကိုလည်း အုံးမယ်ပဲ တာဝန်ယူပြီး သင်္ဂြိုဟ်ပါ။ ကြွလာကြတဲ့ ဘုန်းတော်ကြီးနဲ့ ရပ်ရွာလူကြီးတွေ အားလုံးကို သက်သေထားပြီး ကျွန်မ ပစ္စည်းကို ကျွန်မ စိတ်အလို ရှိသလို ပေးကမ်းလှူဒါန်းခဲ့ခြင်း ဖြစ်ပါတယ်"

ထို့နောက် မယုံကြည် ညွှန်ကြားသည့်အတိုင်း ငွေငါးထောင်ကို ရွာသူကြီးမင်းလက်ထဲ ထည့်သည်။ ကျန်ပစ္စည်းတွေ အားလုံးကို မီးခံသေတ္တာ ထဲ ပြန်ထည့်သည်။ သော့ကို အုံးမယ်သို့ အပြီးအပိုင် ပေးအပ်လိုက်သည်။

"ဒီအတိုင်း လုပ်ချင်ရာ လုပ်သွားလို့လည်း မဖြစ်သေးဘူးလေ။ အမွေကို ခံယူရမယ့် သွေးသားအရင်းအချာ တို့တစ်တွေ အသက်ထင်ရှား ရှိရက်နဲ့ ဘာမှ မဆိုင်တဲ့ အုံးမယ် လက်ထဲ ရောက်သွားတာ မခံနိုင်ဘူး၊ တရားဥပဒေအရ ဆိုင်ရာက ပြောရလိမ့်မယ်"

မယုံကြည်၏ ညီအစ်ကိုမောင်နှမများသည် တစ်ယောက်တစ်ခွန်း ပြောကာ ဆွေ့ဆွေ့ခုန်နေကြသည်။ မယုံကြည်မှာ ဘာပစ္စည်းမှ မရှိတော့ဟု



ခင်ကာ ပစ်ထားခဲ့ကြရာမှ ယခု မထင်မှတ်ဘဲ ပစ္စည်းတွေ ရှိနေသေးကြောင်း တွေ့ရသောအခါ မရှုနိုင် မကယ်နိုင် ဖြစ်နေကြသည်။

"မြလက်စွပ်တစ်ကွင်းကကို နည်းတဲ့ တန်ဖိုးမှ မဟုတ်တာ"

တစ်ယောက်သောသူက မက်မောသောအသံဖြင့် ပြောလိုက်သည်။

မည်သို့ပင် ဖြစ်စေ မီးခံသေတ္တာက ပိတ်ပြီးပြီ။ အာမခံသော့ကြီးက အုံးမယ် လက်ထဲ ရောက်ပြီးနေပြီ။ ညနေလေးနာရီလောက်တွင်ကား မယုံကြည် တစ်ယောက် မည်သို့ပင် ကြီးမားသော မေတ္တာ၊ စေတနာ ထားကြလိမ့်မည်ဟု သူ ယုံကြည် ထားသော သူ့ညီအစ်ကိုမောင်နှမများနှင့် ဤဘဝတွင် မည်သည့်အခါမှ မတွေ့ ကြုံ၊ မဆုံနိုင်သည့် ဘဝတစ်ပါးသို့ ထွက်ခွာသွားရှာခဲ့လေပြီ။

ဈာပနကို သုံးရက်ထားပြီး အုံးမယ်သည် သူ့ကျေးဇူးရှင်ကို ကောင်းမွန်စွာ သင်္ဂြိုဟ်သည်။ ထို့နောက် အုံးမယ်က တစ်ဖက်၊ သွားလေသူ၏ ညီအစ်ကို မောင်နှမများကတစ်ဖက် အမွေမှု ဖြစ်ကြလေတော့သည်။

အဘွားကြီးက ခေတ္တနားလိုက်သည်။ အဘွားကြီး အမောပြေလောက် သောအခါ မခင်ရွှေက မေးလိုက်သည်။

"အမွေမှုမှာ ဘယ်သူနိုင်လဲ ဘွားဘွား"

"တို့လည်း အုံးမယ်ဘက်က မခံချင်လို့ သွားနားထောင်ကြတယ် လေ၊ မြို့မှာ စစ်တာကိုး၊ အမှုစစ်တဲ့ တရားသူကြီးက ဗမာစကားမွှတ်နေအောင် ပြောတတ်တဲ့ အင်္ဂလိပ်ကြီး ဆရာမလေးရဲ့၊ သူက ပြောတယ်လေ၊ ခင်ဗျားတို့ ဗုဒ္ဓဘာသာတရားတော်မှာ အတူနေ၊ နာရင်လည်း ပြုစုလုပ်ကျွေး၊ သေရင် လည်း သင်္ဂြိုဟ်ရတဲ့လူသာလျှင် သေသူရဲ့ အမွေကို ခံယူထိုက်တယ်လို့ ဆိုထား တယ် ဟုတ်လား၊ အခု လက်ရှိဥပဒေမှာလည်း သေသူက သက်သေအထင် အရှားနဲ့ သူ့သဘောအလျောက် ကြည်ဖြူစွာ ပေးသွားတယ် ဟုတ်လား၊ ဒါကြောင့် သေသူက လွှဲပြောင်းပေးသွားခြင်း ခံရသူ အုံးမယ်သာလျှင် ပစ္စည်းများကို ပိုင်ဆိုင်ရယူစေလို့ စီရင်ချက် ချလိုက်တယ်လေ၊ အုံးမယ် နိုင်သွားတာပေါ့"

အဘွားကြီး စကားအဆုံးတွင်-

"ကောင်းတယ်၊ ဝမ်းသာလိုက်တာ"

ဟု မခင်ရွှေက အားရပါးရ ပြောလိုက်ပြီး -

"စေတီအိုနားက ဇရပ်နဲ့ ကြေးကွင်းကြီး အကြောင်းတစ်ခါ ဘွားဘွား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆက်မေးလိုက်သည်။

“အင်း ဒါလား၊ မယုံကြည်ရဲ့ ညီအစ်ကိုမောင်နှမများက အခဲမကျေကြဘူးလေ၊ အုံးမယ်ခများမှာ သူ့ကို ရန်မူမှာစိုးတော့ အိမ်ကြီးကို ပေးတဲ့လူက ပေးသွားပေမယ့် မနေဝံ့ရှာဘူး၊ ဖျက်ပြီး စေတီအိုနားမှာ ဇရပ်ဆောက်၊ ငွေကုန်ခံ ကြေးကွင်းကြီးသွန်းပြီး ဇရပ်မျက်နှာကြက်မှာ ဆွဲ၊ စာတန်းထိုး၊ ပြီးတာနဲ့ တစ်ပြိုင်နက် မိအိုဖအိုခေါ်ပြီး မြို့ကို ပြောင်းသွားတော့တာပဲ”

အဘွားကြီးစကား ဆုံးသွားသောအခါ မခင်ရွှေက အဘွားကြီး၏ ခြေထောက်ကို နှိပ်နေရင်းမှ အထီးကျန်ဘဝဖြင့် အိပ်ရာထဲမှ လဲလျောင်းရင်း ဝေဒနာခံနေရရှာမည် ဖြစ်သော မယုံကြည် ဆိုသူကို စိတ်မှန်းဖြင့် တွေးကာ ထင်ယောင်မြင်ယောင် ဖြစ်ပြီး သနားလိုက်မိရင်း-

‘မယုံကြည်ဘဝက အထီးကျန်သလို ငါ့ဘဝလည်း အထီးကျန် ပါလား’ဟု တွေးကာ ငေးငိုင်သွားမိရှာလေသည်။

၁၉၇၅ ခုနှစ်၊ ဧပြီလ၊ သွေးသောက်မဂ္ဂဇင်း

■

## ရေပြာအိုင်မှ အဖြစ်ဆန်း

ဥပုသ်ဇရပ်မှ ပြန်လာကြပြီးသည် နောက်ဝယ် မခင်ရွှေသည် ဒေါ်အုံးမယ် ဆိုသူ ဆောက်လှူထားခဲ့သော ဇရပ်အိုမှ ကြေးကွင်းကြီးအကြောင်းကို စဉ်းစား ရင်း စိတ်ဝင်စားစရာတွေ များစွာ ရှိနေသော ရေပြာအိုင်ရွာကား မှတ်လောက် သားလောက်သော စာတစ်စောင်၊ ပေတစ်ဖွဲ့ပင် ဖြစ်နိုင်သည်ဟု ယူဆလိုက် မိသည်။

ထိုအခိုက် မခင်ရွှေနေသော အိမ်နှင့် သုံး၊ လေးအိမ်ကျော် ရှိသော အိမ်တစ်အိမ်မှ စီစီကျွက်ကျွက် ဆူဆူညံညံ အသံများကို ကြားရသည်။

“ဟိုအိမ် ဘာများ ဖြစ်ပါလိမ့်မလဲ၊ ငါ သွားလိုက်စမ်းမယ်”

အဘွားကြီး သမီးက ပြောရင်း အိမ်ပေါ်မှ ဆင်းသွားသောအခါ ရေပြာအိုင်နှင့် ပတ်သက်လျှင် စိတ်ဝင်စားစရာတွေသာ ဖြစ်တတ်ကြောင်း သတိပြုမိသော မခင်ရွှေက-

“ကျွန်မလည်း လိုက်မယ် အမေ၊ အဲဒီအိမ်မှာ ကျွန်မ တပည့် ကျောင်းသားလေးတစ်ယောက် ရှိနေတယ်”

ဟု ပြောပြောဆိုဆို အဘွားကြီးသမီးနောက်သို့ မီအောင် ဆင်းလိုက် သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စီစီကျွက်ကျွက်ဖြစ်နေသော အိမ်သို့ မခင်ရွှေတို့ ရောက်သွားသော အခါ အိမ်ရှေ့ခန်းတွင် အသက် ၁၃ နှစ်မျှရှိသော တပည့်ကျောင်းသားကလေး သည် ဖျာတစ်ချပ်ပေါ်မှာ မလှုပ်မယှက် ပက်လက်အနေအထား ဖြစ်နေသည် ကို မခင်ရွှေ တွေ့ရသည်။ သူ့တပည့်လေးဖြစ်သောကြောင့် မခင်ရွှေက စိတ်ပူ စွာဖြင့် အနားကပ်ပြီး ကြည့်လိုက်သည်။ သားသမီးများ၏ ဆရာမ ဟူသော လေးစားရှိသေစိတ်ဖြင့် ဝိုင်းအုံကြည့်နေကြသော လူတွေက မခင်ရွှေကို နေရာ ပေးသောအားဖြင့် နောက်သို့ ယို့လိုက်ကြသည်။

"ဘယ်လို ဖြစ်တာလဲ ဒေါ်ကြီး"

တပည့်ကျောင်းသားလေး၏ လက်ကို မခင်ရွှေက ကိုင်တွယ်ဆေး စမ်းရင်း တပည့်လေး၏ မိခင်ကို မေးလိုက်သည်။

"မပြောတတ်သေးပါဘူး ဆရာမလေးရယ်၊ သူတို့ သူငယ်ချင်းတွေ စုပြီး တောထဲကို ငှက်ပစ်သွားကြသတဲ့၊ အဲဒါ သစ်ပင်ကြီးတစ်ပင်အောက် ရောက်တော့ မောသေးတယ်ကွာ၊ အိပ်ဦးမယ်ဆိုပြီး အိပ်တယ်တဲ့၊ အိပ်ရာ နိုးလာတော့ မူးတယ်၊ ပြန်မယ် ဆိုပြီး ပြန်လာတော့ သူ့သူငယ်ချင်းလေးတွေ က အိမ်အရောက် လိုက်ပို့ကြတယ်၊ အိမ်ကိုလည်း ရောက်ရော လဲသွားတာ သတိမရတော့ဘူး"

တပည့်လေး၏ မိခင်က ပြောသောအခါ မခင်ရွှေက ပြန်မေးလိုက် သည်။

"တခြားကလေးတွေကော ဖြစ်ကြသေးလား"

"တခြားကလေးတွေ ဘယ်သူမှ မဖြစ်ဘူးတဲ့၊ သူတစ်ယောက်တည်း ဘာကြောင့် ထူးထူးခြားခြား ကွက်ပြီးဖြစ်လည်း မပြောတတ်ပါဘူး၊ ဆေးဆရာ ကြီးကိုတော့ ပင့်ခိုင်းလိုက်ပါတယ်"

မခင်ရွှေက ဘာမှ ပြန်မပြောဘဲ တပည့်လေး၏ရင်ကို စမ်းကြည့် သည်။ နှလုံးခုန်နှုန်းက မှန်မှန်ပင် ကောင်းမွန်နေသည်။ ခြေတွေ၊ လက်တွေ အေးပြီး ချွေးစေးတွေဖြင့် စေးထန်းထန်း ဖြစ်နေသည်။ မခင်ရွှေက သွေးဆေး တောင်းပြီး သွေးဆေးကို ကွမ်းရွက်ဖြင့်နယ်ကာ နှာခေါင်းဝမှာ တေ့ပေးကြည့် သည်။ ထူးခြားမှု မရှိချေ။ ခြေတွေ၊ လက်တွေကို ဆုပ်ပေးကြည့်သည်။ ချွေး များဖြင့် အေးစက်စေးထန်းနေသော ခြေ၊ လက်တွေက ပူနွေးလာခြင်း မရှိ၊ ခြောက်သွေ့လာခြင်း မရှိ။ တပည့်လေး၏ နား နားကိုကပ်ကာ မခင်ရွှေ



ညင်သာစွာ အသံပြုကြည့်သည်။ တပည့်လေးက ဘာမှ မထူးခြား။ သူ့ တပည့်ငယ်ကို တယုတယ တတ်သရွေ့ မှတ်သရွေ့ ပြုစုနေသော ကျောင်း ဆရာမလေးကို မိဘများက သနားကြည်ညိုခြင်း ဖြစ်နေကြသည်။

ထိုအခိုက်မှာ ပင့်ခိုင်းလိုက်သော ဆေးဆရာကြီးက ရောက်လာ သည်။ ဆရာကြီးကား အသက် ၅၀ ကျော်လောက် ရှိပေမည်။ ကြည်ညိုဖွယ် ကောင်းသော ဥပဓိရုပ်ဖြင့် သိမ်မွေ့ကြင်နာသော မျက်နှာထားမျိုးရှိကြောင်း မခင်ရွှေ အကဲခတ်မိသည်။

ဆရာကြီးသည် သူ့အတွက် ပြင်ထားသော နေရာမှာ မထိုင်သေးဘဲ သတိမေ့နေသူ သူငယ်လေး၏ ခေါင်းရင်းမှာ ထိုင်ကာ ဖော်ချာစွာ စူးစူးစိုက် စိုက် ကြည့်လိုက်၏။ ထို့နောက် ဖြစ်ပုံကို မေးမြန်းသိရပြီးသောအခါ သူငယ် လေး၏ ခြေနှင့်လက်ကို ကိုင်သည်ဆိုရုံမျှ ကိုင်လိုက်ပြီး သူငယ်လေး၏ မိဘ များထံမှ သူအလိုရှိသော ပစ္စည်းအချို့ကို တောင်းယူလိုက်သံကို ကြားရသော မခင်ရွှေသည် စိတ်ထဲက များစွာ အံ့ဩသွားမိသည်။

သို့သော် သူတို့'ရပ်ရွာဓလေ့တစ်ခု ဖြစ်လေမည်လား ဟူသော အတွေး ဖြင့် ဆိတ်ငြိမ်စွာသာ ကြည့်နေလိုက်သည်။ သူတို့ ဆေးကုပုံကလည်း အဆန်း ပါလားဟု ထင်နေသည်။

ထိုအခိုက် သူနေသည့် အိမ်ရှင်အဘွားကြီး ရေချိုးခန်းသွားရင်း ချော်လဲသွားကြောင်းကို အိမ်ပေါ်တက်လာသော အဒေါ်ကြီးတစ်ယောက်က ပြောသောကြောင့် မခင်ရွှေသည် ပြုစုသူ၊ မေးမြန်းသူတွေ ဝိုင်းအုံနေသော တပည့်လေးအတွက် သူပြုစုရန် မလိုဘဲ သူပြုစုရန်လိုသော အိမ်ရှင်အဘွား ကြီးထံ လျှင်မြန်စွာ ပြန်လာခဲ့သည်။ အဘွားကြီးသည် လဲသွားသည့်အတွက် နာသွားသည်မှအပ ဘာမှမဖြစ်သောကြောင့် မခင်ရွှေက စိတ်အေးသွားပြီး သူ့တပည့်လေးဖြစ်ပုံနှင့် ဆေးကုမည့် ဆရာကြီး အလိုရှိသော ပစ္စည်းများ အကြောင်းကို ပြောလိုက်သောအခါ အဘွားကြီးက ရယ်ပြီး -

"ဆရာမလေးကတော့ တို့ ရေပြာအိုင်ရွာနဲ့ပတ်သက်ပြီး ကြားရ သမျှ၊ သိရသမျှ၊ မြင်ရသမျှတွေကို အဆန်းတွေချည်း ထင်နေတယ်ထင် တယ်... ထွန်းမှန်တို့အကြောင်းများ သိလိုက်ရရင် အံ့ဩကုန်နိုင်ဖွယ် ဖြစ်သွား မှာပဲကွဲ့..."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သောအခါ မခင်ရွှေသည် အိမ်ဦးခန်း စားပွဲငယ်ပေါ်မှ တင်ထားသော သူ့ဖောင်တိန်နှင့် မှတ်တမ်းရေးသည့် စာရွက်တွေဆီကို မျက်လုံး ရောက်သွားရင်းက-

"သိပ်အံ့ဩစရာ ကောင်းတာပဲလား အဘွား၊ ပြောပြပါ"

ဟု တောင်းပန်လိုက်သည်။

"အင်း- ငါ စကားစလိုက်ရင် နားထောင်ချင်တော့မယ်ဆိုတာ ငါက အတပ်သိပြီးသားပါတော်"

ဟု အဘွားကြီးက ချစ်စနိုးပြောလိုက်ပြီး မခင်ရွှေ သိလိုသော ထွန်းမှန် အကြောင်းကို ပြောလိုက်သည်။

■

အသက် ၂၀ ကျော် အရွယ် ရှိပြီဖြစ်သော်လည်း သက်ကြီး ဝါကြီး ရွာသူရွာသားတွေက ကိုထွန်းမှန်ကို ငမှန်ဟုပင် ခေါ်စမှတ် ပြုကြသည်။ ကိုထွန်းမှန်ကား သဘောကောင်းသူ ဖြစ်သောကြောင့် သူ့ကို ဘယ်လိုပင် ခေါ်စေကာမူ စိတ်မဆိုးတတ်ချေ။ ကိုထွန်းမှန်ကား သဘောကောင်းသလောက် ပစ္စည်းချို့တဲ့ ဆင်းရဲရှာသူဖြစ်သည်။ အားကိုးအားထားပြုစရာ မိဘဆွေမျိုး အထောက်အခံကလည်း မရှိသောကြောင့် တစ်ဝမ်းတစ်ခါးအတွက် ပင်ပန်းစွာ ရှာဖွေနေရသူ ဖြစ်သည်။ သူ့တစ်ကိုယ်စာ တစ်ဝမ်းတစ်ခါးအတွက် ပင်ပန်းစွာ ရှာရသည် ဆိုသော်လည်း အခက်အခဲမရှိချေ။ ဝအောင်တော့ စားနေရသည်။ လုံအောင်တော့ ဖုံးနေရသည်။

သို့သော် ပုထုဇဉ်လူသားတစ်ယောက် ဖြစ်သော ကိုထွန်းမှန်ကား သူလိုပင် မိဘမဲ့၊ အားကိုးမဲ့သော ဘဝတူ မိန်းကလေးတစ်ယောက်နှင့် ရည်ငံသောအခါ မည်သူ့ထံမှလည်း ခွင့်တောင်းနေစရာ မလို၊ မင်္ဂလာဆောင်ကိစ္စအတွက် ငွေကုန်ခံစရာလည်း မလိုတော့ဘဲ "ကျွန်တော်တို့နှစ်ယောက် ဒီနေ့ကစပြီး လင်မယားဖြစ်ပါပြီလို့ အသိအမှတ်ပြုပါခင်ဗျား..."ဟူသော စကားဖြင့် ရွာသူကြီးမင်းကို နှစ်ယောက်လုံး သွားပြီး လက်အုပ်ချီ ကန်တော့လိုက်ခြင်းဖြင့် လင်မယားခန်း မြောက်သွားခဲ့ပြီ ဖြစ်သည်။

"ကာကဝလ္လိယတို့ ဖနီးမောင်နှံကို တတ်နိုင်သလောက် ကူညီလိုက်ကြဦးကွယ်.."



ဟူသော သူကြီးမင်း၏ မေတ္တာရပ်ခံချက်ကြောင့် စိတ်ကောင်းရှိသော ရွာသူရွာသားများက တတ်အားသရွေ့ စုဆောင်းကူညီလိုက်သောအခါ ကိုထွန်းမှန်နှင့် မလုံးတင်တို့ ဖနီးမောင်နှံသည် လင်မယားနှစ်ယောက် နေဖြစ်ရုံသာ တဲငယ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း အိမ်ကလေးတစ်လုံး မြေအိုး၊ မြေခွက် တစ်စုံ၊ ဖျာနှစ်ချပ်၊ ခေါင်းအုံးနှစ်လုံး၊ စောင်တစ်ထည်ကို ကိုယ်ပိုင်ပစ္စည်း အဖြစ် ပိုင်ဆိုင်သွားကြသည်။

သူတို့နှစ်ယောက်အဖို့ သက်သာနေချက် တစ်ချက် ရှိသည်။ ထိုအချက်ကား တပင်တပန်း လုပ်ကိုင်ရှာဖွေနေရသော သူတို့ ဝမ်းဗိုက်ထဲကို ညီသည့်ကလေးမျှ လာလိုသောဆန္ဒ ရှိဟန် မတူပေ။ ထို့ကြောင့် လင်မယားနှစ်ယောက် ကိုယ်လွတ်လက်လွတ် အလုပ်ကို ကြိုးစားနိုင်ကြသည်။ ထိုသို့ ကလေးသားသမီးကိစ္စ မရှိသောကြောင့် နှစ်ယောက်သား ကုန်းရုန်းရှာဖွေ လုပ်ကိုင်ထားသော ပစ္စည်းသည် ခြိုးခြံစိစစ်စွာ စားသုံးခဲ့သည့်အတွက် အိမ်ကလေးကိုလည်း မှန်မှန် အမိုး မိုးနိုင်ခဲ့သည်။ ဆန်အိုးထဲမှာ ဆန်ကလေးက အစဉ်ပြည့်နေခဲ့သည်။ ငါးပိအိုးလေးထဲမှာ နှစ်ယောက်စာ ငါးပိက မပြတ်ခဲ့။ ထွမ်း၊ ဆေးလိပ် စသော အပိုကိစ္စတွေကို ပယ်ထားသော သူတို့ဖနီးမောင်နှံကား ကြွေးမြီကင်းစွာဖြင့် ဘာသာဘာဝ နေနိုင်လာခဲ့ကြသည်။

သဘောကောင်းသော ကိုထွန်းမှန်နှင့် မလုံးတင်တို့ကို ရွာသူရွာသားတွေက သနားစိတ်ရင်း အခံရှိရာမှာ မည်သူ့ကိုမျှ အပူမကပ်ဘဲ သူတို့ဘဝလေးကို မြင်ရသူ စိတ်ချမ်းသာအောင် ထူထောင်နိုင်ပေသည်ဟု ချစ်ခင်သော စိတ်ပင် ပေါ်လာကြသည်။

ကိုထွန်းမှန်နှင့် မလုံးတင်တို့သည် ထမင်းစားရေးအတွက် မှန်လာသောအခါ ဗေဒင်ဆရာ ကိုတုတ်ဖြူ အရက်မူးပြီး ခွေးလှေးယားသီးဖြင့် ပေါက်ခဲ့သော တောရကျောင်း ဘုန်းတော်ကြီးကို လည်းကောင်း၊ ရွာကျောင်း ဘုန်းတော်ကြီးကို လည်းကောင်း ဥပုသ်နေ့တိုင်း အလှည့်ထားပြီး ဆွမ်းတစ်ပန်းကန်နှင့် ဟင်းတစ်ပန်းကန်ကို အလေးအမြတ်ထားပြီး ပို့ကြသည်။

မနားမနေ ရှာဖွေသည့် လုံ့လဝီရိယ အစွမ်းကြောင့် ယခုလို ဆွမ်းဟင်းလေး ပို့နိုင်သည့် အခြေအနေမျိုး ရောက်လာပေသည်ဟု တွေးမိသော ကိုထွန်းမှန်နှင့် မလုံးတင်တို့သည် အချိန်အအား မထားကြဘဲ လယ်လုပ်ချိန်မှာ လယ်ကူလီ၊ လယ်လုပ်ငန်းသိမ်းချိန်မှာ လင်မယားနှစ်ယောက် ထင်းခွေ

www.burmeseclassic.com

www.burmeseclassic.com



ရောင်းသည်။ ရာသီလိုက်ပေါ်သည့်၊ နုသည့် ဟင်းသီးဟင်းရွက်တွေ တောထဲမှာ ရှာဖွေပြီး ငွေဖြစ်အောင် လုပ်သည်။ မော်တော်ကားလမ်းဘေး ဈေးဆိုင်တန်းတွေမှာ အလုပ်လိုသည်ဟုဆိုလျှင် ပြေးပြီး အခစား လုပ်လိုက်ကြသေးသည်။

လောဘတကြီး ရှာဖွေနေကြသော သူတို့ လင်မယားနှစ်ယောက်သည် တောထဲမှာ ထင်းခုတ်၊ ဟင်းရွက်ခူးရာမှာ ကောင်းနိုးရာရာ ရှာဖွေရင်း တောနက်ထဲ ရောက်သွားတတ်ကြသည်။

“ဘကြီးရွှေအိုး မသေခင် ဓားတစ်ဖက်၊ လှံတစ်ဖက် ကိုင်ပြီး နိုအောင်းနေတတ်တဲ့ တောင်ကုန်းနားအရောက် သွားကြည့်ကြရအောင်”

ကိုထွန်းမှန်က ချစ်ဇနီးကို ပြောသောအခါ မလုံးတင်က -

“အင်း သွားကြည့်ကြရအောင် ကိုထွန်းမှန်၊ အဲဒီ တောင်ကုန်းလေးနားကို ဘယ်သူမှ မသွားရဲကြဘူးတော့၊ ထင်းခြောက်နဲ့ ဟင်းရွက်ဟင်းသီးကတော့ အလျှံပယ်ပေါလိမ့်မယ် ထင်တယ်၊ အခု မိုးမကျခင်မှာ ထင်းအများကြီး လှောင်ထားဖို့ လိုတယ်ရှင့်”

ဟု အတိုင်အဖောက်ညီညီ ပြန်ပြောသည်။

မလုံးတင်ပြောသည့်အတိုင်း ထင်းများများ လိုသည်။ ရွာသူရွာသားတွေအနေဖြင့် တစ်မိုးတွင်းစာ ထင်းကို တောထဲမှာ သွားခုတ်ပြီး သိုလှောင်ထားသော်လည်း မော်တော်ကား လမ်းဘေး ဈေးဆိုင်တန်းကမူ တောထဲ တပင်တပန်းသွားခုတ်နိုင်သည့်အချိန် မရှိခြင်း၊ အချိန်ကုန်ခံပြီး ထင်းဖြတ်ခြင်း၊ ထင်းခွဲခြင်း မလုပ်နိုင်ကြခြင်းတို့ကြောင့် အဆင်သင့် ဆိုက်ဖြစ်သည့် ဖိုဝင် အနေတော် ထင်းခြောက်ကိုသာ ဝယ်ကြသည်။ မိုးတွင်းမှာ ထင်းဈေးကတက်သည်။ ထို့ကြောင့် သူတို့ဇနီးမောင်နှံ ထင်းခြောက်ရသမျှ စုပြီး သိုလှောင်ရန် ရည်ရွယ်ကြခြင်း ဖြစ်သည်။

သူတို့အစီအစဉ်အတိုင်း ဇနီးမောင်နှံနှစ်ယောက် ကိရိယာတန်ဆာပလာတွေ ပြည့်စုံစွာ ယူဆောင်သည်။ ရေဘူးတစ်ခု၊ ထမင်းတစ်ထုပ်နှင့် နံနက်စောစောထပြီး တောထဲ ထွက်သွားကြသည်။ ထိုနေ့မှာ သူတို့ဇနီးမောင်နှံ နှစ်ယောက် ရွာမှ အစောကြီးထွက်သွားကြသည်ကို ရွာသူရွာသားတွေ မြင်လိုက်ကြသော်လည်း လောဘတကြီး ရှာဖွေသော သူတို့လင်မယားနှစ်ယောက် အကြောင်းကို သိပြီးဖြစ်သောကြောင့် မည်သူကမျှ အထူးအဆန်း အရေးတယူ မေးခြင်း၊ ပြောခြင်း မရှိကြချေ။



နေမွန်းလွဲသာသာ အချိန် ရောက်သောအခါ ယူသွားကြသော ကိရိယာတန်ဆာပလာတွေကို မလုံးတင်က တစ်ယောက်တည်း ထမ်းလာသည်။ ကိုထွန်းမှန်က ချည့်နဲ့နဲ့ အမူအရာဖြင့် မလုံးတင်နောက်မှ လိုက်လာသည်။ ထင်းလည်း မပါ၊ ဟင်းသီး ဟင်းရွက်လည်း မပါ၊ လက်ချည်းသက်သက် ပြန်လာကြသော သူတို့နှစ်ယောက်ကို သတိထားမိသူက အိမ်နားနီးချင်း အဘွားကြီး ဖြစ်သည်။

“ဟဲ့- နင်တို့ ပြန်လာကြရင် တို့စရာ ဟင်းရွက် ဝယ်မလို့ စောင့်နေတာ၊ ခါတိုင်းလို စိန္နဘော်ညွှန့်လေးများတောင် မပါကြဘူးလား။ ထမင်းစားကောင်းလို့ စိန္နဘော်ညွှန့်လေးကို မန်ကျည်းမှည့်နဲ့ ပြုတ်၊ ငါးပိရည်စပ်စပ်လေး ဖော်ပြီး ထမင်းစားမယ် စိတ်ကူးထားတာ၊ နေစမ်းပါဦး ငမှန်က ဘာဖြစ်လာတာလဲ”

ဟင်းရွက်ဝယ်ရန် စောင့်နေသော အဘွားကြီးက ပြောရင်းပင် ကိုထွန်းမှန်ကို လှမ်းမေးသည်။ အဘွားကြီးအမြင်တွင်ကား ကိုထွန်းမှန်သည် မလုံးတင်နောက်မှ ဦးခေါင်းငိုက်စိုက်ချလာသည်။ ခြေကို မနိုင်မနင်း သယ်လာရဟန်ဖြင့် တရွတ်ဆွဲပြီး နှေးကွေးစွာ လှမ်းလာသည်။ သူမေးမြန်းသည်ကို လှည့်မကြည့်ဘဲ အိမ်ထဲကို တန်းဝင်သွားသည်။ ယခင်ကဆိုလျှင် ကိုထွန်းမှန်သည် အလွန် နှုတ်သွက်သူတစ်ယောက် ဖြစ်သည့်အလျောက် မည်သူနှင့်မဆို သူက စတင်နှုတ်ဆက် ပြောဆိုလေ့ရှိသူတစ်ယောက် ဖြစ်သောကြောင့် အမူအရာ ထူးခြားသော ကိုထွန်းမှန်ကို အဘွားကြီး စိတ်ထဲမှာ အထူးအဆန်းဖြစ်ပြီး မေးလိုက်ခြင်း ဖြစ်သည်။

မလုံးတင် ဦးခေါင်းငိုက်စိုက်ဖြင့် အိမ်ထဲဝင်သွားသော ကိုထွန်းမှန်ကို လှမ်းကြည့်ပြီး -

“ကိုထွန်းမှန်ရေ၊ အိပ်ရာထဲလှဲပြီး အနားယူနေချေဦး၊ ပါလာတဲ့ စည်းလေးတွေ နေရာတကျ သိမ်းလိုက်ဦးမယ်”ဟု လှမ်းပြောလိုက်သည်။

ကိုထွန်းမှန်ကမူ ဘာမှ ပြန်မပြောဘဲ ဦးခေါင်းငိုက်စိုက်ဖြင့် အိမ်ထဲအရောက်ဝင်သွားသည်။

“ဟဲ့- ငါမေးတာ ပြောကြစမ်း၊ ငမှန် ဘာဖြစ်လာတာလဲ”

အဘွားကြီးက သူ့အိမ်ပေါ်မှ ဆင်းလာရင်း မေးလိုက်သည်။ ထိုအခါ မလုံးတင်က ခပ်ကျယ်ကျယ် အသံဖြင့် ပြန်ဖြေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အို… တောထဲက စင်ပြွမ်းပင်ကြီး ပင်လုံးကျွတ်သီးနေတာကို မြင်တော့ ဝမ်းသာအားရနဲ့ စင်ပြွမ်းသီး ခူးမယ်လို့ အပင်ပေါ်ကို တက်တယ် ကြီးတော်ရဲ့၊ အဲဒါ စင်ပြွမ်းပင်ပေါ်က လိမ့်ကျလာလို့"

မလုံးတင်အသံက ခပ်ပေါ့ပေါ့ပင် ဖြစ်သည်။

"အမြင့်ကြီးက ကျတာလား၊ ဘာဖြစ်သွားသေးလဲ"

အဘွားကြီးက ပြောပြောဆိုဆို မလုံးတင်ရှိရာ ရောက်လာသည်။

"အခုအထိတော့ ဘာမှ မဖြစ်သေးဘူး ကြီးတော်၊ သစ်ပင်ပေါ်က လိမ့်ကျခါစကတော့ မူးသွားထင်ပါရဲ့၊ ခဏလောက် စကားမေးမရဘဲ ဖြစ်သွားသေးတယ်။ နောက်တော့ သူ့ဘာသာ ထထိုင်တယ်။ ငါ ဘာမှ မဖြစ်ဘူး၊ ထမင်းဆာလွန်းလို့ ပေးစမ်း ထမင်းထုပ်ဆိုပြီး နှစ်ယောက်စာ ထုပ်သွားတဲ့ ထမင်းထုပ်ကြီးကို သူတစ်ယောက်တည်း စားလိုက်တာ ပြောင်ပါရောရော ကြီးတော်၊ ထမင်းစားပြီး သစ်ပင်ပေါ်က လိမ့်ကျထားလို့ ကိုယ်လက်တွေနာတယ်ကွာ၊ အိမ်ပြန်ကြပါစို့ ဆိုတာနဲ့ ပြန်လာခဲ့ကြတာပဲ ကြီးတော်"

မလုံးတင်စကားကြောင့် အဘွားကြီး တွေသွားသည်။ မလုံးတင်ကမူ ဘာမှ အရေးမကြီးသည့်ဟန်ဖြင့် -

"ထမင်းတောင် စားနိုင်နေတာပဲ၊ ကိုယ်လက်နာတာလောက်ကတော့ တစ်ရက်လောက် နားလိုက်ရင် ပျောက်သွားမှာပါ"

ဟု ဆက်ပြောလိုက်သည်။

"မှန်း - ဘယ်နေရာတွေ နာတာလဲ၊ ဆေးလိမ်းတန်လိမ်း၊ နှိပ်တန်နှိပ်ရအောင်"

အဘွားကြီးစကားကြောင့် သိမ်းပြီး ဆည်းပြီး ဖြစ်နေသော မလုံးတင်က -

"ကြည့်တာပေါ့ ကြီးတော်၊ လာပါ"

ဟု ဆိုကာ ကိုထွန်းမှန်ရှိနေရာ သူတို့အိပ်ခန်းသို့ ခေါ်သွားသည်။ အိပ်ခန်းထဲတွင်ကား ကိုထွန်းမှန်သည် အိပ်ရာပေါ်မှာ ပက်လက်အနေအထား လဲလျောင်းနေသည်။ သူ့အနားရောက်လာသော မလုံးတင်နှင့် အဘွားကြီးကို စကား တစ်ခွန်းမှ မပြောချေ။ သူ့မျက်လုံးတွေက ဝင်လာသူတွေကို တစ်ချက်မျှ ကြည့်လိုက်ပြီး မှိတ်ထားလိုက်သည်။

"ကိုထွန်းမှန် ဘယ်လိုနေသေးလဲ၊ ကြီးတော်က ဆေးလိမ်းပေး နှိပ်ပေးမလို့တဲ့"



မလုံးတင် စကားကြောင့် ကိုထွန်းမှန်က မျက်လုံးဖွင့်ကြည့်ပြီး အားယ ညည်းသောလေသံဖြင့် ပြန်ပြောသည်။

"ဘာမှ မဖြစ်ပါဘူး၊ နှိပ်ပေးဖို့၊ ဆေးလိမ်းပေးဖို့ မလိုပါဘူး"

အဘွားကြီးက ဘာမှမပြောဘဲ ကိုထွန်းမှန် ခြေနှစ်ဖက်လုံးကို ကိုင်ကြည့်လိုက်သည်။ သွေးစမ်းကြည့်လိုက်သည်။

"မကိုင်စမ်းပါနဲ့ဗျာ"

အဘွားကြီးက ကိုထွန်းမှန် ခြေထောက်ကို သွေးစမ်းကြည့်နေသည့် သူ့လက်ကို ဆတ်ခနဲ ပြန်ရုပ်လိုက်သည့် အချိန်နှင့် ကိုထွန်းမှန်၏ စိတ်တိုသံဖြင့် ပြောလိုက်သည့် အချိန်တို့မှာ တစ်ချိန်တည်း ဖြစ်သွားသည်။

"ကိုထွန်းမှန်ကလည်းတော် ကြီးတော်က စေတနာနဲ့ ကိုင်တာ ပဲဟာ"

မလုံးတင်က အားနာသောကြောင့် သူ့လင်ကို ပြောလိုက်သည်။ ကိုထွန်းမှန် ဘာမှ ပြန်မပြောဘဲ မျက်စိကိုသာ မှိတ်ထားလိုက်၏။ အဘွားကြီးသည် မလုံးတင်မျက်နှာကို လေးနက်သော အမူအရာဖြင့် စိုက်ကြည့်လိုက်ပြီး အိပ်ခန်းအပြင်ဘက်ကို ထွက်လာခဲ့သည်။ မလုံးတင်က လိုက်လာပြီး-

"စိတ်မဆိုးပါနဲ့ ကြီးတော်ရယ်၊ မောလာ၊ နာလာတော့ စိတ်တိုနေတာ ထင်ပါရဲ့"

ဟု တောင်းပန်စကားကို ပြောသောအခါ အဘွားကြီးက တစ်စုံတစ်ခုကို ပြောလိုဟန်ဖြင့် အတန်ငယ် တွေနေပြီးမှ-

"ညည်းတစ်ယောက်တည်း နေလို့ ဖြစ်မလား၊ ငါ့အိမ်မှာ ငါ့သားသမီးတွေ ရှိနေတော့ ငါ လာစောင့်ပေးနိုင်တယ်လေ"

ဟု ပြောသော်လည်း မလုံးတင်က-

"ရပါတယ် ကြီးတော်၊ ကျွန်မ နေရဲပါတယ်၊ ကိုထွန်းမှန်ကလည်း စိုးရိမ်လောက်အောင် ဖြစ်နေတာ မဟုတ်ပါဘူး၊ အစားမပျက်၊ အသောက်မပျက်ပါ။ တစ်ရက်၊ နှစ်ရက်လောက် နားလိုက်ရင် သူ ပြန်ကောင်းသွားမှာပါ"ဟု ပြောသည်။

"အဲ… အဲ… အစားအသောက် မပျက်ဘူးဆိုတာကို စိုးရိမ်စရာ ကောင်းနေတာပေါ့။ နေစမ်းပါဦး၊ တောထဲ ဘယ်လောက်နက်နက် ဝင်သွားခဲ့ကြလဲ၊ ဘယ်နားက စင်ပြွမ်းပင်လဲ"

www.burmeseclassic.com

www.burmeseclassic.com



လောဘတကြီး ငွေရှာတတ်သော သူတို့လင်မယားအကြောင်း သိပြီး ဖြစ်သည့် အဘွားကြီး မေးသောအခါ မလုံးတင်က စိတ်ရှည်လက်ရှည်ပင် ဖြေသည်။

"ဟို- ဘကြီးရွှေအိုး မသေခင် ဓားတွေ၊ လှံတွေ ကိုင်ပြီး ဥစ္စာရှုးကြီး ဖြစ်နေခဲ့တဲ့ တောင်ကုန်းကြီးကို ကြီးတော် သိတယ် မဟုတ်လား၊ အဲဒီတောင်ကုန်း အခြေက စင်ပြွမ်းပင်ကြီးပေါ့ ကြီးတော်ရဲ့၊ တော်တော်လေး အမြင့်သား"

မလုံးတင် စကားကြောင့် အဘွားကြီး မျက်လုံးဝိုင်းသွားသည်။ အဘွားကြီး သည် တစ်စုံတစ်ခုကို ပြောလိုဟန်ဖြင့် သူ့နှုတ်ခမ်းသည် တလှုပ်လှုပ် ဖြစ်နေ သည်။ ထိုအခိုက်-

"မလုံးတင်၊ ဟိုကြီးတော်ကြီး မပြန်သေးဘူးလား၊ ငါ နားအေးအေး တိတ်တိတ်ဆိတ်ဆိတ် နေချင်တယ်ကွာ၊ ကြီးတော်ကြီး ပြန်နိုင်းလိုက်ပြီး ငါ့ အနားကို မင်း လာခဲ့ပါဦး"

ဟူသော ကိုထွန်းမှန်အသံက ပေါ်လာသဖြင့်-

"အားတော့ နာပါတယ် ကြီးတော်ရယ်၊ လူမမာ စိတ်ကောင်းအောင် ကျွန်မ လိုက်လျှောပါရစေ"

ဟု မလုံးတင်က အားနာစွာ ပြောသောကြောင့် အဘွားကြီးသည်-

"အေး အေး၊ ခိုင်းစရာရှိရင်၊ ထူးထူးခြားခြား ကိစ္စရှိရင် ဘာမှ အားမနာနဲ့၊ ငါ့ကို လှမ်းခေါ်လိုက် ကြားလား၊ ဒါထက် ဟိုတောရကျောင်းကို ညည်းတို့ ဆွမ်းဟင်း ဘယ်နေ့ ပို့မလဲ"

ဟု ခပ်တိုးတိုးအသံဖြင့် မေးလိုက်သည်။

"နက်ဖြန် ပို့လှည့်နေ့ပဲ ကြီးတော်"

"အေး- ငါလည်း လိုက်ခဲ့မယ်"

အဘွားကြီးက ပြောပြီး ကိုထွန်းမှန် ရှိနေရာ အိပ်ခန်းဆီသို့ တစ်ချက် မျှ လှမ်းကြည့်ပြီး ပြန်သွားသည်။

နောက်တစ်နေ့တွင်မူ မလုံးတင်သည် ဆွမ်းအုပ်ကိုရွက်ကာ မျက်နှာ မသာမယာဖြင့် အိမ်ထဲမှ ထွက်လာသည်ကို စောင့်ကြည့်နေသော အဘွားကြီး က မြင်လိုက်သောအခါ မလုံးတင်အခေါ်ကို မစောင့်ဘဲ သူ့အိမ်ပေါ်မှ သွက် သွက် ဆင်းလာသည်။

"ညည်း ဘာဖြစ်လဲ၊ နေမကောင်းဘူးလား"



မျက်နှာမကောင်း ဖြစ်နေသော မလုံးတင်ကို အဘွားကြီးက မေးသည်။

"နေကောင်းပါတယ် ကြီးတော်၊ ကိုထွန်းမှန်က သိပ်စိတ်တိုနေ တယ်။ ပို့နေကျ ဆွမ်းအုပ် သွားပို့ရမယ့်ကိစ္စကို ရှုပ်တယ်၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ မြည်တွန်တောက်တီးနေလိုက်တာ နားကို ငြီးနေတာပဲ။ သူ နေမကောင်းတာ သိရက်နဲ့ အိမ်ထဲမှာ တစ်ယောက်တည်း ပစ်ထားပြီး ဘုန်း ကြီးကျောင်း သွားရမလား ဆိုတာလည်း ပါရဲ့၊ ဒါကြောင့် ဒီတစ်ခါတော့ ခွင့်ပြုပါလို့၊ ရှင် အိပ်ရာက မထနိုင်သမျှ ကျုပ် ဘယ်ကိုမှ မသွားပါဘူးလို့ ကတိခံလာခဲ့ရတယ်"

"အင်း အင်း၊ ဘာဟင်းချက်လဲ"

"မပြောချင်ပါဘူး ကြီးတော်ရယ်၊ ဘုန်းတော်ကြီး ဆွမ်းဟင်းအတွက် မနေ့က ငါးဝယ်ပြီး ကြော်ထားခဲ့တာ၊ ဒီမနက် ကြည့်လိုက်တော့ မရှိတော့ ဘူး၊ ဘယ်က ကြောင်လေ ကြောင်လွင့်က ဝင်ခိုးစားသွားလဲ မသိပါဘူး၊ တစ်ကောင်မှ မရှိဘူး။ ဘဲဥသုံးလုံးရှိတာ ကြော်ထည့်မယ်လို့ ကြည့်လိုက် တော့လည်း ကြောင်သူခိုးပဲ ဖောက်သောက်သွားတာ ဖြစ်မယ်၊ ဘဲဥတွေ အကုန်ပေါက်ပြီး အခွံတွေပဲ ကျန်တော့တယ်လေ။ ချက်ချင်းဆိုတော့ ဘာမှ မရှိတာနဲ့ ငါးပိချက်ပဲ ချက်လာခဲ့တယ်"

မလုံးတင်စကားကြောင့် အဘွားကြီးက သက်ပြင်းချလိုက်သည်။

ထို့နောက် -

"ဒီမနက်ကော ငမှန် ထမင်းစားနိုင်လား" ဟု မေးသည်။

"အို စားလိုက်တာမှ ကြီးတော်နယ်၊ စားလည်း စားတယ်၊ ဟင်း မကောင်းဘူးဆိုပြီး စိတ်ဆိုးသေးတယ်။ ညနေ ဟင်းချက်စရာ ဝယ်လို့ ရရင်ရ မရရင် ကားလမ်းဘေး ဈေးဆိုင်တန်းက အမဲသားဟင်း ဝယ်ကျွေးရမယ်လို့ ပြောသေးတယ်"

အဘွားကြီးက တံတွေးတစ်ချက် မျိုလိုက်ပြီး -

"ညည်းလင်စိတ်က လူစိတ်မှ ဟုတ်ရဲ့လား လုံးတင်ရယ်"

ဟု ပြောလိုက်သောအခါ မလုံးတင်သည် အဘွားကြီးမျက်နှာကို ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

"လူစိတ်မဟုတ်လို့ ဘာဖြစ်ရမှာလဲ ကြီးတော်ရဲ့၊ နေထိုင်မကောင်း ဖြစ်နေတဲ့အချိန်မှာ စိတ်မကောင်းအောင် မပြောပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆတ်ဆတ်ထိ မခံသော လေသံဖြင့် ပြန်ပြောသောကြောင့် အဘွားကြီးက ဘာမှ မပြောတော့ဘဲ တိတ်နေလိုက်သည်။

မလုံးတင်က ဆက်ပြောလိုက်၏။

"လူစိတ်ရှိတာမှ သားမှန်း၊ မယားမှန်း သိလိုက်တာမှ၊ ညက ကျွန်မ မောမောနဲ့ အိပ်ရာက လန့်နိုးလိုက်တော့ ကိုထွန်းမှန်ပေါ့ ကျွန်မအနားမှာ ဒယီးဒယိုင်နဲ့ ထိုင်နေပြီး ကျွန်မ မျက်နှာရော၊ လည်ပင်းကိုရော စမ်းကြည့်နေတာ တွေ့ရတယ်၊ ဘာလုပ်တာလဲလို့ မေးတော့ ငါ့မိန်းမ နေထိုင်မှ ကောင်းရဲ့လား၊ ကိုယ်ပူနေလား၊ အသက်ရှူမှန်ရဲ့လား စိတ်ပူလို့ စမ်းကြည့်ရတာတဲ့၊ နေမကောင်းဖြစ်နေပေမယ့် မယားကို ဘယ်လောက် ကြင်နာလဲ၊ ဒါကိုများ ကြီးတော်က လူစိတ်မှ ဟုတ်ရဲ့လားလို့ ပြောရက်လိုက်တာ ကြီးတော်ရယ်"

အဘွားကြီးသည် မလုံးတင် မကြိုက်မှန်း သိသောကြောင့် ဘာမှ ဆက်မပြောတော့ဘဲ နှုတ်ပိတ်နေလိုက်သော်လည်း စိတ်ထဲကမူ ဘုရားကို တလိုက်မိသည်။

'လုံးတင်ရယ်၊ စမ်းကြည့်နေခိုက် နင် နိုးလာတာ အများကြီး ကံကောင်းသွားတာပေါ့ဟဲ့'

ဟု နှုတ်မှ မထွက်ဘဲ စိတ်ထဲက ရေရွတ်လိုက်မိသည်။

သို့နှင့်ပင် တောရကျောင်းသို့ ရောက်လာကြသည်။ သစ်ပင်ကြီး တစ်ပင်အောက်မှာ ငြိမ်သက်စွာ ထိုင်နေတော်မူသော ဘုန်းတော်ကြီးရှိရာသို့ နှစ်ယောက်လုံး သွားကြသည်။ ဘုန်းတော်ကြီးကို ဆွမ်းကပ်သောအခါ ဘုန်းတော်ကြီးက တိတ်ဆိတ်စွာပင် ဆွမ်းဘုဉ်းပေးတော်မူသည်။ ဘုန်းတော်ကြီး ဆွမ်းဘုဉ်းပေးပြီး၍ မလုံးတင်က သူ့ဆွမ်းအုပ်ကို ကျောင်းနှင့် မနီးမဝေးမှာ ရှိနေသော စမ်းတွင်းလေးမှာ သွားဆေးနေစဉ် အဘွားကြီးသည် မနေ့က ကိုထွန်းမှန် ဖြစ်လာပုံနှင့် ညကနှင့် ဒီမနက် မလုံးတင် ပြောပြပုံတွေကို ဘုန်းတော်ကြီးအား တက်သုတ်ရိုက် လျှောက်ထားလိုက်ပြီး -

"တပည့်တော် သွေးစမ်းကြည့်လိုက်တော့ လုံးလုံး စမ်းမရဘူး ဘုရား ခြေထောက်နှစ်ဖက်လုံး ရေခဲတုံးလိုပဲ အေးစက်နေတယ်။ သူ့ ခြေထောက် စမ်းရမလားလို့ တပည့်တော်ကို ငေါက်တယ်။ ဟိုတုန်းက ထွန်းမှန်ဟာ ဒီလို မရိုင်းစိုင်းဘူး ဘုရား၊ ကောင်မလေးကလည်း သူ့လင် အကြောင်း အပြောမခံဘူး။ ကောင်မလေး မဖြစ်သင့်တဲ့ဒုက္ခ မဖြစ်ရအောင် အရှင်ဘုရား သတ္တဝါတစ်ဦးတစ်ယောက်ကို သနားသောအားဖြင့် ကယ်တော် မူပါ ဘုရား"



ဘုန်းတော်ကြီးသည် အဘွားကြီးကို ဘာမှ ပြန်မမေးဘဲ တိတ်ဆိတ်စွာသာ နေပြီး မလုံးတင် ပြန်ရောက်လာသောအခါ -

"သူငယ်မ၊ ခါတိုင်း ဆွမ်းလာပို့ရင် နင့်အိမ်ရှင် ပါလာတယ်၊ ဒီနေ့ ဘာကြောင့် မလိုက်လာတာလဲ"

ဟု အမှတ်မထင် မေးလိုက်သည်။

ထိုအခါ မလုံးတင်က ဖြစ်ပုံကို စုံလင်စွာ လျှောက်ထားလိုက်သည်။ အဘွားကြီး လျှောက်ထားသည့်တိုင်း တစ်လုံးမလွဲ ဖြစ်သောအခါ ဘုန်းတော်ကြီးသည် ဘာမှ မမိန့်ကြားဘဲ တစ်ခုခုကို အာရုံစိုက်နေသလို မျက်လွှာချကာ အတန်ကြာ ငြိမ်သက်နေတော်မူသည်။ ခေတ္တမျှ ကြာသောအခါ -

"ခဏနေကြဦး"

ဟူသော စကားတစ်ခွန်းကို မိန့်ကြားပြီး ကျောင်းထဲ ဝင်သွားသည်။ ဘုန်းတော်ကြီးနေသော ကျောင်းသည် လုံခြုံစွာ ကာရံထားသည် မဟုတ်သောကြောင့် ကျောင်းထဲမှာ ဘုန်းတော်ကြီး ဘာလုပ်နေသည်ကို အဘွားကြီးနှင့် မလုံးတင်တို့က မြင်နေရသည်။

ဘုန်းတော်ကြီးသည် ဘုရားဆောင်ရှေ့မှာ ဘုရားဆင်းတုတော်ကို ရှိသေစွာ ဦးခိုက်ပြီး ဆင်းတုတော်မှာ လွှမ်းခြုံထားသည့် သင်္ကန်းမှ အနားသားလေးကို လက်ဖြင့် အသာအယာ ဆုတ်ယူလိုက်သည်။ ဆုတ်ယူလိုက်သော သင်္ကန်းစကို လက်အုပ်ချီထားသော လက်ထဲမှာ ထည့်ကာ ဆင်းတုတော်ကို ဦးခိုက်ပြီး အတန်ကြာ ရှိခိုးနေလိုက်သည်။ ထို့နောက် အဘွားကြီးနှင့် မလုံးတင်တို့ ရှိနေရာ သစ်ပင်အောက်ကို ပြန်ကြွလာသည်။

ဆုတ်ယူလာခဲ့သော သင်္ကန်းစလေးကို လက်တော်ဖြင့် ကြိုးသဖွယ် ဖြစ်အောင် သေချာစွာ လိမ်ကျစ်ပြီးသော် -

"ရော့ ဒကာမကြီး၊ ဒီသင်္ကန်းစကို သူငယ်မလေး လည်ပင်းမှာ သေသေချာချာ ချည်ပေးလိုက်စမ်း၊ သူငယ်မ၊ နင့်အိမ်ရှင်က နေမကောင်းဖြစ်နေတော့ နင် ဆွမ်းလာပို့နိုင်ဖို့ရာ အဆင်မပြေဘူး ဟုတ်လား၊ ဆွမ်းဒကာဖြစ်တဲ့ သူငယ်မကို ဘေးရန်ကင်းအောင် ငါ စောင့်ရှောက်လိုက်တယ်။ ဒါကြောင့် မြတ်စွာဘုရားရဲ့ သင်္ကန်းတော်ကို သူငယ်မလည်ပင်းမှာ ချည်ထားတယ်လို့ ဘယ်လိုလူက ဘယ်လိုအကြောင်းပြပြီး ဖြုတ်ခိုင်းစေကာမူ မဖြုတ်ပါဘူးလို့ ကတိပေးစမ်း"

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးက ဘုန်းတော်ကြီးအမိန့်အတိုင်း သင်္ကန်းစကို မလုံးတင် သည်ပင်းမှာ ဖြေမရအောင် ဝမ်းသာအားရ ချည်နေသည်။ မလုံးတင်ကမူ ဘုန်းတော်ကြီး၏ အကျင့်သီလကို သိပြီး ကြည်ညိုပြီးဖြစ်သောကြောင့် ယခု လို အစောင့်အရှောက်ပေးသည်ကို အလွန်အမင်း ဝမ်းသာနေသည်။

ထို့ကြောင့် -

"အရှင်ဘုရား အမိန့်တော်ရှိတဲ့အတိုင်း တပည့်တော် လည်ပင်းမှာ ချည်ထားတဲ့ သင်္ကန်းစကို ဘယ်သူက ဘယ်လိုပဲ ဖြုတ်ခိုင်းပေမယ့် မဖြုတ် ပါဘူး ဘုရား၊ ကတိပေးပါတယ်"

"ပေးထားတဲ့ကတိ တည်စေ၊ သွားတော့"

ဘုန်းတော်ကြီးက မိန့်ကြားပြီး သူတို့နှစ်ယောက်ကို ပြန်လွှတ်လိုက် သည်။ အပြန်ခရီးတွင်ကား အဘွားကြီးသည် ကိုထွန်းမှန်နှင့် ပတ်သက်၍ ဘာမှ မေးခြင်း၊ ပြောခြင်း မရှိတော့ဘဲ အကူအညီလိုလျှင် အချိန်မရွေးပြော ရန်၊ ခေါ်ရန်ကိုသာ မှာကြားကာ သူ့အိမ်သို့ ပြန်သွားလေသည်။

အဘွားကြီး၏ သတင်းစကားကြောင့် ရွာသူ ရွာသားတွေက ကိုထွန်းမှန် ကို လူနာမေးသဘောမျိုးဖြင့် လာကြည့်ကြသည်မှာ မလုံးတင် အိမ်တွင် ဧည့်သည် ပြတ်သည်ဟုပင် မရှိတော့ချေ။

လူနာလာမေးသူတွေ ရှေ့မှာကား ကိုထွန်းမှန်သည် တကယ်ပင် ကရုဏာသက်စရာ၊ သနားကြင်နာစရာ ကောင်းနေသည်။ စကားကို အနိုင်နိုင် အားယူပြောရသော လေသံမျိုး ဖြစ်နေသည်။ ကိုထွန်းမှန်၏ ကိုယ်အောက်ပိုင်း တစ်ပိုင်းလုံးကား ရောင်ရမ်းကာ လုံးဝ မလှုပ်နိုင်ချေ။ ကိုယ်အထက်ပိုင်းကား အကောင်းပကတိပင် ဖြစ်သည်။

လင်ယောကျာ်းကို မေတ္တာတရားကြီးမားစွာဖြင့် မငြီးမငြင် ကျွေးမွေး ပြုစုလာခဲ့သော မလုံးတင်သည် ခြောက်လမျှ ကြာသောအခါတွင် သည်းမခံ နိုင်တော့ဟန်ဖြင့် ညည်းညူသံတွေ ထွက်လာတော့သည်။

"စိတ်ညစ်တယ် ကြီးတော်ရယ်၊ စုဆောင်းထားခဲ့သမျှလေးတွေလည်း ကုန်ပြီ။ ကျွန်မ ရှာရဖွေရတာက တစ်ဖက်၊ လူမမာ ပြုစုရတာ တစ်ဖက်။ ဘယ်လောက် ပင်ပန်းနေတယ်ဆိုတာ ကြီးတော် အမြင်ပဲ ဟုတ်လား။ အဲဒါ ဟင်းမကောင်းရင် ဆဲလိုက်၊ ဆိုလိုက်တာ ရစရာမရှိဘူး။ ရွာထဲမှာ နွားသေတာ ဝက်ပေါ်တာ၊ ကြက်သတ်တာတွေကို အိမ်ပြင်ထွက် ရှာဖွေနေရတဲ့ ကျွန်မ



မသိဘူး။ သူက အိပ်ရာထဲကနေပြီး သိနေတယ်။ အတင်း အဝယ်ခိုင်းတာပဲ။ အောက်ပိုင်းတစ်ပိုင်းလုံး သေနေပေမယ့် စားလိုက်တာက ယုံနိုင်စရာအောင် မရှိဘူး။ ဒီအထဲ နေ့ဖို့ညစာ ဝယ်ထားတာလေးတွေကို ဘယ်က ကြောင်သူခိုးထ ခိုးစားမှန်း မသိဘူး၊ ကုန်ပြန်ရော၊ ရှာရဖွေရတာ သေလုနေပြီ၊ ဒါလောက် ကျွေးမွေးပြုစုနေတာတောင် မျက်နှာကောင်း မရဘူး။ စေတနာနဲ့ လူနာကြည့် လာသူတွေကို မလာစေရဘူးတဲ့၊ လက်မခံနဲ့၊ လာရင် နှင်ပစ်တဲ့။ ကျွန်မ နှင် လို့ ကောင်းပါ့မလား၊ လူနာမေးတွေ ပြန်သွားရင် ကျွန်မကို ရန်လုပ်တော့တာ ဝါပဲ ကြီးတော်"

မလုံးတင်က ချုံ့ပါအောင် ညည်းရှာသည်။

"ညဘက် ညည်းအိပ်နေခိုက် မျက်နှာတွေ၊ လည်ပင်းတွေကို ထစမ်း သေးလား"

သူ့အိမ်လာပြီး စိတ်ပျက်လက်ပျက် ညည်းနေသော မလုံးတင်ကို အဘွားကြီးက ပြန်မေးသည်။

"အဲ ဟုတ်တယ် ကြီးတော်၊ အဲဒါတစ်ခုတော့ တော်တော် ထူးခြား တယ်။ ဘုန်းတော်ကြီးအမိန့်ကို လိုက်နာပြီးတဲ့ ညကစပြီး ကျွန်မလည်း မောမော နဲ့ အိပ်ပျော်သွားတော့ သူ စမ်းသလား၊ မစမ်းဘူးလား ဆိုတာ မသိတော့ဘူး။ ဒါပေမဲ့ တစ်နေ့ တစ်ခါလောက်တော့ မျက်နှာချိုသွေးပြီး လည်ပင်းက သင်္ကန်းစ ကို ဖြုတ်ပစ်ဖို့ တောင်းပန်တယ်၊ တစ်ခါတလေများ သူ တောင်းပန်ပုံလေးက သနားစရာကောင်းလွန်းလို့ ဖြုတ်ချင်တဲ့စိတ်တောင် ပေါ်လာဖူးတယ်။ ဘုန်းတော်ကြီး အမိန့်ကို မလွန်ဆန်ရဲလို့သာ ကြီးတော်"

မလုံးတင် စကားကြောင့် အဘွားကြီးက ရင်ဘတ်ကို ပုတ်လိုက် သည်။

"အမယ်လေး မဖြုတ်ပါနဲ့ မယ်မင်းကြီးမ၊ ညည်း မသိဘူးနော်၊ ငါ ပြောမလို့ ချိန်နေတာ၊ ညည်းက လင်အကြောင်းပြောလိုက်ရင် ဆတ်ဆတ်ထိ မခံ ဖြစ်နေတာကိုး"

အဘွားကြီးစကားကို မလုံးတင်က မျက်လုံးလေး ပုတ်ခတ် ပုတ်ခတ် ဖြင့် နားထောင်နေရာမှ -

"ကျွန်မ စိတ်ထဲမှာ ဇဝေဇဝါတော့ ဖြစ်လာစပြုနေပါပြီ ကြီးတော် ကျွန်မ စိတ်မဆိုးတော့ပါဘူး၊ ကြီးတော် သိသမျှ ပြောပြပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မလုံးတင်က စိတ်ပျက်အားလျော့သော အသံဖြင့် တောင်းပန်လိုက်သောအခါ ပြောချင်လွန်းသည့်စိတ်ကို ကြာရှည်လေးမြင့် ထိန်းချုပ်ထားခဲ့ရသော အဘွားကြီးသည်-

"ငါတစ်ယောက်သာ ရိပ်မိနေတာ မဟုတ်ဘူးအေ့၊ ရွာထဲက လူတွေပါ ရိပ်မိနေတာ ကြာပါပြီ၊ ညည်း မကြိုက်ဘူး ဆိုတာ သိကြလို့ ဘယ်သူမှ မပြောဘဲ နေကြတာ"

ဟု အစချီကာ အဘွားကြီးသည် မလုံးတင်နား အနီးသို့ ကပ်ကာ နှစ်ကိုယ်ကြား တီးတိုးပြောပြလိုက်သည်။

အဘွားကြီးစကားကြောင့် မလုံးတင်သည် မျက်ရည်များ စီးကျလာသည်။ မျက်ရည်တွေတွေဖြင့် အတန်ကြာ ငိုင်နေပြီးမှ-

"ဒီလိုဆိုရင် ကျွန်မ အိမ်ကိုတောင် မပြန်ချင်တော့ဘူး၊ ဘယ်လိုလုပ်ကြမလဲ ကြီးတော်"

ဟု တီးတိုးလေသံဖြင့် ပြန်မေးလိုက်သည်။

"ညည်း အခြေမပျက်သာ ပြန်နေ၊ ကြားဖူးနားဝ ရှိသူတွေကို ငါ ပြောပြီး တိုင်ပင်ကြည့်ကြတာပေါ့"

အဘွားကြီးစကားကြောင့် မလုံးတင်က ပြန်လာခဲ့ရသော်လည်း အိပ်ရာပေါ်က လူနာကြီးကို စေတနာ မရှိချင်တော့ချေ။

"ဘယ်သွားနေတာလဲ မလုံးတင်၊ ငါ သိပ်ဆာနေပြီ"

အိပ်ရာပေါ်က လူနာကြီးက အိမ်ထဲ ဝင်လာသော မလုံးတင်ကို ဆီးပြီး ပြောလိုက်သည်။ ယခင်အခါများက ဤစကားမျိုး ကြားလိုက်ရလျှင် မလုံးတင်သည် ချစ်လှသော ခင်ပွန်းကို သနားခြင်းကြီးစွာဖြင့် အကျိုးအကြောင်းကို သာယာညင်းပျောင်း ပြောပြသည်။ ပျာပျာသလဲ ထည့်ပြီး တယုတယ ကျွေးမွေးသည်။ ယခု သူကိုယ်တိုင် သံသယဖြစ်နေရာတွင် ထင်ရှားသော အကြောင်းသာကေ အစုံအလင်ဖြင့် အဘွားကြီးက ပြောပြလိုက်သောအခါ မလုံးတင်သည် စိတ်ထဲမှာ ရှင်းလင်းသွားပြီဖြစ်သောကြောင့် အိပ်ရာပေါ်က လူနာကြီးကို စေတနာ မရှိနိုင်တော့ချေ။

"ရှင် မတရား ခွစားနေရအောင် အလျှဉ်မီဖို့ ရှာရ ဖွေရသေးတယ် တော်ရေ၊ ဆာလည်း မတတ်နိုင်ဘူး၊ ကျုပ် မောသေးတယ်၊ နားပါရစေဦး"



ဟု ပြောပြောဆိုဆို လူနာအိပ်ရာနှင့် တော်တော်ဝေးဝေး တစ်နေရာမှာ သတိအနေအထားမျိုးဖြင့် ထိုင်လိုက်သည်။ မလုံးတင်အမူအရာကို မြင်ရသော လူနာသည် ခါတိုင်းလို မကြမ်းချေ။

"မရက်စက်ပါနဲ့ မိန်းမရာ၊ တို့မှာ ဒီလင်နဲ့ ဒီမယားပဲ အားကိုးစရာရှိတယ် မဟုတ်လား။ ငါ မကျန်းမာသေးလို့ပါ၊ ငါ ကျန်းမာလာရင်လေ မင်းကို ဘာမှ မလုပ်စေရပါဘူး။ အခု ပင်ပန်းသမျှတွေ အတိုးချပြီး နားစမ်းပါ။ ငါ့ကျေးဇူးရှင် မိန်းမ၊ ငါချစ်တဲ့ မယားကို ကျကျနန ရှာကျွေးလိုက်စမ်းမယ်၊ ငါ မြန်မြန်ကျန်းမာချင်ပါတယ်၊ အားရှိအောင် အစာလေးတော့ ကျွေးပါဦး မိန်းမရာ။ သူများတွေ မြှောက်ပေးတဲ့ စကားတွေကို မယုံပါနဲ့။ တို့ လင်မယား အချစ်မပျက်ပါရစေနဲ့ကွာ"

လှိုက်လှိုက်လှဲလှဲ ကြေကွဲစွာ ပြောလိုက်သော အသံကြောင့် မလုံးတင်သည် ဆတ်ခနဲ ဖြစ်သွားသည်။

"ငါ့လင် ကိုထွန်းမှန်ကို မလိုလို့ ပြောကြတာ ထင်ပါရဲ့၊ ပြောတဲ့သူ၊ ထင်တဲ့လူတွေကပဲ မှားနေကြသလား၊ ငါကပဲ ရက်ရှည်လများ ရှာဖွေကျွေးမွေးလာခဲ့ရလို့ ငြီးငြင်စိတ် ဝင်ပြီး အထင်မှားနေတာလား"

ဟု သံသယတွေးမျိုးပင် ဝင်လာသေးသည်။ စဉ်းစားရင်းဖြင့် လက်ထဲက အမှတ်မထင် တောရကျောင်း ဘုန်းတော်ကြီး ပေးလိုက်သော လည်ပင်းကသင်္ကန်းစကို လက်ဖြင့် ကိုင်နေလိုက်သည်။ မလုံးတင် အမူအရာကို ကြည့်နေသော လူနာသည် တအားတက်လာဟန်ဖြင့် သနားစရာကောင်းအောင် ပြောလိုက်ပြန်သည်။

"မင်းမှာ အကြောင်းကိစ္စရှိတော့ မြှောက်ပေးတဲ့ လူတွေက မင်းကို လှည့်ကြည့်ကြမှာ မဟုတ်ဘူး။ မင်းလင်ဖြစ်တဲ့ ငါကသာ မင်းရှေ့က အသေခံကာကွယ်မှာ မိန်းမရဲ့၊ အခု မင်းလည်ပင်းက ကြိုးကြီးကို ဘယ်သူကမြှောက်ပေးလို့ စွပ်ထားတာလဲ မလုံးတင်ရာ၊ ငါ့ကို သနားရင် ချွတ်လိုက်ပါ။ အဲဒါကြီး မင်း မချွတ်ရင် ငါတော်တော်နဲ့ နေကောင်းမှာ မဟုတ်ဘူး။ အဲဒါကြီးချွတ်လိုက်မှ ငါ မြန်မြန်ကျန်းမာမှာ။ ငါကျန်းမာလာတော့ တို့လင်မယားနှစ်ယောက်လေ အရင်ကလို ပျော်ပျော်ပါးပါး တောထဲသွား၊ ထင်းခွေ၊ ဟင်းသီးဟင်းရွက်ခူး ဘယ်လောက်များ ပျော်လိုက်မလဲလို့နော်၊ ချွတ်လိုက်စမ်းပါ ငါ့မိန်းမရာ၊ မင်း ဒါကြီး လည်ပင်းစွပ်ထားတဲ့ နေ့က စပြီး ငါ ဘယ်မှာ ကျန်းမာတော့လို့လဲကွာ"

www.burmeseclassic.com



ခွဲခွဲနဲ့နဲ့ ပြောလိုက်သော လူနာ၏ စကားတွေက ဟုတ်သယောင်ယောင်ပင် ဖြစ်နေသည်။ ကိုထွန်းမှန် သစ်ပင်ပေါ်က လိမ့်ကျသည့် နောက်တစ်နေ့ကစပြီး ဤသက်န်းစကို မလုံးတင် လည်ပင်းမှာ စွပ်လာခဲ့သည်ကို သတိရလိုက်သည်။ ဘုန်းတော်ကြီး၏ ဩဇာကိုလည်း မလုံးတင် မလွန်ဆန်ရဲချေ။ နောက်ဆုံးတွင် မလုံးတင်သည် စိတ်ကို ဆုံးဖြတ်လိုက်ပြီး ပြန်ပြောလိုက်သည်။

"ကိုထွန်းမှန်၊ ရှင်လည်း တောရကျောင်း ဆရာတော်ဘုရားကြီးကို သိပ်ကြည်ညိုခဲ့တာပဲ၊ ဒီသက်န်းစဟာ ဆရာတော်ဘုရားကြီးက ချီးမြှင့်တော်မူထားတာရှင့်၊ ဘေးကင်း ရန်ကင်းပေါ့၊ ရှင်မြန်မြန်နေကောင်းအောင် ရှင့်လည်ပင်းမှာ ဆွဲချည်ပေးထားမယ်လေ၊ ရှင့်လည်ပင်းမှာ ချည်ဖို့ ကျွန်မ ဟိုဘက်အိမ်က အဘွားကြီးသားကို အော်ခေါ်လိုက်မယ်"

ကိုထွန်းမှန်သည် ကြည်ညိုရင်းစွဲ ဆရာတော်ကြီး ချီးမြှင့်လိုက်သည့် မြတ်စွာဘုရား သင်္ကန်းတော်ကို ဝမ်းမြောက်ဝမ်းသာ အချည်ခံပေလိမ့်မည်ဟူသော ယူဆချက်ဖြင့် မလုံးတင်က ပြောလိုက်သောအခါ လူနာသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဟဲ့ ဟဲ့၊ မလုပ်နဲ့လေ၊ အလုပ်မရှိ အလုပ်ရှာလိုက်တဲ့ မိန်းမငါ့ကို ရှုပ်ရှုပ်ထွေးထွေးတွေ မလုပ်ချင်စမ်းပါနဲ့ မိန်းမရာ၊ နေမကောင်းလို့ စိတ်ရှုပ်ရတဲ့အထဲ . . ."

လူနာသည် ညည်းညည်းညူညူ ပြောကာ မလုံးတင်ဘက် လှည့်စကားပြောနေရာမှ တစ်ဖက်သို့ လှည့်သွားသည်။

သေချာသွားပြီ။ ကိုယ်ခန္ဓာအောက်ပိုင်းက လုံးဝ မလှုပ်ရှားသဲကြောက်မက်ဖွယ် ရောင်ရမ်း ပွရောင်းနေပြီး ကိုယ်ခန္ဓာ အပေါ်ပိုင်းကသာ ဟိုဘက်ဒီဘက် လှုပ်ရှားနေသော လူနာကို မလုံးတင်က ကြည့်နေရင်း အဘွားကြီးပြောလိုက်သော စကားကို သတိရကာ သင်္ကန်းစကို လူနာ အကြီးအကျယ်ကြောက်ရွံ့ပုံကို ပြောပြရန် အဘွားကြီးအိမ်သို့ ဆင်းလာခဲ့သည်။

သုံးရက် ကြာသောနေ့ဝယ် မလုံးတင်အိမ်မှာ ဗလကောင်းကောင်းသန်သန်မာမာ၊ သတ္တိကောင်းသော ရွာသားသုံးယောက်နှင့် ရွာသူရွာသားများရောက်လာကြလေပြီ။ ရွာသားတစ်ယောက် လက်ထဲတွင် မလုံးတင် လည်ပင်းမှ ချွတ်ယူထားသော သင်္ကန်းစ ရှိနေသည်။ သူတို့တစ်တွေ ရောက်လာသည်



ဆိုလျှင်ပင် လူနာသည် မလုံးတင်ကို သနားစရာကောင်းအောင် အရိုးရိုးအောင်းပန်နေတော့သည်။ မလုံးတင် စိတ်ပြောင်းသွားမည် စိုးသောကြောင့်အားက လူတွေက သတိပေးနေရသည်။

"ထွန်းမှန်ဟာ အင်မတန် စိတ်ကောင်းရှိတဲ့ အကောင်၊ ရတနာသုံးပါးကိုလည်း သိပ်ရိုသေတာ၊ ထွန်းမှန်ကို ရတနာသုံးပါးနဲ့ ပတ်သက်တဲ့ ပစ္စည်းအားရန်ကင်းအောင် ချည်ပေးတာပဲ၊ လုံးတင် စိတ်ကို တင်းထားနော်"

မလုံးတင်သည် မျက်ရည်တွေတွေကျရင်း လူနာကို မမှိတ်သောမျက်စိဖြင့် ကြည့်နေသည်။

နှစ်ယောက်သောသူက လူနာကို နိုင်နင်းစွာ ချုပ်ကိုင်ထားသည်။ တစ်ယောက်သောသူက သင်္ကန်းစကို လည်ပင်းမှာ သေချာစွာ ဆွဲချည်ပေးလိုက်သည်။ ထို့နောက် သုံးယောက်လုံး လူနာအနားမှ ခွာနေလိုက်ကြသည်။ လူနာသည် မလှုပ်တော့ချေ။ ပြူးကြောင်သော မျက်လုံးကြီး ကလယ်ကလယ်ဖြင့် ဟိုဟိုသည်သည် ကြည့်လိုက်ပြီး တိုတောင်းလှသော အချိန်အတွင်းမှာပင် အသက်ကုန်သွားလေတော့သည်။

■

"အဲဒါပါပဲ ဆရာမလေး၊ တို့ရွာက အဖြစ်လေးတွေက မဆန်းဘူးလားကွဲ့"

အဘွားကြီးက မေးလိုက်သောအခါ မခင်ရွှေသည် အဘွားကြီးခြေကို ဆုပ်နယ်နေရာမှ ပြောလိုက်သည်။

"အခုခေတ် သိပ္ပံပညာနဲ့ လက်လှမ်းမမီတဲ့ အဖြစ်တွေဟာ လောကကြီးမှာ အများကြီးရှိနေပါတယ် ဘွားဘွား၊ ကျွန်မတပည့်လေးရဲ့ ဖြစ်ပုံနဲ့ အခု ဘွားဘွား ပြောပြတဲ့ မလုံးတင်တို့ ဖြစ်ပုံကို အခုခေတ်မှာ ပြောပြလို့ ယုံနိုင်ကြမလား၊ မယုံရင် ပုံပြင်မှတ်လို့ ပြောရမယ့် အဖြစ်တွေကတော့ ရှေးခေတ်ကလည်း ရှိခဲ့တာပဲ၊ အခုခေတ်လည်း ရှိနေတာပဲ၊ နောင်ခေတ်မှာလည်း ရှိနေဦးမှာပဲ ထင်ပါရဲ့"

မခင်ရွှေက စဉ်းစဉ်းစားစား ပြောပြီး မှတ်တမ်းရေးရန် စိတ်ဝင်စားစရာအကြောင်းအရာ၊ စကားအထားအသိုကို စီစဉ်နေလိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## ရေပြာအိုင်မှ ငယ်ကျွမ်းဆွေ

ရေပြာအိုင်ရွာဘေး မော်တော်ကားလမ်းသည် ရှေးယခင် ရေပြာ
ရွာ စည်ကားကောင်းစားစဉ် အချိန်က ဥဒဟို သွားလာနေကြသော မော်
ကားများ၊ ခရီးသည်များ၊ စားကောင်းသောက်ဖွယ်ရာ ဈေးဆိုင်များဖြင့်
စိုပြည်စွာ ပျော်စရာကောင်းပေလိမ့်မည်။

ယခုမူ မော်တော်ကားလမ်းကလည်း ကောသွားခဲ့ပြီ။ ဤလမ်း
ဤရွာ ကောင်းစားစဉ်အခါက ကြီးပွားချမ်းသာခဲ့သူတွေ၊ တစ်ယောက်
တစ်ယောက် ရိုင်းပင်းကူညီခဲ့သူတွေ၊ မလိုမုန်းထား မျက်မာန်ပွားခဲ့သူတွေသ
တစ်ရပ်တစ်ကျေးသို့ ရောက်သူတွေ ရောက်သွားခဲ့ကြပြီ။ သေသူတွေကလ
သေခဲ့ကြပြီ။ ကျန်ရစ်သူတွေ အနည်းငယ်မျှကလည်း အိုမင်းမစွမ်း ဖြစ်သူ
ဆင်းရဲသူ ဆင်းရဲဖြင့် မော်တော်ကားလမ်း တိမ်ကောသွားသလို လူတွေသ
လည်း တိမ်ကော ပျောက်ကွယ်ကုန်ကြလေပြီဟု လှည်းလမ်းကြောင်းရာ
ကျန်တော့သော မော်တော်ကားလမ်းမှာ တပည့် ကျောင်းသားလေးများ
လမ်းလျှောက်လာရင်း မခင်ရွှေက တရားကျစွာ တွေးလာမိသည်။

မော်တော်ကားလမ်းပေါ်မှ ရွာရှိရာဘက်သို့ မျှော်ကြည့်လိုက်
ဆိုလျှင် မော်တော်ကားလမ်းနှင့် ရွာကို ဆက်ထားသောလမ်းသည် အ
ကောင်းလှသော သစ်ပင်ကြီးများကြောင့် မျက်စိပသာဒ အေးမြကြည်နူး
တွေ့ရသည်။ ရွာဝင်လမ်း၏ ညီညီညာညာဆိုင်းဆိုင်း တစ်နေရာမှ လမ်းတစ်ခုသ



တစ်နေရာသို့ ခွဲထွက်သွားသည်ကို မခင်ရွှေ မြင်ရသည်။ ခွဲထွက်သွားသော လမ်းကား ရွာသူရွာသားတို့ ထာဝရ အနားယူ လဲလျောင်းအိပ်စက်ရာ သုသာန်မြေသို့ ရှေးရှုသွားသော လမ်းဖြစ်ကြောင်း တွေ့ရသည်။

မော်တော်ကားလမ်းက ခပ်မြင့်မြင့် မြေကြောဖြစ်ပြီး သုသာန်မြေက နိမ့်သောကြောင့် မခင်ရွှေသည် မော်တော်ကားလမ်းပေါ်မှ စီးကြည့်သလို သုသာန်မြေကို ကောင်းစွာ တွေ့နေရသည်။

စိတ်ထဲမှာ ဘယ်ဝယ်ဘယ်ဆီ ရည်ရော်တမ်းတ လွမ်းရမည်မသိဘဲ ခင်ရွှေသည် လွမ်းသလိုလို ဆွေးသလိုလို စိတ်ဖြင့် သုသာန်မြေကို မျှော်ကြည့်နေရာမှ မခင်ရွှေ၏ မျက်လုံးသည် သုသာန်အစွန်ဘက် ခပ်မြင့်မြင့် မြေကမူလေးစောင်းမှာ ရှိနေသော မြေပုံတစ်ခုကို သတိပြု မြင်လိုက်မိသည်။ အခြားသော မြေပုံများသည် ဘာမှ ထူးခြားချက်မရှိဘဲ ဂူကလည်း ဂူအလျောက်၊ မြေပုံကလည်း မြေပုံအလျောက် ရိုးရိုးပင် ရှိနေသည်။ မခင်ရွှေ သတိပြုလိုက်မိသော မြေပုံကား ခြေရင်း ခေါင်းရင်းနှင့် ဘေးနှစ်ဖက်တွင် ကုံကော်ပင် လေးပင်ကို နှစ်တကျ စိုက်ထားသည်။ စိုက်ပျိုးစဉ်အချိန်က မြေတွင်းထဲမှာ လဲလျောင်းနေသော ရုပ်ကလာပ်၏ ခြေရင်းခေါင်းရင်းနှင့် ဘေးနှစ်ဖက်မှာ အတိအကျ ကပ်ပြီး စိုက်ပျိုးထားဟန် တူသည်။ နှစ်ပရိစ္ဆေဒ ကြာမြင့်လှပြီ ဖြစ်သော ယခု ခင်ရွှေ တွေ့သည့် အချိန်တွင်ကား သစ်ပင်ကြီးမျိုးဖြစ်သော ကုံကော်ပင်ကြီး လေးပင်၏ ပင်စည်များသည် ကြီးမားလာသည့်အလျောက် တစ်ပင်နှင့် တစ်ပင် ကပ်ကာ ရုပ်ကလာပ် ရှိနေခဲ့ရာ အလယ်မှ မြေသားပင် သိသာရုံမျှသာ ကျန်ရှိတော့သည်။

မြေပုံ အလယ်ဗဟိုမှာ မပျက်မစီး ကျန်ရှိနေသေးသော မှတ်တိုင်ကြောင့်သာလျှင် ဤကုံကော်ပင်ကြီး လေးပင်အလယ်မှာ ရှိသောနေရာသည် ရုပ်ကလာပ် မြှုပ်နှံထားခဲ့ရာ မြေပုံဖြစ်ကြောင်း သိနေရခြင်း ဖြစ်သည်။ ဤမှတ်တိုင်သာ မရှိတော့လျှင် ဤနေရာသည် ရုပ်ကလာပ် မြှုပ်နှံထားရာဟု ထင်စရာ မရှိချေ။

"ဆရာမ ဘာကို ကြည့်နေတာလဲ"

အသက် ဆယ်နှစ်မျှရှိနေပြီဖြစ်သော လေးတန်းကျောင်းသူ တပည့်လေးက သုသာန်မြေကို စိတ်ဝင်စားစွာ ငေးစိုက်ကြည့်နေသော မခင်ရွှေကို မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သြော်- ဟောဟို ကုံကော်ပင်ကြီး လေးပင်ကို ကြည့်နေတာ ကလေးရဲ့"

မခင်ရွှေက ကုံကော်ပင်ကြီးတွေရှိရာကို လက်ညှိုးညွှန်ပြပြီး ပြော လိုက်သည်။

"သြော်- အဲဒီကုံကော်ပင်ကြီးတွေလား၊ ပွင့်တဲ့အချိန်ကျရင် သိပ် လှတာပဲ၊ တအားပွင့်တာ ဆရာမရဲ့၊ ဒါပေမဲ့ ဘယ်သူမှ သွားမခူးရဘူး ဟိုသင်းလေ ... သားအမိနှစ်ယောက်ပူး မြှုပ်ထားတာတဲ့၊ သနားစရာကောင်း လို့ ဒီကုံကော်ပင်ကြီးက ပန်းကို ဘာမှမလုပ်ရဘူးလို့ အမေတို့က ပြောထား တယ်။ ရွာထဲက ဘယ်သူမှ ဒီအပင်ကြီးတွေကပန်း ခူးလည်း မခူးကြဘူး ရောင်းလည်း မရောင်းကြဘူး"

တပည့်မလေး စကားက စိတ်ဝင်စားစရာ ကောင်းသောကြောင့် မခင်ရွှေသည် ကုံကော်ပင်ရင်းမှာ လဲလျောင်းနေသော ရုပ်ကလာပ်ရှင် သား အမိနှစ်ယောက် အကြောင်းကို များစွာ စိတ်ဝင်စားလာမိ၏။

"ဘယ်လိုဖြစ်လို့ သားအမိနှစ်ယောက်ကို ပူးမြှုပ်ထားတာလဲ ကလေး ရဲ့၊ သားအမိနှစ်ယောက်က ဘယ်အရွယ်ရှိနေကြလို့လဲ"

"မသိဘူး ဆရာမ၊ ကျွန်မတို့အမေ ပြောတာ ကြားတာပဲ"

အသက် ဆယ်နှစ်မျှရှိသေးသော တပည့်မလေးက သဘာဝကျကျ အဖြေကို ပေးလိုက်သည်။ ဤကလေးအရွယ်ကို မေးလျှင် ဤအဖြေမျိုးသာ ကြားရမည်ကို မခင်ရွှေ ကြိုတင် တွေးမိပါသည်။ သိလိုသောစိတ် ပြင်းပြသော ကြောင့်သာလျှင် မေးလိုက်မိခြင်း ဖြစ်သည်။

ရှိစေတော့၊ အိမ်ရောက်မှ အဘွားကြီးသားအမိကို မေးမည်။ အဘွားကြီး သားအမိက သူတို့ကိုယ်တိုင် မသိစေကာမူ သိသူကို ညွှန်ကြားနိုင်ကြမည်ကို မခင်ရွှေက တထစ်ချ ယုံကြည်လိုက်သည်။ ထို့ကြောင့် တပည့်များနှင့် လမ်း လျှောက်ရာမှ ခြေလှမ်းသွက်သွက်ဖြင့် ပြန်လာခဲ့သည်။ အိမ်ရောက်သောအခါ နားနားနေနေဖြင့် အေးအေးဆေးဆေး နေပြီးမှ မခင်ရွှေက သုသာန်မြေရှိ သွားတွေ့လာခဲ့သော ကုံကော်ပင် လေးပင် အုပ်ဆိုင်းနေသည့် အရိပ်အောက် မြေတွင်း ထဲမှာ မထသော လဲလျောင်းခြင်းဖြင့် လဲလျောင်းနေကြသော သားအမိ နှစ်ယောက် ဆိုသူတို့ အကြောင်းကို စကားစပြီး မေးလိုက်သောအခါ အဘွားကြီးက ပြန်ပြော သည်။



"သြော်- ဆရာမလေးက ခင်မင်းတို့ သားအမိမြေပုံကို တွေ့လာ …ပြီကိုး။ ခင်မင်းတို့ သားအမိ ဖြစ်ပုံကတော့ တစ်ရွာလုံး သနားလို့မဆုံးပါ …။ အင်း... မသူဇာဖြစ်ပုံ သနားစရာကောင်းတာက တစ်မျိုး၊ ခင်မင်း …သားအမိ ဖြစ်ပုံ သနားစရာကောင်းတာက တစ်မျိုးပေါ့ကွယ်။ ခင်မင်းရဲ့ …င်ယောက်ျားဆိုတာ ဟိုတစ်ခါတုန်းကတော့ ရှူးလုနီးပါးပါပဲ။ ပွဲဆွေးသောက …ောက်ရှာခဲ့တယ်လေ။ နောက်တော့လည်း တရားနဲ့ဖြေပြီး ဘယ်သူ့ကိုမှ …တ် စားမချေရှာတော့ပါဘူး။ ဒါပေမဲ့ သူငယ်ကျွမ်းဆွေ ဇနီးသည်ကို မမေ့နိုင်ရှာ …ကွဲ့၊ တစ်နှစ်တစ်ခါ လာပြီး အလွမ်းဖာတ် ခင်းရှာတယ်။ လေးငါးနှစ် …ာက် အလွမ်းဖာတ်လာခင်းပြီး နောက်တော့ ဝတ်ကြောင်ကိုပယ်ပြီး သင်္ကန်း …တ်သွားရှာတယ်။ သင်္ကန်းဝတ်နဲ့ နောက်ဆုံးတစ်ခေါက် လာပြီး ရွာကျောင်း …န်းတော်ကြီးကို နှုတ်ဆက် ဝတ်ပြုသွားတယ်။ သူ့တစ်သက်မှာ လူ့လောက …ဲ ပြန်မဝင်တော့ဘဲ အသက်ထက်ဆုံး သင်္ကန်းဝတ်နဲ့ အရိုးထုတ်သွားတော့ …ယ်လို့ လျှောက်ထားပြီး ထွက်သွားလိုက်တာ အခုအချိန်အထိဆိုရင် နှစ်ပေါင်း …ာ ကျော်လို့ ၄၀ ထဲတောင် ရောက်ပြီပေါ့။ သြော်.. ခင်မင်း.. ခင်မင်း …က်စိထဲ မြင်ယောင်နေသေးတော့"

အဘွားကြီး စကားအရှည်ကြီး ပြောပြီး တကယ်ပင် သူ့မျက်စိထဲ …ာ သူပြောသော ခင်မင်းဆိုသူကို မြင်ယောင်နေသလားမသိ စကားဖြတ်ပြီး …နေသည်။ မြေပုံကို မြင်လာခဲ့ပြီးသည့် အချိန်ကစပြီး များစွာ သိချင်နေခဲ့ …ာ မခင်ရွှေသည် အဘွားကြီးစကားကြောင့် သိလိုစိတ် ပိုပြီး ပြင်းပြလာ …ည်။

"ဘွားဘွားသိရင် ပြောပြပါလား ဘွားဘွားရယ်"

မခင်ရွှေက တောင်းပန်လိုက်သောအခါ အဘွားကြီးက -

"ဟို ခတ်လုံးပျောက်လို့ ရူးပြီးသေသွားတဲ့ ကိုရန်ရှင်းမိန်းမ …ယ်စောရာကို ဆရာမလေး မှတ်မိတယ် ဟုတ်လား"

ဟု စကားဖြတ်မေးလိုက်သည်။

"မှတ်မိပါတယ် ဘွားဘွား"

"အဲ... မယ်စောရာရဲ့သမီးနဲ့ ခင်မင်းနဲ့က သိပ်ခင်တဲ့ ငယ်သူငယ်ချင်း …လေ၊ သူက ပိုသိတာပေါ့"

"သြော်- အဘွားစောရာရဲ့သမီး အပျိုကြီး ဆိုတာလား … …ယ်တူလောက် ရှိတာလေ"

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးသမီးနှင့် ရွယ်တူလောက်ရှိသော ဘွားစောရာ သမီး အပျိုကြီး ဒေါ်နှင်းဖြူကို ဥပုသ်ဇရပ်မှာ တွေ့လာခဲ့ဖူးသော မခင်ရွှေက မှတ်မှတ်သားသား ဖြစ်ခဲ့သည်။

"အေးပေါ့၊ ခင်မင်းနဲ့ နှင်းဖြူက နှစ်ကိုယ့်တစ်စိတ်လို့ ပြောယူရအောင် တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်ကြ ခင်ကြတာ။ ခင်မင်းယောက်ျားနဲ့ နှင်းဖြူနဲ့ နှစ်ယောက် တိုင်ပင်ပြီး ခင်မင်းမြေပုံမှာ ကွဲကော်ပင် စိုက်ကြတာပေါ့။ နှင်းဖြူကိုသာ မေး၊ တို့သိတာက သူ့လောက် မစုံဘူး၊ သူက ခင်မင်းနဲ့ ပတ်သက်ရင် အတွင်းရော၊ အပြင်ရော အားလုံး သိခဲ့တယ်။ ခင်မင်း ဖြစ်ပုံကို နှင်းဖြူ စိတ်မှာ သိပ်မကောင်းဖြစ်ပြီး လင်စိတ်သားစိတ် ကုန်သွားတာရဲ့ အပျိုကြီးလုပ်နေတာ ဆရာမလေးရဲ့။ သူ့ရုပ်ရည်ကို မြင်တယ်မဟုတ်လား ဘယ်လောက် ချောလဲ၊ လာပြီး စပ်ကြ၊ ဟပ်ကြ ဘယ်သူ့မှ လက်မခံခဲ့ဘူး"

အဘွားကြီး ပြောမှ မခင်ရွှေက ဒေါ်နှင်းဖြူရုပ်ရည်ကို သတိထား စဉ်းစားကြည့်လိုက်သည်။ အဘွားကြီး ပြောသကဲ့သို့ပင် ငယ်စဉ်အချိန်က နာမည်နှင့်လိုက်အောင် နှင်းပွင့်လို ဖြူနုသော အသားအရေနှင့် ကြည့်ကောင်းမည့် ရုပ်ပိုင်ရှင် မိန်းမချောတစ်ယောက် ဖြစ်ခဲ့မည်မှာ ယုံမှားဖွယ် မရှိချေ။

"ဒေါ်နှင်းဖြူကို ကျွန်မ သွားတွေ့ မေးမြန်းရင် သူက ကြည်သာပါ့မလား၊ စိတ်မကောင်းစရာကို အစဖော်ပေးတယ်လို့ ယူဆပြီး ကျွန်မကို တစ်မျိုး တစ်မည် ထင်သွားမှာ စိုးရိမ်တယ် ဘွားဘွား"

မခင်ရွှေက တွေးတွေးဆဆ ပြောသည်။

"နှင်းဖြူက ဒီလို မထင်တတ်ပါဘူး၊ နောက်ပြီး အဘွားက ပြောထားဖူးတဲ့ စကားကလည်း ရှိနေတယ်လေ။ ဆရာမလေးက စာရေးဝါသနာ ပါတယ်လို့၊ တို့များနေတဲ့ ရေပြာအိုင်ရွာအကြောင်းကို သေသေချာချာ လေ့လာစုံစမ်းပြီး စာတစ်အုပ်ဖြစ်အောင် ရေးမှာလို့… ကိုယ့်ရွာအကြောင်း အခုလို စုဆောင်းရေးသားတယ် ဆိုတော့ သူတို့လည်း သဘောကျပါတယ်။ ဒါကြောင့်သာ မယ်စောရာက သူ့ယောက်ျား ကိုရန်ရှင်းအကြောင်း ဆရာမလေးကို စုံစေ့အောင် ပြောပြခဲ့တာပေါ့"

အဘွားကြီးက အားပေးတိုက်တွန်းစကားကို ပြောသောအခါ မခင်ရွှေသည် အဆင်ပြေသည့်အချိန်မှာ ဘွားစောရာသမီး အပျိုကြီး ဒေါ်နှင်းဖြူထံ သွားခဲ့သည်။ ကွဲကော်ပင် လေးပင်အောက်မှာ လဲလျောင်းနေကြသော ရုပ်



ကလာပ်ရှင် သားအမိနှစ်ယောက်အကြောင်းကို ပြောပြပါရန် တောင်းပန်သည်။ ဒေါ်နှင်းဖြူက-

"ဆရာမလေးအကြောင်းကို ကြားထားပြီးပါပြီ၊ ရေပြာအိုင်ရွာနဲ့ ပတ်သက်ရင် သိပ်စိတ်ဝင်စားတယ်ဆိုလို့ တို့တစ်တွေကလည်း ပြောချင်ကြပါတယ်ကွယ်၊ အင်မတန် ချစ်ခင်ခဲ့တဲ့ သူငယ်ချင်းရဲ့ ကြေကွဲစရာ ဇာတ်ကြောင်းကို ပြန်ဖော်ရဦးတော့မှာပေါ့လေ"

ဟု အစချီကာ လွမ်းလွမ်းတတဖြင့် ဒေါ်နှင်းဖြူပြောပြသော ကွဲကော်ပင် လေးပင်အောက်မှ ရုပ်ကလာပ်ရှင် သားအမိနှစ်ယောက် အကြောင်းကို မခင်ရွှေက ခပ်သုတ်သုတ် မှတ်တမ်းတင်လိုက်ပြန်လေသည်။

■

ရေပြာအိုင်ရွာဘေး မော်တော်ကားလမ်း တစ်လျှောက် ဈေးဆိုင်တွေ ဖွင့်ကားခဲ့သည့် အချိန်ကဆိုလျှင် မခင်မင်းတို့ မိသားစုသည် ထမင်း၊ ဟင်း၊ လက်ဖက်ရည်ဆိုင် တည်ခင်းရောင်းချခြင်းဖြင့် စီးပွားဖြစ်လာခဲ့ကြသည်။ မခင်မင်းတို့ မိသားစုကား ခြောက်ယောက် ရှိခဲ့ကြသည်။ မခင်မင်း မိဘနှစ်ယောက်၊ မခင်မင်းတို့ ညီအစ်မသုံးယောက်၊ မခင်မင်း၏ခဲအို အားလုံးပေါင်း ခြောက်ယောက် ရှိသည်။ မခင်မင်း၏အစ်မ အကြီးဆုံးကား အသားညိုမည်း၊ ပုပုဝဝ ဖြစ်သည်။ မျက်နှာက ကြည့်ပျော်ရှုပျော်သာ ဖြစ်သည်။ သူ့ခင်ပွန်းကား ဤရေပြာအိုင်ရွာဇာတိ ဖြစ်သည်။ မခင်မင်း အစ်မအလတ်ကား အသားမည်းမည်း ပိန်ပိန်ရှည်ရှည် ဖြစ်ပြီး အိမ်ထောင်မပြုဘဲ အပျိုကြီး ဖြစ်သည်။ အငယ်ဆုံးဖြစ်သော မခင်မင်းကား သူတို့နှင့် တစ်မိပေါက်တည်းပါဟု ပြောလျှင် ယုံနိုင်စရာ မရှိအောင်ပင် ထူးထူးခြားခြား ချောမွေ့လှပသော ရုပ်ရည်ရှိသည့်အပြင် အသားမှာ တောရွာသူဟု ပြော၍ မည်သူမျှ မယုံနိုင်အောင် ဖြူစင်ဝင်းပသည် ဖြစ်သောကြောင့် မိသားစုအားလုံးက မခင်မင်းကို အထူး အလိုလိုက် ချစ်ခင်ကာ ဝတ်ဆင်ရာမှာ လည်းကောင်း၊ စားသောက်ရာမှာ လည်းကောင်း ဦးစားပေး အရေးတယူ ရှိကြသည်။

မခင်မင်းကလည်း အလိုလိုက် အမိုက်စော်ကားသည့် မိန်းမမျိုးလေး မျိုးမဟုတ်ဘဲ လိမ္မာသူလေး ဖြစ်သောကြောင့် မည်သည့်ကိစ္စကိုမဆို မိဘနှင့်

www.burmeseclassic.com

www.burmeseclassic.com



အစ်မတွေကို အသိမပေးဘဲ မလုပ်ချေ။ မခင်မင်းတို့ ထမင်းဆိုင်သည် မိသား တက်ညီလက်ညီ ရှိကြသည်တစ်ကြောင်း၊ ထမင်းဟင်း အချက်အပြုတ် လည်း ကောင်းသည် တစ်ကြောင်း၊ အပြင်အဆင် အထားအသိုကလည် စားချင်စဖွယ် သန့်ရှင်းသပ်ရပ်သည် တစ်ကြောင်း တို့ကြောင့် ကိုဘအေး ထမင်းဆိုင်နှင့် စင်ပြိုင်ပင် ရောင်းကောင်းလှသည်။

မခင်မင်းက ငွေသိမ်းတာဝန်ကို ယူထားသည်ကြောင့် ဆိုင်မှာ အ ရှိနေရသည်။ အသက် ၂၀ ရှိနေပြီဖြစ်သော မခင်မင်း၏ ရုပ်ရည်သ နဂိုက ချောမောလှပရာတွင် အပျိုရွယ်လေးပီပီ ဝတ်စားဆင်ယင်ထားသောအ ေး ကြည့်ရအောင်ပင် လှပတင့်တယ်ပေသည်။

ချောမောလှပသော မခင်မင်းတို့ ထမင်းဆိုင်မှာ ခရီးသည်တွေ ထမ ဝယ်စားကြသည့်အနက် မှတ်မှတ်သားသား ဖြစ်နေအောင်ပင် အမြဲတမ်း ထမ ဝယ်စားနေသော လုလင်ပျိုတစ်ဦးကိုမူ မခင်မင်းတို့ မိသားစုသည် မျက် တန်းမိကာ နာမည်ကိုပင် သိနေသည့် အခြေသို့ ရောက်နေကြသည်။ ထိုလုလ ကား နာမည်သည် မောင်ကြင်ဖေ ဖြစ်ကြောင်းကို ပြောပြ၍ သိနေကြသ

သူ့မိဘများ ပိုင်သည့် မော်တော်ကားကို ကိုယ်တိုင် မောင်း ကုန်တင်ရောင်းချနေသူ ဖြစ်ရာ စီးပွားရေး ဖြောင့်ဖြူးနေသူဖြစ်ကြောင်း သိ ရသည်။

မခင်မင်းတို့ ထမင်းဆိုင်သည် ရပ်ဝေးခရီးသည်များ ညအိပ်ည တည်းခိုနိုင်ရန် စီးပွားရေး လာဘ်မြင်စွာဖြင့် တည်းခိုခန်း၊ အိပ်ခန်းပါ စီ ထားပြီး ငှားစားသည်ဖြစ်ရာ မောင်ကြင်ဖေသည် သူ့ကားဖြင့် ကုန် ကုန်ချ လာသည့်အခါတိုင်း ရေပြာအိုင် စခန်းသာတွင် ညအိပ်နားနေ မခင်မင်းတို့ ထမင်းဆိုင်မှ တည်းခိုခန်းတစ်ခန်းကို သူ့အတွက် ပုံသေထား ရန် ငွေပေးပြီး ငှားထားသည်ဖြစ်သောကြောင့် မောင်ကြင်ဖေ နားခိုရန် ရော လာသည့် အခါတိုင်းမှာ တည်းခိုခန်းတစ်ခန်းသည် အစဉ်သဖြင့် အဆင်သ ရှိနေသည်။

သို့ဖြင့် မောင်ကြင်ဖေနှင့် မခင်မင်းတို့ မိသားစုသည် ရင်းရင်းနှီး ခင်မင်လာခဲ့ရာမှ အမြင်များလျှင် အကြင်ပွားသည်ဆိုသော စကားအတို မခင်မင်းနှင့် မောင်ကြင်ဖေတို့သည် တစ်ဦးနှင့်တစ်ဦး ဖွဲ့ဖွဲ့လမ်းလမ်း ချ စုံမက်လာကြသည်။ ထိုသို့ မောင်ကြင်ဖေနှင့် မခင်မင်းတို့ မေတ္တာရှိနေ



သည်ကို မခင်မင်း၏ မိဘနှင့် အစ်မနှစ်ယောက်လုံးက မခင်မင်း ဖွင့်မပြောခင် ကပင် သိနေကြပြီး ဖြစ်သည်။ မခင်မင်းကို ကန့်ကွက်စကားပြောခြင်း၊ ဆူပူခြင်း မလုပ်ကြချေ။ သူတို့ကိုယ်တိုင်ကပင် မောင်ကြင်ဖေကို သဘောကျ နေကြပြီး ဖြစ်သောကြောင့် မခင်မင်းနှင့် နီးစပ်အောင် တမင်ဖန်တီးလာခဲ့ကြ သည့်အလုပ် ဖြစ်သည်။ ထို့ကြောင့် သူတို့မှန်းခြေ ပေါက်သောအခါ များစွာ ဝမ်းသာကြပြီး မခင်မင်းကို ယခင်ကထက်တိုးပြီး ယုယအရေးပေးကာ ဖူးဖူး မှုတ်ထားကြသည်။

မောင်ကြင်ဖေ၏ မိဘတွေကလည်း မောင်ကြင်ဖေ ပြောပြသော ကြောင့် ချွေးမလောင်းကို အကဲခတ်ကြည့်ရှုရန် ရေပြာအိုင်ရွာသို့ သားဖြစ်သူ ၏မော်တော်ကားဖြင့် လိုက်လာကာ မခင်မင်းတို့ ထမင်းဆိုင် တည်းခိုခန်းမှာပင် ညအိပ်ညနေ တည်းခိုပြီး မခင်မင်းကို သေသေချာချာ ကြည့်ရှုအကဲခတ်ကြ သည်။ ထို့နောက် ငြူစူသောဟန်မျိုး မပြ၊ မနှစ်မြို့သောစကားမျိုး မပြောဘဲ ကြည်ကြည်သာသာပင် ပြောဆိုဆက်ဆံပြီး ပြန်သွားကြသည်။ မောင်ကြင်ဖေ ၏ မိဘတွေ လိုက်လာသောအခါ မောင်ကြင်ဖေ၏ အခြေအနေကို မခင်မင်း မိဘတွေ ကောင်းစွာ သိခွင့်ရလိုက်ကြသည်။

မောင်ကြင်ဖေ မိဘတွေကား တည်တည်ကြည်ကြည် အတန်းအစား ထဲက ဖြစ်ကြသည်။ မော်တော်ကားပိုင် နှစ်စင်း ရှိသည်။ သားသမီးဟူ၍ မောင်ကြင်ဖေနှင့် အခြားသားတစ်ယောက်သာ ရှိသည်။ မော်တော်ကားနှစ်စင်း ကို သားတစ်ယောက် တစ်စင်း ပေးထားသည်။ သူတို့ကိုယ်တိုင်က သူတို့ပစ္စည်း ဖြင့် သူတို့ စားနိုင်သောကြောင့် သားတွေ မော်တော်ကားမှ ဝင်သည့်ငွေကို သားတွေက ပြန်ပေးလင့်ကစား စားသောက်သည့် စရိတ်ထဲမှာ မထည့်ဘဲ သတ်သတ် စုဆောင်းထားကြောင်း သိရသည်။

မခင်မင်း၏ မိဘတွေသည် မောင်ကြင်ဖေနှင့် မခင်မင်း မေတ္တာရှိနေ ကြသည့်အတွက် ရေပြာအိုင်ရွာမှာ များစွာ ဂုဏ်ယူနေကြသည်။

“ကျုပ်တို့ သမက်လောင်း မိဘတွေက မော်တော်ကားပိုင်ရှင် သူဌေးတွေ”

ဟူသော စကားမျိုးကို မခင်မင်း မိဘတွေက မအောင့်နိုင်၊ မအောင့် အည်းနိုင်အောင် ကြွားနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးကို ရွှေပေါ်မြတင် ယုယထားရတာ ထားရကျိုးနပ်ပါတယ်။ ညီမလေးကလည်း တစ်သက်တာ စားရေးသောက်ရေးမှ မပင်မပန်း စားနိုင်မယ့် လူကိုမှ ရွေးတတ်တယ်လေ"

ဟူသော စကားမျိုးကို မခင်မင်း အစ်မနှစ်ယောက်က ပြောကြသည်။ မခင်မင်း ခဲအိုကား ထိုကိစ္စနှင့်ပတ်သက်ပြီး ဘာမှ ပြောဆိုခြင်း မပြုချေ။ ပြောဆိုစရာလည်း မလိုချေ။ အဘယ့်ကြောင့်ဆိုသော် မခင်မင်း ခဲအိုသည် ဇနီးသည်နှင့် ခယ်မက သေဆိုသေ၊ ရှင်ဆို ရှင် ကြိုးဆွဲရာ ကနေရသည့် အရုပ်တစ်ရုပ်မျှသာ ဖြစ်သည်။ ထို့ကြောင့် ယောက္ခမများနှင့် ဇနီး၊ ခယ်မက ပြောသမျှကို ဦးခေါင်းညိတ်ထောက်ခံကာ နိုင်းသမျှကို ကျိုးနွံနာခံ လုပ်ကိုင်နေသူသာ ဖြစ်သည်။

မခင်မင်းကမူ ခဲအိုကို အရေးလည်းမဝင်၊ ဘာသြဇာမှလည်း မပေး။ မရှိမသေ မလေးမစားလည်း မလုပ်ဘဲ စည်းကမ်းကျကျွာ နေထိုင်သည်။

ဤအမူအရာကို ခဲအို စိတ်ထဲမှာ-

"ကောင်မလေးက နေထိုင်ပုံ ရှူတင်းလိုက်တာ၊ ငါ့ကို အဖက်မတန်သလိုပဲ"ဟူသော ယူဆချက် ရှိသွားသည်။

သို့သော် မခင်မင်းအိမ်ထောင်ရေးနှင့် ပတ်သက်၍ကား ဆိုခဲ့ပြီးသည့်အတိုင်း ဘာမှ မပြောဘဲ ဆိတ်ဆိတ်နေရမည့် ဝတ္တရားတိုင်း ဆိတ်ဆိတ်ပင် နေလိုက်သည်။

ဤသို့နှင့်ပင် မောင်ကြင်ဖေနှင့် မခင်မင်းတို့သည် လူသိရှင်ကြား တင့်တင့်တယ်တယ် လက်ထပ် နေထိုင်ကြတော့မည်ဟူသော ဆုံးဖြတ်ချက်ကို ချလိုက်ကြသည်။ မောင်ကြင်ဖေက မခင်မင်းမိဘတွေကို ဖွင့်ဟခွင့်ပန်သောအခါ မခင်မင်းမိဘတွေကလည်း ကြည်ကြည်သာသာဖြင့်ပင် မောင်ကြင်ဖေမိဘတွေ လာရောက် တောင်းရမ်းပြောဆိုရန် စီစဉ်လိုက်သည်။ စီစဉ်သည့်အတိုင်းပင် မောင်ကြင်ဖေ မိဘတွေက ကြည်ဖြူစွာပင် လိုက်လာကြသည်။ မင်္ဂလာကိစ္စကို ပြောဆိုကြသောအခါ မောင်ကြင်ဖေမိဘတွေက မင်္ဂလာပွဲအတွက် ကုန်ကျစရိတ်အားလုံးကို တာဝန်ယူပါမည်၊ ရပ်ရွာထုံးတမ်းစဉ်လာရှိသည့်အတိုင်း သဘောကျသလိုသာ စီမံပါဟု ဆိုသည်။

ဤတစ်ချက် ချောမောသွားသည်။ မခင်မင်းမိဘတွေက နောက်တစ်ချက်ကို ပြောပြသည်။

"သတို့သမီးအတွက် ခန်းဝင်ပစ္စည်း မည်မျှ တင်တောင်းနိုင်ပါမည်လဲ"



ထိုအခါ မောင်ကြင်ဖေမိဘတွေက ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်ကောက် သုံးရန်၊ ကျောက်နီလက်စွပ် တစ်ကွင်း၊ ဉသျှစ်ဖရားနားကပ် တစ်ရန်နှင့် ရွှေကြယ်သီးတစ်စုံ တင်တောင်းပါမည်ဟု ဖြေကြားသည်။ ဤအဖြေကို မခင်မင်းမိဘတွေက မကျေနပ်ကြချေ။

သူတို့ လိုချင်သည်က မောင်ကြင်ဖေ လက်ရှိ မောင်းနှင်နေသော မော်တော်ကားလည်း အပိုင်ပေးစေလိုသည်။ မောင်ကြင်ဖေ လူပျိုဘဝနှင့် မော်တော်ကားမောင်းပြီး ကုန်ကူးသန်း၍ ရလာခဲ့သော ငွေတွေကို အတိအကျ တွက်ပြီး တစ်ပြားမလျော့ အပ်နှံစေလိုသည်။ ဤသဘောပါသော စကားတွေကို ပြောလာသောအခါ မောင်ကြင်ဖေ မိဘတွေသည် မျက်နှာမကောင်းဘဲ ဖြစ်ကုန်ကြသည်။ သားအကြီးကို လက်ထပ်ပေးစဉ်ကလည်း ဤအတိုင်းပင် စီစဉ်လာခဲ့သည်။ ယခု သားအငယ်ကိုလည်း ဤအတိုင်းပင် စီစဉ်သည်။ သားနှစ်ယောက်ကို ညီတူညီမျှ ဖြစ်စေချင်သည်။ အကြီးကို မပေးခဲ့ဘဲ အငယ်ကိုမှ ပေးလိုက်လျှင် သားကြီးနှင့် ချွေးမကြီး စိတ်မှာ မျက်စရာ ဖြစ်သွားမည်။ ဒီမိဘနှစ်ယောက် သေလျှင် ဒီသားနှစ်ယောက်က လွှဲပြီး ဒီပစ္စည်းတွေကို ပေးရမည့်သူ မရှိကြောင်း၊ လက်ထပ်ပြီးသည့်နောက်မှာ မောင်ကြင်ဖေ မောင်းနေသော မော်တော်ကားကို မောင်းမြဲအတိုင်း မောင်းပြီး ရသည့်ငွေကို သားကြီးတို့အား စီမံသလို အတွက်ကျ ခွဲပေးမည်ဖြစ်ကြောင်း အကျိုးသင့်၊ အကြောင်းသင့် ပြောပြသည်ကို မခင်မင်း မိဘတွေနှင့် မခင်မင်း အစ်မနှစ်ယောက်က မကျေနပ်ကြချေ။

"ငါတို့သမီး၊ ငါတို့ညီမကို သင်းတို့သားက သိပ်စုံမက်နေတာပဲ။ သင်းတို့သားက မနေနိုင် မထိုင်နိုင်အောင် ဖြစ်လာရင် သင်းတို့ လျှော့ကြရမှာ၊ ငါတို့သဘောအတိုင်း ဖြစ်စေရမယ်"

ဟူသော ယူဆချက်က မခင်မင်းမိဘနှင့် အစ်မနှစ်ယောက်လုံးမှာ တင်းတင်းမာမာ ရှိနေကြသည်။ ထို့ကြောင့် မောင်ကြင်ဖေမိဘတွေ ပြောသောစကားကို လက်မခံနိုင်အောင် ဖြစ်နေကြသောအခါ မောင်ကြင်ဖေက မခင်မင်းကို ပွင့်ပွင့်လင်းလင်းပင် မေးသည်။

"ခင့်မိဘတွေစကားကို နားထောင်မလား၊ ကိုကြင်တို့သဘောထားလား"

www.burmeseclassic.com

www.burmeseclassic.com



မခင်မင်းသည် မိဘနှင့် အစ်မနှစ်ယောက်၏ အလိုလောဘကြီးမှုကို လုံးဝ မနှစ်မြို့က်ပေ။ စကားတည်၊ စိတ်ထားတည်သော မိန်းမ ဖြစ်သည့် အလျောက်-

"လူသိရှင်ကြား ဖြစ်ပြီးနေမှ ဖျက်လိုက်ရင် ကျွန်မအတွက် တစ်သက်လုံး နာမည်ပျက်ကြီး ဖြစ်သွားမှာ ငွေမက်တဲ့ မိန်းမမျိုးလို့ နာမည်အပျက်မခံချင်ဘူး၊ ကိုကြင်ကို လက်ထပ်ပါ့မယ်"

မခင်မင်း၏ စကားကို မောင်ကြင်ဖေ မိဘတွေက နှစ်မြို့က်ကြသည်။ မောင်ကြင်ဖေကိုယ်တိုင်ကလည်း မခင်မင်းကို စွဲလမ်းချစ်ခင်သည်။ ထို့ကြောင့် မခင်မင်းနှင့် မောင်ကြင်ဖေတို့ လက်ထပ်ပွဲသည် ပြီးမြောက်အောင်မြင်သွားသည်။ သို့သော် မခင်မင်းမိဘတွေကမူ ကြည်ကြည်သာသာ မရှိကြချေ။ မခင်မင်းသည် လက်ထပ်ပြီးသောအခါ မိဘတွေနှင့် မခွဲဘဲ အတူပင် နေမြဲ အတိုင်း နေထိုင်သည်။ မောင်ကြင်ဖေသည်လည်း လူပျိုဘဝက စီးပွားရေးအလုပ်ကို လက်လွှတ်လိုက်သည်။ မိဘများက ပေးသည့် ရင်းနှီးငွေကို မခင်မင်း လက်ထဲ ထည့်သောအခါ မခင်မင်းက ထိုငွေကို မိဘတွေ ရောင်းဝယ်နေသည့် ဆိုင်ထဲမှာ ထည့်ပြီး လုပ်ငန်းကို တိုးချဲ့သည်။ တစ်စီးပွားတည်း လုပ်ကိုင်နေကြသည်။ သို့ပါလျက်နှင့် မခင်မင်း မိဘနှင့် အစ်မနှစ်ယောက်က သူတို့စိတ်တိုင်းကျ မဖြစ်ရ ကောင်းလားဟူသော သဘောဖြင့် အချက်ရတိုင်း မောင်ကြင်ဖေကို အပြစ်ရှာကြ၊ ပြောဆိုကြသည်။

မခင်မင်းသည် သူချစ်ကိုယ်ချစ် ဖြစ်သော မောင်ကြင်ဖေနှင့် လက်ထပ်လိုက်ရသော်လည်း စိတ်မချမ်းသာရှာချေ။ မောင်ကြင်ဖေသည်လည်း ထိုနည်း အတိုင်းပင် ဖြစ်နေသည်။ မခင်မင်းက သူ့မိဘနှင့် အစ်မတွေကို သံယောဇဉ်ကြီး လွန်း၍ မခွဲနိုင်သောကြောင့် အတူနေသည်ကို ခွဲထွက်ရန်လည်း မပြောရက်။ ဤသို့ဖြင့် နေထိုင်လာခဲ့ကြရာမှ မခင်မင်းသည် လက်ထပ်ပြီး တစ်လမျှ အကြာမှာ ကိုယ်ဝန်ရှိလာသည်။ အချိန်စေ့သောအခါ ချစ်စရာကောင်းသော ဖြူဖြူ ဖွေးဖွေး သားလေးကို ချောမောစွာပင် မွေးဖွားလိုက်သည်။

သားကလေးကို မောင်ကြင်ဖေ ချစ်လိုက်သည်မှာ ခိုက်ခိုက်တုန်နေ တော့သည်။ မခင်မင်း မိဘတွေသည် မခင်မင်း မျက်နှာမြင်သည်ကို ထိုက်သင့် သလောက်တော့ ပြုစုသည်။ အလွန်အမင်း ယုယုယယ မရှိလှချေ။

မျက်နှာမြင်ပြီး သုံးရက်ရသောနေ့သည် မီးနေသည်များအဖို့ များစွာ အရေးကြီးသည်။ ထိုနေ့သည် သွေးသစ်လောင်းသောနေ့ ဖြစ်သောကြောင့်



မီးနေသည်ကို မလန့်မထိတ်ရအောင် အထူး ဂရုစိုက်ရသည်။ ဤအချက်တွေကို မခင်မင်းမိဘနှင့် မခင်မင်း အစ်မနှစ်ယောက်သည် မသိ မဟုတ်၊ သိကြသည်။ မခင်မင်းအနားမှာ ချစ်လှသော သူငယ်ချင်းဖြစ်သူ မနှင်းဖြူက အထူးဂရုစိုက်ပြီး စောင့်နေသည်။

သူငယ်ချင်း မခင်မင်း၏ စိတ်မချမ်းသာမှုကို ခရေစေ့တွင်းကျ သိထားပြီးဖြစ်သော မနှင်းဖြူသည် သူငယ်ချင်းကို သနားကြင်နာစွာ အားပေး စကားပြောနေသည်။ မခင်မင်းကလည်း အနားမှာ ချစ်သော သူငယ်ချင်း ရှိနေသောကြောင့် စိတ်ပြေလက်ပျောက်ဖြစ်ကာ တိုးတိုးသက်သာ စကားလက် ဆုံကျနေစဉ်မှာ မီးနေခန်း အပြင်ဘက်က ဆူဆူညံညံ စကားများကြ၊ ရန်ဖြစ် ကြသော အသံတွေကို ကြားလိုက်ရသည်။

သူငယ်ချင်းနှစ်ယောက် နားစွင့်ထောင်လိုက်သောအခါ မောင်ကြင်ဖေ တစ်ယောက်တည်းက တစ်ဖက်၊ မခင်မင်း အစ်မနှစ်ယောက်နှင့် ခဲအိုက တစ်ဖက် ရန်ဖြစ်နေကြောင်း သိရသည်။ ဘာက စပြီး ဘယ်လို ဖြစ်ကြသည် ကိုမူ သူတို့နှစ်ယောက် မသိနိုင်ကြချေ။ မခင်မင်း အစ်မနှစ်ယောက်နှင့် ခဲအို တာ မတန်မဆ အခွန်းပေါင်းများစွာပြောမှ မောင်ကြင်ဖေက တစ်ခွန်း နှစ်ခွန်း မျှသာ ပြန်ပြောသည်ကိုမူ မနှင်းဖြူ သတိထားလိုက်မိသည်။

'ဒုက္ခပါပဲ၊ မီးနေသည်ကိုမှ အားမနာကြ၊ မညှာကြပါလား'

မနှင်းဖြူ စိတ်ထဲက တွေးမိသည်။ သူတို့ ပြောဆိုနေကြသည့် စကား တွေကို ကြားရခြင်းဖြင့် လည်းကောင်း၊ မခင်မင်းတို့ လက်ထပ်ရသည့် အခြေ အနေကို အမှန်အတိုင်း သိလာခဲ့ရခြင်းဖြင့် လည်းကောင်း ယခု ရန်ဖြစ်နေကြ သော အကြောင်းသည် မည်သည့်နည်းနှင့်မှ မောင်ကြင်ဖေ မလွန်ကြောင်း၊ မောင်ကြင်ဖေအနေဖြင့် အလွန်အမင်း မခံနိုင်၊ မရပ်နိုင် ဖြစ်သောကြောင့်သာ ယခုလို ရန်ဖြစ်ရကြောင်းကို မနှင်းဖြူက တွေးမိသည်။

မခင်မင်းမိဘတွေ ရှိသည်၊ မရှိသည်ကိုမူ မနှင်းဖြူက မသိ။ အစ်မ နှစ်ယောက်နှင့် ခဲအိုက ကြိမ်းတမ်းနစ်နာစွာ ဆဲကြ၊ ပြောကြသောအခါ မောင်ကြင်ဖေသည်-

"ကျွန်တော့်မယားမျက်နှာ ထောက်နေလို့သာ ဒါလောက်အောင့်ခံ သာခဲ့တာနော်၊ ကျွန်တော်လည်း စိတ်နဲ့လူပဲ၊ မခံနိုင်လွန်းလို့ ဖြစ်လာကြရင် တော့ မကောင်းဘူး"

www.burmeseclassic.com



ဟူသော စကားကို ပြောပြီး မခင်မင်းရှိရာ မီးနေခန်းထဲ ဝင်လာသည်။ ထိုသို့ဝင်လာသော မောင်ကြွင်ဖေမျက်နှာသည် တကယ်ပင် စိတ်မဆိုးဘဲ သည်းခံစိတ်ကြောင့်ပင်လား၊ မယားဖြစ်သူ စိတ်မကောင်းဖြစ်မည်စိုးသောကြောင့် ဟန်ဆောင်ပြုံပြင်ထားသော မျက်နှာလားတော့ မနှင်းဖြူ မသိ။ မောင်ကြွင်ဖေ မျက်နှာသည် ကြည်ကြည်လင်လင်ပင် ဖြစ်သည်။

''ခင် နေကောင်းတယ်နော်''

ဟု မယားဖြစ်သူကို ဂရုတစိုက် မေးလိုက်သည့် အခိုက်ဝယ်-

''သင်းက လူဝါးဝလို့၊ မခံနိုင်ရင် ဘာလုပ်ချင်လဲ''

ဟူသော အသံနှင့်အတူ မခင်မင်း အစ်မကြီးက ဝါးရင်းတုတ်ကို ကိုင်လျက် လည်းကောင်း၊ သူ့ယောကျ်ားက မြက်ခုတ်ဓားကြီးကို ကိုင်လျက် လည်းကောင်း မီးနေခန်းအဝမှာ ဘွားခနဲ ပေါ်လာသည်။

မောင်ကြွင်ဖေက ထိုင်နေရာမှ ဖျတ်ခနဲ ထလိုက်သည်။ သူ့ကိုယ်ကို ကာကွယ်ခုခံရန်လား၊ ထွက်ပြေးရန်လား ဆိုသည်ကိုမူ မနှင်းဖြူ မသိလိုက်နိုင်သော်လည်း-

''အောင်မာ၊ မင်းက ငါ့ကို ခံလုပ်မယ်လို့ပေါ့လေ၊ ကဲကွာ''

ဟူသော ခဲအိုကြီး၏ အသံနှင့်အတူ မြက်ခုတ်ဓားကြီးကို ခုတ်မည့်ဟန်ဖြင့် တအားမြှောက်လိုက်သောအခါ မောင်ကြွင်ဖေသည် ခုခံခြင်း၊ ရန်ပြုခြင်း မပြုဘဲ ဓားကြီးကို လွတ်အောင်ရှောင်ပြီး-

''ခင်ဗျားတို့ လူစိတ်လည်း ရှိကြပါ''

ဟု ပြောပြောဆိုဆို မီးနေခန်း အပြင်ဘက်ကို ထွက်ပြေးသွားသည်။

''လူဝါးဝတဲ့ အကောင်၊ ကြည့်စမ်း၊ တို့ကို ခွေးလို့ ပြောသွားတာ အတူတူပဲ၊ လိုက်စမ်း... ချစမ်း''

ဟူသော မခင်မင်း အစ်မကြီး၏ စကားကြောင့် မယားသြဇာကို[illegible]သော ခဲအိုကြီးသည် ဓားကြီးကို ကိုင်ကာ မောင်ကြွင်ဖေနောက်မှ ထက်ကြပ်လိုက်သွားသည်။

ဖြစ်ပုံတွေကို မခင်မင်းသည် မျက်လုံးအပြူးသားဖြင့် ကြောင်တောင်ကြီး ကြည့်နေရာမှ-

''အောင်မယ်လေး၊ ဆွဲကြပါဦး သေတော့မှာပဲ''

ဟူသော ဆူဆူညံညံ အသံတွေကို ကြားလိုက်သောအခါ-



''ကိုကြွင် လွတ်ကဲ့လား၊ သေပြီထင်တယ်''

ဟူသော စကားကို လေသံမျှဖြင့်ပြောကာ ထိုင်နေရာမှ ခွေလဲပြီး သတိလစ်သွားရှာသည်။

မီးနေသည်ကား သွေးတက်နေရှာပြီ ဖြစ်သည်။

တတ်သိနားလည်သူတွေနှင့် ဝိုင်းဝန်းပြုစုကြ၍ သတိရလာသောအခါ မခင်မင်းသည် နှစ်နှစ်ခြိုက်ခြိုက် အော်ရယ်လိုက်သည်။

မယားနှင့်သားကို တွယ်တာလွန်းသော မောင်ကြွင်ဖေသည် အသတ်ခံရလို့ သေရင်လည်း သေပါစေတော့ဟူသော စိတ်ဖြင့် ဓားကို လွတ်အောင်ရှောင်ပြေးနေရာမှ မခင်မင်း ရှိရာ ပြန်လာသည်။ ဘေးပတ်ဝန်းကျင်လူတွေ၏ လက်ညှိုးထိုး ကဲ့ရဲ့ခြင်း၊ ဆုံးမခြင်းများကို အားရပါးရ ခံလိုက်ရပြီဖြစ်သော မခင်မင်း အစ်မများနှင့် ခဲအိုကြီးသည် ငြိမ်သွားကြသည်။ မောင်ကြွင်ဖေကို ဘာမှ မလုပ်ကြတော့ချေ။

ဟက်ဟက်ပက်ပက် အော်ဟစ်ရယ်မောနေသော ဇနီးကို ယုယကြင်နာစွာ ပိုက်ပွေ့ပြီး-

''ခင်... ခင် နေကောင်းတယ်နော်''

ဟု မောင်ကြွင်ဖေက မေးလိုက်သောအခါ ရယ်မောနေသော မခင်မင်းသည် မောင်ကြွင်ဖေမျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

''ဟဲ့... နင်ဘာကောင်လဲ၊ လူလား...''ဟု မေးလိုက်၏။

ဝိုင်းအုံကြည့်နေကြသော လူတွေအားလုံးသည် မခင်မင်း နဂိုစိတ်နေစိတ်ထား မဟုတ်တော့ကြောင်းကို ကောင်းစွာ သိလိုက်ကြလေပြီ။ အားလုံးသိလိုက်ကြသည့်အတိုင်း မခင်မင်းကား နဂိုစိတ် မဟုတ်တော့ချေ။

''သူငယ်ချင်း၊ သတိထားပါကွယ်''

မနှင်းဖြူက ကြင်နာစွာ ပြောလိုက်သောအခါ မခင်မင်းသည် မှုမှုန်တော့သော မျက်လုံးများဖြင့် ဟိုဟိုဒီဒီ ကြည့်လိုက်သည်။ အရောင်အဆင်းဆင်းမဲ့နေသည့် ပြူးကြောင်သော မျက်လုံးကြီးများဖြင့် မောင်ကြွင်ဖေကို တစ်ချက် လှည့်ကြည့်ကာ မောင်ကြွင်ဖေလက်ထဲက ရုန်းထွက်လိုက်သည်။ မောင်ကြွင်ဖေက ချုပ်ကိုင်မထားဘဲ အလိုက်သင့်ပင် လွှတ်ပေးလိုက်သည်။ မခင်မင်းသည် လင်ကိုလည်း မသိတော့၊ သားလေးကိုလည်း မသိတော့၊ မိမိသည်သူ့ကိုမျှလည်း မသိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့အားလုံး လူတွေလား၊ လူတွေဆိုရင် ငါ့နားမလာကြနဲ့၊ ငါက လူမဟုတ်တော့ဘူးနော်၊ ငါဟာ သေပြီးသား မသာလောင်းကြီး၊ သင်္ချိုင်းကို ရောက်ပြီးမှ တစ်ခေါက်ပြန်လာတာ…"

သွေးနုနေသော မီးနေသည်သည် သွေးသစ်လောင်းသောနေ့မှာ ထိတ်လန့်စိုးရိမ်စရာ၊ စိတ်ထိခိုက်စရာကို မျက်စိရှေ့မှာ မြင်လိုက်ရသည်။ စိတ်မချမ်းသာရင်း အခံရှိရာမှာ စိတ်ထိခိုက်စရာ တွေ့လိုက်ရသောကြောင့် သွေးတက်သွားခဲ့သည်။ သတိပြန်ရလာပါသော်လည်း အသိဉာဏ်၊ မှတ်ဉာဏ် ချို့ယွင်းကာ ဦးနှောက်ပျက်သွားရှာလေပြီ။ ပြောသည့်စကားတွေကလည်း ကြက်သီးထစရာ ဖြစ်သည်။

မခင်မင်း အစ်မများနှင့် မိဘတွေကား ဝိုင်းဝန်းအပြစ်တင်နေကြသော စကားတွေကို ဦးခေါင်းငုံ့ခံကာ မျက်ရည်ကိုသာ အသွင်သုတ်နေကြသည်။

"လူတွေနားမှာ နေရတာ စိတ်ဆင်းရဲတယ်၊ မသာလောင်းကြီး အဖြစ်နဲ့ နေရတာပဲ ကောင်းတယ်၊ မသာလောင်းအဖြစ်နဲ့ ငါ ပြန်သွားတော့ မယ်နော်၊ ငါ့အလောင်းကြီးကို ကျွန်းစောင်းလေးမှာ မြှုပ်၊ ငါ့ကိုယ်ပေါ်က ပန်းပင်ကြီး လေးပင်စိုက်၊ ငါတစ်ယောက်တည်း နေရတာ ပျင်းလာရင် ဟောဒီ အကောင်လေးကိုပါ ခေါ်မယ်"

မခင်မင်းက ပြောပြောဆိုဆိုဖြင့် သူ့သားလေး သိပ်ထားသည့်နေရာကို သွားမည် ဟန်ပြင်လိုက်သောအခါ မောင်ကြင်ဖေသည် သားလေးကို သိပ်ထားသည့် စကောကို လျင်မြန်စွာ ကောက်ယူပြီး မတ်တတ်ရပ်လိုက်သည်။

"ဟီး… ဟီး… ဟီး… ဟီး… နင်တို့လူတွေ အဲယ်လို သိမ်းထား ပေမယ့် ငါက လူမှ မဟုတ်တော့ဘဲ၊ ငါ ယူချင်ရင် အလွယ်လေးပါ"

မခင်မင်း၏ ရယ်သံသည် စိတ်ချောက်ချားဖွယ် ကောင်းလှသည်။

"ဘုန်းတော်ကြီး ပင့်ပြီး ပရိတ်ရွတ်"

"ပယောဂဆရာကို ခေါ်"

"မြို့ပေါ်က ဆေးရုံကို ပို့ရင် မကောင်းဘူးလား"

"သွေးဆေးကောင်းကောင်း တိုက်ကြည့်ကြပါဦး"

ဟူသော တီးတိုးစကားသံတွေက တစ်ယောက်တစ်မျိုး ပြောနေကြသည်။

သို့သော် သူတို့ ဘာကိုမှ လုပ်ချိန် မရလိုက်ကြတော့ပါ။



"ငါ သွားတော့မယ်"

မခင်မင်းသည် ပြောပြောဆိုဆိုဖြင့် လှဲအိပ်လိုက်သည်။ မျက်လုံးကို မှေးကာ အသက်ကို ခဲယဉ်းစွာ ရှိုက်ပြီး တစ်ချက်ချင်း ရှူနေသည်။ မောင်ကြင်ဖေသည် သားနီတာရဲလေးကို ပွေ့ထားလျက်က မခင်မင်း မြင်နိုင်လောက်သည့် နေရာက ရပ်ပြီး-

"ခင်… ခင်…"

ဟု ခေါ်ကြည့်သည်။ အနားကို သိပ်မကပ်ရဲ။ သူ့အနေဖြင့် ကြောက်၍မဟုတ်၊ သူ့သားလေးကို တစ်ခုခု လုပ်လိုက်မှာ စိုးရိမ်သောကြောင့်ဖြစ်သည်။ ကြေကွဲဆို့နင့်စွာ ခေါ်လိုက်သော မောင်ကြင်ဖေအသံကြောင့် မျက်လုံးကို မှေးကာ အားသော မခင်မင်းသည် မျက်လုံးကို ဖွင့်ပြီး အသံလာရာကို ကြည့်လိုက်သည်။ ထို့နောက် ခက် အားယူပြောသော အသံဖြင့်-

"ကိုကြင်"

ဟု ပြန်ထူးလိုက်သည်။ စောစော ပြောနေသော အသံက ချောက်ချားဖွယ်ကောင်းသလောက် ယခု ထွက် သောအသံက မောဟိုက်တုန်ရီသော လေသံမျှသာ ဖြစ်သည်။ ထိုအခါမှ မောင်ကြင်ဖေသည် သားငယ်ကို ပွေ့လျက်နှင့် ချစ်လှသော ဇနီးအနားမှာ ထိုင်လိုက်သည်။

"ခင် နေသာရဲ့လား"

မောင်ကြင်ဖေက တိုးတိုးသက်သာ မေးသည်။

"ခင့်မျက်လုံးတွေ မမြင်ရတော့ဘူး ကိုကြင်၊ ခင် သွားတော့မယ်"

မခင်မင်းသည် အသံထွက်သည်ဆိုရုံမျှသာ ပြောသည်။

ထို့နောက် မခင်မင်းကိုယ်သည် တစ်ချက်မျှ ခပ်ပြင်းပြင်း တုန်သွားပြီးနောက် ပါးစပ်လေးကို မပွင့်တပွင့်ဟကာ အဆုံးစွန် ငြိမ်သက်သွားရှာတော့သည်။

မောင်ကြင်ဖေ၏ ပူဆွေးကြေကွဲမှုကား မြင်သူတိုင်း မျက်ရည်မဆည်နိုင်အောင် ဖြစ်ရသည်။ မခင်မင်း၏ မိဘနှင့် အစ်မများ၊ ခဲအိုများကား သူတို့အပြစ်ကြောင့် ဦးခေါင်းပင် မဖော်ဝံ့အောင် ဖြစ်နေကြသည်။

မခင်မင်း၏ ရုပ်ကလာပ်ကို သုံးရက်ထားမည် ဖြစ်သည်။ မောင်ကြင်ဖေသည် သူချစ်လှသော ဇနီးအလောင်းကို စိတ်တိုင်းကျ လှပစွာ ပြင်ထားသည်။ သားငယ်ကို အသုဘဖြစ်သောအိမ်မှာ မထားဘဲ မနှင်းမြကို သူ့အိမ်ကို ပို့ထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရွာထဲမှာ ကလေးငယ် ရှိသည့် သားသည်အမေကို အိမ်ခေါ်ထားပြီး အကူအညီ တောင်းသောအခါ မခင်မင်းဖြစ်ပုံကို သနားကြသောကြောင့် သားငယ်အဖို့ နို့ရည် မရှားချေ။

မောင်ကြင်ဖေသည် ဇနီးရုပ်ကလာပ် ပြင်ထားရာ စင်အနီးမှာ လဲလျောင်းကာ ရှေးဟောင်းနှောင်းဖြစ်ကို တွေးပြီး ဆွေးနေရာမှ တစ်ချက်မျှ မှေးခဲ့ ဖြစ်သွားသည်။

အိပ်ပျော်နေသော မောင်ကြင်ဖေ၏ အာရုံတွင်ကား သေဆုံးရှာသူ ချစ်ဇနီးကို တွေ့နေရသည်။ မခင်မင်းသည် ပြည့်ပြည့်ဖြိုးဖြိုး လှလှပပင် ဖြစ်သည်။ သို့သော် မောင်ကြင်ဖေကိုမူ ပူးပူးကပ်ကပ် ယုယလိုသော အမူ အရာမျိုး မရှိချေ။ မခင်မင်း အမူအရာက မောင်နှမလိုလို၊ မိတ်ဆွေလိုလို ဖြစ်နေသည်။

''ခင်... ခင် ဘာမှ မဖြစ်ဘူးနော်၊ ကိုကြင် ဝမ်းသာလိုက်တာ ခင်ရယ်''

မောင်ကြင်ဖေက ဝမ်းသာအားရ ပြောပြီး ချစ်ဇနီးအနားကို ကပ် လိုက်သည်။ မခင်မင်းက မရယ်မပြုံး တည်ကြည်သော ဟန်မူရာဖြင့် မောင် ကြင်ဖေနှင့် ဝေးအောင် ရှောင်နေလိုက်ပြီး-

''ခင် နေရတဲ့ နေရာဟာ ငြိမ်းချမ်းစရာ ကောင်းလှပါတယ်၊ နေရာ မပျော်တဲ့အထဲမှာ သားလေးအတွက် စိတ်မချနိုင်ဘူး။ ဒါကြောင့် ခင့်သားလေး ကို ခင် ခေါ်သွားတော့မယ် ဆိုတာ လာပြောတာ''

မခင်မင်းက ပီပီသသပင် ပြောသည်။

ချစ်ဇနီး၏ စိမ်းကားဟန်ကြောင့် စိတ်မကောင်း ဖြစ်နေသော မောင်ကြင်ဖေသည် မခင်မင်းစကားကို ကြားရသောအခါ ထိတ်လန့်စိုးရိမ် စွာဖြင့်-

''မခေါ်ပါနဲ့ ခင်ရယ်၊ သားလေးကို မခေါ်ပါနဲ့''

ဟု တောင်းပန်လိုက်သောအသံသည် နှုတ်မှ ထွက်သွားသည်။

''ဟဲ့- မောင်ကြင်ဖေ၊ အိပ်ပျော်ရင်း ယောင်နေတာလား''

ဟူသော အသုဘစောင့်တစ်ဦး၏ အသံကြောင့် မောင်ကြင်ဖေသည် နိုးလာသည်။ ကပျာကသီ ထထိုင်ကာ စင်ပေါ်မှာ ပြင်ထားသော ဇနီးသည် ရုပ်ကလာပ်ကို ကြည့်လိုက်၏။ သူစိတ်တိုင်းကျ ပြင်ထားခဲ့သည့်အတိုင်း



နေရာမပျက်ပင် တွေ့ရသောအခါ သူ အိပ်မက် မက်နေကြောင်း သတိရလိုက် သည်။

သားကလေးကို ခေါ်သွားမည်ဟု ပြောသော မခင်မင်းအသံကို နား ထဲမှာ မထွက်နိုင်ဘဲ ထပ်တလဲလဲ ကြားယောင်ကာ သားလေးအတွက် များစွာ စိုးရိမ်ပူပန်လာသည်။

'သားလေးများ သေသွားမှဖြင့်...'

မောင်ကြင်ဖေ တွေးရင်း နေမထိ ထိုင်မသာ ဖြစ်နေသည်။ သွား ရောက်မေးမြန်းရမည်ကလည်း အချိန် မဟုတ်တော့သည့်အပြင် မနှင်းဖြူက အပျို၊ သူက ပူပူနွေးနွေး မုဆိုးဖို၊ လူတွေ ပါးစပ်သည် ယုံစား၍မရ။

မောင်ကြင်ဖေသည် မအိပ်နိုင်တော့ဘဲ ထလိုက်၊ ထိုင်လိုက် 'သားလေး ကို မခေါ်ပါနဲ့ ခင်ရယ်'ဟု တတွတ်တွတ် ပြောလိုက်ဖြင့် မိုးစင်စင် လင်းလာ ခဲ့သည်။

မိုးလင်းသည်နှင့် တစ်ပြိုင်နက် သားလေးကို ပြေးကြည့်လိုက်သည်။ ထိုအချိန်အထိ သားလေးသည် ဘာမှ မဖြစ်သေးချေ။ မခင်မင်းကို မြှုပ်နှံ သြင်္ဂြိုဟ်ပြီး ညနေ မနက်ခင်းတွင်ကား သားလေးသည် အသံကုန်ဟစ်အော် ငိုကြွေးရင်း တက်သွားရာမှ ပြန်မလည်လာတော့ချေ။ သူ့အမေနောက်ကို လိုက်သွားရှာလေ သည်။

''ခင်ရယ်... သားတစ်ယောက်တည်းကိုတော့ မခေါ်ပါနဲ့၊ လင်ကို ပါ ခေါ်ပါတော့လား''

ဟူသော မောင်ကြင်ဖေ၏ အသည်းနှလုံးထဲမှ ထွက်လာသော အသံ အား လူတိုင်း၏နားထဲမှာ မမေ့နိုင်အောင် ဖြစ်သွားသည်။

■

''သူငယ်ချင်း ဇနီးမောင်နှံအကြောင်းကို ပြောရင်း မြင်ယောင်၊ ကြားယောင်လာမိတယ်ကွယ်၊ သြော်... ဘယ်ဘဝများ ရောက်သွားကြရှာ ပါလိမ့်''

ဒေါ်နှင်းဖြူက ပြောရင်း လွမ်းလာဟန်ဖြင့် သူသာန်မြေရှိရာဘက်သို့ မျှော်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ခင်မင်းတို့ သားအမိကို အတူတူ တစ်ပြိုင်တည်း သင်္ဂြိုဟ်လိုက်ရတာပေါ့နော် အမေ"

မခင်ရွှေက မေးသည်။

"အေးပေါ့၊ တစ်ပြိုင်တည်း မြှုပ်ပြီး မောင်ကြင်ဖေက သူ့မိန်းမ စိတ် ကယောက်ကယက်နဲ့ ပြောသွားတာကို အလေးအမြတ်ထားပြီး သားအမိ နှစ်ဦးလုံးရဲ့ မြေပုံပေါ်မှာ ကံ့ကော်ပင် လေးပင် စိုက်ထားခဲ့ပြီး ဒီရွာကို အပြီး စွန့်သွားတာပေါ့လေ။ သူ စိုက်စဉ်က အပင်ပေါက်လေးတွေပဲ။ ကံ့ကော်ပင်တွေ သေကုန်ရင် သူငယ်ချင်း နေပူမှာစိုးလို့ အမေက ရေ မပြတ်လောင်းပေးထားခဲ့ တော့ ကြီးပွား ရှင်သန်ပြီး အခုတော့ နှစ်ချို့ အပင်ကြီးတွေ ဖြစ်ကုန်ပြီလေ"

ဒေါ်နှင်းဖြူ စကားက ဆက်မေးစရာ မကျန်တော့ချေ။ ထို့ကြောင့် မခင်ရွှေက မမေးတော့ဘဲ တွေးနေလိုက်သည်။

"မခင်မင်း ဆိုတာ မသေခင် သတိရလိုက်တဲ့ အခိုက်လေးမှာ ပြော သွားတဲ့စကားတွေက ကြောက်စရာတွေပဲ၊ တကယ်ပဲ သူ့ကိုယ်ကိုယ် သူသိလို့ ပြောသွားတာလား၊ စိတ်မမှန်ဘဲ ဖြစ်သွားလို့ ပြောသွားတာလား၊ ဒါပေမဲ့ အသက်ကုန်မယ့်ဆဲဆဲလေးမှာတော့ သူ သတိရလိုက်သားပဲ၊ သူ့သားလေးကို ခေါ်သွားမယ် ဆိုတာကတော့ မှန်လိုက်တာ"

မခင်ရွှေ တွေးနေစဉ်မှာ ဒေါ်နှင်းဖြူက ပြောလိုက်သည်။

"ဆရာမလေးရဲ့၊ မခင်မင်းဟာ မောင်ကြင်ဖေရဲ့ ငယ်ကျွမ်းဆွေ အချစ်ဦးဇနီး၊ ငါ့ရဲ့ ငယ်ကျွမ်းဆွေ သူငယ်ချင်းမိတ်ဆွေ၊ မောင်ကြင်ဖေအနေနဲ့ သူ့ငယ်ကျွမ်းဆွေ ဇနီးဖြစ်ပုံကို တရားကျပြီး ဝတ်ကြောင်ကို ပယ်လိုက်တယ်။ ငါလည်း တရားကျပြီး အိမ်ထောင်ရေးဒုက္ခကို စက်ဆုပ်တာနဲ့ အခု အသက် အရွယ်အထိ အပျိုကြီးဘဝနဲ့ နေလာခဲ့တယ်။ အင်း… သူငယ်ချင်း သားအမိကို မမေ့ဘဲ အမြဲ အမျှဝေခဲ့တယ်။ မခင်မင်းတို့ သားအမိ ကောင်းရာသုဂတိ ရောက်ကြပါစေ"

လှိုက်လှိုက်လှဲလှဲ ပြောလိုက်သော ဒေါ်နှင်းဖြူ အသံကြောင့် မခင်ရွှေ သည် သူ မမြင်ဖူးလိုက်သော မခင်မင်းတို့ သားအမိကို မြင်ယောင် လွမ်းဆွတ် လိုက်မိသည်။

■

## ရေပြာအိုင်မှ ကျောက်အမြုတေ

မခင်ရွှေ ရေပြာအိုင်ရွာကို ရောက်လာပြီးသည့် အချိန်မှစပြီး စိတ် အနှောင့်အယှက် ဖြစ်စရာ၊ စိတ်မကောင်းစရာဟူ၍ ဘာမှ မရှိခဲ့သောကြောင့် ပျော်ရွှင်ချမ်းမြေ့ခဲ့သော မခင်ရွှေအဖို့ ဤနေ့မှာ စိတ်မကောင်းစရာအဖြစ်ကို ကြုံတွေ့လိုက်ရသည်။

မခင်ရွှေ တပည့်လေး တစ်ယောက်၏ အစ်မသည် မခင်ရွှေနှင့် ဆော်တော်ပင် ခင်မင်ခဲ့သည်။ နာမည်က ရှေးကျကျ မှည့်ထားသော နာမည် လေးဖြစ်သည်။ မခင်နှောင်း ဆိုသော နာမည်လေးကြောင့် မခင်ရွှေက ချစ်ခင် ရာမှာ ရုပ်ရည်လေးကလည်း နွဲ့နွဲ့နှောင်းနှောင်းလေး ဖြစ်သည်။ ဖြူစင်သော အသားအရေဖြင့် ချစ်စရာကောင်းသော မခင်နှောင်းကို ဆရာမလေး မခင်ရွှေ က ဤရွာကိုရောက်ပြီး မကြာမီမှာပင် တပည့်လေးမှ တစ်ဆင့် သိကျွမ်းရပြီး ချစ်ခင်လာခဲ့သည်။

မခင်နှောင်းကလည်း သူ့မောင်လေး၏ ဆရာမအဖြစ် လေးစားရိုသေ ရာမှာ ခင်မင်မှုပါ ထပ်လောင်းပြီး မခင်ရွှေကို သွားဖော်လာဖော်အဖြစ် ထူခဲ့ ခဲ့သည်။

ယနေ့ မခင်နှောင်းတစ်ယောက် ရင်နာဖွယ်၊ ကြေကွဲဖွယ် အခြေအနေ ဖြင့် ကွယ်လွန်သေဆုံးခဲ့ရှာလေပြီ။ မခင်နှောင်းတစ်ယောက်သည် လွှင့် သေဆုံး

www.burmeseclassic.com

www.burmeseclassic.com



သည်မဟုတ်၊ မခင်နှောင်း၏ ချစ်သူ လယ်သမားလေး မောင်သင်းကြိုင်ပါ သေဆုံးရခြင်း ဖြစ်သည်။

"ဖြစ်ပုံကတော့ တကယ် ရင်နာစရာကောင်းတာပဲ ဆရာမလေး"

ကျောင်းမှ ပြန်ရောက်လာသော မခင်ရွှေကို အဘွားကြီးက စိတ်မကောင်းစွာ ပြောလိုက်သည်။

"ကျောင်းမှာတော့ ကျွန်မ ကြားခဲ့ပါတယ်၊ သေသေချာချာ မသိခဲ့ရဘူး ဘွားဘွား၊ ဘယ်လို ဖြစ်ကြတာတဲ့လဲ"

မခင်ရွှေက ကျောင်းမှ ပြန်ရောက်လာပြီး လက်ထဲက စာအုပ်စာရွက်များကို စာရေးခုံလေးပေါ် ပစ်တင်လိုက်ပြီး အဝတ်ပင် မလဲနိုင်တော့ဘဲ အဘွားကြီးအနားမှာ ထိုင်ချပြီး မေးလိုက်သည်။

"ပစ္စည်းစကား ပြောတာပေါ့ကွယ်၊ ခင်နှောင်းတို့က လယ်လေး မြေလေး ပိုင်ပြီး ဒီရွာအနေနဲ့ ပြောရမယ်ဆိုရင် ကြေးရတတ်ပေါ့။ သင်းကြိုင်က မုဆိုးမသား၊ ပစ္စည်း မရှိဘူး။ ခင်နှောင်းတို့ မိဘတွေဆီမှာ သူရင်းငှား လုပ်ရတော့ ခင်နှောင်းမိဘတွေနဲ့ အစ်ကိုက မတူမတန်ဘူးပေါ့၊ သဘောမတူဘူးပေါ့ ခင်နှောင်းကို ချုပ်ချယ်၊ ကောင်လေးကို ရိုက်မောင်းပုတ်မောင်း လုပ်တော့ လူငယ်တွေ ဟုတ်လား၊ အမှားအမှန် မဆင်ခြင်တော့ဘူး မလုပ်သင့်တာ လုပ်တော့တာပေါ့"

"သူတို့သောက်တာက ဘာအဆိပ်လဲ ဘွားဘွား"

"စိန်နဲ့ သံပရာလေ"

"အချိန်မီ ဖြေဆေး မတိုက်ကြဘူးလား ဘွားဘွားရယ်…"

မခင်ရွှေက ယူကျုံးမရ ပြောလိုက်သည်။

"အို- သူတို့တိုက်တာက ကန်စွန်းရွက်လေး ထောင်းတိုက်၊ ဆားရည်လေး ဖျော်တိုက်နဲ့ ရမလား၊ သေတာပေါ့။ မြို့ဆေးရုံ ယူသွားဖို့ကလည်း ဘယ်နည်းနဲ့မှ မမီတော့ဘူးလေ၊ အင်း… ဒီလိုကိစ္စမျိုး၊ ဒီလိုအခါမျိုးများ ဆိုရင်တော့ ဆရာမှိုင်းကို လွမ်းဖို့ကောင်းလိုက်တာ၊ ဆရာမှိုင်းသာရှိရင် ဒီလို ပိုးစိုးပက်စက် ဘယ်ဖြစ်မလဲ၊ ဆရာမှိုင်းလက်ထက်က ဒီလိုအချစ်ရေး အဆင် မပြေသူတွေ၊ အချစ်ရူး ရူးကြတဲ့လူတွေ၊ စိန်နဲ့ သံပရာ သောက်တဲ့လူကသောက်၊ ပလောင်သေရွက် ဝါးစားတဲ့လူက စား၊ ဘာကြီးလုပ်နေနေ ဆရာမှိုင်းရောက် လာပြီး သူ့ဆေးတစ်ခွက်သာ တိုက်လိုက်၊ ဘယ်တော့မှ မသေဘူး"



စိတ်မကောင်းစွာ နားထောင်နေသော မခင်ရွှေသည် စိတ်မကောင်းသည်က တခြား၊ ဝါသနာကို တားဆီးမရသည်က တခြားကြောင့် -

"ပလောင်သေရွက်ဆိုတာ ဘာလဲ ဘွားဘွား"

ဟု မေးလိုက်သည်။

"ပလောင်သေပင် ဆိုတာ ဟိုရှေးရှေးတုန်းက ဒီရွာနားမှာ ရှိဖူးတယ်။ အပင်က သိပ်ကြီးကြီးမားမား မဟုတ်ဘူး ဆရာမလေးရဲ့၊ အလွန်ဆုံး မြင့်ပါမှ လူတစ်ရပ်သာသာလောက် ရှိတာ။ ပုံသဏ္ဌာန်က သဘော်မဲဇလီရွက်လို၊ ဒါပေမဲ့ သဘော်မဲဇလီရွက်လို မပျော့ပျောင်းဘူး၊ ခပ်မာမာ၊ ခပ်ကြမ်းကြမ်း အရွက်မှာ အမွေးစုတ်စုတ်လေးတွေ ပါတယ်။ စားရင် သေတတ်တယ်။ ကျွဲ နွားတွေ စားမိပြီး မကြာခဏ သေကြတာနဲ့ ရွာက လူတွေက ဒီအပင်တွေကို မျိုးပြုတ်အောင် လုပ်ပစ်လိုက်ရတယ်လေ၊ အခုတော့ လုံးလုံး မရှိတော့ပါဘူး"

ပလောင်သေရွက်အကြောင်းကို သိလိုက်ရပြီးသော မခင်ရွှေက-

"အဲဒီလို ကိစ္စမျိုးတွေကို ဆေးကုတဲ့ ဆရာမှိုင်း ဆိုတာက ဆေး သိပ်စွမ်းလား ဘွားဘွား၊ သူက ဘယ်လိုဆေးမျိုးနဲ့ ကုတာလဲ"

ဟု မေးသောအခါ အဘွားကြီးက-

"အင်း၊ ဆရာမလေးအဖို့တော့ တို့ရေပြာအိုင်နဲ့ ပတ်သက်တဲ့ စာတစ်ပုဒ်တော့ ရဦးတော့မယ်" ဟု ပြောသည်။

"ဟုတ်ကဲ့ ပြောပါ ဘွားဘွား၊ ထူးထူးဆန်းဆန်း ဆိုရင် ကျွန်မက မှတ်တတ်တယ်ဆိုတာ ဘွားဘွားလည်း သိပါတယ်"

ဟု အလိုက်သင့် ပြန်ပြောသောအခါ အဘွားကြီးက-

"ဒီလိုကွဲ့ ဆရာမလေးရဲ့"

ဟု အစချီကာ ဆရာမှိုင်းဆိုသူအကြောင်းကို ပြောပြသည်ကို မခင်ရွှေက သူ့မှတ်တမ်းတွင် ဖြည့်စွက်ရေးသားလိုက်သည်။

■

ဆရာမှိုင်း၏ နာမည်အပြည့်အစုံက ဦးညိုမှိုင်းဖြစ်သည်။ ဦးညိုမှိုင်းသည် ဤရေပြာအိုင်ရွာ ဇာတိ မဟုတ်ချေ။ အသက်နှစ်ဆယ်ကျော် အရွယ် ကပင် တစ်ရပ်တစ်ကျေးမှ ရောက်လာပြီး ရေပြာအိုင်ရွာမှာ ကြီးရာသူနှင့်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို လုပ်ကိုင်ပြီး အသက်မွေး နေထိုင်သူ ဖြစ်သည်။ အနေအထိုင် ရိုးသား ပြီး အကျင့်စာရိတ္တ ကောင်းသောကြောင့် ရွာသူရွာသားတွေက ခင်မင်ကြသည်။ ခင်မင်စိတ် ရှိကြသော်လည်း မည်သူကမျှ အထင်မကြီးကြချေ။ ကြီးချင်စရာ အခြေအနေကလည်း မရှိသောကြောင့် အထင်မကြီးကြသည်မှာ မဆန်း။

လယ်လုပ်ချိန်မှာ လယ်သူရင်းငှား လုပ်သည်။ လယ်လုပ်ချိန်ကုန် လျှင် မော်တော်ကားလမ်းဘေးက ဈေးဆိုင်တွေမှာ မည်သူ့ဆိုင်ကမဆို အခ ကြေးငွေ ပေးခိုင်းလျှင် စေတနာကောင်းကောင်းဖြင့် လုပ်ကိုင်ပေးသောကြောင့် မောင်ညိုမှိုင်းအနေဖြင့် ထမင်းစားစရာ မရှားချေ။ ဈေးဆိုင်မရွေး လုပ်ကိုင် ပေးနေသော်လည်း အများဆုံး လုပ်ကိုင်သော ဆိုင်သည် ကိုဘအေးတို့ဆိုင် ဖြစ်သည်။ ကိုဘအေးဆိုင်က ဈေးတန်းထဲမှာ အကြီးဆုံးလည်းဖြစ်၊ ကိုဘအေး ၏ ပေးကမ်းမှု၊ ဆက်ဆံမှုမှာလည်း အခြားသူတွေထက် စေတနာရှိချင်စရာ ကောင်းသောကြောင့် မောင်ညိုမှိုင်းသည် ကိုဘအေးဆိုင်မှာ ပင်တိုင်လိုဖြစ်နေ သည်။ မောင်ညိုမှိုင်းကို ရွာသူရွာသားတွေက ခင်မင်သော အကြောင်းရင်း တစ်ခုမှာ မောင်ညိုမှိုင်းသည် မိန်းမနှင့်ပတ်သက်လာလျှင် အရှယ်နှင့်မလိုက် အောင် တည်ကြည်ပြီး သစ္စာရှိသော အချက်ပင် ဖြစ်သည်။

မိန်းမအကြောင်းကို စိတ်မဝင်စားသည်သာ မဟုတ်သေး၊ မောင်ညို မှိုင်းသည် ရတနာသုံးပါးလည်း မြဲသည်။ ရှစ်ပါးသီလကို မှန်အောင် မစောင့် သော်လည်း ငါးပါးသီလကိုမူ တတ်နိုင်သမျှ လုံအောင်ထိန်းသည်ကို အားလုံး က သိကြသည်။

ကိုဘအေး၏ ကြက်တောကြီး သေဆုံးသွားပြီးနောက် ထိုကြက်တော ကြီးလို လိမ္မာပြီး သစ္စာရှိသော ကြက်တောကြီးတစ်ကောင်လောက် လိုချင် ကြောင်းကို ကိုဘအေးသားက မကြာခဏ ပြောနေသောကြောင့်–

"တစ်နေ့တော့ ငါ တောထဲသွားပြီး ရှာကြည့်ပါဦးမယ်ကွာ၊ နာ အောင်ကျင်အောင် လုပ်ပြီး ဖမ်းယူတာမျိုးတော့ ငါ မလုပ်ချင်ဘူး၊ အသိုက် ထဲက ကျပြီး ဒုက္ခရောက်နေတာမျိုးတွေ့ရင်တော့ ယူလာခဲ့မယ်"

ဟူသော စကားဖြင့် တစ်နေ့တွင် မောင်ညိုမှိုင်းသည် တောထဲသို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။

တောတောင်၏ သာယာကြည်နူးဖွယ်ကောင်းပုံကို စိတ်အေးချမ်းစွာ မျက်စိအရသာခံကြည့်ရင်း အမှတ်မထင် လာခဲ့သော မောင်ညိုမှိုင်းသည်



တဖြည်းဖြည်းဖြင့် တောနက်ထဲသို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။ တောနက် ထဲသို့ ကျွံပြီး ရောက်နေကြောင်းကို သူကိုယ်တိုင် သတိထားမိလာသောအခါ မောင်ညိုမှိုင်းသည် တောင်ကုန်းနှစ်ခုအကြားမှာ တသွင်သွင် စီးနေသည့် ကြည်လင် အေးမြသည့် စမ်းချောင်းလေးတစ်ခု၏ ကမ်းပါးမှာ ရောက်နေကြောင်းကို သိလိုက်ရသည်။

"ကြောက်စရာ ဘာမှ မရှိပါဘူးလေ၊ ငါ ပြန်တတ်သားပဲ"

မောင်ညိုမှိုင်းက သူ့တစ်ကိုယ်တည်း ပြောပြီး စမ်းချောင်းလေးဘေး မှာ ထိုင်လိုက်သည်။

သူလွယ်လာခဲ့သော လွယ်အိတ်ထဲမှာ ထမင်းထုပ်၊ ရေဘူး၊ ဓားမြှောင် တစ်ချောင်း ထည့်လာခဲ့သည်။ လက်ကမူ ငှက်ကြီးတောင် ဓားတစ်လက် ပါသည်။ သတ်ဖြတ်ညှဉ်းဆဲရန် ရည်ရွယ်ချက်မရှိသော်လည်း ဘေးဆီးရန်ကာ သဘောမျိုး ဆောင်လာခဲ့ခြင်း ဖြစ်သည်။ ရွာမှ ထွက်လာခဲ့သည်မှာ နံနက် စောစောအချိန်ဖြစ်၍ ယခုမှ ဆွမ်းခံပြန်ချိန်လောက်သာ ရှိမည်ဖြစ်ကြောင်းကို မောင်ညိုမှိုင်းက ခန့်မှန်းလိုက်မိသည်။ ထို့ကြောင့် ထမင်းဆာသလိုလို ဖြစ်သော် လည်း အမောဖြေပြီးမှ အေးအေးဆေးဆေး စားတော့မည်ဟု စိတ်ကူးကာ ခြေဆန့်လက်ဆန့် လဲလျောင်းရန် နေရာကို ကြည့်လိုက်သည်။

စမ်းချောင်းကမ်းပါးမှာပင် အရိပ်ကောင်းလှသော သစ်ပင်ကြီးတစ် ပင်က ရှိနေသည်။ အခက်အလက်တွေ ဝေဆာသော သစ်ကိုင်းကြီးတစ်ခုက စမ်းချောင်းပေါ် အုပ်မိုးနေသည်။ သစ်ကိုင်းကြီးသည် လူတစ်ယောက် အိပ်စက် နားနေလောက်အောင်ပင် ကြီးမားသော သစ်ကိုင်းကြီး ဖြစ်သည့်အပြင် အခက် အလက်တွေ ဝေဆာသောကြောင့် အိပ်နေသူအဖို့ အအိပ်ဆိုးသူ မဟုတ်လျှင် လိမ့်ကျနိုင်စရာ အကြောင်း မရှိချေ။

ရေသောက်ဆင်းလာသော တောရိုင်းတိရစ္ဆာန်တွေ ရောက်လာစေ ကာမူ ဘေးရန်ကင်းနိုင်သော နေရာ ဖြစ်သောကြောင့် မောင်ညိုမှိုင်းက ထို သစ်ကိုင်းပေါ်တက်ပြီး အပန်းဖြေရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် သူ ယူဆောင်လာသော ပစ္စည်းလေးတွေကို စုံလင်အောင် ယူပြီး သစ်ကိုင်းပေါ် တက်လာခဲ့သည်။ လွယ်အိတ်နှင့် ဓားကို ရေထဲမကျအောင် သစ်ကိုင်းခွမှာ သေချာစွာ ထားပြီး စိတ်လက်အေးချမ်းစွာ လဲလျောင်းလိုက်၏။

သစ်ကိုင်းပေါ်က စီးပြီး ကြည့်လိုက်သောအခါမှ စမ်းချောင်း၏ အလှကို အားပါးတရ မြင်ရသည်။ ကြည်လင်သော ရေထဲမှာ အကိုင်းသား

www.burmeseclassic.com

www.burmeseclassic.com



မြင်နေရသော ငါးတွေ၊ အရွယ်သဏ္ဍာန်မျိုးစုံသော လှပသည့် ကျောက်တုံးတွေ၊ စမ်းချောင်းကမ်းနှစ်ဖက်တွင် ပုံသဏ္ဍာန်မျိုးစုံ ဖြစ်နေသော ကျောက်တုံးတွေ၊ စမ်းရေအေး အရှိန်ကြောင့် စိမ်းညို့ ဝေဆာသော သစ်ပင်တွေ၊ သဘာဝအလျောက် လှပစွာ ပွင့်ဖူးနေကြသော တောပန်းတွေ။

မောင်ညိုမှိုင်းသည် ထမင်းစားရမည်ကိုပင် မေ့သလိုဖြစ်ကာ သာယာ ကြည်နူးဖွယ် ရှုမျှော်ခင်းကို တမေ့တမော ကြည့်နေရာမှ သူ့မျက်လုံးသည် စမ်းချောင်းကမ်းပါး တစ်နေရာရှိ ကျောက်တုံးကြီး တစ်ခုဆီသို့ ရောက်သွားသည်။ ကျောက်တုံးကြီး အနားမှ တလှုပ်လှုပ်တရွရွဖြင့် ဖြည်းညင်းစွာ ရေစပ်သို့ ဆင်းလာနေသော အရာသည် ကဏန်းကောင်လား၊ မြွေကြွက်လား၊ ခရုကြီး လားဟု မောင်ညိုမှိုင်းစိတ်ထဲက သာမန်မျှသာ ထင်လိုက်သည်။

ထိုအရာသည် တဖြည်းဖြည်း ရွေ့လျားလာရာမှ မောင်ညိုမှိုင်း ရှိနေရာ သစ်ကိုင်းအောက်တည့်တည့်သို့ ရောက်လာသောအခါ မောင်ညိုမှိုင်းသည် များစွာ အံ့သြသွားမိသည်။

သက်ရှိသတ္တဝါတစ်ကောင်ဟု သူထင်လာခဲ့သော ထိုအရာသည် ဖြည်းညင်းစွာ လိမ့်လာသော မြေကြီးလုံးတစ်လုံးသာ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

'အတွင်းထဲမှာ သက်ရှိသတ္တဝါတစ်ကောင် ရှိလိမ့်မယ် ထင်တယ်။ ရေဆင်းသောက်တာ ဖြစ်မှာပဲ၊ ရေစပ်ကို ရောက်လာရင် မြေကြီးလုံးထဲက ထွက်လာမှာ ဘယ်လို အကောင်မျိုး ဖြစ်လေမလဲ'

မောင်ညိုမှိုင်းက တွေးပြီး အသံမထွက်အောင် သတိထားကာ တိတ်ဆိတ်စွာ စောင့်ကြည့်နေသည်။ သို့သော် မြေကြီးလုံးကြီးထဲက ဘာကောင်မှ ထွက်မလာချေ။ မြေကြီးလုံးသည် ယောကျ်ားတစ်ယောက်၏ လက်သီးဆုပ် အရွယ်သာ ဖြစ်သည်။ ရေစပ်သို့ ရောက်သောအခါ ရေစပ်စပ်တွင် ဖြည်းညင်းစွာ ရွေ့လျားလူးလှိမ့်သည်။ အလုံးတစ်ခုလုံး ရေစိုသွားသောအခါ တရွေ့ရွေ့ဖြင့် သူလာခဲ့သော ကျောက်တုံးကြီးအနားသို့ပင် ပြန်လည်ထွက်ခွာသွားသည်။ ထို့နောက် ကျောက်တုံးကြီးအောက်ခြေ တစ်နေရာဝယ် ဝင်ကပ်ကာ ငြိမ်သက်သွားသည်။ ထိုအခါမှ မောင်ညိုမှိုင်းက ထိုမြေကြီးလုံး ကပ်နေသော ကျောက်တုံးကြီး တစ်နေရာကို သတိထားကြည့်လိုက်မိသောအခါ သူ့မျက်လုံးကိုပင် သူ မယုံနိုင်အောင် အံ့အားသင့်သွားမိပြန်သည်။



မြေကြီးလုံးကပ်နေသော နေရာသည် အမှတ်မဲ့ကြည့်သော် မည်သို့မှ မသိသာသော်လည်း သေချာစွာ ဂရုစိုက်ကြည့်လိုက်သောအခါ လူ့လက် တစ်ဖက်ပုံသဏ္ဍာန် ပီပီသသကြီး ပေါ်နေသည်ကို တွေ့ရသည်။

လက်ကောက်ဝတ် အထက်နားဆီမှ ဖြတ်ထားသော လူ၏ ယာဘက် လက်ပုံသဏ္ဍာန်သည် ရေစိုနေသော မြေကြီးလုံး ကိုင်ထားသလို အနေအထား ဖြစ်နေသည်။

သိလိုသောဆန္ဒ ပြင်းပြစွာ ပေါ်လာသောအခါ မောင်ညိုမှိုင်းသည် သူ့စိတ်ကို ချုပ်တည်းရန် မစွမ်းနိုင်တော့ဘဲ သစ်ပင်ပေါ်မှ ဖြည်းညင်းစွာ ဆင်းလာခဲ့သည်။ ကျောက်တုံးကြီးနား ရောက်သောအခါ မောင်ညိုမှိုင်းက ထေမဦးစွာ မြေကြီးလုံးကြီးကို ကိုင်ကြည့်လိုက်သည်။ နွံ့နှစ်ဝါဝါအရောင် မြေကြီးလုံးသည် ချောချောမွေ့မွေ့ မဟုတ်သော်လည်း ခပ်ကြမ်းကြမ်းကိုင်တွယ် သည်ကို ကြေမွသွားခြင်း မရှိချေ။ မြေကြီးလုံးကြီးထဲမှာ တစ်စုံတစ်ခု ရှိနေ သောကြောင့် လှုပ်ရှားခြင်းဖြစ်မည်လားဟူသော အတွေးဖြင့် မောင်ညိုမှိုင်းက မြေကြီးလုံးကြီးကို ကျောက်ခဲတစ်လုံးဖြင့် ခပ်ဖွဖွ ထုခွဲကြည့်လိုက်သည်။ ကြမ်းကြမ်းထုလျှင် အထဲမှာ သက်ရှိသတ္တဝါ ရှိနေပါက နာကျင်သေကျေသွား မည်ကို တွေးပြီး ခပ်ဖွဖွထုခြင်း ဖြစ်သည်။

မြေကြီးလုံးကတော့ ကွဲသွားပါသည်။ သို့သော် အထဲမှာ သက်ရှိ သတ္တဝါနှင့် တူသော အရာကို လုံးဝမတွေ့ရချေ။ မောင်ညိုမှိုင်းက ထက်ခြမ်း ကွဲသွားသော မြေကြီးကို အစိုင်အခဲမပျက်အောင် ပြန်ဆက်ထားလိုက်၏။ ထို့နောက် အကြောင်းမထူးတော့ဟု ယူဆလိုက်သော မြေကြီးလုံးကို မကြည့် တော့ဘဲ လက်ပုံသဏ္ဍာန်ဖြစ်နေသော ကျောက်လက်ပြတ်ကို ကြည့်လိုက်ပြန် သည်။ ကျောက်လက်သည် ကျောက်တုံးကြီးမှာ ဆက်နေခြင်း ဖြစ်သော်လည်း ဆက်နေရာလေးသည် လက်ညှိုးလုံးလောက် တဲတဲလေးသာ ဖြစ်သောကြောင့် ဆိုက်ချိုးယူလျှင် အလွယ်ဖြင့် ရနိုင်သော အခြေအနေမှာ ရှိနေသည်။

သယံဇာတ သဘာဝအားဖြင့် ဖြစ်တည်နေဟန်ရှိသော ကျောက် လက်သည် လက်ရာမြောက်သော ပန်းပုဆရာတစ်ယောက်က ကျွမ်းကျင်စွာ ထုလုပ်ထားသကဲ့သို့ ပကတိ လူသားတစ်ယောက်၏ လက်အတိုင်း၊ အနေ အထား၊ အတိုင်းအတွာ၊ အဆစ်အမြစ်နေရာ၊ အကြောလေးတွေ ပေါ်နေသည် အထိ အံ့သြစရာကောင်းအောင်ပင် ပီပြင်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ညိုမှိုင်းက ကျောက်လက်ကို သူ့လက်နှင့် တိုင်းကြည့်သည်။ သူ့လက်ထက် ယောင်ယောင်လေး ကြီးသည်မှလွဲပြီး ပြတ်နေသောနေရာကို အဝတ်အုပ်ထားပြီး ကြည့်လျှင် သက်ရှိလူသားတစ်ယောက်၏ လက်ဟုပင် ထင်မှားရပေသည်။

သူ ခွဲကြည့်လိုက်သော မြေကြီးလုံးကို မေ့ပြီး ကျောက်လက်ကို စိတ်ဝင်စားစွာ ကြည့်နေသော မောင်ညိုမှိုင်း၏ နားထဲမှာ တောဆင်ရိုင်း တစ်ကောင် ရှူးရှူးဝါးဝါး အော်ဟစ်သံနှင့် တောတိုးလာသံကို ကြားလိုက်ရသည်။ မောင်ညိုမှိုင်းသည် ဖျတ်လတ်ပေါ့ပါးစွာ သူ တက်နေခဲ့သော သစ်ပင်ကြီး ဆီသို့ လျင်မြန်စွာ ပြန်ပြေးလာခဲ့သည်။ သစ်ပင်ပေါ်သို့ လျင်မြန်စွာ တက်လိုက် သည်။ သူ လဲလျောင်းနေခဲ့သော သစ်ကိုင်းပေါ်မှာ မနေဘဲ သစ်ပင်ထိပ် ရောက် သည်တိုင်အောင် လျင်မြန်စွာ တက်ပြီး အရွက်ထူသော သစ်ကိုင်းတစ်ခုမှာ ငြိမ်ဝပ်စွာ နေလိုက်သည်။

တောတိုးသံကြီးသည် ကြောက်မက်ဖွယ် မြည်ဟည်းလာသည်။ မောင်ညိုမှိုင်း နေရာတကျ ဖြစ်ပြီးသည်နှင့် တစ်ချိန်တည်းမှာပင် ကြီးမားသော စွယ်စုံဆင်ထီးကြီးတစ်ကောင်သည် လူကိုယ်လုံးလောက်ရှိသော သစ်ပင်ငယ် တစ်ပင်ကို နှာမောင်းဖြင့် ရစ်ပတ်ယူလာပြီး မောင်ညိုမှိုင်းရှိနေသော သစ်ပင် အောက်မှာ ဒေါသကြီးစွာဖြင့် ရပ်နေသည်။ ဆင်ကြီးဒေါသသည် မောင်ညိုမှိုင်း ကို မဟုတ်ဘဲ တောထဲက ထွက်လာအံ့သော တစ်စုံတစ်ဦး၏ ရန်ကို ခုခံရန် ပြင်ထားသည့်ဟန်မျိုး ဖြစ်သည်ကို မောင်ညိုမှိုင်းက အကဲခတ်မိလိုက်သည်။

မကြာမီပင် စွယ်စုံဆင်ကြီး မျက်နှာမူထားသည့် တောတွင်းတစ်နေ ရာမှ သူလိုပင် ကြီးမားသော ဆင်ကြီးတစ်ကောင် ထွက်ပေါ်လာသည်။ နောက် ထွက်ပေါ်လာသော ဆင်ကြီးသည် စွယ်စုံ မဟုတ်ချေ။ ဟိုင်းဆင်ကြီး ဖြစ်ပြီး အလုံးအထည်မှာ စွယ်စုံဆင်ကြီးထက်ပင် ကြီးမားသည်ကို တွေ့ရသည်။

ဟိုင်းဆင်ကြီးသည် စွယ်စုံဆင်ကြီး ရှိရာကို မလာဘဲ မြေကြီးလုံးနှင့် ကျောက်လက်ကြီးကို မောင်ညိုမှိုင်း တွေ့ရာ ကျောက်တုံးကြီးအနားမှာ ရပ်နေ သည်။ စွယ်စုံဆင်ကြီးက သူ့နှာမောင်းထဲ၌ ရှိနေသော သစ်ပင်ကို ရိုက်နှက် ဝင်ခတ်ရန် အနေအထား ပြင်လိုက်သည်။ ဘာလုပ်နက်မှ မရှိသော ဟိုင်းဆင် ကြီးသည် သူ့ခြေနားမှာ ရှိနေသော ကျောက်တုံးကို နှာမောင်းဖြင့် ရစ်ပတ် ဆွဲယူလိုက်သောအခါ ငါးဆယ်ဝင် စဉ့်အိုးကြီးထက်ပင် ကြီးမားသော ကျောက်တုံး



ကြီးသည် ဟိုင်းဆင်ကြီး၏ နှာမောင်းထဲမှာ မြောက်ခနဲ ပါသွားသည်။ ကျောက်တုံး ကြီးကို ဆွဲနုတ်ယူလိုက်သော ဟိုင်းဆင်ကြီး၏ လျင်မြန်ပုံကို သစ်ပင်ထိပ်ဖျားက တိတ်တဆိတ်ကြည့်နေသော မောင်ညိုမှိုင်းသည် များစွာ အံ့ဩမိသည်။ ဆင်ကြီး နှစ်ကောင်ကား တစ်ကောင်နှင့်တစ်ကောင် နီးကပ်စွာ ပူးကပ်ခြင်း မပြုချေ။

'ဟိုင်းကြီးက စွယ်စုံကြီးရဲ့ အစွယ်ကို ကြောက်သလို စွယ်စုံကြီးက ည်း သူ့ထက် ခွန်အားဗလမှာ ကြီးမားပုံပေါ်တဲ့ ဟိုင်းကြီးကို ကြောက်တယ် င်တယ်'

ဟု မောင်ညိုမှိုင်းက စိတ်ထဲက ထင်မြင်ချက် ပေးနေမိသည်။

မောင်ညိုမှိုင်း ထင်မြင်ချက် ဟုတ်နိုင်စရာ ရှိသည်။ ဆင်ကြီးနှစ်ကောင် ည် အဝေးကသာ တစ်ကောင်နှင့်တစ်ကောင် ရန်စောင်နေကြရာမှ စွယ်စုံကြီး သူ့နှာမောင်းထဲက သစ်ပင်ဖြင့် ဟိုင်းကြီးရှိရာကို အရှိန်ပြင်းစွာဖြင့် ပစ်လိုက် ည်နှင့် တစ်ချိန်တည်းမှာပင် ဟိုင်းကြီးသည် သူ့နှာမောင်းထဲမှာ ရှိနေသော ျောက်တုံးကြီးဖြင့် စွယ်စုံကြီးရှိရာကို ပြင်းထန်သော အရှိန်ဖြင့် ပစ်လိုက်သည်။

အံ့ဩစရာ ကောင်းအောင်ပင် ဆင်ကြီးနှစ်ကောင်ပစ်လိုက်သော သစ်ပင် င့် ကျောက်တုံးသည် ဆင်နှစ်ကောင်လုံးကိုပင် မထိဘဲ လမ်းခုလတ်မှာပင် စ်ပင်နှင့်ကျောက်တုံး အရှိန်ပြင်းစွာ ထိတွေ့ကာ တစ်ခုနှင့်တစ်ခု ဆီးတား ိုက်သလို ဖြစ်ပြီး မြေပြင်ပေါ်သို့ လုံးထွေးကျသွားသည်။

ဒုတိယအကြိမ် ဟိုင်းကြီးက သူ့အနားမှာရှိနေသော ကျောက်တုံး စ်တုံးကို လျင်မြန်စွာ ဆွဲနုတ်ယူလိုက်သည့် အချိန်မှာ စွယ်စုံကြီးက သူ့ထံ ရောက်လာဘဲ လမ်းခုလတ်မှာ ကျနေသော ကျောက်တုံးကို လျင်မြန်စွာ ကောက်လိုက်သည်။ ထို့နောက် တစ်ကောင်ကိုတစ်ကောင် ပြင်းထန်သော ှိန်ဖြင့် ပစ်ပေါက်လိုက်ကြသည်။ ဤတစ်ကြိမ်မှာ ကျောက်တုံးနှစ်တုံး ိုက်သောအသံသည် မိုးချုန်းသံတမျှ ပြင်းထန်လှပြီး မီးပွင့်များပင် ဖွာထွက် သည်။ ကျောက်တုံးနှစ်တုံးကား အစိတ်စိတ်အမြွှာမြွှာ ကွဲကြေလွင့်စဉ် ကျသွားသောအခါ ဆင်ကြီးနှစ်ကောင်သည် ဘာကို လန့်သွားသည် မသိ၊ စ်ကောင်နှင့်တစ်ကောင် ဆန့်ကျင်ဘက်ကို မျက်နှာမူကာ တကွဲတပြား ော်ဟစ် ထွက်ပြေးသွားကြလေတော့သည်။

သစ်ပင်ပေါ်က ကြည့်နေသော မောင်ညိုမှိုင်းကား ရယ် ကို ချုပ်တည်းရန် မတတ်နိုင်တော့ချေ။ သစ်ကိုင်းကို ဖ

www.burmeseclassic.com

www.burmeseclassic.com



တရ ရယ်မောလိုက်သည်။ အားပါးတရ ရယ်မောသည်ဟု ဆိုသော်လည်း အသံ ထွက်အောင် ရယ်ဝံ့ခြင်း မဟုတ်၊ သူ့ရယ်သံကြောင့် မမျှော်လင့်သော အန္တရာယ် တစ်စုံတစ်ခု ကျရောက်လာမည်ကို သတိရှိသူဖြစ်သည့်အလျောက် အသံမထွက်အောင် အုပ်ပြီး ကျိတ်ရယ်နေခြင်း ဖြစ်သည်။

စိတ်ချရသည့် အခြေအနေ ရောက်သောအခါမှ မောင်ညိုမှိုင်းသည် သစ်ပင်ပေါ်မှ ဆင်းလာခဲ့သည်။ မြေပြင်ပေါ်ရောက်မှ သူ သတိထားမိသည်မှာ ဟိုင်းဆင်ကြီး ရပ်တန့်ပြီး ကျောက်တုံးဆွဲနုတ်နေခဲ့သည့် နေရာသည် ထူးဆန်း စွာ ရွှေ့လျားနေသည့် မြေကြီးလုံးနှင့် အံ့ဩစရာကောင်းသော ကျောက်လက် ရှိနေခဲ့သည့် ကျောက်တုံးနေရာ ဖြစ်ကြောင်း စဉ်းစားလိုက်မိသည်။

"ဟော၊ မြေကြီးလုံးနဲ့ ကျောက်လက် ရှိမှ ရှိသေးရဲ့လား"

မောင်ညိုမှိုင်းက ပြောရင်း ထိုနေရာကို အပြေးလေး သွားကြည့်လိုက် သည်။ မြေကြီးလုံးကား အစအနပင် မရှိတော့။ ဟိုင်းဆင်ကြီးက ကျောက်တုံး ဆွဲနုတ်ထားသောကြောင့် မြေကြီးတွေ မှာရာရာကျဲပြီး ပွနေရာမှာ ဟိုင်းဆင်ခြေ ခြေရာတွေကြောင့် ဘာကိုမှ ခန့်မှန်း၍ မရနိုင်တော့ချေ။

"မြေကြီးလုံးကတော့ မျှော်လင့်ချက် မရှိတော့ပါဘူး။ ကျောက် လက်ကြီး ကျန်သေးရဲ့လား မသိဘူး"

မောင်ညိုမှိုင်းက ပြောရင်း ကျောက်တုံးနှစ်တုံး ထိခိုက်ကြေမွ ပြန့်ကျဲနေသော ကျောက်အစအနတွေထဲမှာ တစ်ခုချင်း လိုက်ရှာကြည့်နေလိုက် သည်။ ကျောက်အစအနတွေမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်မရအောင် ရုပ်ပျက် ဆင်းပျက်တွေ ဖြစ်နေသောကြောင့် ကျောက်လက်ကြီးဟု မည်သည့် ကျောက် အစအနကိုမှ ခန့်မှန်း၍ မရနိုင်တော့ချေ။

ရှာရင်းဖွေရင်း မောင်ညိုမှိုင်း၏ မျက်လုံးက အညိုရောင်ပြောင်နေ နေသော ကျောက်တုံးလေးတစ်တုံးကို မြင်လိုက်သည်။ ကျောက်တုံးလေးသည် သံပရာသီးအရွယ်မျှသာ ရှိသည်။ ကျောက်အကျိုးအကြေ အစအနပုံထဲ ထင်ထင်ရှားရှား ပြောင်လက်နေသောကြောင့် မောင်ညိုမှိုင်းက တွေ့လိုက် ခြင်းဖြစ်သည်။ ကျောက်တုံးလေးက ချစ်စရာလေးဟူသော သာမန်အတွေး မောင်ညိုမှိုင်းက ကောက်ကိုင်လိုက်သည်။ ကျောက်တုံးလေးကို ဆုပ်ကိုင် လိုက်မိသော မောင်ညိုမှိုင်း၏လက်သည် ထူးထူးခြားခြား အေးစိမ့်သော အ ကို တွေ့လိုက်ရသည်။ ရေခဲတုံးကို ကိုင်မိ၍ ခံစားလိုက်ရသော အ



မျိုးလည်း မဟုတ်။ အလွန်အမင်း ပူလောင်အိုက်စပ်နေချိန်မှာ အေးမြသော လေပြည်လေး တိုက်ခတ်လိုက်ခြင်းကို ခံစားရသည့် အတွေ့မျိုးနှင့် ဆင်တူ သည်ဟု မောင်ညိုမှိုင်းက ထင်မြင်လိုက်သည်။ မည်သို့ပင်ဖြစ်စေ မောင်ညိုမှိုင်း ဤနေရာမှာ ကြာရှည် မနေလိုတော့ချေ။ ထမင်းကို ကပျာကသီ စားကာ ကျောက်တုံး လေးကို အင်္ကျီအိတ်ထဲမှာ သေချာစွာ ထည့်ပြီး ခြေလှမ်းသွက်သွက်ဖြင့် ပြန် လာခဲ့သည်။

ရွာထဲကို တိုက်ရိုက်မသွားသေးဘဲ ဗေဒင်ဆရာ ကိုတုတ်ဖြူက မျက်နှာတော်ကို ခွေးလှေးယားသီးဖြင့် ပစ်ပေါက်ခြင်း ခံတော်မူရသော တောရ ကျောင်း ဆရာတော်ကြီးထံ ဝင်ရောက် ဖူးမြော်လိုက်သည်။ ဆရာတော်ကြီး သည် မောင်ညိုမှိုင်းအကြောင်းကို ကောင်းကောင်းသိသည်။ သူ့ကျောင်းကို မကြာခဏ လာပြီး သန့်ရှင်းရေး၊ ဝေယျာဝစ္စများ ဆောင်ရွက်ပေးတတ်သော မောင်ညိုမှိုင်း၏ ကိုယ်ကျင့်သိက္ခာကိုလည်း သဘောကျတော်မူသည်။

"မောကြီးပန်းကြီးနဲ့ ဘာဖြစ်လာတာလဲ မောင်ညိုမှိုင်း"

သူ့ရှေ့မှာ ဦးခိုက်ကန်တော့နေသော မောင်ညိုမှိုင်းကို ဆရာတော် ကြီးက မေးတော်မူသောအခါ မောင်ညိုမှိုင်းက တောထဲမှာ သူတွေ့မြင်ခဲ့ရ သည်များကို စုံစေ့စွာ လျှောက်ထားပြီး ယူလာခဲ့သော ကျောက်တုံးလေးကို ထုတ်ကာ ဆရာတော်ကြီးလက်တော်သို့ ဆက်ကပ်လိုက်၏။ ဆရာတော်ကြီး က ကျောက်တုံးလေးကို သေချာစွာ ကြည့်တော်မူပြီး မောင်ညိုမှိုင်းလက်သို့ ပြန်ပေးတော်မူလိုက်သည်။

"မောင်ညိုမှိုင်းက စိတ်စေတနာကောင်း ရှိတဲ့လူဖြစ်လို့ ဒီကျောက် တုံးမျိုး ရလာတာ။ ဒီဟာ ကျောက်ကုံကုမ်လို့ ခေါ်တယ်။ ကျောက်အမြုတေ ပေါ့"

"ဘယ်လို သုံးရသလဲ ဘုရား"

မောင်ညိုမှိုင်းက မေးလျှောက်လိုက်သည်။

"ကျောက်တုံးထဲက အလိုအလျောက် ထွက်ကျလာတဲ့ အစေးကို ကျောက်သွေးလို့ ခေါ်တယ် ဟုတ်လား၊ ကျောက်သွေးအစစ်ဟာ မောင်း နေတဲ့လူတွေ သောက်လိုက်ရရင် ရင်ထဲမှာ အေးပြီး အမောအပန်းပြေသွား တယ် ဆိုတာတော့ မောင်ညိုမှိုင်း သိတယ် ဟုတ်လား"

"သိပါ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



''ကျောက်အမြုတေက ကျောက်သွေးထက် အစွမ်းထက်တယ် အူ အသည်းတွေ ကွဲကြေပြတ်တောက်သွားလောက်အောင် ပူလောင်တဲ့ အစာ အစာများ၊ အဆိပ်များကို စားမိ၊ သောက်မိခဲ့ရင် နာရီဝက်အချိန်အထိ ကြာသွား စေကာမူ ဒီကျောက်အမြုတေကို ရေသန့်သန့်နဲ့ သွေးတိုက်လိုက်၊ ပူလောင် တဲ့ အဆိပ်အရှိန်ဟာ ချက်ချင်း ချုပ်ငြိမ်းပြီး အေးမြသွားမယ်၊ မသေနိုင်တော့ ဘူးပေါ့။ အဆိပ်စားပြီးတာ အလွန်အမင်း အချိန်ကြာသွားလို့ ကျွမ်းသွားရင် တော့ မကယ်နိုင်ဘူးပေါ့။ နောက်တစ်ခုကလည်း ဘဝကူးပြောင်းတော့မယ့် ဆဲဆဲ လူနာတိုင်းဟာ မချိမဆံ့ မောတတ်ကြတယ်၊ ချွဲကျပ်တတ်ကြတယ် ရင်ထဲမှာ ပူလောင်တတ်ကြတယ်၊ ဘဝကူးတော့မှာကို တားဆီးမရစေကာမူ သက်သက်သာသာလေး ဖြစ်သွားနိုင်အောင် ဒီကျောက်ကုံကုမံကို သွေးတိုက် လိုက်ရင် မသေခင် အချိန်လေးမှာ ပူတာတွေ၊ ကျပ်တာတွေ၊ မောတာတွေ ကို သက်သက်သာသာ ဖြစ်သွားနိုင်တယ် မောင်ညိုမှိုင်း''

မောင်ညိုမှိုင်းသည် ကျောက်ကုံကုမံလေးကို သေချာစွာ ကြည့်ရင်း စိတ်ထဲမှာ များစွာ ဝမ်းမြောက်မိသည်။

''ဟို မြေကြီးလုံးနဲ့ ကျောက်လက်ကြီးကကော ဘုရား၊ ဘယ်လို ဟာတွေလဲ၊ သူတို့က ဒီလိုပဲ အစွမ်းရှိကြတာပဲလား ဘုရား''

မောင်ညိုမှိုင်းက မေးလျှောက်သောအခါ ဘုန်းတော်ကြီးက စိတ်ရှည် စွာ မိန့်ကြားတော်မူသည်။

''အခု မောင်ညိုမှိုင်း ရလာတဲ့ ကျောက်ကုံကုမံဆိုတာက အင်မတန် ရှားပါးအဖိုးတန်တဲ့ အရာဝတ္ထုတစ်ခုပဲ၊ သူ့အစွမ်းသတ္တိကိုတော့ အခုတင် ပြောခဲ့ပြီနော်…''

''တင်ပါ့ ဘုရား''

''အေး၊ ကျောက်အမြုတေဟာ ကျောက်တုံးတိုင်းမှာ မရှိဘူး ကျွဲ ကျောက်သားအနှစ် ကျောက်အမြုတေတစ်မျိုးပေါ့။ ဒီလို ကျောက်တုံးကြီး တွေကိုလည်း ဘယ်လိုလူတွေက ခွဲကြည့်နိုင်မှာလဲ။ ခွဲကြည့်နိုင်သည့်တိုင် အောင် ကျောက်အမြုတေက ရှိမှာ မဟုတ်ဘူးလေ၊ မောင်ညိုမှိုင်းအရေး အင်မတန် ထိုက်တန်လွန်းလို့ ဆင်နှစ်ကောင်ကလည်း ဖြစ်ခေါင့်ဖြစ်ခဲအဖြစ် မျိုးနဲ့ မောင်ညိုမှိုင်းရှေ့မှာ လာဖြစ်လိုက်တာကလည်း ပြောလို့ ယုံနိုင်စရာ မရှိဘူး။ သူတို့နှစ်ကောင် ခွန်အားကြီးကြောင့် ကွဲကြေသွားတဲ့ ကျောက်တုံး



ထဲက ထွက်လာတဲ့ ဒီကျောက်အမြုတေကို သတ္တဝါတွေ ကယ်တင်ရေးမှာ အသုံးချပါ''

''အရှင်ဘုရား အမိန့်ရှိတဲ့အတိုင်း နာခံပါ့မယ် ဘုရား''

''မြေကြီးလုံးကြီး ဆိုတာက မြေရှင် ခေါ်တယ်၊ လူသံသူသံ မကြား ဘဲ အင်မတန် တိတ်ဆိတ်နေတဲ့ အခါများမှာသာ အသက်ဝင်လှုပ်ရှားပြီး သွားလာတတ်ကြတယ်။ မြေရှင်ဆိုတာမျိုးကလည်း သိပ်ရှားပါးတဲ့ အရာဝတ္ထု ပဲ မောင်ညိုမှိုင်း၊ ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်မှာ မြေဓာတ် ပျက်လို့ မကျန်းမာတာ၊ လေဓာတ်ပျက်လို့ မကျန်းမာတာ၊ မီးဓာတ်ပျက်လို့ မကျန်းမာတာ၊ ရေဓာတ်ပျက်လို့ မကျန်းမာတာတွေ ဖြစ်ကြတာ တွေ့ဖူးတယ် မဟုတ်လား''

''တွေ့ဖူးတယ် ဘုရား''

''အေး၊ ဓာတ်ကြီးလေးပါးထဲက ပထဝီဓာတ်ပျက်လို့ မကျန်းမာ တာမျိုး၊ ဥပမာဆိုပါတော့၊ ဖောတာ၊ ရောင်တာမျိုးဆိုရင် မြေရှင်လုံးက မြေကြီးကို ပါလေကာ ရေနဲ့ဖျော်ပြီး လိမ်းပေးလိုက်ရင် ချက်ချင်း ပျောက်တာ ပေါ့၊ ပျောက်တယ်ဆိုတာကလည်း သေနေ့မစေ့သေးတဲ့ လူနာမျိုးကို ပြောတာ ပါ။ ကံကုန်နေ့စေ့ နေသူကိုတော့ ဘုရားသော်မှ တားဆီးနိုင်တာ မဟုတ်ဘူး မောင်ညိုမှိုင်း''

''သဘောပေါက်ပါတယ် ဘုရား''

''ကျောက်လက်ဆိုတာက သယံဇာတ သဘာဝအားဖြင့် လူသား လက်နဲ့တူအောင် အလိုလိုဖြစ်နေတာပဲ။ သို့သော် သိုးကာ သီကာ တူတာမျိုး မဟုတ်ဘဲ မောင်ညိုမှိုင်းတွေ့လာတဲ့ လက်မျိုးကတော့ အသက်ဝင်နေပြီလေ။ မြေရှင်လုံးက ရေကိုစုပ်ပြီး သူ့ဆီ သွားကပ်နေတယ်ဆိုတာက ကျောက်လက် အနေနဲ့ ရေငတ်တယ်၊ ရေသောက်ချင်တယ်။ ဒါကို သဘာဝအားဖြင့် အလိုလို အသက်ဝင်နေတဲ့ ဝတ္ထုပစ္စည်းချင်း ရိုင်းပင်းတဲ့သဘောပေါ့။ သယံဇာတသဘာဝ အားဖြင့် အလိုလိုဖြစ်ပြီး အသက်ဝင်နေတာမျိုး တွေ့ဖူးလား မောင်ညိုမှိုင်း''

''တွေ့ဖူးပါတယ် ဘုရား၊ ပိန်းပင်က မြွေစိမ်း ဖြစ်သွားတာတွေ ကျွတ်ချောင်းလေးတွေ၊ သစ်ရွက်ကလေးတွေက အသက်ဝင်ပြီး ပိုးကောင်ဖြစ် သွားတာတွေ၊ အမှိုက်ဆွေး မြေဆွေး အပုပ်အစပ်တွေက နံစော်တဲ့ပိုးကောင် ဖြစ်သွားတာတွေ တော်တော်များများ တွေ့ဖူးပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



"အေး၊ အဲဒါ သံသေဒဇဖြစ်တယ်လို့ ဆိုရမယ်"

"တင်ပါ ဘုရား"

"ကျောက်လက်က နှစ်မျိုး သုံးလို့ရတယ်၊ စိတ်စေတနာကောင်းတဲ့ လူသူတော်ကောင်းလက်ထဲ ရောက်သွားရင် လူသားတို့အတွက် အကျိုးရှိသလို စေတနာယုတ်တဲ့ လူယုတ်မာလက်ထဲ ရောက်သွားရင် လူတွေ ဒုက္ခဖြစ်ကြ တာပေါ့ မောင်ညိုမှိုင်း"

"မိန့်တော်မူပါ ဘုရား"

"ဒီလိုလေ ကျောက်လက်ကြီးကို သူတော်ကောင်းက ရလိုက်ရင် ကိုက်ခဲနာကျင်သော ဝေဒနာ ခံစားနေသူကို နှိပ်ပေးလိုက်ရင် ဝေဒနာပျောက် တယ်။ အရိုးရောဂါ၊ အကြောရောဂါရှိသူတွေကို နှိပ်နယ်ပေးလိုက်ရင် ရောဂါ ပျောက်တယ်။ သူတော်ကောင်းကတော့ အဲဒီလိုကောင်းတဲ့ နေရာမှာသာ သုံး မှာကိုး။ အဲ - သူယုတ်မာသာ ရလိုက်ရင် ဘယ်သူ့ကိုသွားပြီး သေအောင် ကြေအောင် ရိုက်သတ်လိုက်စမ်း၊ ကျိုးပဲ့အောင် ရိုက်လိုက်စမ်း၊ ဘယ်သူ့ပစ္စည်း ကို သွားပြီး ဖျက်ဆီးလိုက်စမ်းဆိုတဲ့ ယုတ်မာတဲ့အလုပ်ကိုသာ ခိုင်းစေမှာ မောင်ညိုမှိုင်း တွေ့ခဲ့တဲ့ ကျောက်လက်ကြီး ပျက်စီးသွားတာ ခပ်ကောင်း ကောင်းကွဲ့"

ဘုန်းတော်ကြီး စကားကြောင့် မောင်ညိုမှိုင်းသည် သူ တွေ့လာခဲ့ သော ထူးဆန်းသည့် အရာဝတ္ထုများနှင့် ဆင်ကြီးနှစ်ကောင်ကို ပြန်လည်မြင် ယောင်လိုက်သည်။ ဘုန်းတော်ကြီးက ဆက်ပြီး မိန့်ကြားလိုက်သည်။

"မောင်ညိုမှိုင်း သူတော်ကောင်းစိတ် ရှိလို့သာ ဆင်နှစ်ကောင်ရဲ့ ထူးထူးဆန်းဆန်း အဖြစ်ကိုလည်း ကြုံခေါင့်ကြုံခဲ မြင်လိုက်ရတယ်။ ရခဲလှတဲ့ ကျောက်အမြုတေကိုလည်း လက်ဝယ် ပိုင်ဆိုင်လိုက်ရတယ်။ အေး၊ ကောင်းတဲ့ နေရာ၊ သတ္တဝါတွေကို ကယ်တင်တဲ့နေရာမှာ သုံးပေတော့၊ စေတနာထား သလောက် ကုသိုလ်ရဖို့ဖြစ်လာတာ နတ်၊ လူ သာဓုခေါ်နိုင်ပါစေ မောင်ညိုမှိုင်း"

ဘုန်းတော်ကြီးက အဆုံးသတ်မိန့်ကြားတော်မူပြီး မျက်လွှာချလိုက် သောအခါ မောင်ညိုမှိုင်းက အလိုက်သိစွာပင် ဘုန်းတော်ကြီးကို ရိုသေစွာ ဦးချို ကန်တော့ပြီး ညင်သာစွာ ထွက်ခွာလာခဲ့သည်။

ထို့နောက်တွင်ကား မောင်ညိုမှိုင်းသည် သူ့ဝမ်းစာအတွက် သူ လုပ်မြဲ တိုင်း အလုပ်ကိုလည်း လုပ်သည်။ သူ့လက်မှာ ရှိနေသော ကျောက်အမြုတေကို



သုံးခွင့် ကြုံလာသည့်အခါမှာလည်း အခကြေးငွေစကားကို မပြောဘဲ စေတနာ ကောင်းဖြင့် အသုံးချ ကူညီလိုက်သည်။ ရေပြာအိုင် တစ်ရွာတည်းအတွက်သာ မဟုတ်ဘဲ ရွာနားနီးချင်းတွေကိုပါ ကြုံကြိုက်သည့်အခါ အဆင်သင့်သလို ကူညီသောကြောင့် လူအများကပင် မောင်ညိုမှိုင်းကို ကျေးဇူးတင်ခြင်း၊ ခင်မင် ကြည်ညိုခြင်းတို့ ဖြစ်လာသည်။ မောင်ညိုမှိုင်းက သူ့ကူညီမှုကို အခကြေးငွေ စကား မပြောသော်လည်း လူတွေစိတ်မှာ အလိုလို ဖြစ်ပေါ်လာသော စေတနာ ကြောင့် ငွေကြေး၊ အစားအသောက်၊ အဝတ်အထည် စသည်တို့ကို ပေးကြ၊ ပို့ကြ၊ ကန်တော့ကြသည်။

မောင်ညိုမှိုင်း အနေဖြင့်သာ သူ့ဝမ်းစာအတွက် သူလုပ်နေကျ အလုပ် ကိုပင် မည်သူကမျှ မခိုင်းကြတော့ဘဲ အသက်အရွယ် ကြီးငယ်မဟူ သိသမျှ သူတွေက စားသောက်၊ သောက်သောက်အောင် ကန်တော့ကြ၊ ပေးကြပြီး-

"ဆရာမှိုင်း"

ဟု ရိုသေစွာ ခေါ်ပြောသုံးနှုန်းကြသည်ကြောင့် မောင်ညိုမှိုင်းသည် ထွမ်းတစ်ယာ၊ လက်ဖက်တစ်ရိုး မကမ်းရဘဲ ဆရာမှိုင်းဟူသော အမည်ဖြင့် ရပ်သူရွာသားတွေ၏ ရိုသေလေးစားမှုကို ခံယူနေရသည်။

သူ့လက်ထဲမှာ ရှိနေသော ကျောက်အမြုတေကား အဆိပ်သောက် မိသူတွေ၊ အစားမှားမိသူတွေ၊ ဘဝကူးပြောင်းတော့မည့်ဆဲဆဲ လူနာတွေကိုသာ ကူညီကယ်တင်နိုင်သည် မဟုတ်၊ အားအင်ကုန်ခမ်း မောပန်းချည့်နဲ့နေသူတွေ ကို ကျောက်အမြုတေ သွေးတိုက်လိုက်လျှင် အမောအပန်း ပြေသွားသည်။ မူးမော်နေသူတွေ၊ နလုံးတုန် ရင်ခုန်ဖြစ်နေသူတွေကိုလည်း ကျောက်အမြုတေ သွေးတိုက်လိုက်လျှင် ဝေဒနာ ပျောက်ကင်းသွားသည်။

မောင်ညိုမှိုင်းနှင့် ကျောက်အမြုတေသတင်းသည် ရေပြာအိုင်ရွာမှာ သာမဟုတ် ဈေးဆိုင်တန်း လူစုံစုံမှာ သတင်းပျံ့နှံ့နေသည်။ လူတို့၏ သဘာဝ အတိုင်း စကားက တစ်စတစ်စ ပိုသွား၊ ကားသွားသည်ကြောင့် ရေပြာအိုင် ရွာမှာ ပျောက်စေဆရာတစ်ယောက် ရှိနေသည်ဟူသော သတင်းသည် ရေပြာ အိုင်ရွာ ဈေးဆိုင်တန်းမှာ စခန်းချကြ၊ နားကြသော မော်တော်ကားသမားတွေ ခရီးသည်များမှတစ်ဆင့် မြို့ပေါ်အထိ သတင်းစကား ကျော်ကြားသွားသည်။

လာလိုက်ကြသည့် လူနာတွေ၊ ဝေဒနာမျိုး စုံလင်လှသည်။ ထို အရပ်လေးမျက်နှာမှ လူနာတွေကြောင့်ပင် ရေပြာအိုင်ရွာ မော်တော်ကားသမား

www.burmeseclassic.com



ဘေးက ဈေးဆိုင်တန်းသည် စည်ကားကြီးပွားနေသည်။ မောင်ညိုမှိုင်း
လာသမျှ လူတွေကို သူ ပျောက်စေဆရာ မဟုတ်ရကြောင်း ရှင်းပြရသည်
အမောဆို့လုနီးပါးပင် ဖြစ်နေသည်။ ရှင်းပြနေသည့်အတွင်းကပင် ကူညီက
တင်လိုသည့် စေတနာကောင်းကြောင့် သူ့ ကျောက်အမြုတေနှင့် သင့်
သော ဝေဒနာရှင် ပါလာလျှင် ကျောက်အမြုတေကို သွေးတိုက်လိုက်သည်
ပျောက်ကင်းသူတွေက ပျောက်ကင်းသောအခါ သတင်းပိုကြီးလာပြီး ဆ
မှိုင်း လက်ထဲမှာ သိဒ္ဓိမြောက်သည့် ဓာတ်လုံး ရှိနေသည်ဟူသော စကား
ဖြစ်လာပြန်သည်။

ဆရာမှိုင်း စိတ်ညစ်လာသည်။ ရောဂါဝေဒနာ ကုသရန် ရောက်
သော လူတွေထဲမှာ ကျောက်အမြုတေ သွေးတိုက်၍ မဖြစ်နိုင်သော ဝေ
ရှင်များကို မောင်ညိုမှိုင်းက မတိုက်ဘဲနေသည်။ ထိုအခါ အကုအသ
သော ဝေဒနာရှင်အချို့က ဆရာမှိုင်းကို ငြိုးကြလေသည်။

ထို့ထက်ပိုပြီး စိတ်ညစ်စရာကောင်းနေသည်က မည်သူတွေက
သို့ ကြီးကြီးကျယ်ကျယ် သတင်းတွေ သွားပေးသည်မသိ၊ မောင်ညို
သည် ပျောက်စေဆရာသာ မဟုတ်တော့ဘဲ ဘိုးဘိုးအောင်ပေးသည့် ဓာတ်
ကို ရထားသော မင်းလောင်းဖြစ်ကြောင်း ဟူသော စွဲချက်ဖြင့် စုံထောက်
ပုလိပ်တွေ လိုက်လာ စုံစမ်း မေးမြန်းပြီး ကျောက်အမြုတေကိုပါ သိမ်း
ပြီး လူကိုပါ ဖမ်းဆီးတော့မည့် အခြေအနေ ရောက်လာသည်။

"ငါ့အနေနဲ့ တောရကျောင်း ဆရာတော်ကြီး အရိပ်မှာ ခိုပြီး တ
အားထုတ်နေတာပဲ ကောင်းပါတယ်"

ဟူသော ဆုံးဖြတ်ချက်ဖြင့် ရွာမှ တစ်ယောက်တည်း ထွက်
သော မောင်ညိုမှိုင်းသည် တောရကျောင်းမရောက်မီ တောတန်းလေးတ
ထဲ ဝင်လိုက်လျှင်ပင် သူ့နောက်မှ လူနှစ်ယောက် လိုက်လာသည်ကို သ
ထားလိုက်မိသည်။ သို့သော် မည်သူကိုမျှ ထိခိုက်နစ်နာအောင် မလုပ်ဖူးသေ
မောင်ညိုမှိုင်းအဖို့ သူ့ကိုလည်း မည်သူကမျှ ရန်မူမည်ဟု သူ မထင်မိ

သို့သော်-

"ဟေ့- ရပ်လိုက်စမ်း"

ဟူသော စကားကြောင့် မောင်ညိုမှိုင်းက လှည့်ကြည့်လိုက်
အခါ ဓားကိုယ်စီ ကိုင်ထားသော လူနှစ်ယောက်ကို တွေ့ရသည်။ လူနှစ်ယော



သည် မောင်ညိုမှိုင်းနောက်သို့ အပြေးလိုက်လာနေသောကြောင့် မောင်ညိုမှိုင်း
လည်း ပြေးရသည်။ သို့သော် နီးကပ်လွန်းသည့် အခြေအနေရောက်မှ
မောင်ညိုမှိုင်း သိလိုက်ရသောကြောင့် ပြေး၍ မလွတ်နိုင်တော့ချေ။ လူနှစ်
ယောက်က မောင်ညိုမှိုင်းကို ချုပ်ကိုင်လိုက်ကြသည်။

"မင်း ဆေးကုနေတဲ့ ဓာတ်လုံး ဘယ်မှာလဲ"

ပြောပြောဆိုဆို လူနှစ်ယောက်က မောင်ညိုမှိုင်းတစ်ကိုယ်လုံးမှာ
မွှေနှောက်ရှာဖွေကြသည်။

"မင်းကို ချက်ချင်း သတ်လိုက်ရင် ဓာတ်လုံးဝှက်ထားတဲ့ နေရာ
သိလိုက်ဘဲ ဖြစ်မှာစိုးလို့ မသတ်ဘဲ ရှာကြည့်တာ၊ တို့ထင်တဲ့အတိုင်း မင်း
ကိုယ်ထဲမှာတော့ မတွေ့ဘူး၊ ဘယ်မှာ ဝှက်ထားခဲ့လဲ"

မောင်ညိုမှိုင်း ကိုယ်ပေါ်မှာ ရှာမတွေ့သောအခါ တစ်ယောက်သော
လူက ပြောလိုက်သည်။ သူတို့နှစ်ယောက်လုံးကား မောင်ညိုမှိုင်းကို ညှပ်ပြီး
အားထောက်ထားကြသောကြောင့် မောင်ညိုမှိုင်းသည် မလှုပ်ဝံ့ ဖြစ်နေသည်။

"ဓာတ်လုံး ဘယ်မှာထားလဲ ပြောလေ"

သူတို့အမေးကို မောင်ညိုမှိုင်းက မဖြေပေ။ ရခဲလှသော ကျောက်
အမြုတေကား မောင်ညိုမှိုင်း၏ ဦးခေါင်းထက် သေချာကျစ်လျစ်စွာ ထုံးထား
သော သျှောင်ထုံးထဲမှာ လုံခြုံစွာ ရှိနေသည်။ လူနှစ်ယောက် ရှာဖွေစမ်းသပ်
သည်က မောင်ညိုမှိုင်း ဝတ်ထားသော အဝတ်ထဲမှာသာ ရှာကြခြင်း ဖြစ်သည်။

"ခင်ဗျားတို့ ရှာမတွေ့ရင် ကျုပ်လက်ထဲမှာ မရှိလို့ပေါ့၊ ဓာတ်လုံး
လည်း မဟုတ်ပါဘူး၊ ကျောက်တုံး တစ်တုံးပါ"

မောင်ညိုမှိုင်းက မုသားလွတ် ပြောလိုက်သည်။

"မင်း စိတ်လိုတဲ့လူကို ကုတယ်၊ မလိုတဲ့လူကို မကုဘူး၊ မင်း
သိပ်လူဝါးဝတဲ့ကောင်၊ မင်းမကုလို့ ငါ့မိန်းမ သေရတာကွ"

"ရှုပ်ပါတယ်ကွာ၊ တောင်းလို့ ရရင် ရ၊ မရရင် ရှင်းပစ်လိုက်တာပဲ
ကောင်းပါတယ်"

တစ်ယောက်သောလူက ရက်ရက်စက်စက် ပြောသည်။

ကျောက်အမြုတေကို ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ထိုလူနှစ်ယောက်
သတော့မှ မောင်ညိုမှိုင်းကို မည်သည့်နည်းနှင့်မှ ချမ်းသာပေးကြတော့မည်
မဟုတ်ကြောင်းကို မောင်ညိုမှိုင်းက ကောင်းစွာ သိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရခေါင့်ရခဲ ကျောက်အမြုတေရတနာကို သူယုတ်မာတွေလက်ထဲ မအပ်တော့၊ သေလိုသေ၊ ရှင်လိုရှင် စွန့်စားထွက်ပြေးတော့မည်ဟု မောင်ညိုမှိုင်းက ဆုံးဖြတ်လိုက်သည်။ သို့သော် နှစ်ယောက်ညှပ်ကာ လက်နှစ်ဖက်လုံး တစ်ယောက်တစ်ဖက် ချုပ်ကိုင်ပြီး ဓားဖြင့် ထောက်ထားသော ဤလူနှစ်ယောက် လက်ထဲက လွတ်အောင် ပြုလုပ်ရန်မှာ တော်တော်ခဲယဉ်းသည့်အလုပ် ဖြစ်ကြောင်း မောင်ညိုမှိုင်းက စဉ်းစားမိသည်။ လူနှစ်ယောက်က စိတ်မရှည်တော့ ဟန်ဖြင့် ပြောလိုက်၏။

"ဟေ့ ကြာတယ်ကွာ၊ နောက်ဆုံးတစ်ခွန်းပဲ မေးမယ်၊ ပေးမလား မပေးဘူးလား"

ထိုအခိုက် သူတို့ရှေ့တူရူ သစ်ပင်အကွယ်မှ တောရကျောင်း ဆရာတော်ဘုရားကြီးသည် ဖြည်းဖြည်းသက်သာ ထွက်ကြွတော်မူလာသည်ကို မောင်ညိုမှိုင်းနှင့်တကွ ထိုလူနှစ်ယောက်ကပါ မြင်လိုက်ကြသည်။ မောင်ညိုမှိုင်း ဝမ်းသာလိုက်ပုံမှာ ပြောစရာ မရှိတော့ချေ။

"မောင်ညိုမှိုင်းလားကွဲ့"

အနီးသို့ ရောက်လာသော ဆရာတော်ဘုရားကြီးက အေးမြကြည်လင်သော အသံတော်ဖြင့် မေးလည်းမေး၊ လူဆိုးနှစ်ယောက်ကိုလည်း ကြည့်လိုက်သည်။ လူဆိုးနှစ်ယောက်သည် ဆရာတော်ဘုရားကြီးကို ကြည်ညို ရိုသေသော စိတ်မျိုး ပေါ်လာ၍လား၊ သူတို့ပြုလုပ်မည့် မကောင်းမှုအတွက် ပေါ်ပေါက်ချေကို တွေးမိ၍လား၊ မည်သည့်စိတ်ကူးမျိုး ပေါ်လာသည်ကို မသိသော်လည်း မောင်ညိုမှိုင်းကို ထောက်ထားသည့် ဓားကို ရုပ်သိမ်းကာ နောက်ကြောင်း ပြန်လှည့် ထွက်ခွာသွားကြသည်။

ဆရာတော်ဘုရားကြီးကို မမျှော်လင့်ဘဲ ဖူးတွေ့လိုက်ရသောကြောင့် အသက်ချမ်းသာရာရသွားသော မောင်ညိုမှိုင်းသည် ဆရာတော်ကြီး ခြေကို ဦးခေါင်းဖြင့် တိုက်ကာ ရှိုးရှိုးရှင်း ဖြစ်သမျှအကြောင်းတွေကို စုံလင်အောင် လျှောက်ကြားလိုက်သည်။

"တပည့်တော် စိတ်ကောင်းစေတနာ ထားပေမယ့် လူတွေက မကောင်းကြဘူး ဘုရား၊ အမှန်ကို ပြောလို့လည်း မယုံကြဘူး၊ တပည့်တော်မှာ ရာဇဝတ်သင့်ရတော့မယ့် အဖြစ်မျိုး၊ အသက်သေရတော့မယ့် အဖြစ်မျိုးကို ရောက်ပါပြီ။ ဒါကြောင့် အရှင်ဘုရားအရိပ်မှာ ခိုပြီး ဝတ်ကြောင်ကို ပယ်ကာ တ



ဆုံးထုတ်တော့မယ်လို့ စိတ်ဆုံးဖြတ် ထွက်လာခိုက် အခုလို ကြုံလိုက်ရတာပါဘုရား"

ဟု မောင်ညိုမှိုင်းက နိဂုံးချုပ် လျှောက်ကြားလိုက်သည်။

ဆရာတော်ဘုရားကြီးက-

"ကောင်းသော လာခြင်းပဲ မောင်ညိုမှိုင်း၊ လာ လိုက်ခဲ့"

ဟူသော စကားတစ်ခွန်းကိုသာ မိန့်ကြားတော်မူပြီး ရှေ့မှ ကြွသွားတော်မူသောကြောင့် မောင်ညိုမှိုင်းက နောက်မှ ရိုသေစွာ လိုက်သွားသည်။

မောင်ညိုမှိုင်းအနေဖြင့် မည်သူ့ထံမှ ခွင့်တောင်းနေစရာ မလို၊ ကန့်ကွက်မည့်သူ တစ်ယောက်မှ မရှိသည့်အလျောက် ဆရာတော်ဘုရားကြီးက သင်္ကန်းဝတ်ခွင့်ကို လွယ်ကူစွာ ခွင့်ပြုတော်မူသည်။

"ဘုရားသားတော်အနေနဲ့ ဆေးကုတဲ့အလုပ် ဆိုတာကတော့ မအပ်ဘူးကွဲ့"

ဆရာတော်ဘုရားကြီး မိန့်ကြားချက်ကို မောင်ညိုမှိုင်း သဘောပေါက်သည်။ ရခဲလှသော ကျောက်အမြုတေကို လက်ထဲမှာ ထားနေလျှင် ဝေဒနာရှင်တွေ လာနေဦးမည်။ တစ်ဦးတစ်ယောက်ကို ပေးလိုက်ရမည်ကလည်း ရသူက ရန်မူဦးမည်၊ ရယူလိုက်သူကလည်း စိတ်စေတနာကောင်း မထားဘဲ စိတ်ထားယုတ်မာစွာ အသုံးပြုနေလျှင် ပေးကျိုးမနပ် ဖြစ်မည်။

မောင်ညိုမှိုင်းသည် ကျောက်အမြုတေကို မူလ သူ ရလာခဲ့သည့် ချမ်းချောင်းကမ်းပါးမှာ ပြန်ထားလိုက်ခြင်းဖြင့် ထိုက်တန်သူ ရယူနိုင်စေတော့မှု သဘောပိုက်ကာ ဆရာတော်ဘုရားကြီးကို လျှောက်ကြားသောအခါ ဆရာတော်ဘုရားကြီးက-

"ငါနဲ့ ဘာမှ မဆိုင်တဲ့ကိစ္စကို ငါ ဘာမှ မပြောလို"

ဟူ၍သာ မိန့်ကြားတော်မူသည်။

ဆရာမှိုင်းအကြောင်း ပြောပြနေသော အဘွားကြီးက ဤသို့ ပြောပြီး ရပ်နားလိုက်သည်။

"ဆက်ပြောပါဦး ဘွားဘွားရယ်"

www.burmeseclassic.com

www.burmeseclassic.com



မခင်ရွှေက တောင်းပန်လိုက်၏။

''ပြောစရာ သိပ်မရှိတော့ပါဘူး ဆရာမလေးရယ်၊ ဒီအကြောင်းကို သိရတော့ တချို့ကလည်း နှမြောကြ၊ မရိုတင်ကဲ ဖြစ်ကြ၊ တချို့က ဒေါသ ဖြစ်ကြနဲ့ပေါ့၊ စမ်းချောင်းကမ်းပါးကို သွားရှာတဲ့လူတွေ သွားရှာကြသေးတယ် မတွေ့တဲ့အပြင် မျက်စိလည်ကြလို့ လမ်းစအတော်ရှာ ပြန်ကြရတယ်လို့ ကြား တယ်၊ ဆရာမှိုင်းလည်း သက်နှိုးဝတ်နဲ့ သိပ်အသက်မရှည်ရှာပါဘူး၊ မကြာခင် ပျံတော်မူသွားတာပဲ''

အဘွားကြီးစကားက အဆုံးသတ်သွားသည်။

မခင်ရွှေသည် မကြာသေးမီ အချိန်လေးကမှ နှစ်လောင်းပြိုင် သေဆုံး သွားရှာသော မခင်နှောင်းတို့ အကြောင်းကို စိတ်က ရောက်သွားရင်း-

'ဆရာမှိုင်းအဖို့ ဘာအနှောင့်အယှက်မှ မတွေ့ခဲ့ရင် အဖိုးတန်လှ တဲ့ ကျောက်အမြုတေကို ထိုက်တန်တယ် ထင်တဲ့လူတစ်ယောက် လက်ထဲ ပေးအပ်သွားမှာ၊ ဒီကျောက်အမြုတေသာ မပျောက်ဆုံးခဲ့ရင် ဆေးရုံနဲ့ဝေးတဲ့ ဒီလိုနေရာက မခင်နှောင်းတို့လို အဖြစ်မျိုးဖြစ်စေ၊ ရိုးရိုးရောဂါမျိုးဖြစ်စေ မသေသင့်၊ မသေထိုက်သေးတဲ့ အသက်တွေကို ကယ်ခွင့်ကြုံမှာ၊ နှမြော ကောင်းလိုက်တာနော်။ အို… ဒီလို သယံဇာတ သဘာဝအားဖြင့် အလိုလို ဖွံ့မ်းနေတဲ့ ပစ္စည်းမျိုးဆိုတာကလည်း ဆရာမှိုင်းတို့လို သူတော်ကောင်းသာ တွေ့နိုင်၊ ရနိုင်မှာပေါ့။ အခုခေတ်လူတွေအနေနဲ့ ကျောက်အမြုတေကို ပိုင်ဆိုင် နိုင်ဖို့ဆိုတာ စိတ်တောင်ကူးဝံ့တဲ့ အဖြစ်မျိုး မဟုတ်ပါဘူးလေ။ ကျောက် အမြုတေကလည်း အခုခေတ်လူတွေ လက်ထဲ မရောက်အောင် ဘယ်လောက် လုံလုံခြုံခြုံ ပုန်းနေလိုက်မလဲ'

ဟု မခင်ရွှေက တွေးကာ သနားစရာကောင်းသော မခင်နှောင်း ချစ်သူနှစ်ဦးသည် ဤအဖြစ်မျိုး ဤဘဝ ဤတစ်ကြိမ်သာ ဖြစ်ပါစေတော့ ဆုတောင်းလိုက်လေသည်။

■

## ရေပြာအိုင်မှ သားလိမ္မာ

ရေပြာအိုင်ရွာသည် ယခင် လွန်လေပြီးသော တစ်ချိန်ကလို စည်ကား ဖြိုးပြောခြင်း မရှိစေကာမူ ရွာသူရွာသားတွေက နား၊ မျက်စိ ပွင့်လာကြပြီဖြစ် သောကြောင့် ငွေကြေး တတ်နိုင်သည့် အိမ်အချို့မှာ ရေဒီယိုလေးများ ရှိကြ သည်။ မခင်ရွှေ နေသော အဘွားကြီးအိမ်နှင့် တစ်အိမ်ကျော်မှာ ဓာတ်ခဲအခေါင် ပြေမှုကြောင့် ဓာတ်ခဲချွေတာရေး လုပ်နေရသူ ရေဒီယိုပိုင်ရှင်သည် အခါ ခပ်သိမ်း အချိန်ပြည့် မဖွင့်နိုင်ရှာပေ။ သတင်းချိန်မှာမှ ဖွင့်နားထောင်သည်။ အခါကြီး ရက်ကြီးတွေမှာ တရားဒေသနာတော်များ အသံလွှင့်ချိန်မှာ ဖွင့် နားထောင်သည်။ သီချင်းလွှင့်ချိန်မှာဆိုလျှင် တစ်ခါတစ်ရံမှသာ ဖွင့်နားထောင် သည်။ ထိုသို့ တစ်ခါတစ်ရံ ဖွင့်သည့်အချိန်မှာလည်း အိမ်နားနီးချင်းတွေပါ ကြားရအောင် အသံကျယ်ကျယ် ဖွင့်ပြတတ်သည်။

ထိုသို့ ရေဒီယိုဖွင့်ပြီဆိုလျှင် အဘွားကြီး သားအမိသာ မဟုတ်၊ မြို့မှ ဆင်းနေသော မခင်ရွှေပါ ဂရုတစိုက် နားထောင်တတ်ကြသည်။ ယခု ထိုအိမ်မှ ရေဒီယိုဖွင့်နေသည်။ ခေတ်ဟောင်းသီချင်းတွေကို အသံလွှင့်ဌာနမှ လွှင့်နေသည်။ တစ်ခါတစ်ရံမှ ကြားရသော ခေတ်ဟောင်းသီချင်းတွေကား ကြာလေကောင်း လေ ဟောင်းလေ သစ်လေဆိုသော စကားအတိုင်း မည်သည့် အခါမှ မရိုးနိုင် အီနိုင်သော သီချင်းများ ဖြစ်သည်။ မှတ်လောက်သားလောက် အဓိပ္ပာယ်ရှိသော

www.burmeseclassic.com

www.burmeseclassic.com



သီချင်းတွေသာ ဖြစ်သည်။ ထို့ကြောင့် ရေဒီယို ပိုင်ရှင်သည် ဓာတ်ခဲကို ချွေတာသော်လည်း ခေတ်ဟောင်းသီချင်း လွှင့်ပြီဆိုလျှင် ဓာတ်ခဲကုန်ချင် ကုန်ပါစေ ဟူသော စိတ်ကို ထားတတ်သည်။

အဘွားကြီးသားအမိနှင့် မခင်ရွှေတို့က ငြိမ်သက်စွာ နားအရသာခံနေရာ ခေတ်ဟောင်းသီချင်း တစ်ပုဒ်ပြီးတစ်ပုဒ် လွှင့်နေရာမှ ရှေးခေတ် အဆိုတော်ကြီး ဒေါ်ကြည်အောင် ဆိုခဲ့သည့် ပိစိတြနှင့် မိဘမေတ္တာသီချင်း နှစ်ပုဒ်ကို ဆက်ပြီး လွှင့်လိုက်သည်။

"မိဘတွေဂုဏ်ကျေးဇူး ကြီးမားတယ်ဆိုတာ စိတ်ထဲမှာ အမြဲရှိတဲ့ ဘုရားရှိခိုးတိုင်း၊ တတ်အားသမျှ ကောင်းမှုကုသိုလ်လေးပြုတိုင်း မိဘကို ရည်စူး ရှိခိုးပြီး အမျှဝေပါတယ် ဘွားဘွား၊ အခုလို ကျွန်မအလုပ်လေးနဲ့ ဝင်ငွေလေး ရှိလာတော့ မိဘကို ကျွေးချင်တယ်၊ ဒါပေမဲ့ မဖြစ်နိုင်တော့ဘူးနော်"

သီချင်းနားထောင်နေသော မခင်ရွှေသည် ကွယ်လွန်ရှာပြီ ဖြစ်သော သူ့မိဘတွေကို လွမ်းဆွတ်တမ်းတမိသဖြင့် ကြေကွဲပူဆွေးသော အသံဖြင့် ပြောသောအခါ အဘွားကြီးက–

"မိဘနဲ့ ပတ်သက်တဲ့ အထိမ်းအမှတ်လေး ဘာများ ယူထားလိုက်လဲ ဆရာမလေး"ဟု မေးလိုက်၏။

"ဘယ်လို အထိမ်းအမှတ်လဲ ဘွားဘွား"

မခင်ရွှေက သဘောမပေါက်ချေ။

"တို့ဗုဒ္ဓဘာသာဝင်တွေဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသွားပေမယ့် ကျန်ရစ်တဲ့ ဓာတ်တော်၊ မွေတော်တွေကို မြတ်စွာဘုရားသခင်ကိုယ်စား ရှိသေမြတ်နိုး ကိုးကွယ်ကြတယ်ဟုတ်လား"

"ဟုတ်ပါတယ် ဘွားဘွား"

"မြတ်စွာဘုရားဓာတ်တော်ကို သက်တော်ထင်ရှား မြတ်ဘုရားအဖြစ် သဘောထားပြီး မမေ့မလျော့ ရိုရိုသေသေ ကိုးကွယ်ဆည်းကပ်သူအဖို့ ဘေးရန်ကင်းပြီး ကောင်းကျိုးချမ်းသာ ခံစားရတယ်ဆိုတာကော ဆရာမလေး ယုံကြည်တယ် ဟုတ်လား"

"ဟုတ်ကဲ့ ယုံပါတယ် ဘွားဘွား"

"အဲဒီအတိုင်းပေါ့၊ ဘုရားနဲ့ တစ်ဂိုဏ်းတည်း အလေးအမြတ်ထားထိုက်တဲ့ မိဘနှစ်ပါးရဲ့ အသုံးအဆောင်ပစ္စည်းဖြစ်စေ၊ မိဘနှစ်ပါးရဲ့ ကိုယ်



ခန္ဓာက အင်္ဂါအစိတ်အပိုင်း တစ်ခုခု၊ ဥပမာ ဆိုပါတော့၊ မိဘနှစ်ပါးရဲ့ဆံပင်ဖြစ်စေ၊ သွားဖြစ်စေ၊ တစ်ခုခုကို မိဘကိုယ်စား အထိမ်းအမှတ် ကိုးကွယ်ဖို့ ယူထားလိုက်တာများ ရှိသလားလို့ မေးတာ ဆရာမလေးရဲ့"

ထိုအခါမှ မခင်ရွှေ သဘောပေါက်သွားသည်။

"မိဘတွေ သေဆုံးကုန်ကြတဲ့အချိန်က ကျွန်မအရွယ် ငယ်ငယ်လေး ရှိပါသေးတယ် ဘွားဘွား၊ ၁၂ နှစ်သမီးအရွယ်က ဆုံးတယ်လို့သာ ပြောသံကြားလိုက်ရပါတယ်။ မိဘတွေကို မှတ်မိရုံ ရှိလိုက်တာကြောင့် ဘွားဘွားပြောသလို ကိုးကွယ်စရာ အထိမ်းအမှတ် ယူထားလိုက်ဖို့ ဆိုတာ ဘာမှန်း မသိလိုက်ရပါဘူး ဘွားဘွားရယ်"

မခင်ရွှေက ကြေကွဲဝမ်းနည်းစွာ ပြန်ပြောလိုက်သည်။

"အင်း၊ ဆရာမလေးအနေနဲ့ အပြစ်ဆိုစရာ မရှိပါဘူးလေ။ မိဘဂုဏ်ကျေးဇူးကို သိတဲ့လူမျိုး၊ မိဘကိုယ်စား အခုတင်က အဘွားပြောသလို ပစ္စည်းတစ်ခုခုကို ဆောင်ထားပြီး အမြဲ ရိုရိုသေသေ ကိုးကွယ်နေသူအဖို့ မိဘဂုဏ်ကျေးဇူးက စောင့်ရှောက်တယ်ဆိုတာ အဘွားတို့ ရေပြာအိုင်က ကိုရင်ဆန်းအတော့ လက်တွေ့ပဲ ခံစားလိုက်ရတယ်။ ကိုရင်ဆန်းဖြစ်ပုံကို တွေ့ကြမြင်ကြတော့မှ မိဘဂုဏ်ကျေးဇူးကြီးမားကြောင်း သိကြပေမယ့် အမှုမဲ့ အမှတ်မဲ့ နေခဲ့ကြတဲ့လူတွေဟာ ကိုရင်ဆန်းလမ်းစဉ်ကို လိုက်ကုန်ကြတယ်လေ၊ တော်တော်ကုသိုလ်ရကုန်ကြတယ်ကွဲ့"

အဘွားကြီး စကားကြောင့် မခင်ရွှေ မိဘတွေကို လွမ်းဆွတ်စိတ်ပေါ်နေသည့်အခိုက် ဖြစ်၍ မိဘဂုဏ်ကျေးဇူးသိသော ကိုရင်ဆန်း ဆိုသူ အကြောင်းကို သိချင်လာသည်။

"ပြောပြပါလား ဘွားဘွားရယ်"

မခင်ရွှေ တောင်းပန်လိုက်သောအခါ အဘွားကြီးက–

"ပြောပြမယ်လေ၊ ဆရာမလေးဖို့ စာတစ်ပုဒ် ရသွားပြန်ပြီပေါ့၊ တဲ… ကောင်းကောင်းမှတ်နော်"ဟု ပြောသဖြင့် မခင်ရွှေက–

"ဟုတ်ကဲ့ ဘွားဘွား"

ဟု ပြောရင်း နားစိုက်လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ဆန်း အမည်ကား မောင်ဆန်း ဖြစ်သည်။ ဖြူစင်မွန်ရည်သော ရုပ်ရည်ဖြင့် လူတစ်ဖက်သား ချစ်ခင်နှစ်သက်အောင် ပြောဆိုတတ်၊ ပေါင်း သင်းဆက်ဆံတတ်သဖြင့် လည်းကောင်း၊ တစ်ဖက်သားကို ကူညီလိုသော စိတ်ကောင်း ရှိသောကြောင့် လည်းကောင်း ရွာသူရွာသားတွေက ခင်မင်ကြ သည်။ တောရွာထုံးစံလေ့မှာ နာမည်နှစ်လုံး ရှိသူ ဆိုလျှင် အသက်ကြီးသူ တွေက မောင်ဟူသော စကားလုံး မထည့်ဘဲ ခေါ်တတ်ကြသည်။ နာမည် တစ်လုံးတည်း ရှိသူ ဆိုလျှင် မောင်မည်သူဟူ၍ မခေါ်ဘဲ ရှေ့က 'င' တပ်ပြီး ခေါ်တတ်ကြသည်။ ကိုရင်ဆန်းကိုမူ ချစ်ခင်ကြသောကြောင့် အသက်ကြီးသူ တွေက ငဆန်းဟု မခေါ်ဘဲ မောင်ဆန်းဟု ခေါ်ကြသည်။ ရွယ်တူတွေနှင့် အသက်ငယ်သူတွေက ကိုရင်ဆန်းဟု လေးလေးစားစား ခေါ်ကြသည်။

ကိုရင်ဆန်းကား လယ်မြေပိုင်ရှင် ကြေးရတတ်၏သား ဖြစ်စေကာမူ မိဘတွေက မွေးထားသော ညီအစ်ကိုမောင်နှမများထဲမှာ မာနကင်းပြီး လိမ္မာ သောသူ ဖြစ်သည်။ အငယ်ဆုံးသားထွေးလေး ဖြစ်သောကြောင့် မိဘတွေက လည်း ပိုပြီး ချစ်ကြသည်။ ကိုရင်ဆန်း အသက် ၁၅ နှစ်သားလောက် ရောက် လာသောအခါမှာ မိဘတွေ၏ ချမ်းသာသမျှပစ္စည်းတွေသည် မယုံနိုင်အောင် ကုန်ခန်းပြီး ဆင်းရဲနွမ်းပါးလာသည်ကို သိရသည်။

"မင်း အစ်ကိုတွေနဲ့ အစ်မတွေ ညှဉ်းဆဲလို့ မင်းမိဘပစ္စည်းတွေ ကုန်တာပေါ့"

ဟူသော စကားကို ရွာထဲက လူတချို့ ပြောကြသည်ကို ကိုရင်ဆန်း ကြားရသော်လည်း လေးလေးနက်နက် မတွေးမိ။

အိမ်ထောင်သည်တွေ ဖြစ်ကုန်သော ကိုရင်ဆန်းအစ်ကိုများ၊ အစ်မ များသည် သူတို့လင်တွေ၊ မယားတွေက မြှောက်ပေးခြင်း၊ တစ်ယောက်နှင့် တစ်ယောက် မနာလိုခြင်းတို့ကြောင့် မိဘပစ္စည်းကို သူ့ထက်ငါဦး များများ ရ အောင် တောင်းယူခြင်း၊ ချေးငှားယူခြင်း၊ မသိအောင် ခိုးဝှက်ယူခြင်း၊ လိမ်လည် ခြင်းများဖြင့် နည်းမျိုးစုံအောင် သုံးကြသည်ကို သားသမီးကို ချစ်လွန်းသော ကိုရင်ဆန်း မိဘတွေသည် ခွင့်လွှတ်သည်းခံလာကြသည်။

ပစ္စည်းတွေ ကုန်သည့်အချိန် ကိုရင်ဆန်း အသက် ၁၅ နှစ်သား ရောက် သည့်အရွယ်တွင်ကား မိဘများသည် ကုန်းကောက်စရာ မကျန်အောင်ပင် ဆင်းရဲ နေကြပြီ ဖြစ်သည်။



ထိုအချိန်မှာ ကိုရင်ဆန်းသည် မြို့ပေါ်က အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ သင်ကျောင်းမှာ ကျောင်းအိပ်ကျောင်းစားအဖြစ် သွားရောက် ပညာသင်ကြား နေခိုက်ဖြစ်သည်။ ခြောက်တန်းကို ရောက်နေပြီ ဖြစ်သော ကိုရင်ဆန်းသည် ကျောင်းပိတ်၍ ရွာပြန်လာသောအခါမှ မိဘတွေ ဖြစ်ပုံကို စုံလင်အောင် သိလိုက် ရသည်။ ပညာဆက်သင်ရန် မဖြစ်နိုင်သော အခြေအနေ ရောက်လာသည်ကြောင့် ကိုရင်ဆန်းသည် ပညာကို လိုလားလျက်နှင့် ကျောင်းမှ ထွက်လိုက်ရသည်။ မိဘတွေ ပစ္စည်းကို မတရားနည်းမျိုးစုံဖြင့် ယူထားကြပြီး မိဘနှစ်ယောက် တာဝန်ကိုမူ တစ်ဦးနှင့်တစ်ဦး တွက်ကာတက်နေကြသည်ကြောင့် မည်သည့် သားသမီး ကိုမှ အားကိုး၍ မရတော့သော မိဘနှစ်ပါးကား သားလူမမည် ကိုရင်ဆန်းကို ဖက်ပြီး ငိုကြရှာသည်ကို ပြန်ရောက်လာသော ကိုရင်ဆန်းက ရင်နာစရာ တွေ့ကြုံ လိုက်ရသည်။

ဥစ္စာကုန်ခန်း စိတ်ညှိုးနွမ်း၍ ပင်ပန်းရာမှ သားသမီးတွေ၏ ကျေးဇူး တန်းပုံ၊ စိမ်းကားရက်စက်ပုံတွေကြောင့် စိတ်ထိခိုက်ရှာသော မိဘနှစ်ပါးကား ကျန်းမာရေးပါ ထိခိုက်လာသည်။

"မငိုကြပါနဲ့ဗျာ၊ ကျွန်တော် မသေသရွေ့တော့ အဖေနဲ့ အမေကို ခုံးတစ်ဖက်စီ ထမ်းပြီး ကျွန်တော် တတ်စွမ်းသရွေ့ ရှာကျွေးပါ့မယ်"

အရွယ်လေးနှင့် မမျှအောင် အားမာန်တင်းသော စကားကို ပြောပြီး ကိုရင်ဆန်းသည် ရောက်သည့်နေ့မှာပင် ရွာထဲမှာ နွားတွေ မွေးပြီး နွားပွဲတွေ မှာ လိုက်ရောင်းခြင်းဖြင့် ချမ်းသာနေသော နွားခြံရှင်ကြီးထံ ရိုရိုကျိုးကျိုး ရောက်သွားသည်။ မိဘတွေ အခြေအနေကို ပြောပြပြီး သင့်လျော်သည့်အလုပ် ရှိလျှင် လုပ်လိုကြောင်း ပြောသည်။

နွားခြံရှင်သည် ကိုရင်ဆန်းကို ချစ်ခင်ရင်းစွဲရှိရာမှ သနားခြင်း ပြည့်စွတ် လိုက်သောကြောင့် သူ့နွားတွေကို ထိန်းကျောင်းရန် လူငှား ရှိပါသော်လည်း ထိုလူငှားကို တခြားတစ်နေရာမှာ ခိုင်းစေရန် ရည်စူးလိုက်ပြီး နွားကျောင်း တာဝန်ကို ကိုရင်ဆန်း ယူစေလိုသည်။

"အခကြေးငွေ ဘယ်လောက် လိုချင်လဲ"

ဟူသော အမေးကို-

"ဘကြီး ကြည့်ပေးပါ၊ အဖေနဲ့ အမေ ထမင်းမငတ်ရင် တော်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကိုရင်ဆန်းက ဖြေသောကြောင့် နွားခြံရှင်သည် များစွာ ကျေနပ်သဘောကျသွားသည်။ ဤသို့ဖြင့် ကိုရင်ဆန်းသည် အခကြေးငွေဖြင့် နွားကျောင်းသား ဖြစ်သွားသည်။

နေ့ခင်းမှာ ကိုရင်ဆန်း နွားကျောင်းသည်။ ညဦးပိုင်းတွင် ရွာထဲမှာ မောင်းထောင်းလိုသူ၊ စပါးကြိတ်ထိုးလိုသူ၊ လသာသည့် ညများမှာ လရောင်ဖြင့် နှီးဖြာလိုသူ၊ ထင်းခွဲလိုသူတွေ ရှိလျှင် ပေးသမျှ အဖိုးအခဖြင့် အလုပ်တို လိုက်လုပ်သည်။ မြို့ပေါ်တက် ကျောင်းနေလာခဲ့သည့် ကိုရင်ဆန်းတစ်ယောက် အသက်အရွယ်လေးနှင့် မမျှအောင် မိဘတာဝန်ကို ထမ်းနေရှာသည်ကို သနား ကြသောကြောင့် ခိုင်းစေသူတွေကလည်း အခကြေးငွေ နိုင်ထက်စီးနင်း ချိုး ပေးခြင်း အလုပ်မျိုးကို မလုပ်ကြဘဲ တန်ရာတန်ကြေး ပေးသည်။ ပိုပေးသူ ပိုပေးကြသည်။

အရိပ်ထဲမှာ အေးငြိမ်းစွာနေပြီး စာသင်ခန်းထဲမှာ သက်သက်သာ သာထိုင်ကာ စာသင်လာခဲ့သော ကိုရင်ဆန်းကား အလုပ်ဝင်လုပ်စကမူ ပင်ပန်း လွန်းသဖြင့် မျက်ရည်ပေါက်ပေါက် ကျမိရှာသည်။ အသက် ၁၅ နှစ်သား အရွယ်ရှိစေကာမူ အလေ့အကျင့် မရှိဖူးသော တောအလုပ်ကြမ်းကို လုပ်ရသော ကိုရင်ဆန်းအဖို့ ရင်ထဲက ဆို့လာအောင်ပင် မောမိသည်။ မျက်ရည်ကျအောင် ပင် ဝမ်းနည်းမိသည်။ လက်ဖဝါးတွေမှာ အဖုကြီးတွေ ပေါက်လာသည်။ ဖြူဖွေး သော အသားသည် နေပူမိုးရွာ မရှောင် ပြေးလွှားရှာဖွေ လုပ်ကိုင်ရခြင်းကြောင့် နီညိုရောင် ပြောင်းသွားသည်။ သို့သော် ကိုယ်ခန္ဓာကား သွားလာလှုပ်ရှား လား မသိ၊ ကျန်းမာရေးနှင့် ပြည့်စုံပြီး ဖွံ့ဖြိုးထွားကျိုင်းလာသည်။ နဂိုရုပ်ရည် မွန်ရည်ချောမောသူ ဖြစ်သည့်အလျောက် အသက် ၂၀ အရွယ်ရောက်လာသော ကိုရင်ဆန်း၏ ရုပ်ရည်သည် ယောကျ်ားပီသစွာ ကျက်သရေရှိလှသည့် ရုပ် ဖြစ်နေသည်။

ကိုရင်ဆန်းတစ်ယောက် ဤသို့ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ပြီး မိဘ တွေကို ကျွေးမွေးနေသည်ကို ကိုရင်ဆန်း၏ အစ်ကိုတွေနှင့် အစ်မတွေ မ မဟုတ် သိကြသည်။ ပေးရနိုးနိုး၊ ကမ်းရနိုးနိုး ထင်ကာ ရှောင်နေကြ တစ်ယောက်ကို တစ်ယောက် သူ ပေးပါလား၊ နင် ပေးပါလား ဟူသော စကား မျိုးဖြင့် တွက်ကတ်နေကြခြင်းတို့ကြောင့် ကိုရင်ဆန်းကလည်း မည်သူ့ အစ်ကို၊ အစ်မ အိမ်ကိုမှ မသွားဘဲ ကင်းကင်းရှင်းရှင်းပင် နေလိုက်သည်။



တပင်တပန်း လုပ်ကိုင်ရှာဖွေ ကျွေးမွေးနေသော သားထွေးလေးကို ကြင်နာသနားလွန်းသောကြောင့် မိဘနှစ်ပါးသည် ကိုရင်ဆန်း ကွယ်ရာမှာ ချုတ်ချည် ကျကြရသည်။ သားထွေးလေးကို ကျွေးဖူးတင်လေ ကျွေးဖူးကန်းကြသော သားကြီး၊ သမီးကြီးတွေကို စိတ်နာလေ၊ စိတ်နာသော်လည်း နာရုံသာ ဘာမှ တတ်နိုင်ကြ။ သားထွေးလေး ကျန်းမာစွာဖြင့် အသက်ရှည်ပါစေ ဟူ၍သာ ဆုတောင်းနေကြရသည်။

ကိုရင်ဆန်း၏ အမေသည် မီးယပ်ရောဂါနာတာရှည် ဖြစ်ပြီး တရှောင် ရှောင်ဖြင့် လဲလိုက်၊ ထလိုက် ဖြစ်နေခဲ့သည်မှာ တစ်နှစ်ကျော်နေခဲ့ပြီ။ ကိုရင် ဆန်းက အလုပ်မှ ပြန်လာသည့် အချိန်များမှာ မိခင်လူမမာကို အဝတ်လဲပေး သည်။ အညစ်အကြေး သုတ်သင်ပေးသည်။ ဆံပင်ကို ရှင်းလင်း ဖြီးပေးသည်။ မိခင်ဆံပင်တွေက ရှုပ်ထွေးနေသည့်အတွက် ဖြီးလိုက်သောအခါတိုင်းမှာ အထွေးလိုက် ကျွတ်သည်။ မိခင် ဆံပင်ကျွတ်တွေကို စုပြီး လုံးနေရာမှ ကိုရင်ဆန်း သည် အတွေးတစ်ခု ဝင်လာသည်။

'အမေ ခံစားနေရတဲ့ ဝေဒနာဟာ ကြာရှည်နေရမယ် မထင်ဘူး၊ အမေ သေဆုံးသွားရင် အမေ့ကိုယ်စား ဒီဆံပင်တွေကို ငါ လေးလေးမြတ်မြတ် ထိုးကွယ်ထားရင် ကုသိုလ်ရနိုင်တယ်'

ကိုရင်ဆန်း တွေးမိသောအခါ မိခင် ဆံပင်အကျွတ်တွေကို မစွန့်ပစ် ဘောဘဲ သန့်ပြန့်သော အဝတ်တစ်ခုဖြင့် ထုပ်ကာ ဘုရားစင်တွင် မှတ်မှတ်ရရ သိမ်းထားလိုက်သည်။

ကိုရင်ဆန်း ပင်ပန်းလွန်းသည်ကြောင့် ဖခင်ဖြစ်သူက သားထွေးလေး သက်သာနိုင်သမျှ သက်သာပါစေဟူသော စေတနာဖြင့် သူ့အင်အားဖြင့် လုပ်နိုင်သရွေ့ ဖြစ်သော ထမင်းချက်ထားခြင်း၊ အဝတ်လျှော်ထားခြင်း စသည် များကို လုပ်ထားသောအခါ -

"အဖေကလည်းဗျာ မလုပ်ပါနဲ့၊ ကျွန်တော် တုံးလုံးမလဲသရွေ့မှာ အဖေနဲ့ အမေ ဘာမှ မလုပ်စေချင်ဘူး၊ မိဘ အသက်ရှိနေခိုက်၊ ကျွန်တော် လုပ်ကိုင်ကျွေးနိုင်ခိုက်မှာ အားလုံး ကျွန်တော် တာဝန်ယူပါရစေ။ အဖေနဲ့ အမေ မရှိတော့ရင် ကျွန်တော် ကျွေးချင်ပါတယ်၊ လုပ်ကိုင်ပေးချင်ပါတယ်လို့ ဘယ်လိုမှ တောင့်တလို့ မရနိုင်တော့ပါဘူး၊ ဒါကြောင့် ကျွန်တော့်ကို တကယ် ချစ်ရင် ကျွန်တော် လုပ်ကိုင်ပေးတာကိုပဲ ခံယူပါနော် အဖေ"

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ဆန်းက ဖခင်ကို သနားကြင်နာစွာဖြင့် ပြောသောအခါ ကိုရင်ဆန်း ဖခင်သည် သားလိမ္မာလေးကို မျက်ရည်ရစ်ဝိုင်းသော မျက်လုံးဖြင့် ငြိမ်သက်စွာ ကြည့်နေတတ်သည်။ ကိုရင်ဆန်းက ဖခင် ပင်ပန်းမည်စိုးသောကြောင့် တတ်နိုင်သမျှ အိမ်အလုပ်ကို ပြီးစီးအောင် လုပ်ပြီးမှ သွားလေ့ရှိသည်။ ယခု အသက်အရွယ် ရောက်လာသော ကိုရင်ဆန်းကို နွားခြံပိုင်ရှင်က နွားကျောင်းအလုပ် မလုပ်နိုင်းတော့ချေ။ သူကိုယ်တိုင် နွားလုပ်ငန်းကို စွန့်လွှတ်လိုက်ပြီး လယ်အလုပ်ကို ပြောင်းလာခဲ့သည် ဖြစ်သောကြောင့် ကိုရင်ဆန်းကို သူ့လယ်အလုပ်မှာ သုံးနေခဲ့သည်။ အခြားသူတွေထံမှာ အလုပ် မလုပ်စေဘဲ သူ့ထံမှာ ပင်တိုင် တစ်နှစ်စာ လုံလောက်သော အခကြေးငွေကို ပေးပြီး ငှားထားသောကြောင့် ကိုရင်ဆန်းကလည်း ဘုံအလုပ်မျိုး ကျပန်း လိုက်လုပ်ခြင်းကို စွန့်လွှတ်လိုက်ပြီး အလုပ်ရှင်တစ်ဦးတည်းထံမှာ စွဲစွဲမြဲမြဲ လုပ်နေလိုက်သည်။

ကိုရင်ဆန်းတို့ အိမ်အကြောင်းကို သိပြီးဖြစ်သော အိမ်ရှင်က ရှေ့ အချိန်မှာသာ ကိုရင်ဆန်းကို ခိုင်းပြီး ညမှာ အိမ်ပြန်ခွင့်ပြုထားသည်။

ဤနေ့မှာ အလုပ်စောစောသိမ်းပြီး ကိုရင်ဆန်း ပြန်လာခဲ့သည်။ ခါတိုင်း ကိုရင်ဆန်း ပြန်လာလျှင် ဖခင်ဖြစ်သူသည် သားလိမ္မာ ပြန်လာချိန်ကို ရွှင်လန်းစွာ ဆီးကြိုနေမြဲ ဖြစ်လျက် ယနေ့ မတွေ့ရသောအခါ ကိုရင်ဆန်း စိတ်ထဲမှာ ဟာနေသလိုလို၊ အမောမပြေသလိုလို အမည်မဖော်နိုင်သော ခံစား ချက်မျိုးကို ခံစားလိုက်ရသည်။

“အဖေ ဘယ်သွားနေပါလိမ့်၊ အမေ အခြေအနေဆိုးလို့ အမေ့နား မှာ စောင့်ကြည့်နေတာလား”

ဟူသော အတွေးဖြင့် အိမ်ထဲကို လျင်မြန်စွာ ဝင်လာခဲ့သည်။

ကိုရင်ဆန်းအဖေသည် သူ့အိပ်ရာထဲတွင် ခွေခွေလေး လဲလျောင်း နေသည်ကို တွေ့လိုက်ရသည်။

“ဟင် အဖေ ဘာဖြစ်လို့လဲ”

ကိုရင်ဆန်း ပြန်လာချိန်မှာ သားလေး အမောဆို့မည် စိုးသောကြောင့် မည်သည့်အခါမှ ဤအခြေအနေမျိုး မနေဘဲ အမြဲလန်းဆန်းသော ဟန်မျိုးဖြင့် သာ နေခဲ့သော ကိုရင်ဆန်းအဖေ၏ ထူးခြားသော အနေကြောင့် ကိုရင်ဆန်း က စိတ်ပူစွာမေးပြီး ဖခင်အနားမှာ ထိုင်ပြီး ကြည့်လိုက်သည်။ ကိုရင်ဆန်း ဖခင်၏ ပါးစပ်ကြီးသည် အဆမတန် ဖူးရောင်နေသည်ကို တွေ့ရသည်။ စကား



ကို ကောင်းကောင်း မပြောနိုင်ရှာချေ။ တစ်လုံးချင်း ပြောနေသော စကား ကြောင့် ဘာဖြစ်သည်ကို ကိုရင်ဆန်းက နားလည်လိုက်ရသည်။

အဘိုးကြီးသည် သားဖြစ်သူက အိမ်အလုပ် မလုပ်ရန် တောင်းပန် ထားသော်လည်း ပင်ပန်းရှာသော သားကို သနားသောအားဖြင့် တတ်နိုင်သမျှ လုပ်ကိုင်မြဲ လုပ်ကိုင်ထားသည်။ ယနေ့မှာ ခါတိုင်းလိုပင် အိမ်အလုပ်ကို လုပ်နေသည်။ မီးဖိုဆောင်အတွက် သုံးရန် ရေကုန်နေသောကြောင့် ခပ်လှမ်း လှမ်းမှာ ရှိနေသော ရေတွင်းမှ ရေသွားခပ်သည်။ ရေပုံးကိုဆွဲလျက် ရေအိုး စင်ရှိရာ ရေကပြင်လေးသို့ တက်သည်တွင် ငါးထစ်မျှရှိသော လှေကားငယ်၏ လှေကားထစ်သည် နှစ်ကြာညောင်းလာသည့်အလျောက် တရိရိ ဆွေးနေခဲ့သည် ကို သတိမထားမိခဲ့သဖြင့် ခါတိုင်းလိုပင် နင်းပြီး တက်လိုက်သည်။ လှေကားထစ် က ကျိုးကျသွားသောအခါ ဝန်လေးပစ္စည်း ဖြစ်သော ရေပုံးကြီးကို ကိုင်လျက် အဘိုးကြီးသည် မသက်မသာ လိမ့်ကျသွားခဲ့သည်။ ကျသည့် လှေကားထစ်က သည်း အပေါ်ဆုံးအထစ် ဖြစ်သည်။

မှောက်လျက် လိမ့်ကျသွားသော အဘိုးကြီးမျက်နှာက လှေကား အောက်မှာရှိနေသော အမျက်ဆုံထင်းတုံးတစ်ခုပေါ်သို့ တည့်တည့်မတ်မတ် ကျသွား သည်။ အမျက်ဆုံ ထင်းတုံးကလည်း မညီမညာ အစတွေ ထိုးထိုးထောင်ထောင် ဖြစ်နေရာ အဘိုးကြီးပါးစပ်ကို သစ်စတွေ ပြင်းထန်စွာ ထိုးမိလိုက်သည်။ ရှိသွားလေးရှိသမျှ လေးချောင်းအားလုံး ကျိုးကုန်ပြီး သွားဖုံးတွေရော၊ နှုတ်ခမ်း တွေရော စုတ်ပြတ်ကွဲပြဲကုန်တော့၏။ ထွက်လိုက်သည့် သွေးတွေက မြင်မကောင်း အောင် ဖြစ်နေသည်။ အိပ်ရာထဲ လဲနေသော အမယ်ကြီးက အားယူထလာပြီး တတ်အားသမျှ ပြုစုလုပ်ကိုင်ပေးခဲ့ရသည်။

“အခု အမေက ဘယ်မှာလဲ အဖေ”

မိခင်ကို မမြင်၍ ကိုရင်ဆန်းက မေးသောအခါ –

“ရွာတောင်ပိုင်းက ဆေးဆရာကြီးဆီကို ဆေးသွားတောင်းတယ်”

ဟူသော အဖြေကို ကြားရသည်။

အဘိုးကြီးကား ရေပုံးနှင့်အတူ လိမ့်ကျသွားသောကြောင့် တော်တော် နှင့် မထနိုင်ဘဲ ဖြစ်နေရာမှာ ရေတွေ ရွဲရွဲစိုနေသည်က အတန်ကြာသည်။ အိပ်ရာထဲမှာ ရှိနေသော အမယ်ကြီးက အဘိုးကြီး ဘာဖြစ်နေသည်ကို မသိသေး ချေ။ သူ့ကိုယ်သူ အားယူထလာပြီး အိပ်ခန်းထဲသို့ သွေးရှဲရှဲဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသောအခါမှ အမယ်ကြီးက သိသည်။ အမယ်ကြီးသည် သူ့ဝေဒနာ မေ့သလိုပင် ဖြစ်သွားကာ စိတ်ဆောင်ခြင်းဖြင့် အိပ်ရာထဲမှ ထသည်။ အဘိုး ကြီးကိုယ်မှာ ပေရေနေသော သွေးတွေ၊ ရွံ့တွေကို သုတ်ပေးသည်။ အဝတ် ခြောက်ကို ထုတ်ပေးသည်။ စိတ်ဆောင်ခြင်းဖြင့် ထိုအလုပ်တွေကို လုပ်ပေး ပြီးသောအခါ အမယ်ကြီးက မောလွန်းသောကြောင့် အိပ်ရာထဲ ပြန်လှဲ လိုက်၏။

မွန်းတိမ်းချိန် ရောက်သောအခါ အဘိုးကြီးသည် အအေးမိလိုက်သည့် အရှိန်၊ အနာရှိန်တို့ ရောပြီး အဖျားဝင်လေပြီ။ အမယ်ကြီးသည် သူ့ထက် အခြေအနေဆိုးဖြစ်နေသော အဘိုးကြီးကြောင့် သူ့ကိုယ်သူ လူမာကြီးလုပ်ကာ ရွာတောင်ပိုင်းရှိ ဆေးဆရာကြီးထံသို့ ဆေးတောင်းထွက်သွားသည် ဖြစ်ရာ ကိုရင်ဆန်း အိမ်ပြန်ရောက်သောအခါ အမယ်ကြီး မရောက်သေးချေ။ ကိုရင်ဆန်း က ဖခင်နဖူးကို ညင်သာစွာ ကိုင်စမ်းလိုက်၏။ ဖခင်၏အသားသည် မီးတောက် လေမည်လားဟု ထင်ရအောင်ပင် ချစ်ချစ်တောက် ပူနေသည်။

"သားမလာခင်က အမယ်ကြီးသွားတာ၊ လိုက်သွားလိုက်ပါဦး သား ရယ်၊ လမ်းမှာ မူးနေပါဦးမယ်"

အဘိုးကြီးက သူ့ဝေဒနာကို ဘေးချိတ်ပြီး အမယ်ကြီးအတွက် ပူပူ သည်။

"ဟုတ်တယ်၊ ကျွန်တော် လိုက်သွားဦးမယ်"

ကိုရင်ဆန်းက ပြောပြီး ခြေလှမ်းသွက်သွက်ဖြင့် လိုက်သွားသည်။

အမယ်ကြီးကား မူးလဲခြင်းတော့ မဖြစ်၊ သို့သော် သွားရလာရသည့် အတွက် မောလွန်းသောကြောင့် လမ်းမှာနားပြီး လာနေရသောကြောင့် ကြာ ခြင်း ဖြစ်သည်။ ကိုရင်ဆန်းက မိခင်ကို ယုယစွာ တွဲခေါ်လာခဲ့သည်။ အိပ်ရာ ထဲမှာ လဲလိုက် ထလိုက်ဖြင့် နာတာရှည်ဖြစ်နေသော မိခင်လူမမာက နာတာရှည် လူမမာအဖြစ်မှာသာ ရပ်တည်နေခဲ့ပြီး မမျှော်လင့်သော ရောင်တခင်အဖြစ်မျိုး ဖြစ်လိုက်သော ဖခင်ဖြစ်သူကား မျှော်လင့်ချက် မရှိအောင်ပင် ရောဂါအခြေ အနေ ဆိုးလာသည်။

ကျိုးသွားသော ဖခင်၏သွားတွေကို မရွံမရှာ စင်ကြယ်စွာ ဆေးကြော ပြီး မိခင်ဆံပင်နှင့်အတူ ဘုရားဆောင်မှာ သိမ်းထားလိုက်၏။ ကိုရင်ဆန်းသည် သူ့အလုပ်ရှင်ထံမှာ အလုပ်မဆင်းနိုင်၍ ခွင့်လွှတ်ရန် တောင်းပန်ထားရသည်။



အလုပ်ရှင်ကလည်း ကိုရင်ဆန်းကို မေတ္တာထားသည်ကြောင့် ငြိုငြင်ခြင်း မဖြစ်ဘဲ ကြည်သာစွာပင် ခွင့်ပေးထားသည်။

ကိုရင်ဆန်းတစ်ယောက် မိခင်နှင့် ဖခင်ကြောင့် အသက်ဝင် မွေး အား နိုင်အောင် ဖြစ်နေသည်များကို ကိုရင်ဆန်း၏ အစ်ကိုများ၊ အစ်မများက သိနိုင်ကြချေ။ ငွေကြေးပြည့်စုံသူများ ဖြစ်သည့်အလျောက် တစ်နှစ် တစ်ကြိမ် မှိုပေါ်တက်ပြီး ညအိပ်ညနေ အေးအေးဆေးဆေး လည်ပတ် နေထိုင်ကြသည်။ ရုံးဝေးသို့ ဘုရားဖူး ထွက်ကြသည်။ မိခင်ဖြစ်သူ နာတာရှည်ဖြစ်ကာ အိပ်ရာထဲ ထဲနေခဲ့သည်ကိုမူ ကြာမြင့်ပြီ ဖြစ်သောကြောင့် သူတို့စိတ်မှာ အထူးအဆန်း တုတ်ကြတော့။ တစ်ခါတစ်ရံ စိတ်ကူးရသည့်အခါ ဘယ်လိုနေလဲဟု မေးတတ် ကြသည်။

သားကြီး သမီးကြီးတွေကို စိတ်နာနေပြီ ဖြစ်သော အဘိုးကြီးနှင့် အဘွားကြီးကလည်း သူတို့ ဘာဖြစ်နေသည်ကို ပြောလည်းမပြော၊ အကြောင်း ကြားလည်းမကြား၊ ဘာကိစ္စမှလည်း အကူအညီတောင်းခြင်း၊ အပူကပ်ခြင်း မပြုကြဘဲ တင်းကင်းပင် နေထိုင်လာခဲ့ကြသည်ကြောင့် အဝင်အထွက်မရှိဘဲ အဆက်ပြတ် သလို ဖြစ်နေကြသည်။

ကိုရင်ဆန်းသည် သူ့အင်အားဖြင့် တတ်စွမ်းနိုင်သမျှ ကုသပြုစုပါ သော်လည်း အိုကံဆိုးရှာသော ဖခင်ကြီးသည် သူချစ်လှသည့် သားလိမ္မာလေး ကို လည်းကောင်း၊ ကောင်းတူဆိုးဖက် ငယ်ပေါင်းဇနီးကိုလည်းကောင်း ခွဲခွာ ကာ တစ်ဘဝတာအဖို့ ဒုက္ခဇာတ်သိမ်းပြီး အေးငြိမ်းသွားရှာပြီ ဖြစ်သည်။

နှစ်ရှည်လများ ခံစားလာခဲ့ရသော ဝေဒနာက ကျွမ်းပြီးသားဖြစ်နေ သော အမယ်ကြီးသည် အကြောင်းကြောင်းသော စိတ်ဆင်းရဲမှုတွေကြောင့် လည်းကောင်း၊ ငယ်ပေါင်း ခင်ပွန်း၏ ရင်နာဖွယ်အဖြစ်ကြောင့် လည်းကောင်း အဘိုးကြီးအတွက် ရက်လည်ဆွမ်းကျွေးသော နေ့၊ ရေစက်ချ အမျှဝေသော အချိန်မှာ ခင်ပွန်းသည် နာမည်ကို ခေါ်ကာ အမျှဝေရင်း ကြေကွဲသောစိတ်ဖြင့် သတိလစ်သွားရာမှ ပြန်မလည်လာတော့ဘဲ ငယ်ပေါင်းခင်ပွန်းသည် နောက်သို့ လိုက်သွားရှာလေတော့သည်။

ကိုရင်ဆန်းသည် မိခင်၏ ဝိညာဉ်ကင်းမဲ့သွားသော ရုပ်ကလာပ်ကို ရှိသေစွာ ပိုက်ပွေ့ရင်း နှုတ်ခမ်းကို တင်းတင်းစေ့ကာ အံကြိတ်ထားသည်။ ရင်ထဲမှာ ပြင်းထန်စွာ ခံစားလိုက်ရသော အပူသောကမီးကြောင့် ရှာတ်ရည်

www.burmeseclassic.com

www.burmeseclassic.com



တွေ ခန်းသွားလေသလား မသိ၊ မျက်ရည်တစ်စက်မှ မကျသော်လည်း ကိုရင်ဆန်း စိတ်ထဲ၊ ရင်ထဲမှာ မည်မျှလောက် ပြင်းထန်သော အပူသောကကို ခံစားနေရ ကြောင်း မြင်သူတိုင်းက သိကြသည်။

"ငိုလိုက်ပဲ့ လူလေး၊ ရင်ထဲမှာ ရှင်းသွားအောင် ငိုလိုက်၊ ရင်ထဲက အစိုင်အခဲ ကျေသွားအောင် အော်ငိုလိုက်"

သနားကြင်နာခြင်းဖြင့် သူ့အလုပ်ရှင် အဘိုးကြီးနှင့် အမယ်ကြီးက အားပေးဖြေသိမ့်ကြသည်။ သို့သော် ကိုရင်ဆန်းသည် မျက်ရည်မကျအောင် အံကြိတ်ပြီး တင်းထားသည်။

"ငါ့အသက်အရွယ်၊ ငါ့အင်အားနဲ့ ငါ့မိဘကို ငါအစွမ်းကုန် လုပ် ကျွေးလိုက်ရတယ်။ အစွမ်းကုန် ပြုစုလိုက်ရတယ်။ မိဘကျေးဇူးကို ငါ အထိုက် အလျောက် ဆပ်လိုက်နိုင်တယ်။ ငါ လုပ်ကျွေးပြုစုတာကို ခံယူပြီး ငါ့လက် ထဲမှာ သေဆုံးသွားကြတဲ့ ငါ့အဖေနဲ့ ငါ့အမေကိုယ်စား ငါရထားလိုက်တဲ့ ဆံပင် သွားတွေဟာ အမွန်မြတ်ဆုံး အမွေအနှစ်ပဲ၊ အမေ့ဆံပင်နဲ့ အဖေ့သွားတွေ ငါ့ဆီ မှာ ရှိနေသရွေ့ ငါ့အဖေနဲ့ အမေဟာ ငါနဲ့ မခွဲမခွာ ငါ့အနားမှာ အမြဲရှိနေတယ်လို့ မှတ်ယူပြီး ငါ ကိုးကွယ်ထားမယ်"

ဟူသော ဆုံးဖြတ်ချက်ကို ကိုရင်ဆန်းသည် ခိုင်မာစွာ ချမှတ်လိုက် သည်။

ပျော်ပျော်ပါးပါး ခရီးသွားနေကြသော ကိုရင်ဆန်း၏ အစ်ကိုများနှင့် အစ်မများ ပြန်ရောက်လာကြသောအခါ ခရီးရောက်မဆိုက် မိဘများ သတင်း ကို ကြားကြသည်။ ရင်ဘတ်စည်တီး ပြေးလာကြသည်။ ဖွဲ့ဖွဲ့နွဲ့နွဲ့ ငိုကြသည်။

ထို့နောက် သူတို့ ညှဉ်းဆဲထား၍ ဘာပစ္စည်းမှ မကျန်တော့ကြောင်း ကို သိကြသော်လည်း တောရွာအနေဖြင့် ခမ်းနားသည်ဟု ပြောလောက်သည့် ကျွန်းတိုင်ကြီးတွေ၊ ပျဉ်းကတိုးသားတွေဖြင့် ခိုင်ခံ့ကြီးမားစွာ ဆောက်ထား သော အိမ်ကြီးကို တန်ဖိုးဖြတ်ပြီး အမွေခွဲရန် စီစဉ်ကြသည်။

ကိုရင်ဆန်းသည် သူ့အစ်ကိုတွေ၊ အစ်မတွေကို ကြည့်ရင်း စိတ်ထဲက ရွံလာသည်။ သူတို့အစား စိတ်ထဲမှာ ရှက်မိသည်။ ထို့ကြောင့် အိမ်တန်ဖိုး ဖြတ်ကြရင်း တစ်ယောက်နဲ့ တစ်ယောက် ငြင်းခုံကြ၊ စကားများကြဖြစ်နေ သော အစ်ကိုတွေ၊ အစ်မတွေကို ကိုရင်ဆန်း ပြတ်ပြတ်ပင် ပြောလိုက်သည်။

"အဖေနဲ့ အမေ ချမ်းသာခဲ့တယ်ဆိုတဲ့ စည်းစိမ်ဥစ္စာကို ကျွန်တော့် အနေနဲ့ ကျောင်းစာ ခြောက်တန်းလောက် တတ်တဲ့အထိသာ စံစားလိုက်ရ ပါတယ်။ အရွယ်နဲ့မမျှအောင် ကျွန်တော် တာဝန်ယူ ရှာဖွေလုပ်ကိုင်ကျွေးတာ ကို ချို့ငဲ့ဆင်းရဲခံပြီး၊ စားသောက်ခဲ့ရပြီး အခုတော့ သေကုန်ကြပါပြီ။ မိဘ အမွေအနှစ်ဆိုလို့ ဟောဒီပစ္စည်းနှစ်ခုက လွဲပြီး ဘာမှ ကျွန်တော် မစုံမက်ပါဘူး။ မိဘတွေ ဝတ်ခဲ့တဲ့ အဝတ်တွေကိုလည်း အားလုံး ကျွန်တော် လှူလိုက်ပြီးပါပြီ။ နောက်ဆုံး ကျန်နေသေးတဲ့ ဒီအိမ်ကြီးကို အစ်ကိုတွေ၊ အစ်မတွေပဲ အလု အယက် ဝေစုခွဲယူကြပါတော့၊ ကျွန်တော့်အတွက် ဝေစုကို ထည့်မစဉ်းစားကြ ပါနဲ့၊ ကျွန်တော်ပိုင် အဝတ်အထည်လေးကို ယူပြီး အခုချက်ချင်းပဲ ဆင်းပေး ပါ့မယ်"



အိမ်ကြီးကို ရောင်းလိုက်လျှင် ကိုရင်ဆန်းက ဆင်းပေးပါမည်လား ဟူသော စကားတွေ ထွက်လာသည်ကို စိတ်မကောင်းခြင်း၊ ဝမ်းနည်းခြင်းဖြင့် ကိုရင်ဆန်းက ပြောလိုက်ပြီး သူ့ အမြတ်နိုးဆုံး မိဘအမွေအနှစ် ဖြစ်သော ဆံပင်နှင့် သွားတွေကို ထုပ်ထားသည့် အထုပ်ကို ဘုရားစင်ပေါ်က ယူလိုက်သည်။

အစ်ကို၊ အစ်မများက ကိုရင်ဆန်း ယူလိုက်သော အထုပ်ကို မျက်လုံး မှုံးကြည့်ကြသည်။ သူတို့ မသိလိုက်သည့် အကာတ်အသတ် အကြွင်းအကျန် ရွှေတိုရွှေစလေးတွေ ဖြစ်မည်လားဟူသော အတွေးကိုပင် မတိုင်ပင်ဘဲ ပြိုင်တူ တွေးလိုက်ကြသည်။

"အဲဒါ ဘာလဲ"

"ဘာပစ္စည်းလဲ"

"ရွှေထုပ်လား"

ဟူသော အမေးတွေ ထွက်လာသည်မှ မဟုတ်၊ ကိုရင်ဆန်း၏ မရီး ဖြစ်သူက ခြေမြန်လက်မြန်ဖြင့် ကိုရင်ဆန်း လက်ထဲက အထုပ်ကို ဆွဲယူလိုက် သည်။ ကျန်လူတွေက အလုအယက် ဝိုင်းဆွဲပြီး မျက်နှာစုံညီ ဖြေကြည့်လိုက် ကြသည်။ ကြိုးကြားဖြူနေသော ဆံပင်ခြည် အထွေးကြီးနှင့် မညီမညာ ကျိုးပဲ့ နေသော သွားတွေ ထွက်ပေါ်လာသောအခါ သူတို့တစ်တွေသည် တိုင်ပင်ထား သည့်အလား ပြိုင်တူ လွှတ်ချလိုက်ကြသည်။

ကိုရင်ဆန်းက ဘာမှ မပြောဘဲ ကြမ်းပေါ် ပြန့်ကျဲကျသွားသော ဆံပင်ခြည်တွေနှင့် သွားတွေကို မြတ်နိုးရိုသေစွာ ကောက်ယူပြီး နေရာမှာ ပြန်ထုပ်ကာ သူဝတ်ထားသော အင်္ကျီအိတ်ထဲသို့ သေချာစွာ ထည့်လိုက်သည်။ ကိုရင်ဆန်းက ဘာမှ မပြောသော်လည်း ထိုအရာများသည် မိဘတွေ၏ ဆံပင်

www.burmeseclassic.com

www.burmeseclassic.com



နှင့် သွားတွေဖြစ်မည်ကိုမူ အစ်ကို၊ အစ်မများက တွေးမိကြသည်။ ရွံ့ရှာစက်ဆုပ်သောစိတ်ဖြင့် လွှတ်ချလိုက်ခြင်းကား မဟုတ်ချေ။ ရွှေ၊ ငွေ၊ ရတနာအတွင်းပစ္စည်း ဖြစ်လေမည်လားဟူသော ကြီးမားသည့် မျှော်လင့်ချက်အောဖြင့် လုယက်ယူငင်ပြီး ဖြေလိုက်ရာ မထင်သော ပစ္စည်းတွေကို တွေ့လိုက်ရသောကြောင့် ရုတ်တရက် အံ့အားသင့်ခြင်း၊ ထိတ်လန့်သွားခြင်းတို့ကြောင့်ရောင်တခင် လွှတ်ချလိုက်ကြခြင်း ဖြစ်သည်။

ကိုရင်ဆန်းက မြတ်နိုးစွာ ပြန်ကောက်နေသည်ကို တွေ့သော်လည်း သူတို့သည် စုံမက်ခြင်း မရှိကြသောကြောင့် မေးမြန်းခြင်း၊ ယူငင်ကြည့်ရှုခြင်း မပြုကြတော့ချေ။

ကိုရင်ဆန်း၏ မရီးတစ်ယောက်ကမူ-

"ရွံ့စရာကောင်းလိုက်တာ"

ဟူ၍ပင် တီးတိုးပြောလိုက်ချေသေးသည်။

ကိုရင်ဆန်းသည် မည်သူ့ကိုမျှ မကြည့်တော့ဘဲ သူ့စကားအတိုင်း အိမ်ကြီးပေါ်မှ ဆင်းလာခဲ့သည်။ ကိုရင်ဆန်းအဖို့ နေစရာကား ဘုန်းတော်ကြီးကျောင်းပင် ဖြစ်သည်။ ဘုန်းတော်ကြီးကား ကိုရင်ဆန်း မိဘတွေ ချမ်းသာစဉ်ကပင် ပစ္စည်းလေးပါးဒါယကာ ခံပြီး ကိုးကွယ်လာခဲ့သည်ကြောင့် ဘုန်းတော်ကြီးက ကြင်နာစွာဖြင့် လက်ခံပြီး ဇရပ်တစ်ဆောင်မှာ နေခွင့်ပြုထားသည်။ ကိုရင်ဆန်း ထိုသို့ ဘုန်းတော်ကြီးကျောင်းမှာ ကပ်ရပ်နေထိုင်ရကြောင်းကို သိလိုက်ရသော ကိုရင်ဆန်း၏ အလုပ်ရှင် အဘိုးကြီး၊ အမယ်ကြီး နှစ်ယောက်လုံးက ကိုယ်တိုင်လိုက်လာပြီး ဘုန်းတော်ကြီးထံမှာ ခွင့်တောင်းကာ ကိုရင်ဆန်းကို သူတို့အိမ်သို့ ပြောင်းရွှေ့နေထိုင်ရန် ခေါ်ယူလိုက်သည့်အတွက် ကိုရင်ဆန်းသည် အလုပ်ရှင် အဘိုးကြီး၊ အမယ်ကြီးအိမ်သို့ ရောက်သွားလေသည်။

ဤတွင် ကိုရင်ဆန်းကို ရန်မူမည့်သူ ပေါ်လာလေသည်။

အလုပ်ရှင် အဘိုးကြီး၊ အမယ်ကြီးမှာ ကိုရင်ဆန်းနှင့် ရွယ်တူ သမီးတစ်ယောက် ရှိသည်။ နာမည်က မလှရင်ဟု မှည့်ထားသည်မှာ နာမည်နှင့်လိုက်ဖက်သော မိန်းမပျိုလေး ဖြစ်သည်။ ကိုရင်ဆန်းနှင့် ရေပြာအိုင်လောကဓာတ်ကျောင်းတွင် လေးတန်းအောင်သည်အထိ အတူနေလာခဲ့သော ကျောင်းနေဖက် ငယ်သူငယ်ချင်းများ ဖြစ်သည်။ ဆင်းရဲသောအခါ ရောက်ပြီး သူတို့အိမ်မှာ အလုပ်လာလုပ်နေရသော ကိုရင်ဆန်းကို မလှရင်



အနေတရားမထားဘဲ ငယ်စဉ်ကလိုပင် ခင်ခင်မင်မင် ဆက်ဆံသည်။ သမီးဖြစ်သူက ကိုရင်ဆန်းတို့ ချမ်းသာစဉ်ကလိုပင် ဆက်ဆံနေသည်ကို အဘိုးကြီးနှင့် အမယ်ကြီးက တားဆီးကန့်ကွက်ခြင်း၊ ငြိုငြင်ခြင်း မဖြစ်ကြချေ။

ယခု အသက်နှစ်ဆယ်ကျော် အရွယ် ရောက်လာကြသောအခါ မလှရင်သည် နာမည်ဖြင့်လိုက်အောင် လှပယဉ်ကျေးပြီး ကိုရင်ဆန်းက ယောကျ်ားပီသ ချောမောသောရုပ်ရည်ဖြင့် ပြည့်စုံလာကြသည်။ အမြင်များတော့ အကြင်ကြွားသည်ဟူသော စကားအတိုင်း မလှရင်က ကိုရင်ဆန်းကို ဘဝကြင်ဖော်အဖြစ် စိတ်ထဲက မှန်းမိသည့်နည်းတူ ကိုရင်ဆန်းကလည်း မလှရင်ကို နှလုံးသားထဲက တိတ်တခိုး ချစ်မိသည်။ သို့သော် သူ့အပေါ်မှာ အလုပ်ရှင်နှင့် အလုပ်သမားလို မဆက်ဆံဘဲ ကြင်နာသက်ညှာစွာ ဆက်ဆံကာ သုံးစွဲရန် ငွေကြေးပိုက်ဆံ၊ ဝတ်ဆင်ရန် အထည်မှစပြီး အိပ်ရာနေရာပါ တူသားနှောင်းငယ်လို စေတနာထားသော အဘိုးကြီး၊ အမယ်ကြီး၏ ကျေးဇူးတွေကို အမြဲသတိရနေသောကြောင့် သားရေပေါ်အိပ်၊ သားရေနှားစားသည့် အလုပ်မျိုးကို ကိုရင်ဆန်း မလုပ်လို။

ကိုရင်ဆန်းသည် မလှရင်ကို တတ်နိုင်သမျှ ရှောင်ပြီး တည်ကြည်စွာ ပြောဆိုဆက်ဆံသည်။ ကိုရင်ဆန်း၏ အမူအကျင့်၊ အနေအထိုင်၊ ဆက်ဆံပုံကြောင့်ပင် အဘိုးကြီးနှင့် အမယ်ကြီးက ယုံကြည်စိတ်ချစွာဖြင့် တစ်ခါတစ်ရံ သူတို့နှစ်ယောက်လုံး သွားစရာ ရှိလျှင် သမီးဖြစ်သူကို ကိုရင်ဆန်းနှင့် စိတ်ချယုံကြည်စွာ နှစ်ယောက်တည်း ထားခဲ့တတ်သည်။

မလှရင်ကို တစ်ဖက်သတ် အသည်းစွဲ ချစ်နေသူကား မလှရင်တို့ရွာပိုင် ငွေကြေးချမ်းသာသော ကြေးရတတ်တစ်ဦး၏သား ဖြစ်သည်။ နာမည်က မောင်ဘတိုး ဖြစ်သည်။ ဆိုးသွမ်းပေါ့ရမ်းသူ မဟုတ်သော်လည်း ချမ်းသာသောမိဘ၏ တစ်ဦးတည်းသောသား ဖြစ်သဖြင့် သူလိုချင်သောအရာကို ငွေအားဖြင့် လည်းကောင်း၊ တပည့်တပန်းအားဖြင့် လည်းကောင်း ဖြစ်မြောက်အောင် ကြံဆောင်တတ်သူ ဖြစ်သည်။

ရွာထဲက မိန်းမပျို အတော်များများက မောင်ဘတိုးကို ချိန်ကြသော်လည်း မောင်ဘတိုးကား မလှရင်ကလွဲလျှင် ဖွဲ၊ ဆန်ကွဲ ထင်နေသူ ဖြစ်သည်။ ကြေးရတတ်သားဖြစ်လျက် မြို့ပေါ်မှာ ကျောင်းမနေခဲ့ဘဲ မိဘလောကလုပ်ငန်းကိုပင်းကူသူ ဖြစ်သည်။ မြို့ပေါ်သို့ မကြာခဏ သွားလေ့ရှိသောကြောင့် ထော်လာ

www.burmeseclassic.com

www.burmeseclassic.com



ဆင်ယင်ရာမှာ စတိုင်ကျသည်။ ထို့ကြောင့်ပင် ရွာသူ မိန်းမပျိုလေးတွေက မျက်စိကျကြခြင်း ဖြစ်သည်။

မလှရင်အိမ်ကို ကိုရင်ဆန်း ရောက်သွားသောအခါ မောင်ဘတိုး သည် စားမဖြောင့်၊ စက်မပျော် ဖြစ်လာသည်။ မလှရင်နဲ့ ကိုရင်ဆန်းများ မတော်တဆ ငြိစွန်းသွားလျှင် ဟူသော အတွေးဖြင့် မလှရင်ကို စိတ်မချနိုင် အောင် ဖြစ်လာသည်။ ထို့ကြောင့် မလှရင်ကို သွားရောက်တောင်းရမ်း လက်ထပ်ပေးရန် မိဘများကို ပူဆာလေတော့သည်။ မောင်ဘတိုးမိဘများကလည်း မလှရင်ကို သဘောကျပြီး ဖြစ်သောကြောင့် သားဖြစ်သူစကားကို ကြားလျှင် ကြားချင်း အချိန်မဆိုင်းဘဲ ချက်ချင်းပင် စကားကမ်းလှမ်းကြည့်ကြသည်။

သို့သော် အဘိုးကြီးနှင့် အမယ်ကြီးက -

"သမီး သဘောအတိုင်း လိုက်လျောပါရစေ၊ သမီး ကိုယ်တိုင် နှစ်သက်လက်ထပ်လျှင် ကောင်းပါသည်၊ မိဘတွေအနေဖြင့် အတင်းအကျပ် စီမံလျှင် သမီး စိတ်ဆင်းရဲမည်စိုးသည်"

ဟူသော စကားဖြင့် မလှရင်ကို မေးသောအခါ မလှရင်က အိမ် ထောင်မပြုလိုသေးကြောင်း လိမ္မာစွာ ငြင်းလိုက်သောကြောင့် မောင်ဘတိုး မှာ မျှော်မှန်းချက် မပြည့်စုံဘဲ ဖြစ်သွားသည်။ ကိုရင်ဆန်းနှင့် မလှရင် အနေအထိုင်မှာ သံသယဖြစ်စရာ ဘာမှမတွေ့သော်လည်း ကိုရင်ဆန်းကြောင့် သူလိုလူကို မလှရင်က ငြင်းကြောင်း အတပ်တွေးမိသည်။ ထိုအခါ မောင် ဘတိုးသည် ကိုရင်ဆန်းကို စိတ်ထဲကကျိတ်ပြီး ငြိုးနေလေတော့သည်။ အဘိုး ကြီးနှင့် အမယ်ကြီးသည် ညအိပ်ညနေ မဟုတ်သော်လည်း သွားစရာရှိလျှင် မလှရင်ကို ကိုရင်ဆန်းနှင့် နှစ်ယောက်တည်း ထားခဲ့တတ်ကြောင်းကိုလည်း မောင်ဘတိုးက သိနေသောအခါ ကိုရင်ဆန်းအပေါ်မှာ ပိုပြီး အကျိတ်အခဲ ကြီးလာရသည်။

ကိုရင်ဆန်းကား မောင်ဘတိုးဖြစ်နေပုံကို ဘာမှ မတွေးမိ။ အလုပ် ရှင်က မျက်နှာသာပေးလျက်နှင့် ရွှေရေးပန်းကန်မတက်ဘဲ စေတနာကောင်း ထားကာ သူ့တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်လုပ်ကိုင်နေသောကြောင့် မလှရင်တို့ မိသားစုသုံးယောက်သည် ကိုရင်ဆန်းအပေါ်မှာ ပိုပြီး ခင်မင် ယုံကြည်စိတ်ချနေခဲ့ကြသည်။

ကိုရင်ဆန်းကား မည်မျှပင်ပန်းစေကာမူ၊ မည်မျှပင် မအားမလပ်



ဖြစ်စေကာမူ နံနက် အိပ်ရာထနှင့် ညအိပ်ရာဝင်မှာ ဘုရားရှိခိုးခြင်းကို အပျက် မခံချေ။ ဘုရားရှိခိုးပြီးတိုင်း မိဘနှစ်ပါး၏ ဆံပင်နှင့် သွားကို မြတ်နိုးရိုသေ စွာ ကန်တော့သည်။ အမျှပေးသည်။ ဖခင်၏ သွားတစ်ချောင်းနှင့် မိခင်၏ ဆံပင်အနည်းငယ်ကို သန့်ပြန့်သော အဝတ်တစ်ခုဖြင့် သေချာစွာ ထုပ်ပြီး မထွက်ကျအောင်၊ မပြေအောင် အပ်ချည်ဖြင့် အသေပိတ်ချုပ်ထားသည်။ ထို အထုပ်လေးကို သွားလေရာမှာ အင်္ကျီအိတ်ကပ်ထဲမှာ အမြဲပါအောင် မမေ့ မလျော့ ယူဆောင်သည်။ ကျန်ဆံပင်နှင့် သွားတွေကိုမူ သူအိပ်သော အခန်း လေးထဲမှ ခေါင်းအုံးထဲမှာ ထည့်သွင်းချုပ်ထားသည်။

ကိုရင်ဆန်း၏စိတ်ထဲမှာ မိဘဆံပင်နှင့်အတူ သွားအထုပ်ကလေး သူ့အိတ်ထဲမှာ ရှိနေလျှင် သူ့စိတ်ထဲမှာ သူ့အဖေနှင့်အမေသည် သူ့နားမှာ အမြဲရှိပြီး စောင့်ရှောက်နေသလို စိတ်ထဲမှာ ထင်ပြီး ရဲရဲဝံ့ဝံ့ဖြင့် အားသစ် လောင်းသလို ထင်နေသည်။

■

လယ်တောက ပြန်လာခဲ့ပြီး မောမောဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်သွား သော ကိုရင်ဆန်းသည် ထူးထူးခြားခြား မက်သော အိပ်မက်ကြောင့် ဖျတ်ခနဲ နိုးလာသည်။

သူ တာဝန်ယူ ထွန်ယက်ရသော လယ်၏ ကန်သင်းရိုးနားတွင် ညောင်ပင် ကြီး တစ်ပင် ရှိသည်။ ထိုညောင်ပင်ကြီးကား မြေကြီးနှင့် ကပ်နေသော အောက်ခြေမှာ အခေါင်းဖြစ်နေသည်။ သစ်ခေါင်းက သိပ်မကျယ်ချေ။ ထမင်း ထုပ်၊ ရေဘူး ထည့်လောက်သည့် အကျယ်အဝန်းသာ ရှိသည်။ သစ်ခေါင်းက သန့်သန့်ရှင်းရှင်း ဖြစ်သောကြောင့် ကိုရင်ဆန်းက ထိုသစ်ခေါင်းထဲမှာ ထမင်း ထုပ်နှင့် ရေဘူးကို ထည့်ထားခြင်းဖြင့် ကျီးတိုးခြင်း၊ ခွေးဆွဲခြင်းရန်မှ စိတ်ချ ရသည်ကြောင့် ကိုရင်ဆန်းက သူ့ရိက္ခာကို ထိုသစ်ခေါင်းထဲမှာ သိမ်းသည်။ သစ်ခေါင်းအဝကို အံကိုက် သစ်တုံးတိုတစ်ခုဖြင့် ပိတ်ထားလိုက်ခြင်းအားဖြင့် သစ်ခေါင်းထဲကို ဘာကောင်မှ မဝင်နိုင်ချေ။ ညနေ လယ်တောက ပြန်လျှင် ကိုရင်ဆန်းက ရေဘူးကို နှိုက်ယူလိုက်ပြီး သစ်ခေါင်းကို သေချာစွာ ပိတ် ထားခဲ့မြဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု သူမက်သော အိပ်မက်ထဲမှာ သူ့မိခင်သည် ထိုသစ်ခေါင်းကို လက်ညှိုးထိုးပြနေသည်။ ကိုရင်ဆန်းက ကြည့်လိုက်သောအခါ သစ်ခေါင်းထဲတွင် တော်တော်ကြီးသော မြွေပွေးတစ်ကောင် ခွေနေသည်ကို မြင်ရသည်။

အိပ်ရာကနိုးလာသော ကိုရင်ဆန်းသည် ပြန်အိပ်၍ မရတော့ချေ။ လင်းကြက်တွေပင် တွန်နေပြီဖြစ်သောကြောင့် ကိုရင်ဆန်းက အိပ်ရာကထပြီး မီးဖိုချောင် ဝင်လာခဲ့သည်။ မျက်နှာသစ်၊ ဘုရားရှိခိုး၊ မိဘကို ရည်စူးကန်တော့ပြီးသောအခါ ရေနွေးအိုးတည်လိုက်သည်။ အိပ်မက်ထဲမှာ မြင်ခဲ့ရသော မိခင်၏သဏ္ဌာန်နှင့် မြွေပွေးကြီးကို မျက်စိထဲက မထွက်ချေ။ ထိုအခိုက် မလှရင်က မီးဖိုထဲဝင်လာသည်။

"ကိုရင်ဆန်း ဖယ်၊ လယ်တောအတွက် ထမင်းဟင်း လုပ်ရဦးမှာဆိုတော့ မီးဖိုချောင်ကိစ္စကို ကျွန်မပဲ ဆက်လုပ်လိုက်မယ်"

မလှရင်က ပြောသောကြောင့် ကိုရင်ဆန်းက မီးဖိုထဲက ထွက်လာခဲ့သည်။ မီးဖိုထဲက မထွက်မီ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အမှတ်တမဲ့ ခိုးကြည့်လိုက်သောအခါ နှစ်ယောက်လုံး ပြိုင်တူဖြစ်သောကြောင့် မျက်လုံးချင်း ဆုံမိလိုက်ကြသည့်အခါ ပြုံးတော့မှာလိုလို၊ ရယ်တော့မှာလိုလို တစ်ယောက် အတွင်းစိတ်ကို တစ်ယောက် ထုတ်ဖော်သည့် မျက်လုံးများဖြင့် ခေတ္တမျှ စိုက်ကြည့်လိုက်ကြပြီးနောက် နှစ်ယောက်လုံး ပြိုင်တူ မျက်နှာလွှဲလိုက်ကြသည်။ ကိုရင်ဆန်းက မီးဖိုဆောင်မှ ထွက်သွားသည်။ မလှရင်က ထမင်းချက်ရန် ပြင်လိုက်သည်။

ထမင်းထုပ်နှင့် ရေဘူးကို ယူပြီး လယ်တောသို့ ထွက်လာသော ကိုရင်ဆန်းသည် ညောင်ပင်ကြီးအနား ရောက်သောအခါ သူ့အိပ်မက်ကို ဖျတ်ခနဲ သတိရလိုက်သောကြောင့် သစ်ခေါင်းကို ကြည့်လိုက်၏။ သစ်ခေါင်းကား မနေ့ညနေက သူပြန်ခါနီး ပိတ်ထားခဲ့သည့်အတိုင်း ခြေရာလက်ရာ မပျက်တွေ့နေရသောအခါ -

"ပိတ်ထားတာ နေရာမပျက်ပါဘူး၊ ဒါပေမဲ့ ငါ့အိပ်မက်က ထင်ရှားလွန်းပါတယ်"

ကိုရင်ဆန်းက တစ်ယောက်တည်း တီးတိုးပြောပြီး သစ်ခေါင်းကို မဖွင့်သေးဘဲ အလင်းရောင် ကောင်းစွာ လာသည့်တိုင်အောင် မထိုင်ဘဲ မတ်တတ်ရပ်လျက် စောင့်နေလိုက်သည်။ နေရောင် ပေါ်လာသောအခါ နေဘက်ကိုလှည့်နေသော သစ်ခေါင်းအဝကို ပိတ်ထားသည့် သစ်တုံးတိုလေးကို လက်ဖြင့်မယ်ဘဲ နွားမောင်းသည့် ကြိမ်လုံးဖြင့် ထိုးကော်ထုတ်လိုက်သည်။ သစ်တုံးတိုလေး နေရာရွေ့သွားပြီး သစ်ခေါင်းထဲကို ကောင်းစွာ မြင်နိုင်သောအခါ ကိုရင်ဆန်းက ဂရုစိုက်ပြီး ကြည့်လိုက်၏။ အိပ်မက်ထဲမှာ တွေ့ရသည့် အတိုင်း တော်တော်ကြီးသော မြွေပွေးကြီးတစ်ကောင်က သစ်ခေါင်းဝဘက်ကို ဦးခေါင်းလှည့်ကာ ခွေနေသည်ကို ကြက်သီးထဖွယ် တွေ့ရသည်။



ကိုရင်ဆန်းသည် တော်တော်ပင် အံ့သြမိသည်။ ဤမြွေ ရောက်နေသည်မှာ သူ့အလိုအလျောက် မဟုတ်နိုင်ကြောင်းကိုမူ တွေးမိသည်။ မည်သူ့ကိုမှ မုန်းတီးနာကြည်းအောင် သူ မလုပ်ခဲ့ဖူးကြောင်းကို ပြန်စဉ်းစားရင်း မြွေကိုလည်း ဘာမှ မလုပ်၊ ထမင်းထုပ်နှင့် ရေဘူးကိုလည်း ထိုနေရာမှာ မထားတော့ဘဲ သူ့ဦးခေါင်းမှာ ပတ်လာသော ပုဆိုးဟောင်းဖြင့် သစ်ကိုင်းမှာ ချည်ဆွဲထားပြီး သူ့လုပ်စရာ ရှိသည်များကိုသာ လုပ်နေလိုက်သည်။

မြွေပွေး ဆိုသည်မှာ သူ့ကို မထိမခိုက်လျှင် မည်သူ့ကိုမျှ ရန်ပြုသော သတ္တဝါ မဟုတ်သောကြောင့် ကိုရင်ဆန်းက ကြောက်ရွံ့ခြင်း မဖြစ်ဘဲ ညောင်ပင်ခေါင်းနားကို မသွားဘဲ နေလိုက်ခြင်းဖြင့် ဘေးကင်းရန်ကင်း ဖြစ်သွားသည်။

အလုပ်သိမ်းပြီး အိမ်ပြန်ရောက်သောအခါ ထိုအကြောင်းကို အဘိုးကြီးနှင့် အမယ်ကြီးကို ပြောပြသည်။ အဘိုးကြီးနှင့် အမယ်ကြီးကလည်း မြွေမွေး ရောက်လာပုံမှာ သွေးရိုးသားရိုး မဟုတ်ကြောင်း စဉ်းစားမိကြသည်။ မလှရင်ကမူ မျက်လုံးဝိုင်းလေးဖြင့် စိုးရိမ်စွာ နားထောင်နေရင်း သူ့မျက်လုံးထဲမှာ မောင်ဘတိုး၏ ရုပ်ပုံ ပေါ်လာသည်။

ကိုရင်ဆန်းကား ဘယ်သူ့ကိုမှ သံသယ မဖြစ်ချေ။ မိဘဂုဏ်ကျေးဇူးကိုသာ ဆတက်ထမ်းပိုး တိုးပြီး ယုံကြည်စွာ ရှိခိုးကန်တော့မိတော့သည်။

မလှရင် မျက်လုံးထဲမှာ မြင်သည့်အတိုင်းပင် မောင်ဘတိုး၏ လက်ချက်ဖြစ်သည်။ မောင်ဘတိုးသည် သစ်ခေါင်းထဲက မြွေလည်း နေရာမပျက်၊ ကိုရင်ဆန်းလည်း မသေမပျောက် ဖြစ်နေသောအခါ သူ့စိတ်ထဲမှာ ကိုရင်ဆန်းသည် စောင့်ရှောက်သူ ရှိနေသလား၊ သူ့အကြံအစည်ကို ပြောစားသူရှိနေလို့ ကြိုတင်သိနေသလားဟု တွေးကာ ကိုရင်ဆန်းကို အကဲခတ်သည်။ ကိုရင်ဆန်းကား မောင်ဘတိုးအပေါ်မှာ လုံးဝ သံသယ ကင်းရှင်းသည်ကြောင့် အခေါ် မပျက် အပြော

www.burmeseclassic.com

www.burmeseclassic.com



မပျက်ပင် ဖြစ်နေသည်ကို တွေ့ရသောအခါ မောင်ဘတိုးသည် တစ်မျိုး ကြံပြန်သည်။

ငွေကြေးတတ်နိုင်သူ ဖြစ်သဖြင့် ကျေနပ်အောင် ပေးထား၍ သူ့ခိုင်းသမျှကို လက်မနှေး ဆောင်ရွက်ပေးသည့် တပည့်ကျော်သည် မြွေပွေးဖြင့် နေရာမကျသောအခါ မနက်စောစော ကိုရင်ဆန်း လယ်တော ဆင်းတတ်သည်ကို သိပြီး ဖြစ်သောကြောင့် လူသူ အဆက်ပြတ်သည့်နေရာက စောင့်ပြီး လုပ်ကြံရန် စီစဉ်ပြန်သည်။ ကိုရင်ဆန်း လာတတ်သည့် အချိန်ကိုလည်း သိပြီး ဖြစ်သောကြောင့် သေချာပေါက် စောင့်နေသည်။ မောင်ဘတိုးကလည်း ဤတစ်ကြိမ်မှာမူ ကျိန်းသေမလွဲ ကိုရင်ဆန်းတစ်ယောက် လူ့လောကကြီးက ပျောက်ပေတော့မည်ဟု စိတ်ချထားသည်။ သို့သော် ကိုရင်ဆန်းတစ်ယောက် လယ်တောကို ဆင်းလာခြင်း မရှိ။ စုံစမ်းလိုက်သောအခါ အဘိုးကြီးနှင့် အဘွားကြီးက ကိုရင်ဆန်းကို ပင်ပန်းလွန်းသောကြောင့် လယ်တောမသွားစေဘဲ နားနိုင်းထားခြင်း ဖြစ်ကြောင်း သိလိုက်ရသည်။

ကြံလေသမျှ လွဲချော်လေ မောင်ဘတိုး အကျိတ်အခဲကြီးလေ ဖြစ်နေသည်။ အကျိတ်အခဲကြီးမည် ဆိုကလည်း ကြီးစရာပင်။ သူ့အပေါ် သံသယဖြစ်နေသော မလှရင်က လမ်းမှာ တွေ့ကြုံသည့်အခါမှာပင် ခါတိုင်းလို နှုတ်သွက်သွက် မရှိတော့သောကြောင့် ကိုရင်ဆန်းကို ပိုပြီး မဲနေတော့သည်။

မောင်ဘတိုး တစ်မျိုး ကြံပြန်သည်။ ကိုရင်ဆန်းကို လူချင်းပူးမိ ခင်မိအောင် အယုံသွင်းပြီး ပေါင်းမည်။ သူ့ကို ယုံကြည်လာသော ကိုရင်ဆန်းက သူ အလည်အပတ်ခေါ်ရာကို လိုက်လာပေလိမ့်မည်။ ထိုအခါ အယုံသွင်းပြီး ကောင်းကောင်းမွန်မွန် ကျွေးမွေးမည်။ တစ်ကြိမ်၊ နှစ်ကြိမ် စားမိ၍ ယုံကြည်လာသောအခါမှာ ကိုရင်ဆန်းကို ကျွေးသည့် အစာထဲမှာ ခူမွေးတွေ ကြိတ်ထည့်ပြီး ကျွေးမည်။ ခူမွေးကို ကြိတ်ပြီး အစာထဲမှာ ထည့်ကျွေးလျှင် စားမိသူသည် ချက်ချင်း ဝေဒနာ မခံစားရသေးဘဲ အူထဲမှာ စူးမိသော ခူမွေးတွေက နှစ်ရက်လောက်ကြာမှ အပြင်းအထန် အစွမ်းပြလာကာ ပြင်းထန်စွာ နာခြင်း ယားခြင်းများကို ခံစားရပြီး မည်သည့်ဆေးနှင့်မှ မပျောက်ဘဲ အသက် ဆုံးရှုံးတတ်သည်။ ထိုနည်းကို မောင်ဘတိုးက ကြံသည်။ တပည့် လူယုံတော်က ခူမွေးတွေကို အားပါးတရ ကြိတ်ထားပြီး အဆင်သင့် ဖြစ်သည်။

မောင်ဘတိုးက ခင်မင်စွာ ပေါင်းသင်းဆက်ဆံသည်ကို ကိုရင်ဆန်းက သံသယမရှိ လက်ခံပြီး အလိုက်အထိုက် ပြန်လည်လိုက်လျောသည်။



ပထမတစ်ကြိမ် မောင်ဘတိုး ထမင်းဖိတ်ကျွေးသည်ကို ကိုရင်ဆန်းက သံသယကင်း၍ လိုက်သွားပြီး စားသည်။ မလှရင်က မိဘများအလစ်မှာ သတိပေးစကား ပြောသည်။ သို့သော် ကိုရင်ဆန်းက မောင်ဘတိုးအပေါ်မှာ အထွေအထူး ထင်ချေ။

နှစ်ကြိမ်မျှ မောင်ဘတိုးက ခေါ်ကျွေးသည်ကို ယုံကြည်စွာ စားသောက်ပြီးသောအခါ နောက်ဆုံးအကြိမ်မှာ မောင်ဘတိုးတို့ ဆရာတပည့်က သူတို့အကြံကို အကောင်အထည် ဖော်တော့မည် ဖြစ်၍ အထူးတလည် စားကောင်းသောက်ဖွယ်တွေကို စီမံထားပြီး ကိုရင်ဆန်းကို မောင်ဘတိုးကိုယ်တိုင် လေးလေးစားစား လာခေါ်သည်။

ထိုအချိန်မှာ ကိုရင်ဆန်း မလိုက်ဖြစ်တော့ချေ။ ထိုနေ့သည် ဖခင်သေဆုံးပြီး ရက်လည်သောနေ့၊ မိခင်ကြီး သေဆုံးသောနေ့။ ထိုနေ့မှာ ကိုရင်ဆန်းသည် အထူးတလည် တတ်စွမ်းသမျှ ကုသိုလ်ကောင်းမှုလေးပြုပြီး ကိုးပါးသီလ စောင့်ထိန်းကာ မိဘများကို ရည်စူးအမျှဝေသည့် အလုပ်ကို မိဘတွေကွယ်လွန်ပြီးမှ တစ်နှစ်မပျက် လုပ်လာခဲ့သည် ဖြစ်သောကြောင့် မောင်ဘတိုး လာခေါ်သောအခါ သီလဖျက်ပြီး လိုက်ရမည်ကို မလိုလားသောကြောင့် ငြင်းဆယ်လိုက်သည်။

မောင်ဘတိုးသည် ကြံလေသမျှ သုံးကြိမ်တိတိ လွဲချော်ခဲ့သောအခါ -

"ဒါလောက်တောင် ဖြစ်လှတာ ဒီအကောင်ကို မသတ်ရသမျှ ငါနေဘူး"

ဟူသော ခံပြင်းလှသည့် ဆုံးဖြတ်ချက်ကို ချလိုက်သည်။

မောင်ဘတိုး၏ ဆုံးဖြတ်ချက် ပိုပြီး ခိုင်မာစေသော အကြောင်းကလည်း ပေါ်လာသည်။

အသက်အရွယ် ထောက်လာပြီဖြစ်သော အဘိုးကြီးနှင့် အဘွားကြီးတို့သည် သမီးဖြစ်သူကို ယုံကြည်စိတ်ချရသူနှင့် နေရာချပေးခဲ့ချင်သည်။ သမီးကို အကဲခတ်လိုက်သောအခါ ကိုရင်ဆန်းအပေါ်မှာ တော်တော် သံယောဇဉ်ကြီးနေကြောင်းကို အကဲခတ်မိလာကြသည်။ ကိုရင်ဆန်းအနေဖြင့် ဆင်းရဲချို့ငဲ့သည်ကလွဲပြီး ဆိုစရာ အပြစ် ဘာမှ မရှိသောကြောင့် အကြောင်းသိ အထွင်းသိ၊ သမီး အန္တအတာခံမည့် ယောက်ျားကောင်းတစ်ယောက် ဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်းရေးရာနှင့် စီးပွားရေးမှာလည်း မျက်နှာလွှဲရပြီ ဖြစ်နေသော ကိုရင်ဆ နှင့်ပင် ရပ်သိရွာသိ တင့်တင့်တယ်တယ် လက်ထပ်ပေးစားလိုက်ကြသ မောင်ဘတိုးအကြောင်း သိသူအချို့က ကျန်ရစ်မင်းသားဟု မထိတထိ ကြသည်တွင် မောင်ဘတိုးသည် ကိုရင်ဆန်းကို မုန်းနေရာမှ ရှက်ခြင်း ထပ်ဆင့်လိုက်သဖြင့် ရန်ငြိုး ကြီးသည်ထက် ကြီးလာသည်။ ထိုအခြေအ မှာ မောင်ဘတိုး စိတ်ထဲတွင် မလှရင်ကို ရအောင် ယူမည်ဟူသော စိတ် မရှိတော့ဘဲ ကိုရင်ဆန်းကို သတ်ချင်သောစိတ်နှင့် လင်သေပြီးမှ မလှ ပူဆွေးနေပုံကို ဝမ်းသာအားရ ကြည့်ချင်သောစိတ်သာ ရှိနေသည်။

သေချာပေါက်ဖြစ်အောင် ဘယ်လိုကြံရမည်ကို မောင်ဘတိုးတစ်ယော စဉ်းစား အကြံယူနေသည်ကို မသိရှာသော ကိုရင်ဆန်းကား သူ လူပျိုဘဝ အလုပ်လုပ်၍ ရထားသောငွေဖြင့် ဖခင်သွားကို လက်ခပေးပြီး မြို့ပေါ ကျောက်သွေးသမားတစ်ဦးဆီမှာ အပ်သည်။ ပန်းထိမ်မှာ ရွှေကြုတ်လေးတစ် လုပ်သည်။ ကျောက်သွေးသမားက ကောင်းမွန်စွာ သွေးပေးသဖြင့် သွား အတွင်းသား အထပ်လေးသည် ပုလဲလုံးလေးလို လှပစွာ ဖြစ်နေသည်။ ထိုသွား အနှစ်လုံးလေးကို ရွှေလက်စွပ်ကွင်းပြီး ဝတ်သည်။ မိခင်ဆံပင် အနည်းငယ် ကို ရွှေကြုတ်လေးထဲမှာ ထည့်ပြီး ခိုင်ခံ့စွာ ကျစ်ထားသော ပိုးကြိုးလေးဖြင့် ချည်ကာ လည်ပင်းမှာ ဆွဲထားသည်။

ကိုရင်ဆန်း၏ စေတနာ အကျိုးပေးသည်ဟုပင် ပြောရပေမည်။ အဘိုးကြီး နှင့် အဘွားကြီးသည် ချမ်းသာသမျှသော ပစ္စည်းတွေနှင့် တစ်ဦးတည်းသော သမီးချောကို ကိုရင်ဆန်း လက်ထဲသို့ ကြည်ဖြူစွာ အပ်နှင်းပြီး မကြာမီမှာပင် ရှေ့ဆင့်၊ နောက်ဆင့် ကွယ်လွန်ကုန်ကြသည်။

အဘိုးကြီးနှင့် အဘွားကြီး ကွယ်လွန်သောအခါ မလှရင်မှာ လွမ်း မပြေနိုင် ဖြစ်နေရှာသည်။ ရွာထဲက လူအချို့က ရန်ကုန်သို့ ဘုရားဖူးသွား ရန်၊ လည်ပတ်ရန် ခရီးထွက်ကြသောအခါ မလှရင်ကို စိတ်ပြေလက်ပျောက် ဖြစ်အောင် ကိုရင်ဆန်းက လိုက်သွားခိုင်းသည့်အတွက် မိဘတွေကို လွမ်း ဆွတ်ပူဆွေးနေသော မလှရင်ကလည်း အပူသောက သက်သာအောင် လိုက် သွားသည်။ ကိုရင်ဆန်းတစ်ယောက်သာ အိမ်စောင့်ကျန်နေရစ်သည်။

နယုန်လဆန်းပြီ ဖြစ်၍ မိုးသံ လေသံတွေ ကြားနေရလေပြီ။ တစ်နေ့ လုံး အုံ့မှိုင်းနေသော မိုးကောင်းကင်သည် ညနေစောင်းအချိန် ရောက်သော



ခါ မိုးသားတွေ ပိုမိုထူထပ်ပြီး ကောင်းကင်တစ်ခုလုံး မည်းနေသည်။ မိုး လေကလည်း တိုက်ခတ်လာသည်။ ညဦးပိုင်းလောက်က စပြီး လေရော မိုးရော သဲသဲမဲမဲ ရွာသွန်း တိုက်ခတ်လာပြီဖြစ်သောကြောင့် တစ်ရွာလုံးသည် အိမ်ပြင်ထွက်ခြင်း မရှိကြတော့ဘဲ ကိုယ့်အိမ်ထဲမှာ တံခါးပိတ်ပြီး ငြိမ်နေကြ တော့သည်။ တဝေါဝေါ ရွာသွန်းတိုက်ခတ်နေသော မိုးသံလေသံများကြောင့် ကြောင်းကိစ္စရှိ၍မှ အော်ဟစ်ခေါ်၍ မကြားနိုင်အောင် ဖြစ်နေသော ဤ ချိန်အခါသည် မောင်ဘတိုးအဖို့ ချက်ကောင်းကြီး ဖြစ်နေလေသည်။

အိမ်မှာ ကိုရင်ဆန်း တစ်ယောက်တည်း ရှိနေကြောင်းကို သိပြီးဖြစ် သောကြောင့် လူယုံတပည့်ကျော်ကို ခေါ်ကာ ကိုရင်ဆန်းအိမ်သို့ လာခဲ့သည်။ ဆရာတပည့်နှစ်ယောက် ဓားကိုယ်စီ ကိုင်လာခဲ့ကြသည်။ တံခါးကို ကန့်လန့် ပြီးဖွင့်ရန် သံတူးရွင်းတစ်ချောင်း ယူလာခဲ့ကြသည်။ တပည့်ကျော်ကား အစ အဆည်းက ဆိုးနိုးတိုက်ခိုက်စားလာသူ ဖြစ်သောကြောင့် အိမ်ကို ဖောက်ထွင်း ရာမှာ ကျွမ်းကျင်ပြီးသား ဖြစ်သည်။ နောက်ဖေး မီးဖိုတံခါးကို ဆရာတပည့် နှစ်ယောက် အခက်အခဲမရှိ ဖွင့်နိုင်ခဲ့ကြသည်။ မောင်ဘတိုးသည် သူ့ကိုယ် သူ ရုပ်ဖျက်လာခြင်း မပြုချေ။ ဤတစ်ကြိမ် သေချာပေါက် ဖြစ်သောကြောင့် အပြီးအပိုင် ပါးစပ်ပိတ်ခြင်းကို ခံရတော့မည့် ကိုရင်ဆန်းက ဘယ်သူဘယ်ဝါ ဟု ပြောနိုင်စွမ်း မရှိတော့သည့်အတွက် ရုပ်ဖျက်လာရန် မလိုဟု ယူဆခဲ့ခြင်း ဖြစ်သည်။

ကိုရင်ဆန်း အိမ်ထဲမှာကား မီးရောင် ရှိနေသည်။ အိမ်ပေါ်ထပ်သို့ တက်သည့် လှေကားကို မြင်နိုင်ရန် လှေကားထိပ်မှာ လသာမှန်အိမ်ကို မီးထွန်း ပြီး ချိတ်ဆွဲထားသည်။ ဘုရားဆောင်မှ မီးရောင်ကား ကြီးမားသော ဝါဆို ဖယောင်းတိုင်ကြီး တစ်တိုင်ကို ထွန်းညှိပြီး ဘုရားမီး ပူဇော်ထားခြင်း ဖြစ်သည်။

အိပ်ခန်းရှိရာ အပေါ်ထပ်ကို မောင်ဘတိုးတို့ ဆရာတပည့်နှစ်ယောက် က တန်းတန်းမတ်မတ် တက်လာကြသည်။ မှန်အိမ် မီးရောင်ကြောင့် အရာ ဝတ္ထုအားလုံးကို သဲသဲကွဲကွဲ မြင်နေရသည်။ ဘုရားဆောင်မှာ ထွန်းထားသော ဝါဆိုဖယောင်းတိုင်ကြီး မီးရောင်ကလည်း တော်တော်ပင် လင်းနေသည် ဖြစ်ရာ မောင်ဘတိုးတို့ ဆရာတပည့်နှစ်ယောက်သည် အိမ်ပေါ်ထပ် အခန်း နှစ်ခုလုံးထဲကို ဝင်ကြည့်ကြသည်။ တစ်ခန်းကား ကိုရင်ဆန်းတို့ အိပ်ခန်း ဖြစ်သော်လည်း ကိုရင်ဆန်းကို မတွေ့ရချေ။ တစ်ခန်းကား ပစ္စည်းတွေ ထည့် ထားသော အခန်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခွေးမသား၊ ဘယ်နေရာ ပုန်းနေတယ် မသိဘူး၊ တွေ့အောင် ရှာ စမ်းကွာ"

မောင်ဘတိုးက အကျိတ်အခဲ ကြီးလှစွာ ပြောပြီး ဆရာ တပည့် နှစ်ယောက်သည် ရှာရင်း ဖွေရင်း ဝါဆိုဖယောင်းတိုင်မီး ထိန်လင်းနေသော ဘုရားဆောင်ကို ရောက်လာကြသည်။

"ဟော ..."

"ဟင် ..."

ဆရာတပည့်နှစ်ယောက် ထိတ်လန့်အံ့ဩစွာ သံပြိုင်ပြောပြီး တုံ့ခနဲ ရပ်လိုက်ကြသည်။ ထို့နောက် နှစ်ယောက်လုံးသည် တိုင်ပင်ထားသည့်အလား နောက်ကြောင်းပြန်လှည့်ကာ အိမ်ပေါ်မှ လေ၏ လျှင်မြန်ခြင်းနှင့်အတူ ဆင်း ပြေးကြလေတော့သည်။

မကြာမီ မောင်ဘတိုးတစ်ယောက် အပြင်းဖျားနေကြောင်းကို ရွာသူ ရွာသားတွေက သိကြသည်။ ပိုက်ဆံရှိသား ဖြစ်သောကြောင့် ဈေးဆိုင်တန်း မှာ ကားကြုံဖြင့် မြို့တက်ပြီး ဆရာဝန်ပင့်ခေါ် ကုသည်။ သို့သော် ဆရာဝန် လက်လွှတ်သွားလေသည်။ မောင်ဘတိုး ဖြစ်သော ရောဂါသည် အဆုတ်ကို ပြင်းထန်စွာ အအေးမိလိုက်သောရောဂါ ဖြစ်သည်။ ရောဂါဖြစ်စက သာမန် ရိုးရိုးဖျား ထင်ပြီး ခပ်ပေါ့ပေါ့ကုနေရာမှ မသက်သာသောကြောင့် မြို့ဆရာဝန် ကို ပင့်သောအခါမှ ရောဂါက လွန်နေပြီဖြစ်ကြောင်းကို သိလိုက်ကြရသည်။

သူ့ကိုယ်သူ မနေရတော့ဟု သိလာသောအခါ မောင်ဘတိုးသည် ကိုရင်ဆန်းကို ခေါ်ပေးပါဟု တောင်းပန်သည့်အတွက် မိဘများက ကိုရင်ဆန်း ကို လာခေါ်ကြသည်။ ကိုရင်ဆန်းသည် မောင်ဘတိုး ဖျားနေကြောင်းကို ကြားသော်လည်း ဤမျှလောက် ဖြစ်လိမ့်မည်ဟု မထင်ခဲ့ချေ။ နောက်တစ်ချက် ကလည်း အိမ်မှာ လူမရှိသောကြောင့် မအားနိုင်အောင် ဖြစ်နေရ၍ လူမမာမေး မရောက်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ ယခု မောင်ဘတိုး အခြေအနေမှာ မျှော်လင့်စရာ မရှိကြောင်း၊ သူ့ကို တမ်းတကြောင်း သိရသောအခါ ကြီးစွာသော ကြင်နာ ခြင်းဖြင့် ကပျာကသီ ထလိုက်လာသည်။

မောင်ဘတိုးသည် သူ့အနား ရောက်လာပြီး ထိုင်လိုက်သော ကိုရင်ဆန်း ကို မျက်ရည်ရစ်ဝိုင်းသော မျက်လုံးဖြင့် ကြည့်ပြီး သူ့လက်ကို မနိုင့်တနိုင် အားယူကမ်းလှမ်းသောအခါ ကိုရင်ဆန်းက မောင်ဘတိုးလက်ကို ကြင်နာစွာ ဆုပ်ကိုင်ပြီး မေးသည်။



"နေသာရဲ့လား ကိုဘတိုး"

သက်တူရွယ်တူ ဖြစ်သော်လည်း ကိုရင်ဆန်း ဆင်းရဲစဉ်အခါက ကျောင်းနေဖက် ငယ်သူငယ်ချင်း ဖြစ်သည့်အလျောက် ခေါ်နေကျအတိုင်း 'ဘတိုး သူငယ်ချင်း' ဟု ခေါ်ခဲ့သည်ကို 'အခြေအနေကို သိပါကွ ငဆန်းရ' ဟု မောင်ဘတိုးက ရင့်ရင့်သီးသီး ဟန့်တားခဲ့ဖူးသောကြောင့် စိတ်ကောင်းရှိသော ကိုရင်ဆန်းက ကိုဘတိုးဟု ပြောင်းလဲသုံးနှုန်းခဲ့သည်။

"ဟိုတုန်းက ခေါ်သလိုပဲ ဘတိုးလို့ ခေါ်ပါ သူငယ်ချင်း၊ အို- ဘတိုး လို့တောင် မခေါ်ထိုက်တော့ပါဘူးလေ၊ မင်းအနေနဲ့ ငါ့ကို သူယုတ်မာလို့တောင် ခေါ်ထိုက်နေပါပြီ"

မောင်ဘတိုးက ပြောရင်း မျက်ရည်တွေ ကျလာသည်။ ချစ်လှစွာ သော သားအဖြစ်ကို နားမလည်နိုင်သော မောင်ဘတိုး မိဘများက-

"ဘာဖြစ်ကြတာလဲ ကိုရင်ဆန်း"

ဟု မေးသည်ကို သူကိုယ်တိုင်ကပင် ဘာမှန်း မသိသောကြောင့် ကိုရင်ဆန်းက ခေါင်းသာ ခါပြလိုက်ရသည်။

မောင်ဘတိုးက သူ့မိဘတွေနှင့် ကိုရင်ဆန်းကို ကြည့်ပြီး-

"ကျုပ်တော့အနေနဲ့ သေရတော့မယ် ဆိုတာကို သိပါပြီ။ ဒါကြောင့် ကိုရင်ဆန်းကို မကောင်းကြံခဲ့တာတွေ ဖွင့်ပြောတောင်းပန်ချင်လို့ ခေါ်နိုင်း ရတာပါ"

ဟု အစချီပြီး မလှရင်အတွက် ကိုရင်ဆန်းကို ငြိုးပြီး မြွေပွေးဖြင့် လုပ်ကြံခဲ့ပုံ၊ လယ်တောသို့ အလာလမ်းက စောင့်ပြီး လုပ်ကြံရန် ကြိုးစားခဲ့ပုံ၊ အစာထဲမှာ အဆိပ်ခတ် သတ်ရန် ကြံခဲ့ပုံတွေကို စုံအောင် ပြောပြသောအခါ မောင်ဘတိုးမိဘတွေမှာ သားဖြစ်သူ၏ မိုက်တွင်းနက်ပုံကို မကောင်းမှန်း သိကြလျက် သေရအံ့ဆဲဆဲ ဖြစ်နေသော သားကို အပြစ်တင်စကား မပြောရက် ကြတော့ချေ။ ကိုရင်ဆန်းကို အားနာခြင်းဖြင့်သာ သည်းခံရန် တောင်းပန် နေကြသည်။

ကိုရင်ဆန်းကား မောင်ဘတိုး ပြောသည်များကို တစ်လုံးမကျန် ကြားသိရသော်လည်း မောင်ဘတိုးကို စိတ်ဆိုးရန် စိတ်ဝင် မစားဘဲ ကြောက်မက်ဖွယ်ကောင်းသော လုပ်ကြံသတ်ဖြတ်မှုကြီးမှ သူလွတ်မြောက် လာခဲ့ရသည်မှာ မိခင်၊ ဖခင်ကို ရှိသေလုပ်ကျွေး ပြုစုခဲ့သည့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်းနှင့် မိခင်ကို အိပ်မက် မက်ခဲ့သည့် အကြောင်းတွေကို ပြန်တွေး မိကာ မိဘဂုဏ်ကျေးဇူးကို လှိုက်လှဲစွာ ကြည်ညိုခြင်းဖြင့် အနားကလူတွေ ကိုပင် သတိမပြုမိဘဲ မိဘကို ရည်စူးပြီး လက်အုပ်ချီလိုက်မိသည်။

မောင်ဘတိုးက ဆက်ပြော၏။

"ငါမဖျားခင် မိုးတွေ သိပ်ပြီး သည်းထန်တဲ့ညကို မင်း အမှတ်ရ သေးလား"

"ရပါတယ်၊ မိုးတွေ၊ လေတွေ အားကြီးလွန်းလို့ ငါ အိပ်မရတာနဲ့ ဘုရားဆောင်ထဲမှာ ဝါဆိုဖယောင်းတိုင်ကြီး ထွန်းညှိပူဇော်ပြီး ပုတီးထိုင်စိပ် နေခဲ့သေးတာပဲ"

"ဪ- ဘုရားဆောင်ထဲမှာ အဲဒီအချိန်က မင်း ရှိနေလား"

"အေးလေ၊ ငါ ပုတီးစိပ်နေပါတယ်ဆို"

မောင်ဘတိုးသည် ကိုရင်ဆန်းကို စူးစူးစိုက်စိုက် ကြည့်ပြီး-

"ငါ မြင်ခဲ့တာ မင်း မဟုတ်ဘူးကွ"

ဟု ပြောသောကြောင့် ကိုရင်ဆန်းက နားမလည်သလို ပြန်ကြည့် ပြီး-

"အဲဒီအချိန်က မင်း ရောက်လာလို့လား"

ဟု ပြန်မေးရင်း သူ့အိမ် မီးဖိုဆောင်တံခါး ပတ္တာပျက်ပြီး ပွင့်နေ သည်ကို နံနက်လင်းမှ သိရသည်ကို လျှင်မြန်စွာ ပြန်သတိရလိုက်သည်။

"ရောက်ခဲ့တယ် သူငယ်ချင်း၊ မင်းကို သတ်ဖို့ လာတာပဲ၊ မိုးတွေ လေတွေနဲ့ အော်ဟစ်လို့ ဘယ်သူမှ မကြားနိုင်ဘူးလို့ သေချာပေါက်တွက်ပြီး နောက်ဖေး မီးဖိုဆောင်တံခါးကို ဖျက်ဝင်လာခဲ့တယ်။ မင်းကို လိုက်ရှာတော့ တစ်အိမ်လုံးသာ နှံ့ရော ဘယ်မှာမှ မတွေ့ဘူး၊ ဒါနဲ့ မီးရောင်လင်းနေတဲ့ ဘုရားဆောင်မှာ မင်း ရှိမလားလို့ တွေးပြီး လာခဲ့တယ်။ ဘုရားဆောင်ရောက် တော့ မင်းကိုတော့ မမြင်ဘူး၊ ငါ မြင်ခဲ့ရတာကတော့..."

မောင်ဘတိုးသည် ပြောရင်း မျက်စိကို မှိတ်လိုက်၏။ သူမြင်ခဲ့ရပုံ ကို ပြန်လည် ထင်မြင်နေဟန် တူသည်။

"ဘာမြင်ခဲ့သလဲ သူငယ်ချင်း"

ကိုရင်ဆန်းက မောင်ဘတိုးလက်ကို ညင်သာစွာ ဆုပ်ကိုင်ပြီး မေး သောအခါ မောင်ဘတိုးက တုန်ယင်သောအသံဖြင့် ပြောလိုက်သည်။



"မင်းအဖေ၊ အမေကို မသေခင်က ငါ ကောင်းကောင်းမြင်ဖူးပြီး မှတ်မိလိုက်တယ်၊ မင်းအဖေ၊ အမေလိုလို ရုပ်ရည်မျိုး အဘိုးကြီးနဲ့ အဘွားကြီး ပုံသဏ္ဍာန်လိုလို ဘုရားဆောင်အဝမှာ ရပ်ပြီး ငါတို့ကို စူးစူးစိုက်စိုက် ကြည့်နေ သလို တွေ့ရတယ်၊ ကြည့်ရင်းပဲ ပျောက်သွားသလို ထင်လိုက်ရတယ်။ မင်းကို တော့ လုံးလုံး မတွေ့ဘူး၊ ဒါကြောင့် ငါလည်း ကြောက်အားကြီးပြီး မိုးရေ တွေထဲ ပြန်ပြေးထွက်လာခဲ့တယ်။ အသွားတုန်းက ဝတ်သွားတဲ့ မိုးကာအင်္ကျီ ဘယ်မှာ ကျနေခဲ့မှန်းတောင် မသိတော့ဘူး။ အဲဒီမှာ တစ်ကိုယ်လုံး မိုးတွေစို၊ အအေးမိပြီး အိမ်ပြန်ရောက်တဲ့ညက စပြီး ဖျားလိုက်တာ၊ အခုတော့ မင်းကို သေစေလိုတဲ့ ငါ့စေတနာက ငါ့ကို ပြန်အကျိုးပေးလို့ ငါသေရတော့မှာပါ သူငယ်ချင်း၊ ခွင့်လွှတ်ပါ သူငယ်ချင်း"

မောင်ဘတိုးက ပြောပြီး သူ ပြောစရာစကား ကုန်သွားဟန်တူသည်၊ မျက်စိမှိတ်ပြီး ငြိမ်နေသည်။ မည်သူ့ကိုမျှ စကားမပြောတော့ချေ။ ကိုရင်ဆန်း သည် တောင်းပန်နေသော မောင်ဘတိုး မိဘတွေကို အားနာလာသောကြောင့် ကြာကြာမနေဘဲ နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။

နောက်တစ်နေ့မှာပင် မောင်ဘတိုးတစ်ယောက် သေဆုံးသွားရှာလေ တော့သည်။

"မောင်ဘတိုး ဆိုတဲ့လူ တွေ့ခဲ့တဲ့ အဘိုးကြီး၊ အမယ်ကြီးသဏ္ဍာန် တွေက ဘယ်လိုလဲ ဘွားဘွား၊ တစ္ဆေခြောက်တယ် ဆိုတာမျိုးလား"

စိတ်ဝင်စားစွာ နားထောင်နေသော မခင်ရွှေက မေးသောအခါ အဘွားကြီးက ဦးခေါင်းခါပြီး ရှင်းပြလိုက်သည်။

"ဥပမာတစ်ခု အဘွားပြောပြမယ် ဆရာမလေး၊ မြတ်စွာဘုရား ဂုဏ်ကျေးဇူးကို ယုံကြည်စွာနဲ့ ကျန်ရစ်တဲ့ ဓာတ်တော်၊ မွေတော်ကို ရှိသေ မြတ်နိုး ကိုးကွယ်ပူဇော်နေသူအဖို့ မြတ်စွာဘုရားသဏ္ဍာန်တော်ကို အာရုံမှာ ထင်မြင်လာတယ်ဆိုတာ ယုံလား"

"ယုံပါတယ် ဘွားဘွား"

"အဲဒါမျိုးကို တစ္ဆေခြောက်တယ်လို့ ဆိုမလား"

"အို- ဘယ်ဆိုနိုင်မှာလဲ ဘွားဘွားရယ်၊ မြတ်စွာဘုရား [illegible] တော်ကို ရှိသေမြတ်နိုး ကိုးကွယ်လို့ သမာဓိတည်ပြီး အာရုံမှာ [illegible]

www.burmeseclassic.com



"အေး၊ မြတ်စွာဘုရားကို အဲဒီလို ဆည်းကပ်သူအဖို့ ဘေးရန် အန္တရာယ်က ကင်းစင်အောင် မြတ်စွာဘုရား ဂုဏ်ကျေးဇူးတော်က စောင့်ရှောက် တယ်ဆိုတာကိုကော ယုံလား ဆရာမလေး"

"အကြွင်းမဲ့ ယုံပါတယ် ဘွားဘွား"

"အဲဒီအတိုင်းပေါ့၊ ကိုရင်ဆန်းအနေနဲ့ မိဘကျေးဇူးကို သိတဲ့ သူတော်ကောင်းတစ်ယောက် ဖြစ်တယ်၊ မိဘကိုယ်စား ဆံပင်နဲ့ သွားကို ကိုယ်နဲ့ မကွဲမကွာ ဆောင်ပြီး ကိုးကွယ်ထားသူဖြစ်တယ်၊ ဒါကြောင့် သူတော်ကောင်း ကို နတ်ကောင်းမတယ် ဆိုသလို သတ်ဖြတ်ဖို့လာတဲ့ ရန်သူက ကိုရင်ဆန်းကို မမြင်မတွေ့အောင် မိဘဂုဏ်ကျေးဇူးက ကာကွယ်လိုက်တာကို မောင်ဘတိုး က စိတ်ယုတ်မာရှိသူ ဆိုတော့ သူ့စိတ်ထဲက တစ္ဆေခြောက်သလို ထင်ပြီး ဆင်းပြေသွားရတာကွဲ့"

မခင်ရွှေသည် ဘာမှ ပြန်မမေးဘဲ ကိုရင်ဆန်းဆိုသူ၏ မိဘအပေါ် တာဝန်ကျေပုံကို တွေးကာ အားကျမိသော်လည်း သူ့အနေဖြင့် မိဘနှစ်ပါးကို မှတ်မိရုံလောက်သာ ဖြစ်ခဲ့သည်ကို ပြန်တွေးရင်း-

'ငါ့အဖေနဲ့ အမေကို ကိုရင်ဆန်း ဆိုသူ လုပ်ကျွေးသလို ကျွေးလိုက် ချင်ပါဘိတော့တယ်၊ ငါ့အဖို့ မိဘကိုလည်း မကျွေးလိုက်ရ၊ မိဘနဲ့ပတ်သက် တဲ့ အမွေအနှစ်လည်း ဘာမှ မကျန်ရစ်၊ မိဘအဖြစ်နဲ့ ကိုးကွယ်စရာ အထိမ်း အမှတ်ဆိုလို့လည်း ဘာမှ မရလိုက်ဘူး။ မိဘ ဆိုတာ မသေခင်မှာ ပြုစုလုပ် ကျွေးဖို့ ကောင်းတာ၊ မသေခင်မှာ တာဝန်မဲ့ပစ်ထားပြီး သေမှ ရင်ဘတ်စည်တီး ငိုတဲ့ အလုပ်မျိုးဟာ အလကားအလုပ်ပဲ။ သေပြီးတဲ့နောက်မှ ကျွေးချင်လှ ချေရဲ့လို့ သေလုအောင် ငိုနေလည်း မိဘက လာမစားနိုင်တော့ဘူး။ ကိုရင်ဆန်း ဘဝ အရတော်လိုက်တာနော်၊ ဒီလို မိဘကျေးဇူးသိလို့လည်း ဘေးမသီ ရန်မခ ရန်သူက လုပ်ကြံသမျှ မအောင်မြင်ဘဲ ဖြစ်နေတာပေါ့။ ကိုရင်ဆန်းလို မိဘ ဂုဏ်ကျေးဇူးကို လူတိုင်း သိနိုင်ကြပါစေ'

ဟု စိတ်ထဲက လှိုက်လှိုက်လှဲလှဲ ဆုတောင်းနေစဉ်မှာ-

"တို့ ရေပြာအိုင်ရွာကတော့ မှတ်လောက်သားလောက် အဖြစ်သနစ် ကတော့ တကယ်စုံပါတယ် ဆရာမလေးရေ၊ ဝဋ်လည်တယ် ဆိုတာကော ဆရာမလေး ယုံလား"

ဟု အဘွားကြီးက မေးသောအခါ မခင်ရွှေက-



"ယုံတာပေါ့ ဘွားဘွားရယ်၊ ဘယ်သူ ဘယ်လိုဖြစ်ပြီး ဝဋ်လည် တာလဲ၊ ပြောပြပါ ဘွားဘွား"

ဟု ပွဲတောင်းလိုက်သောအခါ အဘွားကြီးက-

"ဒီနေ့ အညောင်းဖြေလိုက်ဦးမယ် ဆရာမလေးရဲ့၊ နက်ဖြန်ခါကျ တော့ အဘွား ပြောပြမယ်"

ဟု ကတိပေးလိုက်သောကြောင့် မခင်ရွှေက-

"ဟုတ်ကဲ့ ဘွားဘွား"

ဟု ရိုသေစွာ ပြန်ပြောပြီး ယနေ့ သိမှတ်ရသော အကြောင်းကို မှတ်တမ်းရေးရန် စာရွက်နှင့် ဖောင်တိန်ကို ပြင်လိုက်သည်။

■

www.burmeseclassic.com

www.burmeseclassic.com

## ရေပြာအိုင်မှ ဝင့်လည်သူ

ဝင့်လည်တတ်သည် ဆိုသည်ကို ယုံကြည်ကြောင်း မခင်ရွှေက ပြောသောအခါ အဘွားကြီးသည် မနေ့က ပြောပြမည်ဟု ကတိရှိထားသည့်အတိုင်း မခင်ရွှေ ထောင်းပေးသော ကွမ်းကို တမြုံ့မြုံ့ ဝါးရင်း ပြောပြနေသည်ကို မခင်ရွှေကလည်း စိတ်ဝင်စားစွာ နားထောင်ရင်း သူရေးမှတ်လျှင် မည်ကဲ့သို့ စတင် ရေးသားရမည်ကို စိတ်ထဲက စီစဉ်နေလိုက်သည်။

■

ဤရေပြာအိုင်ရွာမှာ နေထိုင်ကြသူတွေသည် ဘိုးစဉ်ဘောင်ဆက်မှ စတင်ပြီး ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူတွေချည်းသာ ဖြစ်ကြပါလျက် တစ်ယောက်သောသူကား ပဲကောင်းတွေထဲမှာ စုန်းပြူးပါသလို ရေပြာအိုင်ရွာတွင် စုန်းပြူးပြီး ထူးထူးခြားခြား ထွန်းနေသည်။ သူကား အသက်အစိတ်မျှသာ ရှိသေးသော မောင်လူခင် ဖြစ်သည်။

ထိုစဉ်အချိန်က မောင်လူခင်၏ မိဘတွေသည် ဆင်းတောင့်ဆင်းရဲထဲက မဟုတ်ဘဲ စားနိုင်၊ သောက်နိုင် ကြွေးကင်း၊ မြီကင်း အခြေအနေမှာ ရှိကြသည်။ ထို့ကြောင့် မောင်လူခင်ကို လယ်ထဲမဆင်းစေဘဲ ရေပြာအိုင်ရွာ



ကို နယ်လှည့်ဆင်းလာတတ်သော ဘုရားထူးခံ မြို့အုပ်မင်းလို မင်းစိုးရာဇာအဖြစ် မြင်ချင်ကြသည်။ ကိုရင်ဆန်းနှင့်အတူ ရွာလောကဓာတ်ကျောင်းမှ လေးတန်းအောင်သောအခါ မြို့ကျောင်းသို့ ပို့ပြီး ပညာဆက်သင်စေသည်။ မိဘတွေအခြေအနေကြောင့် ကိုရင်ဆန်းက ကျောင်းမနေနိုင်တော့ဘဲ ကျောင်းထွက်လာခဲ့သော်လည်း မောင်လူခင်ကား မြို့ကျောင်းမှာပင် ကျန်ခဲ့သည်။

သို့သော် မောင်လူခင်ကား ပညာကို ကြိုးစားသင်ကြားနေခဲ့သည် မဟုတ်ဘဲ မိဘတွေက ငွေကြေးမချို့ငဲ့အောင် ထောက်ပံ့နိုင်သည်ကို အခွင့်ကောင်းယူပြီး စာကို ဂရုမစိုက်ဘဲ ကျောင်းဆွေးဆွေး၊ လူဆွေးဆွေး နေသူဖြစ်သည်။ အသက် ၂၀ ထဲ ဝင်လာသည့်တိုင်အောင် ကျောင်းစာကို ခုနစ်တန်းပင် မအောင်သေး။ သို့သော် ချစ်သူရည်းစားကား ရှိနေပြီ ဖြစ်သည်။ မောင်လူခင်၏ ချစ်သူကား မြို့သူလေး မခင်ညွှန့်ဆိုသူ ဖြစ်သည်။

မခင်ညွှန့်သည် မောင်လူခင် စာသင်နေသော ကျောင်းနှင့် မျက်နှာချင်းဆိုင်အိမ်မှာ နေထိုင်သော မိန်းမပျိုလေး ဖြစ်သည်။ မိဘမရှိဘဲ အစ်ကို၊ ယောက်မကို အားကိုးပြီး နေထိုင်ရသည် ဖြစ်သောကြောင့် သူနှင့်ရွယ်တူတွေ ကျောင်းနေကြသော်လည်း မခင်ညွှန့်ကား ကျောင်းမနေနိုင်ရှာချေ။ အစ်ကိုနှင့် ယောက်မ ကြည်သာလေအောင် အိမ်အလုပ်ကို မနားတမ်း လုပ်နေရသူလေး ဖြစ်သည်။

စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ နေရသောအခါ မခင်ညွှန့်သည် လွတ်မြောက်ရာလမ်းစကို ရှာချင်လာသည်။ ထိုအခါ ချောမောလှပသော မခင်ညွှန့်၏ရုပ်ရည်ကို မျက်စိကျနေသော မောင်လူခင်က ချစ်စကားဆိုလာသည်။ အစ်ကိုနှင့် ယောက်မ၏ စက်ကွင်းက လွတ်ချင်နေသော မခင်ညွှန့်ကလည်း မောင်လူခင့်မေတ္တာကို လက်ခံလိုက်သည်။

ထို့ကြောင့် ကျောင်းစာ ခုနစ်တန်းကို တဖုန်းဖုန်း ကျနေသော မောင်လူခင်တစ်ယောက် ကျောင်းပိတ်၍ ရွာသို့ ပြန်လာသောအခါ ဝညာစရုံသော်လည်း ကြင်ရာစုံလာသည်။

ဖြူဝင်းသော အသား၊ သိမ်မွေ့သော ဟန်မူရာ၊ ချောမောလှပသော ရုပ်ရည်ဖြင့် ချစ်စရာကောင်းသော မြို့သူလေး မခင်ညွှန့်ကို မောင်လူခင်မိဘနှင့် ညီအစ်ကိုမောင်နှမများက ကိုယ်ချင်းစာစိတ်ဖြင့် ကြင်ကြင်နာနာ ဆက်ဆံကြပါသည်။ မခင်ညွှန့်အနေဖြင့် သူ့ဘဝသည် မောင်လူခင်

www.burmeseclassic.com



အားကိုးရာဖြစ်ကြောင်း စဉ်းစားမိသည့်အလျောက် မယားဝတ္တရား ကျေပွန်စွာ ပြုစုလုပ်ကိုင်ပေးသည်။ ယောက္ခမများနှင့် ယောက်မများ၊ ခဲအိုများကိုလည်း ချစ်ခင်နှစ်သက်အောင် ပြုမူနေထိုင်သောကြောင့် အားလုံးကပင် မခင်ညွန့်ကို ချစ်ခင် ကြင်နာကြသည်။

အိမ်ထောင်ကျပြီ ဖြစ်သော မောင်လူခင်ကို မိဘများက ကျောင်းဆက်မထားတော့ဘဲ လယ်လုပ်ငန်းမှာ ဝင်လုပ်ခိုင်းသည်။ ကောင်းကောင်းဝတ်၊ ကောင်းကောင်းစား၊ ကြော့ကြော့လေးနေလာခဲ့သော မောင်လူခင်သည် လယ်ယာအလုပ်ကို မျက်စိက မြင်သော်လည်း ကိုယ်တိုင် ဝင်လုပ်ရန် စိတ်ကူးထဲမှာပင် မထည့်ခဲ့သောကြောင့် ပင်ပန်းသည်၊ ခက်ခဲသည်၊ နေပူမိုးရွာ မရှောင် လုပ်ရသည်ကို နက်နက်နဲနဲ မစဉ်းစားခဲ့ချေ။ ယခု ကိုယ်တိုင် ဝင်လုပ်ရန် မိဘများက ခိုင်းသောကြောင့် မလွှဲသာ၍ ဝင်လုပ်သောအခါ လုံးဝ မလုပ်နိုင်၊ မလုပ်တတ်ချေ။ သူ့ကို ခိုင်းရပါမည်လားဟု မိဘတွေကို စိတ်ဆိုးသည်။ သုန်မှုန်စူဆောင့်သည်။ ထိုအခါ -

"မင်း ဒီလို အပင်ပန်းမခံချင်ရင် ဘာကြောင့် စာကို မကြိုးစားဘဲ မိန်းမယူလာခဲ့လဲ၊ သားနဲ့ မယားနဲ့ ဖြစ်လာရင် သားစား၊ မယားစာ လုပ်ကိုင်ရှာဖွေရမှာပေါ့။ ဘယ်သူက မင်းကို ထမင်းပွဲရှေ့ရောက် တစ်သက်လုံး ကျွေးထားနိုင်မှာလဲ"

ဟု မိဘတွေက မြည်တွန်ကြသည်။ လယ်အလုပ်ကို တတ်အောင် သင်ရမည်၊ လုပ်ရမည်ဟု အတင်းအကျပ် သင်ကြား၊ ခိုင်းစေကြသောအခါ မောင်လူခင်သည် ကြွက်မနိုင်တော့ ကျီကို မီးရှို့သည်ဟူသော စကားအတိုင်း သူ့ဘက်က လမ်းလွှဲ၍ မိဘတွေကို မလွန်ဆန်ဝံ့သောအခါ မယားဖြစ်သူ မခင်ညွန့်ကို မဲလေတော့သည်။

"နင့်ကို ယူခဲ့မိလို့ ငါ ဒီလို အလုပ်ကြမ်းတွေကို ပင်ပင်ပန်းပန်း လုပ်နေရတာ" ဟူ၍ လည်းကောင်း...

"ငါ လူပျိုဘဝနဲ့သာ နေရင် သုံးချင်တိုင်း သုံး၊ စားချင်တိုင်း စား ဘာမှ မလုပ်ဘဲ ဘယ်သူကမှ မဆူပူဘူး၊ နင့်ကို ယူခဲ့မိလို့ ဒီလိုဖြစ်ရတာ" ဟူ၍ လည်းကောင်း...

"နင် ဘာအသုံးကျတဲ့ မြို့သူလဲ၊ ဘာမှ အကူအညီ မရဘူး၊ ငါတို့ ရွာသူသာ ဆိုရင် ဒီလိုအလုပ်မျိုးကို ငါကိုယ်တိုင် ဝင်လုပ်စရာ မလိုဘူး၊ ငါ



ဘယ်လောက် သက်သာလိုက်မလဲ၊ အခုတော့ လယ်ထဲမှာ ငါက တပင်တပန်း လုပ်ရတယ်၊ နင်ကတော့ အိမ်ထဲမှာ စည်းစိမ်ရှိရှိနဲ့ ထိုင်နေတယ်" ဟူ၍ လည်းကောင်း မခင်ညွန့်ကို အချိန်ရှိသရွေ့ ရန်လုပ်ပြောဆိုနေသည်။

မခင်ညွန့်ခမျာ မောင်လူခင် ပြောသလို အိမ်ထဲမှာ စည်းစိမ်ရှိရှိဖြင့် ထိုင်မနေရရှာပါ။ လယ်ထဲ မဆင်းရသော်လည်း ချက်ပြုတ်၊ ဖွပ်လျှော်၊ တစ်အိမ်သားလုံးကို ထမင်းပွဲရှေ့ရောက် ကျွေး၊ လယ်ထဲကို ထမင်းလိုက်ပို့၊ အိမ်သန့်ရှင်းခြင်းဖြင့် မအားနိုင်အောင် လုပ်နေရသည်။ ဤအထဲက အချိန်ရလျှင် ရသလို ပြေးပြီး ရေခပ်လိုက်ရသေးသည်။ နွားတင်းကုပ်ကို သန့်ရှင်းရသေးသည်။

မခင်ညွန့်ဘက်က တာဝန်ကျေသည်ကို မောင်လူခင် မိဘတွေက သိကြသောကြောင့် ချွေးမလေးကို ကြင်နာစိတ်ဖြင့် မောင်လူခင် အလုပ်ကြိုးစားအောင် ဖိခိုင်းနေကြခြင်း ဖြစ်သည်။ သို့သော် မောင်လူခင် မိဘတွေ၏ စေတနာသည် မောင်လူခင်အဖို့ ဝေဒနာလို ဖြစ်နေသည်။

စိတ်မချမ်းမသာဖြင့် လယ်ထဲ ဆင်းလာခဲ့သော မောင်လူခင်သည် သူတို့ရွာသူ ကောက်စိုက်သမလေး မအေးမေနှင့် အတူးရင်းနှီးသွားသည်။ အေးမေက မွေးကတည်းက လယ်ထဲဆင်းလာခဲ့သူ ဖြစ်သောကြောင့် လယ်အလုပ်ကို အရည်ကျိုသောက်ထားသူ ဖြစ်သည်။ မောင်လူခင်ကို လယ်ထဲမှာ အများကြီး အကူအညီပေးနေသည်။ ထို့ကြောင့် မောင်လူခင်ကလည်း သူ သက်သာအောင် ကူညီလုပ်ကိုင်ပေးနေသော မအေးမေကို အထူးစိတ်ဝင်စားလာသည်။ မအေးမေနှင့်အတူ လယ်ထဲမှာ နေရသည့်အချိန်တွေမှာ ပျော်ရွှင်စိတ် ပေါ်လာသည်။

"ကိုကြီးလူခင် ကန်သင်းပေါ်မှာ ထိုင်နားနေစမ်းပါ၊ ကိုကြီး အခု လုပ်ရမယ့် အလုပ်လောက်ကို အေးမေတို့က အသာလေး လုပ်နိုင်တယ်"

ဟူသော စကားကို ပြောပြောဆိုဆိုဖြင့် မောင်လူခင်ကို ပိုင်စိုးပိုင်နင်း လက်ဆွဲခေါ်ကာ ကန်သင်းရိုးပေါ်မှာ အထိုင်ခိုင်းခြင်း...

"အမယ်... ကိုကြီးလူခင် တော်တော်မောနေပြီပဲ၊ အေးမေ သုတ်လိုက်တာ ကိုကြီးလူခင်၊ မှန်း ချွေးတွေကို အေးမေ သုတ်ပေးစမ်းမယ်"

ဟု ပြောကာ သူ့ဦးခေါင်းမှာ ပတ်ထားသော တဘက်ဖြင့် မောင်လူခင်ကို ရဲရဲကိုင်တွယ်ကာ ချွေးသုတ်ပေးခြင်း...

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးလှခင်အတွက်လေ … ဒီနေ့ အေးမေ စားစရာလုပ်လာတယ်၊ ရော့… အမောပြေ စားလိုက်ပါဦး"

ဟု ပြောကာ ခွံ့ပေးတော့မည်ဟန်မျိုးဖြင့် ယုယုယယ ကျွေးမွေးခြင်းတို့ကို မောင်လှခင် များစွာ သာယာနေသည်။ မအေးမေကား မောင်လှခင်တို့ လယ်မှာ ကောက်စိုက်ငှားထားသော လုံမပျို ဖြစ်ပြီး ရုပ်ရည်မှာ မခင်ညွန့်လို မဟုတ်၊ အသားညိုသည်၊ ဖွံ့ထွားသော ကိုယ်လုံးကိုယ်ထည်ဖြင့် ဇလကောင်းသည်။ မျက်နှာက ကြည့်ပျော်ရှုပျော်မျှသာ ဖြစ်သည်။ လယ်အလုပ်ကို သွက်လက် ဖျတ်လတ်စွာ လုပ်ကိုင်နေပုံက အားမာန်ပါလှသည်။ မခင်ညွန့်က နှုတ်နည်း၊ စကားနည်း အေးအေးနေတတ်သော်လည်း မအေးမေက မောင်လှခင်ကို မပျင်းရိရအောင် တီတီတာတာ ပြောဆိုတတ်သည်။

ထို့ကြောင့် နေ့စဉ် လယ်ထဲမှာ တွေ့ဆုံနေရသော မအေးမေကို မောင်လှခင်က စွဲလမ်းစိတ် ပေါ်လာသည်ကြောင့် ယခင်က လယ်ထဲ ဆင်းရမည်ကို သေမင်းပြည် သွားရတော့မည်လောက် တွန့်ဆုတ်နေခဲ့သော မောင်လှခင် တစ်ယောက် ယခုအချိန်မှာ လယ်ထဲကို မသွားဘဲ မနေနိုင်အောင် ဖြစ်နေသည်။

မအေးမေကား မောင်လှခင် မိန်းမ မရမီကပင် စိတ်ထဲက တိတ်တဆိတ် ကျိတ်ပြီး ရည်မှန်းနေခဲ့ဖူးသည်။ အခြေအနေချင်းက ကွာခြားရာမှာ နီးစပ်ရန်ကလည်း မဖြစ်နိုင်သောကြောင့် ဟန်မပျက် နေထိုင်လာခဲ့သည်။ ယခု မောင်လှခင် မိန်းမ ရလာသောကြောင့် လယ်ထဲကို မဆင်းလျှင် မဖြစ်သော အကြောင်းက ပေါ်လာသောအခါ ငုပ်လျှိုးနေခဲ့သော မအေးမေ၏ ရည်မှန်းချက်ကြီးက မျှော်လင့်ချက်ရောင်ခြည် သန်းလာပြန်သည်။ မျှော်လင့်ချက်ရောင်ခြည် လင်းသည်ထက် လင်းလာအောင် မောင်လှခင် အခြေအနေက လည်း ဖန်တီးလာသည်။

ထိုအခါ ပါးနပ်သော မအေးမေက မောင်လှခင်ကို ချော့မြှူကျွေးသွင်းလိုက်သောအခါ စိတ်ဓာတ် ပျော့ညံ့သော မောင်လှခင်တစ်ယောက် မအေးမေ ထောင်သော ညွှတ်ကွင်းထဲကို တည့်တည့်ဝင်မိလျက်သား ဖြစ်သွားတော့သည်။

သူတို့နှစ်ယောက် လယ်ထဲမှာ ကြည်နူးနေကြသည်ကို လုပ်ဖော်ကိုင်ဖက်တွေက သိကြသည်။ သို့သော် အမုန်းမခံရဲကြ၊ မပြောရဲကြ၊ ထမင်းပြန်ယူသည့် လူငှား အဆင်မပြေသည့်အခါ မခင်ညွန့်သည် လယ်ထဲကို ထမင်းလိုက်ပို့သည်။ ထိုအခါ လယ်ကန်သင်းရိုးပေါ်တွင် ကြည်နူးနေကြသော



မအေးမေနှင့် မောင်လှခင်တို့ကို မျက်လုံးဖြင့် တပ်အပ် မြင်သည်။ သို့သော် မောင်လှခင်က ဦးအောင် အော်ငေါက်မာန်မဲလိုက်သည်။ အပြစ်ရှာပြီး ဆူပူဆဲဆိုလိုက်သည်။

မခင်ညွန့် ဘာမှ မပြောရဲတော့။ ထမင်းတောင်း ချပေးထားခဲ့ပြီး ပြန်လာခဲ့ရသည်။ တစ်လမ်းလုံး ကျလာသည့် မျက်ရည်တွေကား လယ်ကွယ်ထဲမှာရှိနေသည့် မိုးရေတွေထက်ပင် များပေလိမ့်မည်။

အစပထမသော် မောင်လှခင် မိဘတွေက သားကို ဆုံးမစကား ပြောကြားပါသေးသည်။ သို့သော် တောသဘာဝ တောသူတောင်သားတို့ နှစ်သက်သော အရည်အချင်းက မအေးမေမှာ အပြည့်အဝ ရှိနေသည်။ လယ်ယာလုပ်ငန်းခွင်မှာ လုံးဝ သုံးမရသော မောင်လှခင်ကို လယ်ယာလုပ်ငန်းခွင်မှာ အစအဆုံး မျက်နှာလွှဲရသော မအေးမေလို မိန်းမမျိုး လက်ထဲထားမှ သဘာဝကျမည်ကို တွေးမိလာကြသည်။ မခင်ညွန့် ဆိုသူ မြို့သူလေးကား ရုပ်ရည် ချောမောသည်ကလွဲပြီး လယ်ယာထဲမှာ သုံးမရ၊ မခင်ညွန့် လုပ်နိုင်သော အဝတ်မီးပူထိုးခြင်း၊ အိုးခွက်ပန်းကန် ပြောင်စင်သန့်ရှင်းအောင် ဆေးကြောခြင်း၊ ကြမ်းပြင်ကို ပြောင်အောင် တိုက်ချွတ်ခြင်း၊ ဟင်းအမျိုးစုံ ချက်တတ်ခြင်း၊ ပျော့ပျောင်းသိမ်မွေ့ ယဉ်ကျေးခြင်းတို့ကား တောသူတောင်သားတွေအဖို့ အရေးတကြီး လိုသော အရည်အချင်းမျိုး မဟုတ်။

ထို့ကြောင့် မောင်လှခင် မိဘတွေသည် သူတို့ နှစ်သက်သော အရည်အချင်း ပြည့်ဝသူ မအေးမေနှင့် သားဖြစ်သူ သစ္စာနှံနေကြသည်ကို ဘာမှ မပြောကြတော့ချေ။ ထိုအကြောင်းနှင့် ပတ်သက်ပြီး တိုင်ကြားလိုသော လေသံမျိုး မခင်ညွန့်နှုတ်မှ ထွက်လာလျှင်-

"ညည်းလင်ကို စိတ်မချရင် လယ်အလုပ်ကို အေးမေလို လုပ်စမ်း၊ ညည်းသာ လယ်အလုပ်ကို အေးမေလို မျက်နှာလွှဲထားရရင် ညည်းလင်နားကို အေးမေသာ မဟုတ်ဘူး၊ ဘယ်ကောင်မ ကပ်ရဲမှာလဲ"

ဟူသော စကားမျိုးဖြင့် ပိတ်ပစ်တတ်သောအခါ မခင်ညွန့်သည် ပြော၍ အကြောင်းမထူးတော့ကြောင်းကို ကောင်းကောင်းကြီး သိလိုက်လေပြီ။

ထိုအချိန်မှာ မခင်ညွန့်တွင် ကိုယ်ဝန်က တော်တော်ဝင် [illegible] နေသော ပြီ။ မွေးဖွားရန် နီးကပ်နေပြီဖြစ်သော ကိုယ်ဝန်ကြောင့် အိမ်[illegible]

www.burmeseclassic.com



ကလို စေ့စေ့အောင် မလုပ်နိုင်ရှာတော့ချေ။ မွေးဖွားရန်အတွက်ကို ဘာမှ ကြည့်ရှု စီမံပေးခြင်း မရှိသည့်အပြင် ငြိုငြင်သော လေသံတွေပင် ထွက်နေကြသည်။ လင့်တစ်မျက်နှာ တစ်ရွာ ထင်ပြီး အားကိုးတကြီးဖြင့် မောင်လူခင်ကို မီးဖွား ရေးကိစ္စ တိုင်ပင်သောအခါ–

“ရှုပ်လိုက်တာကွာ၊ လယ်ထဲမှာလည်း ဘာမှ သုံးမရ၊ အိမ်အလုပ် လည်း ဘာမှ မလုပ်နိုင်၊ မင်းဟာ အပိုသတ္တဝါသက်သက်ပဲ ခင်ညွန့်ရဲ့”

ဟု မောင်လူခင်က ရင့်ရင့်သီးသီး ပြန်ပြောသည်။

ဟိုစဉ်ကမူ ယခုလို ခင်ညွန့်ဟု မခေါ် ညွန့်ဟု ယုယုယယ ခေါ်ခဲ့ သည်ကို တွေးကာ မခင်ညွန့်က ရင်ထဲမှာ နာမိသည်။ သို့သော် သူ့ဘဝကား မောင်လူခင်ကလွဲပြီး မြော်မြင်စရာ မရှိကြောင်းတွေးကာ စိတ်ကို ကြိုးစား ဖြေပြီး ကောင်းကောင်းမွန်မွန်ပင် ပြန်ပြောသည်။

“ကလေးမျက်နှာ မြင်ပြီးလို့ ကျန်းမာလာတဲ့အခါမှာ လယ်အလုပ် ကို ညွန့် ကြိုးစားပြီး လုပ်ပါ့မယ် မောင်ရယ်၊ ညွန့်ကို စိတ်တိုင်းမကျပေမယ့် မွေးလာမယ့် မောင့်ရင်သွေးအတွက်တော့ ကျန်းကျန်းမာမာနဲ့ လူ့ပြည်ရောက် အောင် မောင် စီစဉ်ကူညီပေးပါဦး၊ ညွန့်ကတော့ ဒီရပ်ရွာမှာ ဧည့်သည်လို ဖြစ်နေတော့ ဘယ်သူ့ကို ဘယ်လို အကူအညီတောင်းရမယ် မသိ ဖြစ်နေလို့ပါ မောင်ရယ်”

မခင်ညွန့်က သနားစဖွယ် တောင်းပန်ရှာသည်။ သို့သော် သူ့စိတ် အာရုံတစ်ခုလုံးကို မအေးမေက စိုးမိုးထားပြီးဖြစ်သော မောင်လူခင်ကား မခင်ညွန့် တောင်းပန်စကားကို နားထဲမှာ ပြည့်စုံအောင် မဝင်ခဲ့ချေ။

မောင်လူခင် မိဘတွေကလည်း ဂရုတစိုက် မရှိကြ။ မခင်ညွန့်သည် သူ့အလိုအတိုင်း စီစဉ်ဝယ်ခြမ်း စုဆောင်း ပြောဆိုရမည်ကလည်း မခင်ညွန့် လက်ထဲမှာ တစ်ပြားမှ မရှိရှာချေ။ သို့နှင့်ပင် အစီအစဉ်လည်း မရှိ၊ ပြည့်ပြည့် စုံစုံ စီမံထားခြင်းလည်း မရှိ၊ အနားမှာ စောင့်မည့်သူလည်း မရှိဘဲနှင့် မခင်ညွန့် တစ်ယောက် ကမ္ဘာ့ဇလေ လူပ်ရှားလာခဲ့သည်။

ထိုအချိန်က မောင်လူခင် မိဘတွေက ခပ်လှမ်းလှမ်း ရွာတစ်ရွာက အလှူကို သွားနေကြ၍ အိမ်မှာ မရှိ။ မောင်လူခင်က လယ်ထဲမှာ မအေးမေနှင့် နှစ်ပါး ကြည်နေကြသောကြောင့် အိမ်မှာ မရှိ။ တစ်ကောင်ကြွက် တစ်မျက်နှာ ဖြစ်သော မခင်ညွန့်အနေဖြင့် မိဘဆွေမျိုးရှိသော ရွာခံလူ မအေးမေကို ကိုယ့်လင်



နှင့်နှင့်း သိလျက်နှင့် ဘာမှ မပြောဝံ့သည့်အပြင် သွားရင်းလာရင်း မအေးမေနှင့် ကြုံကြိုက် တွေ့ဆုံသည့်အခါ မအေးမေက ရန်မူမည့်ဟန်မျိုး ပြတတ်သော ကြောင့် ဦးခေါင်းငုံ့ ရှောင်တိမ်းလာခဲ့ရသည်ကို အိမ်နားနီးချင်း ဖြစ်သော ဘွားရွှေအိမ်က အသေအချာ သိသည်။ ထို့ကြောင့် မခင်ညွန့်ကို သနားနေ မိသည်။

ယနေ့ ပြုစုအားပေးမည့်သူ တစ်ယောက်မှ မရှိဘဲ တစ်ကိုယ်တည်း အိမ်မှာကျန်ရစ်သော မခင်ညွန့်၏ မချိမဆံ့ အော်လိုက်သော အသံတစ်ချက် ကို ဒေါ်ရွှေအိမ်က သတိထားလိုက်မိသည်။ ထို့ကြောင့် ချက်ချင်းပင် မခင်ညွန့် ရှိရာ ရောက်လာသည်။ မခင်ညွန့်ဖြစ်ပုံကို မြင်လိုက်ရသောအခါ ဒေါ်ရွှေအိမ် သည် ရင်ထုမနာ ဖြစ်မိသည်။ မျက်နှာဖုံးကြီးက မျက်နှာကို စွပ်လျက် မွေးလာ သော ကလေးသည် မည်သည့်အချိန်က အပြင်ကို ရောက်နေသည် မသိ။ မျက်နှာဖုံးကို ချွတ်ပေးမည့်သူ မရှိသောကြောင့် မငိုနိုင်ဘဲ မွန်းနေလေသလား သိ။ အသံလည်း မထွက်၊ လှုပ်ရှားခြင်းလည်း မရှိ။ အညစ်အကြေး သွေးအိုင် ထဲမှာ ကလေးသည် တုံးလုံးလေး ဖြစ်နေသည်။ မခင်ညွန့်ကား သတိလစ်နေ ရှာသည်။

“ဖြစ်မှ ဖြစ်ရလေခြင်းတော်၊ ခွေးလုပ် လုပ်ကြတယ်ဟဲ့”

ဒေါ်ရွှေအိမ်က နှုတ်မှလည်း ပြော၊ ကလေးငယ်ကိုလည်း မျက်နှာ ဖုံးကို ခွဲချွတ်၊ အိမ်နားနီးချင်းတွေကိုလည်း အော်ဟစ်ခေါ်လိုက်သည်။

အသံကုန် ဟစ်အော်ခေါ်လိုက်သော ဒေါ်ရွှေအိမ့်အသံကြောင့် လယ် တောမဆင်းဘဲ အိမ်စောင့်ကျန်ရစ်ကြသည့် အိမ်နားနီးချင်းတွေ ရောက်လာ သောအခါ မျက်နှာဖုံးချွတ်လိုက်ပြီးပြီ ဖြစ်သော ကလေးငယ်ကို ကောက်ယူ ဆွေးပိုက်ကာ ပြုစုသူက ပြုစု၊ သတိလစ်နေသော မခင်ညွန့်ကို ပြုစုသူက ပြုစုဖြင့် တတ်အားသမျှ လုပ်ကိုင်ပေးကြသော်လည်း မျက်နှာဖုံးကို အချိန်မီ ချွတ်ပေးမည့်သူ မရှိခဲ့သော ကလေးငယ်ကား အသက်မရှုနိုင်သောကြောင့် မွန်းပြီး သေဆုံးနေခဲ့ပြီ ဖြစ်ကြောင်းကို သိလိုက်ကြရသည်။

“ကလေးက အကြောင်းမထူးတော့ဘူး၊ လူကြီးကို ဂရုစိုက်စမ်း၊ သူ့ခင်ကို လိုက်ခေါ်ကြဦး”

တစ်ယောက် တစ်ခွန်း ပြောရင်း မောင်လူခင်ကို လိုက်ခေါ်[illegible] သွား သူက သွားသည်။ ကျန်သူတွေက သတိရအောင် တတ်သ[illegible]

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မည်သည့်အချိန်က မည်ကဲ့သို့ဖြစ်ပြီး မွေးနေမှန်း မသိခဲ့ရသော မခင်ညွန့်ကား သတိမလည်လာတော့ချေ။ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်သော ဘဝမှ လွတ်မြောက်ကာ အေးငြိမ်းသွားရှာလေပြီ။

ဒေါ်ရွှေအိမ်တို့ လူစုသည် သွေးသားလည်း ဘာမှ မတော်စပ်လင့်ကစား တစ်ကောင်ကြွက်မလေး၏ ဖြစ်ပုံကို ရင်ထုမနာ မျက်ရည်ကျကြရသည်။

မောင်လှခင် ပြန်ရောက်လာသည်။ မျက်နှာပင် မပျက်။ မောင်လှခင် မိဘတွေ ပြန်ရောက်လာကြသည်။ သူတို့ သမီးချင်းမစာ လုပ်ပုံကို ပြန်တွေးကာ ရှက်ဟန်တူသည်။ မျက်နှာမကောင်းကြ။

လင်ကရော၊ ယောက္ခမကရော မည်သူကမျှ မျက်ရည်တစ်စက် မထွက်သော အသုဘအဖြစ်ဖြင့် နောက်တစ်နေ့မှာပင် မခင်ညွန့်တို့သားအမိသည် သုသာန်မြေသို့ ဖြစ်ကတတ်ဆန်း ရောက်သွားခဲ့ကြလေပြီ။

■

နားထောင်နေရသော မခင်ရွှေသည် ဟိုတစ်နေ့က အဘွားဒေါ်နှင်းဖြူ ပြောပြခဲ့သော မခင်မင်းတို့ သားအမိဖြစ်ပုံကို ပြန်သတိရသောအခါ မခင်မင်း သားအမိနှင့် မခင်ညွန့်သားအမိ ဖြစ်ပုံကို နှိုင်းယှဉ်လိုက်မိသည်။

"နှစ်ယောက်လုံး တစ်မျိုးစီ ရင်နာစရာ၊ ကြေကွဲစရာ ကောင်းပါတယ် ဘွားဘွားရယ်၊ မခင်မင်းက မိဘ ညီအစ်ကိုမောင်နှမတွေ မျက်စိအောက်မှာ အသက်ပေးချစ်တဲ့ လင်ရဲ့ ယုယကြင်နာစွာ ပြုစုမှုကို ခံယူပြီး ရင်နာစရာ ကြေကွဲစရာ အဖြစ်မျိုး ကြုံသွားရတယ်။ မခင်ညွန့်ကတော့ တစ်ကောင်ကြွက် တစ်မျက်နှာဘဝမှာ လင်ရဲ့ ရက်စက်စိမ်းကားမှုကို စိတ်ဆင်းရဲကိုယ်ဆင်းရဲ ခံပြီး ရင်နာစရာ၊ ကြေကွဲစရာအဖြစ်မျိုးကို ကြုံသွားရတယ်။ ကြားရတာ ကျွန်မစိတ်ထဲမှာ ဘယ်လို ခံစားရမှန်းတောင် မသိဘူး"

"အေးကွဲ့၊ ဆရာမလေးက မခင်ညွန့် ဖြစ်ပုံကို မမြင်လိုက်ရဘဲနဲ့တောင် ဒီလို စိတ်မကောင်းဖြစ်သေးတာပဲ၊ အဘွားတို့မှာ မျက်စိအောက်တင် ဖြစ်သွားတာကို မြင်လိုက်ရတဲ့ လူအဖို့ ဘယ်မှာ မျက်ရည်မကျဘဲ နေနိုင်မှာလဲ"

"မခင်ညွန့် ယောက္ခမတွေနဲ့ သူ့ယောကျ်ား ဘယ်လို ဝဋ်လည်သွားတာလဲ ဘွားဘွား၊ ဟို မအေးမေ ဆိုတဲ့ မိန်းမကော…၊ မခင်ညွန့် သေတော့ သူတို့ ယူလိုက်ကြကောလား"



မခင်ရွှေက မပြီးသေးသော ဇာတ်လမ်းကို ဆက်မေးလိုက်သည်။

"အို- ယူလိုက်သမှ မခင်ညွန့် သေပြီဆိုတာနဲ့ တစ်ပြိုင်နက် အေးမေက အိမ်ပေါ်ရောက်လာတယ်လေ။ အသုဘကိစ္စ ပိုင်းကူသလိုလိုပေါ့။ ဒါပေမဲ့ အသုဘကိစ္စ ပြီးတော့လည်း မဆင်းတော့ဘဲ တစ်ခါတည်း နေလိုက်တာပေါ့"

"မောင်လှခင် မိဘတွေကလည်း လက်ခံတာပဲလား ဘွားဘွား"

"လက်ခံတာပေါ့ဟဲ့၊ လယ်လုပ်ငန်းခွင်မှာ သူတို့သား လှခင် ဘယ်လောက် သောက်သုံးမကျတယ် ဆိုတာ သူတို့ အသိဆုံးကိုး။ အေးမေလို မိန်းမနဲ့ယူမှ လယ်အလုပ်က နေရာကျမယ်ဆိုတာ သိထားတော့ ဘာမှမပြောတော့ဘူး။ အင်း… ပြုသူအသစ် ဖြစ်သူမှာ အဟောင်းတဲ့ကွဲ့၊ သူတို့တစ်တွေ အခုဘဝတင် ဝဋ်လည်သွားတာကို တစ်ရွာလုံး သိလိုက်ကြတယ်။ ဒါပေမဲ့ မောင်လှခင်တို ဘယ်သူမှ မသနားကြဘူးလေ"

"ပြောပြပါ ဘွားဘွား"

"မောင်လှခင် ဝဋ်လည်တာပဲ၊ အေးမေလည်း ဝဋ်လည်တာပဲ၊ နှစ်ယောက်လုံး တစ်မျိုးစီ ခံစားသွားကြရတယ်လေ။ အေးမေနဲ့ လှခင် ယူပြီး လှခင် မိဘတွေလည်း ဆုံးကုန်ကြတော့ မောင်နှမတစ်တွေ ရသင့်ရထိုက်တဲ့ အမွေ ခွဲယူကြတယ်။ အဲဒီမှာ အေးမေက သူ့သဘောအတိုင်း ခြယ်လှယ်တယ်။ လှခင်ကလည်း စိတ်တိုင်းကျနေတယ်၊ လူမဖက်ဘဲ နတ်ဖက်တဲ့ လင်မယားပဲ"

အဘွားကြီးက ပြောပြီး ပါးစပ်ထဲက ကွမ်းဝါးဖတ်ကို ထွေးမည့်ဟန် ပြင်လိုက်သောအခါ မခင်ရွှေက စကားပြတ်သွားမည်စိုးသောကြောင့် ကမျာကသီ ထွေးခံကို ယူပြီး အလိုက်သင့် ခံပေးလိုက်သည်။ အဘွားကြီးက ကွမ်းဝါးဖတ်ကို ထွေးပြီး စကားဆက်ပြောလိုက်၏။

"အိမ်တွင်းရေးကိုရော၊ လယ်လုပ်ငန်းကိုရော လှခင်က ဘာမှ ပြန်မကြည့်တော့ဘူး။ လေး၊ ငါးရက် တစ်ခါလောက် မြို့တက် လည်ပတ်နေတယ်။ တစ်ခါတလေ တစ်ညအိပ်၊ တစ်ခါတလေ လေး၊ ငါးရက် ကြာတယ်။ အေးမေကလည်း လယ်အလုပ်ကို ကုန်းရုန်းလုပ် ငွေစု၊ လှခင်က မြို့တက်ပြီး ပိုက်ဆံကို တွင်တွင်ဖြုန်းတော့တာပေါ့။ အေးမေကလည်း သူ့အခြေအနေ ကွာလှမ်းလွန်းတဲ့ လှခင်ကို ကံအားလျော်စွာ ရထားတော့ အကျေပြီး ကျေနပ်ပြီး လှခင် ဘာလုပ်လုပ် အလိုလိုက်ထားတယ်။ အဲ… ဒါပေမဲ့ အိမ်မှာ နေတယ်လို့ မရှိဘဲ ပိုက်ဆံကို တွင်တွင်ယူပြီး မြို့ကိုပဲ တက်သွားတော့တာ

www.burmeseclassic.com

www.burmeseclassic.com



သွားနေတော့ ကြာတော့ အေးမေက သံသယဖြစ်ပြီး လှခင် မြို့သွားနေတာ နောက်က လိုက်ချောင်းတော့မှ မြို့ပေါ်က အရပ်ပျက် မိန်းမလည်တစ်ယောက် နဲ့ ညားနေကြောင်း သိလိုက်ရတော့တယ်။ အေးမေ ဆိုတာ ဆတ်ဆတ်တုန် နေတာပဲ။ သူ ရှာတဲ့ငွေနဲ့ မယားငယ်ယူ ပျော်ပါးနေတော့ အေးမေများ ဘယ်ခံနိုင်မှာတုန်း''

''မခင်ညွန့်လက်ထဲက သူ ခိုးလိုက်စဉ်က မခင်ညွန့်လည်း ဒီလို ခံစားရရှာလိမ့်မယ် ဆိုတာ သူ တွေးမိပါ့မလား မသိဘူး''

မခင်ရွှေက ပြောလိုက်သည်။

''အေးကွဲ့၊ မခင်ညွန့်လေး တော်တော် သနားစရာကောင်းပါတယ်။ သူ့လင်ကို ခိုးတာ သိရက်နဲ့ လင်ခိုးသူက ရိုက်မောင်းပုတ်မောင်း လုပ်တာကို ကြောက်ရှာလွန်းလို့ ငုံ့ခံသွားရရှာတယ်။ အေးမေကတော့ မခင်ညွန့်လို ငုံ့မခံဘူး သူ့လင်ကို ခိုးရမလားရယ်လို့ သူ့အမေကို အဖော်ခေါ်ပြီး မယားငယ့် အိမ်ပေါ်တက် ရိုက်တယ်လေ''

''သူ့အလှည့်ကျတော့ နာတတ်လိုက်တာနော်''

မခင်ရွှေက ရွံ့ရှာသောစိတ်ဖြင့် ပြောသည်။

''နားထောင်ဦး ဆရာမလေးရဲ့၊ မယားငယ်က အလည်အရှုပ်ပဲဟာ သူ့အပေါင်းအသင်းကလည်း ရှိနေတော့ အိမ်ပေါ်တက် ရိုက်တဲ့ အေးမေတို့ သားအမိကို သူ့အပေါင်းအသင်းတွေနဲ့ ဝိုင်းပြီး နှံလိုက်တာ အေးမေတို့ သားအမိ ဖွတ်ဖွတ်ကြေအောင် ခံလာရတဲ့အပြင် ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲလို့ သားအမိ နှစ်ယောက်လုံး အချုပ်ထဲ ရောက်သွားပါရော၊ ရွာကလူကြီးတွေ လိုက်လာပြီး အာမခံရတယ်၊ အမှုဆိုင်တော့လည်း ဟိုမိန်းမက အဆက်အသွယ်ကောင်း တော့ သူတို့သားအမိ အိမ်ပေါ်တက်ပြီး ကျူးလွန်တာသာ ထင်ရှားပြီး ထောင်ဒဏ် တစ်လ၊ မဆောင်နိုင်ရင် ဒဏ်ငွေသုံးရာ ဆိုတော့ ဒဏ်ငွေဆောင်လိုက်ကြ ရတယ်''

''အဲဒီအချိန်မှာ လှခင်က ဘယ်သူ့ဘက်က လိုက်လဲ ဘွားဘွား''

''ဟဲ ဟဲ ဟဲ''

အဘွားကြီးက သွားကျိုးက လေထွက်အောင် အားပါးတရ ရယ် လိုက်၏။

''ဘာကြောင့် ရယ်တာလဲ ဘွားဘွား''



မခင်ရွှေက နားမလည်သောကြောင့် မေးသည်။

''လှခင်က မယားငယ်ဘက်ကပေါ့ဟဲ့၊ ရိုက်နှက် သတ်ပုတ်နေကြ တဲ့အချိန်က သူ ရှိသားပဲ၊ မယားငယ်က အရေးသာနေလို့ ထိုင်ကြည့်နေတယ် တဲ့။ သက်သေခံတော့လည်း မယားငယ်ဘက်က ပင်းပြီး ထွက်တယ်၊ ဒါ ကြောင့် အေးမေတို့ ရှုံးတာ။ စိတ်မကောင်းစရာ တစ်ခုက အဲဒီအချိန်မှာ အေးမေ မှာ ကိုယ်ဝန် သုံးလလောက် ရှိနေပြီ။ သတ်ကြ၊ ပုတ်ကြ၊ အမှုဆိုင်နေကြတဲ့ အချိန်ကတော့ သူ့ကိုယ်ဝန်က ဘာမှ မဖြစ်ဘူးလေ။ အမှုပြီးလို့ အိမ်မှာ အေးအေး ဆေးဆေး ပြန်နေခါမှ ကိုယ်ဝန်ပျက်ကျသွားတယ်။ သူ့အမေ အနားမှာ ရှိပေမယ့် လှခင်ကတော့ မြို့က မယားငယ်ဆီ ရောက်နေတယ်။ အမှုဖြစ်ပြီးမှ လှခင်က အေးမေကို ကွာမယ်ချည်း ပြောနေလို့ အေးမေက ဘာမှ မပြောရဲဘဲ အသာချိုးနေရရှာတာ''

''လိုက်မခေါ်ဘူးလား''

''မခင်ညွန့်လေး ကိစ္စကြောင့် အိမ်နားနီးချင်းတွေကလည်း နည်းနည်း စေတနာ ပျက်ခဲ့ကြတယ်။ သူတို့ကလည်း လှခင်နဲ့ ညားပြီးမှ မာနတက်နေ ကြလို့ အိမ်နားနီးချင်းတွေနဲ့ သိပ်မရောဘူး။ ဒါကြောင့် ဘာသိဘာသာပဲ နေကြတာကိုး။ လယ်ထဲ ဆင်းလို့ အလုပ်ပင်ပန်းခဲ့တဲ့ ဒဏ်ရော၊ မယားငယ် အုပ်စုက ဝိုင်းရိုက်ထားတဲ့ ဒဏ်ရော အကုန်စုကိုင်လိုက်ဟန် တူပါတယ်။ ကလေးပျက်၊ အပုပ်ဆန်ပြီး အေးမေလည်း သေသွားရှာတယ်လေ''

''သြော်- ဝင့်လည်တာများ ကြောက်စရာကောင်းလိုက်တာနော် ဘွားဘွား''

''အေး၊ ဒါက အေးမေ ဝင့်လည်ပုံကွဲ့၊ လှခင် ဝင့်လည်ပုံက ကျန် သေးတယ်''

''ဟုတ်ကဲ့ ပြောပါ ဘွားဘွား''

''အေးမေ ဆုံးသွားပြီးမှ လှခင်လည်း အစကတည်းက တောမှာ မပျော်နိုင်၊ လယ်အလုပ် မလုပ်နိုင်တဲ့ လူပေါ်ကြော့တစ်ယောက်ပဲ၊ တောမှာ ဆူ ပိုင်သမျှ လယ်မြေ၊ လှည်း၊ နွား၊ အိမ်ကို ရောင်းပြီး မြို့ကို ပြောင်းသွား တယ်။ ပါသမျှ မယားငယ်လက်ထဲ အကုန်အပ်လိုက်ရော၊ မယားငယ်က လည်း သူ့လက်ထဲ ရောက်လာတာ အဆုံးစွန်ပစ္စည်းပဲ၊ နောက်ထပ်ပွတ်စရာ မရှိဘူး ဆိုတာလည်း သိရော လှခင်ကို လင်လို မထားတော့ဘူး ထောင်း

www.burmeseclassic.com

www.burmeseclassic.com



ချက်ခိုင်း၊ ထဘီလျှော်ခိုင်း၊ လူခင်ကို ကြောင်တောင်ထားပြီး သူလုပ်နေတဲ့ ယောကျ်ား တစ်ယောက်ပြီး တစ်ယောက် တွဲတဲ့အလုပ်ကို ပြောင်ပြောင်ပဲ လုပ်နေတော့တယ်''

''သူ အင်မတန် စုံမက်တဲ့မယားက သူ့ကို ကြောင်တောင်ထားပြီး တခြားယောကျ်ားနဲ့ ကြည်နူးနေတာ မြင်ရတဲ့ လူခင် စိတ်ထဲမှာ ဘယ်လိုနေမလဲ မသိဘူးနော် ဘွားဘွား''

မခင်ရွှေက စဉ်းစဉ်းစားစား ပြောသည်။

''အေးကွဲ့၊ မခင်ညွန့်နဲ့ အေးမေ စိတ်ထဲမှာ ဖြစ်နေပုံကို အခုမှ သူ စဉ်းစားမိပါတယ် ဆိုတာကို တို့ရွာက လူတစ်ယောက်ကို ပြောပြသတဲ့လေ''

''သူ ဒီလို ဖြစ်နေပုံကို ကိုယ့်ရွာသူရွာသားတွေ သိတာ သူ ဘယ်လောက် ရှက်နေမလဲ မသိဘူး''

''ရှက်တာပေါ့ ဆရာမလေးရဲ့၊ အတွေ့မှ မခံဘဲ။ လောကကြီးက အဆန်းသား၊ လူမသိစေချင်လို့ ဖုံးဖိလေ ပေါ်လေကိုး။ မယားငယ်က ကျွန်လိုထားတော့ မယားငယ် ဈေးဝယ်ရာမှာ ကျွန်စုပ်ပစ်တဲ့ သရက်စေ့ရုပ်မျိုးနဲ့ ဈေးခြင်းတောင်း ကိုင်ပြီး နောက်က လိုက်နေတာကို မြို့တက်လာတဲ့ တို့ရွာသား တစ်ယောက်က ကြုံကြိုက်ပြီး တွေ့လိုက်ရတယ်။

ဘယ်လို ဖြစ်နေတာလဲ လူခင်လို့ မေးတော့ သူ ဘာဖြစ်တယ်ဆိုတာ တော့ မပြောဘူး၊ မခင်ညွန့်နဲ့ အေးမေ ဖြစ်နေပုံကို အခုမှ သူစဉ်းစားမိတယ် ဆိုတာသာ ပြောလိုက်တယ်တဲ့''

''နောက်တော့ ဘာဖြစ်သွားလဲ ဘွားဘွား''

''အေးလေ၊ မယားငယ်က သူ့မျက်စိအောက်မှာ ယောကျ်ားထည်လဲ တွဲနေတာကို လူခင်မှာ မကြည့်ချင် မြင်ရက်သား ဖြစ်နေတဲ့ဒဏ်ကို ကြာကြာ မခံနိုင်ရှာတော့ဘူးပေါ့၊ ပါသမျှလည်း ပြောင်သလင်းခါပြီ ဖြစ်တော့ အဝတ် တစ်ထည် ကိုယ်တစ်ခုနဲ့ မယားငယ်အိမ်က ဆင်းလာခဲ့ရတယ်။ ရွာပြန်ရောက် တော့ ညီအစ်ကိုမောင်နှမတွေ အိမ်မှာ တစ်အိမ်က စုဆောင့်လိုက် တစ်အိမ် ကို ဆင်းလာနေလိုက်နဲ့ မကြည်ဖြူတဲ့ ထမင်းကိုစား၊ ဘာအလုပ်မှ မလုပ်ဘဲ သုသာန်သွားပြီး မခင်ညွန့် မြှုပ်ထားတဲ့ နေရာမှာ ထိုင်ငိုလိုက်၊ အေးမေ မြှုပ် ထားတဲ့ နေရာမှာ ထိုင်ငိုလိုက်နဲ့ ကြာတော့ စိတ်ပါမမှန်ဘဲ ဖြစ်ပြီး ရူးသွား ရှာတယ်ကွယ်''



''မအေးမေ ဝဋ်လည်တာက တော်သေး၊ သူ ဝဋ်လည်တာက စိတ် ဆင်းရဲ တာရှည်လိုက်တာနော် ဘွားဘွား''

''မောင်လူခင် ရူးတော့ သုသာန်က မပြန်တော့ဘူး။ မယားနှစ်ယောက် မြေပုံပေါ် တစ်လှည့်စီ လူးလှိမ့်လိုက်၊ အော်ငိုလိုက်၊ မြို့ပေါ်က မယားငယ်ကို ဓားကြိမ်း ကြိမ်းလိုက်၊ သူ့ညီအစ်ကို မောင်နှမတွေကလည်း စေတနာ မရှိ တော့ပေမယ့် မောင်နှမဆိုတဲ့ သံယောဇဉ်ကြောင့် လိုက်ခေါ်ကြပါသေးတယ်။ သူကိုယ်တိုင်ကိုက လူမှန်းမသိ၊ ထမင်းဟင်းမှန်းမသိ ဖြစ်သွားပြီကွဲ့၊ ရက်ကြာ တော့လည်း သူ့သားချင်းတွေက ရိုးသွားပြီ၊ ဂရုတစိုက် မရှိကြတော့ဘူးပေါ့။ ကြုံကြိုက်တဲ့လူက တစ်ခါတစ်ရံ ကျွေးမွေးပေမယ့် စားချင်မှ စားဖြစ်နေတယ်။ သိပ်တော့ မကြာလိုက်ပါဘူး၊ လေး၊ ငါး၊ ခြောက် လလောက်ပဲ ရှိပါလိမ့်မယ်၊ သုသာန်ထဲမှာပဲ သေသွားတယ်''

''ဝဋ်ကျွတ်သွားတာပေါ့နော် ဘွားဘွား''

''အဲဒီလိုပဲ ဆိုရမှာပေါ့လေ၊ သေနေတာတောင် ဘယ်သူမှ မသိဘူး၊ နွားကျောင်းသားလေးတစ်ယောက်က မြင်လာခဲ့လို့သာ သိကြရတာ။ အဲဒီ တော့မှ သူ့သားချင်းတွေလည်း ဘုန်းကြီးတစ်ပါးပင့်၊ သရဏဂုံတင်ပြီး မြေမြှုပ် လိုက်ကြရတယ်''

အဘွားကြီးက စကားအဆုံးသတ်လိုက်ပြီး ထမင်းစားချိန်တန်ပြီ ဖြစ်ကြောင်း ပြောလိုက်သည်။ မခင်ရွှေသည် အဘွားကြီး ထမင်းစားရန် ပြင်ဆင်လုပ်ကိုင်ပေးနေရင်းပင် မောင်လူခင်တို့ အကြောင်းကို တွေးနေမိ သည်။

မောင်ကြင်ဖေနှင့် မခင်မင်းတို့က တစ်ယောက်နှင့် တစ်ယောက် အသက်တမျှ ချစ်ကြပါလျက်နှင့် မိဘဆွေမျိုးတွေ အကြောင်းပြု၊ ငွေရေး ကြေးရေးကို အကြောင်းပြုပြီး ချစ်လျက်နှင့် သေကွဲ ကွဲခဲ့ကြသည်။ မခင်မင်း သည် မီးဖွားပြီး သွေးနုနုဖြင့် သေဆုံးခဲ့ရသည်။

မခင်ညွန့်နှင့် မအေးမေတို့လည်း ဝမ်းမှာလွယ်ရသော ရင်သွေးတွေ ကြောင့် သွေးနုနုဖြင့် သေဆုံးခဲ့ရသည်။ သို့သော် မခင်ညွန့်နှင့် [illegible] သေဆုံးသည့်အချိန်မှာ လင်ယောကျ်ား၏ ယုယကြင်နာမှုကို ခံစားကြရ [illegible] မောင်ကြင်ဖေနှင့် မောင်လူခင်တို့၏ ဖနီးအပေါ်မှာ ထားရှိခဲ့သည့် [illegible] စေတနာကား အဖြူနှင့် အမည်းလို ဖြောင့်ဖြောင့်ကြီး [illegible]

www.burmeseclassic.com

www.burmeseclassic.com



မယားတွေ့ သေကုန်မှ အရူးကြီး ဖြစ်သွားသော မောင်လူခင်ကား အကျိုးမရှိသော အလုပ်ကို လုပ်နေသူ ဖြစ်၍ သနားစရာအကြောင်း မရှိဟု မခင်ရွှေက တွေးပြီး အဘွားကြီးကို ထမင်းစားရာမှာ လိုအပ်သော ပြုစုမှုကို ပြုလုပ်ပေးနေလိုက်သည်။

ထိုအခိုက် လူတစ်ယောက် ရေးကြီးသုတ်ပျာဖြင့် အိမ်ရှေ့က သွားသည်ကို လှမ်းမြင်လိုက်သော အဘွားကြီးက-

"ဟဲ့ ဟဲ့… ဟိုလူဟာ ဘုန်းတော်ကြီးကျောင်းက ကပ္ပိယကြီး ဟုတ်လား၊ ဘာကိစ္စပါလိမ့်၊ သုတ်သုတ်ပျာပျာ ရှိလိုက်တာ"

ဟု ပြောသောအခါ အဘွားကြီးသမီးက -

"ကျောက်ချဉ်နက် လာရှာတဲ့ မြို့ကလူတစ်ယောက် ရွာထဲ ရောက်နေတယ်လေ အမေရဲ့၊ ကျောက်ချဉ်နက်ရှိတဲ့ နေရာကို ညွှန်နိုင်ရင်၊ လိုက်ပြနိုင်ရင် ထိုက်သင့်သလို အခကြေးငွေ ပေးမယ်ဆိုလို့ ကပ္ပိယကြီး သွားတာ ထင်တယ်"

ဟု ဖြေသောအခါ မခင်ရွှေက-

"ဒီရွာနားမှာ ကျောက်ချဉ်နက် ရှိလို့လား အမေ"

ဟု မေးလိုက်သည်။

အဘွားကြီးသမီးက-

"ဒီကျောက်ချဉ်နက် အကြောင်းကလည်း သူ့ရာဇဝင်လေးနဲ့သူပဲ ဆရာမလေးရဲ့"

ဟု ပြောသည်။ ထိုအခါ အဘွားကြီးက ဝင်ပြီး ရှင်းပြ၏။

"ဒီကျောက်ချဉ်နက်အကြောင်း သိချင်ရင် ဘုန်းတော်ကြီးကမှ အသေအချာ ပြောနိုင်တာ။ ဘာကြောင့်လဲဆိုတော့ ဘုန်းတော်ကြီးကိုယ်တိုင် တွေ့ကြုံခဲ့ရတာကိုး။ ဒီကပ္ပိယကြီးက ဘုန်းတော်ကြီး မိန့်ကြားတော်မူတာကို နားစွင့်နားဖျား တစ်ဆင့်ကြားပါ"

"ဘုန်းတော်ကြီးကို မေးလျှောက်လို့ ဘုန်းတော်ကြီးက ပြောပါ့ မလား ဘွားဘွား"

မခင်ရွှေက မေးသည်။

"အေး၊ တို့ ဘုန်းတော်ကြီးကျောင်းသွားပြီး သီလစောင့်တဲ့အခါ သီလပေးတဲ့ ဘုန်းတော်ကြီးကိုသာ ဆရာမလေး ကြုံဖူး တွေ့ဖူးတာကိုး



ကျောင်းကြီးပေါ်မှာ သက်တော် ၉၀ ကျော်နေပြီဖြစ်တဲ့ ဆရာတော်အိုကြီး တစ်ပါး ရှိနေသေးတာ ဆရာမလေး မသိသေးဘူး။ သက်တော် ၉၀ ကျော် ဆိုမယ့် သတိတော် သိပ်ကောင်းတယ်။ သွားငယ် မပြန့်ဘူး၊ မှတ်ဉာဏ်လည်း ပြည့်စုံတာပဲ။ အဲဒီ ဆရာတော်ကြီးက ကျောက်ချဉ်နက်အကြောင်း ကိုယ်တွေ့ ကြုံလာတာ"

"တော်တော် ထူးထူးဆန်းဆန်း ဖြစ်လို့လား ဘွားဘွား"

"အေး၊ တော်တော်လေးတော့ ထူးခြားတယ်၊ ကျောက်ချဉ်အနက် ဆိုတာ တကယ်တော့ တော်တော်လေး အစွမ်းရှိသား"

"ကျွန်မ သိချင်လိုက်တာ ဘွားဘွား"

မခင်ရွှေက တောင့်တောင့်တတ ပြောသောအခါ-

"သိချင်ရင် ဒီတစ်ပတ် လာမယ့်ဥပုသ်နေ့မှာ ကျောင်းကို ဆရာမလေး လိုက်ခဲ့မယ် မဟုတ်လား၊ အဲဒီတော့ ဆရာတော်ကြီးကို သွားဖူးပြီး ဆရာမလေး သိချင်တာကို မေးလျှောက်ပေတော့၊ စိတ်ရှည်လက်ရှည် မိန့်ကြားတော်မူတတ်ပါတယ်"

ဟူသော အဘွားကြီးစကားကြောင့် မခင်ရွှေသည် ဝမ်းမြောက်ဝမ်းသာဖြင့် ဥပုသ်နေ့ကို မြန်မြန်ရောက်ပါစေတော့ဟုပင် စိတ်ထဲက ကလေးသဖွယ် ဆုတောင်းလိုက်မိသည်။

■

www.burmeseclassic.com

www.burmeseclassic.com

# ရေပြာအိုင်မှ ဘုန်းတော်ကြီး

ကျောက်ချဉ်နက်အကြောင်းကို အလွန်သိလိုလှသော မခင်ရွှေသည် အဘွားကြီးနှင့်အတူ ဘုန်းတော်ကြီးကျောင်းသို့ ရောက်လာသောအခါတ သူ ဝယ်ယူလာသည့် လှူဖွယ်ပစ္စည်းလေးများဖြင့် ဘုန်းတော်ကြီးအိုကြီး နေရာ ကျောင်းအပေါ်ထပ်သို့ တက်လာခဲ့သည်။

ကျောင်းအပေါ်ထပ် ဘုန်းတော်ကြီးအို ရှိနေရာတွင်ကား သက်တော် ကြီးရင့်ပြီ ဖြစ်သော ဘုန်းတော်ကြီးကို အပင်ပန်းမခံစေလိုသော ဒါယကာမျာ စေတနာကြောင့် ကျောင်းအပေါ်ထပ်မှာပင် ရေချိုးခန်း၊ ကုဋီအိမ် စသည်တို့ လိုလေသေးမရှိ ပြုလုပ်လှူဒါန်းထားသည်ကို တွေ့ရသည်။ ဘုန်းတော်ကြ ဝေယျာဝစ္စကို ဆောင်ရွက်ပေးရန် အသက် ၅၀ နီးပါးရှိသော အမျိုးသမီးကြ တစ်ယောက်နှင့် အသက် ၃၀ အရွယ် ယောကျ်ားတစ်ယောက်တို့ ရှိနေပြ သည်။

မခင်ရွှေက လှူဖွယ်ပစ္စည်းကို ဘုန်းတော်ကြီးရှေ့မှာ ရှိသေစွာ ထ ပြီး ရှိခိုးကန်တော့လိုက်သည်။ မှီအုံးကို ကျောမှာခံကာ ခြေဆင်းထိုင်နေသော ဘုန်းတော်ကြီးအိုသည် တွဲကျနေသော မျက်ပျဉ်းကို လက်တော်ဖြင့် အသာ ပြီး ကြည့်လိုက်သည်။ သက်ရွယ်တော် ကြီးရင့်လှ၍ မျက်ပျဉ်းကျနေသော



အစား ကုသိုလ်သီလ ကောင်းလွန်းသော ဘုန်းတော်ကြီးအိုသည် မျက်စိမှာ ကြည်လင်နေသေးသည်။ ထို့ကြောင့် မခင်ရွှေကို မြင်သောအခါ-

"ဟဲ့- ဒီကလေးမလေးကို ငါတစ်ခါမှ မမြင်ဖူးပါလား"

ဟု မိန့်တော်မူလိုက်သည်။

ထိုအခါ ဘုန်းတော်ကြီးခြေရင်းမှာ ရှိသေစွာ ထိုင်နေသော ကပ္ပိယ လူရွယ်က-

"အခု ဒီနှစ်မှ ရွာစာသင်ကျောင်းကို ရောက်လာတဲ့ ကျောင်းဆရာမ လေးပါ ဘုရား"

ဟု ဝင်ရောက် လျှောက်ထားလိုက်၏။

"ဪ- အေး အေး၊ ကျောင်းဆရာမမြဲတဲ့ တို့ရွာကို ရောက်လာ ပြီး မြဲမြဲစွဲစွဲ စေတနာထားတဲ့ ကျောင်းဆရာမလေးကိုး၊ အေး သာဓုကွယ်၊ သာဓု၊ ရွာက ကလေးတွေ ပညာရေးကို စေတနာထားတာ အလွန်ကောင်းမွန် မြင့်မြတ်တဲ့ အလုပ်ပါကွယ်"

ဘုန်းတော်ကြီးက လက်တော်ဖြင့် မထားသော မျက်ပျဉ်းကို ပြန် လွှတ်ချလိုက်ပြီး လေးတွဲ့သော အသံတော်ဖြင့် မိန့်ကြားတော်မူလိုက်သည်။

"တင်ပါ ဘုရား၊ တပည့်တော်အနေနဲ့ အစိုးရက တာဝန်ပေးထား သရွေ့ စေတနာထားနေပါ့မယ် ဘုရား၊ တပည့်တော် အလိုအလျောက် ပြောင်းရွှေ့လိုစိတ် မရှိပါ ဘုရား"

"အေး၊ ကောင်းတယ်ကွဲ့"

ဘုန်းတော်ကြီးက မိန့်ကြားပြီး နေမြဲတိုင်း ဆိတ်ဆိတ်ပင် နေလိုက် သည်။ မခင်ရွှေအနေဖြင့် သူသိလိုသည့် အကြောင်းကို ဘယ်လို စတင်မေး လျှောက်ရမည်ကို တွေးပြီး ဆိတ်ငြိမ်နေစဉ်မှာ အဘွားရွှေအိမ်က တောင်ဝှေး တစ်ချောင်းကို အထောက်အကူပြုပြီး ကျောင်းပေါ် တက်လာသဖြင့် မခင်ရွှေ က ကပျာကသီ ထပြီး ကြိုဆိုတွဲယူလိုက်သည်။

မျက်လုံးကို မျက်ပျဉ်းတွေ ဖုံးနေသဖြင့် ကြည့်လိုလျှင် မျက်ပျဉ်း လက်တော်ဖြင့် ပင့်တင်ပြီးကြည့်မှ မြင်ရသော်လည်း နားကမူ အလွန်ပါး ဘုန်းတော်ကြီးအိုသည် ခြေသံကို ကြားလိုက်သောကြောင့် မျက်ပျဉ်း လက်တော်ဖြင့်ပင့်တင်ပြီး ကြည့်လိုက်သည်။

"ရွှေအိမ်လားဟဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးက မေးလိုက်သည်။

ဘွားရွှေအိမ်က ဘုန်းတော်ကြီးကို ဝတ်ချပြီး-

"တင်ပါဘုရား၊ ဆရာမလေးက အရှင်ဘုရားကို ဖူးချင်တာလည်း တစ်ကြောင်း၊ အရှင်ဘုရား ကိုယ်တော်တိုင် တွေ့ကြုံလာခဲ့တဲ့ ကျောက်ချဉ်နက်အကြောင်းကိုလည်း သိပ်သိချင်နေတာလည်း တစ်ကြောင်းကြောင့် မိန့်ကြားတော်မူဖို့ တောင်းပန်ပါတယ် ဘုရား"

ဟု ဘွားရွှေအိမ်က အချိန်ကုန်မခံဘဲ လိုရင်းကို လျှောက်ထားလိုက်ပြီး ရေပြာအိုင်နှင့် ပတ်သက်သော ထူးထူးဆန်းဆန်း အဖြစ်များကို မခင်ရွှေက အလွန်စိတ်ဝင်စားပြီး မှတ်တမ်းသဖွယ် ရေးမှတ်လိုသော ဆန္ဒရှိကြောင်းတွေကိုပါ ပြည့်စုံစွာ လျှောက်ထားလိုက်သည်။

ဘွားရွှေအိမ် စကားကြောင့် ဘုန်းတော်ကြီးသည် လက်တော်ဖြင့် မျက်ပျဉ်းကို ပင့်တင်ထားလျက်စ မျက်လုံးကို မခင်ရွှေဘက် လှည့်ကြည့်လိုက်သည်။

"အင်း၊ ဒီအကြောင်းကို ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ ဖြစ်လာခါစ အချိန်က တစ်ကြိမ်ပဲ ငါ ပြောခဲ့ဖူးတယ်။ နောက်ထပ် ဘယ်သူမှလည်း ငါ့ကို မမေးခဲ့ကြဘူး၊ ငါကလည်း ဘယ်သူ့ကိုမှ မပြောခဲ့တော့ဘူး။ အခုခေတ်လူတွေအနေနဲ့ ငါပြောတာ ယုံချင်မှလည်း ယုံကြမယ်လေ"

ဟု မိန့်ကြားရင်း မျက်ပျဉ်းကို ပင့်တင်ထားသော လက်တော်ကို သူ့နဂိုနေရာ ပြန်ချထားလိုက်သည်။

"မိန့်ကြားတော်မူပါ ဘုရား၊ ထူးထူးဆန်းဆန်း အဖြစ်မျိုးဆိုရင် တပည့်တော် အင်မတန် စိတ်ဝင်စားပါတယ် ဘုရား"

မခင်ရွှေက တောင်းပန်လိုက်သည်။

"အေး၊ ဘယ်သူ့ကိုမှ ထိခိုက်တဲ့အကြောင်း မပါဘူး၊ မေးသူရှိတော့လည်း ပြောရတာပေါ့လေ"

ဘုန်းတော်ကြီးက မိန့်ကြားပြီး-

"အဖြစ်ကတော့ ကြာခဲ့ပါပြီ၊ အခု ငါ့အသက်တစ်ရာပြည့်ဖို့ နှစ်ယောက်ပဲ လိုတော့တာပဲ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း ၈၀ ကျော်အချိန်ကဆိုတော့ ငါ့အသက် ဘယ်လောက် ရှိဦးမှာလဲ၊ ၁၅ နှစ်သားပဲ ရှိသေးတာ။ ဟိုခေတ် ဟိုအချိန်က ၁၅ နှစ်သားဆိုတာ ကလေးလို့ သတ်မှတ်ခဲ့ကြတာပဲ၊ အခုခေတ်



လို အိမ်ထောင်ရေးတွေ၊ စီးပွားရေးတွေ၊ လှုရေးပရေးတွေ စိတ်ကူးကြတာမှ မဟုတ်ဘဲ၊ ငါလည်း ကလေးပီပီ လမ်းထဲမှာ ကျေးသားရိုက် ကစားနေခဲ့တဲ့ အချိန်ကပေါ့"

ဘုန်းတော်ကြီးအိုသည် ဤသို့ စကားအစချီကာ မခင်ရွှေသိလိုသော ကျောက်ချဉ်နက်အကြောင်းကို လေးလေးတွဲ့တွဲ့အသံဖြင့် မိန့်ကြားတော်မူလေသည်။

■

အချိန်ကား မြန်မာနိုင်ငံ၏ နောက်ဆုံးဘုရင်ဖြစ်သော အရှင်သီပေါမင်းတရားကို နယ်ချဲ့မျက်နှာဖြူများက နန်းချပြီး ရတနာဂီရိသို့ ယူဆောင်သွားသည့်အချိန် ဖြစ်သည်။ အထက်မြန်မာ တစ်နိုင်ငံလုံး မငြိမ်မသက်ဖြစ်နေသော ကာလပင် ဖြစ်သည်။ ထိုအချိန်မှာ စေတုတ္တရာမြို့တွင် မြန်မာဘုရင်မင်းမြတ် အဆက်ဆက် သူကောင်းအပြုခံရသော သူကောင်းမျိုးရိုးဖြစ်သည့် ဦးရန်ဝေးသည် ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ချီးမြှင့်ထားခဲ့သည့် ကျောက်စီရိုးတပ် ငှက်ကြီးတောင်ဓားကို လက်က တင်းကျပ်စွာ ဆုပ်ကိုင်ကာ အံကြိတ်ပြီး သူ့ရှေ့မှာ ရှိနေကြသော ရောင်းရင်းတစ်စုကို စူးစူးစိုက်စိုက် ကြည့်နေသည်။ ဦးရန်ဝေး၏ ရောင်းရင်းတစ်စုမှာလည်း လက်ထဲတွင် ဓားကိုယ်စီရှိနေကြသည်။ သူတို့မျက်နှာတွေသည် ဦးရန်ဝေးလိုပင် နာကြည်းစွာ အံကြိတ်လျက် ရှိကြ၏။

"ကုလားဖြူကျွန်အဖြစ်တော့ မခံဘူးကွ၊ တတ်နိုင်သမျှ ငါ တော်လှန်မယ်၊ ငါ့မှာ မိန်းမသေဆုံးသွားပြီး ဖြစ်လို့ နောက်ပိုင်းငဲ့စရာဆိုရင် ယောဟိုလမ်းပေါ်မှာ ကစားနေတဲ့ လူမည် သားလေးတစ်ယောက်ပဲ ရှိတယ်၊ မိဘဆွေမျိုးဆိုတာလည်း အားလုံး နေပြည်တော်မှာ ရောက်နေကြပြီးသား၊ သူတို့ လုံခြုံရေးကို သူတို့ သိကြလိမ့်မယ်၊ ဒါကြောင့် ငါ့သားကို ငါ တစ်ပါတည်းခေါ်ခဲ့ပြီး စခန်းချရာကို သွားတော့မယ်၊ မင်းတို့တစ်တွေလည်း စိတ်နိုင်ရင် လိုက်ခဲ့ကြ"

ဦးရန်ဝေးက ခိုင်မာစွာ ဆုံးဖြတ်ချက်ချပြီး ပြောလိုက်သည်။

မြန်မာဘုရင့်စစ်တပ်ထဲမှ သူတစ်ပါးကျွန် မခံလိုသောကြောင့် ... တစ်ဦးသည် နောက်လိုက်အင်အား အတော်များများဖြင့် စေတုတ္တရာ နယ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



သို့ ရောင်ထွက်လာခဲ့ပြီး ကုလားဖြူကို တော်လှန်တိုက်ခိုက်ရန် ဗိုလ်ဝင်ခံနေသည်ကို သိသော သူကောင်း ဦးရန်ဝေးသည် ပြင်းပြသော ဇာတိမာန် မျိုးချစ်စိတ်ဖြင့် တော်လှန်တိုက်ခိုက်ရန် စိတ်ဆုံးဖြတ်ပြီး ခင်မင်ရာ ခင်မင်ကြောင်း ရောင်းရင်းတစ်စုကို ခေါ်ကာ အကြောင်းစုံ ပြောပြနေခြင်း ဖြစ်သည်။

သူကောင်း ဦးရန်ဝေးကား ဂုဏ်ကိုလိုက်ပြီး 'ဦး'တပ်ခေါ်နေရသော်လည်း အသက်အရွယ်မှာ သုံးဆယ်ပင် မပြည့်တတ်သေးချေ။ ချစ်လှသော ငယ်ပေါင်းဇနီး ကွယ်လွန်ခဲ့သည်မှာ ခြောက်နှစ်ကျော်ခဲ့ပြီ ဖြစ်သော်လည်း နောက်အိမ်ထောင် မထူထောင်ဘဲ မိတဆိုးသားငယ် မောင်သက်ထားကိုသာ ယုယပိုက်ထွေးလာခဲ့သူ ဖြစ်သည်။ ယခု သူ အသက်တမျှချစ်သော သားကို တစ်ပါတည်း ခေါ်ကာ အိုးအိမ်ပစ္စည်းကို စွန့်ပစ်ပြီး တိုင်းပြည်အတွက် အသက်ပေးတော့မည် ဖြစ်သည်။

ဦးရန်ဝေး၏ ရောင်းရင်းတစ်စုကလည်း ဦးရန်ဝေးစိတ်မျိုးပင် ဖြစ်သည်။ ထို့ကြောင့် သူတို့အားလုံးသည် တစ်စိတ်ဝမ်း တစ်လက်ညီဖြင့် ဗိုလ်ဝင်ခံနေသော ဗိုလ်မှူးကြီး ရှိရာ စစ်စခန်းသို့ ဆောလျင်စွာ ထွက်ခွာလာခဲ့ကြသည်။

မောင်သက်ထားကား ဘာကိုမှ လေးလေးနက်နက် မတွေးမိ၊ မသိနိုင်၊ ပျော်ရွှင်စွာ ကစားနေရာမှ အထုပ်အပိုးဖြင့် ဖခင်က လက်ဆွဲခေါ်ရာကို ဘုမသိ ဘမသိအဖြစ်မျိုးဖြင့် လိုက်လာခဲ့ရသည်။

"ငါ့သား အသက် မငယ်တော့ဘူး၊ ၁၅ နှစ်ဆိုတဲ့ အရွယ်ဟာ စိတ်သဘော အတော်အသင့် ခိုင်မာနေပြီ။ ငါတို့ ဗမာ့အာဇာနည် မင်းရဲကျော်စွာဆိုတာ အသက် ၁၅ နှစ်သားမှာ စစ်တပ်ကြီး တစ်တပ်ကို ကောင်းကောင်း အုပ်ချုပ်နိုင်ခဲ့တယ်။ တိုက်ပွဲကို ကောင်းကောင်းတိုက်လာနိုင်ခဲ့တယ်။ ဒါကြောင့် ငါ့သားလည်း မင်းရဲကျော်စွာလို စိတ်မျိုး ထားစမ်း"

ဟူသော စကားဖြင့် အစပျိုးကာ ဦးရန်ဝေးသည် သားဖြစ်သူကို ဗမာပြည်အခြေအနေ ပြောပြပြီး တော်လှန်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် သွင်းပေးလိုက်သည်။ ဘာကိုမှ လေးလေးနက်နက် မတွေးခဲ့ဘဲ ပျော်ပျော်ရွှင်ရွှင် ကစားလာခဲ့သော မောင်သက်ထား၏ ဦးနှောက်ထဲမှာ ဖခင် ဦးရန်ဝေး သွင်းပေးလိုက်သော မျိုးချစ်စိတ်၊ တော်လှန်ရေးစိတ်တွေက အလုံးလိုက် အခဲလိုက် ဝင်သွားသောအခါ မောင်သက်ထားသည် ကလေးလို ကစားနေချင်သော စိတ်မျိုး ပျောက်သွားပြီး မျိုးချစ်စိတ် ဝင်လာသည်။



ထို့ကြောင့် ဖခင်ထံမှ ဓားခုတ်၊ လှံထိုး အတတ်ကို ကျွမ်းကျင်အောင် သင်ကြားပြီး သူနှင့် သင့်လျော်မည့် တိုက်ပွဲတွေမှာ ရဲရဲဝံ့ဝံ့ ပါဝင်တိုက်ခိုက်သည့် အခြေသို့ ရောက်လာသည်။

မည်မျှပင် မျိုးချစ်စိတ်ထက်သန်သူ ရှိစေကာမူ၊ မည်မျှပင် တော်လှန်ရေးစိတ်ဓာတ် ပြင်းထန်သူ ရှိစေကာမူ အသားထဲက ဖောက်ထွက်သော လောက်ကောင်က ပေါ်လာစမြဲ ဖြစ်သည့်အတိုင်း နယ်ချဲ့မျက်နှာဖြူကို လူအင်အား၊ လက်နက်အင်အားဖြင့် မယှဉ်ပြိုင်နိုင်တော့ဘဲ အရေးရှုံးနိမ့်လာချိန်မှာ သစ္စာဖောက်လိုသူက ပေါ်လာခဲ့သည်။

နယ်ချဲ့ကပေးမည့် ရာထူးဆုငွေကို မျှော်ကိုး မက်မောလာကြသည်။ အချင်းချင်း စိတ်ဝမ်းကွဲလာကြသည်။ အနေအစား ဆင်းရဲမခံနိုင်ကြတော့သောကြောင့် စိတ်ဓာတ် ကျဆင်းလာကြသည်။ သို့ဖြင့်ပင် ဦးရန်ဝေးတို့အင်အားစုသည် တဖြည်းဖြည်း အားနည်းပြိုကွဲလာရာမှ မောင်သက်ထား အသက် ၂၀ ထဲဝင်သော နှစ်မှာ ဖခင်ဦးရန်ဝေး တိုက်ပွဲမှာ ကျဆုံးသည်။ လူစုကွဲပြီး ကစဉ့်ကလျားဖြစ်ကာ နယ်ချဲ့လက်ထဲ ရောက်သူကရောက်၊ သေသူက သေ၊ ပြေးသူက ပြေး၊ ကိုယ့်ရပ်ရွာကိုယ် ရုပ်ဖျောက်ပြန်ပြီး မထင်မရှား နေထိုင်လုပ်ကိုင်စားသူက စားဖြင့် ဝါးအစည်းပြေသလို ကြေကွဲဖွယ်ရာဖြင့် သစ္စာဖောက်တို့လက်ချက် မိသူကမိဖြင့် တော်လှန်ရေးလုပ်ငန်းကြီး ပျက်စီးသွားသောအခါ မောင်သက်ထားသည် အကြီးအကျယ် စိတ်ဓာတ်ကျသွားရှာသည်။

ဖခင်ကလည်း မရှိတော့၊ နောက်လှည့်ကြည့်၍မှ အရိပ်မမြင်နိုင်အောင် ဖြစ်လာသောအခါ နှမ်းတစ်လုံးတည်းနှင့် ဆီထွက်အောင် ကြိတ်၍ မဖြစ်နိုင်တော့သော တော်လှန်ရေးဆောင်ရွက်ချက်များကို ပြည်ဖုံးကားချလိုက်ပြီး နောက်ဆုံး သူတစ်ယောက်တည်း ကျန်တော့သော တော်လှန်ရေးစခန်းပျက်ကြီးကို စွန့်ခွာလာခဲ့သည်။ ထိုအချိန်မှာ မောင်သက်ထား လက်ထဲတွင် ဖခင်က အမွေအနှစ်အဖြစ် ပေးထားခဲ့သော သူကောင်းပြု ကျောက်စီရွှေလက်[illegible]ရီးနှင့် ဓားတစ်ချောင်း၊ ထည်စိုထည်လဲ အဝတ်နှစ်စုံမျှသာ ရှိတော့သည်။

လှသံသူသံ ဆိတ်သုဉ်းနေပြီဖြစ်သော ကြေကွဲဖွယ်ရာ [illegible]သည့် တော်လှန်ရေးစခန်းပျက်ကြီးကို စွန့်ခွာလာခဲ့ရသော်လည်း [illegible]ထားသည် ဘယ်ကိုသွားရမည် မသိနိုင်ဘဲ ဖြစ်နေသည်။ [illegible] ရှိသောကြောင့် ယခုလိုအဖြစ်မျိုးနှင့် ဆွေမျိုးများထံကိုလည်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့လက်ထဲ အဖမ်းခံကာ အချုပ်ထဲသွားဖို့ကိုမူ လုံးဝ စိတ်မကူးမိ။ စိတ်နောက်နောက်ဖြင့် ခြေဦးတည့်ရာ ထွက်ခွာလာခဲ့ရာမှ တဖြည်းဖြည်းနယ်ထဲကာ ရခိုင်ရိုးမတောင်တန်းကြီးဆီသို့ ရောက်လာခဲ့သည်။

မောလည်းမော၊ ဆာလည်း ဆာ၊ အစာရေစာ ရနိုင်မည့် အခြေအနေကို ရှာဖွေကြည့်ရှုသောအခါ နက်ခေါင်လှသော တောကြီးအတွင်းမှာ လူနေအိမ်ခြေ ရှိလိမ့်မည်ဟု မမျှော်လင့်နိုင်အောင် စိတ်အားကို လျှော့မိသည်။ ထိုအချိန်ကလည်း ညနေစောင်းကို လှနေပြီဖြစ်သောကြောင့် နက်ခေါင်လှသော တောကြီးထဲမှာ သားရဲတို့ဘေးမှ ကင်းဝေးရန် ခိုလှုံစရာကို အရေးတကြီး ရှာရသည်။ တော်တော်မြင့်မားသော သစ်ပင်ကြီးတစ်ပင်ကို အိပ်စက်နေနားစရာအဖြစ် ရွေးချယ်လိုက်သည်။ ဓားကို ဓားအိမ်ထဲ သေချာစွာ ထည့်ပြီး လွယ်ကြိုးကို ခိုင်အောင်ပြုပြင်၍ စလွယ်သိုင်းလွယ်ကာ သစ်ပင်ကြီးပေါ်သို့ တက်လိုက်သည်။ အမြင့်ဆုံးခွဆုံကို ရွေးပြီး နေရာတကျ နေမိသောအခါမှ အမြင့်က စီးပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ မောင်သက်ထား၏ ဝမ်းမြောက်မှုကား အတိုင်းမသိ ဖြစ်သွားသည်။

တော်တော်ဝေးဝေးတစ်နေရာမှာ သစ်ပင်အုပ်ထဲမှ ထွက်ပြူနေသော တဲတစ်လုံး၏ ခေါင်မိုးအစွန်းလေးကို လည်းကောင်း၊ တလူလူထွက်နေသော မီးခိုးလေးကို လည်းကောင်း မြင်လိုက်ရသည်။ ဝမ်းသာသော်လည်း အလျှင်စလို သွား၍ သင့်တော်ပါမည်လားဟု စဉ်းစားလိုက်မိသည်။ မိတ်ဆွေ သဘောမျိုး ဆက်ဆံ၍ရလျှင်ကား မထောင်းတာ၊ ရန်သူဖြစ်နေလျှင် ကျားရှေ့ချော်လဲသူ ဖြစ်နေမည်ဟု တွေးမိသည်။ ထို့ကြောင့် ဤတစ်ည ဤသစ်ပင်ပေါ်မှာပင် ခိုလှုံနေပြီး အခြေအနေကို စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

တစ်ညလုံး မည်သို့မျှ အကြောင်းမထူးချေ။ သူမြင်နေရသော တဲခေါင်မိုးစွန်းလေးသည် ညအမှောင်ထဲမှာ ပျောက်ကွယ်နေခဲ့သည်။ လူသံသူသံ ဟူ၍လည်း ဘာမှ မကြားရ၊ မီးရောင်လည်း မမြင်ရ၊ သို့နှင့်ပင် နောက်တစ်နေ့ မိုးလင်းလာခဲ့သည်။

မောင်သက်ထားသည် သစ်ပင်ပေါ်မှ ဆင်းလာခဲ့ပြီး မြင်ခဲ့ရသော တဲရှိရာကို မှန်းကာ သတိကြီးစွာထားပြီး လာခဲ့သည်။ ဓားကို အိမ်မှချွတ်ပြီး အရေးရှိလျှင် အသင့်ဖြစ်စေရန် အလွတ်ကိုင်လာခဲ့သည်။ တဲအိမ်နား ရောက်သောအခါ ရပ်ပြီး အရိပ်အခြည်ကို စောင့်ကြည့်လိုက်၏။ သို့သော် လူသံ၊



သူသံ ဘာမှ မကြားရချေ။ ထို့ကြောင့် တဲနားကို ကပ်သွားသည်။ တဲကလေးကား ဖြစ်ကတတ်ဆန်း ထိုးထားသော မြေစိုက် တစ်ဖက်ယပ်တဲကလေးဖြစ်ပြီး တဲအတွင်း မြေကြီးပေါ်မှာ မီးငြိမ်းလုဖြစ်နေသော မီးဖိုလေးနှင့် တဲတစ်ဖက်ဝါးစင်ကလေးပေါ်တွင်ကား ပိန်ချုံးကြုံလှီနေသော အဘိုးအို တစ်ယောက် လဲလျောင်းနေသည်ကို တွေ့ရသည်။

ဘေးအန္တရာယ် မရှိကြောင်း သေချာစွာ သိလိုက်ရသောအခါ မောင်သက်ထားက ရဲရဲပင် တဲအတွင်းကို ဝင်သွားသည်။

လဲလျောင်းနေသော အဘိုးကြီးက ဦးခေါင်းငဲ့ပြီး ကြည့်လိုက်၏။ ထို့နောက် -

“မောင်ရင်က ဗမာလူမျိုးလား”

ဟု မေးသံကို ကြားလိုက်ရသော မောင်သက်ထားသည် ဝမ်းမြောက်စွာ ဟုတ်ကြောင်းပြောကာ အဘိုးကြီးအနားမှာ ရှိသေစွာ ထိုင်လိုက်သည်။ အဘိုးကြီးသည် အသက်က သိပ်ကြီးသေးဟန် မရှိချေ။ မောင်သက်ထား၏ ဖခင်အရွယ်သာ ရှိသေးသော်လည်း ဝေဒနာ ခံစားနေရသည့်ဒဏ်ကြောင့် ရုပ်ရည် ကျဆင်းနေခြင်းဖြစ်ကြောင်း မောင်သက်ထား အကဲခတ်လိုက်မိသည်။

“အဘ နေမကောင်းဘူးလား”

မောင်သက်ထားက အဘိုးကြီးလက်ကို ကြင်နာစွာ ဆုပ်ကိုင်ပြီး မေးသောအခါ အဘိုးကြီးက မောင်သက်ထားမေးသည်ကို မဖြေသေးဘဲ သူက မေးခွန်း ပြန်ပြီး မေးလိုက်သည်။

“မောင်ရင်- ဗမာဘုရင်မင်းမြတ် အမှုထမ်းလား”

မိုးကုတ်တွင်းထွက် ရတနာအစစ်များဖြင့် စီခြယ်ထားသော ဓားရိုးကိုကြည့်ပြီး မေးကြောင်း မောင်သက်ထားက သိလိုက်သည်။ အဘိုးကြီး မေးသည့်လေသံနှင့် သုံးနှုန်းသည့်စကားလုံးက ဗမာဘုရင်အပေါ် သစ္စာရှိသည့် လေသံနှင့် အသုံးအနှုန်း ဖြစ်ကြောင်း သိလိုက်သော မောင်သက်ထားလည်း လျှို့ဝှက်မနေတော့ဘဲ သူတို့ဖြစ်လာခဲ့ပုံကို ကုန်စင်အောင် ပြောပြလိုက်သောအခါ အဘိုးကြီးက ခံပြင်းခြင်း၊ မချိတင်ကဲဖြစ်ခြင်းဖြင့် တောက်ခေါက်လိုက်သည်။ ထို့နောက် သူသည်လည်း ဤသို့ပင် သူ့အပေါင်းအသင်း၊ သူ့အသိုင်းအရုံး၊ သူ့နည်းသူ့ဟန်ဖြင့် နယ်ချဲ့ကို တော်လှန်တိုက်ခိုက်နေရာမှ မောင်သက်ထားတို့ဖြစ်ပုံမျိုး ခံစားလာခဲ့ရသော မျိုးချစ်တော်လှန်ရေးသမားတစ်ယောက် ဖြစ်ကြောင်း ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုတော့ ငါ့အနေနဲ့ ဘယ်လောက်ပဲ အမျိုးနဲ့တိုင်းပြည်ကို ချစ်သေမယ့် မီးစာကုန်ဆီခန်း ဘဝကို ရောက်နေပါပြီ လူကလေး၊ ငါ့ဝေဒနာနဲ့ ငါ သေရတော့မှာပါ"

"အဘက ဖျားတာလား"

မောင်သက်ထားက မေးသည်။

အဘိုးကြီးက ဦးခေါင်းခါလိုက်၏။

"ဖျားတာမဟုတ်ဘူးကွဲ့၊ ဟောဒီမှာ ကြည့်"

အဘိုးကြီးက ပြောပြီး သူခြုံထားသော ညစ်နွမ်းစုတ်ပြတ်နေသည့် စောင်ဖြင့် ဖုံးထားသည့် ခြေရင်းတစ်နေရာကို လက်ဖြင့် ပြလိုက်သည်။ မောင်သက်ထားက စောင်ကို အသာအယာ လှစ်ကြည့်လိုက်သောအခါ ခြေထောက်တစ်ဖက်သည် ဒူးဆစ်ထိအောင် ရောင်ရမ်းပွရောင်းနေပြီး အပုပ်နံ့ ပင် ထွက်နေသည်ကို တွေ့ရသည်။

"ဘာဖြစ်တာလဲ အဘ"

စောင်ကို ပြန်ဖုံးပြီး မောင်သက်ထားက မေးသည်။

"ဆင်က ကျောက်တုံးနဲ့ ပစ်လိုက်တာလေ။ သူလိုက်လို့ ငါကပြေးတော့ ဆင်က ငါ့နောက်ခပ်လှမ်းလှမ်းကနေပြီး ကျောက်တုံးတစ်တုံးနဲ့ ကောက်ပေါက်လိုက်တာ ခြေထောက်ကို တည့်တည့်မှန်သွားတယ်။ အသက်အေးကြောင့် ပြေးရင်းလွှားရင်း သွေးက ပူနေတော့ သေမှာကြောက်တဲ့စိတ်နဲ့ အတွင်သာ ပြေးလာခဲ့တော့ နာမှန်း မသိခဲ့ဘူး၊ ဆင်ရန်က လွတ်ပြီး ငါ့တဲလေးကို ပြန်ရောက်လာတော့မှ ခြေထောက်ဟာ ထောက်မရအောင် နာလာတယ်။ အတွင်းကြေ ကြေသွားတယ် ထင်ပါရဲ့ လူကလေးရယ်၊ နာရက်နဲ့ ပေဘောနေရာက တဖြည်းဖြည်း ဆိုးလာပြီး လုံးလုံး ခြေကို သယ်လို့မရတော့တဲ့ အဖြစ်ကို ရောက်သွားတယ်။ ခြေတစ်ဖက် တရွတ်ဆွဲနဲ့ အားတင်းနေရာက လွန်ခဲ့တဲ့ လေးရက်လောက်ကစပြီး လုံးလုံးသား ထလို့မရတော့ဘဲ ဖြစ်သွားပြီလေ။ သစ်သီးဝလံ မရှာနိုင် မဖွေနိုင်တော့ဘဲ အစာငတ်ခဲ့တယ်။ သွားရမယ့်အတူတူ မြန်မြန်သွားရတော့လည်း ဝဋ်ကျွတ်တာပေါ့လေ"

အဘိုးကြီးက ပြောပြီး မောသွားဟန်ဖြင့် နားနေလိုက်သည်။

"ကျွန်တော် မီးထပ်ထည့်လိုက်မယ်၊ ဝါးကျည်တောက်နဲ့ ရေနွေးကျိုမယ်၊ အဘအနာကို ရေနွေးနဲ့ဆေးပြီး အနာသက်သာအောင် ရေနွေးအုပ်ပေးမယ်နော်"



မောင်သက်ထားက ကြင်နာစွာပြောသော်လည်း အဘိုးကြီးက ဦးခေါင်းကို ခါပြသည်။

"မလုပ်နဲ့တော့ လူကလေး၊ လွန်နေပါပြီ၊ ငါ့အခြေအနေကို ငါ သိတယ်၊ အလွန်ဆုံးနေရလှမှ ဒီတစ်ညပေါ့"

သို့သော် မောင်သက်ထားက မနေစိမ့်နိုင်ဘဲ ထင်းခြောက်တွေ ရှာပြီး မီးထည့်သည်။ ဝါးကျည်တောက်ကြီးခုတ်ပြီး ရေနွေးတည်သည်။ ထို့နောက် အဘိုးကြီးအနာကို ရေနွေးဖြင့် ဆေးကြောပေးနေစဉ်မှာ အဘိုးကြီးက စကားဆက်ပြောသည်။

"ကျောက်ချဉ်နက် တောင်လေးတစ်လုံးကို ငါတွေ့ထားတယ်ကွဲ့"

အနာကို ဆေးကြောနေသော မောင်သက်ထားက ဦးခေါင်းကို ဆတ်ခနဲ မော့လိုက်သည်။ ၁၅ နှစ်သားအရွယ် ကစားနေရာမှ ဖခင်၏ပုံသွင်းမှုဖြင့် တော်လှန်ရေးစစ်သားကြီး ဖြစ်လာခဲ့ရသော မောင်သက်ထားသည် ကျောက်ချဉ်နက်ဆိုသော စကားကို မကြားဖူးသောကြောင့် အထူးအဆန်း ဖြစ်သွားသည်။

"ကျောက်ချဉ်နက်ဆိုတာ ဘာလဲ အဘ"

"ကျောက်ချဉ်ဆိုတာကော မင်း သိလား"

"ကျောက်ချဉ်ဆိုတာတော့ သိပါတယ်"

တိုင်းပြည်အေးချမ်းသာယာစွာ နေထိုင်ရစဉ်ကာလက နွေရာသီ အခါ သောက်ရေသုံးရေ သိုလှောင်ထားသည့် ရေအိုးကြီးများထဲတွင် ရေကြည်အောင် ထည့်ထားတတ်သည့် ကျောက်ချဉ်ကို မောင်သက်ထားက မြင်ဖူးခဲ့သောကြောင့် ကျောက်ချဉ် ဆိုသည်ကိုမူ သိနေသည်။

"ဟုတ်ကဲ့ အဘ၊ ကျောက်ချဉ်ကိုတော့ သိပါတယ်"

"အေး၊ အဲဒီကျောက်ချဉ်က အဖြူနော်၊ သူ့သတ္တိက အရသာချဉ်တယ်၊ ရေထဲထည့်လိုက်ရင် အနည်ထိုင်သွားပြီး ရေကြည်လာတယ်။ ခုတ်မသိုးဘဲ ရက်အသင့်အတင့်ကြာအောင် ခံစေချင်တဲ့ ပစ္စည်းထဲမှာ ကျောက်ချဉ်ကို သင့်သလို ထည့်ထားရင် မပုပ်မသိုးဘဲ ခံတယ်၊ ဆေးဖော်ရာမှာလည်း သုံးရတယ်။ အခု ငါ တွေ့လာခဲ့တဲ့ ကျောက်ချဉ်နက်က လူကလေး မြင်ဖူးတဲ့ ကျောက်ချဉ် ရိုးရိုးလို မဖြူဘူး။ နက်မှောင်နေတဲ့ အရောင်ရှိတဲ့ ကျောက်ချဉ်နက်ကွဲ့"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးစကားကြောင့် မောင်သက်ထားက စိတ်ဝင်စားလာသည်။

"ဟုတ်ကဲ့ ပြောပါ အဘ"

"ကျောက်ချဉ်နက်သတ္တုက အဖြူထက် ပိုပြီး စွမ်းတာပေါ့။ အင်မတန်လည်း ရှားပါးပြီး တွေ့ရခဲတဲ့ ပစ္စည်းမျိုးပဲ။ ဆံပင်ဖြူနေသူဟာ ကျောက်ချဉ်နက်ကို သွေးပြီး ဆံပင်ကို အုန်းဆီလိမ်းသလို လိမ်းလိုက်၊ ဆံပင်ဟာ ပကတိအတိုင်း နက်သွားတယ်။ ကျောက်ချဉ်နက် စိမ်ထားတဲ့ ရေကို မပြတ်သောက်ပေးရင် အရိုးအဆစ် မာတယ်၊ သွားတွေမကျိုးဘဲ ခိုင်ခံ့တယ်၊ သွေးသန့်တယ်၊ အနာတွေ မပေါက်ဘူး၊ တကယ်လို့ အနာရှိနေရင်လည်း ကျောက်ချဉ်နက်ရေကို သောက်ပေး၊ အနာကျက်သွားတာပဲ။ အအေးမိတဲ့ဒဏ်၊ အဖျားဒဏ်တွေကိုလည်း ကြံ့ကြံ့ခံနိုင်တယ်။ ဉာဏ်ရှိသလို သုံးကွယ် ...။ ကျောက်ချဉ်နက်ကတော့ တကယ်စွမ်းတာပဲ။ ယူရတာလည်း ခဲယဉ်းတယ်ကွဲ့။ ငါ တောထဲမှာ စားစရာလိုက်ရှာရင်း ကံအားလျော်စွာ ကျောက်ချဉ်နက်ကိုတော့ တွေ့လိုက်ရပါရဲ့၊ လက်ဝယ်ပိုင်ဆိုင်ဖို့ ကုသိုလ်မရှိတော့ ဆင်အလိုက်ခံရပြီး အခုလို ဖြစ်ရတာပဲ အဖတ်တင်တော့တယ်"

အဘိုးကြီး စကားပြောနေရင်းမှာပင် မောင်သက်ထားက အနာကို ဆေးကြောပြီးသွားသည်။ အဘိုးကြီးကို သနားသောကြောင့်သာ လုပ်ပေးနေသည်။ အနာအခြေအနေက မည်သည့်နည်းနှင့်မှ မကောင်းနိုင်တော့ဘဲ အဘိုးကြီးပြောသလို လွန်နေပြီဖြစ်ကြောင်း မောင်သက်ထားက သိသည်။

"ရေနွေးအုပ်မနေပါနဲ့တော့ကွယ်၊ လူကလေးလည်း ဆာလှရောပေါ့၊ ဟောဒီတဲကလေးက မြောက်ဘက်တည့်တည့်ကို သွား၊ ထမင်းအိုးတစ်လုံးချက်သာသာလောက် သွားမိရင် စင်ပြွမ်းပင်ကြီးတစ်ပင် တွေ့လိမ့်မယ်။ စင်ပြွမ်းပင်ကြီး ပင်စည် လူတစ်ရပ်ကျော်ကျော်လောက် မြင့်တဲ့နေရာမှာ သစ်ခေါင်းကြီးရှိတယ်။ သစ်ခေါင်းထဲမှာ ပျားအုံကြီး ရှိတယ်။ ပျားရည်ကတော့ အပြည့်ပဲ။ စားသာရုံလေး နှိုက်ယူရင် ပျားတွေက ရန်မမူပါဘူး။ သူတို့အုံကိုသာ မဖျက်ဆီးနဲ့၊ အဆာပြေစားစရာ အမြန်ဆုံးရတဲ့နည်းကတော့ ဒါပဲ ရှိတယ်၊ သွား လူကလေး"

အဘိုးကြီးက ပြောမှ သူဆာလောင်နေသည်ကို မောင်သက်ထားက သတိပြုမိတော့သည်။ ထို့ကြောင့် -

"ဟုတ်ကဲ့ အဘ၊ ကျွန်တော် အမြန်ဆုံးသွားပြီး အမြန်ဆုံး ပြန်လာခဲ့ပါ့မယ်၊ အဘစားဖို့ပါ ယူလာခဲ့ပါ့မယ်"



ဟု ပြောကာ အဘိုးကြီး လမ်းညွှန်လိုက်သည့်အတိုင်း ခြေလှမ်းကျက်သွက်ဖြင့် ထွက်လာခဲ့သည်။ စင်ပြွမ်းပင်ကြီးကို တော်တော်နှင့် ရှာမတွေ့သောကြောင့် အချိန် အတန်ငယ် လင့်သွားသည်။ အဘိုးကြီးစိတ်ပူနေမလား၊ ဆာလွန်းလို့ မျှော်နေရှာမှာပဲဟု မောင်သက်ထားက ကြင်နာစွာတွေးပြီး ဝါးရုံတစ်ရုံမှ ဝါးတစ်လုံးခုတ်ကာ ကျည်တောက်လုပ်ပြီး ပျားရည်ကို နှစ်ယောက်စာ တော်သင့်ရုံမျှ ယူပြီး ပြန်လာခဲ့သည်။

မောင်သက်ထား ရောက်လာသည့် အချိန်တွင်ကား တစ်မနက်ခင်းလုံး သူနှင့် စကားပြောလာခဲ့သော အဘိုးကြီးသည် သူ ပျားရည်သွားယူနေသည့် အချိန်လေးအတွင်းမှာပင် သေဆုံးနေခဲ့ပြီကို ဝမ်းနည်းစွာ တွေ့လိုက်ရသည်။

မောင်သက်ထားသည် ထိုနေရာမှာ ကြာကြာနေလိုသောစိတ် မရှိတော့ချေ။

"နေရစ်ပေတော့ အဘရေ၊ ဗမာပြည်နဲ့ ဗမာလူမျိုးတွေ ကျွန်ဖြစ်နေတဲ့ဘဝက အဘ ကျွတ်လွတ်သွားတာ ကောင်းပါတယ်"

မောင်သက်ထားသည် ကြေကွဲစွာ နှုတ်ဆက်စကားကို ပြောခဲ့ပြီး အဘိုးကြီး လဲလျောင်းနေရစ်ခဲ့ရာ တဲငယ်ကို စွန့်ခွာလာခဲ့သည်။ တော်တော်အေးဝေး တစ်နေရာရောက်မှ ကျောမှာ လွယ်ယူလာခဲ့သော ပျားရည်ကျည်တောက်ကို ဖြုတ်ပြီး ပျားရည်ကို သောက်လိုက်ရသည်။ အင်အား အတော်အသင့်ပြည့်တင်းပြီး လန်းဆန်းလာသောအခါမှ ကျန်သေးသော ပျားရည်နှင့်ကျည်တောက်ကို ကျောမှာ ပြန်လွယ်သည်။ လက်သုံးတော်မားကို လက်ကကိုင်ပြီး ခရီးဆက်လာခဲ့သည်။ ညနေစောင်း အချိန်လောက်တွင်ကား တောင်ကျမ်းရေ တသွင်သွင်စီးနေသော တောင်ကျချောင်းငယ်တစ်ခုရှိရာ တောင်ကြားဆားထဲကို ရောက်လာသည်။

ချောင်းကမ်းပါးနှစ်ဖက်ရှိ တောင်ကုန်းများကား မြေတောင်ကုန်းမျှားမဟုတ်ကြ၊ ကျောက်တောင်ကုန်းများသာ ဖြစ်နေသည်ကို တွေ့ရသည်။ မှောင်တော့မည်ဖြစ်ရာ မောင်သက်ထားထားအဖို့ ဘေးကင်းရန်ကင်း နိုင်ခိုင်စက်စရာ နေရာကို အရေးတကြီး ရှာရလေသည်။

ရေရှိသောနေရာ ဖြစ်ခြင်းကြောင့် နေဝင်လျှင် တောကောင်သားရဲကြီးများ ရေသောက်ဆင်းတတ်ကြသည်။ သားကောင် ရှောင်တတ်ကြ

www.burmeseclassic.com



သည်။ ထို့ကြောင့် မောင်သက်ထားက ဘေးကင်းရာကို ရှာနေရခြင်း ဖြစ်သည်။ စမ်းချောင်းနှင့် ခပ်လှမ်းလှမ်းမှာ သစ်ပင်မြင့်ကြီးတစ်ပင်ကို တွေ့လိုက်ရသောအခါ မောင်သက်ထားက ရေကို ကပျာကသီ အဝသောက်လိုက်ပြီး သစ်ပင်ပေါ် တက်လာခဲ့ရသည်။ သစ်ပင်ပေါ်ရောက်မှ ကျန်နေသေးသော ပျားရည်လေးကို သောက်ကာ သစ်ကိုင်းခွဆုံ ကောင်းကောင်းတွင် လိမ့်မကျရန် အနေအထားဖြင့် စိတ်ချလက်ချ နေလိုက်ရသည်။

စိတ်ပန်းကိုယ်မောဖြင့် မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိ။ သူအိပ်နေသော သစ်ပင်ကြီးသည် တစ်ချက် တစ်ချက် သိမ့်သိမ့်ခါအောင် တုန်လှုပ်သွားသောအခါမှ မောင်သက်ထားက အိပ်ရာမှ နိုးလာသည်။ သစ်ပင်အောက်ကို ငုံ့ကြည့်လိုက်သောအခါ သူ့အဖို့ ဘေးကင်းကြောင်း သိရ၍ ကြောက်ရွံ့စိုးရိမ်စိတ် မရှိသော်လည်း များစွာ အံ့ဩသွားမိသည်။ အချိန်ကား နံနက် မိုးစင်စင်လင်းနေပြီဖြစ်ကြောင်း သိရသည်။

စမ်းချောင်းကမ်းပါးတွင် ဆင်တစ်အုပ်သည် ပျော်ရွှင်စွာ ရေကစားနေကြသည်ကို တွေ့ရသည်။ တောဆင်ရိုင်းတွေဖြစ်သော်လည်း သူတို့အချင်းချင်း အသင်းနှင့် သူတို့ သဘာဝ ပျော်ရွှင်နေကြသည်မှာ ကြည့်၍ကောင်းလှသည်။ ဆင်သုံးလေးကောင်ကမူ မောင်သက်ထား ရှိနေသော သစ်ပင်ကြီးကို ကျောဖြင့် ပွတ်လိုက်၊ ဦးကင်းဖြင့် ပွတ်လိုက် လုပ်နေသောကြောင့် သစ်ပင်ကြီး သိမ့်သိမ့်ခါနေ၍ မောင်သက်ထား အိပ်ရာကနိုးခြင်း ဖြစ်သည်။ ဆင်တွေက သစ်ပင်ပေါ်မှာ မောင်သက်ထား ရှိနေသည်ကို မသိကြချေ။ သူတို့ ကျောယား ဦးကင်းယားခြင်းကို အယားဖျောက်နေကြခြင်း ဖြစ်ဟန်တူသည်ဟု မောင်သက်ထား အမှန်အတိုင်းပင် တွေးမိသည်။

ဆင်တွေကို စိတ်ဝင်စားစွာ ကြည့်နေသော မောင်သက်ထားသည် ပထမသော် အမှုမဲ့၊ အမှတ်မဲ့ပင် ကြည့်ကောင်းကောင်းရှိသည်နှင့် ကြည့်နေရာမှ ဆင်တွေ၏ အပြုအမူတွေကို ကြည့်ရင်း သတိထားမိလာသည်။ စမ်းချောင်းကမ်းပါး နှစ်ဖက်တွင်ကား ကျောက်တောင်ကုန်းလေးများသာရှိ၍ တစ်ခုနှင့်တစ်ခုသည် သေသေချာချာ မကြည့်လျှင် ခွဲမရအောင် အရွယ်အစား ပုံသဏ္ဍာန်ရော တူညီလှသည် ဆင်တူယိုးမှားလေးတွေ ဖြစ်သည်။ အရောင်ကလည်း အားလုံးပင် ရာသီဥတုဒဏ်ကြောင့် မည်းညစ်နေသော ကျောက်တုံးများသာ ဖြစ်သည်။ သို့သော် ဆင်တူယိုးမှားဖြစ်နေသော ကျောက်တုံးအထဲမှ တစ်ခုသော ကျောက်တုံးကို ဆင်တွေသည် တစ်ကောင်ပြီးတစ်ကောင် ထူးထူးခြားခြား ပြုမူနေကြသည်ကို မောင်သက်ထား တွေ့နေရသည်။



သူတို့သည် စမ်းချောင်းထဲကရေကို နှာမောင်းဖြင့် စုပ်ယူလာခဲ့ကြသည်။ တစ်ခုသော ကျောက်တုံးကို နှာမောင်းထဲမှာ စုပ်ယူလာသောရေဖြင့် ပန်းလိုက်ကြသည်။ ကျောက်တုံးကို ရေဆေးနေကြသလားဟုပင် မောင်သက်ထား ထင်လိုက်မိ၏။ သို့သော် ကျောက်တုံးပေါ်က စီးကျလာသော ရေကို ဆင်ကြီးတွေကလည်း မြတ်မြတ်နိုးနိုး ပြန်သောက်ကြသည်။ ဆင်ကလေးတွေကလည်း ရေစီးကျမည်ကို စောင့်ကာ အလုအယက် သောက်ကြသည်။ ကျောက်တုံးခြေရင်းတွင်ကား မည်သည့်အချိန်လောက်ကစပြီး ဆင်တွေ နင်းနယ်ထားသည် မသိ၊ မြေကြီးသည် တလင်းပြင်ပမာ ညီညာပြန့်ပြူးပြီး ကျောက်ပြင်ကဲ့သို့ မာနေခြင်းကြောင့် ရေစီးကျသော်လည်း ဗွက်မပေါက်ဘဲ ရေအိုင်နေသည်။ ထို့ကြောင့် စီးကျလာသော ရေကို ဆင်ကလေးတွေက စောင့်ပြီး သောက်နိုင်ကြခြင်း ဖြစ်သည်။

ဆင်ကြီးတွေက ရေကိုလည်း သောက်သည်။ ကျောက်တုံးကိုလည်း လျက်ကြသည်။ ဆင်တွေ အားပါးတရ ကျောက်တုံးကို စိတ်တိုင်းကျပြုလုပ်ကြပြီး ဆင်အုပ်ကြီး ထွက်သွားသောအခါ မောင်သက်ထားက သစ်ပင်ပေါ်အဆင်းရန် ဟန်ပြင်လိုက်သည်။ သို့သော် မောင်သက်ထား မဆင်းနိုင်ခင်မှာ ကျားမောင်နှံ တစ်စုံ ရောက်လာကြပြီး ကျောက်တုံးကို အားပါးတရ လျှာဖြင့် လျက်ကြပြန်သည်။

"ဘာကျောက်တုံးများပါလိမ့်"

မောင်သက်ထားက အံ့ဩစွာတွေးပြီး ကျားမောင်နှံ ထွက်သွားပြီး တော်တော်ကြာသည့်တိုင်အောင် မည်သည့်အကောင်မှ မရောက်လာသောအခါ သစ်ပင်ပေါ်က ဆင်းလာခဲ့ပြီး ကျောက်တုံးကို သေသေချာချာ ကြည့်လိုက်သည်။ ထိုအခါမှ မောင်သက်ထားသည် ထိုကျောက်တုံး၏ ထူးခြားချက်ကို တွေ့လိုက်ရသည်။

သစ်ပင်ပေါ်က သူကြည့်ခဲ့စဉ်က ကျောက်တုံး၏ အရောင် မည်းညစ်နေသည်ကို အခြားကျောက်တုံးများလိုပင်ဟု သာမန်မျှ ထင်ခဲ့သည်။ ယခု အနီးကပ်ပြီး သေသေချာချာ ကြည့်ရသောအခါမှ အခြားကျောက်တုံးတွေ မည်းနေသည်က ရာသီဥတုဒဏ်ကြောင့် လည်းကောင်း၊ ရေညှိများ

www.burmeseclassic.com



ကျောက်ချေးများကြောင့် လည်းကောင်း ပေရေ မည်းညစ်နေသည်။ ထူး သော ထိုကျောက်တုံးကား ကြေးညှော်မတင်၊ စင်ကြယ်စွာဖြင့် နဂိုကျော သားက မည်းနေခြင်း ဖြစ်ကြောင်း တွေ့မြင်ရသည်။ စင်စစ် နက်မှောင် သော ထိုကျောက်တုံးသည် အဖုအထစ်မရှိ ချောပြောင်နေသည်။ တစ်ခု နေရာတွင်ကား လက်လေးသစ်မျှ ကျောက်စွန်းလေးသည် ချွန်ထွက်နေသ ထိုကျောက်စွန်းလေးကို မောင်သက်ထားက ကိုင်ကြည့်လိုက်သောအခါ သည် ချမ်းမြေ့အေးစိမ့်သော အတွေ့ကို ခံစားလိုက်ရသည်။

သေချာစွာ ကြည့်ရင်းပင် မောင်သက်ထား အံ့ဩရပြန်သေ ကျောက်စွန်းလေးသည် နက်မှောင်နေသော်လည်း တစ်ဖက်နှင့် တစ်ဖက် တိုးလျှိုပေါက် မြင်နေရသည်။ အနက်ရောင်ပိတ်စတစ်စကို အလင်းရောင် ထောင်ကြည့်လိုက်လျှင် တစ်ဖက်ကို လှမ်းမြင်နေရသည့် ပုံသဏ္ဌာန်မျိုး နေသည်ကို တွေ့ရသည်။ ကျောက်သားထဲတွင် အစင်းတွေ ထင်နေသည် လည်း မြင်ရသည်။

"တော်တော့်ကို ထူးခြားတဲ့ ကျောက်နက်ပါလား။ တိရစ္ဆာန်ရေ စုံစုံမက်မက် ရေဆေးသောက်ကြ၊ လျှာနဲ့လျက်ကြ လုပ်နေတာ ဘယ် အရသာမျိုး ဖြစ်နေလို့ပါလိမ့်"

မောင်သက်ထားက တွေးပြီး သန့်ရှင်းပြောင်စင်နေသော ကျော စွန်းလေးကို ဦးခေါင်းငုံ့ပြီး လျှာဖြင့် လျက်ကြည့်လိုက်သည်။ ရှူးရှူးဝါး ချဉ်သောအရသာကို မြည်းမိလျက်သား ဖြစ်သွားသည်။ ချဉ်လွန်းသော်လည် တံတွေးကို မောင်သက်ထားက မထွေးမိဘဲ မျိုချလိုက်မိသည်။ ထိုအ ခံတွင်းထဲမှာ ရှင်းရှင်းလင်းလင်း ဖြစ်သွားသည်ကို သိသိသာသာ ခံစားလိုက် ရသည်။

"ဟိုက်၊ အဘိုးကြီးပြောပြသွားခဲ့တဲ့ ကျောက်ချဉ်နက်ပါလား"

မောင်သက်ထားသည် ကျောက်ချဉ်နက်မှန်း သိသည်နှင့် တစ် နက် အဘိုးကြီး ဘာကြောင့် ဆင်နှင့်တွေ့လာပြီး ဆင်လိုက်ခံရသည် သဘော ပေါက်လိုက်သည်။

"ဒါလောက် တွေ့ခဲ၊ ရခဲလှတဲ့ ကျောက်ချဉ်နက်သိုက်ကို တွေ့ နေရပြီပဲ။ ယူနိုင်သလောက် ယူသွားပြီး အဘိုးကြီးပြောခဲ့သ ဉာဏ်ရှိသမျှ သုံးမယ်။ အောက်ပြည်အောက်ရွာသွား ဓာတ်မြှုပ်နေ ကျောက်ချဉ်နက်နဲ့ ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားနေတော့မယ်"



မောင်သက်ထားသည် ဝမ်းသာစွာ တွေးပြီး လက်ထဲက ဓား ကျောက်စွန်းလေးကို ဓားနှောင့်ဖြင့် ထုချိုးလိုက်သည်။ ကျောက်စွန်းလေးကား အရာပင် မထင်။ ပွဲတိုင်းအောင်လာခဲ့သော ကျောက်စီ လက်ကိုင်ရိုးနှင့် ဓားကား နမြော ဝမ်းနည်းစရာကောင်းအောင်ပင် ထက်ပိုင်း ကျိုးသွားလေတော့သည်။

မောင်သက်ထားသည် ဓားကျိုးသွားသည်ကို သူ့လက်ကျိုးသွားသည် သို့ စိတ်ထဲမှာ ခံစားလိုက်ရသည်။ ဓားကျိုးကို နေရာမပျက် ဓားအိမ်ထဲ ပြန်ထည့်လိုက်ပြီး ကျောက်တုံး ခပ်ကြီးကြီး တစ်တုံးကို ကောက်ယူကာ ကျောက်စွန်းလေးကို ထုချိုးလိုက်ပြန်သည်။ ထုလိုက်သော ကျောက်သာ မှုံ့ သွားသည်၊ ကျောက်ချဉ်နက် ကျောက်တုံးလေးကား အရာပင် မထင်ချေ။

ကျောက်တုံးကြီးကြီးတစ်ခုကို ကောက်ယူပြီး ထုလိုက်ပြန်သည်။ လက်တစ်ဆစ်သာသာ အစလေးနှစ်ခုသာ စဉ်ထွက်လာပြီး ထုလိုက်သော ကျောက်တုံး ကွဲသွားသည်။ ပွဲပြီး စဉ်ထွက်လာသော အစလေးနှစ်ခုကို မောင်သက်ထားက မြတ်နိုးစွာကောက်ယူပြီး အပေါ်ဝတ်အင်္ကျီထဲမှာ သေချာ စွာ ထည့်ထားလိုက်သည်။ ထို့နောက် ကျောက်တုံးတွေကောက်ပြီး ကြိုးစား အားထုတ် ထုပါသော်လည်း လူကသာ လက်မသယ်ချင်အောင် မောလာသည် ကျောက်ချဉ်နက်တုံးကြီးကား ဖြုံပြင် မဖြုံချေ။

ကျောက်ချဉ်နက်ပွဲထွက်ရေးကို မောင်သက်ထားက ဤနေ့အဖို့ လက်လျှော့လိုက်ပြီး တောရိုင်းတိရစ္ဆာန်တွေ ရောက်လာမည့် ဘေးကလည်း ရှောင်ရင်း စားသောက်စရာလည်း ရှာဖွေရင်း ထိုနေရာမှ ထွက်လာခဲ့သည်။

စားကောင်းသည့် အသီးအနှံဟူ၍လည်း ဘာမှ မတွေ့ရ။ ရေငတ် ရင်း ကျောက်ချဉ်နက်တုံးတစ်ခုကို ပါးစပ်ထဲ ထည့်ပြီး မြုံလိုက်ရင်း၊ မော လွန်းမက မောလာရင်း ကျောက်ချဉ်နက်တုံးလေးကို ပါးစပ်ထဲ ထည့်ငုံလိုက် ရင်းဖြင့် တဖြည်းဖြည်း နယ်ကျွံသွားသည်။ သူရောက်နေသော နေရာသည် ကျောက်ချဉ်နက်တုံးကြီးရှိရာကို သွားသည့် ဆင်ရိုင်းတို့၏ လမ်းဖြစ်နေကြောင်း သိရသည်တွင် မောင်သက်ထား တောရိုင်းဆင်အုပ်ဘေးမှ ကင်းဝေးစေရန် လေအောက်ဘက်ကျပြီး လုံခြုံသောနေရာကို ဆောလျင်စွာရှာပြီး ခိုလှုံနေ လိုက်ရသည်။ ဖွဲ့မရသည့် ကျောက်ချဉ်နက်တုံးကြီး ရှိရာ မပြန်တော့ဘဲ အ သို့သာ ခရီးဆက်လာခဲ့ပေသည်။

နောက်တစ်နေ့တွင် မောင်သက်ထားသည် အစာအာဟာရ ဆာမွတ် သည်ကလွဲပြီး မောပန်းခြင်း၊ အားအင်ကုန်ခန်းခြင်းဟူ၍ ဆိုးဆိုးဝါးဝါး မရှိ

www.burmeseclassic.com

www.burmeseclassic.com



ချေ။ ကျောက်ချဉ်နက်တုံးလေးကို ပါးစပ်ထဲမှာ ငုံခါစကမှ ချဉ်လွန်းသဖြင့် ရှုံ့မဲ့ခဲ့ရသည်။

ထို့နောက်တွင်ကား အကျင့်ရသွားသောကြောင့် ချဉ်သည်ကိုပင် သတိမထားမိတော့ချေ။ အစာရေစာ တွေ့နိုးနိုး၊ လူနေအိမ်ခြေ တွေ့နိုးနိုးဖြင့် ခြေဦးတည့်ရာ လျှောက်သွားနေရာမှ တောတွင်းတစ်နေရာမှ ရွာသိမ်ရွာငယ် လေးတစ်ခုကို ဝမ်းမြောက်စွာ တွေ့လိုက်ရသည်။ ရွာသူရွာသားတွေက ဗမာ လူမျိုးတွေပင် ဖြစ်သော်လည်း ချောင်ကျလှသော ထိုရွာကလေးမှာ နေထိုင် သူတွေသည် တိုင်းရေးပြည်ရေး အခြေအနေကို ဘာမှ မသိကြသောသူတွေ ဖြစ်ကြောင်း မောင်သက်ထား သိရသည်။

မောင်သက်ထားကိုယ်တိုင်ကလည်း ဖခင်ခေါ်လာခဲ့၍ တော်လှန် ရေးမှာ ပါဝင်တိုက်ခိုက်ခဲ့ပြီး ယခုအခြေအနေ ရောက်လာသည့်တိုင်အောင် တောထဲမှာသာ ကျင်လည်ခဲ့ရသည်ကြောင့် အပြင်လောကမှာ ဘာတွေဖြစ်နေ သည်ကို လုံးစေ့ပတ်စေ့ မသိနိုင်ချေ။ ထို့ကြောင့် ထိုရွာကလေးမှာ အချိန် အတန်ကြာ ခိုနားနေပြီး ထွက်လာခဲ့ပြန်သည်။

ထိုရွာမှ ထွက်လာခဲ့သောအခါ လူနေအိမ်ခြေကို အဆက်မပြတ် တွေ့လာခဲ့ခြင်းဖြင့် မောင်သက်ထားအဖို့ သွားရေးလာရေးလည်း မခက် တိုင်းရေးပြည်ရေးကိုလည်း သိတန်သလောက် သိလာခဲ့သည်။ သို့နှင့်ပင် ကြုံရာ ကျပန်းအလုပ်ကို လုပ်ကိုင်စားရင်း မင်းဘူးကို ရောက်လာခဲ့၏။

■

ဘုန်းတော်ကြီးအိုက စကားပြောခြင်းကို ရပ်နားလိုက်ပြီး ရေတစ် ခွက် ကပ်နိုင်းသဖြင့် ကပ္ပိယ လူရွယ်က ရေတစ်ခွက် ကပ်လိုက်သည်။ ရေ သောက်ပြီးသောအခါ ခေတ္တမျှ နားနေပြီးမှ ဆက်လက် မိန့်ကြားတော်မူသည်။

"အဲဒီအချိန်က မင်းဘူးဟာ မြို့မဟုတ်သေးဘူးကွဲ့၊ တံငါရွာကလေး တစ်ရွာအဖြစ်နဲ့ပဲ မထင်မရှား ရှိနေတယ်။ မင်းဘူးမှာ ငါနေပြီး ရရာအလုပ် ကို လုပ်ကိုင်စားနေချိန်မှ အထက်မြန်မာနိုင်ငံ အခြေအနေဟာ တော်တော် အေးချမ်း ငြိမ်သက်နေပြီလေ။ တစ်နေ့တော့ တံငါရွာကလေးကို မလာစဖူး သင်္ဘောတစ်စင်း လာဆိုက်ပြီး မျက်နှာဖြူအရာရှိကြီးကြီး သုံးယောက်နဲ့



နောက်လိုက် နောက်ပါ ကျွန်ခံလာကြတဲ့ ဗမာလေးယောက် ပါလာတယ်။ သူတို့က တောထဲမှာ ကျောက်ချဉ်နက်ကို လိုက်ရှာဖို့ဆိုကိုး။ ဒီတောတောင် ထဲမှာ ကျောက်ချဉ်နက်သိုက် ရှိတယ်ဆိုတာကို သူတို့ကို ဘယ်ဗမာလူမျိုးက များ သွားပြီး သံတော်ဦးတင်ထားတယ် မသိပါဘူးကွယ်၊ လမ်းသိတဲ့လူ လိုက်ပြရင် ဆုတော်ငွေများ ပေးမယ်ပေါ့၊ ဗမာစကားပြန်က ကြေညာတယ် လေ"

ဘုန်းတော်ကြီးက စကားရပ်ပြီး နားလိုက်ပြန်သည်။

မခင်ရွှေက အလိုက်သိစွာဖြင့် တိုက်တွန်းခြင်းမပြုဘဲ ဆိတ်ငြိမ်စွာ ဝင် နေလိုက်၏။ အမောပြေသလောက် ရှိသောအခါ ဘုန်းတော်ကြီးက စကား ဆက်လိုက်သည်။

ဘုန်းတော်ကြီး ဆက်လက်မိန့်ကြားသော စကားကို ကြားရခြင်းဖြင့် ဘုန်းတော်ကြီးသည် မည်မျှ မျိုးချစ်စိတ် ပြင်းထန်ခဲ့ကြောင်း၊ ဖြစ်နိုင်သည့် နည်းဖြင့် နယ်ချဲ့ကို လက်စားချေခဲ့ကြောင်း ထင်ရှားစွာ သိနိုင်သည်။

မျက်နှာဖြူနောက်မှ ပါလာသော ဗမာလေးယောက်သည် မျက်နှာဖြူ သခင်များ အားရအောင် မင်းဘူးတံငါရွာကလေးမှ ရိုးသားသော ရွာသူရွာ သား ဗမာအချင်းချင်း အာဏာပြလိုက်သည့်ဖြစ်ခြင်း၊ အော်လိုက် ငေါက်လိုက် သည့်ဖြစ်ခြင်း၊ လူ့ဝါးဝလိုက်သည့် ဖြစ်ခြင်း။

ကျောက်ချဉ်နက်သိုက်ရှိရာကို သိသူ ရှိ၊ မရှိ ရွာသူရွာသားတွေကို ဆင့်ခေါ် မေးမြန်းရာမှာ အသက် တော်တော်ကြီးနေပြီဖြစ်သည့် အဘိုးအို တစ်ယောက် ပါသည်။ အဘိုးအိုက မသိကြောင်း ဖြေရာမှာ မျက်နှာဖြူသခင် ကို ဘုရားဟူသော စကားလုံး ထည့်မပြောကောင်းလားဟူ၍ နောက်တော်ပါ ဗမာက မိုက်ရိုင်းစွာ တိုင်းထွာပြောဆို ကြိမ်းမောင်းသည်ကို ကြားမြင်ရ သော မောင်သက်ထားသည် သူ့စိတ်ကို ခိုင်မာစွာ ဆုံးဖြတ်လိုက်သည်။

ကျောက်ချဉ်နက်ရှိရာကို ကောင်းကောင်းသိကြောင်း ရဲရဲကြီးပြော သောအခါ စကားပြန်မှ တစ်ဆင့် သိရသော မျက်နှာဖြူကြီးများသည် ဝမ်းသာ အားရဖြင့် အကြောင်းစုံကို မေးသည်။ မောင်သက်ထားကလည်း သူကိုယ် တွေ့ ကျောက်ချဉ်နက် ကျောက်တုံးကြီးကို တွေ့ခဲ့ရကြောင်း တိကျစွာ ပြန် ပြောသည်။ သို့ဖြင့် မောင်သက်ထား ပြောစကား ဟုတ်သည် မဟုတ်သည် ကို သက်သေပြနိုင်းသောအခါ မောင်သက်ထားက သူယူလာခဲ့သော ကျောက်

www.burmeseclassic.com

www.burmeseclassic.com



ချဉ်နက် အပိုင်းအစ နှစ်ခုအနက် သူ့ပါးစပ်ထဲ ထည့်ရလွန်း၍ ငရုတ်ကောင်းစေ့ ခန့်မျှသာ ရှိတော့သော အစလေးကို ထုတ်ပြလိုက်ပြီး သူ့မှာ လက်နက်မရှိသောကြောင့် တွေ့လျက်နှင့် မည်သို့မျှ ယူ၍ မရခဲ့ကြောင်း ပြောပြသည်။

မျက်နှာဖြူကြီးသည် မောင်သက်ထား ထုတ်ပြသော ကျောက်ချဉ်နက် အစလေးကို သေချာစွာ မှန်ဘီလူးဖြင့် ကြည့်သည်။ ရေစိမ်ပြီး သူ့နောက်တော်ပါ ဗမာတစ်ယောက်ကို မြည်းသောက်ခိုင်းသည်။ ဘာမှမဖြစ်သောအခါမှ သူကိုယ်တိုင် သောက်ကြည့်သည်။ ကျောက်ချဉ်နက် အစစ်ဖြစ်ကြောင်း သေချာသွားသောအခါမှ မောင်သက်ထားကို လမ်းပြအဖြစ် လိုက်ရမည်ဟု အမိန့်တော်မြတ် ချမှတ်လိုက်သည်။

■

"အရှင်ဘုရားက ဘာကြောင့် လိုက်ပြရတာလဲ ဘုရား"

မသိလိုက်၊ မမီလိုက်၊ မမြင်လိုက်ရသော်လည်း မျက်နှာဖြူများကို မခင်ရွှေက ရွံရှာစက်ဆုပ်သော စိတ်ဖြင့် ဘုန်းတော်ကြီးကို လျှောက်ထားလိုက်သောအခါ ဘုန်းတော်ကြီးသည် လေးတွဲ့သောအသံဖြင့် ရယ်တော်မူလိုက်သည်။

"ဆရာမလေးရယ်၊ ငါ ဒါလောက် မထိုင်းသေးပါဘူးဟယ်၊ တို့တိုင်းပြည်ထဲက တန်ဖိုးဖြတ်မရတဲ့ ရတနာတစ်ပါးကို တို့တိုင်းပြည် လုယူတဲ့ သူခိုး၊ ဓားပြလက်ထဲ ကြည်ကြည်ဖြူဖြူ အပ်ပါ့မလား၊ ငါက သူတို့အားလုံးကို ခေါ်တော့ သွားတယ်လေ၊ ဒါပေမဲ့ ငါခေါ်သွားတဲ့လမ်းက ကျောက်ချဉ်နက်ရှိရာလမ်း မဟုတ်ဘူး၊ ကျောက်ချဉ်နက်ကြီးရှိရာကို အချိန်မှန်မှန် သွားတတ်တဲ့ တောဆင်ရိုင်းတွေလာမယ့် လမ်းကြောင်းကို တောဆင်ရိုင်းအုပ်လာချိန် မှန်းပြီး အချိန်ကိုက် ခေါ်သွားတာဟဲ့"

"တောဆင်ရိုင်းအုပ်နဲ့ တွေ့ကောလား ဘုရား"

"အေး၊ ငါ့ရည်မှန်းချက်ပေါက်တယ် ဆိုပါတော့။ ငါကတော့ ဘားကင်းရန်ကင်း ခိုလှုံစရာနေရာကို သိထားပြီးသားကိုး၊ တောဆင်ရိုင်းအုပ်လာမယ့်လမ်းကြောင်းမှာ သူတို့အားလုံးကို လေတင်က နေခိုင်းပြီး ငါက လမ်းကြည့်တဲ့ဟန်မျိုးနဲ့ အသာရှောင်ပြီး ပုန်းနေလိုက်တယ်။ သူတို့ တော



ဆင်ရိုင်းအုပ်ကို မရှောင်နိုင်ဘဲ မျက်နှာဖြူနှစ်ယောက်နဲ့ နောက်တော်ပါ ဗမာ သုံးယောက် ပွဲချင်းပြီးသွားတာပဲ။ ကျန်လူတွေကတော့ ပြေးရင်း၊ လွှားရင်း လွတ်သွားကြတယ်။ အင်း၊ ဒါတွေဟာ ပြန်မပြောကောင်းဘူး၊ သတိမရကောင်းဘူး၊ အကုသိုလ်အလုပ်ဆိုတာ ပြန်ပြောလေသမျှ၊ သတိရလေသမျှ အကုသိုလ် တိုးပွားနေတာပဲ၊ ဒါကို ငါသိရက်နဲ့ ဘာကြောင့် ပြန်ပြောနေလဲ ဆိုတော့ တို့ခေတ်က လူတွေဟာ နယ်ချဲ့ကို ဘယ်လောက်နာကြည်းပြီး တတ်နိုင်တဲ့နည်းနဲ့ ဘယ်လို လက်စားချေတယ်၊ တို့တိုင်းပြည်ထဲက အဖိုးတန်ဝတ္ထုကို သူတို့လက်ထဲ မရောက်အောင် ဘယ်လိုကာကွယ်တယ်ဆိုတာကို သိစေချင်လို့ပဲ ဆရာမလေးရဲ့"

"အရှင်ဘုရား မင်းဘူးပြန်လာတော့ ဒီကိစ္စ မပေါ်ပေါက်ဘူးလား ဘုရား"

"မင်းဘူးကို ငါမပြန်တော့ဘူးလေ၊ ကိုယ်ယောင်ဖျောက် ထွက်လာခဲ့ပြီး ရေကြည်ရာ မြက်နုရာမှာ နေထိုင်လုပ်ကိုင် စားလာရာက ဒီမြို့ကို ရောက်လာပြီး ဝတ်ကြောင်နဲ့ မနေချင်တော့လို့ သင်္ကန်းဝတ်လိုက်ပြီးမှ ဟောဒီ ရေပြာအိုင် ရွာသူရွာသားတွေက ပင့်လာတာနဲ့ ဒီရွာရောက်လာပြီး စွဲစွဲမြဲမြဲ နေလာခဲ့တာပဲကွဲ့"

ဘုန်းတော်ကြီးက အဆုံးသတ် မိန့်ကြားလိုက်ပြီး ညောင်းညာပင်ပန်း သွားဟန် တူသည်။ မှီထိုင် ထိုင်နေရာမှ ညင်သာစွာ လဲလျောင်းတော်မူလိုက်သည်။

"အရှင်ဘုရားဆီမှာ ကျန်နေသေးတဲ့ ကျောက်ချဉ်တုံးလေးကို တော့ ဘယ်သူ့ကို စွန့်ခဲ့လဲ ဘုရား"

မခင်ရွှေက မေးလျှောက်သောအခါ ဘုန်းတော်ကြီးက ရယ်တော်မူသည်။

"ဘယ်သူ့ကိုမှ ပေးစရာ မကျန်တော့ဘူးလေ။ ရေစိမ်သောက်လိုက်၊ ပါးစပ်ထဲ ငုံလိုက်၊ ဆံပင်ကို သွေးလိမ်းလိုက်နဲ့ ကုန်သွားတာပေါ့။ အေး ဒါကြောင့်ပဲ ထင်ပါရဲ့ ငါ အခုအချိန်တိုင်အောင် မျက်စိလည်း မမှုန်သေးဘူး သွားတွေလည်း တစ်ချောင်း၊ နှစ်ချောင်းပဲ ကျိုးသေးတယ်၊ အခုဆိုလို့ ဘာ အနာမှ ငါ မပေါက်ခဲ့ဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီး မိန့်ကြားချက်ကို နားထောင်နေသော မခင်ရွှေ စိတ်ထဲမှာ အစွမ်းသတ္တိ ထက်မြက်သော ကျောက်ချဉ်နက်အစစ်အကြောင်းကို တွေးပြီး -

"ဒီနေရာကို အခု အရှင်ဘုရား မှတ်မိသေးလား ဘုရား"

ဟု လျှောက်မေးလိုက်၏။

"အခုအချိန်မှာတော့ ပြောလို့ မရတော့ဘူးလေ။ နှစ်ပေါင်းက ဘယ်လောက်ကြာခဲ့ပြီလဲ၊ တော၊ တောင်၊ ရေ၊ မြေ အနေအထားတွေလည်း ပြောင်းလဲကုန်ရောပေါ့၊ သစ္စာကတိ မတည်တဲ့ လူတွေလက်ထဲကို ရတနာ အစစ် မရောက်ဘဲ ပျောက်ကွယ်တတ်တယ်ဆိုတာလည်း ကြားဖူးမှာပေါ့၊ ဒီနေရာမှာ ရှိချင်မှလည်း ရှိတော့မယ်၊ ရှိလည်း ငါ မသွားတတ်တော့ဘူးကွဲ့"

မခင်ရွှေသည် ဘုန်းတော်ကြီးကို ဦးချကန်တော့ရင်း မည်သူမျှ မသိနိုင်၊ မမြင်နိုင်ဘဲ တောနက်ကြီးထဲမှာ တိမ်မြုပ် ပျောက်ကွယ်နေမည် ဖြစ်သော အဖိုးတန်လှသည့် ကျောက်ချဉ်နက်တုံးကြီးကို မျက်စိထဲမှာ မြင်ယောင်ရင်း -

"အကြောင်းတော့ မထူးပါဘူး ဘုရား၊ ဟိုတုန်းအချိန်က နယ်ချဲ့လက်ထဲ ရောက်သွားရင်လည်း တိုင်းရင်းသားတွေ လက်လွတ် ဆုံးရှုံးရမယ့် ပစ္စည်းပဲ၊ သူ့သဘာဝအတိုင်း သူရှိပြီး ထိုက်တန်သူ မပေါ်သေးမီ ပျောက်ကွယ်နေတာပဲ ကောင်းပါတယ် ဘုရား"

ဟု လျှောက်ထားလိုက်မိလေသည်။

■

## ရေပြာအိုင်မှ သူကြီးမင်း

နယ်ချဲ့တော်လှန်ရေးတပ်သားကြီး ဖြစ်ခဲ့သူ ဘုန်းတော်ကြီးအိုကို ဖူးမြော်ကန်တော့ပြီး ပြန်လာခဲ့သော မခင်ရွှေသည် ဘုန်းတော်ကြီး၏ မျိုးချစ်စိတ်ကြီးမားပုံ၊ ကိုယ့်တိုင်းပြည်ပိုင် ရတနာကို လူမျိုးခြားလက်ထဲ မအပ်ဘဲ ဖြစ်နိုင်သည့်နည်းဖြင့် လက်စားချေပုံကို ချီးကျူးပြောဆိုသောအခါ အဘွားကြီး သမီးက -

"ဆရာမလေးက ဘုန်းတော်ကြီး မျိုးချစ်စိတ်ရှိပုံကိုသာ ကြားရသေးတာကိုး၊ တို့ရွာသားကြီးတစ်ဦးရဲ့ မျိုးချစ်စိတ်ရှိပုံကို ပြောပြရင် သဘောကျဦးတော့မှာပဲ"

ဟု စကားစလိုက်သည်။

"ဟုတ်လား အမေ၊ ဒီရွာသားကြီးက ဘယ်လို မျိုးချစ်စိတ်ရှိခဲ့တာလဲ၊ အမေ ပြောပြပါလား"

ဟု တောင်းပန်လိုက်၏။

"ဒီရွာသား မျိုးချစ်ပုဂ္ဂိုလ်ကြီးကို ငါလည်း မမီလိုက်[illegible] အချိန်က အမေတို့တောင် အပျိုဖော်ဝင်စအရွယ်လေး ရှိဦးမယ်[illegible] ကောင်းကောင်း မီလိုက်တယ်လေ။ အမေပြောပြလို့ ငါတို့သိ[illegible] ဒီရွာမှာ ဆရာမလေး သတိထားမိလား"

www.burmeseclassic.com



"ဘာကိုလဲ အမေ"

"လူမျိုးခြားတစ်ယောက်မှ မရှိတာလေ၊ တခြားရွာတွေမှာဆိုရင် လူမျိုးခြား အနည်းနဲ့အများတော့ ရှိကြတယ်ကွဲ့၊ လယ်အလုပ် မလုပ်တာတောင် ဈေးရောင်းဈေးဝယ် လာတတ်ကြတယ်၊ ရွာထဲမှာ ဈေးဆိုင်တည်ပြီး ရောင်းတတ်ကြတယ်။ တို့ရွာမှာ ဒါမျိုးတွေ တစ်ယောက်မှ မရှိခဲ့ဘူး"

ထိုအခါမှ မခင်ရွှေ စဉ်းစားမိသည်။ အများအားဖြင့် တောရွာတွေမှာ အသားဝါလူမျိုးခြား၊ အသားမည်း လူမျိုးခြားတွေ ကုန်စုံဆိုင်၊ မုန့်ဆိုင် စသည်ဖြင့် တည်ခင်း ရောင်းချခြင်းဖြင့် စီးပွားဖြစ်နေကြသည်ကို ကြားလည်း ကြားဖူးသည်။ မြင်လည်း မြင်ဖူးသည်။ တောရွာမှာ အခြေခိုင်သွားသောအခါ ထိုရွာသူကို ဇနီးအဖြစ် ပေါင်းသင်းပြီး ရပ်ရွာပေါ်မှာ ဇာတိချက်မြှုပ်လို လူတွင်ကျယ် လုပ်နေခြင်းဖြင့် ဩဇာလွှမ်းမိုးသွားတတ်ကြသည်။ ယခု သူ ရောက်နေသော ရေပြာအိုင်ရွာမှာ ထိုသို့သော လူမျိုးခြားမျိုး တစ်ကောင်မှ မတွေ့ရသည်ကို ယခုမှ သတိထားလိုက်မိသည်။

"ဟုတ်ပါရဲ့အမေ၊ ကျွန်မ အခုမှ သတိထားလိုက်မိတယ်၊ တစ်ယောက်မှ မတွေ့ရဘူး"

မခင်ရွှေက ဖြေလိုက်ပြီး -

"အခုတင်က အမေပြောတဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီး ဆိုတာကြောင့်လား" ဟု တစ်ဆက်တည်း မေးလိုက်၏။

"ဟုတ်တယ် ဆရာမလေးရဲ့၊ ငါကတော့ တစ်ဆင့်ကြားကိုး၊ လုံးစေ့ပတ်စေ့ မပြောတတ်ဘူး၊ အမေ့ကို မေး၊ အမေတို့က ကောင်းကောင်းမီလိုက်တာ"

အဘွားကြီးသမီး သတင်းပေးချက်ကြောင့် မခင်ရွှေက အဘွားရွှေအိမ်ကို ခြေဆုပ်လက်နယ်ပြုပြီး တောင်းပန်ရပြန်သည်။ အဘွားရွှေအိမ်ကလည်း မခင်ရွှေကို မေတ္တာထားရင်းရှိရာမှာ သူတို့ရွာအကြောင်းကို စိတ်ဝင်စားသူလေး ဖြစ်သောကြောင့် များစွာ ကျေနပ်ခြင်းဖြင့် စိတ်ရှည်လက်ရှည် ပြောပြရှာသည်။

■

ထိုအချိန်က မရွှေအိမ် အသက်သည် ၁၃ နှစ်ပင် မပြည့်တတ်သေးချေ။ သို့သော် မိဘတွေက ပိုလျှံချမ်းသာသူတွေ မဟုတ်ကြသောကြောင့်



အခြား ရွယ်တူတွေလို ပေါ့ပေါ့နေထိုင် လည်ကာပတ်ကာ ကစားကာ မနေနိုင်ရှာဘဲ သူ့အရွယ်လေးနှင့် နိုင်သရွေ့အလုပ်ကို လုပ်ရသူလေး ဖြစ်သည်။ ထိုအချိန်က ရေပြာအိုင်ရွာကို သူကြီးမင်းအဖြစ် အုပ်ချုပ်နေသူမှာ ဦးရွှေဇင် ဆိုသူ ဖြစ်သည်။ ဦးရွှေဇင်သည် ရေပြာအိုင်ရွာသား ဇာတိဖြစ်ပြီး မျိုးရိုးတစ်လျှောက်လုံး နာမည်ပျက်မရှိဘဲ အုပ်ချုပ်ပုံ တရားမျှတခြင်း၊ လူကြီးပီသခြင်း၊ သူတော်ကောင်းစိတ်ရှိခြင်း၊ တည်ကြည်မှန်ကန်ခြင်း၊ စိတ်သဘောထား ဖြောင့်မှန်ခြင်းတို့ကြောင့် တစ်ရွာလုံးက ကြည်ညိုလေးစားခြင်း ခံရသော သူကြီးမင်း ဖြစ်သည်။ သူအုပ်ချုပ်သော ကိစ္စနှင့် ပတ်သက်ပြီး သူကြီးကတော်ကြီးသည် ဘာမှ ဝင်ရောက်စွက်ဖက်ပိုင်ခွင့်၊ စီမံခြယ်လှယ်ပိုင်ခွင့် မရှိဘဲ ရပ်ရွာလူကြီးတွေကိုသာ ခေါ်ပြီး အသိပေးခြင်း၊ တိုင်ပင်ခြင်း၊ စီရင်ဆုံးဖြတ်ခြင်းတို့ကြောင့်လည်း ရပ်ရွာက အထူး လေးစားရိုသေခြင်း ခံနေရသူ ဖြစ်သည်။

သူကြီးဦးရွှေဇင်မှာ သမီးတစ်ယောက်တည်းသာ ထွန်းကားသည်။ တစ်ဦးတည်းသော သမီး ဖြစ်သောကြောင့် သူကြီးမင်း ချစ်လိုက်သည်မှာ တုန်နေသည်။ မိဘတွေက ချစ်မည်ဆိုလည်း ချစ်စရာပင်၊ သူကြီးသမီး မထားဆွေကား အသက် ၂၀ ပတ်ဝန်းကျင်ရှိပြီး ရုပ်ရည်မှာ တောနှင့်ပင် မတန်အောင် ချောမောလှပသူလေး ဖြစ်သည်။

မထားဆွေသည် မရွှေအိမ်ကို သနားလည်းသနား၊ ခင်မင်စိတ်ကလည်း ရှိနေသောကြောင့် မရွှေအိမ် အလုပ်အားလပ်လျှင် သူ့ထံမှာ ခေါ်ထားပြီး ဘုရားပန်း သီနိုင်းခြင်း၊ အိမ်ဝင်းထဲမှာ ပွင့်နေသော ပန်းတွေကို ခူးခိုင်းခြင်း စသည့် ပင်ပင်ပန်းပန်း မဟုတ်သော အလုပ်ပေါ့ပေါ့လေးများကိုသာ ခိုင်းပြီး မုန့်ဖိုးပဲဖိုး ပေးတတ်သည်။ အင်္ကျီ၊ ထဘီလေးများ ဝယ်ပေးတတ်သည်။ ထို့ကြောင့် မရွှေအိမ်ကလည်း မထားဆွေကို ချစ်သည်။ အလုပ်အားသည်နှင့် တစ်ပြိုင်နက် မထားဆွေရှိရာကိုသာ ရောက်သွားတတ်သည်။

ထိုအချိန်မှာ ရေပြာအိုင်ရွာသည် မော်တော်ကားလမ်းကြောင့် သွားရေးလာရေး အဆင်ပြေပြီး လူအတက်အဆင်း ရှိနေသော်လည်း မော်တော်ကားလမ်းဘေးမှာ ဈေးရောင်းခြင်းဖြင့် စီးပွားဖြစ်နိုင်သည်ဟူသော အရေးကို [illegible] ရွာသားတွေ မတွေးမိကြသေးချေ။ သမားရိုးကျ လယ်ယာလုပ်ငန်း[illegible] ဆင်းနေကြသည်။ လိုချင်သောပစ္စည်းရှိလျှင် မြို့ပေါ် [illegible] သာ ကျေနပ်နေကြသူတွေ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအခိုက်မှာ ရေပြာအိုင်ရွာကို ဈေးရောင်းရန် ကုန်သည်တစ်ယော ရောက်လာသည်။ ထိုကုန်သည်ကား ဗမာလူမျိုး မဟုတ်ဘဲ မျိုးရိုးအလို နှာတံပေါ၊ မျက်ခုံးမျက်လုံး မျက်တောင် ပေါလွင်လှသော အသားမည်းလူ တစ်ယောက် ဖြစ်သည်။ သူတို့မျိုးရိုးက အသားမည်းတတ်သော်လည်း သူ ကား ထူးထူးခြားခြား အသားမှာ ဖြူနေသည်။ မြင့်မားကြော့ရှင်းသော အရပ်၊ ဖြူသော အသား၊ ပေါလွင်လှပသော မျက်ခုံး၊ မျက်လုံး၊ နှာတံရှိသော သူ့ရုပ်ရည်ကို ဗမာလို ဝတ်စားဆင်ပြင်ထားသည်။ အဖိုးတန်အဝတ်ကို အ ကျကျ၊ ပုံပန်းကျကျ ချုပ်လုပ်ဝတ်ဆင်ထားပြီး လက်ပတ်နာရီ၊ ရွှေလက် ဖြင့် မြင်သူ မိန်းမပျိုလေးတို့ မက်လောက်ဖွယ်ကောင်းသော ထိုကုန်သည် သည် စကားပြောရာမှာ သာယာချောင်လှသည်။

သူ ရောင်းသော ကုန်ပစ္စည်းကား တစ်ကိုက်လျှင် ငါးပဲ သုံးမူးတန် စပြီး ငါးကျပ်တန်၊ တစ်ဆယ်တန်အထိ ဈေးရှိသော လှပတောက်ပြောင်သည့် အထည်အဝတ်မျိုးစုံ ဖြစ်သည်။

အမြတ်ကိုလည်း များများမယူဘဲ လမ်းစရိတ်သာသာမျှသာ ယူထား သဖြင့် ရွာသူရွာသားတိုင်း ဝယ်ပျော်၊ ဝတ်ပျော်နေသည်။ မြို့ပေါ် တပင်တပန်း မတက်ရဘဲ ဝယ်နိုင်သောဈေးမျိုး ဖြစ်နေသည်။ သူပိုင် မော်တော်ကားနှင့် လာသည်။ အကြမ်းခံ အမာစား မော်တော်ကားဖြစ်၍ ကားလမ်းမကြီးပေါ်က ရေပြာအိုင်ရွာအထိ လှည်းလမ်းအတိုင်း မော်တော်ကားကို တောက်လျှောက် မောင်းဝင်လာသည်။ သူတို့လို လူမျိုး နောက်တော်ပါ တပည့်က အထည် ထုပ်ကြီးကို ထမ်းသည်။ သူက ရှေ့က ကိုက်တောင်၊ ပေတံနှင့် စာရင်း စာအုပ်၊ ငွေထည့်အိတ်ကို လွယ်သည်။

ငွေမလွယ်သူတွေကို အကြွေးရောင်းလိုက်သေးသည်။ အကြွေးပေး သောဈေးမှာ များများမတင်၊ တစ်ပဲတစ်မူးမျှသာ တင်ထားသည်။ တို့ဗမာ ရွာသူရွာသားတွေ သဘောကျလိုက်ကြသည့် ဖြစ်ခြင်း။ ပစ္စည်းကို အမြတ်ပေး ဝယ်ယူရုံမျှမက ထမင်းကျွေးချင်သူ မရှား၊ လက်ဖက်ရည်တိုက်ချင်သူ မရှား တဖြည်းဖြည်းနှင့် ဖောက်သည်ဖြစ်လာပြီး ရင်းနှီးခင်မင်လာသောအခါ ကုန် သည်လူမျိုးခြားသည် တစ်ခါတစ်ရံ ရွာထဲက အိမ်တစ်အိမ်မှာ ညအိပ်ညနေ နေတတ်သွားသည်။

ဈေးဝယ်သူတွေထဲမှာ သူကြီးသမီး မထားဆွေလည်း အပါအဝင် ဖြစ်သည်။ သူကြီးသမီး ဖြစ်သောကြောင့် ကုန်သည်လူမျိုးခြားက အထူး





အထူးစားပေးဟန်ဖြင့် ရိုရိုသေသေ ဆက်ဆံသည်။ မထားဆွေအတွက် အဖိုးတန် အထည်ကိုပင် လက်ဆောင်ပေးသည့်အခါ ပေးသည်။ မေးကြမြန်းကြရင်း၊ ပြောကြဆိုကြရင်းဖြင့်ပင် ကုန်သည်လူမျိုးခြား လုလင်ပျို၏ အကြောင်းကို သိလာကြသည်။

ကုန်သည်လုလင်၏ ဖခင်က မြို့ပေါ်မှာ ကြီးကျယ်ခမ်းနားသော အထည်ဆိုင်ကြီး တည်ခင်းရောင်းချနေသူ ဖြစ်သည်။ ကုန်သည်လုလင်အပြန် ရွာကလူတွေ ခရီးကြုံပါသည့်အခါ ပါသွားသည့်အခါတွင် ကုန်သည်လုလင်က သူ့ဖခင်၏ ဆိုင်ကို လည်းကောင်း၊ သူတို့နေထိုင်ရာ တိုက်အိမ်ကို လည်းကောင်း ပြသခဲ့သည်။ အခြေအနေ တောင့်တင်းခိုင်မာသော သူဌေးသား ဖြစ်ကြောင်း ရွာက လူတွေ သိလာကြသည်။ ကုန်သည်လုလင်ကို မိန်းမပျိုအသိုင်းအဝိုင်းက ပိုပြီး အရောဝင်လာကြသည်။ သို့သော် ကုန်သည်လုလင်ကား မထားဆွေမှ လွဲပြီး မည်သည့် ရွာသူကိုမျှ စိတ်မကူးချေ။

ရုပ်ကလည်း ချော၊ အပြောကလည်း ချို၊ နှစ်လိုဖွယ် ပေါင်းသင်း ဆက်ဆံသည့် အခြေအနေ တောင့်တင်းခိုင်မာသော သူဌေးသား လူမျိုးခြား ကုန်သည်၏ မည်သူမျှ မရိပ်မိအောင် လည်ပတ်ပါးနပ်စွာ မေတ္တာကမ်းလှမ်း ချက်ကို မထားဆွေကလည်း မငြင်းမဆန် လက်ခံကာ မေတ္တာတုံ့ပြန်လိုက် သည်။

ထိုကုန်သည် ရွာကို ဦးစွာ မြေစမ်း ခရမ်းပျိုးသည့် သဘောဖြင့် ရောက်လာပြီး ဈေးရောင်းသည်မှ ဆယ်ကြိမ်မြောက် ရွာနှင့် လမ်းပေါက်သွား သောအခါ ဦးရွှေဖင်သည် လေးလေးနက်နက် စဉ်းစားလာတော့သည်။ ထို အခါ -

"ဒီ လူမျိုးခြား ကုန်သည်အကောင် နောက်တစ်ကြိမ် ရောက်လာရင် သူနဲ့ပတ်သက်သမျှ အပြတ်ရှင်းပြီး အဆက်အသွယ် ဖြတ်လိုက်ကြတော့။ တို့ ရွာသူရွာသားတွေဟာ ဗမာတိုင်းရင်းသား စစ်စစ်တွေချည်းပဲ။ တို့ရွာထဲ ကို လူမျိုးခြား၊ ဘာသာခြား ရောလာရင် မကောင်းဘူးဟေ့။ တောကောင် မြို့ထဲကို ဝင်ရင် မြို့ရွာပျက်တတ်တယ်၊ တို့လူမျိုးထဲကို လူမျိုးခြား ရောလာ ရင် လူမျိုးပျက်တတ်တယ်"

ဟူသော စကားဖြင့် သတိပေးလိုက်သည်။ ထိုအခါ ဈေးရောင်း ရာမှာ နှစ်လိုဖွယ်ကောင်းလှသော ကုန်သည်လုလင်ကို မေတ္တာသရေး ကြီးသော

www.burmeseclassic.com



နေကြသော မိန်းမတွေ အများစုက ဦးရွှေဇင်စကားကို သဘောမကျကြ အစိုးရိမ်ကြီးကြသည်ဟု ထင်ကြသည်။ သမီးများ၊ ဇနီးများက လူမျိုးခြား ကုန်သည်လုလင်ပျိုကို လိုလားနေကြသောအခါ သက်ဆိုင်ရာ လင်ယောက်ျား တွေ၊ ဖခင်တွေကလည်း တုဏှိဘာဝေ ဆိတ်ဆိတ်နေလိုက်ကြသည်။

လူငယ်ကာလသားပိုင်းကမူ ဦးရွှေဇင်စကားကို လေးလေးနက်နက် သဘောထားလာကြသည်။ ထို့ကြောင့် သက်ဆိုင်ရာ မိခင်များ၊ နှမများကို သတိပေးစကား ပြောပြသောအခါ မိခင်များ၊ နှမများက–

''သူကြီးမင်းက ဘာမှ မသိဘဲ ရှေ့ကနေပြီး အသံကောင်းဟစ်နေ တာသာ ကြားကြတာကိုး၊ နောက်ပိုင်းက သူ့သမီးကို သူနိုင်အောင် ကွပ်ညှပ် နိုင်လို့လား၊ သူ့သမီးကိုယ်တိုင် နောက်ဆုတ် ကိုယ်ရှိန်သတ်မှ တို့ကို ပြော ပေါ့''

ဟူသော နှုတ်လှံထိုးချက်တွေ ထွက်လာကြသည်။

ဤစကားသည် အဓိပ္ပာယ်ရှိကြောင်း တွေးမိကြသောအခါ တစ်ဆင့် စကား တစ်ဆင့်ကြားဖြင့် သူကြီးမင်း သိသွားသည်။

''ဟဲ့ သမီး၊ ရွာထဲက လူတွေက နင့်ကို ခေါင်းတည်ပြီး ပြောနေ ကြပါပြီကော၊ ဒီကုန်သည်ကောင် နောက်တစ်ခါလာရင် သူစျေးရောင်းတဲ့ဆီ ကို နင် လုံးဝမသွားရဘူး။ သူ့ဆီက ဘာပစ္စည်းမှ မဝယ်ရဘူး။ ငါတို့မိသားစု က ရှေ့ဆောင်လမ်းပြလုပ်မှ ရွာသူရွာသားတွေက လိုက်နာကြမှာ၊ ကုန်သည် ကောင်က ခါတိုင်းလို လက်ဆောင်ပေးမယ်လေး ဘာလေးနဲ့ အိမ်ကိုလာရင် နင် မထွက်ရဘူး၊ စကားလည်း မပြောနဲ့၊ နှုတ်လည်း မဆက်နဲ့၊ ငါ အပြတ် ပြောလွှတ်မယ်''

သူကြီးမင်းက သမီးဖြစ်သူကို ပြတ်ပြတ်သားသား ပြောသောအခါ မထားဆွေ မျက်နှာသည် လကို ရာဟုဖမ်းသည်သို့ ချက်ချင်း ညှိုးနွမ်းသွား သည်။ ဟန်မဆောင်နိုင်အောင် ပျက်သွားသည်။

သမီးအမူအရာကို အကဲခတ်လိုက်မိသော သူကြီးမင်းက –

''ငါ အဖေဖြစ်သူက ဒီစကား ပြောလိုက်တာနဲ့ နင့်မျက်နှာက ဘာဖြစ်သွားတာလဲ သမီး၊ ဘာမှ မကွယ်ဝှက်နဲ့၊ မှန်တဲ့အတိုင်း ပြောစမ်း''

ဟု သမီးမျက်နှာကို စေ့စေ့ကြည့်ပြီး မေးသောအခါ မထားဆွေသည် ကွယ်ဝှက်ချင်သောစိတ်လည်း မရှိ၊ ကွယ်ဝှက်၍လည်း လုံတော့မည် မဟုတ်



ကြောင်း တွေးမိသောကြောင့် မှန်သည့်အတိုင်းပင် ဦးခေါင်းကိုငုံ့ပြီး ပြောပြ လိုက်သည်။

''နားနဲ့မနာ ဖဝါးနဲ့သာ နာပါတော့ အဖေရယ်၊ ဒီကုန်သည်နဲ့ သမီး တော့ မေတ္တာရှိနေပါပြီ''

ဦးရွှေဇင့်မျက်လုံးသည် ကျွတ်ထွက်တော့မည်သို့ သမီးကို ကြည့်နေ မိသည်။ ကြားရသော စကားကိုပင် မယုံနိုင်အောင် ဖြစ်သွားသည်။

ထို့ကြောင့်–

''တကယ်ပြောနေတာလား သမီးရဲ့''

ဟု မေးလိုက်၏။ အသက်တမျှချစ်သော သမီး ဖြစ်သောကြောင့် ဒေါသမထွက်နိုင်သေးဘဲ ပကတိ အသံဖြင့်ပင် ပြန်မေးလိုက်သည်။

ဤသည်ကို မထားဆွေက သူ့ဖခင်သည် ယခုလို အေးဆေးစွာ မေးမြန်းခြင်းသည် သူတို့ အချစ်ဇာတ်လမ်းအတွက် မြူစုခြင်း မရှိသောကြောင့် သာ ဖြစ်သည်ဟု သေချာပေါက် တွေးလိုက်သည်။ ထို့ကြောင့် အကြောင်းစုံ ကို ပြောပြလိုက်သည်။

''တကယ်ပါ အဖေ၊ သမီးကို သူ လက်ထပ်ယူမယ်၊ နောက်ပြီး ဒီရွာမှာပဲ အဖေတို့နဲ့ ဥမကွဲသိုက်မပျက် နေပြီး သူ့တပည့်တွေကို ခေါ်ယူမယ်၊ သူ့တပည့်တွေနဲ့ သူနဲ့ ကုန်မျိုးစုံဆိုင်ဖွင့်ပြီး စျေးရောင်းကြမယ်၊ လယ်ယာ လုပ်ငန်းကို လုပ်ကြမယ်၊ နေရေးထိုင်ရေး အဆင်ပြေလာရင် သူ့ဆွေမျိုးတွေ ပါ ပြောင်းလာနေကြမယ်လို့ ပြောပါတယ်၊ အဖေတို့နဲ့ သမီး မခွဲပါဘူး၊ အတူတူ နေရမှာပါ''

အားပါးတရ ပြောနေသော မထားဆွေ စကားတွေက သူကြီးမင်း ဦးရွှေဇင်နားထဲမှာ ကျိုက်ကျိုက်ဆူသော သံရည်ပူတွေ လောင်းထည့်နေဘိသို့၊ သူကြီးမင်း၏ အသည်းနှလုံးကို ဓားတုံးတုံးဖြင့် ကြိတ်လှီးနေဘိသို့၊ သူကြီး မင်း၏ ဦးခေါင်းကို ဝန်ချိန် ၁၀၀ ရှိသော တင်းပုတ်ကြီးဖြင့် ထုနှက်နေဘိ သကဲ့သို့ ဦးရွှေဇင်သည် ပြင်းပြသော ဝေဒနာကြီးကို မသက်မသာ ခံစားလိုက် ရသည်ဖြစ်ရာ မထားဆွေ စကားပြောနေသည့် မိနစ်ပိုင်းကလေးအတွင်းမှာ သူကြီးမင်း ဦးရွှေဇင်၏ ရုပ်ရည်သည် ရှိရင်းအသက်ထက် နှစ်ပေါင်းများစွာ ပိုမိုပြီး ရင့်ရော်အိုမင်း ကျဆင်းသွားရှာသည်။

''ဖြစ်ရလေခြင်း သမီးရယ်၊ အဖေတော့ ခွေးလုံးထုံး မြှပ်ပါပြီ၊ တစ်ဆွေတစ်မျိုးလုံး ပျက်ပါပြီ''

www.burmeseclassic.com

www.burmeseclassic.com



ယှက်ကျုံးမရသော အသံတုန်ကြီးဖြင့် ပြောနေသော ဖခင်ကို မထားဆွေက နားမလည်ချေ။ ရုပ်လည်းချော၊ အပြောလည်း ချို၊ ပေါင်းသင်းဆက်ဆံရေးမှာလည်း ပြောစရာ မရှိ၊ ပစ္စည်းအင်အားနှင့် စီးပွားရှာဖွေရေးမှာလည်း အားကိုးအားထား ပြုလောက်သည့်အပြင် ဆံထုံးနောက်ကို သျှောင်ပါပြီး ဤရွာမှာပင် အခြေစိုက်ကာ မိဘများနှင့် အတူ လုပ်ကိုင်စားပါမည်ဆိုသော သူ့ချစ်သူကို လက်ထပ်မည် ဆိုရုံမျှဖြင့် အဘယ့်ကြောင့် မိဘတွေ ခွေးဖြစ်ရမည်နည်း တစ်ဆွေလုံး တစ်မျိုးလုံး ပျက်ရမည်နည်း၊ တစ်ရွာလုံး ပျက်ရမည်နည်း။

သဘောမပေါက်၊ နားမလည်သော မျက်နှာဖြင့် ဖခင်မျက်နှာကို ကြည့်နေသော မထားဆွေက–

"ဘာဖြစ်လို့လဲ အဖေ"

ဟု ပြန်မေးလိုက်သည်။

"ဒီအကောင်က တို့တိုင်းရင်းသား မဟုတ်ဘူး သမီး၊ လူမျိုးခြားအမျိုးလည်း မတူဘူး၊ ဘာသာလည်း မတူဘူး၊ သူတို့အုပ်စုက ဒီရွာမှာ ခြေကုပ်ရပြီး အခြေစိုက်လိုက်ရင် နင်တစ်ယောက်သာ မဟုတ်တော့ဘူး တို့ ရွာသူရွာသားတွေ အားလုံးကို သူတို့ မျိုပြီး တစ်ရွာလုံး သူတို့ရွာ ဖြစ်သွားလိမ့်မယ်၊ အဲဒါ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး"

ဦးရွှေဇင်က ပြတ်ပြတ်သားသား ပြောလိုက်သည်။

"သူတို့က အင်မတန် ချမ်းသာတာပဲ အဖေရယ်၊ သူတို့နဲ့ယူရင် ကျွန်မတို့ ရွာသူတွေတောင် ချမ်းချမ်းသာသာ ဖြစ်ကြမယ် ဟုတ်လား"

မထားဆွေက သူ့အမြင်၊ သူ့အယူအဆကို ပြောလိုက်သောအခါ သူကြီးမင်းသည် သမီးကို နှုတ်ဖြင့် အဖြေမပေးတော့ဘဲ–

"နင့်ပါးစပ် ပိတ်ထား၊ ဘာမှ ထပ်မပြောနဲ့"

ဟူသော လက္ခဏာကို ပြသည့်သဘောဖြင့် သမီးပါးကို လက်ဝါးဖြင့် ရှယ်လိုက်သည်။ ထို့ကြောင့် မထားဆွေက ဘာမှ ထပ်မပြောရဲတော့ဘဲ နှုတ်ဆိတ်နေလိုက်ရလင့်ကစား သူ စွဲလမ်းနှစ်သက်လှသော ကုန်သည် ကိုလူချော လာလျှင် သူ့အချစ်တော်လေး မရွှေအိမ်တို့ အိမ်မှာ ချိန်းတွေ့မည်၊ ဖခင်၏ သဘောထားကို ပြောပြမည်၊ ကုန်သည် ကိုလူချော ခေါ်လျှင် ချစ်သူခေါ်ရာနောက်ကို ကောက်ကောက်ပါအောင် လိုက်မည်ဟူသော ဆုံးဖြတ်ချက်ကို ချလိုက်သည်။



ရေပြာအိုင်ရွာကို ဈေးရောင်းလာရမည့် ရက်သို့ ရောက်သောအခါ လာနေကျအတိုင်း ကုန်သည်ကိုလူချောက ရောက်လာသည်။ တည်းခိုနေကျ အိမ်မှာ အထုပ်အပိုးကိုချပြီး တည်းခိုလိုက်သည်။

သူကြီးမင်း တင်းတင်းကျပ်ကျပ် သတိပေးထားသောကြောင့်လည်းကောင်း၊ သက်ဆိုင်ရာ သားတွေ၊ မောင်တွေ၊ အစ်ကိုတွေက ဟန့်တားထားသော စကား၊ ဝိတ်ပင်သော မျက်လုံးများဖြင့် ကြည့်နေကြသောကြောင့်လည်းကောင်း ယခင်အခါများကလို ရွာသူအမျိုးသမီးတွေ အုပ်ဖွဲ့ရောက်လာခြင်း၊ ခေါ်ပြောနှုတ်ဆက်ခြင်း မရှိ ဖြစ်နေသည်။ သူရောက်လာသည် ဆိုလျှင်ပင် သက်တူရွယ်တူ အပျိုချောတွေ ခြံရုံကာ လာနေကျ မထားဆွေပင် မရောက်လာသောအခါ ကုန်သည် ကိုလူချောသည် ထူးခြားသော အခြေအနေကို စဉ်းစား၍ မရဘဲ ဖြစ်နေသည်။

သူတည်းခိုနေကျ ဤအိမ်ရှင်များပင် အိမ်စောင့်အဘိုးကြီး တစ်ယောက်မှလွဲပြီး မည်သူမျှ မရှိကြ။ ယခင်က သူလာတိုင်း လက်ဆောင်ပဏ္ဏာပါလာတတ်သဖြင့် အဘိုးကြီးနှင့် သူသည် လေပေးဖြောင့်ခဲ့ကြသည်။ ယခု အဘိုးကြီး အမူအရာကပင် ယခင်လို ပျူပျူငှာငှာ ဖော်ဖော်ရွေရွေ မရှိ၊ သူက ပေးနေကျအတိုင်း လက်ဆောင်ကို ပေးသောအခါ အဘိုးကြီးက ယခင် လို ဝမ်းသာအားရ လက်ခံယူသည့် အမူအရာမျိုး မရှိတော့ဘဲ –

"မင်းလက်ဆောင်ကိုလည်း မယူချင်တော့ပါဘူးကွာ၊ တို့ရွာကို မင်း ဈေးလာရောင်းတာက တို့ရွာသူတွေကို အဝတ်ကောင်း မက်မောပြီး တစ် ယောက်နဲ့ တစ်ယောက် ဂုဏ်ပြိုင်ဝတ်ချင်တဲ့ စိတ်တွေ ပေါ်လာကုန်ကြပြီကွဲ့၊ ဒါတွေကို အစက တို့ သတိမထားမိဘူး၊ သူကြီးမင်းက ထောက်ပြမှ အားလုံး သိကုန်ကြတယ်"

ဟူသော စကားကို အဘိုးကြီးသည် ငြီးငွေ့သော လေသံဖြင့် ပြောလိုက်သည်။

ကုန်သည်ကိုလူချောကား အပြစ်ကင်းစင်သော ကလေးငယ်၏ မျက်နှာထားမျိုး၊ သာယာကြည်လင်သော လေသံဖြင့် ပြန်ပြောလိုက်သည်။

"ဘကြီးတို့က အစိုးရိမ် လွန်နေကြတာပါ၊ ကျွန်တော်သာ ဒီရွာမှာ အမြဲနေရရင် အထည်မျိုးစုံ၊ ကုန်မျိုးစုံ ဆိုင်ဖွင့်ပြီး တစ်ရွာလုံးကို ဈေးအသက်သာဆုံးနဲ့ လူတိုင်း ဝယ်နိုင်အောင် ဈေးချရောင်းမှာ ဘကြီးရဲ့ အခု ဒီရွာမှာ

www.burmeseclassic.com

www.burmeseclassic.com



ခွဲခွဲမြဲမြဲ မနေရတော့ သွားရလာရတဲ့ စရိတ်၊ လူငှားစရိတ်တွေကြောင့် မဆိုစလောက် ဈေးတင်နေရတာကို ကျွန်တော်လည်း နည်းနည်းမှ စိတ်မကောင်းပါဘူး ဘကြီး”

“တော်ပါကွယ်၊ ငါ စကားရှည်ရှည်လည်း မပြောတတ်ပါဘူး တို့ရွာကို မင်းရောက်လာတဲ့အတွက် တို့ရွာသူတွေ စိတ်တစ်မျိုး ဖြစ်သွားကြတာတော့ အမှန်ပဲကွဲ့”

အိမ်စောင့်အဘိုးကြီးက ပြောပြီး ကုန်သည်ကိုလူချော အနားက ထသွားသည်။ ကုန်သည်ကိုလူချောကား ဘာမှ ပြန်မပြောချေ။ စိတ်ဆိုးဟန်လည်း မပြ၊ မျက်နှာက ပြုံးပြုံးပင်။ သို့သော် သူ့အပြုံးကား ကျားပြုံး ဘီလူးပြုံး ဖြစ်သည်ကိုကား သူ့အတွင်းစိတ်ကို သူကိုယ်တိုင်သာလျှင် အသိဆုံး ဖြစ်ပေမည်။

ထိုအချိန်မှာ သူကြီးမင်း ဦးရွှေဇင်အိမ်တွင် မည်သို့ အခြေအနေ ရှိနေသည်ကို အသက် ၁၃ နှစ်အရွယ် ရောက်နေပြီဖြစ်သော မရွှေအိမ်က ကောင်းကောင်း နားလည်နေသည်။ မထားဆွေကို သူ့အိပ်ခန်းထဲက အပြင် မထွက်ရအောင် ဖခင် သူကြီးမင်းက တင်းတင်းကျပ်ကျပ် အမိန့်ပေးထားသည်။ မိခင် သူကြီးကတော်ကြီးနှင့် မရွှေအိမ်တို့က အခန်းအပြင်ဘက်က သက်တော်စောင့်အဖြစ် တာဝန်ယူနေကြရသည်။

မထားဆွေကား မိဘများကို စိတ်ဆိုးခြင်း၊ စူဆောင့်ခြင်း၊ နှုတ်ခမ်းထိုးခြင်း စသည့် အလုပ်တွေကို ဘာမှ မလုပ်ဘဲ သူ့အိပ်ရာပေါ်မှာ ငြိမ်ငြိမ်သက်သက်ပင် ပက်လက်အနေအထား လဲလျောင်းပြီး တရားစာအုပ်ထူထူကြီး တစ်အုပ်ကို ဖတ်နေသောကြောင့် မထားဆွေ မျက်နှာကိုပင် ငိုနေသလား ရယ်နေသလား မသိနိုင်ချေ။ သို့သော် မထားဆွေ ငိုနေခြင်း မဟုတ်ကြောင်းကိုမူ စေ့စေ့ကြည့်နေသော မရွှေအိမ်က ကောင်းကောင်းသိသည်။

မထားဆွေသည် လက်တစ်ဖက်က စာအုပ်ကို ကိုင်ထားပြီး လက်တစ်ဖက်ကမူ စာကြောင်းတွေကို တစ်ကြောင်းပြီး တစ်ကြောင်း လက်ညှိုးထောက်ဖတ်နေဟန်ဖြင့် ယာဘက်လက် တစ်ဖက်က လှုပ်ရှားနေသည်ကို မရွှေအိမ်က မြင်နေရသည်။ သူ ချစ်သော မထားဆွေကို မျက်လုံးက ကြည့်နေရင်း အခန်းအပြင်ဘက်က သူကြီးမင်းနှင့် ရွာလူကြီး၊ ဆွေမျိုးများ စကားပြောနေကြသည်ကို မရွှေအိမ်က လုံးစေ့ပတ်စေ့ နားထောင်နေသည်။



“ကျုပ် ရင်သွေးရင်နှစ် သမီးအရင်းက မကွယ်မဝှက် ပြောလို့ ကျုပ်သေသေချာချာ စဉ်းစားတယ်၊ အရှည်ကို မျှော်တွေးကြည့်တယ်။ သမီး ပြောတဲ့အတိုင်းဆိုရင် ဒီကုန်သည်ကောင်ဟာ ပထမဦးဆုံး ကျုပ်သမီးကို ယူပြီး ရွာရဲ့အကြီးအကဲ ဖြစ်တဲ့ ကျုပ်တို့ တစ်အိမ်လုံးကို မျိုမယ်၊ အဲ- နောက်တော့ သူ့တပည့်တပန်းတွေ၊ သူ့ဆွေမျိုးတွေ ပါလာပြီး ရွာကို ခြေကုပ်ယူ အခြေစိုက်ကြမယ်။ နောက် ကျုပ်တို့ ရွာသူတွေကို ယူပြီး လူကိုရော၊ ရွာကိုရော မျိုကြတော့မယ်လေ။ အဲ- ကျုပ်တို့ရွာဟာ ဗမာတိုင်းရင်းသားရွာ မဟုတ်တော့ဘဲ ကုန်သည်ကောင် လူမျိုးတွေရဲ့ရွာ ဖြစ်သွားတော့မှာပေါ့။ ဒီလို ဖြစ်လာရင် ကျုပ်တို့ လူမျိုး တိမ်ကောပြီပေါ့၊ ကျုပ်တို့လူမျိုး ပျက်ပြီပေါ့”

သူကြီးမင်းစကားကို နားထောင်နေကြသော လူများအားလုံးက ထောက်ခံကြသည်။

“ဒီစကား မှန်တယ်၊ ငါတို့လူမျိုး မိန်းမတွေဟာ လင်ယူရာမှာ စည်းကမ်းမရှိကြဘူး ရွှေဇင်ရဲ့၊ ဒီလို လူမျိုးခြားကို ယူလိုက်ရင် ငါတို့အမျိုး ပျက်စီးမယ်လို့ မစဉ်းစားကြဘူး၊ အဲဒီနေရာမှာ လူမျိုးခြားမိန်းမတွေကို ချီးကျူးဖို့ သိပ်ကောင်းတယ်၊ သူတို့အမျိုးကို သူတို့ သိပ်သစ္စာစောင့်ကြတယ်”

သူကြီးမင်း၏ ဦးလေးတော် တစ်ယောက်က ထောက်ခံ ပြောလိုက်သည်။

“တစ်နေ့က ရေတွင်းမှာ ရေခပ်ရင်း ဟိုအပျိုမနှစ်ကောင် ရန်ဖြစ်ကြတာ ဒီကုန်သည်ကောင်ဆီက ဝယ်တဲ့ အဝတ်တွေကိစ္စ အများကြီး ပါတာပေါ့။ သူက ပိုဝယ်နိုင်တယ်၊ ငါ့ထက် သာရမလား၊ ငါ့လောက် ဝတ်နိုင်ဝယ်နိုင်လို့လား၊ ကုန်သည် ကိုလူချောက သူ့ကို မျက်နှာသာပေးတယ်ဆိုတာတွေ ပါတာပေါ့ဟဲ့၊ မိန်းကလေးတွေ ကဲကို ကဲနိုင်လွန်းကြပါတယ်တော်”

ရွာ၏ သက်ကြီးဝါကြီး စာရင်းတွင် ပါဝင်ပြီး ရှိသေခြင်းခံရသော အဘွားတစ်ယောက်က ပြောလိုက်သည်။

“အင်း… ဒီကုန်သည်ကောင် ဈေးလာရောင်းလိုက်တာ ရွာသူမိန်းကလေးတွေ အချင်းချင်း စိတ်ဝမ်းကွဲကြ၊ ဂုဏ်ပြိုင်ကြ၊ ပိုက်ဆံတွေ အဝတ်ကောင်း မက်မောလွန်းတော့ လှချင်စိတ်တွေ ရှိသင့်တာထက် ပိုပြီး စိတ်ပေါ့လျှံလာကြတယ်၊ အလုပ်အကိုင်မှာ လစ်ဟင်းလာကြတယ်၊ အဲဒါ သူကြီးမင်း အချိန်မလွန်ခင် တစ်ခုခုတော့ လုပ်မှ ကောင်းမယ် ထင်တယ်”

www.burmeseclassic.com



ရွာကာလသားများအပေါ်မှာ ခင်မင်ရင်းနှီးအောင် စည်းရုံးနိုင်သော ကာလသားကြီးက တိုက်တွန်းစကား ပြောသည်။

"လုပ်ဆို ပြတ်ပြတ်သားသား လုပ်ရမှာ၊ ဒီကုန်သည်ကောင်နဲ့ ငွေစရာ၊ ယူစရာရှိတာတွေ ရှင်းကုန်ကြပြီလားဆိုတာ သက်ဆိုင်ရာလူတွေကို ပြန်မေးကြ စစ်ကြဦး၊ ရှင်းပြီဆိုတာနဲ့ တစ်ပြိုင်နက် ဒီအကောင် နောင်ကို ဘယ်တော့မှ တို့ရွာကို ဘာကိစ္စနဲ့မှ မလာရဘူးလို့ ကျုပ်က တင်းတင်းကျပ်ကျပ် သတိပေးပြီး ပြန်နိုင်းလိုက်မယ်"

သူကြီးမင်း ဦးရွှေဇင်က ပြောသည်။

သူတို့တစ်တွေ ပြောနေကြသော စကားတွေကို မရွှေအိမ်က စိတ်ဝင်စားစွာ နားထောင်နေသောကြောင့် သဘောပေါက်သည်။ ရွာသူမိန်းမတွေကို ဈေးရောင်းနေသည့်အခိုက် ကုန်သည် ကိုလူချော၏ မျက်နှာထားရော စကားပြောဟန်ရော၊ လေသံရော ကြာမှုပါလှသည်ကို မရွှေအိမ်က မြင်ခဲ့စဉ်က ကြာမှုပါဟန်ကို နားမလည်သော်လည်း-

"ဒီဈေးသည် မျက်နှာက ခွေးတက်လျက်တော့မယ့် အတိုင်းပဲ"

ဟု ပြောခဲ့သောအခါ မရွှေအိမ် အမေက-

"အဲဒါပေါ့ပဲ့ ကြာပစ်တယ်၊ ညုနေတယ် ဆိုတာ၊ ငါတော့ မဝယ်နိုင်လို့ ပြောတာ မဟုတ်ဘူး၊ မြင်ရတာကို အမြင်ကတ်လှတယ်"

ဟု ပြောခဲ့ဖူးသည်ကို မရွှေအိမ် ပြန်သတိရလိုက်သည်။

သူကြီးမင်းနှင့် ရွာလူကြီးများ၊ ဆွေမျိုးများ ပြောဆိုတိုင်ပင် ပြီးစီး၍ ပြန်သွားကြသောအခါ ဧည့်ခံထားခဲ့သည့် ကွမ်းအစ်၊ ဆေးလိပ် စသည်များကို အိမ်ဖော်တစ်ယောက်က သိမ်းနေသည်။ သူကြီးကတော်ကြီးက ထိုင်ရာက အခိုက်အတန့် ထသွားပြီး သိမ်းဆည်းရာမှာ စီမံနေသော အချိန်လေးဝယ် မထားဆွေက တိုးတိတ်သော လေသံဖြင့် မရွှေအိမ်ကို ခေါ်လိုက်သည်။ သူ့အနားကို တိတ်တဆိတ်လာရန် အချက်ပြသည်။ ထို့ကြောင့် မရွှေအိမ်က လူကြီးတွေ မရိပ်မိအောင် အကင်းပါးပါးဖြင့် သွားလိုက်သောအခါ မထားဆွေက ကျစ်လျစ်စွာ ခေါက်ထားသော စာတစ်စောင်ကို မရွှေအိမ်လက်ထဲသို့ လျင်မြန်စွာ ထည့်လိုက်သည်။

"ဘယ်သူမှ မမြင်စေနဲ့ ညီမလေး"

အရေးကြီးသော လေသံဖြင့် ပြောသောကြောင့် မရွှေအိမ်က ယောင်ယမ်းပြီး စာခေါက်လေးကို ကပျာကသီ ထဘီကြားထဲ ထိုးဖွက်ထားလိုက်၏။



"ဈေးသည် ကိုလူချောဆီကို ဒီစာရောက်အောင် အမြန်ဆုံး သွားပေးပေးပါ ညီမလေးရယ်၊ ဘယ်သူမှ မသိစေနဲ့နော်၊ မမ ထဘီလှလှတစ်ထည် ဝယ်ပေးမယ်၊ သွား မြန်မြန်သွား"

မရွှေအိမ်သည် ထဘီကြားထဲ ညှပ်ထားသော စာခေါက်ကလေးကို ထဘီပေါ်ကနေပြီး လက်ဖြင့် အုပ်ထားရင်း မထားဆွေ၏ ခက်ခက်ခဲခဲ ထွက်လာသော ဉာဏ်ကို စိတ်ထဲက အံ့ဩနေမိသည်။

မိဘတွေက အလစ်မပေးသောကြောင့် မထားဆွေသည် တရုတ်စာအုပ် ထူထူကြီးကို ဖတ်ယောင်ဆောင်ကာ စာအုပ်ကြီးကို ကွယ်ပြီး စာရေးနေခဲ့ခြင်းဖြစ်ကြောင်း၊ စာကြောင်းတွေကို လက်ဖြင့် တစ်ကြောင်းစီ ထောက်ဖတ်နေသည်ဟု မရွှေအိမ် ထင်ခဲ့ခြင်းမှာ စာရေးနေခြင်းဖြစ်ကြောင်း ယခုမှပင် စဉ်းစားမိသည်။

"သွားလေ ညီမလေး၊ မမကို သနားရင် အမြန်ဆုံး သွားပေးပါ၊ ညီမလေး ကြိုက်တဲ့ ထဘီကို မမ ပေးမယ်"

မထားဆွေက ခပ်တွေတွေ အမူအရာဖြစ်နေသော မရွှေအိမ်ကို ကြည့်ပြီး အလောသုံးဆယ် ‹တိုက်တွန်းလိုက်သည်။

ငိုတော့မည့်ဟန်ဖြင့် သနားစဖွယ် ဖြစ်နေသော မထားဆွေကို မရွှေအိမ်က သနားသောအားဖြင့် ဦးခေါင်းညိတ်ကာ အိမ်ထဲက ခြေလှမ်းသွက်သွက်ဖြင့် ထွက်လာခဲ့သည်။ ကုန်သည် ကိုလူချော တည်းခိုနေကျအိမ်ကို မရွှေအိမ် သိသည်။ ရွာသူ အပျိုချောတွေ စိတ်ကြိုက် အထည်ကို ဂုဏ်တု ဂုဏ်ပြိုင် ဝယ်ယူကြသောအခါက မဝယ်နိုင်သော မရွှေအိမ်က မထားဆွေ နောက်တော်ပါအဖြစ် လိုက်ပါရင်း လှပတောက်ပြောင်သော အဝတ်အထည်တွေကို တငေးတမော ကြည့်လာခဲ့ရသည်။ ယခု သူ ငေးကြည့်လာခဲ့ရသော အထည်တွေထဲက သူ သဘောကျသည့် ထဘီတစ်ထည်ကို မထားဆွေက ပေးမည်ဟု ပြောသောအခါ စိတ်ထဲမှာ ဝမ်းသာသလိုလို ဖြစ်သွားသည်။ ထို့ကြောင့် ခြေလှမ်းသွက်သွက်ဖြင့် မပြေးရုံတစ်မည် လာခဲ့သည်။

ကုန်သည်ကိုလူချော တည်းခိုနေကျ အိမ်ကို လှမ်းမြင်ရသည့် နေရာသို့ ရောက်လာသည်။ မရွှေအိမ် လှမ်းကြည့်လိုက်၏။ ယခင်အခါ[illegible]တလို ဝယ်သူတွေ၊ လာကြည့်သူတွေ မတွေ့၊ ခြောက်သွေ့ တိတ်ဆိတ်နေသည့် အထည်တွေကို မြင်သူ မျက်စိပသာဒမှာ မက်မောချင်လာအောင် ဖြန့်ခင်း

www.burmeseclassic.com

www.burmeseclassic.com



နေရာချနေသော ကုန်သည် ကိုလူချောနှင့် သူ့တပည့် အထမ်းသမားကို တွေ့ရသည်။

တောက်ပြောင်လှပသော အထည်တွေကို ဖြန့်လိုက်၊ လွှားလိုက် လုပ်နေသည်ကို ကြည့်ကောင်းကောင်းရှိသော မရွှေအိမ်က ငေးကြည့်ရင်း လာနေစဉ်မှာ ရေမြောင်းလေးတစ်ခုကို ဖြတ်ကျော်ထားသည့် တံတားလေး တစ်ခုကို ရောက်လာသည်။ ထိုအခိုက် ဘယ်နေရာမှ ပေါ့လာသည် မသိသော နွားနှစ်ကောင်တွင် ရှုံးသောအကောင်က ရှေ့က ပြေးလာသည်။ နိုင်သော အကောင်က နောက်က လိုက်သည်။

ဒေါသတကြီး ပြေးလွှားလာကြသော နွားနှစ်ကောင်က မရွှေအိမ် ရောက်နေပြီဖြစ်သော ရေမြောင်းကျော် တံတားလေးပေါ်ကို ပြေးလာကြသော အခါ မရွှေအိမ်သည် ကြောက်အား လန့်အားဖြင့် နောက်ဆုတ်လိုက်ရာ တံတား ပေါ်မှ ချော်ပြီး ရေမြောင်းထဲ ကျသွားလေသည်။ ရေမြောင်းက နက်နက်ကြီး မဟုတ်သော်လည်း မရွှေအိမ် ကျသည်က ကြောင်ကျ မကျဘဲ ခွေးကျ ကျသွား ခြင်းကြောင့် အောက်ပိုင်းတစ်ပိုင်းလုံး ရေစိုကာ ထဘီလေးပါ ကျွတ်သွားသည်။ ထို့ကြောင့် မထားဆွေ ပေးခိုင်းလိုက်သော စာကလေးက ရွှံ့ရေတွေ စိုရွှဲပေကျံ ညစ်ပတ်သွားသည်။

"ဟောတော့် အစ်မဆွေတော့ စိတ်ဆိုးတော့မှာပဲ"

စိုစိုရွှဲရွှဲ ထဘီလေးကို ပြန်ဝတ်ပြီး စာခေါက်လေးမှာ စိုရွှဲပေလူးနေ သည့် ရေတွေ၊ ရွှံ့တွေကို သုတ်သောအခါ ရေစိုနေသော စာခေါက်လေးက ပြဲသွားသည်။ စာလုံးနေရာတွေပါ ရေစိုနေသည့်အတွက် မရွှေအိမ်က ခြောက် သွားစေရန် စာရွက်လေးကို ဖြန့်ပြီး ပါးစပ်လေးဖြင့် မှုတ်နေရင်းမှ ရေးထား သည့်စာကို အမှတ်မထင် မှုတ်နေရင်း ဖတ်လိုက်မိသည်။

စာထဲတွင်ကား ဖခင် သူကြီးမင်း အစီအစဉ်တွေကြောင့် ဖူးစာ မဆုံဘဲ ဝေးရမည်ကို စိုးရိမ်ကြောင်း၊ သူ့ကို တကယ်ချစ်လျှင် ခိုးယူပါမည့် အကြောင်း၊ ယနေ့ညပင် သန်းခေါင်အချိန်မှာ သူ ထွက်လာမည် ဖြစ်သော ကြောင့် ကိုလူချောက အဆင်သင့် စောင့်နေပြီး ညတွင်းချင်း ဤရွာက လွတ်မြောက်အောင် မြို့အရောက် ပြေးဖို့အတွက် အားလုံး အဆင်သင့်ပြင်ထား စေလိုကြောင်းတွေကို ရေးထားသည်။

မရွှေအိမ် မျက်လုံးပြူးသွားသည်။



"အစ်မထားဆွေက လင်နောက် လိုက်တော့မှာပါလား၊ လင်နောက် လိုက်တယ်ဆိုတာ မိဘတွေ အရှက်သိပ်ကွဲတယ်လို့ အမေ ပြောဖူးတယ်"

မရွှေအိမ်သည် တွေးနေရင်းမှ သူကြီးမင်းနှင့် ဆွေမျိုးရင်းချာများ၊ ရပ်ရွာလူကြီးများက အခုလေးတင်ကမှ ပြောနေကြသည့် စကားတွေကို နား ထဲမှာ မှတ်မှတ်သားသား ပြန်လည် ကြားယောင်လာသည်။

'ရွာသူတွေကိုလည်း မျိုမယ်၊ ရွာကိုလည်း မျိုမယ်၊ တို့ဗမာ တိုင်း ရင်းသားရွာ မဟုတ်တော့ဘဲ ကုန်သည်ကောင် လူမျိုးခြားတွေရဲ့ရွာ ဖြစ်သွား တော့မယ်...'

သူကြီးမင်း ဦးရွှေဇင် စကားတွေကိုရော၊ အခြားသူတွေ စကားတွေ ကိုရော မရွှေအိမ်က သေသေချာချာ ပြန်တွေးသည်။

"လူကြီးတွေ ပြောစကားအတိုင်း ဆိုရင် အစ်မထားဆွေဟာ အမျိုး ကို မစောင့်ဘူးပေါ့၊ လင်ယူတာ စည်းကမ်းမရှိဘူးပေါ့၊ ဟုတ်သားပဲ၊ တို့ရွာသား တွေ အများကြီးရှိနေတာ ဘာကြောင့် တခြားက ရောက်လာတဲ့ လူမျိုးကွဲကို ယူရမှာလဲ၊ သူတောင်းစားမျိုးမှန်း မသိ၊ ဘာကောင်တွေမှန်း မသိ"

မရွှေအိမ်သည် စိတ်ကို ခိုင်မာစွာ ဆုံးဖြတ်လိုက်သည်။ ရေစိုနေသော စာကို နေရာမပျက် ပြန်ခေါက်လိုက်သည်။ သူက ခြေနှစ်ဖက်ကို နောက်ကြောင်း ပြန်လှည့်လိုက်သည်။ ထို့နောက် သူကြီးမင်းအိမ် အရောက် ပြန်ပြေးလာခဲ့လေ တော့သည်။

မထားဆွေ စိတ်ဆိုးမှာကိုလည်း ကြောက်သောကြောင့် မထားဆွေ မမြင်အောင် ပုန်းလျှိုးကွယ်လျှိုးဖြင့် အိမ်ထဲကို ဝင်လာသည်။ ဧည့်ခန်းအဝကို ထွက်လာသော သူကြီးမင်းနှင့် အဆင်သင့် တွေ့လိုက်ရသောအခါ သူကြီးမင်း က ဘာမှ မမေးမီမှာပင် မရွှေအိမ်က အကြောင်းစုံကို တိုတိုဖြင့် လိုရင်းရောက် အောင် ပြောပြကာ မထားဆွေ ရေးထားသည့်စာကို သူကြီးမင်းလက်ထဲ ထည့်လိုက်သည်။ သူကြီးမင်းသည် ရွှံ့ရေစိုရွှဲနေသော စာကို ဖတ်လိုက်သည်။ စာဖတ်၍ ဆုံးသောအခါ စာကို အိတ်ထဲ ထည့်လိုက်၏။

"နင်ပြန်တော့ ရွှေအိမ်၊ နင့်အရွယ်လေးနဲ့ မလိုက်အောင် သူ့မှာ စောင့်သိတာကို ငါ သိပ်ဝမ်းသာတယ်၊ ဒီစာ ငါ့ကို ပြန်ပေးတယ်ဆိုတာ ထားဆွေကို မပြောနဲ့၊ ပြန်တော့ ရွှေအိမ်... ပြန်တော့၊ နင့်ကျေးဇူးကို ငါ ဘယ်တော့မှ မမေ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူကြီးမင်းက မရွှေအိမ်ကို လေးလေးစားစား ပြောပြီး ပြန်လွှတ်လိုက်သဖြင့် မရွှေအိမ်သည် ပြန်ပြေးလာခဲ့သည်။

ထို့နောက် ဘာဖြစ်ကြမည်ကို မရွှေအိမ်က များစွာ စိတ်ဝင်စားပြီး စုံစမ်း နားထောင်သောအခါ မထားဆွေ၏ ဖြစ်ပုံသည် ဒေါသဖြစ်စရာလည်း ကောင်း၊ သနားစရာလည်း ကောင်း၊ ကြေကွဲစရာလည်း ကောင်းလှသည်။

■

ယခုအချိန်မှာ အသက် ၈၀ ကျော်နေပြီဖြစ်သော ဘွားရွှေအိမ်သည် ထိုအကြောင်းကို ပြန်ပြောရင်း သူ့မျက်စိထဲမှာ ချောမောလှပသော သူကြီး သမီး မထားဆွေကို ပြန်လည် မြင်ယောင်လာဟန် တူသည်။ တွေတွေငေးငေး ပင် ဖြစ်သွားသည်။

"သူကြီးသမီး ဘာဖြစ်သွားလဲ ဘွားဘွား"

အဘွားရွှေအိမ် ငေးနေ၊ တွေနေ၍ အတန်ကြာသောအခါ မခင်ရွှေ က မေးလိုက်သည်။

"အင်း၊ စိတ်တော့လည်း မကောင်းစရာပါပဲ၊ သူကြီးမင်း စိတ်ဓာတ် မျိုးကလည်း ရှာမှ ရှားပဲကွဲ့၊ စာကို ဖတ်ပြီးတာနဲ့ သူ့သမီးရှိနေတဲ့ အခန်း တံခါးကို အပြင်ဘက်က သော့ခတ် ပိတ်ထားလိုက်တယ်လေ။ အခန်းထဲမှာ အိမ်သာအိုး၊ သောက်ရေအိုး၊ မျက်နှာသစ် ရေအိုး အစုံ ထည့်ပေးလိုက်တယ်။ စားသောက်စရာ ပို့ပေးဖို့ ပန်းကန် ဝင်သာ၊ သွင်းသာအောင် အပေါက် ဖောက်လိုက်တယ်။ နေ့ညမလပ် လူလဲနဲ့ တာဝန်ပေးပြီး စောင့်ခိုင်းထားတယ်။ အစ်မ ထားဆွေ ဘယ်လိုမှ ထွက်လို့မရတော့ဘူးပေါ့။ အိမ်ကလည်း လုံတယ် မဟုတ်လား၊ ဝင်းကလည်း လုံတယ်၊ ဝင်းတံခါးကိုပါ သော့အမြဲခတ်ထား တယ်။ ပြတင်းပေါက်က ခုန်ချထွက်မှာစိုးလို့ အစ်မဆွေ အိပ်ခန်း ပြတင်း ပေါက်အောက်မှာ အမြဲ လူစောင့်ထားတယ်။ ဟိုကုန်သည်ကောင်ကိုတော့ သူကြီးမင်းနဲ့ ရွာလူကြီးတွေက နှိပ်နှိပ်စက်စက်တော့ မလုပ်ပါဘူး၊ ချက်ချင်း ထွက်သွားဖို့ နှင်ပစ်လိုက်တယ်၊ နောက်လည်း ဘယ်တော့မှ မလာနဲ့လို့ သတိ ပေးလိုက်တော့ ကုန်သည်ကောင်လည်း သူ့အခြေအနေ မဟန်ဘူးဆိုတာ သိပြီ ပေါ့၊ ချက်ချင်း ပြေးတာပဲ ဆရာမလေး"



အဘွားရွှေအိမ်က အမောပြေ ခေတ္တနားပြီး ဆက်ပြောလိုက်သည်။

"တိုတိုပြောရရင် အစ်မထားဆွေဟာ သူ့ကို လှောင်ထားလိုက်တဲ့ အချိန်က စပြီး လူသိကုန်လို့ ရှက်တာရော၊ အချစ်နာကျတာရော စုပေါင်းပြီး စိတ္တဇရောဂါ စွဲသွားတယ် ဆိုပါတော့"

"သနားပါတယ်နော်... ဒါပေမဲ့..."

မခင်ရွှေက စကားကို ဆုံးအောင် မပြောဘဲ ရပ်ထားလိုက်သည်။ သူ ဆိုလိုသည်က သနားစရာတော့ ကောင်းပါသည်။ သို့သော် လူမျိုးကွဲကို ညှို့မျှလောက် စွဲလမ်းရပါမည်လားဟူသော စကားမျိုးကို ဆက်ပြောရမှာ နှုတ်က မထွက်သောကြောင့် စကားဖြတ်လိုက်ခြင်း ဖြစ်သည်။

အဘွားရွှေအိမ်က မခင်ရွှေ ဆိုလိုသည့်သဘောကို ရိပ်မိသည်။

"အေးကွဲ့၊ တစ်ရွာလုံးကတော့ ဆရာမလေး ပြောသလိုပါပဲ၊ အခန်း လှောင်လိုက်တဲ့ နေ့ကစပြီး ဘာမှ မစားတော့ဘဲ အငတ်ခံနေလိုက်တာပဲ"

"အခုခေတ် အပြောဆိုရင် ဆန္ဒပြတာပေါ့ ဘွားဘွား"

"ဟုတ်တယ်၊ သနားတဲ့ လူတချို့က သူကြီးမင်းကို တောင်းပန်ကြ ပါတယ်၊ သူ့ကံနဲ့သူ ရှိပါစေ၊ လွှတ်ပေးလိုက်ပါလို့၊ အခန်းဖွင့်ပေးလိုက်ရင် အစ်မထားဆွေက ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မြို့ရောက်အောင် ပြေးပြီး ကုန်သည် ကောင်ရှိရာကို ရောက်အောင်သွားမယ် ဆိုတာကလည်း သေချာနေတာကိုး၊ ဒီတော့ သူကြီးမင်းက ဘာပြောတယ် အောက်မေ့လဲ ဆရာမလေး..."

"ဘာပြောလဲ ဘွားဘွား"

"မတောင်းပန်ကြနဲ့တဲ့၊ အစာငတ်ခံလို့ သေရင် သူ့သမီးတစ်ယောက် ပဲ ဆုံးရှုံး ပျက်စီးခံရမယ်တဲ့၊ သူ့အဖို့ စိတ်ဆင်းရဲရရင် အလွန်ဆုံး ခြောက်လ ပေါ့တဲ့၊ လွှတ်ပေးလိုက်လို့ ကုန်သည်ကောင် လူမျိုးခြားနဲ့ ညားသွားရင် ပေါက်ပွားလာမယ့် ဆွေစဉ်မျိုးဆက်ဟာ လူမျိုးခြား သွေးရောပြီး လူမျိုးလည်း ပျက်မယ်၊ သူကြီး ဦးရွှေဇင် အမျိုးဟာ ဗမာတိုင်းရင်းသားမျိုးအစစ် မဟုတ် တော့ဘူးလို့ အပြောခံရတာဟာ တစ်ဆွေလုံး တစ်မျိုးလုံး သေဆုံးပျက်စီးတာ ထက် ဆိုးဝါးပြီး သူ့အဖို့က တစ်သက်လုံး စိတ်ဆင်းရဲရမယ်တဲ့။ သူတစ်ပါး အချစ်ကို ဖြိုခွဲတာဟာ ဝဋ်လိုက်တယ်ဆိုတာကို ဗုဒ္ဓဘာသာဖြစ်တဲ့ သူ့အဖို့ သေသေချာချာ သိတာပေါ့တဲ့၊ ဒါပေမဲ့ ကိုယ့်တိုင်းရင်းသားအပေါ်၊ ကိုယ့် လူမျိုးအပေါ် သစ္စာစောင့်ရလို့ ဝဋ်လိုက်တာမျိုးကိုတော့ ဆယ်ပြန်လိုက်ပါစေ သူ ခါးစည်းပြီးခံမယ်လို့ ပြတ်ပြတ်ကို ပြောတာ ဆရာမလေးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ချိုးကျူးဖို့ ကောင်းလိုက်တဲ့ စိတ်ဓာတ်နော် ဘွားဘွား"

မခင်ရွှေက လှိုက်လှိုက်လှဲလှဲ ပြောသည်။

"အေးကွဲ့၊ ဦးရွှေဇင်က စံပြသဘောမျိုး လုပ်လိုက်တာ တို့ ရေပြာအိုင်ရွာသူတွေဟာ အခုခေတ်တိုင်အောင် လူမျိုးခြားကို ဘယ်သူမှ အိမ်ထောင်မပြုဘဲ အထူးရှောင်ကြတယ်၊ တို့ ရေပြာအိုင်ရွာကိုလည်း ဘယ်လူမျိုးခြားမှ စီးပွားလာရှာ၊ အခြေစိုက်တာကို လက်မခံဘဲ တင်းတင်းမာမာ ပြတ်ပြတ်သားသား တားဆီးကြတယ်ကွဲ့"

ဘွားရွှေအိမ် စကားကို နားထောင်နေရင်း မခင်ရွှေသည် စိတ်ထဲတွင် မည်သို့ ခံစားရသည်မသိ၊ ကြက်သီးမွေးညင်းပင် ထလိုက်မိသည်။

ရေပြာအိုင်ရွာသူတွေလို ဗမာတစ်ပြည်လုံးမှာ ရှိကြသော တိုင်းရင်းသူအမျိုးသမီးများအားလုံးသည် ကိုယ့်လူမျိုးအပေါ် သစ္စာစောင့်ကြပြီး လူမျိုးခြားကို အိမ်ထောင်ပြုခြင်းမှ ရှောင်နိုင်ကြလျှင်၊ ရေပြာအိုင် ရွာသူရွာသားတွေလို ကိုယ့်မြေပေါ်မှာ လူမျိုးခြား စီးပွားလာရှာခြင်းကို တညီတညာတည်း တက်ညီလက်ညီ တားဆီးကာ ကိုယ့်နိုင်ငံစီးပွားရေးကို ကိုယ်ကိုယ်တိုင် လုပ်နိုင်ကြမည်ဆိုလျှင် မည်မျှ ကောင်းပါမည်နည်းဟု တွေးလိုက်မိသည်။

"သူကြီးသမီး မထားခွေဆိုတာ နောက်တော့ ဘာဖြစ်သွားလဲ ဘွားဘွား"

အတန်ကြာ စကားပြတ်နေကြပြီးမှ မခင်ရွှေက မေးသည်။

"အေး၊ အဖေဖြစ်တဲ့ ဦးရွှေဇင် စိတ်ဓာတ်က မွန်မြတ်သော ပြင်းထန်ခြင်းနဲ့ ပြင်းထန်သလို သမီးဖြစ်သူ မထားခွေရဲ့ စိတ်ဓာတ်ကလည်း အချစ်အတွက်နဲ့ ပြင်းထန်ပေသကိုး၊ မကြာခင်ပဲ ဆုံးသွားရှာတယ် ဆရာမလေး အစ်မထားခွေ ချစ်သူနဲ့ကွဲပြီး သေရတာဟာ အတွား ပယောဂ ပါသင့်သလောက် ပါသွားပါတယ်၊ သို့သော် သူကြီးမင်း ပြောသလို ကိုယ့်တိုင်းရင်းသားအပေါ်၊ ကိုယ့်လူမျိုးအပေါ် သစ္စာစောင့်သိရလို့ ဝဋ်လိုက်တာမျိုးပဲလို့သာ စိတ်ကို ဖြေရတာပေါ့ကွယ်"

"အထိမ်းအမှတ် ဂူလေး ဘာလေး လုပ်မထားဘူးလား ဘွားဘွား"

"မလုပ်ဘူးကွဲ့၊ ကျွမ်းအောင်ကို မီးရှို့ပစ်တယ်၊ ပြာတောင် မကောက်ဘူး၊ သူကြီးမင်း စိတ်ဓာတ်ကတော့ တကယ်ပဲပေ့၊ ကိုယ့်အမျိုးကို စောင့်ရကောင်းမှန်းမသိတဲ့ သမီးဖြစ်လို့ ဂူနဲ့ မတန်ဘူး၊ ချက်ချင်း ပျောက်ကွယ်သွားတာ ကောင်းတယ်လို့ တည်တည်ငြိမ်ငြိမ်ပဲ ပြောပြီး မီးရှို့လိုက်တာကွဲ့"



ဤနေရာမှာ မထားခွေအကြောင်းက ဆက်မေးစရာ မကျန်အောင် ပြီးဆုံးသွားပြီ ဖြစ်၏။

စကားများများ ပြောလိုက်ရ၍ မောသွားသော ဘွားရွှေအိမ်က ရေတစ်ခွက် တောင်းသောက်ပြီး ကွမ်းထောင်းနိုင်းသောကြောင့် မခင်ရွှေက ကွမ်းထောင်းနေရင်းမှ သူကြီးမင်း ဦးရွှေဇင်သည် ပုဂံပြည့်ရှင် ကျန်စစ်သားမင်းတရားကြီးကဲ့သို့ ဗမာနိုင်ငံနှင့် ဗမာတိုင်းရင်းသားတွေ အရေးကို အရှည်သဖြင့် တွေးနိုင်စွမ်း ရှိကြပါပေသည်ဟု စဉ်းစားရင်း သူ မမြင်ဖူးလိုက်သော ပုဂံပြည့်ရှင် ကျန်စစ်သားမင်းတရားကြီးနှင့် ရေပြာအိုင် ရွာသူကြီး ဦးရွှေဇင်တို့ ကြည်ညိုလေးစားစွာ ရည်မှန်း ကန်တော့လိုက်မိပေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## ရေပြာအိုင်မှ ဥယျာဉ်မြေ

ကျောင်းပိတ်သော တစ်နေ့မှာ မခင်ရွှေသည် တပည့် ကျောင်းသား အချို့နှင့် ရွာပြင်သို့ လမ်းလျှောက်ထွက်လာခဲ့သည်။

ယခင်က လမ်းလျှောက်ထွက်သော နေရာတွေမှာ မော်တော်ကား လမ်းဟောင်း ရှိရာဘက်သို့ လည်းကောင်း၊ သားထူးသားမြတ် ရှပ်ကလာပ် လဲလျောင်းရာ တောင်ကုန်းယယ်ဆီသို့ လည်းကောင်း လျှောက်ခဲ့ဖူးသည်။ ယခု ထိုနေရာတွေဘက်ကို မသွားတော့ဘဲ သူတစ်ခါမှ မသွားခဲ့ဖူးသေးသော ရွာတောင်ဘက်ဆီသို့ ထွက်လာခဲ့သည်။

ရေပြာအိုင်ရွာသည် အနောက်ဘက်က စိမ်းညို့မှိုင်းမှောင်နေသော တောင်တန်း တောအုပ်များ၊ အရှေ့ဘက်က မိုးကုပ်စက်ဝိုင်းဆီကို ထိုးလှမ်း မျှော်မဆုံးအောင် ကျယ်ပြန့်သော လယ်ကွင်းပြင်ကြီးများ ရှိပြီး ရွာမြောက်ဘက်ဆီတွင်ကား သားထူးသားမြတ် ရှပ်ကလာပ် သိုမှီးရာ တောင်ကုန်းငယ် များကဲ့သို့သော တောင်ကုန်းငယ်များ၊ တောင်ကမူကလေးများ၊ ချိုင့်ဝှမ်းများ ဖြင့် ထွန်ယက်စိုက်ပျိုး စားနိုင်လောက်အောင် ကျယ်ဝန်းသော မြေပြန့် မရှိချေ။ ထိုသုံးဖက်သော ရှုမျှော်ခင်းကို မခင်ရွှေက မြင်ခဲ့၊ တွေ့ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် သူ တစ်ကြိမ်မှ မသွားခဲ့ဖူးသော ရွာတောင်ဘက်ဆီသို့ ထွက်လာခဲ့ခြင်း ဖြစ်သည်။



ရွာတောင်ဘက်တွင်ကား မခင်ရွှေ မြင်ကွင်းတွင် ခြံပျက်ကြီးလိုလို ရွာပျက်ကြီးလိုလို ကျယ်ပြန့်သော မြေကွင်းပြင်ကြီးကို တွေ့ရသည်။ ကွင်းပြင် ကြီးကား မခင်ရွှေ စိတ်ထင် အနည်းဆုံး သုံး၊ လေး ဧကလောက်တော့ ကျယ်လိမ့်မည်ဟု ခန့်မှန်းမိသည်။

ထိုနေရာကို မခင်ရွှေက အရောက် သွားကြည့်လိုက်သည်။ ရောက် သွားသောအခါမှ တကယ်ပင် ခြံပျက်ကြီးဖြစ်ကြောင်းကို တွေ့ရသည်။ ခြံပျက် ကြီး အဆုံးအထိ နေရာအနှံ့ လိုက်မကြည့်နိုင်သော်လည်း မခင်ရွှေ ရောက် နိုင်သမျှ နေရာတွင်ကား တစ်ချိန်သောအခါက စားကောင်းသောက်ဖွယ် အသီး အနှံပင်များ စိုက်ပျိုးဖြစ်ထွန်းခဲ့ဖူးသော အမှတ်အသားလောက်ကို သိသာရုံ ရေးရေးမျှ တွေ့နေရသည်။

ခြံစည်းရိုးနေရာတွင် ရှေးယခင်က ဝါးပင်တွေ စည်စည်ကားကား စိုက်ပျိုးထားခဲ့ဟန် ရှိသော်လည်း ယခု မျက်မြင်တွင်ကား အချို့နေရာမှာသာ ဝါးပင်ငုတ်တို အခြောက်များ ဆွေးမြည့်နေသည်ကို တွေ့ရပြီး ထိုဝါးပင်ငုတ် တိုပေါ်တွင် ကျီးအာပင်များ၊ အမည်မသိ နွယ်ပင်များ ထူထပ်စွာ ရစ်သိုင်း အုပ်မိုးနေသည်။

''ဒီနေရာဟာ ခြံကြီးဖြစ်ခဲ့ဖူးတယ် ထင်တယ်''

မခင်ရွှေက ပြောလိုက်သော စကားကို အနားမှ ကပ်နေသော လေးတန်း ကျောင်းသူ တပည့်မလေးက ကောင်းစွာ ကြားလိုက်သောကြောင့်-

''ဟုတ်တယ် ဆရာမ၊ ဒါ အဘိုးစမ်းမြိုင် ခြံကြီးလို့ အမေတို့ ပြောဖူးတယ်''

ဟု ဆိုလိုက်သည်။

''အဘိုးစမ်းမြိုင်ခြံ၊ အို··· နာမည်က ကြားရတာ နားထဲမှာ အေးလိုက် တာ၊ အဲဒီ အဘိုးစမ်းမြိုင်က အခု ဘယ်မှာနေလဲ ကလေး''

မခင်ရွှေက မေးသောအခါ တပည့်မလေးက-

''မသိဘူး ဆရာမ၊ အမေတို့က အဘိုးစမ်းမြိုင် ခြံပျက်ကြီး ဆိုလို့သာ ကျွန်မတို့က ကြားဖူးတာ''

ဟု ဖြေလိုက်သောအခါ မခင်ရွှေသည် ဘာမှ မေးခွန်းထုတ်စရာ မကျန်တော့အောင် ဖြစ်သွားသည်။

''ခြံနာမည်နဲ့ လိုက်အောင် ခြံထဲမှာ စမ်းရေအိုင်တွေ၊ သစ်ပင် စိမ်းစိမ်းစိုစိုတွေ ရှိခဲ့ဖူးတယ် ထင်ပါရဲ့''

www.burmeseclassic.com

www.burmeseclassic.com



ဟု မခင်ရွှေက ပြောသောအခါ ကျောင်းသားလေးတစ်ယောက်က ဖြည့်စွက် ပြောလိုက်သည်။

"စမ်းရေအိုင်တွေ ရှိတာ မရှိတာတော့ ကျွန်တော်တို့ မသိဘူး ဆရာမ ဒီခြံပျက်ကြီး အဆုံးထိအောင် သွားလိုက်ရင် ဟိုဘက်မှာ ချောင်းကလေး တစ်ခု တော့ ရှိတယ်၊ ရေမရှိတော့ဘူး ခြောက်နေပါပြီ"

တပည့်လေးတစ်သိုက်နှင့် မခင်ရွှေသည် စကားတပြောပြောဖြင့် ခြံပျက်ကြီးထဲကို လျှောက်လာစဉ် တပည့်ကျောင်းသားလေး ပြောသော ရေခန်းခြောက်နေသည့် ချောင်းဆီမှ အဘိုးအိုတစ်ယောက်သည် ဓားရှည်တစ်ချောင်း ထမ်းပြီး လာနေသည်ကို တွေ့ရသည်။

"ဟော- တို့အဘေးကြီး အဘေး"

တပည့်လေးတစ်ယောက်က ဝမ်းသာအားရ အော်ဟစ်ခေါ်လိုက်သော ကြောင့် အဘိုးအိုသည် ဒိုက်စိုက် ဒိုက်စိုက်ဖြင့် လာနေရာမှ လှမ်းကြည့်လိုက် သည်။ တစ်ယောက်နှင့် တစ်ယောက် နီးကပ်လာသောအခါ-

"ဟော ဆရာမလေးပါလား၊ ဘိုးစမ်းမြိုင် ခြံပျက်ကြီးဆီ လမ်း လျှောက်လာကြတာ ထင်တယ်"

ဟု စတင်နှုတ်ဆက်ရင်း သူ့ထံပြေးလာသော မြစ်ဖြစ်သူကို ဆီးကြို ဖက်လိုက်သည်။

"ဟုတ်ကဲ့ အဘိုး၊ ကျွန်မလည်း စိတ်ဝင်စားစရာလေးတွေ တွေ့ချင် တာနဲ့ လမ်းလျှောက်ထွက်လာပါတယ်၊ ဒီတပည့်လေးက အဘိုး မြစ်လား"

မခင်ရွှေက ရှိသေစွာ ပြန်ဖြေကြားရင်း မေးသည်။

"ဟုတ်ပါတယ် ဆရာမလေး၊ အဘိုးလည်း ဟိုဘက်ရွာက ပြန်လာ တာ၊ ဒီချောင်းရိုးအတိုင်း လာခဲ့တဲ့လမ်းက နည်းနည်း ပိုနီးလို့လေ"

အဘိုးက ပြန်ပြောသည်။ မခင်ရွှေက ကြုံတုန်း ထိုအဘိုးသည် အဘိုးစမ်းမြိုင်အကြောင်းများ သိလေမည်လားဟု မေးမြန်းလိုသောစိတ် ပေါ် လာသည်။ ထို့ကြောင့်-

"အဘိုး မောလာတာ အားတော့နာပါတယ် အဘိုးရယ်၊ ဒီခြံနာမည် က အဘိုးစမ်းမြိုင်ခြံ ဆိုတော့ နာမည်က ချမ်းမြေ့လွန်းလို့ ကျွန်မ စိတ်ဝင်စား လာမိပါတယ် အဘိုး၊ အဘိုးစမ်းမြိုင်အကြောင်း အဘိုး သိပါသလား"

ဟု တောင်းပန် မေးမြန်းလိုက်သည်။



အဘိုးက ပါးစပ်ထဲငုံလာသော ကွမ်းကို တစ်ချက်၊ နှစ်ချက်လောက် ဝါးလိုက်သေးသည်။ မျက်နှာက ပြုံးနေသည်။ အဘိုးသည် ရေပြာအိုင်ရွာ နှင့် ပတ်သက်ပြီး စိတ်ဝင်စားစွာ မေးမြန်းမှတ်သားတတ်သည်ဆိုသော ရွာ ကျောင်း ဆရာမလေး မခင်ရွှေအကြောင်းကို ကောင်းကောင်း ကြားဖူးနေ သည်။ ထို့ကြောင့်-

"ဆရာမလေး သိချင်ရင် ပြောပြရတာပေါ့ကွယ်၊ ဒါကြောင့် ဟော ဟို ကမူလေးစောင်းက ညောင်ပင်ကြီးအောက်မှာ သွားထိုင်ကြရအောင်၊ နားနားနေနေ ပြောပြတာပေါ့"

ဟု ပြောရင်း ညောင်ပင်ကြီး ရှိရာကို ထွက်သွားသောကြောင့် မခင်ရွှေ ဝမ်းသာအားရ လိုက်သွားသည်။

ညောင်ပင်အောက်မှာ မခင်ရွှေသည် တပည့်ကျောင်းသား၊ ကျောင်း သူလေးများနှင့်အတူ အဘိုးရှေ့မှာ ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်ပြီး မိဘက ပုံပြောပြ မည်ကို ငံ့လင့်နေသော သားသမီးကဲ့သို့ အဘိုးပြောပြမည်ကို ငံ့လင့်နေသည်။ တပည့်လေးများကလည်း သူတို့ ဆရာမလိုပင် ပုံနားထောင်ရမည့် ဟန်မျိုးဖြင့် ငြိမ်သက်စွာ ထိုင်လိုက်ကြ၏။

"ဒီလိုကွဲ့ ဆရာမလေးရဲ့၊ အဘိုးစမ်းမြိုင် ဒီခြံကြီးကို ပြုစုပျိုးထောင် တဲ့အချိန်က အဘတို့က လူပျိုကာလသားအရွယ်တွေပေါ့"

ဟု အစချီကာ စီကာပတ်ကုံး ပြောပြနေသည်ကို မခင်ရွှေက စိတ် ဝင်စားစွာ နားထောင်နေလိုက်သည်။

■

အဘိုးစမ်းမြိုင် ခြံပျက်နေရာသည် ရှေးယခင်က မြေရိုင်းကြီး ဖြစ် သည်။ အမျိုးအမည်မသိသော တောစိုး သစ်ပင်ကြီးတွေ၊ ဆူးချုံကြီးတွေ၊ မြက်ရိုင်းပင်ကြီးတွေဖြင့် ဆင်နေ ကျားအောင်းဟုပင် တင်စားပြောနိုင်သော နေရာ ဖြစ်သည်။ ထူထပ်စွာ ဖုံးနေသော သစ်ပင်ချုံနွယ်တွေကြောင့် ကြည့်ရ သူ မြင်ရသူစိတ်မှာ ချိုင့်ဝှမ်းကြီးလိုလို၊ တောင်ကုန်းလိုလို မညီညာသော မြေဆိုးမြေရိုင်းကြီး ဖြစ်နေသည်။

ရေပြာအိုင်ရွာသူ ရွာသားတွေက ဤမြေနေရာကို မည်သူမျှ စိတ် မဝင်စားကြချေ။ ထိုအချိန်က ချောင်းငယ်သည် ရေနက်လှသည် ရေစီး

www.burmeseclassic.com



သော်လည်း လူကြီးပေါင်လယ်လောက် နက်ပြီး ရေကြည်လင်လှသည်။ မိုးနွေမခန်း တသွင်သွင် စီးဆင်းလျက် ရှိသည်။ အမှန်က ချောင်းငယ်သည် စမ်းချောင်းတစ်ခုသာ ဖြစ်သည်ကို မည်သူမျှ သတိမထားကြချေ။ သစ်ပင်ချုံနွယ် ထူထပ်သော မြေရိုင်းကြီးနှင့် စမ်းချောင်းငယ်သည် တစ်စပ်တည်း ဖြစ်ပြီး စမ်းချောင်းငယ်၏ စတင်စီးဆင်းရာ အစသည် မြေရိုင်းကြီးထဲမှာ အစပျောက်နေသည်။

ရေပြာအိုင် ရွာသူရွာသားတွေ အနေဖြင့် စမ်းချောင်းငယ်အကြောင်းကို မည်သူမျှ စိတ်မဝင်စားကြ။ သို့သော် စိတ်ဝင်စားသူ ရေပြာအိုင်ရွာသား တစ်ယောက်ကတော့ ရှိနေသည်။ သူကား အသက် အစိတ်ကျော်အရွယ် ရှိနေပြီ ဖြစ်သော မောင်မြိုင် ဖြစ်သည်။ မောင်မြိုင်သည် ရေပြာအိုင်ရွာ ဇာတိ ဖြစ်သည်။ မိဘတွေက ရိုးရာလယ်သမားများပင် ဖြစ်သည်။ ညီအစ်ကို မောင်နှမတွေအားလုံးက လယ်ယာအလုပ်မှာ ဝင်လုပ်နေကြသော်လည်း မောင်မြိုင်ကား လယ်အလုပ်ကို ဝါသနာမပါဘဲ ခြံအလုပ်ကို ဝါသနာပါသည်။

"မင်းက ခြံစိုက်စားချင်တယ် ပြောရအောင် ဘယ်မှာ ခြံစိုက်စရာမြေရှိလို့လဲ၊ အားလုံး လယ်မြေတွေချည်း ဖြစ်တယ်၊ သူ့ပိုင်ရှင်နဲ့သူ ရှိနေတယ်၊ ငါတို့ လယ်စိုက်နေတဲ့ မြေကို မင်း ခြံစိုက်ဖို့ ခွဲပေးဖို့ဆိုတာ မဖြစ်နိုင်ဘူး"

မိဘများက သဘောမတူသည့်အတွက် ဤသို့သောစကားကို ပြောသော်လည်း မောင်မြိုင် စိတ်မလျှော့။ မည်သူမျှ စိတ်မကူးသော ဤမြေရိုင်းကြီးကို ထွင်ပြီး ဖြစ်အောင်စိုက်မည်ဟု ပြောသည်။ ထိုအခါ မိဘများကား မျက်ကလဲဆန်ပျာ ဖြစ်သွားသည်။

"အောင်မယ်လေး... ဒီနေရာကို မင်းမို့ စိတ်ကူးပလေ သားရယ်၊ ဆင်နေကျားအောင်း ဒါလောက် သစ်ပင်ချုံနွယ် ပိတ်ဖုံးနေတာကို ဘယ်လိုလုပ်ပြီး ထွင်မှာလဲ၊ နောက်ပြီး မြေကြီးက မညီမညာနဲ့၊ သေလုအောင် အပင်ပန်းခံ ခုတ်ထွင်ပြီးမှ ဘယ်လိုမှ သုံးမရတဲ့ မြေကြီးဖြစ်နေရင် မင်း ရင်ကျိုးရုံပဲ ရှိမှာပေါ့"

မိဘများ ပြောလည်း ပြောစရာပင်။

ထူထပ်သော တောချုံသစ်ပင်တွေ ပိတ်ဖုံးနေသော ဤမြေရိုင်းကြီးသည် ဆင်မနေ ကျားမအောင်းသော်လည်း ကြောက်စရာကောင်းသော မြွေဆိုးတွေက ပေါများလွန်းသည်။ ထိုမြွေဆိုးတွေက လူတို့ နားမလည်နိုင်သော သဘာဝမလေ့ တစ်မျိုးဖြင့် မိုးဦးကျချိန် ရောက်လာသည့်အခါ၊ လူတွေ လယ်ကွင်းထဲ



ဆင်းသည့်အခါမှာ သူတို့ကပါ အုပ်ဖွဲ့ပြီး စမ်းချောင်းကမ်းပါးအတိုင်း ဆင်းလိုက်လာပြီး လယ်ကွက်တွေထဲ ရောက်နေလေ့ ရှိကြသည်။

သူတို့ကို ဘာမှမလုပ်လျှင် သူတို့ကလည်း မကိုက်ခဲကြ။ သူတို့ထဲက တစ်ကောင်ကောင် ရိုက်သတ်လိုက်မိလျှင် မည်သူမျှ လယ်ထဲမဆင်းဝံ့အောင် သောင်းကျန်းကြတော့သည်။

ထိုအခါ အယူသီးသော ရှေးလူကြီးများ ထုံးစံအတိုင်း-

"နတ်မြွေတွေဟဲ့... ဒီမြေရိုင်း တောချုံအုပ်ထဲမှာ နတ်မြွေတွေ ရှိနေတာ၊ ဘယ်သူမှ အနားမသွားကြနဲ့"

ဟူသော စကားသည် အခိုင်အမာ ဖြစ်နေသည်။ ထိုအချိန်မှာ မောင်မြိုင်က ထိုမြေကို ခုတ်ထွင်ပြီး ခြံစိုက်မည် ပြောသည်ကို မိဘတွေ မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်ကြသည်မှာ မဆန်းချေ။

သို့သော် မောင်မြိုင်ကား စိတ်မလျှော့၊ အဘယ်ကြောင့်ဆိုသော် မရွှေအိမ်တို့ထံမှာ မောင်ရင်းနှမသဖွယ်နေထိုင်ရင်း မြွေကိုက်လူနာတွေကို ကယ်နေသည့် မြွေနိုင်ဆရာ ဦးသာပေါ် မရောက်မီက မရွှေအိမ်ထံ အလည်သွားရင်း-

"အဲဒီနေရာကြီးကို ခုတ်ထွင်ပြီး ခြံစိုက်ချင်လိုက်တာ သူငယ်ချင်းရယ်၊ မြွေတွေကို ဘယ်လို နှိမ်နင်းရမှန်း မသိလို့"

ဟူသော စကားကို သူငယ်ချင်းဖြစ်သူ မရွှေအိမ်ရှေ့မှာ တစ်ခါက မောင်မြိုင် ပြောဖူးသည်။ မကြာမီမှာ မြွေနိုင်သူ ဆရာဦးသာပေါ်က မရွှေအိမ်တို့အိမ်ကို ရောက်လာသည်။ ထိုအခါ သူငယ်ချင်း ပြောဖူးသော စကားကို မရွှေအိမ်က သတိရပြီး မောင်မြိုင်ကို ဦးသာပေါ်ရှေ့ ရောက်အောင် ခေါ်ပေးလိုက်သည်။ ဆရာဦးသာပေါ်က ခြံစိုက်လိုလျှင် စိုက်ပါ၊ မြွေတွေ ဤနေရာမှာ ရှိနေသည်က လူတွေအဖို့ ဘေးရန် ကြီးမားသည့်အပြင် မြွေတွေအဖို့လည်း လူတစ်ယောက်ကို ကိုက်လိုက်လျှင် သူတို့လည်း တစ်ကောင် သေကြရမည် ဖြစ်သောကြောင့် သူတို့အဖို့ လူသူဝေးရာကို ရောက်သွားအောင် နှင်ပေးမည်။ မြွေတွေကို နှင်ပေးမည့်ကိစ္စ မည်သူ့ကိုမျှ အသိမပေးနှင့်ဟု နှုတ်ပိတ်ထားသောကြောင့် အကြောင်းကို မသိသော မောင်မြိုင့်မိဘတွေက တားဆီးကြခြင်း ဖြစ်သည်။

နောက်ဆုံး မောင်မြိုင့်ဆန္ဒကို မည်သို့မှ တားဆီးမရသောအခါ မိဘတွေက ကရုဏာဒေါသောဖြင့် နင့်ထိုက်နဲ့နင့်ကံ ခံပေရော့ဟူ၍ ပိုက်သင့်သည့် ငွေကြေးကို ထုတ်ပေးလိုက်ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်မြိုင် ခြံကြီးကို ဘေးမသီ ရန်မခ ရှင်းလင်းခုတ်ထွင်၍ ရသွားသည်။ မောင်မြိုင်နှင့်အတူ သေအတူ ရှင်မခွဲ ကူညီလုပ်ကိုင်ပေးသူကား မောင်မြိုင်၏ ငယ်ရည်းစားချစ်သူ မစမ်းအေး ဖြစ်သည်။

ခုတ်ထွင်ရှင်းလင်း ခြံကာ၍ပြီးသောအခါ ခြံကြီးထဲမှာ လုံခြုံသော တဲအိမ်ငယ်တစ်လုံး ဆောက်ပြီး မောင်မြိုင်နှင့် မစမ်းအေးတို့ လူသိသူသိ လက်ထပ်ပေါင်းသင်းနေကြရင်း ခြံအလုပ်ကို ကြိုးစားလုပ်ကြသည်။

ခြံကို ရှင်းလိုက်သောအခါ စမ်းချောင်းငယ် စတင်စီးဆင်းရာ အစသည် ခြံကြီးအတွင်း တစ်နေရာမှာ ရှိသော စမ်းတွင်းတစ်တွင်းက တသွင်သွင် စိမ့်ထွက်နေသည့် စမ်းရေတွေ လျှံပြီး ချောင်းငယ်အဖြစ် စီးဆင်းသွားခြင်း ဖြစ်ကြောင်း တွေ့ကြရသည်။

ဘေးမသီရန်မခဘဲ ခြံကြီး ဖြစ်သွားသောအခါ ရေပြာအိုင် ရွာသူရွာသားတွေသည် မောင်မြိုင်တို့ ဇနီးမောင်နှံကို ချီးကျူးလိုက်သည်မှာ မဆုံးနိုင်အောင် ဖြစ်နေကြသည်။ မောင်မြိုင်သည် ခြံကြီးဖြစ်အောင် ခုတ်ထွင်ရှင်းလင်းလိုက်သောအခါ ဤမြေနေရာဝယ် ကြီးမားသော ကညင်ပင်ကြီးတွေလည်း ရှိနေသည်။ တညင်းပင်တွေလည်း ရှိနေသည်။ ပြော၍ ယုံနိုင်စရာ မရှိအောင်ပင် လူ့လက်ခုပ် တစ်ဖောင်ကျော်မျှ မြင့်၍ ကြီးမားထွားကျိုင်းသော မိုးမျှော်ရေတ်ပင်ကြီးတွေသည် အသီးတွေ မြွတ်ခဲနေသည်ကိုလည်း တွေ့ရသည်။ ကနစိုးပင်ကြီးတွေ၊ မရန်းပင်ကြီးတွေ၊ မလွှပင်တွေ၊ သရက်ပင်တွေအပြင် ရာသီအလိုက် ဖူးပွင့်နေကြသည့် ပိတောက်ပင်၊ ကံ့ကော်၊ စံကားဝါ၊ စံကားဖြူ စသည့် အဆင်သင့် ငွေပေါ်မည့် အပင်ကြီးတွေသည် ခြံရှင်းပြီး၍ လေကို ဝဝရှူရသောအခါ သီးလိုက်၊ ပွင့်လိုက်ကြသည်မှာ ခူး၍ မနိုင်အောင်ပင် ဖြစ်လာသည်။

ကညင်ပင်ကြီးက ပင်စည်ကို ရစ်ပြီး ရရှိသည့် ကညင်ဆီကို အဆက်မပြတ် ရောင်းနေရသည်။ ပြုပြင်ပေးစရာ မလို၊ အပင်ပန်းခံစရာ မလိုဘဲ ငွေရသည့် အပင်ကြီးတွေအပြင် ရာသီအလိုက် ပေါ်သည့် စားပင် သီးပင်များကိုလည်း စိုက်ပျိုးကြသေးသည်။ မောင်မြိုင်တို့ ဇနီးမောင်နှံကား ဤခြံကြီးနှင့်ဝင်စီးပွားဖြစ်ကာ ချမ်းသာလာကြသည်။ သဘာဝအားဖြင့် အလိုအလျောက် ပေါက်နေသော ဝါးပိုးရုံကြီးတွေက မျှစ်နှင့် ဝါးသည် တောသူတောင်သားတွေအတွက် အလွန်လိုအပ်သောအရာ ဖြစ်သည်။

မောင်မြိုင်သည် အရှည်ကို မျှော်တွေး စဉ်းစားတတ်သူ ဖြစ်သည်။ ဤနေရာသည် စိမ့်ကြီးမြိုင်ကြီးတမျှ ဖြစ်နေခြင်း၊ သစ်ပင်တွေ ကြီးထွားရှင်သန်ခြင်း၊ မြေဩဇာ ကောင်းနေခြင်း၊ မိုးနွေမခန်း စိမ့်ထွက်နေသော စမ်းတွင်းနှင့် ရေလျှံ စီးထွက်သွားသော စမ်းချောင်း ရှိခြင်းတို့သည် တစ်ဦးကိုတစ်ဦး အကျိုးပြု မှီတွယ်နေခြင်း ဖြစ်ကြောင်း စဉ်းစားမိသည်။



သစ်ပင်ကြီးတွေ အုပ်ဆိုင်းနေသောကြောင့် မြေကြီးသည် စွတ်စိုအေးမြနေသည်။ ထို့ကြောင့် စမ်းတွင်းဖြစ်ပြီး ရေကြည်ရေအေး အဆက်မပြတ် စိမ့်ထွက်နေသည်။ ထိုသို့ ရေကြည်ရေအေး အဆက်မပြတ် စိမ့်ထွက်နေသော ရေဓာတ်ကြောင့်ပင် သစ်ပင်တွေ ရေသောက်ကြရသည်။ မြေဩဇာကောင်းသောကြောင့် ဖွံ့ဖြိုးသော အသီးအပွင့်တွေ ဖြစ်ထွန်းရသည်။

ဤသို့ တစ်ဦးကိုတစ်ဦး အကျိုးပြု မှီတွယ်နေသော သဘောကို စဉ်းစားမိသောကြောင့်ပင် မောင်မြိုင်က သစ်ပင်ကြီးတွေကို စားသုံးရသည့် အပင်သာ မဟုတ်၊ မစား မသုံးရသော်လည်း လူနေထိုင်ရာနှင့် လွတ်ကင်းသော သစ်ပင်ကြီးတွေကို ချန်သင့်သည့် အပင်များကို ချန်ထားလိုက်သည်။

“ဒီသစ်ပင်ကြီးတွေက သုံးမရပါဘူး၊ ထင်းအဖြစ် ရောင်းပါလား”

ဟူသော မယား မစမ်းအေးနှင့် ရွာသူရွာသားတို့ အကြံပေးချက်ကို ငြင်းပယ်ခဲ့သည်။ အထူးသဖြင့် စမ်းတွင်းနှင့် နီးသည့်နေရာ၊ စမ်းတွင်း ပတ်ဝန်းကျင်နှင့် သူပိုင် ခြံမြေထဲမှာ ပါဝင်နေသည့် စမ်းချောင်း ကမ်းပါးတစ်လျှောက်မှ သစ်ပင်ကြီးတွေကို အထူးဂရုစိုက်ပြီး ချန်ထားခဲ့သည်။

လင်ဖြစ်သူ၏ အယူအဆကို သဘောပေါက်လာသော မစမ်းအေးက သစ်ပင်ခုတ်လှဲမှုနှင့် ပတ်သက်ပြီး ဘာမှမပြောတော့သော်လည်း ဆွေမျိုးများနှင့် ရွာသူရွာသားများကမူ –

“အလကား ခြံအရှုပ်ခံလို့၊ လှဲရောင်းလိုက်စမ်းပါ၊ ထင်းဖိုးတွေကိုနည်း ထွက်လာမယ်”

ဟု ပြောကြ ဆိုကြသော်လည်း မောင်မြိုင်ကမူ သူ့အယူအဆကို မပြင်ချေ။

သူတို့ ဇနီးမောင်နှံနှစ်ယောက်၏ အမည်နှင့် ခြံကြီးက လိုက်လျောညီထွေလွန်း၊ ဟပ်မိလွန်းသောကြောင့် ဆွေမျိုးများနှင့်တကွ တစ်ရွာလုံး လူတွေက မောင်စမ်းမြိုင်ဟူ၍ လည်းကောင်း၊ မစမ်းမြိုင်ဟူ၍ လည်းကောင်း ခေါ်ကြသောကြောင့် လက်ဖက်တစ်ရိုး၊ ကွမ်းတစ်ယာ မကမ်းရဘဲ လင်မယားနှစ်ယောက်လုံး ထိုအမည် တွင်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇနီးမောင်နှံနှစ်ယောက် တက်ညီလက်ညီ ခြံအလုပ်လုပ်ရင်း တော်တော်ပင် စုမိဆောင်းမိ ဖြစ်လာကြသည်။ သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားလာသည်။ စားနိုင်၊ သောက်နိုင် ပိုပိုလျှံလျှံ ဖြစ်လာသည်ကြောင့် သားနှင့်သမီးကိုပင် ပင်ပင်ပန်းပန်း မခိုင်းရက်ကြချေ။ ရေပြာအိုင် လောကတောင် ကျောင်းမှ လေးတန်းအောင်သောအခါ မြို့ကျောင်းသို့ ရွှေ့ပြီး ကျောင်းအိပ် ကျောင်းစား အပ်နှံကာ ပညာသင်ကြားစေသည်။

သားနှင့်သမီးကား မိဘတွေ အလိုကျ ကျောင်းသွားနေရာမှ စာသင် တွင် စိတ်မပါ၊ မိဘတွေ အလုပ်ဖြစ်သော ခြံအလုပ်ကို စိတ်ပါနေကြသည် ငယ်စဉ်က မိဘတွေက ပို့ထားသောကြောင့်သာ မြို့ကျောင်းကို သွားနေကြ ပြီး သားအသက် ၁၅ နှစ်၊ သမီးအသက် ၁၄ နှစ် ရှိလာချိန်ဝယ် အတင်းအကျပ် ပူဆာကာ ကျောင်းထွက်လိုက်ကြပြီး ခြံအလုပ်ကို ဆက်လုပ်နေကြတော့သည် ထိုအခါ အလုပ်ကို နိုင်လာသောကြောင့် မောင်စမ်းမြိုင်တို့ ဇနီးမောင်နှံသည် ချမ်းသာသည်ထက် ချမ်းသာလာကြသည်။

ပစ္စည်းချမ်းသာပါလျက် စီးပွားရေးမှာ တစ်ဖက်တစ်လမ်းက အားကိုး ရသော သမီးသည် အသက် ၂၀ အရွယ်မှာ ကွယ်လွန်သွားရှာသည်။

ကျန်ရစ်သော တစ်ယောက်တည်းသော သားကို အထူးပိုချစ်ပြီး အ လိုက်ထားခဲ့သည်။ ရေပြာအိုင်ရွာသူတွေထဲက သဘောကျ ချွေးမကို မောင်စမ်းမြိုင် တို့ ဇနီးမောင်နှံကိုယ်တိုင် ရှာပြီး သားနှင့် လက်ထပ်ပေးစားလိုက်ကြသည်

သား လက်ထပ်ပြီး မကြာခင်မှာပင် ကံတရားအလျောက် မောင်စမ်းမြိုင် တို့ ဇနီးမောင်နှံသည် ကွယ်လွန်သေဆုံးခဲ့ကြသည်။ သားနှင့် ချွေးမကား မိဘ များ စုဆောင်းထားခဲ့သည့် ပစ္စည်းများကို စုရက်ပုံရက် ဆက်ခံရရှိလိုက် သော်လည်း သားသမီး မထွန်းကားနိုင်ဘဲ ဖြစ်နေကြသည်။ သားသမီး မရှိသော ကြောင့် ပူဆာငိုကြွေးမည့်သူ၊ ကြည့်ရှုထိန်းကျောင်းရမည့်သူ မရှိသော ဇနီးမောင်နှံနှစ်ယောက် အလုပ်ကိုသာ ကြိုးစားလုပ်ပြီး ငွေရှာလာခဲ့ကြသည်

ရူးလုမတတ် လိုချင်နေသော သားသမီးရတနာသည် သူတို့နှစ်ယောက် အသက်အရွယ်ငယ်စဉ်မှာ မရဘဲ ဇနီးမောင်နှံနှစ်ယောက် အသက် ၄၀ ကျော် မှ ရခေါင့်ရခဲ သားတစ်ယောက်ကို ဖွားမြင်လိုက်ကြသည်။

အသက်တမျှ ချစ်သောသားကို ရတနာနှင့် ခိုင်းနှိုင်းကာ ကိုမြစိန် ဟု အမည်ပေးခဲ့ကြသည်။ မိဘလက်ထက်ကစပြီး ကြိုးစားလုပ်ကိုင် စုဆောင်း



သာခဲ့သော ပစ္စည်းအစုအပုံက တော်တော်ပင် ကြီးနေပြီဖြစ်သည့်အတွက် သား ကိုမြစိန်ကို ခြံအလုပ် လုံးဝမလုပ်စေဘဲ ရွာကျောင်းမှ လေးတန်းအောင်သည် နှင့် မြို့ကျောင်းသို့ ကျောင်းအိပ်ကျောင်းစား ပို့ပြီး ပညာသင်စေသည်။

ခြံအလုပ်ကို စိတ်မဝင်စားဘဲ ပညာကို စိတ်ဝင်စားဖို့ တင်းကျပ်စွာ မှာကြားလိုက်ကြသည်။ ကိုမြစိန်ကား မိဘစကား နားထောင်သောအားဖြင့် ခြံအလုပ်ကို လုံးဝ စိတ်မဝင်စား၊ သို့သော် ပညာကို ကြိုးစားခြင်း မရှိချေ။ ငွေကြေး ဖောဖောသီသီ သုံးနိုင်သော တောသူဌေးသားဟူ၍ လည်ပတ်ပါးနပ် သူများက ချော့ပေါင်းခြင်း၊ မြှောက်ပေါင်းခြင်း၊ အပျော်အပါးလေးနှင့် မျှားခွယ် ပြီး ပေါင်းသင်းခြင်းများကြောင့် ခြောက်တန်း အောင်သည်အထိ စာကြည့်လာ ခဲ့သော ကိုမြစိန်သည် ခြောက်တန်း အောင်သောအခါ ကျောင်းစာကို လုံးလုံး လှည့်မကြည့်တော့ချေ။ စာမေးပွဲ တဖုန်းဖုန်းကျပြီး ငွေကိုသာ ဖြုန်းတီးနေ တော့သည်။

ချစ်လှသော သားဖြစ်၍ မိဘတွေကလည်း မပြောရက်ကြ။

''သူ စာမေးပွဲအောင်တုန်းက အောင်ခဲ့သားပဲ၊ အခု ကြိုးစားရက်နဲ့ အဆင်မသင့်လို့ ကျရတာ''

ဟူသော သနားချစ်အတွေးဖြင့် ငွေကြေးကို လိုသလောက် ပေးလာ ခဲ့သည်။ ထိုအခါ ကိုမြစိန်သည် မိန်းမလိုက်စားတတ်လာပြီး အသက် ၂၀ နား နီးလာနေပြီ။ စာမေးပွဲ မအောင်နိုင်သောအခါ မြို့ပေါ်မှာ သူငယ်ချင်း တစ်ယောက် နှင့်အတူ စီးပွားရေးလုပ်ချင်သည်ဟု အကြောင်းပြကာ ငွေတော်တော်များများ တောင်းသောအခါ မိဘတွေက သားစိတ်ချမ်းသာသလို ဖြစ်ပါစေဟူ၍ တောင်း သောငွေကို ပေးခဲ့သည်။

ကိုမြစိန်ကား မိဘတွေ ပေးသော ငွေဖြင့် စီးပွားရေးအလုပ် မလုပ်ဘဲ ချစ်ကြိုက်နေရာမှ မဆင်မခြင် အလွန်အကျွံ ဖြစ်သွားသောကြောင့် မယူ၍ မဖြစ်တော့သော မိန်းမကို ထင်ထင်ရှားရှား ယူလိုက်ရသည်။ ဤအခြေအနေ အထိ မိဘတွေက ဘာမှ မပြောသေး၊ သားနှင့် ချွေးမကို ခေါ်ယူလိုက်သည်။ ခြံကြီးထဲမှာ အတူနေထိုင်ပြီး ခြံအလုပ်ကို လုပ်ခိုင်းသည်။ မြို့ပေါ်မှာ ကြော့ကြော့ လေး နေလာခဲ့သော ချွေးမက ခြံအလုပ်ကို မလုပ်နိုင်၊ လူဖြစ်သည့် အချိန်ကစပြီး ပင်ပန်းသည့်အလုပ်ကို လုံးဝ မလုပ်ခဲ့ရဘဲ မိဘပစ္စည်းကို အဆင်သင့်ရရှိ စိတ်ထင်တိုင်း ဖြုန်းလာခဲ့သော ကိုမြစိန်ကလည်း သူ မကျွမ်းကျင်သော ပင်ပန်း သည်ထင်သော ခြံအလုပ်ကို မလုပ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



မိဘ ယောက်္ခမ အလုပ် လုပ်နိုင်းသောအခါ ကိုမြစိန်နှင့် သူ့ကြင်ရာတအတွင်းကျိတ် စိတ်ခုသည်၊ အမျက်သိုသည်၊ ပေးရ ကျွေးရသည်ကို စေတနာမရှိသောကြောင့် မတရားခိုင်းသည်ဟု ယူဆကြသည်။

''လူမနီး သူမနီး တောကြီးထဲ ရောက်နေသလို ဒီခြံကြီးထဲမှာ နေရတာ မပျော်ဘူး မောင်ရယ်၊ ခြံအလုပ်ကို မြို့သူတစ်ယောက်က ဘယ်မှာ လုပ်တတ်ပါ့မလဲ၊ စိတ်ဆင်းရဲလိုက်တာ''

ဟူသော ချစ်ဇနီး၏ ညည်းညူသံသည် မိဘနှင့် ခြံကြီးကို ငြီးငွေ့နေသော ကိုမြစိန်၏ စိတ်ကို မီးလောင်ရာ လေပင့်သည်သို့ ဖြစ်သွားသည်။ ခြံအလုပ် မလုပ်ဘဲ ပြန်နေမည်ဆိုလျှင် မိဘတွေက ငွေကြေးကို ပေးတော့မည် မဟုတ်ကြောင်း စဉ်းစားမိသည်။ သားနှင့် မယားနှင့် ဖြစ်လာလျှင် အသက်မွေးဝမ်းကျောင်းကို နားလည်နိုင်နင်းအောင် ကိုယ်တိုင် အလုပ်လုပ်ရမည်ဟု ပြောထားသော မိဘတွေ စကားကြောင့် မြို့ပြန်နေမည်၊ စားဝတ်နေရေးအတွက် ထောက်ပံ့ပါဟု ပြောရန် မဖြစ်တော့ချေ။

ကိုမြစိန် စိတ်ထဲမှာ သူ့စိတ်တိုင်းကျ မဖြစ်သောကြောင့် အလုပ်လုပ်နေရသော ခြံကြီးကို အလွန်အမင်း မုန်းနေတော့သည်။

သူတို့ ကုသိုလ်ကံကြောင့်ပင်လား မပြောတတ်၊ ကိုမြစိန် မိဘတွေသည် မကြာမီမှာပင် တစ်ယောက်နှင့်တစ်ယောက် သိပ်မကွာခြားကြဘဲ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြလေသည်။ ကိုမြစိန်တို့ ဇနီးမောင်နှံကား မိဘတွေအတွက် ဝမ်းနည်းရကောင်းမှန်းမသိ၊ သူတို့အဖို့ လွတ်လပ်သွားသည်ဟုပင် ထင်လိုက်ကြသည်။ ရှိသမျှ၊ ချမ်းသာသမျှ ပစ္စည်းတွေကို အကုန် စုဆောင်းသိမ်းသည်။ ဒီသစ်ပင်တွေကြောင့် ငါတို့ ပင်ပင်ပန်းပန်း အလုပ် လုပ်ရသည်ဟု လူမိုက်တွေး တွေးသည်။ သူတို့ကို ဆိုဆုံးမသည့် ရေပြာအိုင် ရွာသူရွာသားတွေကို စိတ်ထဲက မျက်သောအားဖြင့် အသိပေးခြင်း၊ တိုင်ပင်ခြင်း မပြုဘဲ အခြားရွာမှ လူတွေကို အိမ်ဖျက်ရောင်းသည်။ သစ်ပင်ရှိသမျှ အားလုံးကို ထင်းအဖြစ် ခုတ်လှဲရောင်းချသည်။ ဘိုးဘွားမိဘလက်ထက်က ညို့ညို့မှိုင်းမှိုင်း အုပ်ဆိုင်းစိုပြည်ကာ ချမ်းမြေ့အေးမြသော၊ အရိပ်အာဝါသ အပြည့်အဝရှိခဲ့သည့် ခြံကြီးသည် သုံး၊ လေးလလောက်အတွင်းမှာပင် သစ်ပင် ငုတ်တိုတွေသာ ကျန်ရစ်ပြီး ခြောက်ကပ်စရာ ခြံပျက်ကြီး ဖြစ်သွားလေတော့သည်။

သစ်ပင်တွေကို ခုတ်လှဲရောင်းချရာမှာ မြန်မြန်ကုန်ရင် မြန်မြန် မြို့ကို ပြောင်းမည်ဟူသော ရည်ရွယ်ချက်ကြောင့် မတန်မရာ ဖြစ်သလို ဈေးဖြင့်



ရောင်းခြင်းကြောင့် ဝယ်သူတွေကလည်း အလုအယက် ဝယ်ကြသည့်အတွက် သူတို့ ရည်ရွယ်ချက်အတိုင်း မြန်မြန်ပင် ကုန်သွားသည်။

နှစ်ပေါင်းများစွာ ကျေးဇူးပြုလာခဲ့သည့် သစ်ပင်တွေအားလုံး ပြုန်းတီးသွားပြီး ခြံပျက်ကြီးအဖြစ် ချက်ချင်း ပြောင်းသွားသော ခြံကြီးကို ကိုမြစိန်တို့ လင်မယား စွန့်ခွာလာခဲ့သည်။ စိတ်လက်ပေါ့ပါး ရွှင်လန်းစွာ မြို့ကို ပြန်ပြောင်းလာခဲ့သည်။ မွေးလာသော သားလေးကို ကျောင်းအပ် ပညာသင်ခဲ့သည်။ သို့သော် ခြံကြီးကို မှီပြီး ဘိုးဘွားမိဘတွေ စုဆောင်းလာခဲ့သော ပစ္စည်းတွေကား လင်မယား နှစ်ယောက်လုံး အလုပ်အကိုင်မရှိ ထိုင်ပြီး စည်းစိမ်ခံနေခဲ့ခြင်းကြောင့် သားတော်မောင် လူလားမြောက်သည့်အရွယ်တွင် ကုန်းကောက်စရာ မကျန်အောင် ဆင်းရဲမွဲတေသွားကြလေပြီ။

■

အဘိုးက နားထောင်နေသော မခင်ရွှေကို ပြောပြ၍ ဆုံးသောအခါ-

''သူတို့ အခု မြို့ပေါ်မှာ ရှိနေသေးလား အဘိုး''

ဟု မခင်ရွှေက မေးလိုက်သည်။

''မရှိကြတော့ဘူးကွဲ့၊ သေကုန်ကြပြီ၊ သူ့သားလေးလည်း ဘယ်ရောက်နေမှန်း မသိပါဘူး၊ သစ်ပင်တွေ ရှိသမျှ ခုတ်လှဲရောင်းလိုက်တော့ ခြံကြီးထဲမှာ နေပူရှိန်ကို ကာကွယ်နိုင်တဲ့ အရိပ်အာဝါသ မရှိတော့ဘူးလေ။ ကျန်တဲ့ သစ်ငုတ်တိုတွေကိုလည်း ဟိုဘက်ရွာက လူတွေက ထင်းအဖြစ် လာတူးယူကြတော့ သစ်ပင်ကြီးတွေအားလုံး မျိုးပြုတ်ကုန်တယ် ဆိုပါတော့၊ နေပူရှိန်ကိုလည်း အကာအကွယ်ပြုနိုင်တဲ့ သစ်ပင်ကြီးတွေ မရှိ၊ ကွင်းပြင်ကြီးလို ဖြစ်သွားတော့ စမ်းတွင်းလည်း ခန်း၊ စမ်းချောင်းလည်း ခြောက်သွားတာပေါ့ ဆရာမလေးရယ်၊ မိုက်လိုက်တဲ့ လင်မယား… စိမ်းလန်းစိုပြည်နေတဲ့ ဥယျာဉ်ကြီးတစ်ခုလုံးကို ခြောက်သွေ့တဲ့ ကန္တာရဖြစ်အောင် ရက်ရက်စက်စက်ကို လုပ်သွားတာပဲကွယ်''

အဘိုးက စကားကို အဆုံးသတ်ပြီး-

''ကဲ- ပြန်စို့ ဆရာမလေးရေ''

ဟု ပြောရင်း ထိုင်ရာက ထလိုက်သည်။

မခင်ရွှေသည် တပည့်လေးများနှင့်အတူ ထိုင်ရာက ထ[illegible] သော ကန္တာရလေးတစ်ခု ဖြစ်နေသည့် ခြံပျက်ကြီးကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



'နှမြောဖို့ ကောင်းလိုက်တာနော်၊ စမ်းတွင်းက စမ်းရေပြန်ထွက်လာအောင်၊ စမ်းချောင်းလေး ရေမပြတ်စီးလာအောင် သစ်ပင်ကြီးတွေ ပြန်စိုက်ရင် ဖြစ်ကောင်းနိုင်ပါရဲ့၊ အေးလေ … သူ့သက်ဆိုင်ရာ အမွေခံ ကျန်နေဦးမှာပေါ့၊ ကံအားလျော်စွာ ကြုံကြိုက်လို့ တွေ့ရင် ဒီခြံကြီး ရှေးယခင်ကလို စိမ်းလန်းစိုပြည်အောင်၊ စမ်းတွင်းက စမ်းရေ ပြန်ထွက်အောင် ငါ တိုက်တွန်းလိုက်ချင်ပါဘိတော့'

ဟု တွေးရင်း တပည့်လေးများနှင့်အတူ အဘိုးနောက်မှ ရွာသို့ လှည့်ပြန်လာခဲ့လေသည်။

■

# ရေပြာအိုင်မှ လွမ်းရစ်သူ

အေးမြစိမ်းစိုသည့် အရိပ်အာဝါသကို ပေးပြီး နှစ်ရှည်လများ ကျေးဇူးပြုလာခဲ့သော သစ်ပင်ကြီး၊ ဝါးပင်ကြီးတွေကို ဖျက်ဆီး ဖြုန်းတီးလိုက်သည့်အတွက် ပထဝီမြေပူလောင်ကာ စိမ့်ထွက်နေသော စမ်းရေတွေ ခန်းခြောက်၍ ကန္တာရလေးတစ်ခုအဖြစ်သို့ ပြောင်းသွားသော ဥယျာဉ်ပျက်ကြီးကို မခင်ရွှေသည် စဉ်းစားမိတိုင်း နှမြောခြင်း၊ သနားခြင်း၊ ဝမ်းနည်းခြင်း ဖြစ်နေသည်။

မည်သို့ဖြစ်စေ နှစ်ပေါင်းများစွာ စိမ်းစိုအေးမြလာသည့် နေရာကို ယခင်ကလို ပြန်ပြီး စိမ်းစိုအေးမြစေလိုသော ဆန္ဒသည် မခင်ရွှေမှာ ပြင်းပြစွာ ဖြစ်ပေါ်လာသည်။ ဤရေပြာအိုင်ရွာကို သူရောက်လာသည်မှာ ယနေ့ထိဆိုလျှင် တစ်နှစ်မျှသာ ရှိသေးသည်။ ဤရေပြာအိုင်ရွာ မူလတန်းကျောင်းလေးမှာ ဆရာမလေး မခင်ရွှေတစ်ယောက်သာ မည်သည်းမည်းမညှု စိတ်ဝင်စားစွာ၊ ပျော်ရွှင်စွာ ဤမျှလောက် စွဲစွဲမြဲမြဲ ကြာသွားသည့်အတွက် ရွာသူရွာသားတွေ အနေဖြင့် ဆရာမလေးကို ခင်မင်ကြည်ညိုကြသည်။ ရွာသူရွာသားတွေ စေတနာကိုလည်း မခင်ရွှေ ကောင်းစွာသိသည်။

ထို့ကြောင့် ဤခြောက်သွေ့နေသော ဥယျာဉ်ပျက်ကြီးနေရာကို ပြန်လည်စိမ်းစိုအောင် မခင်ရွှေ လုပ်မည့်ကိစ္စမှာ မည်သူမျှ အပြစ်တင်ခြင်း၊ ကန့်ကွက်ခြင်း ပြုမည် မဟုတ်ကြောင်း မခင်ရွှေက တထစ်ချ တွေးပြီး သူ လုပ်မည့်အလုပ်

www.burmeseclassic.com

www.burmeseclassic.com



ကို စတင် အကောင်အထည်ဖော်သည်။ ကျောင်းပိတ်သည့်နေ့ ဆိုလျှင် မိသား တွေကို မကူညီလျှင် မဖြစ်သည့် တပည့်တွေကို ချန်လုပ်ထားခဲ့သည်။ သန့်စွမ်း ဖျတ်လတ်သော တပည့်လေးတွေကို အလှည့်ကျ ရွေးခေါ်ပြီး ခြောက်သွေ့သော ဥယျာဉ်ပျက်ကြီး နေရာကို သွားသည်။ ပြန်လည်စိမ်းစိုရန် သစ်ပင်စိုက်ရမည် ဖြစ်သောကြောင့် မခင်ရွှေက သစ်ပင်ငယ်လေးတွေကို အဆင်သင့် ယူလာသည်။

မခင်ရွှေ ယူလာသော သစ်ပင်ငယ်တွေကား ကုက္ကိုပင်ပေါက်တွေ ဖြစ်သည်။ ကုက္ကိုပင် ဆိုသည်မှာ ပျိုးပင်ကို တပင်တပန်း လိုက်ရှာစရာ မလို နွားချေးပုံ တစ်ပုံမှာ အပင်ပေါက်လေးတွေ အနည်းဆုံး သုံး၊ လေးပင်တော့ ရှိသည်။ ကုက္ကိုသီး စားသော နွားချေးပုံမှာ ပေါက်သည့် ကုက္ကိုပင်ငယ်များ ကား မြေသြဇာကို အထူးရှာစရာ မလိုသောကြောင့် သန့်စွမ်းသော အပင်ငယ် များ ဖြစ်ကြသည်။ နေရာတိုင်းမှာ အလွယ်ရနိုင်သော ပျိုးပင်ငယ်များ ဖြစ်ကြ သည်။ ကုက္ကိုပင် ဆိုသည်မှာ အရိပ်ကြည့် ယုယပြုပြင်နေရသော သစ်ပင်မျိုး မဟုတ်၊ အထုအထေ ခံသည်။ ရာသီဥတုဒဏ်ကို ခံသည်။ အသက်ပြင်းသည်။ သေခဲသည်။ ကြီးမားလွယ်သည်၊ လျင်မြန်စွာ အရိပ်အာဝါသ ပေးစွမ်းနိုင်သော အပင်မျိုး ဖြစ်သည်။

ထို့ကြောင့် မခင်ရွှေက ကုက္ကိုပင်တွေကို များများယူလာသည်။ ကုက္ကိုတောကြီး မြန်မြန်ဖြစ်၊ အရိပ်အာဝါသ မြန်မြန်ရ၊ မြေကြီး မြန်မြန် အေးမြ စွတ်စို၊ စမ်းတွင်းက မြန်မြန်ရေထွက်။ ထိုအခါမှ အခြား မည်သည့်သစ်ပင်မဆို စိုက်ပျိုးရန် မခဲယဉ်းတော့ဟု မခင်ရွှေက တွက်သည်။ မည်သည့်အပင်ပင် ဖြစ်စေ ခြောက်သွေ့သည့် ကန္တာရလေးဖြစ်နေသော ဥယျာဉ်ပျက် ကြီးသည် သစ်ပင်ဝါးပင် စိမ်းစိုလာလျှင် ရေကြည်ရေအေးအတွက် ပူပန်မှု မရှိလျှင် သူ့ ဥစ္စာရှင်က ပြန်မကြည့်သည့်တိုင်အောင် လူအများအတွက် အကျိုးပြုမည် ကိုကား မခင်ရွှေက တွေးသည်။

ထို့ကြောင့် တပည့်လေးများဖြင့် သစ်ပင်စိုက်ရာမှာ အခြားနေရာတွေ ကို နောက်မှ စိုက်သည်။ စမ်းတွင်း ရှိခဲ့ဖူးသည့် နေရာကို သေချာစွာ မေးပြီး စမ်းတွင်းပတ်ဝန်းကျင်မှာ ကုက္ကိုပင်တွေ များများစိုက်လိုက်သည်။ စမ်းတွင်း နေရာကား နှစ်ပေါင်း ၂၀ ကျော်လာခဲ့ပြီ ဖြစ်သောကြောင့် တွင်းနေရာလေးပင် ပို့ကာ သိသာရုံမျှသာ ရှိတော့သည်။ ခြောက်သွေ့ကာ အက်ကြောင်းတွေပင် ပေါ်တော့မည့် အခြေအနေ ရောက်နေသော စမ်းတွင်းနေရာကို မခင်ရွှေ



တွေ့မြင်စကမှု ရေထွက်နိုင်ပါတော့မည်လား ဟူ၍ပင် စိတ်ပျက် အားလျော့ချင် သလိုပင် ဖြစ်မိသည်။ သို့သော် စစ်မရောက်ခင်က မြားမကုန်လို ဟူသော ဓလေ့ဖြင့် မခင်ရွှေက ညနေဘက်တွင် ထမင်းဆုပ်လေးတွေ လုပ်သည်။ အိုးသစ် လေးတွေထဲမှာ ထမင်းဆုပ်လေးတွေကို ထည့်ကာ စမ်းတွင်းနေရာ တည့်တည့် ရော၊ ပတ်ဝန်းကျင်ရော နေရာအနှံ့အပြားမှာပင် ထမင်းဆုပ် ထည့်ထားသော အိုးလေးတွေကို အဖုံးပိတ်ပြီး ချထားခဲ့သည်။

နောက်တစ်နေ့ စောစော သွားကြည့်သည်။ စမ်းတွင်းပေါ် တည့်တည့် နှင့် စမ်းတွင်းပတ်ဝန်းကျင်ရှိ အိုးကလေးတွေထဲက ထမင်းဆုပ်များသည် ခြောက်သွေ့ မသွားဘဲ အစိုပြန်ပြီး ပျယ်နေသည်ကို တွေ့ရသောအခါ မခင်ရွှေ အတိုင်းမသိ ဝမ်းသာသွားတော့သည်။

“စမ်းရေ မခန်းသေးဘူး တပည့်တို့ရေ၊ ရေပြန်ထွက်နိုင်တယ်ဟေ့”

ဝမ်းသာအားရဖြင့် တပည့်လေးတွေကို အော်ပြောလိုက်သောအခါ တပည့်လေးများက သူတို့ဆရာမ လုပ်ထားသည့် အလုပ်ကို သဘောမပေါက် ကြသောကြောင့် ပြန်မေးသည်။ မခင်ရွှေက ရှင်းပြ၏။

“တပည့်တို့၊ မြေကြီးမှာ ရေမရှိတဲ့နေရာ ဆိုရင် ရေငွေ့မပြန်ဘူးကွဲ့၊ ဒါကြောင့် မနေ့က ဆရာမ ကျစ်မာနေအောင် သေသေချာချာ ဆုပ်ထားခဲ့တဲ့ ထမင်းဆုပ်ဟာ ဆုပ်ထားခဲ့တဲ့အတိုင်းပဲ မာပြီး အပူရှိန်ကြောင့် ခြောက်သွေ့နေ တာကို မြင်ကြတယ် မဟုတ်လား၊ ဟော စမ်းတွင်းနေရာနဲ့ သူ့ပတ်ဝန်းကျင်က တော့ မြေကြီးထဲမှာ ရေရှိနေသေးတယ် ဆိုတာကို ရေငွေ့ပြန်ပြလိုက်တယ်လေ၊ ကြည့်ပါလား ထမင်းဆုပ်တွေ အစိုပြန်ပြီး ပျယ်ကျနေကြတာကို”

တပည့်လေးတွေက စိတ်ဝင်တစား ကြည့်ကြ၊ မှတ်ကြသည်။

ရေရှိကြောင်း အထောက်အထားကို တွေ့ရသော မခင်ရွှေက တအား တက်လာပြီး ကုက္ကိုပင်တွေကို ကြိုးစားစိုက်သည်။ ယခင်က ဥယျာဉ်ပျက်ကြီး နေရာသည် သစ်ပင်ကြီးတွေ ပြန်နုံးတီးကုန်သော်လည်း မိုးရာသီအခါ မိုးရွာလျှင် မြက်ပင်တွေ၊ ချုံပင်တွေ ပေါက်တတ်သေးသည်။ သို့သော် မိုးကုန်လျှင် ဤ နေရာမှ ဖြတ်သန်းသွားလာသူတွေ၏ သတိမမူ ဂရုမစိုက်သော အကြောင်း[illegible] အမှတ်မထင် ဆေးလိပ်တို ပစ်တတ်သည်။ ထို့ကြောင့် ပေါက်လာ[illegible] ချုံပင်လေးတွေမှာ ရှင်သန်ကြီးထွားရသည် မရှိဘဲ တောမီးသ[illegible] အလောင်ခံနေခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု မခင်ရွှေ သူ သစ်ပင် စတင်စိုက်ပျိုးသည့် နေ့ကစပြီး မီးလက်စနှင့် ဆေးလိပ်တိုများ မပစ်ကြပါရန် တောင်းပန်ထားသည်။ ဆရာမလေးကို ခင်မင်ကြည်ညိုကြသောကြောင့် ဆေးလိပ်တို မီးဘေးမှ လွတ်ကင်းသွားသော မြက်ပင်၊ ချုံပင်လေးတွေသည် မိုးကုန်ပြီး ခြောက်သွေ့ပူပြင်းသော ရာသီ ရောက်လာစေကာမူ မသေဘဲ ပိန်လိမ်ပြီး အသက်ရှင်နေကြသည်။

သူ ပြန်လည်ပျိုးထောင်နေသည့် ဥယျာဉ်ပျက်ကြီးက အပင်တွေကို မခင်ရွှေသည် သားသမီးသဖွယ် တယုတယ အရိပ်ကြည့်နေရာမှ သူ စတင် စိုက်ပျိုးသည်မှ သုံးနှစ်မျှ ကြာသောအချိန်တွင်ကား ကုက္ကိုပင်များသည် စိမ်းစို ညိုမှောင်လာကြသည်။ ၁၅ ပေ၊ ၁၆ ပေ ၂၀ မြင့်လောက်အထိ ဖြစ်လာကာ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် အရိပ်အာဝါသအဖြစ် ပေးစပြုလာကြသည်။

ထိုအချိန်မှာ စမ်းတွင်းနေရာသည် ရေမထွက်သေးသည့်တိုင်အောင် မြေကြီးက စိုစွတ်လာသည်။ မိုးရာသီအခါ ရွာသွန်းသော မိုးရေသည် စမ်းတွင်းမှာ အိုင်ပြီး တော်တော်နှင့် ပြန်မခြောက်ဘဲ ရေအိုင်လေးသဖွယ် ဖြစ်နေတတ်သည်။ မခင်ရွှေ ဝမ်းသာလိုက်သည့် ဖြစ်ခြင်း။

ရေပြာအိုင် ရွာသူရွာသားတွေသည် မခင်ရွှေကို ကြည်ညိုရင်းစွဲရှိရာမှ အားကိုးစိတ်ပါ ပေါ်လာကြသည်။ ခြောက်သွေ့ တိမ်ကောနေသော ဥယျာဉ် ပျက်ကြီးကို သူတို့နှင့်မဆိုင် ဟူသော အယူအဆဖြင့် မည်သူမျှ လှည့်မကြည့်ဘဲ ပစ်ထားခဲ့ကြသည်မှာ နှစ်ပေါင်း ကြာလှချေပြီ။ ယခု ရွာကျောင်း ဆရာမလေး က လျစ်လျူမရှုဘဲ အပင်ပန်းခံ ပြုပြင်သည့်အတွက် ပြန်လည်စိမ်းစိုလာရန် သေချာသွားပေပြီ။ ထိုနေရာမှ ဖြတ်သန်းသွားလာသူတွေအဖို့ ရော၊ ကျွဲ နွားတွေ အတွက်ရော အရိပ်ခိုရပေမည်။ စမ်းတွင်းက ရေပြန်ထွက်လာလျှင် ဤနေရာသို့ ရောက်လာသူ လူရော တိရစ္ဆာန်တွေပါ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် အရိပ်ခို ရမည်၊ ရေသောက်ရမည်၊ အမောပြေကြရမည်။

ထိုအခါ မခင်ရွှေကို ဝိုင်းဝန်းကူညီသူတွေ များလာကြသည်။

မခင်ရွှေ ဦးဆောင်ပြီး ပြုစုပျိုးထောင်လာကြသော ဥယျာဉ်ကြီးသည် လေးနှစ်မြောက် ကြာမြင့်သည့်အချိန်မှာကား စမ်းတွင်းက ရေပြန်ထွက်စပြုလာ သည်ကို ဝမ်းမြောက်စွာ တွေ့မြင်ကြရလေပြီ။ ထိုအချိန်မှာ မခင်ရွှေသည် ဥယျာဉ်ကြီးထဲမှာ စမ်းတွင်းကို ဝန်းရံပြီး ကုက္ကိုပင်တွေအကြားမှာ သရက်၊ မရန်း၊ ပိန္နဲ စသော စားပင်ကြီးတွေကို ညှပ်ပြီး စိုက်ပျိုးထားခဲ့သည် ဖြစ်ရာ ထိုစားပင်တွေသည် လူတစ်ရပ်အမြင့်လောက် ဖြစ်နေကြလေပြီ။



''သူ့ဉစ္စာရှင်တွေ မမေ့မပျောက် ပြန်ရောက်လာရင်လည်း ရိုးသို့ ရွာသားတစ်ယောက် ပြန်ရောက်လာတာ ဖြစ်လို့ ဝမ်းမြောက်ဝမ်းသာ လက်ခံ ကြိုဆိုပြီး သူ့ဥယျာဉ်ကြီးကို သူ့ပြန်ပေးရုံပါ။ ဘယ်သူမှ ပြန်မလာကြတော့ ရင်လည်း ဒီနေရာကို သာသနာ့မြေအဖြစ် သတ်မှတ်ပြီး ကျောင်းဆောက် ဘုန်းတော်ကြီးကို ပင့်ပြီး ကျောင်းထိုင်ဖို့ တောင်းပန် ပေးလှူလိုက်တာ ကောင်း မယ်လို့ ထင်ပါတယ်''

ဟူသော မခင်ရွှေ စကားကို တစ်ရွာလုံးက သဘောကျ လက်ခံကြ သည်။

သို့သော် သူတို့အားလုံး ဝမ်းမြောက်ဝမ်းသာ လက်ခံကြိုဆိုရန်အတွက် ဘိုးစမ်းမြိုင်၏ မြစ်တော်သူက မြေကြီးထဲက ခွဲထွက်လာသလို ရုတ်တရက် ပြန်ရောက်လာသည်။

အသက်အရွယ်မှာ မခင်ရွှေလောက်ပင် ဖြစ်ပြီး သန့်ပြန့်ဖြူစင် မွန်ရည် သော ရုပ်ရည်ပိုင်ရှင် မောင်စိမ်းမောင်ကား လိမ်လည်သောသူ မဟုတ်ဘဲ ဘိုးစမ်းမြိုင်၏ မြစ်အစစ်ပင် ဖြစ်သည်။ မောင်စိမ်းမောင် မိဘတွေ ဤဥယျာဉ် ကြီးကို ဖျက်ဆီးပြီး မြို့ပေါ်ကို ပြောင်းရွှေ့သွားကြစဉ် အချိန်က မောင်စိမ်းမောင် သည် အသက် နှစ်နှစ်မျှသာ ရှိသေးသည်။ နှစ်ပေါင်း ၂၀ ကျော် ခွဲခွာသွားခဲ့ သည့် ဇာတိချက်ကြွေ ဥယျာဉ်မြေကို မောင်စိမ်းမောင် ပြန်ရောက်လာသည့် အချိန်ကား ကျောင်းပိတ်ရက် နေ့တစ်နေ့၏ နံနက်စော စောအချိန် ဖြစ်သည်။

ရွာထဲက လူတွေကို မည်သူ့ကိုမျှလည်း မောင်စိမ်းမောင် မသိတော့။ သူ့ကိုလည်း မည်သူကမျှ သိမည် မထင်။ ဥယျာဉ်တည်နေရာကို ဖခင်က မသေဆုံးမီ သေချာစွာ ပြောပြခဲ့သောကြောင့် မောင်စိမ်းမောင်က ရွာထဲ မဝင်ဘဲ ရွာကို ကွေ့ရှောင်ကာ ရွာပြင်လမ်းမှ လာခဲ့သည်။ ဥယျာဉ်မြေအပြည့် မဟုတ် သော်လည်း စမ်းတွင်းရှိ နေရာပတ်ဝန်းကျင်တွင် စိမ်းစိမ်းစိုစို သစ်ပင်အုပ်၊ လှုပ်လှုပ်ရှားရှားရှိသော ဆရာမလေး မခင်ရွှေနှင့် သူ့တပည့်လေးများကို မောင်စိမ်းမောင် က လှမ်းမြင်လိုက်သည်။

မောင်စိမ်းမောင် စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားသည်။

သူ့ဖခင် ပြောသွားသည့် ဥယျာဉ်တစ်ခုလုံး ဘာပင်မှ မကျန်တော့ ကြောင်း၊ စိတ်ဆိုးဆိုးဖြင့် သစ်ပင်အားလုံးကို ဖျက်ဆီးခဲ့ကြောင်း ပြောပြသွား သည်။ ယခု တွေ့နေရသည်က သစ်ပင်ပျို အတော်များများ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့မြေကို ပိုင်ရှင်မဲ့ ထင်ပြီး ဘယ်သူတွေက အပိုင် ဝင်အုပ်ထားကြလဲ မသိဘူး"

ဟူသော အတွေးကိုပင် တွေးလိုက်မိသည်။ သို့သော် မောင်စိမ်းမောင်သည် သူ့ဇာတိမြေ မှန်သော်လည်း သူ့ဘက်က ကျောထောက်နောက်ခံ တစ်ယောက်မှ မရှိသော အခြေအနေကြောင့် တွေ့လျှင်တွေ့ချင်း ဆောက်နှင့် ထွင်းသည့် အလုပ်မျိုးကို လုပ်ရန် မသင့်လျော်ကြောင်း စဉ်းစားမိသည်။ ထို့ကြောင့် သွားရင်းလာရင်း ခရီးကြုံမေးသည့်သဘောမျိုးကို သုံးရန် ဆုံးဖြတ်လိုက်သည်။

အဆီးအတား အကာအကွယ်ကင်းမဲ့နေသော ဥယျာဉ်ပျက်ကြီး အတွင်းသို့ မောင်စိမ်းမောင်က ဝင်သွားသောအခါ ပျိုးပင်လေးတွေကို ပြုစုနေသော မခင်ရွှေနှင့် သူ့တပည့်လေးတွေကိုသာ တွေ့ရသည်။ မောင်စိမ်းမောင် ထင်သည်က ခြံအလုပ်ကို ကျားကျားလျားလျား လုပ်နေသော သန်သန်မာမာ ယောကျ်ားကြီးတွေကို တွေ့ရလိမ့်မည်ဟု ထင်ခဲ့သည်။ ယခု ထင်သည်နှင့် တခြားစီ ဖြစ်ကာ လယ်ထဲ ယာထဲ ဆင်းနေသည့် ရုပ်ရည်မျိုးမဟုတ်ဘဲ သိမ်မွေ့ ရည်မွန်သည့် ကျောင်းဆရာမလေးနှင့် ငယ်ရွယ်သော တပည့်ကျောင်းသားလေး တွေကို တွေ့လိုက်ရသောအခါ မောင်စိမ်းမောင် တော်တော်လေး အံ့သြသွားသည်။

မခင်ရွှေသည် မောင်စိမ်းမောင်ကို မြင်သည်။ ခရီးသွားသူဟုပင် ထင်သောကြောင့် စိတ်ဝင်စားမှု မရှိဘဲ သူ လုပ်စရာရှိသည်ကိုသာ လုပ်နေသည်။ ဤနေ့မှာမှ ရွာထဲမှာ ဘုံအလှူတစ်ခု ကိစ္စအတွက် ရွာသူရွာသားတွေ စည်းဝေးတိုင်ပင်နေသည်ကြောင့် မခင်ရွှေသည် ရွာသူရွာသား ကြီးကြီးမားမား အဖော်မခေါ်ခဲ့တော့ဘဲ သူ့တပည့်လေးတွေနှင့်သာ လာခဲ့သည်။

ကလေးတစ်သိုက်နှင့် အလုပ်ရှုပ်နေသော မခင်ရွှေကို မောင်စိမ်းမောင်က အတန်ကြာ ရပ်ကြည့်နေပြီးမှ-

"ဒီမှာ ခင်ဗျာ"

ဟု အနားသွားပြီး အသံပြုလိုက်သည်။

ပျိုးပင်လေးတစ်ပင်ကို စိတ်ဝင်စားစွာ မြေတောင်မြှောက်နေသော မခင်ရွှေက ထိုအသံကြောင့် မော်ကြည့်လိုက်ပြီး-

"ဟုတ်ကဲ့"

ဟု တုံ့ပြန်လိုက်သည်။

"အစ်မက ဒီဥယျာဉ်ပိုင်ရှင်လား ခင်ဗျာ"



မောင်စိမ်းမောင်က မေးလိုက်သောအခါ မခင်ရွှေက လက်မှာ ပေနေသော မြေမှုန့်တွေကို ခါလိုက်ပြီး-

"ဘာကြောင့် မေးတာလဲရှင်"

ဟု ပြန်မေးသည်။

"သြော်- ကျွန်တော်က အလုပ်မရှိလို့ ဒီခြံမှာ လူငှားလိုရင် လုပ်ရကောင်းမလား စိတ်ကူးပြီး မေးမိတာပါ"

မောင်စိမ်းမောင် အဖြေကို ကြားရသော မခင်ရွှေက မောင်စိမ်းမောင် ကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

"ရှင့်ကို ကြည့်ရတာ အလုပ်ကြမ်း လုပ်စားတတ်တဲ့ ရုပ်ရည် မဟုတ်ပါဘူး၊ ရှင် ဒီအနီးအနား တောရွာဒေသက မဟုတ်နိုင်ဘူး၊ ဒါကတော့ အရေးမကြီးပါဘူးလေ၊ ရှင့်ကို အလုပ်နဲ့ ပတ်သက်ပြီး ကျွန်မ ဘာမှ ပြောပိုင်ခွင့် မရှိဘူး၊ ဘာကြောင့်လဲ ဆိုတော့ ဒီဥယျာဉ်ပျက်ကြီးဟာ ကျွန်မ ပိုင်တာမှ မဟုတ်ဘဲ၊ ဥစ္စာရှင်အစစ်က ဘယ်ရောက်နေမှန်းတောင် မသိပါဘူး၊ သစ်ပင်ကြီး၊ ဝါးပင်ကြီး တွေကို သူ့ဥစ္စာရှင်က ပြန်းတီးအောင် လုပ်သွားတော့ စမ်းအိုင် ခန်းခြောက်ပြီး ဒီနေရာဟာ ပူပြင်းခြောက်သွေ့တဲ့ ကန္တာရလေးလို ဖြစ်နေတယ်။ ဒီနေရာကို ဒီအတိုင်း ပစ်ထားလိုက်ရင် ခြောက်သွေ့တဲ့ ကန္တာရဟာ တဖြည်းဖြည်း နယ်ကျယ် လာပြီး အနားနီးပါး ရွာတွေပါ ခြောက်သွေ့လာနိုင်တယ်၊ ရေရှားလာနိုင်တယ်၊ ဒါကြောင့် ကျွန်မက စမ်းတွင်းက ရေပြန်ထွက်အောင် စေတနာနဲ့ သစ်ပင် လာစိုက်နေတာ"

မခင်ရွှေ စကားပြောနေစဉ်မှာ မောင်စိမ်းမောင်က အကဲခတ်သည့် စိတ်ဖြင့် မခင်ရွှေ မျက်နှာကို ရဲရဲပင် ကြည့်နေသည်။ မခင်ရွှေက မောင်စိမ်းမောင် ကြည့်နေသည်ကို အနည်းငယ်မျှ မဖြုံ၊ သူ့တပည့်တစ်ယောက်ကို သင်ခန်းစာ ရှင်းပြနေသလို ရှင်းလင်း ပြောပြနေသည်။

မခင်ရွှေ စကားဆုံးသောအခါ-

"အစ်မကော ဒီရေပြာအိုင်ရွာထဲကပဲလား"

ဟု မေးသည်။

မခင်ရွှေက ရေပြာအိုင်ရွာမှာ ကျောင်းဆရာ လာလုပ်နေကြောင်းကို ပြောပြလိုက်ပြီး မောင်စိမ်းမောင်ကို ဆက်လက် စိတ်ဝင်စားဟန် မပြတော့ဘဲ သူ့တပည့်လေးတွေနှင့် လုပ်လက်စအလုပ်ကို ဆက်လုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်စိမ်းမောင်သည် သူလာစဉ်က သူ့ဘိုးဘွားအမွေအနှစ် ဖြစ်သော ခြံကြီးကို ကြည့်ရန်သက်သက် ဖြစ်သောကြောင့် ရွာထဲကိုဝင်ရန် စိတ် မကူးသေးချေ။ သူ့အစီအစဉ် နေရာကျမှ ရွာထဲဝင်မည်ဟု ရည်ရွယ်ခဲ့၏။ ယခု မခင်ရွှေနှင့် တွေ့လိုက်သောအခါမှ ချက်ချင်းပင် ရွာထဲသို့ ဝင်လိုစိတ် ပေါ်လာသည်။ သူ့မိဘတွေက ရွာထဲက ဆွေစဉ်မျိုးဆက် ကျန်ရှိနေသေးသရွေ့ ကို နာမည်တွေ ပြောပြသွားသည်။ ဘိုးစမ်းမြိုင်တို့ ခြံကြီးထဲမှာ နေစဉ်က မောင်စိမ်းမောင်ကို ယုယထိန်းကျောင်းလာခဲ့သော အမျိုးသမီးကြီးတစ်ယောက် ၏ နာမည်ကိုလည်း ပြောပြသွားသည်။ ထို့ကြောင့် မောင်စိမ်းမောင်က သူ သည် ဘိုးစမ်းမြိုင်၏ မြစ်အစစ်ဖြစ်ကြောင်း ယခုချက်ချင်းပင် နိုင်လုံအောင် ပြောရတော့မည် ဖြစ်သည်။ ထိုသို့ နိုင်လုံမှသာလျှင် သူဆက်ခံရမည့် အမွေ အနှစ်ဖြစ်သော ဥယျာဉ်ကြီးကို သူ့သဘောကျ မြန်မြန်ဆန်ဆန် စီမံနိုင်မည် ဖြစ်သည်။ လာခဲ့စဉ်အခါက သူ့စိတ်ကူးသည် ဥယျာဉ်ပျက်မြေနေရာကို တော်ရုံသဖြင့်ဟုသာ ထင်ခဲ့သည်။ ဘိုးဘွားအမွေအနှစ်ဟူ၍ သိသာရုံ ကြည့် လိုသောစိတ် ရှိခဲ့သည်။ မျှော်လင့်ချက် သိပ်မထားခဲ့။ ယခု ကျယ်ဝန်းသော ခြံမြေကြီးကို မြင်ရသောအခါ သူမျှော်လင့်သည်ထက် ပိုပြီး အကျိုးရှိနိုင်သည် ကို တွေးမိကာ သူသည် ဘိုးစမ်းမြိုင်မြစ် အစစ်ဖြစ်ကြောင်း နိုင်လုံအောင် လျှင်မြန်စွာ ဆောင်ရွက်လိုစိတ် ပေါ်လာခြင်း ဖြစ်သည်။

သူ့ကို စိတ်ဝင်စားဟန်မပြဘဲ သူ့တပည့်လေးတွေနှင့် လုပ်စရာ ရှိသည်ကို ဆက်လုပ်နေသော ဆရာမလေး မခင်ရွှေကို မောင်စိမ်းမောင်သည် တိတ်ဆိတ်စွာ စိုက်ကြည့်နေပြီး -

"ကျွန်တော် ရွာထဲ သွားလိုက်ပါဦးမယ် ဆရာမ"

ဟု ပြောကာ ထွက်လာခဲ့သည်။

မောင်စိမ်းမောင်သည် ရွာထဲ ရောက်သောအခါ သူ့မိဘတွေ ပြောကြား ထားခဲ့သည့် သူ့အထိန်းတော်ကြီးကို တွေ့လိုက်ရသည်။ အထိန်းတော်ကြီးကား သူ့မိခင်ထက် ကြီးသော်လည်း ပြောလောက်အောင် အိုမင်းမစွမ်း မဖြစ်ဘဲ သန်သန်မာမာ ဖျတ်ဖျတ်လတ်လတ်ပင် ဖြစ်သည်။ မောင်စိမ်းမောင်အဖို့ သူသည် ဘိုးစမ်းမြိုင်မြစ် ဖြစ်ကြောင်းကို လုံလောက်သော အထောက်အထားများဖြင့် ပြောနိုင်သည် တစ်ကြောင်း၊ အထိန်းတော်ကြီးကလည်း ငယ်စဉ်က သူ ထိန်းကျောင်း လာခဲ့ရစဉ်က မောင်စိမ်းမောင် ကိုယ်ပေါ်မှ မွေးရာပါ အမှတ်အသားများကို



ကောင်းစွာ သတိရ မှတ်မိနေသည့် တစ်ကြောင်းတို့ကြောင့် မောင်စိမ်းမောင်အဖို့ ခက်ခဲမှုမရှိဘဲ ဘိုးစမ်းမြိုင်မြစ် ဖြစ်ကြောင်းကို တစ်ရွာလုံးက ခြွင်းချက်မရှိ လက်ခံ လိုက်ကြသည်။

မောင်စိမ်းမောင်က သူ့ဘိုးဘွားများ ပိုင်ခဲ့သည့် ဥယျာဉ်ခြံပျက်ကြီး ကို ရောင်းချလိုသော ကိစ္စကြောင့် လာခဲ့ခြင်း ဖြစ်သည်။ သူ့အဖို့ မရောင်းလျှင် မဖြစ်သည့် အခြေအနေမျိုး ရောက်နေသည်။ ထိုအကြောင်းကို တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် မခင်ရွှေ သိသွားသည်။ မခင်ရွှေသည် ထိုသတင်းကို ကြားလျှင် ကြားချင်း မောင်စိမ်းမောင် တည်းခိုနေထိုင်ရာ အထိန်းတော်ကြီးအိမ်သို့ တပည့်လေး တစ်ယောက်ကို အဖော်ခေါ်ပြီး သွားတွေ့သည်။

"ခြံပျက်ကြီးထဲမှာ ကျွန်မကို တွေ့စဉ်က အလုပ်လိုချင်လို့ ဆိုတာက ဘာသဘောများလဲ ရှင်၊ ဒီခြံကြီးကို ကျွန်မက အပိုင်စီးမယ်မှတ်ပြီး သရော် ပြောခဲ့တာလား"

မခင်ရွှေက ရဲရဲပင် မေးသည်။ ထိုအခါ မောင်စိမ်းမောင်က သရော် သော သဘောမျိုးဖြင့် မေးခြင်း မဟုတ်ကြောင်းကို တောင်းပန် ရှင်းပြလိုက် သောကြောင့် မခင်ရွှေက ကျေနပ်သွားသည်။

"ဟုတ်ကဲ့၊ ဘာမှန်း မသိသေးခင်မှာ ဘေးဆီးရန်ကာ သဘောမျိုးနဲ့ မေးတာ ဆိုတော့ ကျွန်မ ခွင့်လွှတ်ပါတယ်၊ ဒါထက် ဒီခြံမြေကြီးကို ရောင်း လိုက်တော့မယ် ဆိုတာ မှန်ပါသလား"

မခင်ရွှေက ပြန်မေးသည်။ ထိုဥယျာဉ်ပျက်ကြီးကို ခြောက်သွေ့သည့် ကန္တာရလေး မဖြစ်အောင် စေတနာကောင်းဖြင့် ပြန်လည်ပြုပြင် ပျိုးထောင် နေကြောင်းကို သိပြီးဖြစ်သော မောင်စိမ်းမောင်သည် ရွာသူရွာသားတွေ ပြော ကြားထားခြင်းဖြင့် မခင်ရွှေကို လေးစားကြည်ညိုခြင်း ဖြစ်နေသည်။ ထို့ကြောင့် ကိုယ်နှင့်မဆိုင်သော ကိစ္စကို စပ်စုရကောင်းလားဟူသော သဘောမျိုးမထားဘဲ စိတ်ရှည်ကောင်းမွန်စွာ ပြန်ပြောသည်။

"ဟုတ်ပါတယ် ဆရာမ၊ ကျွန်တော် ရောင်းဖို့ ပြောထားခဲ့ [illegible] ဘာကြောင့် ရောင်းမယ် ဆိုတာကို ပြောရရင် ကျွန်တော့် အခြေအနေ [illegible] ပြောမှ ဖြစ်မှာပါ။ ကျွန်တော့်အနေနဲ့ ပညာကို ပြည့်စုံအောင် သင်လာခဲ့ [illegible] မဟုတ်ပါဘူး ဆရာမ၊ မိဘတွေ ဆုံးပြီး လခစားအလုပ်အတွက်လည်း [illegible] မပြည့်စုံ၊ ရောင်းဝယ်စားဖို့ အရင်းအနှီး မရှိ၊ ရန်ကုန်တက်ပြီး [illegible] ရှာဖို့ လမ်းစရိတ်ကလည်း လိုလာတယ်၊ ဒါကြောင့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ မေးခွန်းကို ဖြေသော တပည့် ကျောင်းသားငယ်လေးကဲ့သို့ မောင်စိမ်းမောင်က ဖြေကြားသည်။

"ရောင်းချင်တဲ့ အကြောင်းကို ပြောပြတာ ကျေးဇူးတင်ပါတယ်၊ ဒါထက် ရှင့်နာမည် မသိရတော့ စကားပြောရတာ အဆင်မပြေဘူး၊ နာမည်ကို သိပါရစေ"

"ဪ- ကျွန်တော့်နာမည် စိမ်းမောင်လို့ ခေါ်ပါတယ်"

"ဟုတ်လား၊ သစ်ပင်တွေ ပြန့်တီးနေတဲ့ ဒီဥယျာဉ်ပျက်ကြီးကို ဝယ်မယ် ဆိုတဲ့ လူက ဘာရည်ရွယ်ချက် ထားနေလဲ၊ သစ်ပင် ပြန်စိုက်မှာလား၊ မွေးမြူရေးလုပ်မှာလား"

မခင်ရွှေ မေးမြန်းနေသည့် လေသံနှင့် ဟန်မှာ ကျောင်းသားလေးတွေကို ပညာရည်စမ်းနေသည့် မေးခွန်းများ ထုတ်နေသော ဆရာမလေသံ အပြည့် ဖြစ်သည်။

ထို့ကြောင့် မောင်စိမ်းမောင်သည် မထီလေးစား အမူအရာမျိုး၊ အပြောမျိုး မလုပ်ဘဲ မှန်သည့်အတိုင်း ပြောနေသည်။

"ဝယ်မယ့်လူက ဗမာ မဟုတ်ပါဘူး၊ မြေနေရာ တော်တော်ကျယ်မယ် ဆိုရင် သူတို့မိသားစု သုံးအိမ်ထောင်လောက် ရွှေ့ပြီး လာနေကြမယ်။ ဒီခြံထဲမှာပဲ သူတို့ ဘာသာရေး ဘုရားဝတ်ကျောင်းတစ်ခု ဆောက်မယ်။ အသက်မွေးဝမ်းကျောင်းကတော့ အဆင်ပြေတဲ့ အလုပ်ကို လုပ်မယ်လို့ ပြောပါတယ်။ ဒါကြောင့် မြေတော်တော်ကျယ်မှ ယူမယ်၊ သွားကြည့်ပါ ဆိုလို့ ကျွန်တော် လာကြည့်နှင့်တာ.."

မောင်စိမ်းမောင် စကားကြောင့် မခင်ရွှေ မျက်မှောင်ကုတ်လိုက်၏။

"ကိုစိမ်းမောင်၊ ရှင် ပြောတဲ့ စကားကို ထောက်ရင် ဒီမြေဝယ်မယ့် လူမျိုးခြားကို တော်တော် ကျိုးနွံနာခံနေပုံ ပေါ်တယ်၊ ဒါလောက် ရှင်က အလျှော့ပေးနေရတာ ဒီမြေကို မရောင်းရင် မဖြစ်တော့တဲ့ အခြေအနေကို ရောက်နေလို့လား"

မခင်ရွှေ အမေးကြောင့် မောင်စိမ်းမောင် မျက်နှာပျက်သွားသည်။ ထိုသို့ မျက်နှာပျက်သွားသည်ကိုလည်း မခင်ရွှေ ကောင်းကောင်း မြင်လိုက်သည်။

"ကျွန်မ မေးတာ မှန်မှန်ပြောစမ်းပါ၊ ကျွန်မ ကူညီနိုင်တဲ့ကိစ္စ ဖြစ်နေရင်လည်း တတ်နိုင်သလောက် ကူညီပါ့မယ်"



မခင်ရွှေက ပြောသောအခါ မောင်စိမ်းမောင်က မျက်နှာကို ပြင်ပြီး-

"ဘာအကြောင်းမှန်း မသိရသေးဘဲနဲ့ ဆရာမ ကူညီချင်တယ်ပြောတဲ့ စေတနာကိုတော့ ကျွန်တော်က တော်တော်လေး အံ့ဩမိပါတယ် ဆရာမ"

ဟု မေးခွန်းလည်း မမည်၊ အဖြေလည်း မမည် စကားကို ပြန်ပြောလိုက်သည်။

"ဪ- ဘာအကြောင်းမှန်း မသိရသေးဘဲနဲ့ ကူညီမယ်ပြောတဲ့ စကားကို အံ့ဩတယ်လား၊ ရှင့်မြေကို ဝယ်မယ့်လူက ဗမာ မဟုတ်ဘူး၊ လူမျိုး ခြားလို့ ပြောတာနဲ့ကို ကျွန်မစိတ်ထဲမှာ ဒီရွာရဲ့ နောက်ကြောင်းရာဇဝင်ကို ပြောပြချင်တဲ့စိတ်၊ ကူညီချင်တဲ့စိတ် ပေါ်လာတယ်လို့ ပြန်ဖြေရင် ရှင် ထပ်ဆင့် အံ့ဩမှု ဖြစ်သွားဦးမှာပဲ"

မခင်ရွှေ စကားကြောင့် မောင်စိမ်းမောင်သည် စောစောက မခင်ရွှေအပေါ်မှာ အထင်သေးသလိုလိုဖြင့် ပြောမိသော စကားကိုပင် မလုံသလို ဖြစ်သွားသည့်အပြင် မခင်ရွှေစကားကို စိတ်ဝင်စားသွားမိသည်။

"ဟုတ်ကဲ့... ဒီရွာရဲ့ နောက်ကြောင်းရာဇဝင် ဆိုတာကို ကျွန်တော် ဘာမှ မသိခဲ့ပါဘူး ဆရာမ၊ ဒီခြံမြေကြီးကို ကျွန်တော် အမွေရတယ်၊ ကျွန်တော့် ဖခင်နဲ့ ကျွန်တော့်ဘိုးဘွားတွေဟာ ဒီရွာဇာတိ ဖြစ်ခဲ့တယ် ဆိုတာလောက်သာ သိခဲ့ရတော့ ဆရာမစကားကို အမှန်ပဲ ထပ်ဆင့်အံ့ဩမိပါတယ်၊ ကျွန်တော့်မြေကို ဝယ်မယ့်လူက လူမျိုးခြား ဖြစ်နေတာနဲ့ ဒီရွာရဲ့ နောက်ကြောင်းရာဇဝင်က ဘယ်လိုများ ပတ်သက်နေပါသလဲ ဆရာမ"

မောင်စိမ်းမောင်က လေးနက်သောအသံဖြင့် မေးပြော ပြောလိုက်သည်။

"ပတ်သက်ပါတယ် ကိုစိမ်းမောင်၊ လူမျိုးရေး၊ ဘာသာရေး၊ ဇာတိမာန်စိတ်ရေး အားလုံး ပတ်သက်နေပါတယ်၊ တကယ် စိတ်ဝင်စားမှုရှိလို့ နားထောင်ချင်တယ် ဆိုရင် ကျွန်မ မေးမြန်းမှတ်သားထားတဲ့ ဒီရွာသူကြီးမင်း ဦးရွှေဖင်အကြောင်းကို ပြောပြရမှာပေါ့"

မခင်ရွှေ စကားကြောင့် မောင်စိမ်းမောင်သည် အလွန်အမင်း စိတ်ဝင်စားလာသည်။

"ပြောပြပါ ဆရာမရယ်"

အမှန်တကယ် စိတ်ဝင်စားစွာ မေးမြန်းသော မောင်စိမ်းမောင် အရှုအရာကို ကောင်းစွာ အကဲခတ်မိသော မခင်ရွှေက အသွားရှေ့အိမ်ထံမှ သူ

www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းမှတ်သားခဲ့သည့် ရေပြာအိုင်ရွာ မျိုးချစ်သူကြီးမင်း ဦးရွှေဇင်နှင့် သူ့သမီး မထားဆွေတို့အကြောင်းကို တစ်လုံးမကျန် စီကာပတ်ကုံး ပြောပြသည်။

အဖြစ်အပျက်ကလည်း ကြေကွဲဖွယ်၊ ဇာတိမာန်စိတ် ကိန်းအောင်းနေသော တကယ့်အဖြစ်၊ ပြောပြနေသော ဆရာမ မခင်ရွှေကလည်း တပည့်လေးတွေကို နားလည်သဘောပေါက်အောင် သင်ကြားပေးနိုင်စွမ်းရှိသည့် ကျောင်းဆရာမပီပီ နားထောင်နေသူ နားထဲကို အဖိတ်အစဉ်မရှိ ဆုပ်သွင်းလိုက်သလို စကားလုံးများဖြင့် ပြောပြနေသောအခါ မောင်စိမ်းမောင်သည် မခင်ရွှေ မျက်နှာကို မျက်တောင် မခတ်နိုင်ဘဲ စူးစူးစိုက်စိုက် ကြည့်ပြီး စိတ်ဝင်စားစွာ နားထောင်နေသည် ဖြစ်သောကြောင့် မခင်ရွှေပြောသမျှ စကားလုံးတွေသည် မောင်စိမ်းမောင် နားထဲ တစ်လုံးတစ်ခဲ ဝင်သွားပြီး အသည်းနှလုံးမှာရော၊ ဦးနှောက်မှာရော စွဲသွားသည်။

ပြောပြ၍ ဆုံးသောအခါ မခင်ရွှေက–

"သူကြီးမင်း ဦးရွှေဇင်ဟာ ကိုယ့်တိုင်းရင်းသားအစစ်တွေသာ နေထိုင်တဲ့ ကိုယ့်မြေပေါ်မှာ လူမျိုးခြားတွေ ဝင်လာပြီး အခြေစိုက်ကြမှာကို တွေးမိတယ်။ ဒီလူမျိုးခြားတွေဟာ နေရုံသာမဟုတ်ဘဲ ကိုယ့်တိုင်းရင်းသူ ကိုယ့်ရွာသူတွေကို ယူပြီး သူတို့လူမျိုး ပြန့်ပွားအောင် လူမျိုးချင်း မျိုတဲ့နည်းကို သုံးမယ်။ သူတို့ကို ယူတဲ့ ကိုယ့်တိုင်းရင်းသူ ရွာသူတွေကိုရော၊ ပေါက်ဖွားလာမယ့် သားစဉ်မြေးဆက် အားလုံးကိုရော သူတို့လူမျိုးအမည်ခံ သူတို့ဘာသာထဲ သွင်းပြီး ဘာသာရေးချင်း မျိုတဲ့နည်းကို သုံးမယ်။ အဲဒီတော့ လူမျိုးလည်း ပျက်၊ ဘာသာလည်း ပျက်၊ ရွာမြေတွေကိုလည်း လက်လွှတ်တဲ့ဘဝ ရောက်ကုန်ကြပြီး ကိုယ့်တိုင်းရင်းသား ဗမာတွေ မဟုတ်တော့ဘဲ လူမျိုးခြားပိုင်မြေ၊ လူမျိုးခြားပိုင်ရွာ ဖြစ်သွားတော့မှာကို ကွက်ကျော်မြင်လိုက်တဲ့ သူကြီးမင်းဟာ သူ အသက်တမျှ ချစ်တဲ့ ရင်သွေးရင်နှစ် သမီးအရင်းကို အသေခံပြီး ကိုယ့်တိုင်းရင်းသား လူမျိုးတွေ လူမျိုး မပျောက်၊ မြေ မပျောက်၊ ဘာသာ မပျောက်အောင် နှလုံးအသည်းကို အကွဲခံပြီး ဇာတိမာန် မျိုးချစ်စိတ်ကို ထိန်းသိမ်းသွားတယ် ကိုစိမ်းမောင်။ သူကြီးမင်း ဦးရွှေဇင်က စံပြသဘောမျိုး လုပ်သွားတော့ သာယာကြည်နူးစရာကောင်းလှတဲ့ ဒီရေပြာအိုင်ရွာကလေးဟာ ယခုထက်တိုင် လူမျိုးသန့်သန့်၊ ဘာသာသန့်သန့်နဲ့ ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်ရွာအဖြစ် ရပ်တည်နေခဲ့နိုင်ပါတယ်။ ဒီလို သန့်ရှင်းစင်ကြယ်နေတဲ့ ကိုယ့်ဇာတိရပ်မြေနဲ့ ကိုယ့်တိုင်းရင်းသူ တိုင်းရင်းသား



တွေကို ဒီအတိုင်း သန့်ရှင်းစင်ကြယ်စွာ နေမြဲမြေတိုင်း နေကြပါစေလား ကိုစိမ်းမောင်"

မခင်ရွှေက စကားဖြတ်ပြီး မောင်စိမ်းမောင်ကို အကဲခတ်သလို ကြည့်လိုက်သည်။

မောင်စိမ်းမောင်က မခင်ရွှေ မျက်နှာကို ကြည့်ကာ နားထောင်နေရာမှ မျက်လွှာကို ချကာ တစ်ခုခုကို စဉ်းစားနေသလို ငြိမ်နေသည်။ ဘာစကားမှ ပြန်မပြောဘဲ ငြိမ်နေသော မောင်စိမ်းမောင်ကို မခင်ရွှေက ကြည့်ပြီး စကားဆက်လိုက်သည်။

"အခု ကျွန်မ ပြောပြခဲ့တာက ကျွန်တော့်မြေကို လူမျိုးခြားက ဝယ်မှာနဲ့ ဒီရွာရဲ့ နောက်ကြောင်းရာဇဝင်က ဘယ်လို ပတ်သက်နေလဲ ဆိုတဲ့ ကိုစိမ်းမောင် အမေးကို ကျွန်မက နောက်ကြောင်းရာဇဝင် ပြောပြပြီး အဖြေပေးတာပါ။ ကူညီနိုင်ရင် ကူညီမယ်လို့ ကျွန်မ ပြောခဲ့တဲ့ စကားကို ကျွန်မ မမေ့ပါဘူး၊ ဒီခြံမြေကြီးကို လူမျိုးခြား လက်ထဲ မရောင်းမဖြစ်တဲ့ အကြောင်းများ ရှိနေရင် ကျွန်မ သိဖို့ သင့်တော်မယ် ထင်ရင်လည်း သိပါရစေ၊ တကယ်လို့ မသိစေချင်ဘူးဆိုရင် လူမျိုးခြားကို ကိုစိမ်းမောင် ရောင်းမယ့် တန်ဖိုးကိုတော့ သိပါရစေ၊ ကျွန်မ ဝယ်နိုင်တဲ့အင်အား ရှိရင် ကျွန်မကိုပဲ ရောင်းစေလိုပါတယ်"

မျိုးချစ်သူကြီးမင်း ဦးရွှေဇင် ကိုယ်တိုင်က အသည်းကွဲခံကာ ကြီးမားသော မျိုးချစ်စိတ်ဖြင့် စောင့်ထိန်းကာကွယ်လာခဲ့သော ဤရွာကလေးထဲကို လူမျိုးခြား ဝင်ရောက်မွေနှောက်လာမည်ကို မခင်ရွှေက များစွာ စိုးရိမ် ပူပန်မိသည်။ မောင်စိမ်းမောင်သည် အပူတပြင်း ကြွေးရှိသောကြောင့်သာ ရောင်းချင်နေသလား၊ ခြံမြေကို လုပ်ကိုင်စားရမှာ ပျင်းရိသောကြောင့် ငွေဖြစ် ပြီးရောသဘောမျိုးဖြင့် ရောင်းချင်နေခြင်းလား၊ စားစရာမရှိအောင် ငတ်ပြတ်ဆင်းရဲနေသောကြောင့် ရောင်းချင်နေခြင်းလား၊ မည်သို့ဖြစ်စေ သူ ရောင်းချင်နေသော လူမျိုးခြား ဆိုသူ၏ ဩဇာသည် မောင်စိမ်းမောင်အပေါ်မှာ စူးနေကြောင်းတို့ကား သူ့စကားအရ မခင်ရွှေက အကဲခတ်မိနေသည်။

အကယ်၍ မောင်စိမ်းမောင်က သူ ပြောသည့် မျိုးချစ်တရားကို နားဝင်ပြီး ဆရာမကိုပဲ ရောင်းပါတော့မည်ဟူသော စကားနှင့် ခြံမြေကြီးကို ပြောလိုက်လျှင် မခင်ရွှေသည် သူ့လက်ထဲမှာ စုဆောင်းထားသော ငွေလေးနှင့် ဝယ်ယူရန် မလုံလောက်ပါက ရွာထဲရှိ ငွေကြေးတတ်နိုင်သူ တစ်ဦးတစ်ယောက်–

www.burmeseclassic.com

www.burmeseclassic.com



ကို ဝယ်ရန် တိုက်တွန်းကြည့်မည်၊ မဝယ်လိုလျှင် သူ့လခကို အပေါင်သဘော မျိုး ပြုကာ ငွေချေးပြီး ရှိရင်းငွေကို ဖြည့်စွက်ပြီး ဝယ်မည် ဟူသော စိတ်ကူးဖြင့် မေးမြန်းပြောဆိုနေခြင်း ဖြစ်သည်။

"ဒီခြံကြီးကို ဆရာမက ဝယ်လိုက်ပြီး အစိုးရအမှုထမ်းပီပီ တခြားကို ပြောင်းရတော့ ဒီခြံကြီးကို ဘယ်လိုလုပ် ထားခဲ့မှာလဲ"

မောင်စိမ်းမောင်က စောဒကတက်ပြီး မေးခွန်းထုတ်လိုက်သည်။

မခင်ရွှေက ပြုံးပြုံးရယ်ရယ်ဖြင့် ထိုမေးခွန်းကို သွက်လက်စွာ ဖြေကြားလိုက်၏။

"ဒီရွာကို ကျွန်မ ကျောင်းဆရာ လာလုပ်နေတဲ့ အချိန်ဟာ သုံးနှစ်ကျော်ပါပြီ၊ ရွာအပေါ်မှာ ကျွန်မ စေတနာထားသလို ရွာက လူတွေကလည်း ကျွန်မကို စေတနာထားကြတယ်။ ဒါကြောင့် ကျွန်မ စရိတ်တစ်ပြားမှ မကုန်ခဲ့ဘူး။ ကျွန်မ ထမင်းစားဖို့ကို ရွာက တာဝန်ယူထားခဲ့တော့ ကျွန်မရဲ့ ကျေးဇူးရှင် ရေပြာအိုင်ရွာကို လူမျိုးမပျက်၊ ရွာမပျက်အောင် ကျေးဇူးဆပ်ဖို့ ကျွန်မမှာ တာဝန်ရှိနေပါတယ်။ နောက်ပြီး ကျွန်မဟာ ဗမာတိုင်းရင်းသူ တစ်ယောက်ပီပီ ကိုယ့်လူမျိုးကို ကိုယ်တတ်နိုင်တဲ့ဘက်က ကာကွယ်ရမယ့် တာဝန်၊ ကိုယ့်လူမျိုးကို ကိုယ်သစ္စာစောင့်ရမယ့် တာဝန်၊ ကိုယ့်လူမျိုး မပျက်ရအောင် ထိန်းသိမ်းရမယ့် တာဝန် ရှိပါတယ်။

အဲဒီတော့ အစိုးရအမှုထမ်းပီပီ ပြောင်းရွှေ့သွားရတဲ့အခါ ဒီခြံမြေကြီးကို ရွာဘုံမြေအဖြစ် ကျွန်မ လှူခဲ့မယ်။ ကျွန်မ ရှိနေခိုက်မှာ တတ်နိုင်သမျှ စားပင်သီးပင်တွေကို စိုက်ပျိုးသွားမယ်၊ ကျွန်မ သွားပြီးတဲ့နောက် ဒီခြံမြေကြီးက ထွက်သမျှကို ရွာကောင်းမွန်ရေး၊ သာသနာ ထွန်းကားရေးမှာ သုံးဖို့ ကျွန်မ လှူခဲ့မှာပါ"

မခင်ရွှေ စကားဆုံးသောအခါ မောင်စိမ်းမောင်က ပြောသည်။

"ကျွန်တော် ရောင်းချင်တာက ကြွေးပူပြင်းလို့ မဟုတ်ပါဘူး၊ ရန်ကုန်ကို အလုပ်ရှာဆင်းဖို့ စရိတ်လိုတဲ့အတွက် ရောင်းချင်တယ်လို့ ပြောခဲ့တာ ဆရာမ သတိရပါလိမ့်မယ်၊ ကျွန်တော် ရောင်းချင်တဲ့ဈေးကို ပြောရမှာ ဆရာမကို အားနာနေတယ်"

သူ့ခြံမြေကြီးကို ဝယ်ယူလိုကြောင်း ပြောကြားထားသည့် လူမျိုးခြားသူဌေးသည် သူ့စိတ်တိုင်းကျ အကျယ်အဝန်း မြေနေရာဖြစ်ခဲ့လျှင် တစ်ထောင်



ကျော်လောက် ပေးနိုင်မည်ဟု စကားခေါ်ထားသည်။ မောင်စိမ်းမောင်က သူ့ခြံမြေကို ကြည့်လိုက်သောအခါ ဝယ်လိုသူ စိတ်တိုင်းကျ အကျယ်အဝန်း ဖြစ်နေသည့်အပြင် ရွာနှင့်လည်း လမ်းသွားလမ်းလာ အဆင်ပြေနေသည်။ စမ်းတွင်းကလည်း ရေပြန်ထွက်စ ပြုနေသည်။ မခင်ရွှေ လုံ့လကြောင့် စားပင်သီးပင်လေးတွေကလည်း အတော်အသင့် ဖြစ်ထွန်းနေသည်။ ထို့ကြောင့် မူလက ပြောထားခဲ့သည့် ဈေးထက် ပိုပြောလျှင် ရနိုင်ကြောင်း တွေးမိနေသည်။ သူလိုချင်သော ဈေးကို တောကျောင်းဆရာမလေးက ပေးနိုင်ပါမည်လား၊ မပေးနိုင်လျှင် ဝယ်မည် ပြောသော လူမျိုးခြားသူဌေးကို ခေါ်လာပြီး ခြံမြေကို ပြ၍ ရောင်းရန်သာ ရှိသည်။

"ပြောသာပြောပါ၊ ဖြစ်နိုင်အောင် ကျွန်မ ကြိုးစားကြည့်ရင် ဖြစ်နိုင်ကောင်းပါရဲ့"

အပြောခက်ဟန်ဖြင့် တွေနေသော မောင်စိမ်းမောင်ကို မခင်ရွှေက တိုက်တွန်းပြောသည်။

"ကျွန်တော် လိုချင်တာက ၂၅၀၀ ထက်တော့ မလျှော့နိုင်တော့ဘူး ဆရာမလေး"

ရက်ရက်စက်စက် ဆိုလိုက်သော မောင်စိမ်းမောင် ဈေးကို မခင်ရွှေက ဆစ်ခြင်း မပြုချေ။ ဆစ်လိုသော စိတ်လည်း မရှိ၊ တောရွာအနေ ခြံပျက်ကြီးအနေဖြင့် များကြောင်းကို မခင်ရွှေ သိပါသည်။ သူ့လခလေးကို စည်းကမ်းတကျ သုံးပြီး စုဆောင်းလာခဲ့သည်မှာ လက်ထဲတွင် မောင်စိမ်းမောင် ခြံဖိုးပေးနိုင်လောက်အောင် ငွေကလေးက ရှိနေသည်။ ရွာသူကြီးမင်းထံ သွားပြီး အကျိုးအကြောင်း ပြောကာ သက်သေထားပြီး ငွေချေမည်ဟု မခင်ရွှေက စိတ်ထဲမှာ အစီအစဉ် ဆွဲနေသည်။

"အဲဒီဈေး ဆရာမ ပေးနိုင်မလား၊ ကျွန်တော်ကတော့ မလျှော့ပါရစေနဲ့၊ ဆရာမ ပြောခဲ့တဲ့ ဒီရွာနောက်ကြောင်းရာဇဝင်က မှတ်လောက်သားလောက်ရှိပေမယ့် ကျွန်တော်တို့ ဗမာတွေမှာ စကားပုံတစ်ခုရှိတယ် ဟုတ်လား၊ ဝမ်းတော်ဝမှ ခွမ်းတော်တင်နိုင်မယ် ဆိုတာလေ၊ ကျွန်တော့်မှာ ဝမ်းမဝသေးတော့ မျိုးချစ်စိတ်တွေ၊ ဇာတိမာန်စိတ်တွေ ဆိုတာ မစဉ်းစားနိုင်သေးတဲ့ အခြေအနေပါ ဆရာမ၊ ဝမ်းဝတဲ့အခါမှာတော့ ဆရာမ ပြောပြတဲ့ စကားတွေကို အကောင်အထည်ဖော်နိုင်ဖို့ ကျွန်တော် ကြိုးစားပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



မောင်စိမ်းမောင် စကားကြောင့် မခင်ရွှေသည် စိတ်ထဲမှာ ထောင်းခနဲ ဖြစ်သွားသည်။

''ဟုတ်ကဲ့၊ ရှင် ဝမ်းတော်ဝလို့ အကောင်အထည်ဖော်ပါ့မယ် ဆိုတဲ့ အချိန်မှာ ဒီနေရာအားလုံးဟာ ရှိရင်းစွဲ ဇာတိရွာခံတွေ ပျောက်ပြီး လူမျိုးခြားတွေနဲ့ လူမျိုးခြားမြေတွေ ဖြစ်ကုန်မှာ သေချာနေပြီ၊ အမြစ်တွယ် အခြေခိုင်ပြီးမှ ဖြိုဖို့မလွယ်ဘူး ကိုစိမ်းမောင်၊ ရှင်ဟာ ဒီခြံမြေကြီးထဲမှာ လူ့ဘဝ ရောက်လာခဲ့တဲ့ ဇာတိလူတစ်ယောက်ပါ၊ ကျွန်မက ပရိယေသနဝမ်းရေးကြောင့် တခြားဒေသက ရောက်လာတဲ့ ပဝတ္တိပါ၊ တခြားရပ်ရွာက ရောက်လာတဲ့ ပဝတ္တိတစ်ယောက်ကတောင်မှ ဒီရွာနောက်ကြောင်း ရာဇဝင်ကို သိရလို့ ကိုယ့်အမျိုးကိုစောင့်ထိန်းချင်၊ သစ္စာစောင့်ချင်တဲ့စိတ် ပေါ်ပေါက်လာပါရက်နဲ့ ဇာတိဖြစ်တဲ့ ရှင်က ဘိုးဘပိုင် အဖိုးတန်မြေကို လူမျိုးခြား လက်ထဲ ထိုးအပ်ဖို့ကြံတာ သိပ်ချီးကျူးဖို့ ကောင်းပါတယ်၊ ရှင် ဝမ်းတော်ဝဖို့ ဆိုတာကလည်း အကြံညာဏ်မထုတ်ဘဲ သက်သက်သာသာ ငွေလိုချင်လို့ ဝမ်းတော်မဝဘဲ ဖြစ်နေတာပါ၊ ဒီခြံမြေကြီးဟာ ရှင်တို့ ဘိုးစဉ်ဘောင်ဆက် ချမ်းသာကြွယ်ဝအောင် ပဒေသာပင်သီးပေးနေတဲ့ မြေကြီးပါ၊ ရှင် ပစ်ထားခဲ့တဲ့ မြေကြီးကို ကျွန်မ ပြုစုပျိုးထောင်လိုက်လို့ သစ်ပင်တွေလည်း အသင့်အတင့် ဖြစ်ထွန်းလာပြီ၊ စမ်းတွင်းကလည်း ရေထွက်လာပြီ၊ ရှင် ယောက်ျားပီပီ လုံ့လနဲ့ ဖွဲ့နဲ့ ဘိုးဘွားခြေရာကို နင်းလိုက်မယ်ဆိုရင် ခြံရောင်းလို့ရတဲ့ ငွေကလေးလောက်သာမက ရှင့်သားစဉ်မြေးဆက် စားမကုန်နိုင်ပါဘူး၊ ရှင် ပြောလိုက်တဲ့စကားကို ခံပြင်းလို့သာ ကျွန်မက ခုလိုပြောနေတာပါ၊ ကျွန်မစကားတွေ ရှင့်နားထဲ မဝင်ဘူး ဆိုတာ သိပါတယ်၊ နှစ်ထောင့်ငါးရာနော်၊ ကောင်းပြီ၊ ဖြစ်အောင်ကို ဝယ်မယ်၊ နက်ဖြန် ငွေချေမယ်၊ ကျွန်မတို့ တိုင်းရင်းသားတွေ၊ တိုင်းရင်းသူတွေနေရာကို လူမျိုးခြား မမျိုနိုင်အောင် ကျွန်မ အစွမ်းကုန်ကြိုးစားမယ်''

မခင်ရွှေက ပြောပြောဆိုဆိုဖြင့် အဖော်လိုက်လာသော တပည့်လေးကိုခေါ်ပြီး မောင်စိမ်းမောင်ထံမှ ပြန်လာခဲ့သည်။ မောင်စိမ်းမောင်သည် စကားပြော ချက်ကျသွက်လက်သလို သတ္တိရှိသော မခင်ရွှေကို ငေးစိုက်ကြည့်ရင်းကျန်ခဲ့သည်။

မခင်ရွှေသည် တပည့်ကလေးကို ပြန်လွှတ်လိုက်ပြီး အိမ်ပြန်လာခဲ့သည်။ အဘွားရွှေအိမ်တို့ သားအမိနှင့် အကြောင်းစုံ ပြောပြ တိုင်ပင်လိုက်သည်။



''ကျွန်မဆီမှာ စုထားပြီး ရှိတဲ့ငွေကလေးနဲ့ သူကြီးမင်းထံက အသိအမှတ်ပြုပြီး ဒီဥယျာဉ်ပျက်ကြီးကို ကျွန်မ ဝယ်မယ် ဘွားဘွား''

မခင်ရွှေ စကားကို ကြားရသော အဘွားကြီး သားအမိသည် မခင်ရွှေစကားကို အကြွင်းမဲ့ ထောက်ခံကြသည်။

''တို့ရွာနဲ့ ရွာသူရွာသားတွေကို ဆရာမလေးက သစ္စာစောင့်တာပဲ၊ ဘာကန့်ကွက်စရာရှိလဲ၊ နောက်ပြီး ဒီမြေကိုလည်း ရွာကောင်းကျိုးအတွက် ဆရာမလေး ထားခဲ့မယ် ဆိုတော့ ဆရာမလေး ငွေထုတ်ဖို့တောင် မလိုဘူး၊ အဘွားတို့မှာ ရှိတဲ့ ပန္နည်းလေးထဲက တစ်ခုလောက် မြို့ကိုသွားပြီး ထုတ်ရောင်းလိုက်ရင် ဒီငွေလောက်တော့ ဖြစ်ပါတယ်ကွယ်၊ ကဲ… ပြောနေ ကြာတယ်၊ ဟဲ့- သမီး၊ ပန္နည်းလေး သင့်တော်တာ တစ်ခုထုတ်၊ နက်ဖြန် ဆရာမလေးနဲ့ မြို့တက်ကြစမ်း''

အဘွားကြီးက အားတက်သရော ပြောသောအခါ မခင်ရွှေသည် ဝမ်းသာလွန်းသောကြောင့် မျက်ရည်များပင် လည်လာသည်။

ထိုအခိုက် မခင်ရွှေနှင့် မောင်စိမ်းမောင်တို့ စကားစစ်ထိုးပွဲကို တစ်လုံးမကျန် နားထောင်လာခဲ့ရသော အဖော် တပည့်လေးက သူ့မိဘတွေကို အကြောင်းစုံပြန်ပြောပြသည်။ ထိုမှတစ်ဆင့် ကြားကြပြီး ရပ်ရွာလူကြီးအချို့ ဘွားရွှေအိမ်တို့ထံ ရောက်လာကြသည်။

''ဆရာမလေး ရွာအပေါ်ထားတဲ့ စေတနာနဲ့ သစ္စာတရားကို ငါတို့အများကြီး ချီးမွမ်းပါတယ်၊ ဆရာမလေး ငွေအကုန်မထုတ်နဲ့၊ ငါတို့ ရပ်ရွာက ဝိုင်းပြီး တတ်နိုင်သလောက် ငွေစုမယ်၊ ဒီငွေလောက်တော့ ချက်ချင်း ရတာပေါ့''

ဟူသော စကားဖြင့် တစ်စိတ်ဝမ်း တစ်လက်ညီ ရွာသူရွာသားတွေ စုလိုက်ကြသောအခါ ဘွားရွှေအိမ် ပန္နည်းလည်း မြို့တက်ပြီး ရောင်းစရာမလိုတော့။ မခင်ရွှေ စုဆောင်းထားပြီးသော ငွေလေးထဲက အကုန်ပင် မစိုက်လိုက်ရတော့ဘဲ ငွေ ၂၅၀၀ ပြည့်သွားသည်။

''ကိုယ့်ဇာတိရပ်ရွာ၊ ကိုယ်မွေးရပ်မြေ၊ ကိုယ့်ဘိုးဘွား ဦးခေါင်းချရာ၊ ကိုယ့်ကို ထမင်းကျွေးခဲ့တဲ့ ခြံမြေကြီးကို ကျေးဇူးတရားမသိ၊ ကိုယ့်ရပ်ရွာ၊ ကိုယ့်မွေးဇာတိမြေ၊ ကိုယ့်လူမျိုးကို စောင့်ထိန်းရမှန်းမသိတဲ့ ပေါ်ကြော့ကောင်ကို ဆရာမလေး ခြံဖိုးငွေ သွားပေးရင် မှတ်လောက်သားလောက် ပြောခဲ့စမ်းပါ''

www.burmeseclassic.com

www.burmeseclassic.com



မခင်ရွှေက ခြံမြေဖိုးကို သွားရောက်ပေးချေမည့် အချိန်မှာ ရွာသူကြီးမင်းက သက်သေအဖြစ် လိုက်ပါရမည် ဖြစ်သည်။ ထို့ကြောင့် သူကြီးမင်းက မခင်ရွှေကို မသွားမီ မှာကြားနေခြင်း ဖြစ်သည်။

"ဟိုနေ့ကတည်းက မှတ်လောက်သားလောက်ဖြစ်အောင် ကျွန်မ ပြောထားခဲ့ပြီဖြစ်လို့ သူ သတိတရား မရရင် ထပ်ပြောနေလို့ အကြောင်းထူးမှာ မဟုတ်ပါဘူး ဘကြီးရယ်"

မခင်ရွှေက ပြောသည်။ ထို့နောက် မခင်ရွှေနှင့်အတူ သူကြီးမင်း၊ ရွာလူကြီး နှစ်ယောက်တို့သည် မောင်စိမ်းမောင် ရှိနေရာ အထိန်းတော်ကြီး အိမ်သို့ ရောက်လာကြသည်။ ထိုအချိန်မှာ မောင်စိမ်းမောင်သည် အားလုံးကို ဖော်ရွေစွာ ခရီးဦးကြိုပြုသည်။ မျက်နှာမှာကား မနေ့က မခင်ရွှေနှင့် ပြောဆိုခဲ့သည့် မျက်နှာထားမျိုး မဟုတ်တော့ဘဲ မြူတိမ်ကင်းစင် ကြည်လင်သည့် မျက်နှာထားမျိုး ဖြစ်သည်။

မခင်ရွှေက ငွေထုပ်ကို ချပေးပြီး အရောင်းအဝယ် အသိအမှတ်ပြုသည့် စာတမ်း ရေးထားသည့် စာရွက်ကို စာချုပ်သဖွယ် သဘောထားပြီး မောင်စိမ်းမောင်ကို ဖတ်ကြည့်ရန် ပေးသည်။ အရောင်းအဝယ် သဘောတူကြောင်း၊ ငွေလက်ငင်းချေပြီး ဖြစ်ကြောင်း စသည်ဖြင့် စာချုပ်သဘောမျိုး ရေးရိုးရေးစဉ် ရေးထားပြီး သက်သေလူကြီးများ နာမည်ကိုပါ ရေးထားသည်။ မောင်စိမ်းမောင်က ဖတ်ကြည့်ပြီး စာရွက်ကို မခင်ရွှေ လက်သို့ ရိုရိုသေသေပင် ပြန်ပေးပြီး ပြောသည်။

"စာချုပ် မလိုတော့ပါဘူး ဆရာမ၊ ဒီခြံမြေကို ကျွန်တော် မရောင်းတော့ပါဘူး"

မောင်စိမ်းမောင် စကားကို သဘောမပေါက်ကြချေ။

မခင်ရွှေက ပြန်မေးသည်။

"ကျွန်မကို မရောင်းတော့ဘူး ဆိုတာလား ကိုစိမ်းမောင်"

အားလုံးကပင် မခင်ရွှေ မေးသလို ပြန်မေးချင်ကြသည်။ အားလုံး၏ စိတ်မှာ မောင်စိမ်းမောင်သည် ခြံမြေကြီးကို မခင်ရွှေကို မရောင်းတော့ဘဲ သူ ပြောထားခဲ့ရင်းဖြစ်သော လူမျိုးခြားကိုပင် ပြန်ရောင်းမည်ဟု ထင်နေကြသည်။

"ဆရာမကိုသာ မဟုတ်ပါဘူး၊ ကျွန်တော့် ဘိုးဘွားမိဘပိုင် မြေကို ဘယ်သူ့လက်ထဲကိုမှ အရောက်မခံတော့ပါဘူး၊ ဘယ်သူ့ကိုမှ မရောင်းတော့ဘဲ ကျွန်တော် ကိုယ်တိုင်ပဲ ပြုစုပျိုးထောင် စိုက်ပါတော့မယ်"



မောင်စိမ်းမောင် စကားကြောင့် အားလုံးသော သူတွေမှာ အံ့အားသင့်ခြင်း၊ ဝမ်းမြောက်ခြင်း ဖြစ်ကုန်ကြတော့သည်။ မနေ့က မခင်ရွှေ ပြောခဲ့သော စကားများ ထိရောက်မှုရှိခြင်းကိုလည်း သူကြီးမင်းနှင့်တကွ အားလုံးက သိလိုက်ကြသည်။ ထို့ကြောင့်–

"ကဲ... မောင်စိမ်းမောင်စကား ကြားရတာ စိတ်ချမ်းသာလိုက်တာ၊ ဝမ်းသာလိုက်ပုံတော့ မပြောပါနဲ့တော့ကွယ်၊ အရောင်းအဝယ်ကိစ္စမှာ အသိသက်သေအဖြစ် တို့လိုက်လာကြရတာ၊ အခုတော့ မလိုတော့ပါဘူး၊ တို့မှာလည်း ဆောင်ရွက်စရာ ကိစ္စလေးတွေ ကိုယ်စီနဲ့ကွ၊ ဆရာမလေးကို စေတနာထားလို့သာ လိုက်လာကြရတာကိုး၊ မောင်စိမ်းမောင်နဲ့ ဆရာမလေးတို့ အေးအေးဆေးဆေး ဆွေးနွေးကြပေရော့၊ တို့ ပြန်လိုက်ကြဦးမယ်"

သူကြီးမင်းက ဝမ်းမြောက်စွာပြောပြီး ရွာလူကြီးတွေနှင့် အတူ ပြန်သွားကြသည်။ သူတို့အားလုံးသည် မခင်ရွှေ၏ အရည်အချင်းကို ရာနှုန်းပြည့် ယုံကြည်မှု ရှိကြသည်။ မခင်ရွှေကြောင့်သာလျှင် မောင်စိမ်းမောင် ယခုလို ဇာတိစိတ် ပြန်ဝင်လာခြင်း ဖြစ်ကြောင်း ရိပ်မိကြသည်။ မောင်စိမ်းမောင် စိတ်ဓာတ် ပိုမိုကြံ့ခိုင်လာစေရန် မခင်ရွှေက လွတ်လွတ်လပ်လပ် ဟောပြောတရားချပါစေ ဟူသော ရည်ရွယ်ချက်ထားပြီး ပြန်ကြခြင်းလည်း ဖြစ်သည်။

လူကြီးတွေ ပြန်ကုန်ကြသောအခါ မခင်ရွှေက စတင်မေးမြန်းလိုက်သည်။

"ကိုစိမ်းမောင်၊ အခုတင်က လူကြီးတွေရှေ့မှာ ပြောခဲ့တဲ့ စကားဟာ ခိုင်မာမှု ရှိတယ် ဟုတ်လား"

"ရှိပါတယ် ဆရာမ၊ မနေ့က ဆရာမ ပြန်သွားပြီးတဲ့နောက် ဒီရွာနောက်ကြောင်းရာဇဝင်ကို ဆရာမ ပြောပြခဲ့တာတွေကို ကျွန်တော် နားထဲမှာ ကြားယောင်နေပေမယ့် လေးလေးနက်နက် မရှိလှသေးဘူး။ ကျွန်တော့်အဖို့ ငွေရဖို့ကိုသာ အရေးတကြီး စဉ်းစားနေတာကိုး၊ ဆရာမအနေနဲ့ ခြံမြေကို လက်ငင်းငွေချေ ဝယ်နိုင်မှာ မဟုတ်ဘူးလို့လည်း ထင်ခဲ့မိတယ်။ စိတ်မဆိုးပါနဲ့နော် ဆရာမ"

မောင်စိမ်းမောင်က စကားဖြတ်ပြီး တောင်းပန်သောအခါ–

"မဆိုးပါဘူးရှင်၊ ရှင့်စိတ်ထဲက ထင်နေတာ ကျွန်မမှာ ထိခိုက်တာမှ မဟုတ်ဘဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မခင်ရွှေက ပြန်ပြောသည်။ မောင်စိမ်းမောင်က ဆက်ပြောသ

''ကျွန်တော့်ကို ထိန်းကျောင်းလာခဲ့တဲ့ ဒေါ်ဒေါ်ကြီးက ရွာထဲက ပြန်လာတော့ ဒီခြံမြေကိစ္စကို သူ ကြားခဲ့တဲ့အတိုင်း ပြန်ပြောပြတယ်။ အဲဒီ တော့မှ ဆရာမ စေတနာဟာ ဘယ်လို ရည်ရွယ်ချက် ရှိနေတယ်၊ ဆရာမကို တစ်ရွာလုံးက ဘယ်လောက် မေတ္တာထားနေကြတယ်၊ မွန်မြတ်တဲ့ ဆရာမ စေတနာကို တစ်ရွာလုံးက နားလည်ပြီး ဆရာမဘက်က ရပ်တည်ကြတာတွေ၊ ဒီရွာဟာ အမျိုးကို စောင့်ရှောက်တဲ့ အစဉ်အလာ ဘယ်လောက်ကြီးတယ် ဆိုတာတွေကို ဒေါ်ဒေါ်ကြီး ပြန်ပြောတာကို ကြားရတော့ ကျွန်တော် ကိုယ့် ကိုယ်ကိုယ် ရှက်လာတယ်။ ပဂ္ဂိုလ်ဖြစ်တဲ့ ဆရာမကတောင် ရွာအပေါ်မှာ ဒါလောက် စေတနာထား အနစ်နာခံနိုင်သေးတာ၊ ဇာတိဖြစ်တဲ့ ငါက စေတနာ ယုတ်နေရင် ငါဟာ ဇမာတိုင်းရင်းသား ဆိုတဲ့ နာမည်ကို ခံယူဖို့ မထိုက်တော့ ပါလားလို့ တွေးမိလာတယ်။ နောက်ပြီး ကိုယ့်တိုင်းရင်းသူ၊ ကိုယ့်ရွာသူတွေကို အမျိုးမပျက်အောင် စောင့်ရှောက်ဖို့ တာဝန်တွေကို မိန်းမသားဖြစ်တဲ့ ဆရာမ ကတောင် စိုးရိမ်ပူပန်မှုရှိပြီး တတ်နိုင်သလောက် တာဝန်ယူနိုင်သေးတာ၊ ငါ ယောက်ျားရင့်မာကြီးတစ်ယောက်လုံးက ဘာကြောင့် လူမျိုးခြားကို အားပေးရ မလဲလို့ တွေးရင်း တွေးရင်း ရှက်တဲ့စိတ်ရော၊ ကိုယ့်အမျိုးကို ခင်တွယ်တဲ့စိတ် ရော တစိမ့်စိမ့် ပေါ်ထွက်လာပါတယ် ဆရာမ၊ ဒါကြောင့် ဒီခြံမြေကြီးကို ဘယ်သူ့လက်ကိုမှ မရောင်းတော့ဘဲ ဘိုးဘွားအမွေအနှစ်ကို ဆက်ခံပြီး ကိုယ်တိုင် ပဲ စိုက်ပျိုး လုပ်ကိုင်ပါတော့မယ်လို့ စိတ်ကို နိုင်နိုင်မာမာပဲ ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပါတယ်''

စိတ်ထား လုံးလုံးပြောင်းသွားသော မောင်စိမ်းမောင်၏ စကားတွေ ကို ကြားရသောအခါ မခင်ရွှေသည် ဝမ်းသာလွန်းသော စိတ်ကြောင့် စကားပင် ရတ်တရက် ပြန်မပြောနိုင်ဘဲ မောင်စိမ်းမောင်မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။ မောင်စိမ်းမောင်ကလည်း သူ့စကားဆုံးသောအခါ မခင်ရွှေ မျက်နှာကို ပြန်စိုက်ကြည့်ပြီး-

''ကျွန်တော့် စိုက်ပျိုးရေးလုပ်ငန်းမှာ ဆရာမ တတ်နိုင်သလောက် ကူညီပါဦးနော်''

ဟု ပြောသောအခါ မခင်ရွှေသည် ဝမ်းသာလွန်းသည့် စိတ်ဖြင့် မောင်စိမ်းမောင် စိုက်ကြည့်နေသည့် မျက်လုံးများကို လွှဲဖယ်လိုက်ပြီး-



''ကြားရတာ ဝမ်းသာလိုက်တာ ကိုစိမ်းမောင်၊ ကျွန်မ ချီးကျူးပါ တယ်၊ အားပေးပါတယ်၊ တတ်နိုင်သလောက် အကူအညီပေးပါ့မယ် ဆိုတာ လည်း ကတိပြုပါတယ်။ ကဲ... ကိုစိမ်းမောင်လည်း စီစဉ်စရာရှိတာလေးတွေ စီစဉ်ဦး၊ အခုချက်ချင်း အချိန်ကာလမှာ ကိုစိမ်းမောင်အဖို့ ဟော်ဒါတော့ လိုအပ် နေပြီ၊ ခြံလုပ်ငန်းအတွက် သုံးရမယ် ဟုတ်လား၊ ဒါ ကျွန်မရဲ့ ပထမဦးဆုံး ကူညီမှုဖြစ်လို့ လက်ခံပါ ကိုစိမ်းမောင်..''

ဟု ပြောကာ ငွေသုံးရာကို မောင်စိမ်းမောင်ရှေ့မှာ ချထားခဲ့ပြီး မခင်ရွှေသည် ထိုင်ရာမှ ထလိုက်သည်။

''ကျွန်မ ပြန်ပါဦးမယ်''

ဟု နှုတ်ဆက်ကာ ထွက်လာခဲ့သည်။

မောင်စိမ်းမောင်သည် မခင်ရွှေ ကူညီသွားသည့် ငွေကို ယူရမှာ အားနာ နေသော်လည်း သူ့အနေဖြင့် မခင်ရွှေပြောသလို လောလောဆယ်မှာ လိုအပ်နေပြီ ဖြစ်သောကြောင့် -

''အေးလေ၊ ငါ့ခြံမြေကြီးက ပဒေသာပင် သီးလာတော့ သူ့ငွေကို ပြန်ဆပ်လိုက်တာပေါ့''

ဟူသော အတွေးဖြင့် ငွေကို သိမ်းထားလိုက်သည်။

■

မခင်ရွှေ ပြုစုပျိုးထောင်ထားပြီးဖြစ်သော ဥယျာဉ်ကြီးသည် အတော် အသင့် စိမ်းစိုနေသည့်အပြင် စမ်းတွင်းက ရေပြန်ထွက်စ ပြုနေသည်ကြောင့် မောင်စိမ်းမောင်အဖို့ မြေခြောက် မြေညှံကြီးအဖြစ် မရောက်တော့ဘဲ ပြန်လည် ပြုစုပျိုးထောင်ရာမှာ တော်တော်ပင် လွယ်ကူမှု ဖြစ်ရသည်။

မခင်ရွှေ ကူညီသွားသော ငွေဖြင့် ဥယျာဉ်ကြီးထဲမှာ နေသာရုံ၊ နေဖြစ်ရုံ တဲငယ်တစ်လုံး ဆောက်ကာ မောင်စိမ်းမောင်က ပြောင်းရွှေ့နေထိုင် သည်။ မြို့ပေါ်မှာ ပေါ်ကြော့နေလာခဲ့သူ ဖြစ်သော မောင်စိမ်းမောင်အဖို့ နဖူးတွေ၊ ဒူးတွေ့ ခြံအလုပ်ကို လုပ်ရသောအခါ အသက်ရှူမှားအောင်ပင် မောပန်း ခြင်း၊ ပင်ပန်းခြင်း ဖြစ်ရသည်။ သို့သော် မောင်စိမ်းမောင်အဖို့ သူ့အထိန်းတော် ကြီး အကူအညီကို အများကြီး ရနေသည်။ မောင်စိမ်းမောင်ကို ယုယပိုက်ထွေး

www.burmeseclassic.com

www.burmeseclassic.com



ထိန်းကျောင်းလာခဲ့သော အထိန်းတော်ကြီးသည် ယခုလို မောင်စိမ်းမောင်က မွေးဇာတိရပ်မြေမှာ ပြန်လည်ဦးခေါင်းချတော့မည်ကို များစွာ ဝမ်းမြောက်လှသဖြင့် သူတို့ မိသားစုသည် မောင်စိမ်းမောင်၏ ခြံအလုပ်ကို အတတ်နိုင်ဆုံး ကူညီလုပ်ကိုင်ပေးခဲ့ကြသည်။

မခင်ရွှေကား ကျောင်းအားသည့် နေ့တွေမှာ တပည့်လေးများကို အဖော်ခေါ်ပြီး ဥယျာဉ်ကြီးထဲကို သွားသည်။ သီးပင်စားပင် စိုက်ပျိုးရာမှာ ကူညီလုပ်ကိုင်ပေးသည်။ မောင်စိမ်းမောင် ငွေလိုနေသည့် လက္ခဏာကို တွေ့ရလျှင် အလိုက်သိစွာ ထုတ်ပေးခဲ့သည်။ လခထုတ်ရန် မြို့ကို သွားသည့်အခါ ဖြစ်စေ၊ ကျောင်းကိစ္စနှင့် ပတ်သက်ပြီး မြို့ပေါ်ကို သွားသည့်အခါ ဖြစ်စေ မောင်စိမ်းမောင်အဖို့ အသုံးဝင်မည် ဖြစ်သော စိုက်ပျိုးရေးပညာပေး စာအုပ်များ၊ သစ်ပင်စိုက်ရာမှာ အသုံးလိုသည့် ပစ္စည်းကိရိယာများ၊ သင့်လျော်ရာ မြေဩဇာများကို ဝယ်ယူလာပြီး မောင်စိမ်းမောင်ကို ပေးသည်။

နှစ်ရှည်လများ ကင်းကွာနေခဲ့သော ကိုယ့်ရွာသားတစ်ယောက်သည် မွေးဇာတိရပ်မြေကို ခင်တွယ်သောစိတ် ပေါ်လာပြီး စိမ်းစိုသာယာသည့် ဥယျာဉ်ခြံမြေ လုပ်ကိုင်ခြင်းဖြင့် ဇာတိရပ်မြေမှာ စွဲစွဲမြဲမြဲ နေတော့မည်ကို ဝမ်းသာသော ရေပြာအိုင် ရွာသူရွာသားတွေသည် မောင်စိမ်းမောင်ကို တတ်နိုင်သမျှ ဝိုင်းကူညီကြသည်ဖြစ်ရာ မောင်စိမ်းမောင်သည် မိသားစုစိတ်ဓာတ် ရှိသည့် ရေပြာအိုင် ရွာသူရွာသားတွေကို လှိုက်လှိုက်လှဲလှဲ ခင်တွယ်လာခဲ့သည်။

"ကိုယ့်ဇာတိရပ်မြေ၊ ကိုယ့်တိုင်းရင်းသား၊ ကိုယ့်လူမျိုးကို ခင်တွယ်တဲ့ အစဉ်အလာကြီးမားခဲ့တဲ့ ဒီရေပြာအိုင်ရွာကို စောင့်ရှောက်ဖို့ ဆရာမ ပြောခဲ့တဲ့ စကားတွေကို အခု ကြာလေလေ သဘောပေါက်လေလေ၊ ဇာတိစိတ် ထက်သန်လေလေ ဖြစ်လို့ ဆရာမကို အထူးပဲ ကျေးဇူးတင်ပါတယ်"

ဟူသော စကားတွေကို မောင်စိမ်းမောင်က သူ့ခြံကို မခင်ရွှေ ရောက်လာတိုင်း ပြောခဲ့မိသည်။

မခင်ရွှေ၏ စိတ်နေစိတ်ထား၊ အရည်အချင်း၊ ရေပြာအိုင်ရွာအပေါ်မှာ ထားသည့် စေတနာနှင့် သံယောဇဉ်ကို မောင်စိမ်းမောင်သည် စဉ်းစားမိလေ ချီးကျူးမိလေ ဖြစ်ရသည်။ သူ့အပေါ်မှာ ဆက်ဆံပုံ၊ ကူညီပုံတွေကို တစိမ့်စိမ့် တွေးလေ ကြည်နူးမိလေ ဖြစ်နေသည်။ လေးစားကြည်ညိုသော စိတ်ဖြင့် ကြည်နူးမိရာက မောင်စိမ်းမောင်သည် မခင်ရွှေအပေါ်မှာ ချစ်မြတ်နိုးသော မေတ္တာစိတ် ဖြစ်ပေါ်လာခဲ့သည်။



'ဆရာမကသာ ငါ့အချစ်ကို လက်ခံမယ်ဆိုရင် သူက ကျောင်းဆရာမ အလုပ်ကို လုပ်မြဲတိုင်း လုပ်၊ ငါကလည်း ဥယျာဉ်အလုပ်ကို လုပ်မြဲတိုင်း လုပ်၊ ငါ့ဘိုးဘွားတွေလို ငွေကြေးစုဆောင်းမိပြီး ချမ်းသာလာတဲ့အခါ တို့နှစ်ယောက် ရေပြာအိုင်ရွာမှာ ကျောင်းဆောက်၊ ဘုရားတည်၊ စီးပွားဖက်၊ ကုသိုလ်ပြုဖက် အဖြစ်နဲ့ နေရရင် ဘယ်လောက်များ စိတ်ချမ်းသာမှု ရမလဲ မသိဘူးနော်'

မောင်စိမ်းမောင်သည် တစ်ယောက်တည်း စိတ်ကူးယဉ်နေမိသည်။

သို့နှင့်ပင် အားစိုက်ခွန်စိုက် လုပ်ကိုင်လာခဲ့သော ဥယျာဉ်ကြီးသည် မောင်စိမ်းမောင် ရောက်ပြီး သုံးနှစ်ကြာမှာပင် မခင်ရွှေ စိုက်ပျိုးထားနှင့်သော ပိန္နဲ၊ သရက် စသော သီးပင်ကြီးတွေက ပင်ပျိုတွေ သတ္တိကို ပြကာ လှိုင်လှိုင်ကြီး သီးနေကြပြီ ဖြစ်သည်။ မခင်ရွှေ စိုက်ပျိုးထားခဲ့သော ငှက်ပျောပင်များကား ငွေပေါ်နေခဲ့သည်မှာ ကြာခဲ့ပေပြီ။ ထိုအချိန်မှာ မောင်စိမ်းမောင်သည် မခင်ရွှေ ကူညီထားခဲ့သည့် ငွေကို ပြန်လည် ပေးဆပ်နိုင်လေပြီ။

"ဆရာမ ကူညီထားခဲ့တဲ့ ကျေးဇူးကို တစ်သက်မှာ မေ့နိုင်စရာ မရှိပါဘူး၊ ဇာတိစိတ်ပျောက်နေတဲ့ ကျွန်တော့်ကို အမြင်မှန်ရအောင် ပြုပြင်ပေးခဲ့တဲ့ ကျေးဇူးက ပိုပြီး ကြီးပါတယ်"

မောင်စိမ်းမောင်က ပြောပြီး ငွေကို စက္ကူအိတ်လေးတစ်ခုထဲမှာ လုံခြုံစွာ ထည့်ပြီး မခင်ရွှေရှေ့မှာ လေးလေးစားစား ချပေးသည်။ မောင်စိမ်းမောင်က ငွေကို ပြန်လည် ပေးဆပ်ပါသည်ဟု နှုတ်က မပြောသော်လည်း ပေးသော စက္ကူအိတ်လေးထဲမှာ ငွေဖြစ်ကြောင်း မခင်ရွှေက သိသည်။ ထိုငွေကို မခင်ရွှေ ပေးခဲ့စဉ်က ပြန်ရကောင်းစေဟု သဘောမထားခဲ့ပေ။ ရေပြာအိုင် ရွာသူရွာသားတွေနှင့် ရေပြာအိုင်ရွာကို ခင်မင်ကြည်ညိုသောစိတ်၊ ရေပြာအိုင်ရွာ၏ ကျေးဇူးတရားကို သိသောစိတ်၊ အမျိုးဇာတိစိတ် ခိုင်မာစွာဖြင့် လူမျိုးခြား ရောနှောခြင်းကို ကင်းအောင် သန့်ရှင်းစွာ နေလာခဲ့ကြသော ရေပြာအိုင်ရွာကို အစဉ်အလာ မပျက်စေလိုသော စေတနာ၊ ပြည်ထောင်စု တိုင်းရင်းသူတစ်ယောက်အနေဖြင့် ကိုယ့်တိုင်းရင်းသူတွေကို တတ်နိုင်သည့်ဘက်က ကာကွယ်လိုသည့် မျိုးချစ်စိတ်ဖြင့် ထုတ်ပေးကူညီခဲ့ခြင်း ဖြစ်သည်။

သို့သော် ယခု ထိုငွေကို မောင်စိမ်းမောင်က ပြန်လည် ပေးဆပ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မခင်ရွှေသည် ငွေကို ချက်ချင်း မယူသေးဘဲ စဉ်းစားလိုက်သည်။

ပြန်ယူလိုက်လျှင် ကူညီခဲ့သည့် စေတနာ အလကား ဖြစ်နေလေမည်လား၊ မယူဘဲနေလိုက်လျှင် မောင်စိမ်းမောင်ကလည်း လူပျို၊ သူကလည်းအပျို သူ့စေတနာကို တစ်မျိုးထင်ပြီး အထင်မှား၊ အမြင်မှား ဖြစ်လေမည်လား။

မခင်ရွှေသည် အတန်ကြာ စဉ်းစားနေပြီးမှ-

"ကိုစိမ်းမောင် ဒီခြံမြေကြီး လူမျိုးခြားလက်ထဲ ရောက်မှာစိုးကြောင်း ကျွန်မ ပြောခဲ့တဲ့ စကားတွေကို မှတ်မိမယ် ထင်ပါတယ်"

ဟု မေးလိုက်သည်။

"မှတ်မိပါတယ် ဆရာမ"

မောင်စိမ်းမောင်က ဖြေသည်။

"ဟုတ်ကဲ့၊ အဲဒါကြောင့် ကျွန်မ ကူညီခဲ့ခြင်း ဖြစ်ပါတယ်။ အခု ဒီငွေတွေကို ကျွန်မ မသုံးလိုပါဘူး၊ ကျွန်မ ကျေးဇူးရှင် ရေပြာအိုင်ရွာ ကောင်းကျိုး ဖြစ်ထွန်းမယ့် နေရာမှာသာ သုံးလိုတာကြောင့် ဒီငွေကို မတည်ပြီး ရေပြာအိုင်ရွာမှာ ဆေးပေးခန်းလေး ဖွင့်ရရင် ကောင်းမယ် ထင်ပါတယ် ကိုစိမ်းမောင်"

"ဆေးပေးခန်း ဟုတ်လား၊ မြို့ပေါ်က ဆေးမှူးကို ဒီရွာခေါ်လို့ ရပါ့မလား ဆရာမ"

မောင်စိမ်းမောင်က အံ့သြဟန်ဖြင့် မေးသည်။

"ကျွန်မ ပြောပြပါ့မယ်လေ၊ မြို့ပေါ်က ဆေးမှူးကို ဒီရွာ ခေါ်ဖို့ဆိုတာ ကျွန်မတို့မှာ အခွင့်အရေးအာဏာ ဘာမှ မရှိပါဘူး၊ ဆေးခန်းတစ်ခု လုပ်ပေးဖို့ သက်ဆိုင်ရာတွေထံမှာ ခွင့်တောင်းရင်လည်း အချိန်ကြာဦးမယ်ဆိုတာ စဉ်းစားမိပါတယ်။ အခု ဒီရွာမှာ မြန်မာဆေးဆရာကြီးတစ်ဦး ရှိနေပါတယ်၊ မြန်မာ့ရိုးရာဆေးနဲ့ မြန်မာ့ကုထုံး ကုနည်းအတိုင်း ကုသနေတာ သဘာဝလည်း ကျပါတယ်၊ ဆေးလည်း စွမ်းပါတယ်၊ ဆေးဆရာကြီးအနေနဲ့လည်း နားလည်ကျွမ်းကျင်ပြီး အတွေ့အကြုံ များနေတဲ့အတွက် သူကုတဲ့ လူနာတွေဟာ ကျွန်မ ဒီရွာရောက်မှ သိရသလောက်ဆိုရင် ကံကုန်နေ့စေ့က လွဲပြီး အဖိတ်အစဉ် မရှိသလောက်ပါပဲ။ ဒါပေမဲ့ ဆရာကြီးမှာ ဆေးဝါးဖော်စပ်ဖို့ ပစ္စည်းက တစ်နှစ်ထက် တစ်နှစ် အခက်အခဲ ဖြစ်နေတာ ကျွန်မ အကဲခတ်မိတယ်"

မခင်ရွှေ စကားမဆုံးမီ-



"သြော်- ဆရာကြီးကို ဆေးဝါးပစ္စည်း ကျွန်တော်တို့က ဝယ်လှူဖို့ဆိုပါတော့"

ဟု မောင်စိမ်းမောင်က ထောက်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒီငွေကို အရင်းတည်ပြီး ကိုစိမ်းမောင်နဲ့ ကျွန်မက တတ်နိုင်သလောက် ဆေးဝါးပစ္စည်း ဝယ်လှူကြရအောင်၊ ဆေးဖော်စပ်ရာမှာလည်း ဆရာကြီးက ခွင့်ပြုရင် ကျွန်မတို့ ဝိုင်းကူကြတာပေါ့"

"ဒီအစီအစဉ် ကောင်းတယ် ဆရာမ"

"ဆေးပေးခန်းလေး ဆိုပေမယ့် ဆရာကြီးအနေနဲ့က အသက်မွေးဝမ်းကျောင်းဖြစ်လို့ စေတနာ့ဝန်ထမ်း ကုသပါလို့ တောင်းပန်ဖို့ မသင့်ဘူးလေ၊ ဆရာကြီး စေတနာအလျောက် အခကြေးငွေ ယူချင်လည်း ယူ၊ မယူချင်လည်း နေ၊ ကျွန်မတို့အနေနဲ့ ဆေးဝါးဖော်စပ်ဖို့ ပစ္စည်း ပြည့်စုံလုံလောက်အောင် ကုသိုလ်ဖြစ် တတ်နိုင်သမျှ ဝယ်လှူမယ်၊ ဆရာကြီးအိမ်မှာပဲ လူနာပင့်၊ လူနာပြတွေ သက်သောင့်သက်သာ နားနိုင်ထိုင်နိုင်အောင် သီးသန့်နေရာလေး ပြုပြင်ပေးမယ်ဆိုရင် ဆေးပေးခန်းလေးလည်း ဖြစ်၊ လူနာကြည့်ခန်းလေးလည်း ဖြစ်သွားတာပေါ့၊ ဆရာကြီးကတော့ ငြင်းမယ် မထင်ပါဘူး"

မခင်ရွှေစကားကို မောင်စိမ်းမောင်က ခြွင်းချက်မရှိ ထောက်ခံသဘောတူသည်။

"ဆရာမ အစီအစဉ် သိပ်ကောင်းပါတယ်၊ အစိုးရ ပို့ပေးမယ့် ဆေးမှူးတွေ၊ ကျန်းမာရေးမှူးတွေ မရခင်မှာ ကိုယ့်ရွာကိုယ်ထူထောင်တဲ့ စနစ်လည်း ဖြစ်သွားတာပေါ့၊ လိုအပ်တဲ့ ဆေးဝါးပစ္စည်း ဝယ်ဖို့ ဆိုတာတော့ ဆရာမကြံလည်း ဆရာမ၊ ကျွန်တော် ကြံလည်း ကျွန်တော် အဆင်သင့်ရာ လှူကဝယ်ကြတာပေါ့"

မောင်စိမ်းမောင်က ရဲရဲ ပြောသည်။ ပြောနိုင်သည့် အခြေကို ရောက်နေပြီ ဖြစ်သည်။ ခြံမြေကြီးကို ကြိုးကြိုးစားစား လုပ်လာခဲ့သော မောင်စိမ်းမောင်သည် အစပထမတွင် ရွာထဲက လှည်းနွားကို ငှားပြီး သူ့ခြံထွက်ပစ္စည်းများကို တင်ကာ ရွာနှင့် နှစ်မိုင်ကျော်ကျော်ဝေးသည့် မော်တော်ကားလမ်း အရောက် ဆောင်ယူလာရသည်။ မော်တော်ကားလမ်း ရောက်သောအခါ လှည်းဝေါ်ခါလာသည့် ပစ္စည်းတွေကို အငှားမော်တော်ကား စောင့်တင်ပြီး မြို့သို့ ယူသွားသည်။ သွားရေး၊ လာရေး၊ သယ်ယူရေးမှာ ပြောလောက်အောင် အခက်အခဲ

www.burmeseclassic.com

www.burmeseclassic.com



မရှိသောကြောင့် မောင်စိမ်းမောင်၏ လုပ်ငန်းသည် အဆင်ပြေပြီး တဖြည်းဖြည်း အကျိုးရှိ ကြီးပွားလာသည်ဖြစ်ရာ ယခုအချိန်တွင် မောင်စိမ်းမောင်သည် နွားပိုင်၊ လှည်းပိုင်ဖြင့် နေနိုင်လာပြီ ဖြစ်သည်။ သူ့အထိန်းတော်ကြီး ဖနီးမောင်နှ နှင့် သမီးအပျိုကြီးတို့က နောက်ပိုင်း စိတ်ချရသည်ဖြစ်သောကြောင့် မောင်စိမ်းမောင် သည် သူ့လုပ်ငန်း ကြီးပွားလာလေလေ အလုပ်မှာ စိတ်ဝင်စား ကြိုးစားမှု ရှိလာလေလေ၊ မခင်ရွှေကို ကျေးဇူးတင်ရာမှ မြတ်နိုး ချစ်ခင်လေလေ ဖြစ်သည်။

ရေပြာအိုင်ရွာနှင့် မော်တော်ကားလမ်းသည် နှစ်မိုင်ကျော်ကျော် ဝေး နေသော်လည်း လမ်းသည် ရွှံ့ဗွက်ထူသော လမ်းမျိုး မဟုတ်သောကြောင့် မောင်စိမ်းမောင် အနေဖြင့် တတ်စွမ်းနိုင်သော အချိန်မှာ သူ့လုပ်ငန်းအတွက် ကိုယ်ပိုင်သုံးရန် အကြမ်းခံ မော်တော်ကား အမာစားမျိုး တစ်ပတ်ရစ် တစ်စင်း လောက် ဖြစ်အောင် ဝယ်မည်ဟူသော ရည်မှန်းချက်ကြီး ရှိနေသည်။

မောင်စိမ်းမောင်နှင့် မခင်ရွှေတို့ စီစဉ်သော ကျန်းမာရေး ဆေးပေး ဆေးကုခန်းကိစ္စသည်လည်း တစ်ရွာလုံးက ကျေးဇူးတင် ဝမ်းသာစွာ တိုက်တွန်း အားပေးကြသည်ကြောင့် မကြာမီ အကောင်အထည်ပေါ်လာခဲ့သည်။

ရွာသူရွာသားတွေ အနေဖြင့် အနေအထိုင် စည်းကမ်းရှိပြီး သန့်ရှင်း သည်ကြောင့် ရောဂါဝေဒနာ နည်းပါးခဲ့သည့် အစဉ်အလာကလည်း ရှိနေသည်။ သက်ရွယ်ကြီးရင့်ပြီး ဗမာ သမားရိုးကျ ဆေးကုထုံးမှာ ကျွမ်းကျင်သော ဆရာကြီး ကလည်း စေတနာအပြည့်ဖြင့် ကုသပေးခဲ့သော ဆေးချက်ကလည်း ထိရောက် သည်။ ဤရှိရင်းစွဲအခြေအနေမှာ မခင်ရွှေနှင့် မောင်စိမ်းမောင်တို့က စစ်မှန်သော ဆေးဝါးပစ္စည်း၊ ကုန်ကြမ်းကို ရအောင် ကြိုးစားဝယ်ပြီး ပေးလှူကြသောအခါ ဆရာကြီးသည် စိတ်အားထက်သန်စွာဖြင့် ဆေးကုသရေးသာ မဟုတ် ဗမာ ဆေးပညာ မတိမ်ကောရလေအောင် ရွာထဲက ဝါသနာပါသော လူငယ်များကို ဆေးသင်တန်း ပို့ချပေးလေသည်။

ရေပြာအိုင် တစ်ရွာလုံးကား စေတနာကောင်းသော ဆရာမလေး မခင်ရွှေကို ချစ်ခင်ရင်းစွဲမှာ တိုးပြီး ခင်မင်အားကိုးလာကြသည်။

"ဆရာမလေးရေ၊ ဒီရွာက မပြောင်းသွားပါနဲ့နော်"

"ရွာကိုတော့ ပစ်မသွားပါနဲ့ ဆရာမလေးရယ်"

ဟူသော စကားတွေကို နေ့စဉ်နှင့်အမျှ ကြားရာလူက မခင်ရွှေကို ပန်ကြားနေကြသည်။



မခင်ရွှေကို ရွာက ခင်တွယ်ပြီး မပြောင်းရွှေ့စေချင်သည့် စေတနာ ထက် အဆရာထောင်မက ခင်တွယ်စွဲလမ်းနေသူကား မောင်စိမ်းမောင်ပင် ဖြစ် သည်။ မောင်စိမ်းမောင်သည် အခါအခွင့် ကြုံသည့်အခါမှာ မခင်ရွှေကို သူ့ အချစ်မေတ္တာ ဖွင့်ဟပြီး ဘဝကြင်ဖော်အဖြစ် လက်တွဲပါရစေဟု ပန်ကြားရန် အခွင့်ကောင်းကို အမြဲ စောင့်နေခဲ့သည်။

မောင်စိမ်းမောင်နှင့်တကွ ရေပြာအိုင်တစ်ရွာလုံးက မခင်ရွှေကို ရေပြာအိုင်မှာ စွဲမြဲစွာ နေစေလိုသည့် စေတနာ ရှိကြသည်ဆိုသော်လည်း သူတို့ အားလုံးနှင့် ဆန့်ကျင်ပြီး မခင်ရွှေကို ကြီးမားသော မုန်းတီးရွံရှာခြင်းဖြင့် ရေပြာအိုင်မှ ချက်ချင်း ထွက်သွားစေလိုသော သူတစ်ယောက် ရှိနေသည်ဟု ဆိုလျှင် အံ့သြစရာပင် ဖြစ်နေမည်လား မပြောတတ်ပေ။ ရှိနေသည်က အမှန် ဝင် ဖြစ်သည်။

ထိုသူကား မခင်ရွှေနှင့် သက်တူရွယ်တူလောက် ရှိသော ရေပြာအိုင် ရွာရှိ ကြေးရတတ်သမီး၊ မျက်နှာကြီး အပျိုချော ကြင်ကြင် ဆိုသူ ဖြစ်သည်။

ကြင်ကြင်၏ မိဘတွေကား ရေပြာအိုင်ရွာ ဇာတိချက်မြှုပ်တွေ ဖြစ်သည့်အပြင် ဘိုးစဉ်ဘောင်ဆက် ရေပြာအိုင်ရွာ စတင် တည်ထောင်သည့် အချိန်မှစပြီး နေထိုင်လာသူတွေ ဖြစ်သည်။ ရေပြာအိုင်ရွာကို သစ္စာရှိလာသူ တွေ ဖြစ်သည်။ ဆွေမျိုးအင်အားကလည်း ကြီးမားသည်။ ပစ္စည်းကလည်း ပြည့်စုံသည်။ ရုပ်ရေး၊ ရွာရေးမှာလည်း ရှေ့ဆောင်ရှေ့ရွက်များ ဖြစ်သည်။ ထိုအစဉ်အလာအတိုင်း နေထိုင်လာခဲ့ကြသော မိဘတွေက မွေးလာသည့် ကြင်ကြင် သည် မိဘဆွေမျိုးဂုဏ်၊ ပစ္စည်းဂုဏ်ဟူ၍ ရေပြာအိုင်ရွာအနေဖြင့် ဆိုစရာ မရှိအောင် ပြည့်စုံပြီးဖြစ်ရာတွင် ကြင်ကြင်၏ ရုပ်ရည်ကလည်း တောမှာ ပွင့်သော အဖိုးတန်ပန်းလို ဖြူစင်ချောမောသည်။ ထို့ကြောင့် ရေပြာအိုင်၏ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် ရွာမျက်နှာဖုံး အပျိုချောအဖြစ် တစ်ရွာလုံး က ဂုဏ်ယူခြင်း ခံရသော ကြင်ကြင် ဖြစ်သည်။

ထိုကြင်ကြင်သည် အဘက်ဘက်က ပြည့်စုံသော သူ့ဂုဏ်ဖြင့် မိန်းမ ပီသစွာ တည်တည်ငြိမ်ငြိမ် နေထိုင်လာခဲ့ရာမှ မောင်စိမ်းမောင်ကို တစ်ဖက် သတ် ချစ်ခင်စွဲလမ်းလာခဲ့သည်။ ခေတ်ပညာ အသင့်အတင့် တတ်မြောက် လာခဲ့ပြီး မြို့ပေါ် အနေကြာလာခဲ့သည်ကြောင့် အနေအထိုင်၊ အပြောအဆို ဝတ်စားဆင်ယင်ပုံမှစပြီး ရွာမှာ ရှိရင်းစွဲ ကာလသား လူလင်ပျိုတွေထက်

www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေခြင်း၊ သိမ်မွေ့ခြင်းတို့အပြင် မောင်စိမ်းမောင်၏ ရုပ်ရည်မှာ ယောကျ်ား ချော ချောသူတစ်ယောက်ဟု မဆိုနိုင်လင့်ကစား အချိုးအဆစ်ကျပြီး ကြည့်ကောင်းသော ရုပ်ရည်၊ ဖြူစင်သော အသားဖြင့် အဆင်ပြေအောင် ဝတ်တတ်ဆင်တတ်သည်ကပင် ကြင်ကြင်၏ မျက်လုံးထဲမှာ မောင်စိမ်းမောင်ကို ကြည့်မငြီးအောင် ဖြစ်နေသည်။

မောင်စိမ်းမောင်သည် ရွာမှာ ပြန်လည်နေထိုင်သူ ဖြစ်သည့်အလျောက် တစ်ရွာလုံးက လူကြီး၊ လူငယ်မရွေး အားလုံးကို ခင်မင်ရင်းနှီးစွာ ခေါ်ပြောဆက်ဆံသောကြောင့် ပြန်ရောက်လာသော ကိုယ့်ရွာသားကို တစ်ရွာလုံးကလည်း ချစ်ခင်ကြသည်။

မောင်စိမ်းမောင်မှာ ဘိုးဘွားမိဘတွေ မရှိတော့စေကာမူ ဘိုးစမ်းမြိုင်တို့ အမျိုးအဆက်အနွယ်က ကြီးလှသောကြောင့် ကြာမြင့်စွာ အဆက်ပြတ်နေခဲ့သော်လည်း သွေးမကင်းသော အမျိုးအင်အားကောင်းသူဟုပင် ဆိုရပေမည်။

သွေးမျိုးအင်အားကောင်း၍ မိဘ မရှိတော့သော မောင်စိမ်းမောင်နှင့် သွေးမျိုးအင်အားကြီးပြီး တစ်ဦးတည်းသော သမီးဖြစ်သူ ရွာမျက်နှာဖုံး ကျက်သရေဆောင် အပျိုချော ကြင်ကြင်တို့ နှစ်ယောက်ကား ရေ့သွားနောက်လိုက်ညီသောသူများ ဖြစ်သည်ဟုပင် ရင်းရင်းနှီးနှီး လူတွေက မှတ်ချက်ချနေကြပြီ ဖြစ်သည်။ ထိုသို့ ထင်မြင်ယူဆနေကြသူများကား မောင်စိမ်းမောင်၏ အတွင်းစိတ်ကို မရိပ်မိကြ၍သာ ဖြစ်သည်။

ပညာအရည်အချင်း၊ အမြော်အမြင်၊ လုပ်ရည်ကိုင်ရည်က လွဲလျှင် ရုပ်ရည်၊ ပစ္စည်း၊ သွေးမျိုး အားလုံး ပြည့်စုံသာလွန်သော ကြင်ကြင်ကို မောင်စိမ်းမောင်က တစ်ရွာတည်းသူ ရုပ်သွေးရုပ်မျိုး နှမသားချင်းလောက်သာ စိတ်ထဲမှာ ထားမိသည်။ မြတ်နိုးစရာကောင်းသော၊ စေတနာဖြူစင်သော ကျောင်းဆရာမလေး မခင်ရွှေကိုသာ မောင်စိမ်းမောင်စိတ်ထဲမှာ တစ်မိုးအောက် တစ်ယောက်ထင်နေသည်။

ကြင်ကြင်နှင့် မောင်စိမ်းမောင်ကို ရင်းရင်းနှီးနှီး လူတွေကသာ မဟုတ်ဘဲ နှစ်ဖက်လုံး အမျိုးအသွေတွေက လက်ဆက်စေလိုသော ဆန္ဒကို ထင်ထင်ရှားရှား ဖော်ပြကြသည်။ ထိုဆန္ဒ ဖြစ်မြောက်အောင်၊ မောင်စိမ်းမောင်နှင့် ကြင်ကြင်ကို နီးစပ်မှုရှိသွားအောင် သွေးမျိုးတွေက သူတို့အိမ်တွေမှာ



အကြောင်းတစ်ခုခု ရှာပြီး နှစ်ယောက်လုံးကို ဖိတ်ကြားကျွေးမွေးတတ်သည်။ အစားအသောက်ကို တစ်ဝိုင်းတည်း စားစေသည်။

ထိုသို့ စီစဉ်ပေးနေသည်ကို မောင်စိမ်းမောင်အနေဖြင့် မည်သို့မျှ အထွေအထူး မရှိသော်လည်း ကြင်ကြင်အနေဖြင့်ကား နေမြင့်လေ အရှူးရင့်လေဆိုသလို မောင်စိမ်းမောင်နှင့် နီးနီးကပ်ကပ် ပြောဆိုဆက်ဆံ မြင်တွေ့နေရလေလေ တစ်ဖက်သတ် အချစ်သည် ကြီးမားခိုင်မာလာလေလေ ဖြစ်နေသည်။ နှစ်ဖက်အမျိုးတွေနှင့်တကွ ကြင်ကြင်ကိုယ်တိုင်က ဤမျှလောက် မျက်နှာသာပေးပါလျက်နှင့် မောင်စိမ်းမောင်က ကြင်ကြင်နှင့် ပတ်သက်ပြီး လှုပ်ရှားခြင်း မရှိသောအခါ ကြင်ကြင်သည် မောင်စိမ်းမောင်ကို အကဲခတ်သည်။

'အိမ်ထောင်ပြုချင်စိတ် မရှိသေး၍လား၊ ချစ်သူ ရှိနေပြီး ဖြစ်လို့လား'

ကြင်ကြင်သည် သွေးမျိုးအဖော်များနှင့် မောင်စိမ်းမောင်ရှိရာ ဥယျာဉ်ကြီးကို သွားသည့်အခါ တပည့်လေးများနှင့်အတူ ရောက်ပြီး စိုက်ပျိုးရေးမှာ ကူညီလုပ်ကိုင် ပြောဆိုနေသော မခင်ရွှေနှင့် မကြာခဏ ဆုံမိကြသည်။ ထိုသို့ ဆုံမိသည့်အခါ မခင်ရွှေ၏ အမူအရာသည် ပြောစရာ အပြစ်မရှိအောင် တည်ငြိမ်ရိုးသားသော်လည်း မောင်စိမ်းမောင်က မခင်ရွှေကို လေးစားပုံ၊ အရေးထားပုံ၊ ပြောဟန်ဆိုဟန်မှာ ကြင်နာပုံ၊ ကြည့်သည့် မျက်လုံးများတွင် မခင်ရွှေကို မည်မျှ ချစ်ခင်မြတ်နိုးနေပုံတွေကို ထင်ရှားစွာ အကဲခတ်မိလာသည်။

ကြင်ကြင် အကဲခတ်မိနေသည်မှာလည်း ခတ်မိလောက်ပေသည်။

ကြင်ကြင်သည် ကြေးရတတ် လူချမ်းသာသမီး ဖြစ်သည့်အားလျော်စွာ ဝတ်စားဆင်ပြင်ဟန်မှာ စိန်၊ ရွှေ လက်ဝတ်လက်စားသာ မဟုတ်၊ မြို့ပေါ်က အဖိုးထိုက် အဖိုးတန် အဝတ်အထည်ကိုပါ ဆင်မြန်းနိုင်သူပီပီ ချောမောလှပသော သူ့ရုပ်ရည်ကို ရွှေချင်စဖွယ် တင့်တယ်အောင် ဆင်ပြင် ဝတ်စားလာတတ်သည် ဖြစ်ရာ စိမ်းစိုညိုမှိုင်းသော သစ်ပင်များအောက်တွင် လည်းကောင်း၊ ရောင်စုံဖူးပွင့်နေသည့် ပန်းပင်များအလယ်မှာ လည်းကောင်း ကြင်ကြင် ရပ်နေထိုင်နေသည်ကို တွေ့ရလျှင် တောစောင့်နတ်သမီးလေးကို မြင်လိုက်ရသလို ရှုမြင်ရသူ ဘဝင်မှာ ချစ်ခင်စွဲလမ်းစိတ် ပေါ်လာအောင်ပင် ဆွဲဆောင်နိုင်ပါသည်။

သို့သော် ချစ်ခင်စွဲလမ်းစရာကောင်းသော ကြင်ကြင်၏ ရုပ်ရည်ကို မောင်စိမ်းမောင်က မြင်လျက်နှင့် တုန်လှုပ်မှု မဖြစ်၊ မြိမ်းမောင်မှိုင်နှင်း

www.burmeseclassic.com

www.burmeseclassic.com



ချည်ထဘီခပ်တိုတို၊ ထူသော ပိတ်ဖြူအင်္ကျီ လက်စကကို ဝတ်ကာ မျက်နှာကို သနပ်ခါးရေကျဲ လိမ်းထားသည့် ပင်ကိုသဘာဝ ဖြူပြင်မှုကင်းမဲ့သည့် ရုပ်ရည်ဖြင့် သစ်ပင်လေးတွေကို မြေတောင် ကူမြှောက်ပေးနေသော၊ သင့်လျော်သည့် မြေဩဇာကို ထည့်ပေးနေသော၊ စိုက်ပျိုးရေးနှင့် ပတ်သက်သည့် စာအုပ်ကို ကြည့်ကာ အကြံပေးနေတတ်သော မခင်ရွှေကိုသာ မြတ်နိုးခင်မင်စွာ နေရာထား အရေးပေးနေသည်။

သူတို့နှစ်ယောက် ရုပ်ရည်ကို ယှဉ်ကြည့်လိုက်မည်ဆိုလျှင် ကြင်ကြင်၏ ရုပ်ရည်က မှန်သေတ္တာလေးနှင့် တယုတယထည့်ကာ စားပွဲပေါ်တွင် အလှတင်ထားပြီး မထိရက်၊ မကိုင်ရက် ရှုရှုလေးထား အလှကြည့်နေဖို့ ကောင်းသည့် ရုပ်ရည်မျိုး ဖြစ်ပြီး မခင်ရွှေ၏ ရုပ်ရည်က အကြမ်းခံ၊ အတောခံ၊ အရေးအကြောင်း ကြုံလျှင် ဖြစ်သမျှကို သတ္တိရှိရှိ ရင်ဆိုင်မည့် ရုပ်ရည်မျိုး၊ အခက်အခဲတွေ့လာလျှင် အကူအညီပေးနိုင်၊ အကာအကွယ်ပေးနိုင်သည့် ရုပ်ရည်မျိုး ဖြစ်ကြောင်းကို မောင်စိမ်းမောင်က စိတ်တွင်းက နှိုင်းယှဉ်ပြီး ဖြစ်သည်။

လှသော ရုပ်ရည်ထက် မြတ်နိုးစရာ၊ လေးစားစရာ အရည်အချင်းကို တန်ဖိုးထားတတ်နေပြီဖြစ်သော မောင်စိမ်းမောင်သည် ကြင်ကြင်ကို လျှပ်ပြက်သလို တစ်ချက်မျှ ကြည့်လျှင် မခင်ရွှေကို နတ်သက်တမျှ အကြာကြီး ကြည့်နေတတ်သည်ကိုလည်း ကြင်ကြင်က သေသေချာချာ မြင်ရတွေ့ရလေသည်။ ထိုအခါ ကြင်ကြင်သည် မခင်ရွှေအပေါ်မှာ ဝန်တိုသောစိတ်တို့ ကိန်းအောင်းလာခဲ့လေသည်။

ရပ်ရေးရွာရေး သာမှုနာမှုရှိလျှင် တစ်ရွာလုံးသည် တပည့်လေးများနှင့် မကင်းသည်သာ ဖြစ်သောကြောင့် မခင်ရွှေသည် အမြဲလိုလို သွားခြင်း၊ သတင်းမေးခြင်းများ ပြုလုပ်ရသည်။ ထိုသို့ သွားသည့်အခါများမှာ ကြင်ကြင်နှင့် ဆုံမိသည့်အခါလည်း ဆုံမိသည်။ ထိုသို့ ဆုံမိသောအခါများမှာ မခင်ရွှေက ဖော်ရွေသောစိတ်ဖြင့် စတင်နှုတ်ဆက်သော်လည်း ကြင်ကြင်သည် မသိဟန်၊ မမြင်ဟန်၊ မကြားဟန် ဆောင်နေတတ်သည်က များသည်။ တစ်ခါတစ်ရံ ဟန်ဆောင်မဖြစ်အောင် မျက်နှာချင်းဆိုင်နေသည့်အခါမှာ ကြင်ကြင်က သိသိသာသာပင် မျက်နှာလွှဲလိုက်တတ်သည်။

မခင်ရွှေက ခင်မင်ဖော်ရွေသော စိတ်ဖြင့် ကြင်ကြင်ကို ပြုံးပြုံးရယ်ရယ် ကြည့်သည်ကို ကြင်ကြင်၏ စိတ်ထဲမှာ-



"ဟင်း- ကျောင်းဆရာမက၊ ကိုစိမ်းမောင် ခြံထဲမှာလည်း ကိုစိမ်းမောင်က ငါ့ကို ဂရုမစိုက်ဘဲ သူ့ကိုသာ အရေးပေးတယ်ပေါ့လေ၊ ကိုစိမ်းမောင်က ငါ့ဆီကို မလာပေမယ့် သူနေတဲ့ ဘွားရွှေအိမ်တို့ အိမ်ကိုတော့ အခစား ရောက်ရတယ်ပေါ့လေ၊ သူက အသာရတယ်ဆိုတဲ့ စိတ်နဲ့ သက်သက် လှောင်သရော်ပြုံးမျိုး လုပ်တာလောက်တော့ ငါကလည်း ဘာဂရုစိုက်နေစရာလိုလဲ"

ဟူသော ချစ်သူလုဘက် အတွေးမျိုးဖြင့် တွေးကာ မှန်နေခြင်း ဖြစ်သည်။ ကြင်ကြင် ထင်မည်ဆိုက ထင်စရာပင်။ သူ့ဥယျာဉ်ကြီးထဲကို မခင်ရွှေ မရောက်လာလျှင် မောင်စိမ်းမောင်သည် ဘွားရွှေအိမ်တို့ အိမ်ကို ရောက်လာလေတော့သည်။

ဆရာမဆီကို ဘာသစ်ပင်အကြောင်း မေးမလို့၊ မြေဩဇာ အကြောင်း တိုင်ပင်မလို့ စသည်ဖြင့် အကြောင်းပြကာ လိုက်လာလေ့ရှိသည်။ မောင်စိမ်းမောင်၏ ချစ်မြတ်နိုးသောစိတ်ဖြင့် ကြည့်သော မျက်လုံးအဓိပ္ပာယ်ကို မခင်ရွှေက ရိပ်မိနေသည်။ သို့သော် အလာအသွားကို ချက်ချင်း ဖြတ်လိုက်လျှင် သူများတွေ မေးစရာ၊ ပြောစရာ ဖြစ်နေမည်လား ဟူသော စဉ်းစားခြင်းဖြင့် ဟန်မပျက်နေသော်လည်း ခြံကြီးဆီသို့ ယခင်ကလောက် မသွားတော့ချေ။ အသွားအလာကျဲသွားသည်။ မခင်ရွှေက ထိုသို့ အလာကျဲသွားသောအခါမှ မောင်စိမ်းမောင်သည် မနေနိုင်၊ မထိုင်နိုင် ဖြစ်ကာ သူကချည်း ဘွားရွှေအိမ်တို့ အိမ်သို့ လာနေတော့သည်။ ထိုသို့ဖြစ်လေ ကြင်ကြင်က အကျိတ်အခဲကြီးလေ။

မောင်စိမ်းမောင်၊ မခင်ရွှေ၊ ကြင်ကြင်တို့ သုံးပွင့်ဆိုင်ဇာတ်လမ်းကို ရွာထဲက တော်တော်များများ ရိပ်မိကြ၊ သိလာကြသည်။ မောင်စိမ်းမောင်က နှစ်ဖက်ဆွေမျိုးတွေ ဖြစ်စေချင်သော ဆန္ဒရှိသည့် ကြင်ကြင်ကို မညွှတ်ဘဲ ကျောင်းဆရာမလေး မခင်ရွှေကိုသာ မြတ်နိုးနေကြောင်း သိလာကြသောအခါ ကြင်ကြင်သည် ရှက်စိတ် ဝင်လာသည်။

ထိုကိစ္စကို အကြောင်းပြုပြီး ရွာထဲမှာ ပြဿနာဖြစ်လာသည်။ ကြင်ကြင်၏ ဆွေမျိုးတွေနှင့် မောင်စိမ်းမောင်၏ ဆွေမျိုးတွေက မောင်စိမ်းမောင်နှင့် ကြင်ကြင် လက်ဆက်မည်ကိုသာ လိုလားကြသည်။ အခြား ရွာသူရွာသားတွေက ရွာပေါ်မှာ ထားသော မခင်ရွှေ၏ စေတနာကို အလေးထားပြီး မခင်ရွှေကို ဤရေပြာအိုင်ရွာသူ ဖြစ်စေချင်ကြသည်။ မောင်စိမ်းမောင် နှစ်သက်သူ မခင်ရွှေ ကလည်း လက်ခံမည်ဆိုလျှင် ဝမ်းမြောက်ဝမ်းသာ ဝိုင်းဝန်း ကူညီမည်

www.burmeseclassic.com



စိတ် ရှိကြသည်။ ထို့ကြောင့် မောင်စိမ်းမောင် အမျိုးနှင့် ကြင်ကြင် အမျိုးတွေက တစ်ဖက်၊ အခြား ရွာသူရွာသားတွေက တစ်ဖက် ပြဿနာ ဖြစ်နေကြသည်ကို ဘွားရွှေအိမ်တို့ သားအမိက ခရေစေ့တွင်းကျ သိလာကြသည်။ မခင်ရွှေကို ကြင်ကြင် မည်မျှ မနာလို ဖြစ်နေသည်များကို သေချာစွာ သိလာသောအခါ မခင်ရွှေအတွက် စိတ်မကောင်းကြချေ။

မခင်ရွှေ၏ သိက္ခာကို သိသောကြောင့် ထိုအကြောင်းကို ဖွင့်ပြောရမှာ အားနာခြင်း၊ သနားခြင်း ဖြစ်နေကြသည်။ အဘွားကြီးသားအမိက ပြောရမှာ ခက်နေသော်လည်း မခင်ရွှေကမူ ထိုအကြောင်းကို သိနေခဲ့လေပြီ။

မခင်ရွှေကို အထူးချစ်ခင်သော တပည့်လေးတစ်ဦး၏ မိခင်က ကြင်ကြင်၏ မနာလိုစိတ်အား ကြီးနေပုံကို ဖွင့်ပြောကာ မခင်ရွှေအနေဖြင့် ကြင်ကြင်၏ ငြူစူရန်မူခြင်း မခံရလေအောင် သတိထားနေထိုင်ရန် စေတနာဖြင့် ပြောကြားထားသောကြောင့် မခင်ရွှေက သိနေခြင်း ဖြစ်သည်။ မခင်ရွှေသည် ပထမသော် ထိုကိစ္စကို သိပ်စိတ်ဝင်စားခြင်း မရှိခဲ့ချေ။

"ကိုစိမ်းမောင်နဲ့ ငါက ဘာမှ ဖြစ်ကြတာလည်း မဟုတ်ဘဲနဲ့၊ သက်သက် သူ့အထင်မှားနေတာ၊ တစ်နေ့ အရှည်လည်လာပါလိမ့်မယ်"

ဟူ၍သာ တွေးနေခဲ့ပြီး အခြေမပျက် နေထိုင်လာခဲ့သည်။

သို့သော် စေတနာထားသူ၏ သတိပေးစကား ပြောသည်ကို ကြားရပြီးသည်နောက်မှာ မောင်စိမ်းမောင် ဥယျာဉ်ကြီးသို့ မခင်ရွှေက လမ်းဖြတ် သလောက်ပင် ဖြစ်သွားသည်။ ထိုသို့ မခင်ရွှေက လမ်းဖြတ်လေ မောင်စိမ်းမောင်၏ မေတ္တာထုထည်ပမာဏက ကြီးမားလာလေ၊ ကြင်ကြင်၏ ဝန်တိုစိတ်မှာ တိုးပွားလာလေ၊ ရွာသူရွာသားတွေ ထိုပြဿနာကြောင့် နှစ်စုကွဲလေ ဖြစ်နေကြလေသည်။

တစ်နေ့တွင် မခင်ရွှေထံသို့ ရုံးကိစ္စ စာတစ်စောင် ရောက်လာသည်။ စာထဲတွင် ရေပြာအိုင်ရွာ မူလတန်းကျောင်းဆရာမ မခင်ရွှေကို အလုပ်ကိစ္စနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ ပညာရေးအရာရှိက တွေ့လိုကြောင်း အကြောင်းကြားစာ ဖြစ်သည်။ ထို့ကြောင့် လခထုတ်ရက်ကလည်း ဖြစ်သည့်အတွက် မခင်ရွှေသည် မြို့သို့ ညအိပ်သွားရမည် ဖြစ်သည်။ ယခင်က ထိုသို့ အလုပ်ကိစ္စနှင့်ပတ်သက်ပြီး မြို့သို့သွားစရာ အကြောင်း ပေါ်လာလျှင် မောင်စိမ်းမောင်ခြံအတွက် မည်သည့်ပစ္စည်း လိုမည်ကို မေးမြန်းမှတ်သားပြီးမှ သွားတတ်သည်။ ယခု မခင်ရွှေက ဘာအကြောင်းမှ မကြားချေ။



နောက်တစ်နေ့တွင် နှစ်မိုင်ကျော်လေးမျှ ဝေးသော မော်တော်ကားလမ်းပေါ် ရောက်အောင် ခြေကျင်လျှောက်သွားရန်အတွက် နံနက် ဝေလီဝေလင်းအချိန် မခင်ရွှေ အိမ်မှ ထွက်သည်။

"ဆရာမလေး ခါတိုင်းလို မောင်စိမ်းမောင် လှည်းနဲ့ မသွားတော့ဘူးလား"

ခြေကျင်လျှောက်ရမည် ဖြစ်သော မခင်ရွှေကို သနားသောကြောင့် အဘွားရွှေအိမ်က မေးသောအခါ မခင်ရွှေက ကြည်ကြည်လင်လင်ပင် ပြုံးရယ်ပြီး-

"ဒါလောက်ခရီးကို အညောင်းပြေ လမ်းလျှောက်နိုင်ပါတယ် ဘွားဘွားရယ်၊ ဟိုအရင်ကလည်း ကျွန်မ ဒီလိုပဲ လှည်းကြုံစီးတဲ့အခါ စီး၊ လမ်းလျှောက်တဲ့အခါ လျှောက်ပါ"

ဟု ပြန်ပြောသည်။

"အေး… အရင်က လမ်းလျှောက်သွားရမယ့်အခါ ရွာလူကြုံ အဖော်ရှိတယ်၊ အခု တစ်ယောက်တည်း ဖြစ်နေမှာကို စိတ်မချလို့ပါ"

ဘွားရွှေအိမ်က ပြောသည်။

"ကိစ္စမရှိပါဘူး ဘွားဘွား၊ တပည့်လေးတစ်ယောက်ရဲ့ အဒေါ်လူကြုံ ရှိပါတယ်"

မခင်ရွှေစကားကြောင့် အဘွားကြီးက စိတ်အေးသွားသည်။

မောင်စိမ်းမောင်ကို အကြောင်းမကြားဘဲ ထွက်လာခဲ့သော မခင်ရွှေသည် ရွာပြင် ညောင်ပင်ကြီးအောက် ရောက်သောအခါ တပည့်လေး၏အဒေါ်အဖော်သာ မဟုတ်၊ လှည်းအဆင်သင့် ပြင်ပြီး စောင့်နေသော မောင်စိမ်းမောင်ကို တွေ့လိုက်ရသောကြောင့် အံ့သြသွားမိသည်။

"ဒီတစ်ခါ ဆရာမ မြို့ကိုသွားတာ ကျွန်တော့်ကို မပြောဘူး၊ ရွာထဲက သတင်းကြားလို့ သိရတာ၊ ဒါကြောင့် ကျွန်တော် လိုက်ပို့မလို့ စောင့်နေတာပါ"

မခင်ရွှေသည် မသိမသာ သက်ပြင်းချလိုက်မိသည်။

"မပို့နဲ့ ကိုစိမ်းမောင်၊ ရှင်နဲ့ ကျွန်မက ရိုးရိုးတန်းတန်း ခင်မင်နေပေမယ့် တစ်မျိုး ထင်သူတွေက ထင်နေကြတော့ ရှင်လည်း မကောင်းဘူး၊ ကျွန်မလည်း မကောင်းဘူး"

www.burmeseclassic.com

www.burmeseclassic.com



မခင်ရွှေက ပွင့်ပွင့်လင်းလင်းပင် ပြောသောအခါ မောင်စိမ်းမောင်သည် ထိုအကြောင်းတွေကို သိပြီးဖြစ်သောကြောင့် မခင်ရွှေကို သနားခြင်း အားနာခြင်းဖြင့် ဘာမျှ ပြန်မပြောဘဲ ဦးခေါင်း ငုံ့နေသည်။ ထိုအခါ တပည့်လေး၏ အဒေါ်သည် သူတို့ချစ်သော ဆရာမလေးကို မောင်စိမ်းမောင်နှင့် နေရာကျသွားစေချင်သော ဆန္ဒရှိရင်းစွဲကြောင့် ဟိုလိုလို သည်လိုလိုဖြင့် ပစ္စည်းတစ်ခု မေ့ကျန်ခဲ့သလိုလို ပြောကာ ခေတ္တစောင့်နေကြရန် မှာကြားပြီး ရွာထဲ ပြန်ဝင်သွားသလိုလိုဖြင့် ရှောင်ထွက်သွားသည်။ နှစ်ယောက်တည်း ကျန်ရစ်သောအခါမှ မောင်စိမ်းမောင်က မထူးတော့ပါဘူး၊ အခါအခွင့် စောင့်နေခဲ့ရသည်မှာ ကြာခဲ့ပြီဖြစ်သောကြောင့် မခင်ရွှေ ပြောလက်စ စကားအတိုင်း နင်းလိုက်ပြီး ဖွင့်ဟပြောပါတော့မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်သည်။

"ဆရာမ ပြောတဲ့စကား မှန်ပါတယ်၊ ကျွန်တော်လည်း စဉ်းစားနေခဲ့တာ ကြာပါပြီ။ အခုမှ ဖွင့်ပြောပါရစေ၊ ဆရာမကို ကျွန်တော် ချစ်နေခဲ့တာ ဆရာမလည်း ရိပ်မိပါလိမ့်မယ်၊ ကျွန်တော့်အချစ်က ဆရာမကို ကျေးဇူးတင်ခြင်း၊ လေးစားရိုသေခြင်း၊ တန်ဖိုးထားခြင်း၊ မြတ်နိုးခြင်းက အရင်းခံလာတဲ့ အချစ်ဖြစ်လို့ ကျွန်တော့် တစ်သက်တာမှာ ဆရာမကို သစ္စာရှိရှိနဲ့ အရိပ်အာဝါသပေး စောင့်ရှောက်သွားပါရစေလို့ တောင်းပန်ပါတယ်၊ အဖြေကို အခုချက်ချင်း သိပါရစေ ဆရာမ"

မြိုသိပ်ချုပ်တည်းလာခဲ့သော စကားတွေကို ပြောမယ့်ပြောတော့ မောင်စိမ်းမောင်က တိုတိုဖြင့် လိုရင်းကို ဘွင်းဘွင်းကြီး ပြောချလိုက်လေသည်။

မခင်ရွှေက ဦးခေါင်း ခါလိုက်၏။

"ကိုစိမ်းမောင် အမျိုးတွေနဲ့ ကြင်ကြင် အမျိုးတွေ အားလုံးက ကိုစိမ်းမောင်နဲ့ ကြင်ကြင်တို့ကိုသာ လက်ဆက်စေချင်နေကြတာ တစ်ရွာလုံးက သိပါတယ်၊ ကြင်ကြင်ကိုယ်တိုင်ကလည်း ကိုစိမ်းမောင်ကို စွဲစွဲလမ်းလမ်း ချစ်နေတာ ကိုစိမ်းမောင် သိပါတယ်..."

မခင်ရွှေ စကားမဆုံးမီ-

"ဒီအမျိုးတွေကလွဲရင် တစ်ရွာလုံးက ကျွန်တော်နဲ့ ဆရာမကို လက်ဆက်ပြီး ဆရာမကို ရေပြာအိုင်ရွာသူ ဖြစ်စေချင်နေကြတာကိုကော ဆရာမ သိရဲ့လား"

ဟု ဖြတ်ပြောလိုက်သည်။



"သိပါတယ် ကိုစိမ်းမောင်၊ ဒီကိစ္စကြောင့် ရေပြာအိုင် ရွာသူရွာသားတွေ စိတ်ဝမ်းကွဲပြီး ပြဿနာ အကြီးအကျယ် ဖြစ်နေကြတာကိုကော ကိုစိမ်းမောင် သိပြီးရောပေါ့"

ဟု မခင်ရွှေက ပြောသောအခါ မောင်စိမ်းမောင်သည် ခေတ္တမှိုင်သွားသည်။

မောင်စိမ်းမောင်က ထိုကိစ္စကို မခင်ရွှေထက်ပင် စုံလင်အောင် သိနေရသည်။ နှစ်ဖက်အမျိုးတွေက အတင်းအကျပ် နားချပြောဆိုသည့် စကားများ၊ ကိုယ့်ရွာသူကို ပစ်ပယ်ပြီး ဘာမျိုးဘာနွယ်မှန်း မသိ၊ ဝမ်းရေးကြောင့် တစ်ရပ်တစ်ရွာက ကျောင်းဆရာ လာလုပ်နေသော မိန်းမကို စွဲလမ်းနေရန် မသင့်ကြောင်းတွေ၊ ကြင်ကြင်နှင့် လက်ဆက်ရန် နှစ်ဖက်အမျိုးများ ဆန္ဒရှိကြောင်းကို တစ်ရွာလုံး သိပြီးဖြစ်သည်ကို မထောက်ညှာဘဲ မခင်ရွှေကိုသာ မြတ်နိုးနေမည်ဆိုလျှင် ကိုယ့်ဇာတိရပ်ရွာကို အရှက်ခွဲရာ ရောက်မည်ကြောင့် ညီညွတ်ခဲ့သော ရွာသူရွာသားတွေ စိတ်ဝမ်းကွဲကြမည် ဖြစ်ကြောင်းတွေကို နားပူအောင် ပြောကြ၊ ဆိုကြသည်ကို မောင်စိမ်းမောင် ကြားနေခဲ့ရသည်။

ထိုအခိုက် ကြင်ကြင်နှင့် ရင်းချာသော ဆွေမျိုး အမျိုးသမီးကြီးတစ်ယောက်သည် သူ့အကြောင်းကိစ္စနှင့်ပင် သူ ရောက်လာလေသလား၊ မခင်ရွှေ မြို့သွားမည်ကို မောင်စိမ်းမောင်က လှည်းဖြင့် လိုက်ပို့မည်ကို သိသောကြောင့် တမင်လာခြင်းပေလား မပြောတတ်ပေ၊ သူတို့ရှိနေရာ ညောင်ပင်ကြီးအောက် ရောက်လာသည်။

ညောင်ပင်အောက် လှည်းနားမှာ နှစ်ယောက်တည်း စကားပြောနေကြသော မောင်စိမ်းမောင်နှင့် မခင်ရွှေကို မြင်သောအခါ ထိုအမျိုးသမီးကြီးသည် သူတို့ရှိရာ ခပ်သုတ်သုတ်လျှောက်လာသည်။ အနားရောက်သောအခါ-

"သြော်- ဆရာမလေးကို စကားတစ်ခွန်း ပြောချင်နေတာ၊ တွေ့ဖို့ အဆင်မပြေနိုင် ဖြစ်နေတယ်၊ အခု တွေ့ခိုက်မှာ ပြောလိုက်ပါရစေ၊ ရေပြာအိုင်ရွာအပေါ်မှာ ဆရာမလေး ထားခဲ့တဲ့ စေတနာဟာ အင်မတန် မွန်မြတ်ကြောင်း သိလို့လည်း ကျွန်မတို့အားလုံးက သိပ်ကြည်ညိုကြပါတယ်။

ရွှေ့ဆက်ပြီးတော့လည်း အဲဒီလို မွန်မြတ်တဲ့ စေတနာမျိုးပဲ ထားပါနော်၊ တစ်စိတ်တစ်ဝမ်း ညီညွတ်လာခဲ့ကြတဲ့ အစဉ်အလာဟာ ကြာရှည်တည်တံ့မှ ကောင်းပါမယ်၊ ဒီလို တည်တံ့အောင်လည်း ဆရာမလေးပဲ စွမ်းဆောင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



မှာပါ။ ရွာညီညွတ်ရေးတော့ မပျက်ပါစေနဲ့ ဆရာမလေးရယ်၊ အစဉ်အလာကြီးခဲ့တဲ့ ရေပြာအိုင်ရွာကို မပြိုမကွဲရအောင် ဆရာမလေး ဆက်ပြီး စောင့်ရှောက်ပါနော်''

ဟူသော စကားကို လေသံချိုချိုဖြင့် ပြောသောအခါ မခင်ရွှေက မည်သို့ ဆိုလိုသော စကားဖြစ်ကြောင်းကို ချက်ချင်း သိလိုက်သည်။ ထို့ကြောင့် ချက်ချင်းပင် ပြန်ပြောလိုက်သည်။

''စိတ်ချပါ ဒေါ်ကြီးရယ်၊ ဘယ်ကျောင်းဆရာမှ မမြဲတဲ့ ဒီရွာက ကလေးတွေ ပညာရေးကို အလေးထားပြီး နှစ်ရှည်လများ စွဲစွဲမြဲမြဲနဲ့ စေတနာထားလာခဲ့တဲ့ ကျွန်မကြောင့်တော့ ရွာ စိတ်မချမ်းသာမှု မဖြစ်စေရပါဘူးရှင်''

ဟူသော စကားကို မခင်ရွှေက ပြောလိုက်သောအခါ အမျိုးသမီးကြီးသည် ဘာမှ ပြန်မပြောတော့ဘဲ ချာခနဲ လှည့်ထွက်လေသည်။

''ဒီမှာ ဆရာမ သူတို့ ဘာတွေပဲဖြစ်နေနေ ကျွန်တော့် ကိုယ်ရေးကိုယ်တာကို ကျွန်တော် ဆုံးဖြတ်နိုင်ခွင့် ရှိပါတယ်။ ကျွန်တော့်ကို သူတို့ မပိုင်ပါဘူး''

ဟု ပြောနေစဉ်မှာ ရှောင်ထွက်သွားသော အဒေါ်ကြီး ပြန်ရောက်လာသည်။ မခင်ရွှေသည် ဘာမှမဖြစ်သလို မျက်နှာကြည်ကြည်၊ အသံကြည်ကြည်ဖြင့်ပင်–

''ကဲ– ကိုစိမ်းမောင် လှည်းနဲ့ပဲ သွားကြစို့ အဒေါ်''

ဟု ပြောသောအခါ မောင်စိမ်းမောင်သည် စောစောက မပို့ပါနှင့်ဟု ပြောထားပြီးမှ ယခု လိုလိုချင်ချင် စီးပါမည် ဆိုသော မခင်ရွှေ စကားကြောင့် မျှော်လင့်ချက် ရောင်ခြည်သန်းသောစိတ်ဖြင့် ကပျာကသီ လှည်းပြင်လိုက်သည်။ အဖော်လိုက်လာသော အဒေါ်ကြီးသည်လည်း သူ ရှောင်နေသည့်အခိုက်မှာ မောင်စိမ်းမောင်နှင့် မခင်ရွှေတို့ ကြည်ဖြူစွာ နေရာတကျ ဖြစ်သွားပြီဟူသော အတွေးဖြင့် ဝမ်းသာစွာ လှည်းပေါ်တက်လိုက်သည်။

■

မြို့ကို သွားနေသော မခင်ရွှေသည် သုံးရက်ကြာသောအခါ ပြန်ရောက်လာသည်။



ကျောင်းဆရာ မမြဲခဲ့သောကြောင့် ရွာကလေးတွေ၏ ချို့ယွင်းနေသော ပညာရေးသည် ဆရာမ မခင်ရွှေ ရောက်လာသောအခါမှ တိုးတက်ကောင်းမွန်လာသည်။ အစိုးရစစ် စာမေးပွဲ ဖြစ်သော လေးတန်းစာမေးပွဲသည် မခင်ရွှေ လက်ထက်မှာ နှစ်တိုင်းလိုလိုပင် တန်းလုံးကျွတ် အောင်မြင်နေခဲ့သောအခါ သက်ဆိုင်ရာ ပညာရေးအရာရှိများသည် ကျောင်းဆရာမလေး မခင်ရွှေကို သတိထားလာမိကြသည်။ မခင်ရွှေ၏ အရည်အချင်းကို ချီးကျူးလာကြသည်။ မည်သည့်ကျောင်းဆရာမှ စွဲစွဲမြဲမြဲ မနေချင်သော ရေပြာအိုင်ရွာမှာ ကျောင်းဆရာမ မခင်ရွှေ၏ လုပ်သက် နှစ်အတန်ကြာနေပြီ ဖြစ်ကြောင်းကို တွက်မိလာကြသည်။ ထို့ကြောင့် မခင်ရွှေကို အဝေးမြို့တစ်မြို့ရှိ အလယ်တန်းကျောင်းတစ်ခုသို့ အလယ်တန်းပြ ဆရာမအဖြစ် တိုးမြှင့်ခန့်ထားလိုက်ကြောင်းကို ပညာရေးအရာရှိက ကိုယ်တိုင်ပင် ပြောပြသည်။ ခန့်စာကို ကိုယ်တိုင်ပင် ပေးသည်။

အမိန့်ခန့်စာကို ပို့ပေးလျှင် ဖြစ်နိုင်လျက်နှင့် လူကိုယ်တိုင် လာရန် ခေါ်ခြင်းမှာ အသင်အပြ ကောင်းသော ဆရာမ၊ မည်သူမျှ ကြာကြာမနေချင်သော ရွာကျောင်းမှာ စေတနာကောင်းစွာဖြင့် ကြာရှည်နေထိုင် အမှုထမ်းသော ဆရာမကို လူကိုယ်တိုင် မြင်ဖူးချင်သောကြောင့် လူကိုယ်တိုင် လာရန် ခေါ်ပြီးမှ နှုတ်ဖြင့်လည်း ပြော၊ အမိန့်စာလည်း ပေးခြင်း ဖြစ်သည်။

မခင်ရွှေအဖို့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်သွားသည်။

သူ၊ မောင်စိမ်းမောင်၊ ကြင်ကြင်တို့ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းကြောင့် ရေပြာအိုင်ရွာကို သံယောဇဉ်ကြီးလျက်နှင့် ဆက်လက်နေထိုင်ရန် စိတ်အနှောင့်အယှက် ဖြစ်စရာ ကြုံတွေ့နေရဆဲဝယ် သူ့စေတနာ၊ သူ့ကို အကျိုးပေးသလို တိုးတက်မှုဖြင့် ရေပြာအိုင်ရွာမှ ပြောင်းရွှေ့ရတော့မည် ဖြစ်ရာ မခင်ရွှေသည် ဝမ်းသာ ဝမ်းနည်း ဖြစ်ရတော့သည်။

မည်သို့ပင်ဖြစ်စေ မခင်ရွှေ၏ ပြောင်းရွှေ့ရတော့မည့် တာဝန်အကြောင်းကို သိလာကြသောအခါ ရေပြာအိုင် ရွာသူရွာသားတွေ ဝမ်းနည်းကြသည်က အမှန်ပင် ဖြစ်သည်။ နောက်ရောက်လာသော ကျောင်းဆရာသည် အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ ရေပြာအိုင်ရွာမှာ မခင်ရွှေလိုပင် ကြာကြာ နေနိုင်ပါမည်လား၊ မခင်ရွှေလို ရွာကကလေးတွေ ပညာရေးကို လေးနက်သော စေတနာ ထားနိုင်ပါမည်လား ဟူသော အတွေးဖြင့် ဝမ်းနည်းကြသည်က အမှန်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မခင်ရွှေသည် ကြင်ကြင်၏ ပြုစုခြင်းကြောင့် စိတ်အနှောင့်အယှက် ဖြစ်ပြီး သူကိုင်တိုင် ပြောင်းရွှေ့ရေးကို ကြိုးစားလာခဲ့လေသလား ဟူသော အတွေးကြောင့် မောင်စိမ်းမောင်နှင့်တကွ မခင်ရွှေကို လိုလားသူတွေက စိတ်မကောင်း ဖြစ်ကုန်ကြသည်။ ထိုသို့ စိတ်မကောင်းဖြစ်ရသူတွေထဲမှာ မောင်စိမ်းမောင်က အသက်တမျှ မြတ်နိုးသူ ဖြစ်၍ အသည်းနှလုံး ကြေပြုန်းလုမျှ ဝမ်းနည်းရသည်။ ဘွားရွှေအိမ်တို့ သားအမိကား သမီးသဖွယ်၊ မြေးသဖွယ် သံယောဇဉ်တွယ်နေကြပြီ ဖြစ်၍ သွေးသားအရင်းအချာ တစ်ယောက်နှင့် ခွဲရသည့် ခံစားချက်အတိုင်း ခံစားကြရရှာသည်။

တပည့်လေးတွေကလည်း သူတို့ချစ်သော ဆရာမ ပြောင်းရွှေ့ရတော့မည် ဆိုသောအခါ ငိုသူက ငိုကြသည်။ မှိုင်သူက မှိုင်ကြသည်။ သူတို့ ဆရာမကို စုပေါင်းကန်တော့ကြသောအခါ မခင်ရွှေကိုယ်တိုင်ပင် စိတ်နိုင်သောသူ ဖြစ်လျက်နှင့် မျက်ရည်မဆည်နိုင် ဖြစ်ရသည်။

သူကြီးမင်းနှင့်တကွ ရွာလူကြီးတွေကို မခင်ရွှေ နှုတ်ဆက်စကား ပြောရင်း ကန်တော့သည်။

"ရေပြာအိုင်ရွာမှာ ကျွန်မ နေရတာ အင်မတန်မှ နှစ်သိမ့်ကြည်နူး ခဲ့ပါတယ်၊ ရွာကိုရော၊ ရွာသူရွာသားတွေကိုရော၊ တပည့်လေးတွေကိုရော ကျွန်မ အင်မတန် စေတနာထားပြီး အင်မတန် သံယောဇဉ်ကြီးတယ် ဆိုတာကို လည်း အားလုံး သိကြပါတယ်။ သို့သော် ကျွန်မ ရှေ့ဆက်နေဖို့အတွက် စိတ်အနှောင့်အယှက် ဖြစ်စရာလေးက ပေါ်လာတော့ ကျွန်မ ဘာလုပ်ရ ကောင်းမလဲ လို့ စဉ်းစားနေခိုက်မှာပဲ ကျွန်မ ကုသိုလ်ကံက ထောက်ပင့်လိုက်တယ်လို့ ယူဆရမှာပါ၊ အခုလို ရာထူးလည်းတိုး၊ လခလည်း တိုးရတဲ့နေရာကို ပြောင်းရွှေ့ သွားရတော့ ကျွန်မရဲ့ တိုးတက်မှုကို ဝမ်းသာရသလို ကျွန်မ ခင်တွယ်တဲ့ ရွာနဲ့ ကျွန်မချစ်တဲ့ တပည့်လေးတွေကိုရော၊ ကျွန်မအပေါ်မှာ စေတနာကောင်းမြတ်ကြတဲ့ ရွာသူရွာသားတွေကိုရော ခွဲရမယ့်အတွက် ကျွန်မ ဝမ်းနည်းမိပါတယ်။ ကိုစိမ်းမောင်ကို ကျွန်မ အစ်ကိုသားချင်းလို သန့်ရှင်းတဲ့ စိတ်နဲ့ ခင်ခဲ့တယ် ဆိုတာကို ကိုစိမ်းမောင်နဲ့ ဘွားရွှေအိမ်တို့ သားအမိ အသိဆုံးပါ။ ကျွန်မကို စေတနာ မေတ္တာထားကြတဲ့ ရွာကို ကျွန်မ တတ်စွမ်းနိုင်သရွေ့ စေတနာတုံ့ပြန် ကန်တော့ခဲ့ပါရစေ"

မခင်ရွှေက ပြောပြီး လက်ကိုင်ပဝါအသစ်ဖြင့် ထုပ်ထားသော ငွေ တစ်ထောင်ကို သူကြီးမင်းလက်ထဲ ရိုသေစွာ အပ်လိုက်သည်။



"ဒီငွေဟာ ဆေးဆရာကြီး လိုအပ်တဲ့ ဆေးဝါးဖော်စပ်စရာ ပစ္စည်းများ ဝယ်ပြီး ရွာသူရွာသားတွေအသက်ကို ကာကွယ်နိုင်ပါစေလို့ ဆုတောင်းပြီး ကျွန်မ ကန်တော့ခဲ့ပါတယ်"

မခင်ရွှေက ပြောပြီး အားလုံးကို ရိုသေစွာ ကန်တော့သောအခါ အချို့ သူတွေ မျက်ရည်ကျကြတော့သည်။ ကြေကွဲဝမ်းနည်းကြသူတွေအထဲမှာ ဘွားဘွား ရွှေအိမ်တို့ သားအမိသည် တခြားသူတွေထက် ပိုပြီး စိတ်ထိခိုက်ကြရှာသည်။

အခမ်းအနားကို မောင်စိမ်းမောင် မလာချေ။ အဝေးမြို့တစ်မြို့ကို မခင်ရွှေ ပြောင်းရွှေ့ရခြင်းသည် ရေပြာအိုင် တစ်ရွာလုံးနှင့်ရော၊ သူနှင့်ရော တစ်သက်တာမှာ မည်သည့်နည်းနှင့်မျှ ပြန်လည်တွေ့ဆုံရန် မဖြစ်နိုင်တော့ကြောင်း ကို စဉ်းစားမိပြီး ဖြစ်ရကား ယောကျ်ားတစ်ယောက်လုံး ဖြစ်လျက်နှင့် ကြေကွဲ သော စိတ်ကြောင့် မျက်ရည်ကို ထိန်းနိုင်မည် မဟုတ်ကြောင်း သူ့ကိုယ်သူ သိသည်။ ထို့ကြောင့် နှုတ်ဆက်သည့် အခမ်းအနားသို့ မောင်စိမ်းမောင် မလာချေ။

နောက်တစ်နေ့တွင် မခင်ရွှေသည် ရေပြာအိုင်ရွာမှ အပြီးအပိုင် ပြောင်းရွှေ့ ထွက်ခွာရတော့မည် ဖြစ်သောကြောင့် ဘွားရွှေအိမ်တို့ သားအမိကို အထိုက် အလျောက် ပစ္စည်းများဖြင့် ကန်တော့ပြီး သူ့ပစ္စည်းလေးတွေကို ထုပ်ပိုးပြင်ဆင် ရာ ဘွားရွှေအိမ်တို့ သားအမိသည် မျက်ရည်စမ်းစမ်းဖြင့် ဝိုင်းကူ လုပ်ကိုင်ပေး ကြသည်။

အချိန်မှာ နံနက်စောစော ဖြစ်သည်။ သို့သော် နေမင်း၏အရောင်ကို တိမ်တောင်မိုးသားတွေက ဆီးတားကာကွယ်ကြသည့် ဝဿန်ရာသီသို့ ပြာရီ ရှစ်ခွင်မှာ တိမ်မင်ရောင်ဖုံးပြီး တစ်မိုးလုံး မှိုင်းနေသည်။ စိမ့်အေးသော မိုးသက် လေက တသုန်သုန် တဖြူးဖြူး ဆော်မြူးတိုက်ခတ်နေသော်လည်း မိုးစက် မိုးပေါက် တွေက ကျမလာပေ။ မိုးသက်လေကြောင့် ယိမ်းနွဲ့နေသော သစ်ကိုင်း သစ်ခက် များထက်မှ အိပ်တန်းဆင်း ကျေးငှက်သာရကာတို့ ကြည်နူးသာယာဖွယ် အသံဖြင့် တွန်မြူးကြွေးကြော်နေဆဲ အချိန်မှာ သူကြီးမင်းအိမ်က လိုက်ပို့သော လှည်းပေါ်ဝယ် ကျောင်းဆရာမလေး မခင်ရွှေသည် သူ့ပစ္စည်းလေးတွေနှင့်အတူ ထိုင်ကာ သူချစ်သော ရေပြာအိုင်ရွာမှ ထွက်ခွာလာခဲ့လေသည်။

ရွာအပြင် ညောင်ပင်ကြီးအောက် ရောက်သောအခါ ညောင်ပင် အောက်ဝယ် ပင်စည်ကို ကျောမှီရပ်ပြီး မှိုင်းမှုန်ရီဝေသော မျက်လုံး၊ ကြေကွဲ သော မျက်နှာဖြင့် သူထွက်လာမည်ကို စောင့်ကြည့်နေသော မောင်စိမ်းမောင် ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်စိမ်းမောင် လက်ထဲတွင် သူ့ခြံထဲက သစ်ပင်ကြီးတွေပေါ်မှာ တင်ထားသည့် သစ်ခွပန်းတွေအနက်မှ မခင်ရွှေ အနှစ်သက်ဆုံးဟု ပြောဖူးသော မိုးလုံးမှိုင်းအမည်ရှိ ဗမာသစ်ခွပန်းခိုင်တွေကို ပိုက်ထားသည်။

"မိုးလုံးမှိုင်း ဆိုတဲ့ နာမည်ဟာ ကဗျာလည်း ဆန်တယ်၊ ဗမာသစ်ခွ စင်စစ် ဖြစ်ပြီး အရောင်ကလည်း နာမည်နဲ့လိုက်အောင် ခရမ်းပြာမှိုင်းမှိုင်းဆို တော့ ကြည့်ရ၊ မြင်ရတာ မျက်စိသိပ်အေးတာပဲ"

ဟု မခင်ရွှေ ပြောဖူးခဲ့သည်။ ယခု မခင်ရွှေ ပြောင်းရွှေ့ရသည့် အချိန် ကလည်း မိုးလုံးမှိုင်းသစ်ခွတွေ လှိုင်လှိုင်ပွင့်သည့်အချိန် ဖြစ်သည်။ ထို့ကြောင့် အသက်တမျှ ချစ်သူကို နောက်ဆုံး နှုတ်ဆက်သည့်အချိန်မှာ ချစ်သူ နှစ်သက်သည့် ပန်းကိုပင် လက်ဆောင်ပေးလိုက်မည်ဟု မောင်စိမ်းမောင်က ပွင့်သမျှ မိုးလုံးမှိုင်း ပန်းတွေကို အကုန်ခူးပြီး ငှက်ပျောဖက်ကြီးဖြင့် ထုပ်ကာ စောင့်နေခြင်း ဖြစ်သည်။

မောင်စိမ်းမောင်က လက်ပြလိုက်သောကြောင့် လှည်းမောင်းသူက လှည်းကို ရပ်လိုက်သောအခါ မောင်စိမ်းမောင်က လှည်းနားသို့ ကပ်လာသည်။

"ဆရာမ..."

မောင်စိမ်းမောင် အသံကပင် ကြေကွဲဆွေးမြည့်ဟန်ကို ထင်ထင်ရှားရှား ဖော်ပြနေသည်။ မောင်စိမ်းမောင်အပေါ်မှာ ရိုးရိုးတန်းတန်း ခင်မင်ခဲ့သော်လည်း ယခုလို စိတ်မကောင်းစရာ အဖြစ်မျိုး ဖြစ်ပြီးမှ အပြီးအပိုင် ခွဲရတော့မည် ဆိုသောအခါ မခင်ရွှေသည် ဝမ်းနည်းစိတ် ပေါ်လာသည်။ ထို့ကြောင့် ဘာမှ ပြန်မပြောမိသေးဘဲ မောင်စိမ်းမောင်ကိုသာ ကြည့်နေလိုက်မိသည်။

"ဒီ ရွာသူရွာသားတွေကြောင့်၊ ကြင်ကြင်ကြောင့် ဆရာမက ကျွန်တော့် ကို အချစ်မေတ္တာ တုံ့ပြန်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ မျှော်လင့်လို့ မဖြစ်နိုင်တော့ဘူး ဆိုတာ ကျွန်တော် သိပါတယ် ဆရာမ၊ အခု ခွဲခွာကြရခြင်းဟာလည်း နောင် တစ်ချိန်မှာ ပြန်တွေ့ဖို့၊ ဆုံစည်းဖို့ အင်မတန် ခဲယဉ်းတဲ့ ခွဲခွာခြင်းပါ။ ဘာပဲ ဖြစ်ဖြစ်လေ နောက်ဆုံး တွေ့ဆုံခြင်း၊ နောက်ဆုံး နှုတ်ဆက်ခြင်းအဖြစ်နဲ့ ကျွန်တော် ပေးလိုက်မယ့် ပန်းလက်ဆောင်ကိုတော့ ဆရာမ လက်ခံပါလို့ ကျွန်တော် တောင်းပန်ပါတယ်"

မောင်စိမ်းမောင်သည် ပြောရင်းပင် အသံတစ်ချက်တစ်ချက် တိမ် သွားသေးသည်။ စကားဆုံးသောအခါ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး မခင်ရွှေ ကို နမြောတသခြင်း၊ ကြေကွဲဝမ်းနည်းခြင်း၊ မြတ်နိုးစုံမက်ခြင်း၊ ချစ်ခင်



ကြင်နာခြင်းတို့ကို ထင်ရှားစွာ ဖော်ပြနေသော မျက်နှာ၊ မျက်ရည်ရစ်ဝိုင်း မှုန်မှိုင်းသော မျက်လုံးဖြင့် အားပါးတရ စိန်းစိန်းကြည့်ရင်း သူ့ရင်ခွင်မှာ သယ်ယူစွာ ပိုက်ထားသော မိုးလုံးမှိုင်းပန်းထုပ်ကို လှမ်းပေးသည်။ မခင်ရွှေကလည်း မောင်စိမ်းမောင် မျက်နှာကို တစ်ချက်မျှ ကြည့်ပြီး မျက်လွှာချကာ ပန်းထုပ်ကို ယူသည်။

"ကျေးဇူးတင်ပါတယ် ကိုစိမ်းမောင်ရယ်၊ ကျွန်မကို တကယ် စေတနာ ထားတယ်ဆိုရင် တိုင်းရင်းသားလူမျိုးသန့်သန့် နေထိုင်ကြတဲ့ ဒီရေပြာအိုင်ရွာရဲ့ အစဉ်အလာကို ကိုစိမ်းမောင်အနေနဲ့ တတ်နိုင်သမျှ ထိန်းသိမ်း စောင့်ရှောက် ပါနော်"

ဟု မသိမသာ အက်ကွဲသောအသံဖြင့် ပြန်ပြောလိုက်သည်။

"ပြန်ပေတော့ ကိုစိမ်းမောင်၊ ကျွန်မလည်း သွားတော့မယ်"

မခင်ရွှေက နောက်ဆုံး နှုတ်ဆက်စကားကို ပြောသောအခါ လှည်း မောင်းသူက နွားကို ခရီးဆက်ရန် ကြိမ်ဝင့်ပြီး 'ဟဲ့'ဟု အသံပေးလိုက်၏။

"ကောင်းပါပြီ ဆရာမရယ်၊ ဆရာမ နှစ်သက်တဲ့ မိုးလုံးမှိုင်း ဆိုတဲ့ သစ်ခွပန်းနာမည်လို ကျွန်တော့်ဘဝ မိုးကောင်းကင် တစ်ခုလုံးဟာလည်း ဆရာမ ကို လက်လွှတ်ဆုံးရှုံးရတာကြောင့် တစ်ဘဝတာအဖို့ ကြည်လင်မှု ကင်းပြီး မှိုင်းမှိုင်းဝေဝေ ဖြစ်ရတော့မှာပါ၊ သွားပေဦးတော့ ဆရာမ၊ ကြေကွဲသော ခွဲခွာခြင်းပါပဲ"

မောင်စိမ်းမောင် အသံသည် ငိုသံပါသွားသည်ကို မခင်ရွှေက သတိ ထားလိုက်မိသည်။ ထို့ကြောင့် မောင်စိမ်းမောင် မျက်နှာကို မကြည့်ရက်တော့ ဘဲ ဦးခေါင်းငုံ့လိုက်သည့် အခိုက်မှာ အားခွန်ဗလ ပြည့်ဖြိုးသန်မာ၍ ခြေသွက် လှသော နွားတစ်ရှဉ်းသည် မခင်ရွှေကို ဆောင်ကြဉ်းပြီး လျှင်လျှင်မြန်မြန် ထွက်ခွာသွားလေသည်။

ခရီးတော်တော် ဝေးလာခဲ့ပြီး တောတန်းလေးတစ်ခု အကွေ့သို့ ရောက် လာသည်။ ဤနေရာသည် ရေပြာအိုင်ရွာကို ပြန်လည်မျှော်ကြည့်သူအဖို့ နောက်ဆုံး မြင်တွေ့နိုင်သည့်နေရာ ဖြစ်သောကြောင့် မခင်ရွှေက နှစ်ရှည်လများ သူ နေထိုင်လာခဲ့သည့် ရွာကို လွမ်းတကြေကွဲသောစိတ်ဖြင့် ပြန်လည် မျှော်ကြည့် လိုက်သည်။

ရွာကို လွမ်းတကြေကွဲသော စိတ်ဖြင့် ပြန်လည် မျှော်ကြည့်လိုက်သော မခင်ရွှေ၏ မျက်လုံးများက ပိုပြီး ကြေကွဲစရာ မြင်ကွင်းကို မြင်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်စိမ်းမောင်သည် မခင်ရွှေကို သူ နောက်ဆုံး နှုတ်ဆက်စကား ပြောခဲ့သည့် နေရာ လှည်းလမ်းဘေးတွင် မတုန်မလှုပ် ကျောက်ရုပ်ကြီးလို ရပ်ပြီး မျှော်ကြည့်နေသည်ကို တွေ့လိုက်ရသည်။

မခင်ရွှေက လက်တစ်ဖက်ကို ဝှေ့ယမ်းပြလိုက်စဉ်မှာ လှည်းသည် တောတန်းလေး အကွေ့ထဲကို ဝင်သွားပြီ ဖြစ်သောကြောင့် ဝေးကွာလှမ်းသော အရပ်မှာ ကျန်ရစ်သည့် မောင်စိမ်းမောင်၏ ကြေကွဲဖွယ်ရုပ်သွင်သည် မခင်ရွှေ၏ မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့လေသည်။

■

မဝင်းမြင့်
၁၈-၈-၇၅

BURMESE CLASSIC

www.burmeseclassic.com